
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး……………………ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး…………ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး……………ဒို့အရေး

### ပြည်သူ့ သဘောထား

ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

မောင်မြင့်ကြွယ်

# ပရလောကကုန်သည်

# FATAL CURE

ROBIN COOK

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀/၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၀၁-၂၄၂၈၃၃၊ ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး……………………ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး…………ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး……………ဒို့အရေး

ပြည်သူ့ သဘောထား

ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မောင်မြင့်ကြွယ်

# မရဏကုန်သည်

# FATAL CURE

ROBIN COOK

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၂၈၃၃၊ ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၄၂၉ /၂၀၀၃ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၆၀ /၂၀၀၄ (၂) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၄ ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | ကိုတင်မောင်မျှင် |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ပပစိုး |
| ထုတ်ဝေသူ | ဦးအောင်မြတ်ထွေး |
| | ပညာရွှေတောင်စာအုပ်တိုက် |
| | (မြဲ- ၃၉၄၅) |
| | ၁၁၄၊ စိန်ရတီလမ်း |
| | ရတနာကျွန်းရိပ်သာ၊သုနန္ဒာ |
| | မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့် | ဦးဝင်းအောင် |
| အတွင်းစာသားပုံနှိပ် | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြဲ(၀၅၁၃၁)၊ |
| | အမှတ် ၈၄၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| တန်ဖိုး | ၁၅၀၀ – ကျပ် |


## မိတ်ဆက်စကား

ဒေါက်တာ ရော်ဘင်ကွတ်သည် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ် ဆေးကောလိပ်မှ ဘွဲ့ရသူဖြစ်ပြီး ဟားဗတ်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းကို တက်ရောက်သင်ကြားခဲ့သူ ဖြစ်သည်။

သူသည် ဆေးပညာကို အခြေခံသော စိတ်ချောက်ချားဖွယ် ဝတ္ထုများကို ရေးသားသူ ဖြစ်သည်။ မြန်မာနိုင်ငံမှ ဘာသာပြန် စာဖတ်ပရိသတ်သည် သူနှင့် မစိမ်းပါ။ ဒေါက်တာ ရော်ဘင်ကွတ်၏ COMA, FEVER ဆိုသော စာအုပ်များကို ဆရာနတ်နွယ်က ဘာသာပြန်ခဲ့ဖူးပါသည်။ ၁၉၉၄ ခုနှစ် အတွင်းကလည်း ဆရာဇင်သန့်က ဒေါက်တာရော်ဘင်ကွတ်၏ HARMFUL INTENT ကို 'မေ့မရပြီ' ခေါင်းစဉ်နှင့် ပြန်ဆိုခဲ့ပြီး ဖြစ်သည်။ ကျွန်တော် မသိသော အခြား ပြန်ဆိုသူများလည်း ရှိပါလိမ့်မည်။

ဒေါက်တာ ရော်ဘင်ကွတ်၏ FATAL CURE စာအုပ်ကို သမဝါယမမှ ဒေါ်ဝါဝါထွန်းက လက်ဆောင်ပေးသည့်အတွက် ကျွန်တော် ယခု ကြိုးစား၍ ပြန်ဆိုပါသည်။ မူရင်း စာအုပ်မှာ စာလုံးသေးနှင့် စာမျက်နှာ (၄၅၀) ခန့် ရှိနေသောကြောင့် အနည်းငယ် အကျဉ်းချုံး၍ ပြန်ဆိုပါသည်။

ဤစာအုပ်သည် သည်းထိတ်ရင်ဖို ဝတ္ထုအမျိုးအစားတွင် ပါဝင်သော်လည်း ဆေးပညာ ဗဟုသုတများကို အနည်းအကျဉ်း ဆိုသလို ရရှိမည် ဆိုပါက ဘာသာပြန်ဆိုရကျိုး နပ်ပါသည်။

စာအုပ်မူရင်းကို လက်ဆောင်ပေးသော ဒေါ်ဝါဝါထွန်းကို အထူး ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယောင်ပြင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

## အစ

ဖေဖော်ဝါရီလ ၁၇ ရက်နေ့သည် ဆမ်ဖလင်းမင်းအတွက် ကြမ္မာငင်သောနေ့ ဖြစ်သည်။ ဆမ်ဖလင်းမင်းက သူ့ကိုယ်သူ အလွန် ကံကောင်းသော ပုဂ္ဂိုလ်ဟု ယူဆသည်။ သူသည် ဝေါစထရီမှ ပွဲစားတစ်ယောက် အနေနှင့် အသက် (၄၆) နှစ်တွင် အလွန် ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်သည်။

ထို့နောက် သူသည် သူ ကြွယ်ဝသမျှကို သိမ်းကျုံးယူငင်ပြီး နယူးယောက်ကို ရုတ်ခြည်း စွန့်ခွာ၍ မြောက်ပိုင်း ဗားမောင့်ပြည်နယ်ရှိ ဘတ်တလက်မြို့သို့ သူ၏·အန္တိမ ရည်မှန်းချက်ဖြစ်သော ပန်းချီဆွဲရန် ရည်ရွယ်ချက်နှင့် ထွက်ခွာလာခဲ့သည်။

ဆမ်ဖလင်းမင်းသည် ကျန်းမာသူတစ်ဦး ဖြစ်သော်လည်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ညနေ လေးနာရီခွဲတွင် ထူးဆန်းမှုတစ်ရပ် စတင်ဖြစ်ပေါ်လာသည်။ ၎င်း၏ ခန္ဓာကိုယ်တွင်းရှိ ကလာပ်စည်းများထဲမှ ရေမော်လီကျူးများသည် နှစ်ခြမ်းကွဲသွားကြသည်။ တစ်ခြမ်းမှာ လူကို ဒုက္ခမပေးသော ဟိုက်ဒရိုဂျင်အက်တမ် ဖြစ်ပြီး ကျန်တစ်ခြမ်းမှာ အလွန် ဒုက္ခပေးသော ဟိုက်ဒရိုဆီ ဖရီးရေဒီကယ်များပင် ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်ပေါ်နေချိန်တွင် ဖရီးရေဒီကယ်များကို ခုခံတိုက်ခိုက်မည့် ကလာပ်စည်းများသည် လျင်မြန်စွာ အားပျော့လာကြသည်။ ဟိုက်ဒရိုက်ဆီ ဖရီးရေဒီကယ်များက ဆမ်ဖလင်းမင်း၏ ခန္ဓာကိုယ်ကို အတွင်းပိုင်းမှ စ၍ ဖြိုဖျက်နေကြသည်။

ဘတ်တလက် ကွန်မြူနီတီ ဆေးရုံရှိ အိပ်ရာပေါ်တွင် အိပ်နေသော သူ့ကလာပ်စည်းများ အတွင်းရှိ တိုက်ပွဲသည် မည်မျှအထိ ပြင်းထန်သည်ကို သူ မသိဘဲ ရှိနေသည်။ သူ သတိထားမိသော အချက်တစ်ချို့တော့ ရှိသည်။ ကိုယ်ပူချိန် မြင့်မားလာသည်၊ ဝမ်းဗိုက်ထဲမှလည်း တဂွီဂွီ တဂွမ်ဂွမ် မြည်လာသည်။ ပြီးတော့လည်း ရင်ဘတ်ပါသွေး အရောက်

www.burmeseclassic.com

www.burmeseclassic.com

ရှုလာသည်။

ထိုနေ့ ပွန်းလွှိုင်းတွင် ဆမ်ဖလင်းမင်း၏ ဆရာဝန်ဖြစ်သူ ဒေါက်တာ ရန်းဒေါပို့တလန်က သူ့အား လာရောက် ကြည့်ရှုသောအခါ ကိုယ်ပူရှိန် ပြင်းထားနေသည့်အတွက် အထိတ်တလန့်နှင့် စိတ်ပျက်လက်ပျက် ဖြစ်သွား ရရှာသည်။ ဆမ်၏ ရင်ဘတ်ကို နားကြပ်နှင့် နားထောင်ပြီးသောအခါ၌ ဆမ်သည် တင်ပါးဆုံရိုး ကျိုးသွားမှုကြောင့် ခွဲစိတ်ကုသမှုမှ ပြန်လည် ကောင်းမွန်လာစ ပြုလာသော်လည်း အဆုတ်ရောင်ရောဂါက ဝင်ရောက် နှောင့်ယှက်စပြုလာကြောင်း ဒေါက်တာ ရန်းဒေါပို့တလန်က ဆမ့်ကို ပြော ပြရန် ကြိုးစားခဲ့သည်။

ထိုအချိန်တွင် ဆမ်သည် စိတ်အာရုံနည်းမှု ဖြစ်နေလေပြီ။ ဒေါက်တာ ပို့တလန်၏ ပြောစကားကို ဆမ် နားမလည်တော့ချေ။ ပို၍ ဆိုးသည်မှာ ဆမ်၏ အခြေအနေ ပိုမို ကောင်းမွန်လာလိမ့်မည် ဆိုသော ဒေါက်တာ ပို့တလန်၏ ဟောကိန်း မမှန်ကန်တော့ခြင်းပင် ဖြစ်သည်။

သူသည် နယူးယောက်၌ နှစ်ကြိမ် ရိုက်အလုခံခဲ့ရသည်။ လေယာဉ်ပျံ ပျက်ကျစဉ်ကလည်း သူ ပါခဲ့သေးသည်။ နယူးဂျာဆီ လမ်းအကောက် တံခါး၌ မော်တော်ကား လေးစီးဆင့်၍ တိုက်စဉ်ကလည်း သူ ပါခဲ့သေး သည်။ ထိုစဉ်က မသေခဲ့သော ဆမ်ဖလင်းမင်းသည် ဗားမောင့်ပြည်နယ် ဘတ်တလက်မြို့၊ မြို့လယ်ကောင် လမ်းမကြီးပေါ်ရှိ စတာလီ၏ သံဆိုင် ရှေ့၌ ချော်လဲရာမှ အခြား ရောဂါများပါ ဖြစ်ပွားလာပြီး သေဆုံးခဲ့ရသည် မှာ ရင်နာစရာ ကောင်းလှတော့သည်။

❈ ❈ ❈ ❈ ❈



## (၁)

**မတ်လ ၁၈ ရက်၊ ကြာသပတေးနေ့**

ဘတ်တလက် ကွန်မြူနီတီ ဆေးရုံမှ ဌာနကြီးမှူးများသည် ဟာဂွဲ ထရေနာ၏ ရှေ့မှောက်တွင် ကျိုးနွံစွာ တိတ်ဆိတ်နေကြသည်။ ထရေနာ သည် ဆေးရုံဘုတ်အဖွဲ့၏ ချယ်ယာမင်ဖြစ်ပြီး ထိုကဲ့သို့ ချယ်ယာပင် အဖြစ် ဆောင်ရွက်ခွင့်ရမှုကို အထူး ဂုဏ်ယူသူ ဖြစ်သည်။

"ယခုလို ဆီးနှင်းတွေ ကျနေတဲ့ ညနေခင်းမှာ ကြွရောက်လာတဲ့ အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီအစည်းအဝေးကို ခေါ်ယူ ကျင်းပရခြင်းဟာ လွန်ခဲ့သော ရက်သတ္တပတ်က ဆေးရုံဝင်း အောက်ဘက် က မော်တော်ကား ရပ်နားတဲ့နေရာမှာ သူနာပြုဆရာမ ပရူးဒင့်ဟန်တင် တန်ကို စော်ကားမှုပြုတဲ့ ကိစ္စအတွက် ဆေးရုံဘုတ်အဖွဲ့က ဘယ်လောက် လောက် လေးလေးနက်နက် ဆောင်ရွက်နေတယ် ဆိုတာကို သိစေချင်လို့ ပါပဲ"

"အဲဒီကိစ္စဟာ ဆေးရုံ လုံခြုံရေး ဝန်ထမ်းတစ်ယောက် အပုတ်ပထင် ရောက်ရှိလာတဲ့အတွက် မုဒိမ်းမှု အထမမြောက်ခဲ့သော်လည်း လေးနက်မှု တော့ လျော့မသွားပါဘူး"

ထရေနာက ခေတ္တ ရပ်တန့်လိုက်ပြီး ဆေးရုံ၏ လုံခြုံရေး တာဝန်ခံ ပက်ထရစ်ဆွေဂလာကို စိုက်ကြည့်လိုက်သည်။ ပက်ထရစ်ဆွေဂလာကမူ ထရေနာ၏ စွပ်စွဲသော မျက်လုံးများနှင့် ရင်မဆိုင်ဘဲ မျက်နှာကို လွှဲထား သည်။ မစ္စဟန်တင်တန်အား စော်ကားရန် ကြံစည်မှုမှာ လွန်ခဲ့သောနှစ် အတွင်းက တတိယမြောက်အမှုဖြစ်ပြီး ဆွေဂလာက သူ့တွင် တာဝန်ရှိ သည်ဟု ခံစားနေရရှာသည်။

"ဒီလို စော်ကားမှုကို ရပ်သွားအောင် လုပ်ရမယ်"

ထရေနာက သူနာပြု ညွှန်ကြားရေးမှူး နန်စီဝစ်ဒန်ကို လှမ်းကြည့် လိုက်၏။ စော်ကားခံရသူ သုံးဦးစလုံးမှာ သူနာပြုဆရာမများ ဖြစ်နေကြ သည်။

www.burmeseclassic.com

www.burmeseclassic.com

ထရေနာက စားဖိုဆောင်တာဝန်ခံ ဂျီရယ်ဒင်းပိုကာရီနှင့် အိမ်တွင်းမှု တာဝန်ခံ ဂလိုရီယာမွှာရက်ဇ်တို့ကို တစ်လှည့်စီ မျက်စိကစားလိုက်ပြီး ပြောလိုက်ပြန်၏။

"ဒါကြောင့် ဟုပ်ချုပ်ရေးအဖွဲ့က အောက်ဘက်က မော်တော်ကား ရပ်နားတဲ့ နေရာမှာ အထပ်ပေါင်းများစွာပါတဲ့ မော်တော်ကားရပ်ဖို့ အဆောက်အအုံတစ်ခုကို တည်ဆောက်ဖို့ အဆိုပြုထားပါတယ်။ အဲဒါက ပင်မ အဆောက်အအုံနဲ့ တစ်ဆက်တည်း ရှိမှာဖြစ်ပြီး လုံလောက်တဲ့ အလင်းရောင်သာမက စောင့်ကြည့်ပေးမယ့် ကင်မရာတွေကိုလည်း တပ်ဆင်ထားမယ်"

ထရေနာက ဆေးရုံဥက္ကဋ္ဌ ဟယ်လင်ဘီတန်ကို ခေါင်းညိတ်ပြလိုက်၏။ ဤတွင် ဟယ်လင်ဘီတန်သည် စည်းဝေးပွဲ စားပွဲပေါ်မှ အုပ်ထားသော အဝတ်စတစ်ခုကို ဆွဲဖယ်ပြီး နောက်ထပ် ဆောက်လုပ်မည့် ကားရပ်ရန် သုံးထပ်တိုက် ပုံစံငယ်ကို ပြသလိုက်သည်။

ထရေနာသည် စားပွဲကို ကွေ့ပတ်၍ လျှောက်သွားပြီးနောက် ပုံစံငယ်၏ နံဘေးတွင် နေရာယူ၍ ရပ်လိုက်၏။ အားလုံး၏ မျက်စိများက ပုံစံငယ်ဆီသို့ ရောက်နေကြသည်၊ သို့ရာတွင် ဝါနာဗန်ဆလိုက်က မတ်တတ်ရပ်လိုက်၏။ မျက်နှာ ပုပ်သိုးသိုး ဖြစ်နေသော ဝါနာဗန်ဆလိုက်မှလွဲ၍ အားလုံးက စိတ်အားထက်သန်စွာနှင့် ကြည့်နေကြသည်။ ဝါနာသည် ပြုပြင်ထိန်းသိမ်းရေးနှင့် အင်ဂျင်နီယာ ဌာနကြီးမှူး ဖြစ်သည်။

"ဘာဖြစ်လို့လဲ၊ ဒီအဆိုပြုချက်ကို ခင်ဗျားက သဘောမကျလို့လား"

ထရေနာ၏ အမေးကို ဗန်ဆလိုက်က မှုန်သိုးသိုးနှင့် ပြန်ဖြေသည်။

"သဘောကျပါတယ်"

ထိုအခိုက်တွင် အစည်းအဝေးခန်းတံခါး ဝုန်းခနဲ ပွင့်ထွက်သွားသည်။ အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်၊ အလန့်ဆုံး ပုဂ္ဂိုလ်က ထရေနာ။

တံခါးပေါက်ဝတွင် ရပ်နေသူမှာ ခပ်ထွားထွားနှင့် ဗလကောင်းကောင်း၊ အသက် ခုနစ်ဆယ်အရွယ် ဒင်းနစ်ဟော့ချ်ပင်တည်း။ သူ့နှာခေါင်းက ကြီးမားပြီး နီရဲနေသလို သူ့မျက်လုံးကြီးများကပါ ပြူးထွက်နေကြသည်။ သူ့ဘယ်လက်ထဲတွင် စာရွက်အချို့ကိုဆုပ်ပြီး ကိုင်မြှောက်ထားသည်။

ဟော့ချ် ဒေါပွနေသည်မှာ သိသာသည်။ အရက်စော်ကလည်း အတော်နံသည်။ သူက အားလုံးကို ဝေ့ကြည့်လိုက်ပြီးနောက် ထရေနာကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။

"ထရေနာ၊ မင်းကို ငါ့အရင် လူနာတွေအကြောင်း ပြောချင်တယ်။ ဘီတန်၊ မင်းကိုလည်း ပြောချင်တယ်"

ဟော့ချ်က ရွံမုန်းသောအကြည့်နှင့် တစ်ချက် ကြည့်လိုက်၏။ ပြီးမှ-

"မင်းတို့က ဒီဆေးရုံကို ဘယ်လို ဆေးရုံမျိုးဖြစ်အောင် အုပ်ချုပ်နေကြသလဲဆိုတာ ငါ မသိဘူး။ ဒါပေမယ့် ငါကတော့ တစ်စက်မှ သဘော မကျဘူး"

ထရေနာသည် ကြောင်သွားရာမှ ပြန်၍ ထိန်းနိုင်စပြုလာသည်။

"ဒေါက်တာ ဟော့ချ်၊ ကျုပ်တို့ ဒီမှာ အစည်းအဝေး လုပ်နေကြတယ်။ ခင်ဗျားက တစ်ဆိတ်ကလေး ခွင့်ပြုမယ်ဆိုရင် . . ."

"မင်းတို့ ဘာပဲလုပ်နေနေ ငါ ဂရုမစိုက်ဘူး။ မင်းတို့ ဘုတ်အဖွဲ့က ငါ့လူနာတွေကို ဘာလုပ်သလဲ ဆိုတာက ပိုအရေးကြီးတယ်"

ထရေနာက ဒေါသထွက်သော လေသံနှင့် ပြောလိုက်ပြန်၏။

"ဒေါက်တာဟော့ချ်၊ ဒါ ခင်ဗျား ဝင်နှောင့်ယှက်ဖို့ သင့်တဲ့အချိန် မဟုတ်ဘူး။ ခင်ဗျားရဲ့ မကျေနပ်ချက်တွေကို ပြောဖို့ ဆိုဖို့ ကျုပ် မနက်ဖြန် ခါကျရင် ခင်ဗျားနဲ့ တွေ့ဆုံပါ့မယ်။ ခုလောလောဆယ်မှာတော့ ကျုပ်တို့ အစည်းအဝေး ဆက်လုပ်ပါရစေ"

"ငါက ခုချက်ချင်း ပြောချင်တယ်"

ထရေနာက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဒီမှာ အဘိုးကြီး၊ တိုးတိုး ပြောစမ်းပါ။ ကျုပ်တို့ ဘုတ်အဖွဲ့က ဒီဆေးရုံ အမြဲတမ်း ဖွင့်ထားနိုင်အောင် ကြိုးစားနေကြတာဗျ။ ဒီကိစ္စက ခုခေတ်ကြီးမှာ ဆေးရုံတိုင်းအတွက် သိပ်လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်တို့ ဆက်ပြီး အစည်းအဝေး လုပ်ပါရစေ"

"ငါ မစောင့်နိုင်ဘူး။ သူနာပြုကိစ္စတွေ၊ စားဖိုဆောင်ကိစ္စတွေ၊ အိမ်တွင်းမှုကိစ္စတွေကို အသာထားလိုက်စမ်းပါ။ ဒါက ပိုအရေးကြီးတယ်"

နန်စီဝဒ်ဒနာက ဝင်ပြောလိုက်၏။

"ဟင်း၊ ရှင်ကတော့ ဒီပုံစံချည်းပဲ။ ဖြုန်းခနဲ ဒိုင်းခနဲ ဝင်လာပြီး သူနာပြုကိစ္စက အရေးမပါဘူး ပြောလိုပြော . . ."

ထရေနာက လက်ကို မြှောက်ပြရင်း-

"နေကြပါဦး၊ ရှုန်းရင်းဆန်ခတ်တွေ မဖြစ်စေချင်ဘူး။ အခု ကျုပ်တို့ ဆွေးနွေးနေကြတာက အရင်အပတ်က ဖြစ်ပွားခဲ့တဲ့ မုဒိမ်းကျင့်ဖို့ ကြံစည်တဲ့ကိစ္စပဲ။ နှင်းလျှောစီးမျက်မှန် တပ်ထားတဲ့ လူတစ်ယောက်က မုဒိမ်းမှု တစ်မှုနဲ့ မုဒိမ်းကျင့်ဖို့ ကြံစည်တဲ့အမှု နှစ်မှု ဖြစ်တာက အရေးမကြီးပါဘူး လို့တော့ ခင်ဗျားက ပြောမယ်တော့ မထင်ပါဘူး"

ဟော့ချ်ကလည်း သဘောတူလိုက်သည်။

"အဲဒါက အရေးကြီးပါတယ်။ ဒါပေမယ့် ကျုပ်ပြောချင်တဲ့ ကိစ္စလောက် အရေးမကြီးဘူး။ ပြီးတော့လည်း မုဒိမ်းမှုပြဿနာက အိမ်တွင်းမှု ကိစ္စပါ"

"နေစမ်းပါဦး၊ ခင်ဗျားက မုဒိမ်းကောင် ဘယ်သူဆိုတာ သိနေလို့လား"

ဟော့ချ်က ဖြေလိုက်သည်။




www.burmeseclassic.com

www.burmeseclassic.com



"ငါက သဘောကျဖြစ်တာတွေ ရှိနေတယ်။ ဒါပေမယ့် လောလောဆယ် မှာတော့ ထိုဒီကိစ္စကို ငါ စိတ်မဝင်စားဘူး။ ငါက ဒီလူနာတွေကိုပဲ စိတ်ဝင်စားတယ်"

သူက ကိုင်ထားသော စာရွက်များကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်၏။

ထရေနာသည် ထိုစာရွက်များကို ကောက်ယူပြီးနောက် ဒေါက်တာ ဟော့ချ်ကို လက်မောင်းကကိုင်၍ အပြင်သို့ ဆွဲခေါ်သွားသည်။

အပြင်ဘက်သို့ ရောက်သည်နှင့် ဟော့ချ်က -

"ငါတို့ ဆွေးနွေးကြမှ ဖြစ်မယ် ဟာရီး။ ခုကိစ္စက သိပ်အရေးကြီးတယ်"

"ဟုတ်မှာပါဗျာ"

ထရေနာက စိတ်ပါလက်ပါပြောသော လေသံမျိုးဖြစ်အောင် ကြိုးစား၍ ဖြေလိုက်သည်။ သူ့အနေနှင့် ဒေါက်တာဟော့ချ်၏ မကျေနပ်ချက်များကို တစ်ချိန်ချိန်တွင် နားထောင်ရမည်သာ ဖြစ်သည်။ ထရေနာ ဟိုက်စကူးကျောင်းသားဘဝတွင် ရှိနေစဉ်က ဒေါက်တာဟော့ချ်သည် ဆေးရုံ အုပ်ချုပ်ရေးမှူး ဖြစ်နေခဲ့လေပြီ။ သူသည် နှစ်ပေါင်း သုံးဆယ်အတွင်း ဘတ်တလက် ကွန်မြူနီတီ ဆေးရုံကို ကျေးလက်ဒေသရှိ ဆေးရုံအငယ်စားကလေး အဖြစ်မှ လူတိုင်းက အားကိုးရသော ဗဟိုဆေးရုံကြီး ဖြစ်လာအောင် ကြိုးစားခဲ့သည်။ ဒေါက်တာဟော့ချ်သည် လွန်ခဲ့သော သုံးနှစ်က အနားယူခဲ့သည်။ သူက မာရိုးထရေနာကို လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။ ထရေနာက-

"ခင်ဗျား ပြောချင်တာ ဘာကိစ္စပဲ ဖြစ်ဖြစ် နက်ဖြန်ခါအထိတော့ စောင့်နိုင်မှာပါ။ ကျုပ်တို့ နေ့လယ်စာစားရင်း ဆွေးနွေးကြမယ်။ ကျုပ်က ဒုတိယ ချယ်ယာမင် ဘာတန်ရှားဝုဒ်နဲ့ ဝန်ထမ်းအကြီးအကဲ ဒေါက်တာ ဒဲလ်ဘတ်ကန်တာတို့ကိုပါ ခေါ်လာခဲ့မယ်"

"ကောင်းပြီလေ"

ဒေါက်တာဟော့ချ်က အင်တင်တင်နှင့် သဘောတူလိုက်၏။ သူက ဆက်လက်၍-

"ငါက ဆေးရုံအုပ်ချုပ်ရေးမှူး မဟုတ်တော့ပေမယ့် ဒီမှာဖြစ်တဲ့ ကိစ္စတွေအတွက် တာဝန်ရှိတယ်လို့ ခံစားရတုန်းပဲ။ အေးလေ ငါက မင်းကို ဘုတ်အဖွဲ့ဝင်အဖြစ် အဆိုမပြုခဲ့ရင် မင်းလည်း ချယ်ယာမင် ဖြစ်လာမှာ မဟုတ်ဘူး"

"အဲဒါကို ကျုပ် သဘောပေါက်ပါတယ်။ ဒါပေမယ့် အဲဒီအတွက် ခင်ဗျားကို ကျေးဇူးတင်ရမလား၊ ကျိန်ဆဲရမလား မသိပါဘူးလေ"

"ငါက မင်းကို ဩဇာအာဏာအတွက် သွေးနားထင် မရောက်စေချင်ဘူး။ မင်းက ဒေါ်လာ သန်းတစ်ရာတန် အဖွဲ့အစည်းကို အုပ်ချုပ်နေတဲ့





လူ၊ ဒီပြည်နယ်ထဲမှာလည်း ဝန်ထမ်းအင်အား အများဆုံး အဖွဲ့အစည်းပဲ"

ထရေနာက ရှက်ကိုးရှက်ကန်း ရယ်လိုက်သည်။

"ဒါပေမယ့် မကာမိပါဘူးဗျာ။ ကျုပ်တို့က ကံကောင်းလို့ ဒီဆေးရုံကို ဆက်ဖွင့်ထားနိုင်တာဗျ။ ကဲပါဗျာ၊ ကျုပ်လည်း စည်းဝေးခန်းထဲ ပြန်ဝင်ပါရစေ၊ ခင်ဗျားလည်း အနားယူပါ။ မနက်ဖြန်ကျမှ ဆွေးနွေးကြတာပေါ့ဗျာ။ (၁၂) နာရီတိတိ 'အင်း'မှာ ဆုံကြမယ်"

ဒေါက်တာဟော့ချ် ပြန်ထွက်သွားသည်ကို ကြည့်နေလိုက်ပြီးမှ ထရေနာ အထဲသို့ ပြန်ဝင်လာသည်။

အစည်းအဝေး ပြန်စသောအခါ ဒေါက်တာဟော့ချ်ကို မကျေနပ်ကြောင်း ဌာနအကြီးအကဲများက တစ်ယောက်တစ်ပေါက် ပြောကြသည်။ ပက်ထရစ်ဆွေဂလာက မေးလိုက်၏။

"သူက မုဒိမ်းကောင် ဘယ်သူလဲ ဆိုတာကို သိတယ် ထင်သလား"

နန်စီဝစ်ဒနာက ဖြေသည်။

"ဘယ်ကလာ ပေါက်ပေါက်ရှာရှာ ဒီအဘိုးကြီးက လူကြွားကြီးပါ"

"ခင်ဗျားကရော ဘယ်လို ထင်သလဲ မစ္စတာထရေနာ"

ဆွေဂလာက ထပ်မေးလိုက်ပြန်၏။ ထရေနာက ပခုံးတွန့်ပြသည်။

"သူသိတယ်လို့ မထင်ပါဘူး။ ဒါပေမယ့် မနက်ဖြန်ခါ သူနဲ့တွေ့ရင် အဲဒါကို မေးခဲ့ပါ့မယ်"

ထရေနာက ထပ်ပြောလိုက်၏။

"ကဲ ဆွေးနွေးလက်စကလေးတွေကို ထပ်ဆွေးနွေးကြရအောင်"

ထရေနာက အစည်းအဝေးကို လမ်းကြောင်းပေါ်သို့ ပြန်ရောက်အောင် လုပ်နိုင်ခဲ့သော်လည်း သူ့အတွက် ထိုညနေခင်း၏ အရသာမှာ ပျက်ပြယ်သွားခဲ့ရလေပြီတည်း။

❖ ❖ ❖

ဒေါက်တာ ဒင်းနစ်ဟော့ချ်သည် ပင်မ လမ်းမကြီး၏ အလယ်ဗဟိုမှ လျှောက်လာသည်။ လောလောဆယ်တွင် ဤလမ်းကြီးပေါ်၌ မည်သည့် ယာဉ်မျှ မောင်းနှင်သွားလာနေခြင်း မရှိပါ။ ဆီးနှင်းများကို လာရောက်သိမ်းကျုံးခြင်းလည်း မရှိသေးပါ။ နှစ်လက်မအထူရှိသော ဆီးနှင်းခဲထုက တစ်မြို့လုံးကို ဖုံးအုပ်ထားသည်။

ဟော့ချ်က ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်သည်။ ထရေနာက ရက်ရွေ့သည်ကို သူက လက်ခံလိုက်မိသောကြောင့်ပင် ဖြစ်သည်။

ဟော့ချ်သည် မက်သဒစ် ဘုရားရှိခိုးကျောင်းကိုကျော်၍ [illegible] ဘက်ဆီသို့ ကြည့်မြင်နိုင်ပါသည်။ ခပ်လှမ်းလှမ်းတွင် ဆေးရုံကြီး၏ ပင်မ အဆောက်အအုံကြီးကို လှမ်းမြင်နေရသည်။ သူသည် စိတ်[illegible]ထင့်ထင့် ဖြစ်သွားပြီး တစ်ကိုယ်လုံး တုန်သွားသည်။ ဒီဆေး[illegible] မြို့နေလူထု တစ်ရပ်လုံးကို အကျိုးပြုနိုင်အောင် သူ့ဘဝကို မြှုပ်နှံ[illegible]ခဲ့ပါသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



ဂျုံမြေပြင်၏ အဝိကရည်ရွယ်ချက် ကွယ်ပျောက်နေပြီလောဟု သူ စိုးထိတ်မိလေသည်။

သူက နောက်ပြန်လှည့်လိုက်ပြီး ပင်မ လမ်းမကြီးအတိုင်း ဆက်လျှောက်လာသည်။ မိတ္တူကူးစက်နှင့် ကူးယူလာသော စာရွက်များကို ကုတ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်၏။ သူ့လက်ချောင်းကလေးများ ထုံကျဉ်နေကြသည်။

နောက်တစ်ပြခန်း လျှောက်ပြီးသောအခါတွင် သူ ရပ်တန့်လိုက်ပြန်၏။ သူသည် သံမဏိမြင်း စားသောက်ဆိုင် (Iron Horse Inn)မှ ပြတင်းပေါက်များကို ငေးကြည့်နေမိသည်။ မီးရောင်များက အပြင်ဘက် လမ်းပေါ်သို့ ဖိတ်လျှံကျနေသည်။

ဟော့ချ်က နောက်တစ်ခွက် ထပ်သောက်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။ သူ့ဇနီး ကလာရာသည် ဘတ်တလက်မြို့တွင် သူနှင့် နေသည်ထက် ဘော့စတွန်တွင် မိသားစုနှင့် နေသည့်အချိန်က ပိုများသည်။ ယခုလည်း ရှိမနေပါ။ သူက နေအိမ်သို့ ပြန်ရောက်အောင် နောက်ထပ် (၂၅) မိနစ် လျှောက်ရဦးမည် ဖြစ်သည့်အတွက် ခံနိုင်ရည်ရှိအောင် လုပ်ရပေဦးမည်။

ဟော့ချ်သည် ဆိုင်ထဲသို့ ဝင်သွားပြီး ဘားခန်းအဝင်ဝတွင် ရပ်တန့်လိုက်၏။ သူက အခန်းထဲကို လျှောက်ကြည့်လိုက်သည်။ ဂရင်းမောင်တိန်နေရှင်နယ်ဘဏ် ဥက္ကဋ္ဌ ဘာတန်ရှားဝုဒ်ကို မြင်လိုက်ရသည်။ ယခု သူသည် ထရေနာ၏ စောင်မမှုဖြင့် ဘုတ်အဖွဲ့၏ ဒုတိယ ချယ်ယာမင်ဖြစ်နေလေပြီ။ ရှားဝုဒ်သည် နယူးအင်ဂလန် ကုတ်အင်္ကျီချိတ် ကုမ္ပဏီ၏ မသတီစရာ ပိုင်ရှင် နက်ဒ်ဘင့်နှင့် အခန်းကလေး တစ်ခန်းထဲတွင် အတူတူ ထိုင်နေသည်။

နောက်စားပွဲ တစ်လုံးတွင် ဒေါက်တာ ဒဲလ်ဘတ်ကန်တာသည် ဒေါက်တာ ပေါလ်ဒါနဲလ်နှင့်အတူ ထိုင်နေသည်။ စားပွဲပေါ်တွင် ဘီယာပုလင်းများ၊ အာလူးကြော်ခြင်းများ၊ ဒိန်ခဲပန်းကန်များ အပြည့်အနှက် ရှိနေသည်။ ဟော့ချ်၏ အမြင်တွင် သူတို့နှစ်ယောက်သည် ဝက်စားကျင်း၌ အတူတူ ရှိနေသော ဝက်နှစ်ကောင်နှင့် တူနေသည်။

သူက စာရွက်များကို အိတ်ထဲက ဆွဲထုတ်ပြီး ၎င်းတို့နှစ်ယောက်နှင့် ထိုင်စကားပြောရန် စဉ်းစားလိုက်၏။ သို့ရာတွင် ထိုစိတ်ကူးကို ချက်ချင်း ပယ်ဖျက်ပစ်လိုက်သည်။ ၎င်းတို့ နှစ်ယောက်စလုံးက သူ့ကို မုန်းတီးကြသည်။ ဓာတ်မှန်ဆရာဝန် ဒဲလ်ဘတ်ကန်တာနှင့် ရောဂါဗေဒပညာရှင် ပေါလ်ဒါနဲလ်တို့သည် ၎င်းတို့၏ လုပ်ငန်းများကို လွှန်ခဲ့သော ငါးနှစ်က ဆေးရုံက လွှဲပြောင်းယူရန် ဟော့ချ်က စီစဉ်ခဲ့သည့်အတွက် နစ်နာခဲ့ရသူများ ဖြစ်သည်။

ဘားကောင်တာတွင် ဟော့ချ်က မျက်နှာချင်း မဆိုင်လိုသော ဂျွန်ပက်ကင်ဇီ ရှိနေပြန်သည်။ ဂျွန်သည် ပြည်နယ်၏ နယ်စပ်မျဉ်းအနီး၌





ဝပ်ရှော့တစ်ခု ဖွင့်ထားသည်။ ဟော့ချ်ကလည်း သူ့မော်တော်ကားကို ထိုဝပ်ရှော့တွင် အမြဲပြင်သည်။ နောက်ဆုံး တစ်ခေါက်ကမူ ဟော့ချ်၏ မော်တော်ကားကို ပြန်ကောင်းအောင် ပြင်မပေးနိုင်သည့်အတွက် ဝေးလံသော ရှည်လန်အထိ မောင်းနှင်သွားပြီးမှ ပြင်ခဲ့ရသည်။ ထို အဆင်မပြေမှုကြောင့် ဟော့ချ်က ကားပြင်ခကို ဂျွန်အား မပေးဖြစ်တော့ပါ။

၎င်းနှင့် နှစ်ခုံကျော်တွင် မွေးရာပါ နှလုံးရောဂါရှင် ပီဘာဂန် ရှိနေသည်။ သူသည် ခြောက်တန်းပင် မအောင်သူဖြစ်ပြီး အသက် (၁၈)နှစ်တွင် ကျောင်းထွက်၍ ကျပန်းအလုပ်မျိုးစုံကို လုပ်ကိုင် စားသောက်နေရသူ ဖြစ်သည်။ ဟော့ချ်က သူ့ကို ဆေးရုံလုပ်သားအဖြစ် ခန့်ခဲ့ဖူးသည်။ သို့ရာတွင် စိတ်မချရသောကြောင့် အလုပ်မှ ထုတ်ပစ်လိုက်ရသဖြင့် ဟော့ချ်အပေါ်၌ ရန်ငြိုးထားနေသူ ဖြစ်သည်။

အစပိုင်းတွင် အရက်တစ်ခွက် သောက်ရဖို့အတွက် ဒီလူတွေနှင့် မျက်နှာချင်းဆိုင်ရန် သင့်မသင့် စဉ်းစားမိသေးသည်။ နောက်ဆုံးတွင် အအေးဓာတ်ကို သတိရလာပြီး စကော့ချ်ဝီစကီ၏ အရသာကို တောင့်တမှုက သူ့ကို အခန်းထဲသို့ ဝင်ဖြစ်စေခဲ့တော့သည်။

သူသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဘားကောင်တာ တစ်ဖက်စွန်းသို့ လျှောက်သွားပြီး ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်၏။ မီးလင်းဖိုမှ အပူဓာတ်က သူ့ကျောပြင်ကို နွေးထွေးသွားစေခဲ့သည်။

အဆမတန် ဝဖြိုးသော အရက်ရောင်းသူ ကာလ်တန်ဟားရစ်က ဒီဝါး ဝီစကီတစ်ခွက်ကို ရေခဲမပါဘဲ ငှဲ့ထည့်ပေးလိုက်ပြီး-

"ခင်ဗျား တခြား ခုံတစ်ခုံကို ရှာရင် ကောင်းလိမ့်မယ်"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ကာလ်တန်က နှစ်ခုံကျော်မှ ဘားကောင်တာပေါ်ရှိ တစ်ဝက်ခန့် လျော့နေသော အရက်ဖန်ခွက်ကို မေးငေါ့ပြလိုက်သည်။

"ကျုပ်တို့ရဲ့ ကြောက်စိတ်မရှိတဲ့ ပုလိပ်အကြီးအကဲ ဝိန်းရောဘတ်ဆန် တစ်ခွက်တစ်ဖလား မော့ဖို့ ဆိုင်ထဲကို ရောက်နေတယ်၊ သူ အခု ဆီးသွားနေတယ်"

"ချီးမှုပဲ၊ ခြောက်ယောက်အပြင် နောက်ထပ်တစ်ယောက် ရှိနေပြန်ပြီ"

ဟော့ချ်က သူ့ကိုယ်သူ ရေရွတ်လိုက်၏။ အကယ်၍ သူသည် ဘားကောင်တာ၏ အခြားတစ်ဖက်စွန်းသို့ သွားမည်ဆိုပါက ဂျွန်မက်ကင်ဇီနှင့် ရင်ဆိုင်ရမည် ဖြစ်သောကြောင့် ဤနေရာ၌ပင် ဆက်နေရန် ဆုံးဖြတ်လိုက်သည်။ သူက ဖန်ခွက်ကို ပါးစပ်ဆီသို့ မ,လိုက်၏။

သူ အရက် မသောက်ရသေးခင် ကျောကုန်းကို ပုတ်ခံလိုက်ရသည်။ သူက ဖန်ခွက်ကို သွားနှင့် မထိအောင်၊ မဖိတ်စင်အောင် မနည်း



www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်ရသည်။

"ဟဲ ဒေါက်တာ ရမ်းကုကြီး မဟုတ်လား"

ဟော့ချ်က လှည့်ကြည့်လိုက်ရာ အရက်မူးနေသော ဝိန်းရောဘတ်ဆန်၏ မျက်နှာကြီးကို တွေ့လိုက်ရသည်။ ရောဘတ်ဆန်သည် အသက် (၅၂) နှစ်ရှိပြီး ပွားကျိုင်းသည်။ သူက ပုလိပ်ယူနီဖောင်း အပြည့်အစုံနှင့် ဖြစ်သည်။ ဟော့ချ်က-

"ဝိန်း၊ မင်း မူးနေပြီ။ အိမ်ပြန်ပြီး အိပ်လိုက်ဖို့ ကောင်းပြီ"

"ခင်ဗျား ကျေးဇူးကြောင့် အိမ်ကို ပြန်စရာအကြောင်း မရှိတော့ပါဘူးဗျာ"

ဟော့ချ်က စပြောလိုက်၏။

"ဝိန်း၊ ဒီကိစ္စကို ပြန်မပြောပါနဲ့တော့ကွာ။ မင်းမိန်းမက ငါ့လူနာ မဟုတ်ပါဘူး။ မင်း မူးနေပြီ၊ အိမ်ပြန်ပါကွာ"

"ခင်ဗျားက သောက်ဆေးရုံကို အုပ်ချုပ်နေတာပဲ"

"အဲဒါကြောင့်တော့ ငါက လူနာတိုင်းအတွက် တာဝန်ရှိတယ်လို့ မဆိုနိုင်ဘူး။ ပြီးတော့လည်း လွန်ခဲ့တဲ့ ဆယ်နှစ်က ဖြစ်ခဲ့တာပါကွာ"

"လူလွန်မသား"

ရောဘတ်ဆန်က ပြောပြောဆိုဆိုနှင့် ဒေါက်တာဟော့ချ်၏ အင်္ကျီကော်လာကို ကိုင်၍ ခွေးခြေပေါ်မှ ဆွဲမလိုက်သည်။

အရက်ရောင်းသူ ကာလ်တန်ဟားရစ်သည် ဘားကောင်တာကို ကွေ့ပတ်၍ ထိုနေရာသို့ လျှင်မြန်စွာ ရောက်ရှိလာပြီး ဟော့ချ်၏ ရှပ်အင်္ကျီကို ဆုပ်ကိုင်ထားသော ရောဘတ်ဆန်၏ လက်ချောင်းများကို တစ်ချောင်းစီ ဖြုတ်ပစ်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် ကိုယ့်နေရာနဲ့ကိုယ် ခွဲနေကြပါ။ ဒီ သံမဏိမြင်း ဆိုင်ထဲမှာ ရန်ဖြစ်တာ ခွင့်မပြုပါဘူး"

ဟော့ချ်က စိတ်တိုစွာနှင့် ရှပ်အင်္ကျီကို ပြန်လည် ပြုပြင်လိုက်ပြီး ဘားကောင်တာ၏ ကျန်တစ်ဖက်စွန်းသို့ လျှောက်သွားသည်။ ဂျွန်မက်ကင်ဇီ၏ နောက်ဘက်မှ ဖြတ်လျှောက်သွားစဉ် "သေပါစေ" ဟု ရေရွတ်သံကို ကြားရသော်လည်း ဒေါက်တာဟော့ချ်က မကြားဟန်ဆောင်လိုက်သည်။

ဒေါက်တာ ဒဲလ်ဘတ်ကန်တာက အရက်ရောင်းသူ ကာလ်တန်ကို လှမ်းပြောလိုက်၏။

"ကာလ်တန်၊ မင်း ဝင်ဖျန်ဖြေဖို့ မသင့်ဘူးကွာ။ တကယ်လို့ ရောဘတ်ဆန်က ဟော့ချ်ကို အပြတ်ရှင်းလိုက်မယ်ဆိုရင် မြို့လူထု တစ်ဝက်လောက်က ဩဘာပေးကြမှာကွ"

ဒေါက်တာကန်တာနှင့် ဒေါက်တာဒါနဲလ်တို့က ဒူးခေါင်းများကို လက်နှင့်ပုတ်ပြီး ဘီယာ သီးနင်ကုန်သည်အထိ အားပါးတရ ရယ်မောကြသည်။ အရက်ထပ်ဖြည့်ရန် ဘားကောင်တာဆီသို့ လာသော ဘာတန်ရှားဝုဒ်အား ကူညီဆောင်ရွက်ပေးရန် ကာလ်တန်က မသိဟန်ဆောင်ပြီး ဘားကောင်တာ နောက်ဘက်သို့ ပြန်ဝင်လိုက်သည်။





ရှားဝုဒ်က ဘားခန်းထဲရှိ လူတိုင်း ကြားနိုင်သော လေသံနှင့် ခပ်ကျယ်ကျယ် ပြောလိုက်၏။

"ဒေါက်တာကန်တာ ပြောတာ မှန်တယ်။ နောက်တစ်ခါ ဟော့ချ်နဲ့ ရောဘတ်ဆန် ဆုံမိကြရင် သူ့အတိုင်း ထားလိုက်စမ်းပါ"

ကာလ်တန်က ပြောလိုက်၏။

"ခင်ဗျားတို့ နှစ်ယောက်လည်း ဝင်မပါကြနဲ့ဗျာ"

လူတိုင်း ကြားနိုင်သော လေသံနှင့် ရှားဝုဒ်က ပြောလိုက်ပြန်၏။

"ဒေါက်တာဟော့ချ်အကြောင်း ခင်ဗျားကို ကျုပ် ပြောပြမယ်။ သူက အိမ်နီးချင်းကောင်း မဟုတ်ဘူး။ ကျုပ် မြေနှစ်ကွက်ကြားထဲက ရှည်မျောမျော မြေကွက်ကလေးကို သူက ပိုင်တယ်။ ဒီတော့ သူက ဘာလုပ်တယ် ထင်သလဲ၊ ခြံစည်းရိုး အမြင့်ကြီး ကာပစ်လိုက်တယ်"

ဤတွင် ငြိမ်မနေနိုင်သော ဟော့ချ်က-

"ဟုတ်တယ်လေ၊ ကျုပ် ခြံကာရတာက ခင်ဗျားရဲ့ သောက်မြင်းတွေ ကျုပ်မြေပေါ်မှာ ချေးပါ မချနိုင်အောင်လို့ပဲ"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ကျုပ်ကို အဲဒီမြေ မရောင်းသလဲ။ ခင်ဗျားအတွက် အသုံးမှ မကျတာ"

"ကျုပ်မိန်းမ နာမည်နဲ့ စာရင်းပေါက်နေလို့ဗျ"

"ပေါက်တတ်ကရတွေပါဗျာ၊ အဲဒီလို မိန်းမနာမည်နဲ့ ထားတာက ပေါ့ဆစွာ ကုသမှုအတွက် တရားရုံးက အသုံးအဖြတ်ပေးခဲ့ရင် အဲဒီပစ္စည်းတွေကို မသိမ်းဆည်းနိုင်အောင် လုပ်ထားတာလို့ ခင်ဗျားကိုယ်တိုင် ကျုပ်ကို ပြောပြခဲ့တာပဲ"

"ဒါဆိုရင် ကျုပ်က ယဉ်ယဉ်ကျေးကျေး ပြောစရာ မလိုတော့ပါဘူး။ ခင်ဗျားကို သောက်မြင်ကတ်လို့ မရောင်းတာဗျာ။ ဒါလေးကိုမှ နားမလည်တော့ဘူးလား"

ရှားဝုဒ်က အားလုံးဘက်သို့ လှည့်၍-

"ခင်ဗျားတို့အားလုံး သက်သေတွေပဲ။ ဒေါက်တာဟော့ချ်က အမြင်ကတ်လို့ မရောင်းတာတဲ့။ ဒါဟာ ခရစ်ယာန်တွေ ထားရမယ့် စိတ်ထား မဟုတ်ဘူး"

"ခင်ဗျားက အိမ်တွေကို လိုက်သိမ်းနေတာကျတော့ ခရစ်ယာန်ကိုယ်ကျင့်တရားလား။ ခင်ဗျားက မိသားစုတွေကို အိုးမဲ့အိမ်မဲ့ဖြစ်အောင် လုပ်နေတာဗျာ"

"အဲဒါနဲ့ မဆိုင်ပါဘူးဗျာ၊ အဲဒါက လုပ်ငန်းသဘောအရ လုပ်ရတာပါ။ ရှယ်ယာရှင်တွေရဲ့ မျက်နှာကို ထောက်ထားရမယ်ဗျ"

"တော်စမ်းပါကွာ"


www.burmeseclassic.com

www.burmeseclassic.com



ဤအခိုက်တွင် ဟာရီးထရေနာနှင့် အစည်းအဝေးတက်သူ အားလုံး ပေါ်ပေါက်လာသို့ ရုတ်ရုတ် ဝင်ရောက်လာကြသည်။ သူ့ကို တွေ့လိုက်ရသည့် ဟာရွတ် ထရေနာ မကြည်မလင် ဖြစ်သွားကြောင်း သူ သတိထားမိသည်။ ဤမှုတွင် သူက သူ့အရက်ကို ပြန်သောက်လိုက်၏။ သို့သော် ဆိုင်ထဲ၌ ထရေနာ၊ ရှားဝုဒ်နှင့် ကန်တာဆိုသော ကြီးသုံးကြီး ရောက်နေတာကို သူ သတိပြုမိသည်။

သူက ပီစကီဖန်ခွက်ကိုကိုင်ပြီး ခွေးခြေပေါ်မှဆင်း၍ ထရေနာ့ နောက်တက်က လိုက်ပါသွားသည်။ သူက ထရေနာ့ပခုံးကို ပုတ်လိုက်၏။

"ငါတို့ လူစုံကြပြီလေကွာ။ အခု စကားပြောကြမယ်လေ"

"ဗျိုးမှပဲ ဟော့ချ်ရာ၊ ကျုပ် ဒီကနေ့ည မဆွေးနွေးချင်ဘူး ဆိုတာ ခင်ဗျားကို ဘယ်နှစ်ခါ ပြောရမလဲ။ ကျုပ်တို့ မနက်ဖြန်ကျမှ ပြောကြမယ်"

ရှားဝုဒ်က မေးလိုက်၏။

"သူက ဘာအကြောင်း ဆွေးနွေးချင်တာလဲ"

"သူ့လူနာဟောင်း အချို့အကြောင်းပါဗျာ။ ကျုပ်တို့ မနက်ဖြန်ခါ နေ့လယ်စာ စားတဲ့အချိန်ကျမှ ဆုံမယ်လို့ ပြောပြီးပါပြီ"

"ဘာဖြစ်နေကြတာလဲ"

ဒေါက်တာကန်တာကလည်း ဝင်ပါလာပြန်၏။

"ဆေးရုံမှာ ကျုပ်တို့ လုပ်ပုံကိုင်ပုံတွေကို ဒေါက်တာဟော့ချ်က သဘောမကျဘူးလေ။ ကျုပ်တို့ နက်ဖြန်ခါကျရင် ကြားကြရမှာပါ"

ဟု ထရေနာက ဖြေလိုက်၏။ ရှားဝုဒ်က ဝင်စွက်ပြန်သည်။

"အရင်တုန်းက ကန့်ကွက်ခဲ့တာမျိုး ဖြစ်မှာပါဗျာ။ သူ့လူနာတွေ ကောင်းကောင်း အပြုစုမခံရဘူးဆိုတာ"

ဒေါက်တာဟော့ချ်က ပြန်မဖြေနိုင်ခင် ဒေါက်တာကန်တာက ဝင်ပြောလိုက်၏။

"တော်တော် ကျေးဇူးသိတတ်တာပဲ။ ကျုပ်တို့က အများပြည်သူ ကောင်းစားရေးအတွက် ဆေးရုံကြီး ဖွင့်ထားနိုင်အောင် အချိန်ကုန်ခံပြီး ဆောင်ရွက်နေကြတယ်၊ ရလာတဲ့ အကျိုးအမြတ်ကတော့ အပြစ်တင်ခံရ တာချည်းပဲ"

ဟော့ချ်က နှာခေါင်းရှုံ့လိုက်၏။

"အများပြည်သူ ကောင်းစားရေးတော့ မဟုတ်ပါဘူးကွာ၊ ထရေနာ က ဟိတ်ကြီးဟန်ကြီး လုပ်ချင်လို့ပါ။ ရှားဝုဒ်ကတော့ ငွေကြေး မျက်နှာကြောင့် လုပ်နေတာပါ။ ဒေါက်တာကန်တာကျတော့ သိပ်ရှင်းတယ်။ မင်းက ဆေးရုံနဲ့ စပ်တူလုပ်ရတဲ့ ဓာတ်မှန်ဌာနကိုပဲ စိတ်ဝင်စားတာပါ"

"အတိတ်က ကိစ္စတွေ ပြန်မဖော်ချင်ပါနဲ့ဗျာ"

ဟု ဒေါက်တာကန်တာက ပြောလိုက်၏။ ဒေါက်တာဟော့ချ်က လည်း သဘောတူသည်။





"ငါကလည်း မပြောချင်ပါဘူးကွာ။ ခုပြောချင်တဲ့ အဓိကအချက်က တော့ မင်းတို့ လုပ်ကြ၊ ကိုင်ကြတာတွေဟာ ပရဟိတ စိတ်ထားကြောင့် မဟုတ်ဘူး၊ ငွေကြေးအတွက် လုပ်နေကြတာပဲလို့ ပြောချင်တာကွ"

ထရေနာက ခပ်ပြတ်ပြတ် ဝင်ပြောလိုက်၏။

"ခင်ဗျားက ဒီစကားမျိုး မပြောထိုက်ဘူး၊ ခင်ဗျားကိုယ်တိုင်က ကံကြွေးချ ပိုင်နက်တစ်ခုအနေနဲ့ ဒီဆေးရုံကို အသုံးချခဲ့တာပဲ။ ဒီကာလ အတွင်းမှာ ခင်ဗျားအိမ်ကို ဘယ်သူတွေက လာပြီး စောင့်ရှောက်ပေးနေ ကြသလဲ"

"မင်းက ဘာကို ဆိုလိုတာလဲ၊ ခုကိစ္စက ငါ့အိမ်နဲ့ ဘယ်လို သက်ဆိုင် တယ်ဆိုတာ ငါ မသိဘူး"

ထရေနာက ပြုပြင်ထိန်းသိမ်းရေးနှင့် အင်ဂျင်နီယာဌာနကြီးမှူး ဗန် ဆလိုက်ကို လှမ်းခေါ်လိုက်သည်။ ရောက်ရှိလာသောအခါ ထရေနာက မေးလိုက်၏။

"မင်းကို ငါ မေးခွန်းတစ်ခု မေးမယ်။ ဒေါက်တာဟော့ချ်ရဲ့ အိမ်နဲ့ မြေကို ဘယ်သူတွေက ထိန်းသိမ်းစောင့်ရှောက်နေကြသလဲ"

"ကျုပ်တို့က စောင့်ရှောက်နေတာပါ"

"ကျုပ်တို့ဆိုတာ ဘယ်သူတွေလဲ၊ တိတိကျကျ ပြောစမ်းပါကွာ"

"ဆေးရုံ ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းအုပ်စုကပါ"

ထရေနာက မေးပြန်သည်။

"ခုလို ဆောင်ရွက်ပေးနေတာ ဘယ်လောက် ကြာပြီလဲ"

"ကျုပ် ဒီကို မရောက်ခင် ဟိုးအစောပိုင်းကတည်းကပါ"

"အဲဒီကိစ္စကို ဒီကနေ့ကစပြီး ရပ်ဆိုင်းပစ်ရမယ်၊ မင်း နားလည် တယ်နော်"

"နားလည်ပါတယ်"

"ကဲကဲ ငါ ဒေါက်တာဟော့ချ်နဲ့ ဆက်စကားပြောနေတုန်း မင်းလည်း ဘီယာလေး ဘာလေး သောက်ပေါ့ကွာ"

ဗန်ဆလိုက်က သူ့နေရာသို့ သူပြန်သွားသည်။ ထရေနာက ပြော လိုက်၏။

"ခင်ဗျားလည်း ကြားဖူးမှာပါ၊ မှန်လှောင်အိမ်ထဲမှာ နေတဲ့သူဟာ"

"မင်းပါးစပ် ပိတ်ထားစမ်းကွာ"

ဟော့ချ်က ငေါက်လိုက်ပြီးနောက် တစ်ခုခုကို ပြောမည်ကြံပြီးမှ ပြန် နှုတ်ပိတ်သွားသည်။ ထို့နောက် ကုတ်အင်္ကျီနှင့် ဦးထုပ်ကို ယူ၍ ဆိုင်ထဲမှ ကမူးရှူးထိုး ပြန်ထွက်သွားတော့သည်။

"မင်း တော်တော် အသုံးမကျတဲ့လူပဲ"

ဟော့ချ်က သူ့ကိုယ်သူ ရေရွတ်ရင်း တောင်ဘက်သို့ ဦးတည်၍ မြို့ပြင်သို့ ထွက်လိုက်သည်။ မခံချင်စိတ်ကလေး တစ်ခုကြောင့် လူနာပြုစု



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ လမ်းကြောင်းလွဲသွားရမှုအတွက် သူကိုယ်သူ ဒေါပွနေသည်။ မလေးရှား ဖြူဖြင်ထိန်းသိမ်းရေးအဖွဲ့က သူ့အိမ်နှင့် ခြံဝင်းအား ထိန်းသိမ်းပေးရန် ရောက်ပေးခဲ့သည် ဆိုခြင်းမှာ မှန်ကန်ပါသည်။ ထိုအဖွဲ့သည် မပေါ်မဲ့နှင့် ရောက်လာခြင်း ဖြစ်သလို သူကလည်း မလာနဲ့ဟု တစ်ခါမျှ မပြောဖြစ်ခဲ့သူပေ။

တကယ်ကမူ ထိုကိစ္စမှာ လူနာပြုစုသည့်ကိစ္စနှင့် မည်သို့မျှ မသက်ဆိုင်ပါ။ သူက နေအိမ်ခြံဝင်းထဲရှိ အဝင်လမ်းပေါ်သို့ ရောက်လာချိန်တွင် ထိုကဲ့သို့ ဆောင်ရွက်ပေးမှုအတွက် သင့်တင့်သော အဖိုးအခကို ပေးချေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ပို၍ လေးနက်သော ကိစ္စရပ်များအတွက် ကန့်ကွက်နေချိန်တွင် ဤကိစ္စက သေးသိမ်အောင် နှောင့်ယှက်သည်ကို မခံလိုပါ။

ရှည်လျားသော အဝင်လမ်း၏ အလယ်ဗဟိုလောက်သို့ အရောက်တွင် သူက ရှားဝုဒ်၏ မြင်းများ သူ့မြေပေါ်သို့ မဝင်ရောက်နိုင်အောင် ကာထားသော ခြံစည်းရိုးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ဟော့ချ်သည် လမ်းပေါ်မှ ဆင်းလိုက်ပြီးနောက် ဖားကန်နံဘေးမှ ပတ်၍ လျှောက်ရသော ဖြတ်လမ်းအတိုင်း အိမ်ဆီသို့ လျှောက်သွားလိုက်သည်။

သူသည် အဆောက်အအုံကို ကွေ့ပတ်ပြီးနောက် စပါးကျီနှင့် အိမ်မကြီးတို့ကို ဆက်ထားသော ဘေးတံခါးပေါက်ဆီသို့ လျှောက်သွားခဲ့သည်။ သူက ဖိနပ်ပေါ်မှ ဆီးနှင်းများကို ခါချပြီးမှ အိမ်ထဲသို့ ဝင်သည်။ မြေသားအခန်းထဲတွင် ကုတ်အင်္ကျီနှင့် ဦးထုပ်ကိုချွတ်၍ ချိတ်တွင် ချိတ်သည်။ သူသည် အင်္ကျီအိတ်ထဲမှ စာရွက်များကို နှိုက်ယူပြီးနောက် မီးဖိုချောင်ထဲသို့ ယူသွားသည်။ ထိုစာရွက်များကို မီးဖိုချောင် စားပွဲပေါ်တွင် တင်ထားခဲ့ပြီးနောက် အရက်တစ်ခွက် ငှဲ့သောက်ရန် စာဖတ်ခန်းဆီသို့ ဦးတည်၍ သွားပြန်သည်။

တံခါးကို အဆက်မပြတ် ခေါက်နေသံက သူ့ကို ထမင်းစားခန်း အလယ်၌ ရပ်တန့်သွားစေခဲ့သည်။ ဟော့ချ်က တအံ့တဩနှင့် သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ ခုလို ညမျိုး၊ ခုလို အချိန်မျိုးမှာ ဘယ်သူများလာတာပါလိမ့်။

သူသည် လာလမ်းအတိုင်း ပြန်လျှောက်သွားပြီး မြေသားအခန်းထဲသို့ အရောက်တွင် နှင်းရိုက်နေသော တံခါးရွက်မှ မှန်ကို ရှပ်အင်္ကျီလက်နှင့် ပွတ်သပ်လိုက်သည်။ အပြင်ဘက်မှ ပုဂ္ဂိုလ်ကို သူ ခပ်ရေးရေးမျှသာ မြင်ရသည်။

"ဘာဖြစ်ရပြန်တာလဲ"

သူက ရေရွတ်ရင်း ငုံ့၍ ကန့်လန့်ကို ဖြုတ်သည်။ သူက တံခါးရွက်ကို ခပ်ကျယ်ကျယ် ဆွဲဖွင့်လိုက်၏။





"အားလုံးကို ခြုံပြီး စဉ်းစားလိုက်မယ်ဆိုရင်၊ မင်း ခုလို လာတာဟာ နည်းနည်းတော့ ထူးဆန်းနေတယ်။ ခုလို အချိန်မျိုးမှာပေါ့ကွာ"

တစ်ခွန်းမျှ ပြန်မပြောသော ဧည့်သည်ကို ဟော့ချ်က စိုက်ကြည့်နေသည်။ ဟော့ချ်၏ ခြေထောက် ပတ်ပတ်လည်၌ နှင်းခဲများ ကြွေကျနေသည်။

"ကဲပါလေ၊ မင်းက ဘာကိုပဲ လိုချင်လိုချင် အထဲကိုတော့ ဝင်ပါဦး"

သူက တံခါးရွက်ကို လက်လွှတ်လိုက်ပြီး မီးဖိုချောင်ဆီသို့ လျှောက်သွားသည်။

"ငါ့ကို ဧည့်ဝတ်ကျေပွန်တဲ့ အိမ်ရှင်လို့တော့ မယူဆနဲ့ပေါ့ကွာ။ မင်းနောက်က တံခါးကိုလည်း ပိတ်ပစ်ခဲ့ဦး"

ဟော့ချ်က မီးဖိုချောင် ကြမ်းပြင်သို့ရောက်အောင် လှေကားတစ်ထစ်ကို နင်းတက်လိုက်စဉ် တံခါးကို စေ့အောင် ပြန်ပိတ် မပိတ် သိရအောင် ပြန်လှည့်လိုက်သည်။ ၎င်း၏ မျက်စိထောင့်စွန်းမှနေ၍ တစ်စုံတစ်ခုက သူ့ဦးခေါင်းဆီသို့ ဗိုးခနဲ အရှိန်နှင့် လာနေကြောင်း မြင်လိုက်ရသည်။ သူက အလိုအလျောက် ရှောင်ပေးလိုက်မိ၏။

ထိုကဲ့သို့ ရုတ်တရက် လှုပ်ရှားမှုက ဟော့ချ်၏ အသက်ကို ကယ်လိုက်ခြင်း ဖြစ်သည်။ ခပ်ပြားပြား သံချောင်းတစ်ချောင်းသည် ဦးရေပြားထဲသို့ စိုက်ဝင်သွားပြီးမှ နံဘေးသို့ စဉ်ထွက်သွားသည်။ ထိုသံချောင်းသည် အရှိန်ပြင်းစွာဖြင့် ပခုံးပေါ်သို့ ကျရောက်သွားရာ ညှပ်ရိုး ကျိုးသွားစေခဲ့သည်။ ရိုက်ချက်၏ ပြင်းထန်လှမှုက ဟော့ချ်ကို မီးဖိုချောင်ထဲသို့ လွင့်ထွက်သွားစေခဲ့သည်။

ဟော့ချ်သည် မီးဖိုချောင်မှ စားပွဲနှင့် ဝင်တိုက်မိ၏။ သူ့လက်နှစ်ဖက်က စားပွဲစွန်းကို ဆုပ်ကိုင်ထားမိသဖြင့် သူသည် မတ်တတ်ရပ်လျက်သားရှိနေသည်။ ဦးရေပြားမှ ပန်းထွက်လာသော သွေးများက စာရွက်ပေါ်သို့ ကျလာကြသည်။ ဟော့ချ်က ပြန်လှည့်လိုက်ရာ ၎င်းကို ရန်မူသူက လက်ကိုမြှောက်၍ ရှေ့တိုးလာနေကြောင်း အချိန်မီ တွေ့လိုက်ရသည်။ လက်အိတ်စွပ်ထားသော လက်ထဲတွင် ခပ်တိုတို သံကုလားအော် တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။

ထိုလက်နက်က ဒုတိယရိုက်ချက်အဖြစ် အောက်ဘက်သို့ ကျဆင်းလာချိန်တွင် ဟော့ချ်က လွတ်နေသော လက်ဖျံကို လှမ်း၍ ဆုပ်ကိုင်လိုက်သဖြင့် ရိုက်ချက်လည်း အရှိန်လျော့သွားသည်။ သို့တိုင်အောင် ကုလားအော်သည် ဟော့ချ်၏ ဆံစပ်မှ ဦးရေပြားကို ရိုက်မိသွားပြန်သဖြင့် ပြတ်တောက်သွားသော သွေးကြောသစ်များမှ သွေးများ ယိုစီးထွက်ကျလာပြန်၏။

ဟော့ချ်က ရန်မူသူ၏ လက်ဖျံထဲသို့ လက်သည်းများနှင့် သွေးရှူးသွေးတန်း ဖျစ်ညှစ်ထားလိုက်သည်။ နောက်ထပ်ကြိမ် ထပ်မရိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com

မာတက် လျှာဖနှင့် လိုလက်ကို လွှတ်ပေး၍ မဖြစ်ကြောင်း သူ သိသည်။

အတန်ငယ်ကြာအောင် သူတို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် ရုန်းကန်နေကြသည်။ သူတို့သည် မီးဖိုထဲတွင် ဝုန်းဒိုင်းကြဲ တိုက်ခိုက် လက်ပုတ်နေကြသည်။

ဟိုက်ဒိုက်နေသူသည် ဟော့ချ်၏ ဆုပ်ကိုင်ထားမှုမှ လွတ်အောင် သူ့လက်ကို အတင်း ရုန်းလိုက်ပြီး နာကျင်မှုကြောင့် အော်ဟစ်လိုက်၏။ သံချောင်းသည် နောက်တစ်ကြိမ် မြင့်တက်သွားပြန်ရာ ဟော့ချ်က လက်ဖျံနှင့် တားလိုက်သောကြောင့် လက်ဖျံရိုးများ ကျိုးကုန်တော့သည်။

သံချောင်းသည် နောက်တစ်ကြိမ် မြင့်တက်သွားပြီး ကယ်သူမဲ့နေသော ဟော့ချ်၏ ဦးခေါင်းကို ပြင်းထန်စွာ ရိုက်ချလိုက်ပြန်လေ၏။

နာကျင်သော ဝေဒနာကို ခံစားရခြင်း မရှိတော့သော ဒေါက်တာ ဟော့ချ်သည် ကြမ်းပြင်ပေါ်သို့ လေးလံစွာ လဲကျသွားလေတော့သည်။

❖ ❖ ❖ ❖ ❖



(၂)

ဧပြီလ ၂၄ ရက်၊ စနေနေ့

"ရှေ့မှာ မြစ်တစ်စင်းနဲ့ တွေ့ရလိမ့်မယ်ဟေ့"

ဒေးဗစ်ဝီလ်ဆင်က ၎င်း၏ နံဘေးတွင် ထိုင်လိုက်လာသော ရှစ်နှစ်သမီး နစ်ကီကို ပြောလိုက်သည်။

"အဲဒီမြစ်ရဲ့ နာမည်ကို သိသလား"

နစ်ကီသည် အညိုရောင် မျက်လုံးကြီးများနှင့် သူ့ဖခင်ကို ကြည့်လိုက်ပြီးနောက် ဆံပင်တစ်ခွေကို ဘေးဘက်သို့ တွန်းပို့လိုက်သည်။

"သမီးသိတဲ့ မြစ်ကြီးတွေကတော့ မစ္စစ္စပီမြစ်၊ နိုင်းမြစ်နဲ့ အမေဇုံမြစ်တွေပဲ။ အဲဒီ မြစ်ကြီးတွေက နယူးအင်္ဂလန်ပြည်နယ်မှာ မရှိဘူးဆိုတော့ သမီး မသိဘူးလို့ ပြောရမှာပဲ"

ဒေးဗစ်ရော၊ ဇနီး အင်ဂျယ်လာပါ တခွိခွိနှင့် မရယ်ဘဲ မနေနိုင်အောင် ဖြစ်ကုန်ကြသည်။

"ဘယ်ကိစ္စက ဒီလောက်တောင် ရယ်စရာကောင်းနေလို့လဲ"

ဒေးဗစ်သည် နောက်ကြည့်မှန်မှတစ်ဆင့် အင်ဂျယ်လာနှင့် အချင်းချင်းသာ နားလည်သော အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ နစ်ကီသည် မကြာခဏ ဆိုသလို သူ့အသက် ရှစ်နှစ်နှင့် မလိုက်အောင် ရင့်ကျက်နေတတ်ကြောင်း သူတို့ တွေးမိကြသည်။ ပြောမိကြသည်။ တစ်ချိန်တည်းမှာပင် နစ်ကီသည် ၎င်း၏ ကျန်းမာရေး ပြဿနာများကြောင့် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပို၍ မြန်ဆန်စွာ ကြီးရင့်လာကြောင်းကိုလည်း သဘောပေါက်မိကြသည်။

နစ်ကီသည် ကားရှေ့ဘက် အံဖုံးထဲမှ မြေပုံကို ထုတ်ယူလိုက်၏။ ဒေးဗစ်က ပြောလိုက်သည်။

"အခု တို့က ဟိုက်ဝေး (၈၉) ပေါ်မှာ"

"ဟော တွေ့ပြီ"

နစ်ကီက အားရဝမ်းသာစွာ အော်လိုက်၏။ သူမ မြေပုံကို လှည့်၍


www.burmeseclassic.com

www.burmeseclassic.com


ဟော့ မယ်လိုက်သည်။

"မြစ်ကလည်း ပြည်နယ်ရဲ့ နာမည်အတိုင်း ကွန်နက်တီကပ်မြစ်ပဲ ပေါ့"

"ဟုတ်တာပေါ့၊ အဲဒီမြစ်က ဘာနဲ့ဘာရဲ့ နယ်ခြားမျဉ်းလဲ"

နှစ်ကီက မြေပုံကို ကြည့်လိုက်ပြန်သည်။

"ဗားမောင့်နဲ့ နယူးဟမ်းရှိုင်းယားကို ခွဲခြားထားတယ်"

"ဟုတ်ပြန်ပြီ၊ ဟော ရောက်ပြီဟေ့"

၎င်းတို့၏ (၁၁)နှစ်သား ဗော်လ်ဗို အပြာရောင် စတေရှင် ဝက်ဂွန်ကားက တံတားပေါ်မှာ ဖြတ်သန်းနေစဉ် သူတို့အားလုံး ငြိမ်သက်နေကြသည်။ တံတားတစ်ဖက်သို့ အရောက်တွင် အင်ဂျယ်လာက မေးလိုက်သည်။

"ဘတ်တလက်ကို ရောက်အောင် ဘယ်လောက်ကြာကြာ ထပ်သွားရဦးမှာလဲ"

ဒေးဗစ်က ဖြေသည်။

"သိပ်မဝေးချာဘူး၊ တစ်နာရီလောက် ကြာချင်ကြာမှာပေါ့"

နောက်တစ်နာရီနှင့် (၁၅)မိနစ် ကြာသောအခါ ဒေးဗစ်၏ ဗော်လ်ဗိုကားသည် ဘတ်တလက်ကောလိပ်၏ ဇာတိမြေ၊ 'ဘတ်တလက်မြို့က ကြိုဆိုပါ၏' ဆိုသော ဆိုင်းဘုတ်ကို ကျော်ဖြတ်မိတော့သည်။

သူတို့၏ ကားသည် ပင်မလမ်းမကြီးဟု အမည်ပေးထားသော လမ်းမကျယ်ကြီးပေါ်သို့ ရောက်နေကြသည်။ အစပိုင်းတွင် သုံးထပ်သားနှင့် ဆောက်ထားသော အိမ်ဖြူဖြူကလေးများကိုသာ တွေ့ရသည်။

အတန်ငယ် မောင်းနှင်မိသောအခါ အုတ်နှင့် ဆောက်ထားသော စီးပွားရေးနှင့် လူမှုရေး အဆောက်အအုံများကို တွေ့ကြရသည်။ မြို့လယ်သို့ ရောက်လာအခါတွင်မူ အုတ်နှင့် ဆောက်ထားသော သုံးထပ်တိုက်နှင့် လေးထပ်တိုက်များကို တွေ့ကြရလေ၏။

နှစ်ကီက ပြောလိုက်သည်။

"ကြည့်ပါဦး၊ ဟိုမှာ ရုပ်ရှင်ရုံတစ်ရုံ"

နှစ်ကီက တစ်နေရာတွင် လက်ညှိုးထိုး၍ မေးလိုက်ပြန်၏။

"အဲဒါက ဘာလဲ၊ ဘီးမပါတဲ့ လက်တွန်းလှည်းနဲ့ တူတယ်"

ဒေးဗစ်က ရယ်သည်။

"အဲဒါကို စားသောက်ဆိုင် (DINER)လို့ ခေါ်ကြတယ်။ (၅၀) ပြည့်နှစ် တစ်ဝိုက်က အလွန် ခေတ်စားခဲ့ကြတာပေါ့"

သူတို့သည် မြို့လယ်ကောင်မှ ပန်းခြံသို့ ရောက်လာကြ၏။ ပန်းခြံထဲတွင် အဝါရောင် နှင်းပန်းများ၊ ဗေဒါပန်းပင်များ ကြိုကြားကြိုကြား ရှိနေကြသည်။ အထူးသဖြင့် ပန်းခြံအလယ်ရှိ မျှော်စင်တစ်ဝိုက်တွင် ပန်းပင်များ အစီအရီ ရှိကြသည်။ ဒေးဗစ်သည် မော်တော်ကားကို လမ်းနံ





ဘေးတွင် ကပ်၍ ရပ်လိုက်၏။ ပန်းခြံ၏ မြောက်ဘက်အစွန်တွင် ကြီးမားသော အဖြူရောင် ဘုရားရှိခိုးကျောင်း တစ်ကျောင်း ရှိနေသည်။

"ကိုယ်တို့ကို လူတွေ့မေးမယ့်ကိစ္စ မတိုင်မီ နှစ်နာရီကျော်ကျော် အချိန်တွေ ပိုနေတယ်၊ ဘာလုပ်ကြရင် ကောင်းမလဲ"

ဒေးဗစ်က မေးလိုက်ခြင်း ဖြစ်သည်။ အင်ဂျင်လာက ပြောလိုက်၏။

"နည်းနည်းလောက် ကားလျှောက်မောင်းပြီးမှ နေ့လယ်စာ စားကြမယ်လေ"

"ကြားရတာ နိပ်ပုံပဲ"

ဒေးဗစ်က ပင်မလမ်းမကြီးအတိုင်း ဆက်မောင်းလာသည်။ မြို့ပန်းခြံ၏ အနောက်ဘက်၌ ဘဏ်အဆောက်အအုံကဲ့သို့ပင် မီးခိုးရောင် လိပ်သည်းကျောက်နှင့် ဆောက်ထားသော စာကြည့်တိုက် ရှိနေသည်။

စာကြည့်တိုက် အလွန်တွင် မူလတန်းကျောင်း ရှိနေသည်။ နှစ်ကီ ကြည့်နိုင်အောင် ဒေးဗစ်က လမ်းဘေး၌ ကပ်ပြီး ရပ်ပေးလိုက်သည်။ (၂၀) ရာစုနှစ် အစပိုင်းလောက်က အုတ်နှင့် ဆောက်ထားသော သုံးထပ်တိုက်ဖြစ်ပြီး မကြာသေးမီက တိုးချဲ့ထားသော အဆောင်သစ် တစ်ဆောင်နှင့် ဆက်ထားသည်။

"လှသားပဲ"

နှစ်ကီက မယုတ်မလွန် ဖြေသည်။ ဆက်မောင်းလာကြရာ စီးပွားရေးနယ်မြေကို လွန်မြောက်လာကြသည်။ မကြာမီ တက္ကသိုလ်နယ်မြေထဲသို့ ရောက်လာကြသည်။ တက္ကသိုလ်နယ်မြေထဲတွင် လှည့်ပတ်မောင်းနှင်ပြီးနောက် မြို့လယ်ကောင်ဆီသို့ ပြန်မောင်းလာကြသည်။

မြို့ထဲသို့ ရောက်သောအခါ ပန်းခြံနံဘေးတွင် ရပ်လိုက်ပြီးနောက် အောက်ဆင်း၍ လမ်းလျှောက်ကြပြန်သည်။ ၎င်းနောက် လမ်းဘေး၌ လှည်းကလေးနှင့် ရောင်းသော ဆိုင်တွင် နေ့လယ်စာ စားကြသည်။

သူတို့မိသားစု မော်တော်ကားဆီသို့ ပြန်အလာတွင် လမ်း၌ မျက်နှာချင်းဆိုင်အရပ်မှ ရွှေရောင်ရီထရိုက်ဗာ သဘောခွေးငယ်ကလေး တစ်ကောင်ကို ကြိုးနှင့် ဆွဲလာသော အမျိုးသမီးတစ်ယောက်နှင့် ဆုံတွေ့ကြရသည်။ နှစ်ကီက ရုတ်တရက် ပြောချလိုက်၏။

"ဟယ် ချစ်ဖို့ ကောင်းလိုက်တာ"

နှစ်ကီက ခွေးကလေးကို လက်နှင့် ပွတ်သပ်နိုင်ခွင့်ရအောင် ထို အမျိုးသမီးက ရပ်ပေးလိုက်သည်။

"သူ အသက် ဘယ်လောက် ရှိပြီလဲ"

"(၁၂) ပတ်"

ဒေးဗစ်က မေးလိုက်၏။

"ဘတ်တလက် ကွန်မြူနီတီ ဆေးရုံကို ဘယ်က သွားရပါသလဲ"

"မြို့လယ်ကောင်က ပန်းခြံကိုသွား၊ ညာဘက်က လမ်းက ဥပစာလမ်း၊


www.burmeseclassic.com

www.burmeseclassic.com



ပါဒီလမ်းအတိုင်း လိုက်သွားရင် ဆေးရုံအပေါက်ဝအထိ ရောက်သွားပါလိမ့်မယ်"

ယိုကမျိုးသမီးကို ကျေးဇူးတင်စကားဆိုပြီး သူတို့ ခရီးဆက်ကြသည်။ နှစ်ဟိကာ ပြောလိုက်၏။

"အဲဒီ ခွေးလေးက ချစ်ဖို့ ကောင်းလိုက်တာ၊ သမီးတို့ ဒီမှာ နေဖြစ်ရင် ခွေးကလေးတစ်ကောင် မွေးလို့ ရမလားဟင်"

အင်ဂျယ်လာက ပြောလိုက်သည်။

"သမီးအတွက် ခွေးကလေးတစ်ကောင် မွေးနိုင်ပါတယ်"

"ဒါဆိုရင် သမီး ဒီကို လာနေချင်တယ်၊ နေလို့ ရမလားဟင်"

ထိုအမေးကို အင်ဂျယ်က ဒေးဗစ် ဖြေမည်လားဆိုသော မျှော်လင့်ချက်နှင့် လှမ်းကြည့်လိုက်၏။ သို့ရာတွင် ဒေးဗစ်က မင်းပဲ ဖြေလိုက်ပါတော့ဆိုသည့် အမူရာမျိုး လုပ်ပြလိုက်သည်။ နောက်ဆုံးတွင် အင်ဂျယ်လာက-

"မာမီတို့ ဒီကို လာဖို့ မလာဖို့ဆိုတာ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ခုပဲ။ စဉ်းစားစရာတွေ အများကြီးရှိတယ်။ ဥပမာ သူတို့က မာမီရော၊ ဒက်ဒီ့ကိုပါ လိုချင်ကြမှ ဖြစ်မှာ"

သူတို့ မော်တော်ကားဆီသို့ ပြန်လာကြသည်။ ဘတ်တလက် ကွန်မြူနီတီ ဆေးရုံသည် ၎င်းတို့ မျှော်လင့်ထားသည်ထက် ပိုမို ကြီးမားနေသည်။ ဆေးရုံသည် မြို့၏ မြောက်ဘက်ရှိ တောင်ကုန်းကလေးတစ်ခု၏ အလယ်လောက်တွင်ရှိပြီး တောင်ဘက်သို့ မျက်နှာမူထားသည်။ ဆေးရုံမှနေ၍ တစ်မြို့လုံးကို စီးမိုးပြီး မြင်နေရသည်။ အင်ဂျယ်လာက ဒေးဗစ်၏ လက်မောင်းကို ပုတ်လိုက်၏။

"ကျွန်မတို့ အထဲကို ဝင်ကြမှ ဖြစ်မယ်။ နောက်ဆယ်မိနစ် ဆိုရင် ကျွန်မက လူတွေ့မေးခံရတော့မယ်"

ဒေးဗစ်က မော်တော်ကားကို ဆေးရုံ နောက်ဘက်သို့ မောင်းယူလာသည်။ ကားရပ်ရန် နေရာမှာ အပေါ်ဘက်နှင့် အောက်ဘက် ဟူ၍ နှစ်နေရာရှိပြီး ထိုနေရာ နှစ်ခုအကြားတွင် သစ်ပင်တန်း တစ်တန်း ရှိနေသည်။ ဒေးဗစ်က ဧည့်သည်များအတွက် သတ်မှတ်ထားသည့် နေရာတွင် ကားရပ်လိုက်၏။

လမ်းညွှန် ဆိုင်းဘုတ်ကလေးများကြောင့် အုပ်ချုပ်ရေးရုံးခန်းသို့ အလွယ်တကူ တွေ့ကြရသည်။ ဘတ်တလက်ဆေးရုံ၏ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ကောင့်ဒ်ဝဲက သူတို့ သုံးယောက်စလုံးကို သူ့ရုံးခန်းထဲသို့ စိတ်ပါလက်ပါ ဖိတ်ခေါ်သည်။ သူက မိသားစု တစ်စုလုံးကို အင်တာဗျူးလုပ်မည် ဆိုပါကလည်း အင်ဂျယ်လာက သဘော ခပ်ကျကျပင် ဖြစ်သည်။ ကောဒ့်ဝဲလ်က ပြောလိုက်၏။

"ကျုပ်က ခင်ဗျား လျှောက်လွှာကို ဖတ်ပြီး အတော် အထင်ကြီးနေ





တာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်က အမျိုးသမီး ရောဂါဗေဒပညာရှင်ကို မျှော်လင့်ထားတာ မဟုတ်ဘူး။ နောက်ပိုင်းကျတော့ ဒီဘာသာရပ်ကို အမျိုးသမီးတွေက ပိုပြီး နှစ်ခြိုက်လာတာကို ကျုပ် တွေ့ရတယ်"

"မှန်ပါတယ်ရှင်၊ အလုပ်ချိန်ကို ပိုပြီး ခန့်မှန်းလို့ ရနိုင်တဲ့အတွက် အိမ်ထောင်ရှင် အမျိုးသမီးတွေနဲ့ ပိုပြီး သင့်မြတ်ပါတယ်"

"ထောက်ခံစာတွေ အရတော့ ဘော့စတွန်မြို့တော် ဆေးရုံ၊ ရောဂါဗေဒဌာနမှာ အတော်ဆုံး သင်တန်းသူ တစ်ယောက်လို့ ဆိုထားတယ်။ ကိုလံဘီယာ ဆေးကျောင်းရဲ့ ထောက်ခံစာတွေကလည်း အထင်ကြီးစရာပဲ။ ဒါကြောင့် မင်းကို ဘတ်တလက် ကွန်မြူနီတီ ဆေးရုံက လက်ခံပါ့မယ်။ မင်းက ဘာများ မေးမြန်းချင်ပါသလဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"ဒေးဗစ်ကလည်း ဘတ်တလက်မှာရှိတဲ့ ကျန်းမာရေးဆိုင်ရာ အကြီးဆုံး အဖွဲ့အစည်း ကွန်ပရီဟင်းဆစ် မက်ဒီကယ်ဗားမောင့်မှာ အလုပ်လျှောက်ထားပါတယ်ရှင်။ ကျွန်မ လျှောက်လွှာထဲမှာလည်း ကျွန်မရဲ့ လက်ခံဆောင်ရွက်နိုင်မှုဟာ သူ့ကို ခန့်ထားတဲ့ကိစ္စနဲ့ ဆက်နွယ်နေကြောင်း ဖော်ပြထားပြီး ဖြစ်ပါတယ်"

"အဲဒီ အဖွဲ့အစည်းကို ကျုပ်တို့က စီအမ်ဗွီလို့ပဲ အတိုကောက် ခေါ်ပါတယ်။ ကျုပ်က စီအမ်ဗွီရဲ့ ဒေသဆိုင်ရာ မန်နေဂျာ ချားလ်စ်ကယ်လီနဲ့ ဒေးဗစ်ရဲ့ လျှောက်လွှာကိစ္စကို ပြောဆို မေးမြန်းထားပြီးပါပြီ။ သူတို့ ရုံးခန်းက ဒီအဆောက်အအုံထဲမှာပဲ ရှိပါတယ်။ ကျုပ် သိရသလောက်ကတော့ ဘာမှ ပြဿနာ မရှိဘူးလို့ ဆိုပါတယ်"

ဒေးဗစ်က ပြောလိုက်၏။

"ဒီ အင်တာဗျူးပြီးရင် ကျွန်တော် မစ္စတာကယ်လီနဲ့ သွားတွေ့ပါ့မယ်"

"သိပ်ကောင်းတယ်ဗျာ။ ကဲ . . . ဒေါက်တာ အင်ဂျယ်လာဝီလ်ဆင်၊ ခင်ဗျားကို ကျုပ်တို့ ဆေးရုံက တွဲဖက်ရောဂါဗေဒပညာရှင် ရာထူးကို ကမ်းလှမ်းပါတယ်။ ခင်ဗျားက အခြား အချိန်ပြည့် ရောဂါဗေဒပညာရှင် နှစ်ယောက်နဲ့ လက်တွဲပြီး ဆောင်ရွက်ရပါလိမ့်မယ်။ ပထမနှစ်အတွက် ရမယ့်လခကတော့ ဒေါ်လာ ရှစ်သောင်းနှစ်ထောင် ဖြစ်ပါတယ်"

ကော့ဒ်ဝဲလ်က အင်ဂျယ်လာ၏ စာတွဲ ပြန်ငုံ့ကြည့်နေစဉ် အင်ဂျယ်လာနှင့် ဒေးဗစ်တို့ အကြည့်ချင်းဆုံမိကြသည်။ တစ်နှစ်လျှင် ဒေါ်လာ ရှစ်သောင်းနှစ်ထောင် ဆိုသော ပမာဏမှာ အလွန်တရာ ကံကောင်းထောက်မမှုပင် ဖြစ်သည်။ ကော့ဒ်ဝဲလ်က ပြောလိုက်ပြန်၏။

"ခင်ဗျားရဲ့ စာထဲမှာ နောက်ထပ် မေးမြန်းထားချက်နဲ့ ပတ်သက်ပြီး ကျုပ် စုံစမ်းထားတာလေးတွေ ရှိပါတယ်။ အဲဒါကိုတော့ သိုက်နဲ့ ဆွေးနွေးကြရင် သင့်လျော်မလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဒါက နစ်ကီ့ရဲ့ စစ်စတစ် ဖိုင်ဘရိုးဆစ် (Cystic fibrosis) ရောဂါနဲ့ ပတ်သက်မယ် ထင်ပါတယ်။ ဒါဆိုရင် သီးသန့် ဆွေးနွေးစရာ မလိုပါဘူး။ သူ့ကိုယ်တိုင်က ဟက်တက်ကြွကြွ ပါဝင်ပြီး ကုသမှု ခံယူနေတာပါ"

"ကောင်းပြီလေ၊ ဒီဘတ်တလက်မှာလည်း နစ်ကီ့ရောဂါနဲ့ ဆင်တူတဲ့ လူနာတစ်ယောက် ရှိနေပါတယ်။ ကယ်ရိုလင်းဟာမ်းမ်စ်ဖို့ဒ်ဆိုတဲ့ ကိုးနှစ်သမီးကလေးပါ။ ကျုပ်က ခင်ဗျားတို့ကို ကယ်ရိုလင်းရဲ့ဒေါက်တာ ဘာထရန်ပီလ်စနာနဲ့ တွေ့ဆုံနိုင်အောင် စီစဉ်ထားပါတယ်။ သူက စီအမ်ဗွီရဲ့ ကလေးအရာဝန်ပါ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ နစ်ကီက စစ်စတစ် ဖိုင်ဘရိုးဆစ် (Cystic fibrosis) ဆိုတာ ဘာရောဂါလဲ ဆိုတာ ဒေါက်တာ ကော့ဒ်ဝဲလ် ရှင်းပြလိုက်ပါဦး"

နစ်ကီက လေးနက်တည်ကြည်သော လေသံနှင့် ရှင်းပြလိုက်၏။

"စစ်စတစ် ဖိုင်ဘရိုးဆစ် (Cystic fibrosis) ဆိုတာ မျိုးရိုးကြောင့် ဖြစ်ရတဲ့ ဝေဒနာပါ။ မိဘနှစ်ပါးလုံးဟာ အဲဒီ မျိုးရိုးဗီဇကို သယ်ဆောင်လာသူတွေ ဖြစ်ခဲ့ရင် သူတို့ရဲ့ ကလေးမှာ အဲဒီရောဂါ ဖြစ်ပွားဖို့ အခွင့်အလမ်း (၂၅) ရာခိုင်နှုန်း ရှိနေပါတယ်။ ကလေးငယ် နှစ်ထောင်အနက် တစ်ယောက်မှာ ဖြစ်တတ်လေ့ ရှိပါတယ်"

ရှစ်နှစ်သမီးလေးက ရောဂါအကြောင်း ရှင်းပြသည်ကို နားထောင်နေသော ဒေါက်တာ ကော့ဒ်ဝဲလ်က ခေါင်းညိတ်ပြီး ကြိုးစား၍ ပြုံးလိုက်သည်။

"အဓိက ပြဿနာကတော့ အသက်ရှူ ခက်ခဲတဲ့ ပြဿနာပါပဲ။ အဆုတ်မှာရှိတဲ့ ချွဲဟာ သာမန်လူတွေရဲ့ အဆုတ်မှာရှိတဲ့ ချွဲထက် ပိုပြီး ပျစ်ပါတယ်။ ပိုပြီး ပျစ်တဲ့ချွဲကို အဆုတ်က ရှင်းပစ်တဲ့နေရာမှာ အခက်အခဲ ရှိတဲ့အတွက် သွေးစုတာတို့၊ ကူးစက်နာတို့ ဖြစ်လာနိုင်ပါတယ်။ နာတာရှည် အဆုတ်ပြွန်ရောင်ရမ်းနာတို့၊ အဆုတ်ရောင်ရောဂါတို့ ဖြစ်လာမှာကိုလည်း စိုးရိမ်ရတယ်။ ရောဂါအနေအထားကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ တချို့က အခြေအနေ ဆိုးရွားပါတယ်။ သမီးလို လူမျိုးကတော့ အအေး မမိအောင်နေပြီး အသက်ရှူ ကုထုံးနဲ့ ကုသဖို့ လိုတာပါပဲ"

ကော့ဒ်ဝဲလ်က ပြောလိုက်၏။

"သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပြောပုံ ဆိုပုံကတော့ ဆရာဝန်ကြီး တစ်ယောက်လိုပဲ။ မင်း ကြီးပြင်းလာရင် ဆရာဝန် လုပ်သင့်တယ် ထင်တာပဲ"

နစ်ကီက ဖြေလိုက်သည်။

"ကျွန်မလည်း ဆရာဝန်လိုင်းလိုက်ဖို့ ရည်စူးထားပါတယ်။ ကျွန်မက အသက်ရှူခြင်းဆိုင်ရာ ဆေးပညာကို လေ့လာမှာရှင့်"

ကော့ဒ်ဝဲလ်က ထိုင်ရာမှထပြီး ပြောလိုက်သည်။

"ကဲ ဆရာဝန်မများနဲ့ ဆရာဝန်လောင်းတို့ ခင်ဗျား၊ ဒေါက်တာ ဝီလ်စနာနဲ့ သွားတွေ့ကြရအောင်"

သူတို့သည် ဗဟိုအဆောက်အအုံဟောင်းထဲ၌ရှိသော အုပ်ချုပ်ရေးဌာနမှ ပို၍ သစ်လွင်သော ဆေးကုသဆောင် အဆောက်အအုံသို့ သိပ်ကြာကြာ လမ်းမလျှောက်လိုက်ရပါ။

အလုပ် သိပ်ရှုပ်နေသော်လည်း ဒေါက်တာ ဝီလ်စနာက ဒေါက်တာဝီလ်ဆင် မိသားစုကို လက်ခံ တွေ့ဆုံပါသည်။

"ကျုပ်တို့ဆီမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပညာရှင်ကြီး တစ်ယောက် အသင့်ရှိနေပါတယ်။ ကျုပ်တို့ ဆေးရုံက ပစ္စည်းပစ္စယလည်း စုံလင်ပါတယ်၊ ပြီးတော့လည်း ကျုပ်က ဘော့စတွန် ကလေးဆေးရုံမှာ အသက်ရှူခြင်းဆိုင်ရာ ဆေးပညာအသင်း အဖွဲ့ဝင် ဖြစ်တဲ့အတိ လေ့လာဆည်းပူးခဲ့ပါတယ်။ ဒီတော့ ကျုပ်တို့က နစ်ကီ့ကို ကောင်းကောင်း ကုသပေးနိုင်ပါတယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ဟုး စိတ်ချမ်းသာလိုက်တာရှင်၊ နစ်ကီအတွက် အထူး ဂရုစိုက်ဖို့ လိုတယ်ဆိုတာ သိရတဲ့အချိန်ကစပြီး ကျွန်မတို့ ဆုံးဖြတ်တဲ့အခါတိုင်းမှာ အဲဒါကို အဓိကအချက်အဖြစ်ထားပြီး စဉ်းစားလေ့ ရှိပါတယ်"

ကော့ဒ်ဝဲလ်က ဝီလ်ဆင် မိသားစုကို စီအမ်ဗွီ၏ ဒေသဆိုင်ရာ ရုံးချုပ်သို့ လိုက်ပို့ပေးခဲ့ပြီး အပြန်တွင် သူ့ထံသို့ ဝင်ခဲ့ကြရန် မှာသွားသေးသည်။ ဒေသဆိုင်ရာ မန်နေဂျာ ချားလ်စ်ကယ်လီကလည်း ၎င်းတို့ကို ချက်ချင်း လက်ခံ တွေ့ဆုံသည်။

"ဒေးဗစ်ရေ ဘွင်းဘွင်းပဲ ပြောရရင် ခင်ဗျားကို ကျုပ်တို့ရဲ့ အဖွဲ့ဝင် တစ်ယောက်အဖြစ် လိုချင်တယ်။ စီအမ်ဗွီက ဒီဗားမောင့်ဒေသမှာ လုပ်ငန်းတွေကို လျင်မြန်စွာ တိုးချဲ့နေပါတယ်။ အခု ကျုပ်တို့က ကုတ်အကျီ၊ အကျီချိတ်ကုမ္ပဏီ၊ ကောလိပ်၊ ကွန်ပျူတာ ဆော့ဖ်ဝဲယား ကုမ္ပဏီတို့အပြင် ပြည်နယ်ဝန်ထမ်း အားလုံးနဲ့ မြူနီစပယ် ဝန်ထမ်းတွေနဲ့ပါ စာချုပ် ချုပ်ဆိုထားပါတယ်"

ဒေးဗစ်က ဟာသနှောလိုက်၏။

"လက်ဝါးကြီး အုပ်ထားသလိုပဲပေါ့နော်"

"အဲဒါက ကျုပ်တို့ရဲ့ ပြုစုကုသပေးမှု အရည်အသွေးနဲ့ စရိတ်ကသက်သာအောင် ပြုလုပ်ပေးတာတွေနဲ့ သက်ဆိုင်တယ်လို့ ဆိုရစေ"

ချားလ်ကယ်လီ၏ စကားကို ဒေးဗစ်က လက်ခံလိုက်သည်။

"ဟုတ်တာပေါ့ဗျာ"

"ခင်ဗျားရမယ့် လစာကတော့ ပထမနှစ်မှာ ဒေါ်လာ လေးသောင်း



www.burmeseclassic.com

www.burmeseclassic.com



ထပါလောင် ဖြစ်လိမ့်မယ်"

ဒေးဗစ်က ခေါင်းညိတ်လိုက်၏။ သူ့လခသည် ဇနီးဖြစ်သူ၏ လခ ထက် နည်းလိမ့်မည်ဆိုသော အချက်ကို ကြိုသိထားသော်လည်း ဇနီး၏ လစာက သူ့နှစ်ဆ ဖြစ်နေလိမ့်မည်ဟု သူ မထင်မိခဲ့ချေ။ ချားလ်ကယ်လီ က ဒေးဗစ် ထိုင်ရမည့် ရုံးခန်းကိုပါ လိုက်လံ ပြသခဲ့သည်။

"ခင်ဗျားက ဒီရုံးခန်းကို ဒေါက်တာ ရန်းဒေါပို့တလန်နဲ့ တွဲထိုင်ရ လိမ့်မယ်။ သူက အရိုးကုဆရာဝန်ပါ၊ လူကောင်းတစ်ယောက်ပါပဲ။ ညှိ ကြိုနဲ့ သူနာပြုဆရာမတွေကို ပူးတွဲပြီး အသုံးပြုကြတာဟာ အရင်းအမြစ် တွေကို အကျိုးရှိအောင် အသုံးပြုတာပဲလို့ ကျုပ်တို့က ယူဆပါတယ်။ သူက အခန်းအပြင်ထွက်လာပြီး နှုတ်ဆက်နိုင်အောင် အား၊ မအား မေး ကြည့်လိုက်ဦးမယ်"

"အားလုံးကို နှုတ်ဆက်တယ်ဗျို့"

အသက်ငယ်ပုံရသော်လည်း စိတ်ပင်ပန်းနေပုံရသော ပုဂ္ဂိုလ်တစ် ယောက်က ၎င်းတို့ကို လာရောက် နှုတ်ဆက်လိုက်သည်။ ဒေါက်တာ ရန်းဒေါပို့တလန်ပင်တည်း။ မိတ်ဆက်ပြီးကြသောအခါ ရန်းဒေါက-

"ကျုပ်ကို ရန်ဒီလို့ ခေါ်ပါဗျာ"

ဟု ပြောရှာသည်။ ရန်ဒီက ဒေးဗစ်ကို မေးလိုက်၏။

"ခင်ဗျား၊ ဘတ်စကတ်ဘော ကစားတတ်သလား"

"တစ်ခါတစ်ရံတော့ ကစားပါတယ်"

"ခင်ဗျား ဘတ်တလက်ကို လာစေချင်တယ်ဗျာ၊ အားကစားသမား တွေ ဒီမှာ လိုအပ်နေတယ်ဗျာ"

သူက နှုတ်ဆက်ပြီး သူ့အခန်းထဲသို့ ပြန်ဝင်သွားသည်။ ကယ်လီက ရှင်းပြလိုက်၏။

"သူက သိပ်အလုပ်များပါတယ်။ ကျုပ်တို့ဆီမှာ အရိုးကု ဆရာဝန် နှစ်ယောက်ပဲ ရှိတယ်။ တကယ်ကတော့ သုံးယောက် လိုအပ်တာဗျ"

ထို့နောက် ချားလ်ကယ်လီက မေးလိုက်သည်။

"ကဲ ခင်ဗျား သဘောထားက ဘယ်လိုလဲ"

"ကျုပ်တို့ကတော့ အရမ်းကို အထင်ကြီးပါတယ်ဗျာ"

ဒေးဗစ်က အင်ဂျယ်လာဘက်ကို လှမ်းကြည့်လိုက်၏။

"ကျွန်မတို့က ဒီကိစ္စကို အင်မတန် အလေးထားပြီး စဉ်းစားကြမှာပါ"

ချားလ်ကယ်လီထံမှ အပြန်တွင် ကော့ဒ်ဝဲလ်၏ ရုံးခန်းသို့ ပြန်ဝင်ကြ သည်။ ချားလ်စ်ကယ်လီက ဆေးရုံတစ်ခွင်ကို လိုက်လံ ပြသသည်။

ပထမဦးဆုံး အင်ဂျယ်လာ အလုပ်လုပ်ရမည့် နေရာကို ပြသည်။ ပစ္စည်းကိရိယာများမှာ အားလုံး နောက်ဆုံးပေါ်တွေချည်း ဖြစ်သည်။ ချားလ်စ်ကယ်လီက အင်ဂျယ်လာကို ရောဂါဗေဒဌာန၏ အကြီးအကဲ ဒေါက်တာ ဘင်ဂျပင်ဝက်ဒလီနှင့် တွေ့ဆုံပေးသည်။





ထို့နောက် အရေးပေါ်ခန်းမှတစ်ဆင့် ဓာတ်မှန်ဌာနသို့ ရောက်လာ သည်။ စက်ပစ္စည်း ကိရိယာများမှာ ဘော့စတွန်မြို့တော် ဆေးရုံမှ ပစ္စည်း များထက်ပင် ပိုကောင်းနေသည်။ ထို့နောက် ဓာတ်ရောင်ခြည်နှင့် ကုသော ဌာနသို့ လိုက်ပြသည်။ ထိုမှ ပင်မဆေးရုံကြီးသို့ ပြန်ရောက်လာကြပြီး မွေးစကလေးငယ်များကို ထားရှိသော အဆောင်သို့ လိုက်ပြသည်။ ဒေးဗစ် က ဝန်ခံလိုက်၏။

"ကျုပ်ကတော့ ဘာပြောရမယ်မှန်းတောင် မသိတော့ပါဘူးဗျာ"

အင်ဂျယ်လာကလည်း-

"ဒီဆေးရုံမှာ ပစ္စည်းတွေ စုံတယ်လို့ ကြားမိပါတယ်။ ဒါပေမယ့် ကျွန်မတို့ ထင်ထားတာထက် အများကြီး ပိုကောင်းနေတယ်"

ကော့ဒ်ဝဲလ်က ပြောလိုက်၏။

"ကျုပ်တို့က ဂုဏ်ယူပါတယ်ဗျာ။ ကျုပ်တို့က စီအမ်ဗွီရဲ့ စာချုပ်ကို ဖြည့်ဆည်းနိုင်အောင် ဒီဆေးရုံကို ထူးထူးခြားခြား အဆင့်မြှင့်ထားဖို့ လို အပ်ပါတယ်"

"ဒါပေမယ့် ဒီပစ္စည်းတွေနဲ့ အဆင့်မြှင့်တဲ့ ကိစ္စက သိပ်ပြီး ငွေကုန် ကြေးကျ များမှာပေါ့ဗျာ"

ဟု ဒေးဗစ်က ပြောလိုက်၏။ ကော့ဒ်ဝဲလ်ကလည်း သဘောတူသည်။

"ခုခေတ်မှာတော့ ဆေးရုံတစ်ရုံကို အုပ်ချုပ်ရတာ မလွယ်ပါဘူးဗျာ။ ကုန်ကျစရိတ်က တက်လာပြီး ဝင်ငွေက လျော့ကျလာတယ်။ ဒီလုပ်ငန်း ကို ဆက်လုပ်နိုင်အောင် သိပ်ကြိုးစားရတယ်ဗျာ။ ကဲ ဟောဒါကတော့ ဒီဆေးရုံနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေပဲ။ အဲဒါတွေက ခင်ဗျားတို့ကို ဒီမှာ လာပြီး အလုပ်လုပ်ချင်အောင် ကူညီနိုင်လိမ့်မယ်လို့ ထင်တာပဲ"

ယခုမှ သတိရဟန်နှင့် အင်ဂျယ်လာက မေးလိုက်၏။

"နေရေး ထိုင်ရေးကရော ဘယ်လိုပါလဲရှင်"

"ဒီလို မေးတဲ့အတွက် ဝမ်းသာပါတယ်။ ခင်ဗျားတို့ကို ဂရင်းဟော် တိန် နေရှင်နယ်ဘဏ် ဥက္ကဋ္ဌ ဘာတန်ရှားဝုဒ်နဲ့ သွားတွေ့ပါလို့ ပြောတော့ မလို့ပဲ။ သူက ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ရဲ့ ဒုတိယ ချယ်ယာမင်ပါ။ ဒီမြို့ က ဒီဆေးရုံကို ဘယ်လောက်အထိ ပံ့ပိုးပေးတယ်ဆိုတာ သူက ရှင်းပြပါ လိမ့်မယ်"

ဘဏ်သို့ ရောက်သောအခါ ဘာတန်ရှားဝုဒ်က သူတို့ကို ချက်ချင်း လက်ခံ တွေ့ဆုံသည်။

"ခင်ဗျားတို့ရဲ့ အလုပ်လျှောက်လွှာတွေကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမှာ လိုလိုလားလား ဆွေးနွေးခဲ့ကြပါတယ်။ ခင်ဗျားတို့ ဘတ်တလက်ကို လာကြလိမ့်မယ်လို့ ကျုပ်တို့ မျှော်လင့်ပါတယ်။ ခင်ဗျား တို့ ဒီကို လာချင်အောင် အားပေးတဲ့အနေနဲ့ ခင်ဗျားတို့ ဝယ်နိုင်အောင် ပထမအကြိမ် ချေးငွေနဲ့ ဒုတိယအကြိမ် ချေးငွေတွေကို ဘဏ်က တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com


တည်း ဂုတ်ချေးပေးဖို့ အခွင့်သင့်ပါပဲလို့ ပြောချင်ပါတယ်"

ဒေးဗစ်နှင့် အင်ဂျယ်လာတို့ နှစ်ယောက်စလုံး ကြက်သေသေသွားကြသည်။ သူတို့ထံတွင် ကိုယ်ပိုင်ငွေ အလွန်နည်းနေသည့်အပြင် အကြွေးလည်း ဒေါ်လာ တစ်သိန်းခွဲကျော်နေသဖြင့် အိမ်ဝယ်ရန် မစဉ်းစားနိုင်ခဲ့ပါ။

ရှားဝုဒ်က အသေးစိတ် အချက်အခက်များကို ဆက်ရှင်းပြနေသော်လည်း သူတို့ နှစ်ဦးစလုံး မကြားကြတော့ပါ။ ကားထဲ ပြန်ရောက်မှပင် စကားပြောဖြစ်ကြတော့သည်။ ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်ကတော့ မယုံနိုင်တော့ဘူးကွာ"

"ယုံရမှာ သိပ်ကောင်းလွန်းနေတယ်"

"ဒါဆိုရင် သမီးတို့ ဘတ်တလက်ကို ပြောင်းလာကြတော့မှာလား"

နစ်ကီ၏ အမေးကို အင်ဂျယ်လာက ဖြေလိုက်သည်။

"ကြည့်ကြသေးတာပေါ့ သမီးရယ်"

အိမ်အပြန်တွင် အင်ဂျယ်လာက ကားမောင်းပေးသဖြင့် ဒေးဗစ်က ကော့ဒ်ဝဲလ်က ပေးလိုက်သော စာအိတ်ကို ဖောက်ဖတ်လိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ဟောဒါက စိတ်ဝင်စားဖို့ ကောင်းတယ်၊ ဟောဒီမှာ ဒီဒေသက ထုတ်ဝေတဲ့ သတင်းစာ ဖြတ်ပိုင်းကလေးလည်း ပါလာတယ်။ အဲဒါက တော့ ဘတ်တလက် ကွန်မြူနိတီ ဆေးရုံနဲ့ စီအမ်ဗွီတို့ စာချုပ်ချုပ်တဲ့ သတင်းပဲ"

ဟာရီးထရေနာ ခေါင်းဆောင်တဲ့ ဆေးရုံ ဘုတ်အဖွဲ့က ငွေကြေးပမာဏကို ဖော်ပြမထားတဲ့ လစဉ်ကြေး ထည့်ဝင်သူများကို ဆေးရုံတင်ပြီး ကုသပေးရမည်ဆိုတဲ့ စီအမ်ဗွီရဲ့ တောင်းဆိုချက်ကို လက်ခံလိုက်ချိန်မှာ နှစ်ဦးနှစ်ဖက် စာချုပ် ချုပ်ဆိုဖြစ်ခဲ့ကြကြောင်း၊ အဲဒီ နည်းစနစ်ဟာ ကုန်ကျစရိတ်ကို ထိန်းချုပ်တဲ့နည်းဖြစ်ပြီး ကျန်းမာရေး ထိန်းသိမ်းမှု အဖွဲ့အစည်းများက နှစ်ခြိုက်ကြသလို အစိုးရကလည်း အားပေးတဲ့စနစ် ဖြစ်တယ်လို့ ဖော်ပြထားတယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ဒါဆိုရင် ဆေးရုံတွေနဲ့ ဆရာဝန်တွေဘက်က အလျှော့ပေးရတဲ့ နမူနာကောင်း တစ်ခုပဲ"

"မင်းပြောတာ မှန်တယ်။ အဲဒီ လစဉ်ကြေးကို လက်ခံတဲ့ ဆေးရုံဟာ အာမခံ အဖွဲ့အစည်းတစ်ခုနဲ့ တူသွားပြန်တယ်။ ဆေးရုံက စီအမ်ဗွီအဖွဲ့ဝင်တွေရဲ့ ကျန်းမာရေး ကိစ္စရပ်တွေကို လောင်းကြေးထပ်ရတဲ့ သဘောပဲ"

နစ်ကီ မေးလိုက်၏။

"လစဉ်ကြေး ထည့်ဝင်တယ် ဆိုတာက ဘာလဲ"

"အဲဒါကတော့ အဖွဲ့အစည်းတစ်ခုက အဖွဲ့ဝင်တစ်ဦးစီအတွက်





လစဉ် ထည့်ဝင်ငွေကို ဆိုလိုတာပဲ။ ဥပမာ စီအမ်ဗွီက ဘတ်တလက် ကွန်မြူနိတီ ဆေးရုံကို လူတစ်ယောက်အတွက် ဒေါ်လာ တစ်ထောင်နှုန်းနဲ့ လစဉ် ထည့်ဝင်ထားတယ် ဆိုပါစို့။ အဲဒီလမှာ ဘာကိစ္စနဲ့ပဲ ဖြစ်ဖြစ် တစ်ယောက်ယောက်ကို ဆေးရုံတင်ရမယ်ဆိုရင် စီအမ်ဗွီက နောက်ထပ် ပေးစရာ မလိုတော့ဘူး။ ဒါပေမယ့် အဲဒီလမှာ တစ်ယောက်မှ မကျန်းမမာ မဖြစ်ကြဘူး ဆိုရင်တော့ ထည့်ဝင်ငွေ အားလုံးကို ဆေးရုံက လွယ်လွယ်ကလေးနဲ့ ရလိုက်တာပေါ့။ ဒါပေမယ့် လူတိုင်း နေထိုင်မကောင်း ဖြစ်ကုန်ကြမယ်ဆိုရင် ဆေးရုံက ဘာဖြစ်သွားမယ် ထင်သလဲ"

"ဆေးရုံ မွဲသွားမှာပေါ့ ဒက်ဒီရာ"

ဒေးဗစ်က ကျေနပ်စွာ ပြုံးလိုက်ပြီး-

"ဒါမှ ဒက်ဒီ့သမီးကွ"

ဟု ပြောလိုက်သည်။

နောက် နှစ်နာရီခန့် ကြာသောအခါ ၎င်းတို့သည် ၎င်းတို့၏ အိမ်ခန်းနှင့် နီးနီးနားနားတွင် မော်တော်ကားရပ်ရန် နေရာကို ကံကောင်းထောက်မစွာ တွေ့ရသောကြောင့် ရပ်ထားခဲ့ပြီး ခြေကျင်လျှောက်၍ လာခဲ့ကြသည်။ အိမ်ခန်းသို့ ရောက်သောအခါ-

"ဟောတော့"

ဟု အင်ဂျယ်လာက အော်လိုက်၏။ အိမ်ရှေ့တံခါးကို ကုလားအော်နှင့် ကန့်လန့်ထားသည်။ တံခါးကို တွန်းကြည့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားတော့သည်။ သော့ခလောက် သုံးလုံးစလုံး ကျိုးပဲ့နေကြသည်။

ဒေးဗစ်က အခန်းထဲသို့ဝင်ပြီး မီးဖွင့်လိုက်၏။ ပစ္စည်းအားလုံး ပြောင်းဆန်နေသည်။ နစ်ကီ၏ ပစ္စည်းများမှလွဲ၍ တီဗီနှင့် အင်ဂျယ်လာ၏ လက်ဝတ်ရတနာများကို သူခိုးများက ခိုးယူသွားကြသည်။

ဒေးဗစ်က (၉၁၁) ကို တယ်လီဖုန်းဆက်၍ တိုင်လိုက်သည်။ အင်ဂျယ်လာသည် သူ့ကိုယ်သူ တည်ငြိမ်အောင် မနည်းကြိုးစား၍ ထိန်းနေရှာသည်။ အင်ဂျယ်လာက မျက်ရည်စများကို အင်္ကျီလက်နှင့် သုတ်လိုက်၏။

"ကျွန်မတို့အိမ်ကို ဝင်အခိုးခံရတော့ ဘတ်တလက်ကို ပြောင်းရွှေ့ဖို့ကိစ္စက ပိုပြီး လိုလားစရာ ဖြစ်လာတယ်။ ဒီအချိန်မှာတော့ ကျွန်မက မြို့ပေါ်က ဒုက္ခတွေကို ရှောင်ထွက်ပြေးချင်ပြီ"

❖ ❖ ❖

ဒေါက်တာ ရန်းဒေါပို့တလန်က ဇနီးဖြစ်သူ အာလင်းကို ညစာစားသော စားပွဲမှ ပြန်အထတွင် ပြောလိုက်၏။

"ကိုယ်က သူ့ကို ပုဂ္ဂိုလ်ရေးအရ ပြောစရာ မရှိပါဘူး။ ဒါပေမယ့် ကိုယ့်ရုံးခန်းကို ကိုယ်တွင်းရောဂါကု ဆရာဝန်တစ်ယောက်နဲ့ ခွဲမသုံးချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



အာလင်းက သားနှစ်ယောက်ဖြစ်သော မတ်နှင့် အယ်လင်တို့ကို ဆေးရုံပေါ်မှ ဝန်ထမ်းများအား ကူညီပြီး ရှင်းပေးကြရန် လက်ဟန် ခြေဟန်နှင့် ဗိုင်းလိုက်သည်။

"ဘာဖြစ်လို့လဲရှင့်"

"ကိုယ်က ခွဲစိတ်ကုသပေးထားပြီး နာလန်ထစ ပြုလာတဲ့ လူနာတွေကို အခြား ရောဂါသည်တွေနဲ့ ညှော်ခန်းထဲမှာ တွဲမထိုင်စေချင်ဘူး။ ကိုယ်က ကိုယ့်လူနာတွေ နံဘေးမှာ ရောဂါကူးစက်နိုင်တဲ့ လူနာတွေ မရှိစေချင်ဘူး။ ကိုယ့်ကို အယူသီးတယ်ပဲ ပြောပြော ဂရုမစိုက်ပါဘူး။ ဒါပေမယ့် ကိုယ့်လူနာတွေမှာ ရောဂါဆင့်ပွားမှုတွေ ဖြစ်ဖြစ်နေလို့ ကိုယ် စိတ်ဓာတ်ကျနေတယ်"

အသက် (၇)နှစ်နှင့် (၆)နှစ်သာ ရှိကြသေးသော မတ်နှင့် အယ်လင်တို့က တီဗီကြည့်ခွင့် တောင်းသဖြင့် အာလင်းက နာရီဝက်ကြည့်ရန် ခွင့်ပြုလိုက်သည်။ ညှော်ခန်းထဲသို့ အရောက်တွင် အာလင်းက ပြောလိုက်၏။

"ရှင်ပြောတဲ့ လေသံကို ကျွန်မ သဘောမကျလှဘူး။ ဘာလဲ ရှင်က ဆမ်ဖလင်းမင်းနဲ့ ပတ်သက်ပြီး စိတ်ဓာတ်ကျနေတုန်းပဲလား"

သူက စိတ်ခပ်တိုတိုနှင့် ပြန်ပြောလိုက်၏။

"ကိုယ်က ဆမ်ဖလင်းမင်းနဲ့ ပတ်သက်ပြီး စိတ်ဓာတ်ကျတာပေါ့ကွ။ ဆေးရုံမှာ သင်တန်းဆင်းနေတုန်းက ကိုယ့်လူနာ တစ်ယောက်မှ မသေခဲ့ဘူး။ အခုဆိုရင် သေတာ သုံးယောက်တောင် ရှိနေပြီ"

"ရှင်မတတ်နိုင်တဲ့ ကိစ္စတွေလည်း ရှိဦးမှာပေါ့ရှင်"

ရန်းဒေါက ပြောလိုက်၏။

"ကိုယ့်လူနာတွေက တစ်ယောက်မှ မသေသင့်ပါဘူးကွာ။ ကိုယ်က အရိုးကု ဆရာဝန်ပဲ ဥစ္စာ"

"ရှင့် စိတ်ဓာတ်ကျတဲ့ရောဂါ ပြန်ကောင်းသွားပြီလို့ ကျွန်မ ထင်နေတာ"

"ကိုယ် အိပ်မပျော်ပြန်ဘူးကွာ"

"ဒါဆိုရင် ရှင် ဒေါက်တာ ဖလက်ချာနဲ့ ထပ်တိုင်ပင်သင့်တယ်"

ဒေါက်တာ ရန်းဒေါ်ပို့တလန်က ပြန်မပြောနိုင်ခင် တယ်လီဖုန်း မြည်လာသောကြောင့် အာလင်း အထိတ်တလန့် ဖြစ်သွားသည်။ အာလင်းက တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ ဆေးရုံမှ သူနာပြုဆရာမ တစ်ဦးက ဒေါက်တာ ပို့တလန်နှင့် စကားပြောလိုခြင်း ဖြစ်သည်။ အာလင်းက ဖုန်းခွက်ကို လှမ်းပေးလိုက်၏။

ဒေါက်တာ ပို့တလန်က ချက်ချင်း နားထောင်လိုက်ပြီး သူ့မျက်နှာသည် ရုတ်တရက် ဖြူဖွေးသွားတော့သည်။ သူက အာလင်းကို မော့ကြည့်ရင်း တယ်လီဖုန်းကို ပြန်တင်လိုက်၏။

"ကိုယ် မနက်က ဒူးခေါင်းကို ခွဲစိတ်ကုသပေးခဲ့တဲ့ ဝီလီယံရှာပီရို





ကိစ္စပဲ။ သူ့ အခြေအနေ မကောင်းဘူး၊ ကိုယ်တော့ ယုံကို မယုံနိုင်တော့ဘူး။ သူက အဖျားဝင်ပြီး အာရုံတွေ မှားနေတယ်တဲ့၊ အဆုတ်ရောင်တာ ဖြစ်နိုင်ပုံပဲ"

"ကျွန်မ စိတ်မကောင်းပါဘူး"

အာလင်းက သူ့ခင်ပွန်းကို လက်နှစ်ဖက်နှင့် သိုင်း၍ ပွေ့ဖက်ထားလိုက်၏။

ဒေါက်တာ ပို့တလန်က ချက်ချင်း တုံ့ပြန်မှု မရှိပါ။ သို့ရာတွင် သူ လှုပ်ရှားလာချိန်၌မူ အာလင်း၏ လက်များကို ဆွဲဖြေပစ်လိုက်ပြီး စကားမပြောဘဲ နောက်ဘက် တံခါးပေါက်မှ အပြင်သို့ ထွက်ခွာသွားတော့သည်။ သူ့မော်တော်ကား လမ်းမပေါ် ရောက်သွားသည်အထိ အာလင်းက မီးဖိုချောင် ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။ အာလင်းက ဦးခေါင်းကို ခါယမ်းလိုက်၏။

သူ့ခင်ပွန်းအတွက် စိတ်ပူမိသော်လည်း ဘာလုပ်ရမည်ကို သူ မသိပါချေ။

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## (၃)

မေလ ၃ ရက်၊ တနင်္လာနေ့

ဟာရီးထရေနာသည် ဘတ်တလက် ကွန်မြူနီတီဆေးရုံ စာကြည့်တိုက် စားပွဲထိပ်တွင် မတ်တတ်ရပ်လျက် ရှိနေသည်။ သူ့ရှေ့တွင် ဆေးရုံစည်းဝေးခန်းမအတွက် သူ့စိတ်ကြိုက် ပြုလုပ်ထားသော စကားပြောစင် ရှိနေသည်။ ထရေနာ လက်ပတ်နာရီကို ကြည့်လိုက်၏။ ညနေ (၆) နာရီ တိတိ ရှိလေပြီ။ သူက တင်းပုတ်ငယ်ကလေးကို ကောက်ယူ၍ ထုလိုက်၏။

"ယခုအချိန်က စတင်ပြီး ဘတ်တလက် ကွန်မြူနီတီ ဆေးရုံ အုပ်ချုပ်မှု ကော်မတီ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်"

အရပ် (၅) ပေ၊ (၇) လက်မသာ ရှိသော ဟာရီးထရေနာသည် အကောင်းဆုံး ကွမ်းရိုးစင်းဝတ်စုံနှင့် သပ်သပ်ရပ်ရပ် ရှိနေသည်။ ထရေနာသည် ဘုတ်အဖွဲ့ အစည်းအဝေးများအတွက် ဆွေးနွေးရမည့် ကိစ္စရပ်များကို သာမက အပြင်ပန်းအားဖြင့်လည်း ပြယုဂ်ကောင်းအောင် အချိန်ယူ၍ ကြိုတင် ပြင်ဆင်လေ့ရှိသူ ဖြစ်သည်။

ယနေ့တွင် သူသည် မွန်ပီလီယာမြို့သို့ သွားရောက်ခဲ့ပြီး အပြန်တွင် အချိန်မရတော့သောကြောင့် ရုံးခန်းသို့ မဝင်ဘဲ အိမ်သို့ တန်းပြန်လာပြီး ရေချိုးခဲ့သည်။ ဟာရီးထရေနာသည် ဘတ်တလက်မြို့တွင် အိမ်ရာမြေ စီမံကိန်းနှင့် အခွန်ကိစ္စရပ်များကို အထူးတလည် လက်ခံဆောင်ရွက်ပေးသော ရှေ့နေကြီး ဖြစ်သည်။ သူသည် စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်သလို မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်း အတော်များများတွင် ပါဝင် ပတ်သက်နေသည်။

သူ့ရှေ့တွင် ထိုင်နေသူများမှာ ဒုတိယ ချယ်ယာမင် ဘာတန်ရှားဝုဒ်၊ ဆေးရုံဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဟယ်လင်ဘီတန်၊ ဒုတိယဥက္ကဋ္ဌနှင့် ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ် ကော့ဒ်ဝဲလ်၊ ဘဏ္ဍာရေးမှူး ရစ်ချတ်အန်းစ်ဝပ်သ်၊ အတွင်းရေးမှူး ကလိုက်ရိုဘီဆန်၊ လက်ရှိဝန်ထမ်း အကြီးအကဲ ဒေါက်တာ ဒဲလ်ဘတ်ကန်တာတို့ ဖြစ်ကြသည်။





သူက ကလိုက်ရိုဘီဆန်အား ယခင် အစည်းအဝေး မှတ်တမ်းကို ဖတ်ပြဖိုင်းလိုက်သည်။

ယခင် အစည်းအဝေး မှတ်တမ်းကို အတည်ပြုပြီးသောအခါ ထရေနာက မိန့်ခွန်းပြောရန် ချောင်းဟန့်လိုက်၏။ သူက အုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ စိတ်ဝင်တစား နားထောင်နေခြင်း ရှိမရှိ တစ်ယောက်ချင်းကို လိုက်ကြည့်လိုက်သည်။ လက်သည်းများထဲမှ ကြေးညှော်များကို ကလော်ထုတ်နေသော ဒေါက်တာ ကန်တာကလွဲ၍ အားလုံးက အာရုံစိုက်နေကြကြောင်း သူ တွေ့ရသည်။

"ကျုပ်တို့ဟာ ဘတ်တလက် ကွန်မြူနီတီ ဆေးရုံမှာ ထူးခြားတဲ့ ပြောင်းလဲမှုတွေနဲ့ ရင်ဆိုင်နေကြရတယ်။ ကျုပ်တို့ ဆေးရုံဟာ ဆေးရုံငယ်ကလေးတွေလောက် ငွေကြေးကိစ္စ အချို့မှာ ဒုက္ခမရောက်ပေမယ့် ကျန်ကိစ္စတွေနဲ့တော့ ရင်ဆိုင်နေရဆဲပဲ။

ဒါပေမယ့် အဆိုးထဲက အကောင်းလေးတွေလည်း ရှိပါတယ်။ ကျုပ်တို့ရဲ့ အမှုသည်တစ်ယောက်ဖြစ်တဲ့ ဝီလီယံရှာပီရိုဟာ ဒူးခေါင်းကို ခွဲစိတ်ကုသမှု ခံယူရင်း အဆုတ်ရောင်ရောဂါနဲ့ ကွယ်လွန်ခဲ့ရရှာတယ်။ သူ ငယ်ငယ်ရွယ်ရွယ်မှာ ကွယ်လွန်သွားတဲ့အတွက် ကျုပ်တို့ ဝမ်းနည်းရပါတယ်။ ဒါပေမယ့် သူက ဤဆေးရုံတစ်ခုတည်းကို အကျိုးခံစားခွင့်ပေးထားတဲ့ ဒေါ်လာ သုံးသန်းတန် အသက်အာမခံ ပေါ်လစီတစ်ခုကို ထားရစ်ခဲ့ကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ကြေညာအပ်ပါတယ်"

ကျေနပ်သော အသံများ တိုးတိုးတိုးတိုးနှင့် ပေါ်ထွက်လာသည်။ ထရေနာက တိတ်တိတ်နေကြရန် လက်မြှောက်၍ အချက်ပြလိုက်၏။

"အခုလို စေတနာထားမှုဟာ ကျုပ်တို့အတွက် ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို ဖြစ်ခဲ့ရပါတယ်။ အရှုံးပြနေတဲ့ ကျုပ်တို့ရဲ့ စာရင်းတွေကို အကြာကြီး မဟုတ်ရင်တောင်မှ ခေတ္တခဏတော့ ထိန်းပေးထားနိုင်ပါလိမ့်မယ်။ လိုသုံးမြှုပ်ငွေအတွက် ငွေစု စာချုပ်တွေ တီထွင်ပြီး အကြီးအကျယ် ထုတ်ရောင်းတဲ့ ကိစ္စဟာ ထင်သလောက် ဝင်ငွေ မရဘူး ဖြစ်နေတယ်။ အဲဒီရန်ပုံငွေထဲကို အခုရတဲ့ ဒေါ်လာသုံးသန်းထဲက တော်တော်ခပ်များများကို ထည့်ပေးရပါလိမ့်မယ်။ အခု မစ္စတာ ရှာပီရိုရဲ့ သေတမ်းစာကြောင့် လိုသုံးမြှုပ်ငွေ ဒုက္ခဖြစ်မှုဟာ နာလန်မထူလောက်တဲ့အထိ ဖြစ်မသွားနိုင်တော့ပါဘူး။ ဒါပေမယ့် အခုလို လိုငွေပြမှုကို ပြင်ပစာရင်းစစ်တွေ အသိမခံနိုင်ဘူး။ ငွေစုစာချုပ်တွေ စျေးကျတာကို မခံနိုင်ဘူး။ အဲဒါနဲ့ ဆက်စပ်ပြီးတော့ မော်တော်ကား ရပ်နားတဲ့ အဆောက်[illegible]ဆောက်ဖို့အတွက် ငွေစုစာချုပ်အသစ်တွေ ထုတ်ရောင်းဖို့ ကိစ္စ လိုသုံးမြှုပ်ငွေကိစ္စ ပြေလည်သည်အထိ ရွှေ့ဆိုင်းထားရပါလိမ့်မယ်"

ထရေနာက ဆက်ပြောလိုက်ပြန်၏။

"လောလောဆယ်မှာတော့ ကျုပ်တို့ရဲ့ သူနာပြုဆရာမတွေ အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပျံ့နှံ့နေတဲ့ကိစ္စကို ယာယီ ကြိုတင်ကာကွယ်တဲ့အနေနဲ့ မော်တော်ကား ပျံ့တဲ့နေရာမှာ ပိုးတွန်းပေးဖို့ အမှုဆောင် အရာရှိချုပ် ဟယ်လင်ဘီတန် ကို ညွှန်ကြားထားပါတယ်"

ထရေနာက အခန်းပတ်ပတ်လည်ကို လှျောက်ကြည့်လိုက်၏။ ထို ကိစ္စမှာ တစ်ဦးက အဆိုတင်ပြီး တစ်ဦးက ထောက်ခံ၍ ဆုံးဖြတ်ချက် ချရမည့်ကိစ္စ ဖြစ်သော်လည်း မည်သူကမျှ သတိမထားမိကြပါ။ ထရေနာ က ဆက်ပြောလိုက်သည်။

"နောက်ဆုံး အချက်ကတော့ ဒေါက်တာ ဒင်းနစ်ဟော့ချ် ကိစ္စပါပဲ။ သူ လွန်ခဲ့တဲ့ မတ်လက ပျောက်ဆုံးသွားပါတယ်။ လွန်ခဲ့တဲ့ အပတ်က လည်း ပုလိပ်အကြီးအကဲ ဝိန်းရောဘတ်ဆန်နဲ့ ကျုပ် ဆွေးနွေးခဲ့ပါသေး တယ်။ သူ ဘယ်မှာ ရှိနေတယ်ဆိုတဲ့ သဲလွန်စတွေကို မရသေးပါဘူး။ ဒေါက်တာဟော့ချ်ဟာ မသမာသူတွေနဲ့ တွေ့ခဲ့တယ်ဆိုတဲ့ အထောက် အထားကိုလည်း မတွေ့ရပါဘူး။ ဝိန်းရောဘတ်ဆန်ကတော့ သူ ပျောက် ဆုံးနေတာ ကြာလေလေ၊ အသက်ရှင်လျက်သား ရှိဖို့ဆိုတာ မဖြစ်နိုင်လေ လေပဲလို့ ယူဆပါတယ်တဲ့"

ဒေါက်တာကန်တာက ပြောလိုက်၏။

"ကျုပ်အထင်ကတော့ ဒီငတိကြီး ဖလော်ရီဒါလို နေရာမျိုးမှာ ရှိနေ ပြီး ကျုပ်တို့ကို ရယ်နေလိမ့်မယ်လို့ ထင်တယ်"

ထရေနာက တင်းပုတ်ကလေးနှင့် ထုလိုက်ပြန်၏။

"စည်းကမ်း ရှိကြစမ်းပါဗျာ။ ကျုပ်တို့က ဒေါက်တာ ဟော့ချ်အပေါ် မှာ ဘယ်လိုပဲ ပုဂ္ဂိုလ်ရေး ခံစားမှုတွေ ရှိနေပါစေ၊ သူဟာ ဒီဆေးရုံ သမိုင်းမှာတော့ အရေးကြီးတဲ့ ကဏ္ဍက ပါဝင်ခဲ့ပါတယ်။ သူကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီဆေးရုံဟာ တောလက်ဒေသက ဆေးရုံငယ်ကလေး တစ်ခုပဲ ဖြစ်နေဦးမှာပါပဲ"

"ကျုပ်က အုပ်ချုပ်မှုအဖွဲ့ကို အသိပေးလိုတာကတော့ ဒေါက်တာ ဟော့ချ်နဲ့ ကွဲနေတဲ့ ဇနီးက ဘော့စတွန်ကို ပြောင်းရွှေ့နေထိုင်ပြီး ဖြစ်ခဲ့တဲ့ အတွက် သူက ဘတ်တလက်မှာရှိတဲ့ နေအိမ်ကို ရောင်းပစ်ဖို့ ဆုံးဖြတ် ထားတယ်ဆိုတဲ့ ကိစ္စပါပဲ။ ဒီလို တင်ပြထားရတာကလည်း မကြာတော့ မယ့် အနာဂတ်ကာလမှာ ဘုတ်အဖွဲ့က ဒေါက်တာဟော့ချ်နဲ့ ထိုက်တန် တဲ့ အထိမ်းအမှတ် ကျောက်တိုင်တစ်ခုခု စိုက်ထူချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာ နိုင်လို့ပါပဲ"

ထရေနာအပြီးတွင် ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်ဖြစ်သူ ဟယ် လယ်ဘီတန်က ဆက်လက် တင်ပြသည်။

ဟယ်လင်ဘီတန်က သူသည် လူမှုရေး အဖွဲ့အစည်းများနှင့် စကား ပြောဆိုခွင့် ရသည့်အခါတိုင်း ဆေးရုံတွင် ငွေကြေး ကျပ်တည်းမှု ရှိနေပုံ၊ အကယ်၍ ဆေးရုံကို ပိတ်ပစ်လိုက်ရမည် ဆိုပါက ဤဒေသရှိ လုပ်ငန်း





များနှင့် ကုန်သည်အားလုံး နစ်နာကြလိမ့်မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည် ဟု ဦးစွာ တင်ပြသည်။

"ဧပြီလမှာ ဆေးရုံတက်တဲ့ လူဦးရေဟာ ခန့်မှန်းထားတာထက် (၁၂) ရာခိုင်နှုန်း ပိုများလာတာကို တွေ့ရပါတယ်။ ဆေးရုံကို နေ့စဉ်လာတဲ့ လူနာဦးရေကလည်း မတ်လထက် (၈) ရာခိုင်နှုန်း ပိုများလာပြီး ဆေးရုံမှာ လူနာတွေကို ကြာမြင့်စွာ ထားရတဲ့ ကာလက (၆) ရာခိုင်နှုန်း မြင့်တက် လာပါတယ်။ ဒီကိစ္စရပ်တွေက အလေးအနက်ထားရမယ့် လမ်းကြောင်း ပေါ် ဦးတည်နေကြောင်း ညွှန်ပြနေပါတယ်။ အဲဒါကို ဘဏ္ဍာရေးမှူး ရစ် ချတ်အန်းစ်ဝပ်သ်က အစီရင်ခံပါလိမ့်မယ်။

နောက်ဆုံး အစီရင်ခံချင်တဲ့ အချက်ကတော့ အရေးပေါ်ခန်းကို အသုံးပြုမှု လျော့နည်းကျဆင်းလာခြင်းပဲ ဖြစ်ပါတယ်။ အရေးပေါ်ခန်းဟာ စီအမ်ဗွီက လစဉ်ကြေးပေးတဲ့ သဘောတူညီချက်ထဲမှာ မပါဝင်ကြောင်း လူကြီးမင်းတွေ သိကြပြီး ဖြစ်ပါတယ်။ ပိုဆိုးတာကတော့ အရေးပေါ်ခန်းနဲ့ ပတ်သက်ပြီး ကျွန်မတို့ရဲ့ ငွေတောင်းခံလွှာတွေကို မပေးဘူးလို့ စီအမ်ဗွီ က ငြင်းဆိုပါတယ်။

အဲဒါကြောင့် ကျွန်မတို့က လူနာတွေဆီကို ငွေတောင်းခံလွှာ ပို့ပြန် တော့လည်း လူနာတွေက စီအမ်ဗွီကိုပဲ တောင်းပါ၊ မပေးနိုင်ဘူးလို့ ငြင်း ကြပြန်တယ်။

တခြား အသုံးပြုမှု လျော့နည်းလာတဲ့ နေရာနှစ်ခုကတော့ မွေးစ ကလေး အသည်းအသန် ပြုစုစောင့်ရှောက်ခန်းနဲ့ ဓာတ်ရောင်ခြည်နှင့် ကုသရာမှာသုံးတဲ့ အလျားလိုက် အရှိန်တိုးစက် (Linear Accelerator) အခန်းတို့ပါပဲ။ ဧပြီလတုန်းက ကျွန်မ စီအမ်ဗွီနဲ့ ဆွေးနွေးစဉ်က အဲဒီ ယူနစ်တွေကို ထိန်းသိမ်းရတဲ့ ပုံသေကုန်ကျစရိတ်ဟာ အလွန် မြင့်မား ကြောင်း တင်ပြခဲ့ပါတယ်။ ပြီးတော့လည်း ဒီလုပ်ငန်းတွေ ရှိကို ရှိရမယ်လို့ စီအမ်ဗွီက တောင်းဆိုတဲ့အကြောင်း ကျွန်မက အလေးအနက် ပြောခဲ့ပါ တယ်။ စီအမ်ဗွီကလည်း အဲဒီလို ဆေးကုသပေးတဲ့ ဌာနမျိုး မရှိတဲ့ ဒေသ တွေက လူနာတွေကို ဒီပို့ပေးမယ့်အပြင် ဆေးကုသတဲ့ စရိတ်ကိုလည်း ထုတ်ပေးဦးမယ်လို့ ပြောပါတယ်"

ထရေနာက ဝင်ပြောလိုက်၏။

"အဲဒါနဲ့ ပတ်သက်ပြီး ကျုပ် သတိရလာတာ တစ်ချက်ရှိတယ်။ အလျားလိုက် အရှိန်တိုးစက် (Linear Accelerator)က ဝင်နေရာယူလိုက်တဲ့ အရင် ကိုဘော့ (၆၀)စက် အဟောင်းကြီးရဲ့ အခြေအနေက ဘယ်လိုလဲ၊ အဲဒါနဲ့ ပတ်သက်ပြီး ပြည်နယ် လိုင်စင်ထုတ်ပေးရေးဌာန၊ ဒါမှမဟုတ် နျူကလီးယား ထိန်းသိမ်းရေးကော်မရှင်တွေက မေးမြန်းထားတာတွေ ရှိသေးသလား"

ဘီတန်က ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


"ယခုထိပြန်မှ မပေးကြဘူး။ ကျွန်မတို့က အဲဒီ စက်အဟောင်းကြီးကို ပါပူအာနိုင်ငံက ဆေးရုံရဲ့ တစ်ရုံအတွက် ရောင်းချဖို့ လုပ်နေကြောင်း၊ သို့သော် ပြန်ပေးမယ့်ငွေကို စောင့်နေကြောင်း သတင်းပို့ထားပါတယ်"

ထရေနာက သတိပေးလိုက်သည်။

"ကျုပ်ကတော့ ဗျူရိုကရက်တွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ မဖြစ်ချင်ဘူး"

ဘီတန်က ခေါင်းညိတ်ပြလိုက်သည်။ သူက နောက်ဆုံး စာရွက်ကို လှန်လိုက်၏။

"နောက်ဆုံး တင်ပြလိုတဲ့ အချက်ကတော့ နောက်ထပ် သတင်းဆိုးတစ်ခုပါပဲ။ ညတုန်းက သန်းခေါင်ယံ မတိုင်မီ မော်တော်ကား ရပ်နားတဲ့ နေရာမှာ အမွှေပြုကျင့်ဖို့ ကြိုးစားမှုတစ်ရပ် ဖြစ်ခဲ့ပါသေးတယ်"

ထရေနာက ထအော်လိုက်သည်။

"ဘာပြောတယ်၊ ကျုပ်ကို ဘာဖြစ်လို့ အဲဒီကိစ္စကို အသိမပေးကြတာလဲ"

ဘီတန်က ရှင်းပြသည်။

"ကျွန်မလည်း အဲဒီကိစ္စကို ဒီကနေ့ မနက်ကမှ ကြားရတာပါ။ ကျွန်မ သိသိချင်း ရှင့်ကို ဆက်သွယ်ခဲ့ပေမယ့် ရှင် မရှိပါဘူး။ ကျွန်မဆီကို ပြန်ဆက်သွယ်ပါလို့ မှာခဲ့တော့လည်း ရှင်က ပြန်မဆက်သွယ်ဘူး"

ထရေနာကလည်း ပြန်ရှင်းပြသည်။

"ကျုပ်က မွန်ပီလီယာမြို့မှာ တစ်နေကုန်ခဲ့တာ၊ ဒီကိစ္စကို တားဆီးနိုင်မှ ဖြစ်တော့မယ်။ ဟို မီးထွန်းတဲ့ကိစ္စကို ခပ်မြန်မြန် ဆောင်ရွက်စေချင်တယ်။ ကြားလား"

ထို့နောက် ဘဏ္ဍာရေးမှူးက အစီရင်ခံသည်။ ဝင်ငွေထက် ထွက်ငွေက များကြောင်း တင်ပြသည်။ ထို့နောက် ဝန်ထမ်းအကြီးအကဲ ဒေါက်တာ ကန်တာက ဝန်ထမ်းရေးရာ အခြေအနေကို တင်ပြသည်။ ဘက်ပေါင်းစုံ ချွေတာရေး လုပ်ငန်းများကို ကြီးကြပ်ပေးမည့် မန်နေဂျာအဖြစ် ဒေါက်တာ ပီတာချောင်ကို ရွေးချယ်ထားကြောင်း တင်ပြသည်။

"နောက်ဆုံး တင်ပြရမယ့် ကိစ္စကတော့ ဆေးဝန်ထမ်း အမ်ဒီ (၉၁) နဲ့ ပတ်သက်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ သူ တစ်လလုံးလုံး အရက်မသောက်ခဲ့ဘူးလို့ သတင်းရထားပါတယ်"

ဟု ထရေနာက ပြောလိုက်၏။

"သူ့ကို စောင့်ကြည့်ဆဲ အနေအထားမှာပဲ ဆက်ထားပါ။ ကျုပ်တို့က အရဲမစွန့်ချင်ဘူး။ သူဟာ အရင်ကလည်း အရက်ပြန်သောက်ခဲ့ဖူးတဲ့ ရာဇဝင် ရှိပါတယ်"

ဒေါက်တာ ကန်တာက ပြန်ထိုင်သွားသည်။ အထွေထွေပိုင်း၌ ဆွေးနွေးရန် မရှိသဖြင့် ချယ်ယာမင် ထရေနာက တင်းပုတ်ငယ်ကလေးနှင့် ထု၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး တက်ရောက်လာသူများက စာရွက်စာတမ်းများကို သိမ်းဆည်း၍ သံမဏိမြင်း စားသောက်ဆိုင်သို့ ချီတက်သွားကြချိန်တွင် ထရေနာနှင့် ဘီတန်တို့က စာရွက်စာတမ်းများကို ဖြည်းဆေးစွာ သိမ်းဆည်းနေကြသည်။

အပြင်ဘက်တံခါး ပြန်ပိတ်သွားသံကို ကြားလိုက်ရသည့်အခါတွင် တစ်ယောက်နှင့် တစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြသည်။ သူတို့သည် အစည်းအဝေးခန်းထဲမှ လက်တွဲ၍ ထွက်သွားကြပြီး ဘီတန်၏ ရုံးခန်းထဲမှ ဆိုဖာကြီးဆီသို့ ဦးတည်၍ သွားကြတော့သည်။ သူတို့သည် အုပ်ချုပ်ရေး အစည်းအဝေး ပြီးသည့်အခါတိုင်း ဤဆိုဖာကြီးပေါ်၌ ရင်းရင်းနှီးနှီး တိတ်တခိုး တွေ့ဆုံခဲ့ကြသည်မှာ တစ်နှစ်နီးပါး ရှိခဲ့လေပြီ။ ထရေနာက အဝတ်အစားများ ပြန်ဝတ်ရင်း ပြောလိုက်သည်။

"ဒီအစည်းအဝေးက မဆိုးလှပါဘူး"

ဘီတန်က မီးလုံးတစ်လုံးကို ဖွင့်လိုက်ရင်း နံရံပေါ်မှ မှန်ဆီသို့ လျှောက်သွားခဲ့သည်။ သူက မိတ်ကပ် ပြန်လိမ်းရင်း-

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မက ငွေရေးကြေးရေး အခြေအနေကို စိတ်ပူနေမိတယ်။ လွန်ခဲ့တဲ့နှစ်က အရှုံးမပေါ်အောင် မနည်းကြိုးစားခဲ့ရတာ"

ဟု ပြောလိုက်၏။ ထရေနာက သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်သည်။

"မင်းပြောတာ မှန်တယ်။ ကျုပ်ကတော့ ဟိုစီအမ်ဗွီက လူကြီးတွေ လည်ပင်းကို ဖျစ်ညှစ်ပစ်လိုက်ချင်တယ်။ အခု စီအမ်ဗွီနဲ့ စာချုပ် ချုပ်ထားရတာ ကျုပ်တို့ဘက်က အရှုံးချည်းပဲ ဖြစ်နေတယ်။ ကျုပ်တို့က လစဉ်ကြေးနဲ့ စာချုပ် မချုပ်ခဲ့ဘူး ဆိုရင်လည်း တောင်ကြားဆေးရုံလို ပိတ်ပစ်လိုက်ရမှာ သေချာနေတယ်။ အခု ကျုပ်တို့က လစဉ်ကြေးကို လက်ခံပြီး သဘောတူလိုက်တာတောင် ဆေးရုံကို ပိတ်ပစ်ရတာမျိုး ဖြစ်နိုင်သေးတယ်"

ဘီတန်က ပြောလိုက်၏။

"ဆေးရုံတိုင်း ဒုက္ခတွေ့နေကြတာချည်းပဲ။ ဒါပေမယ့် ကျွန်မအနေနဲ့ ကော့ဒ်ဝဲလ်တို့ စဉ်းစားလို့ရတဲ့ အစီအစဉ် တစ်ခုကတော့ သိသိသာသာကြီးကို ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဘီတန်က ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး ထရေနာရှေ့၌ ထိုင်ချလိုက်၏။ ထရေနာက ပြောလိုက်သည်။

"ကိုယ်တို့ စားသောက်ဆိုင်ကို လိုက်သွားကြရင် ကောင်းလိမ့်မယ် ထင်တယ်။ ဒီမြို့က မြို့ငယ်ကလေးဆိုတော့ ကျုပ်တို့အပေါ် ယုန်ထင် ကြောင်ထင် မဖြစ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဝုတ်စွက ကြာဟု မဟုတ်ပါဘူး။ ကျွန်မနဲ့ ကော့ဒ်ဝဲလ်တို့ စဉ်းစား ပျို့ရတဲ့ ပမ်းအစဉ်ကတော့ ဆရာဝန်တွေက လူနာတွေကို ခပ်လွယ်လွယ် ဖေးရုံ့ဝတင်ဖောင် မက်လုံးပေးတဲ့ ကိစ္စပဲ။ အဲဒါကို လုပ်သားပြည်သူ တွေက နားမလည်ကြပါဘူးလေ"

ထရေနာက မေးလိုက်၏။

"ဘာလဲ၊ ဆေးရုံက ဆရာဝန်တွေကို ဆုကြေးငွေ ထုတ်ပေးရမှာလား"

"ဟုတ်ပါတယ်တဲ့ရှင်၊ ဆရာဝန်တစ်ယောက်က ဆေးရုံတင်တဲ့ လူနာ ဦးရေ လျော့ပစ်နိုင်လေလေ၊ သူရမယ့် ဆုကြေးက ပိုများလာလေလေပဲ။ အဲဒါက ဆုကြေးနဲ့ လာဘ်ထိုးတဲ့နည်းလေ။ ဒါပေမယ့် အစပိုင်းမှာတော့ အဲဒါအတွက် ရန်ပုံငွေ သီးခြား ခွင့်ပြုပေးဖို့လိုတယ်။ နောက်ပိုင်းမှာ ငွေကြေး လည်ပတ်လာပြီဆိုရင် ဆေးရုံတင်တဲ့ဦးရေ နည်းလာတာနဲ့ အဲဒီ ရန်ပုံငွေက သူ့ဘာသာသူ လည်ပတ်သွားတော့မှာပဲ"

"ကြားရတာကတော့ တော်တော် နိပ်တာပဲ။ အဲဒီ အစီအစဉ်ကို ဘက်ပေါင်းစုံ သိသိသာသာ ခြိုးခြံချွေတာရေး အစီအစဉ်နဲ့ ပေါင်းလိုက်မယ်ဆိုရင် ရှုံးတော့မှာ မဟုတ်ဘူး"

"အဲဒီကိစ္စကို ဆွေးနွေးဖို့ ချားလ်ကယ်လီနဲ့ ဆုံနိုင်အောင် ကျွန်မ စီစဉ်လိုက်မယ်"

ဘီတန်က ကုတ်အင်္ကျီကို လှမ်းယူရင်း ပြောလိုက်၏။ သူတို့သည် ဆေးရုံမှထွက်၍ အောက်ဘက် မော်တော်ကား ရပ်နားသော နေရာဆီသို့ လာခဲ့ကြသည်။ သူတို့နှစ်ဦးသည် ယှဉ်၍ ရပ်ထားသော ကားများဆီသို့ ရောက်လာကြ၏။ ထရေနာက မော်တော်ကားထဲသို့ မဝင်ခင် အပေါ်ဘက် ကားရပ်သည့်နေရာနှင့် အောက်ဘက် ကားရပ်သည့် နေရာတို့ကို ကန့်ထားသည့် သစ်ပင်တန်းဆီသို့ လှမ်းကြည့်လိုက်၏။ သူက ဘီတန့်ထံ လှမ်းပြောလိုက်သည်။

"အဲဒီနေရာက ကိုယ်သိထားတာထက် ပိုပြီး မှောင်နေတယ်။ ကိုယ်တို့က အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲ။ ကိုယ်တို့အတွက် အလင်းရောင် ထပ်လိုတယ်"

"ကျွန်မ ချက်ချင်း လုပ်လိုက်ပါ့မယ်"

"ညတုန်းက ဘယ်လို ဖြစ်တာတုံး"

"ညသန်းခေါင်က ဖြစ်တာပါ။ ဒီတစ်ခါတော့ သူနာပြုဆရာမ မဟုတ်ဘဲ လုပ်အားပေးနေတဲ့ မာဂျောရီကလီဘာ ဖြစ်နေတယ်"

"ကျောင်းဆရာမလား"

"ဟုတ်ပါတယ်"

"မုဒိမ်းကောင်ရဲ့ ပုံပန်းသဏ္ဌာန်ကရော"

"အရင်အတိုင်းပါပဲ၊ အရပ် ခြောက်ပေခန့်၊ နှင်းလျှောစီး မျက်မှန်ကို တပ်ထားတယ်။ မစ္စကလီဘာ ပြောတာကတော့ သူ့မှာ လက်ထိတ်





ပေါင် ပါလာတယ်ဆိုပဲ"

"တယ်ဟုတ်ပါလား၊ သူက ဘယ်လိုလုပ်ပြီး လွတ်သွားတာလဲ"

"သူ သိပ်ကံကောင်းသွားတယ်။ ညစောင့်က ဆေးရုံကို လှည့်ပတ်ပြီး ကင်းလှည့်တဲ့ အချိန်နဲ့ တိုးနေတာကိုး"

ထရေနာက-

"ကျုပ်တို့ လုံခြုံရေးအစောင့်တွေကို လူဦးရေ ထပ်တိုးရင် ကောင်းလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်၏။

"အဲဒီအတွက် ငွေမှ မရှိတာ၊ ကျွန်မက ပုလိပ်အကြီးအကဲ ဝိန်းရောပက်ဆန်ကိုတောင် အကူအညီ တောင်းပြီးပြီ။ သူ့မှာလည်း ညတိုင်းကို လွှတ်နိုင်အောင် လူမရှိဘူးတဲ့"

"ဟော့ချ်က မုဒိမ်းကောင် ဘယ်သူလဲ ဆိုတာကို သိတယ်ဆိုတာ ဟုတ်နေမလားပဲ"

"သူ ပျောက်ဆုံးနေတာဟာ သူ သံသယဖြစ်တယ် ဆိုတာနဲ့ ဆက်စပ်နေတယ်လို့ ရှင်ထင်သလား"

"ကျုပ် အဲဒါကို မတွေးမိဘူး။ ဖြစ်တော့လည်း ဖြစ်နိုင်တယ်။ သူက သူသိတာကို မြုံထားနိုင်တဲ့လူ မဟုတ်ဘူး။ ကဲပါလေ ကျုပ်တို့ သံမဏိမြင်းစားသောက်ဆိုင်မှာ ဆုံကြစို့"

ထရေနာက ကားကို မောင်းထွက်သွားတော့သည်။

✤ ✤ ✤ ✤ ✤


www.burmeseclassic.com

www.burmeseclassic.com

## (၄)

မေလ ၂၀ ရက်၊ ကြာသပတေးနေ့

"ကျွန်မက ကလေးကို သွားကြိုဖို့ အပြင်ကို ထွက်ရဦးမယ်"

အင်ဂျယ်လာက လုပ်ဖော်ကိုင်ဖက် အလုပ်သင်ဆရာဝန် မတ်ခ်ဒန်ဖို့ကို ပြောလိုက်သည်။

"ကျုပ်က ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ဒီဆလိုက်ကလေးတွေကို ကြည့်ပေးမယ်ဆိုရင် ရှင့်ကျေးဇူးတွေကို ကျွန်မ ဆပ်လို့ကုန်မှာ မဟုတ်တော့ပါဘူး"

"ရပါတယ်"

မတ်ခ်က အင်ဂျယ်လာ၏ ဆလိုက်ငါးခုကို သူ့ဆလိုက်များနှင့်အတူ ရောထည့်လိုက်သည်။

အင်ဂျယ်လာက ၎င်း၏ အဏုကြည့် ကိရိယာကို ဖုံးအုပ်လိုက်ပြီးနောက် သူ့ပစ္စည်းကလေးများကို ဆွဲယူပြီး ဆေးရုံထဲမှ ပြေးထွက်သွားတော့သည်။ အင်ဂျယ်လာ၏ မော်တော်ကားသည် ယာဉ်ကြောထဲသို့ ရောက်ရှိသွားသည်နှင့် ဘော့စတွန်မြို့၏ ရုံးဆင်းချိန် ယာဉ်ကြောထဲတွင် ပိတ်မိသွားတော့သည်။

သူ စာသင်ကျောင်းသို့ ရောက်သွားချိန်တွင် နစ်ကီသည် ရှေ့ဘက်လှေကားထစ်များပေါ်၌ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေလေသည်။

"မာမီ နောက်ကျသွားတဲ့အတွက် ဝမ်းနည်းပါတယ်ကွယ်"

နစ်ကီက ကားပေါ်အရောက်တွင် ပြန်ပြောလိုက်၏။

"ရပါတယ် မာမီ၊ ဒါပေမယ့် နည်းနည်းကတော့ သမီး ကြောက်သွားမိတယ်။ ခြောက်တန်း ကျောင်းသားတစ်ယောက်က သေနတ်နဲ့ပစ်လို့ အဖမ်းခံရတယ်လေ"

"သူက ဘာဖြစ်လို့ သေနတ်ယူလာရတာလဲ"

"သူက မူးယစ်ဆေးဝါး ရောင်းတယ်လေ"

အင်ဂျယ်လာသည် မော်တော်ကား လက်ကိုင်ဘီးကို ကျစ်ကျစ်ပါ





အောင် ဆုပ်ကိုင်မိသွားတော့သည်။ နစ်ကီအား အစိုးရကျောင်း၌ ထားရန်ဆိုသော ကိစ္စမှာ ဒေးဗစ်၏ စိတ်ကူးယဉ်မှုပင် ဖြစ်သည်။ ယခု အင်ဂျယ်လာ စိတ်ပျက်သွားသည်။ အဘယ်ကြောင့်ဆိုသော် နစ်ကီသည် ထိုအဖြစ်အပျက်ကို သာမန် အဖြစ်အပျက်တစ်ခုပမာ သဘောထားနေသည်ကို တွေ့နေရသောကြောင့်ပင် ဖြစ်သည်။ နစ်ကီက ပြောလိုက်၏။

"ကျွန်မတို့ အတန်းမှာ ဒီကနေ့ ဆရာမတစ်ယောက် အစားဝင်တယ်။ သူက သမီးကို နေ့လယ်စာ စားအပြီးမှာ အဆုတ်ထဲက ချွဲတွေကို စုပ်ထုတ်ခွင့် မပြုဘူး"

"ဝမ်းနည်းပါတယ် သမီးရယ်၊ အခု ရင်ထဲမှာ ကျပ်နေတယ်လို့ ခံစားရသလား"

"နည်းနည်းပါ၊ ကျောင်းအပြင်ဘက်ရောက်တုန်းကတော့ အသက်ရှူကျပ်သေးတယ်။ အခုတော့ ပျောက်သွားပါပြီ"

"မာမီတို့ အိမ်ရောက်ရောက်ချင်း လုပ်ကြတာပေါ့ကွယ်။ ကျောင်းကိုလည်း နောက်တစ်ကြိမ် ထပ်ပြီး ဖုန်းဆက်ပေးပါဦးမယ်"

အင်ဂျယ်လာသည် နစ်ကီအတွက် အသက်ရှူသော ကုထုံးနှင့် ကုသပေးရန် လိုအပ်ကြောင်း နှစ်လတစ်ခါလောက် ကျောင်းသို့ ဖုန်းဆက်ပြီး ပြောရလေ့ ရှိသည်။

နစ်ကီက မော်တော်ကားထဲ၌ စောင့်နေစဉ် အင်ဂျယ်လာက မော်တော်ကားကို နှစ်ထပ် ရပ်ထားခဲ့ပြီးနောက် ကုန်စုံဆိုင်ထဲသို့ ပြေးဝင်ပြီး ညစာချက်ထားရန် ကမန်းကတန်း ဝယ်လိုက်သည်။ သူ ပြန်ထွက်လာသောအခါ လမ်းပြပုလိပ်က ဒဏ်ဆောင်ရက်ချိန်း ဆိုသော စာရွက်ကလေးကို ရှေ့မှန် ရေသုတ်တံအောက်၌ တွေ့ရလေတော့သည်။

အင်ဂျယ်လာက စိတ်ထဲက ကျိန်ဆဲလိုက်၏။ သူတို့သည် နောက်ထပ် နာရီဝက်ခန့်ကြာအောင် ကားကို လျှောက်မောင်းရင်း ကားရပ်ရန်နေရာကို ရှာကြပြန်သည်။

အင်ဂျယ်လာက သူ ဝယ်လာသော စားသောက်ဖွယ်များကို ရေခဲသေတ္တာထဲတွင် ထည့်လိုက်ပြီး နစ်ကီအတွက် အသက်ရှူ ရှုပကုထုံးကို ပြုလုပ်ပေးရလေ၏။ ထုံးစံအားဖြင့် သူတို့သည် ထိုကုထုံးကို နံနက်ခင်း၌သာ ပြုလုပ်လေ့ ရှိသော်လည်း အချို့သော နေ့များ၊ အထူးသဖြင့် လေထုညစ်ညမ်းသော နေ့များတွင် မကြာခဏ ဆိုသလို အကြိမ် ပိုမို၍ ပြုလုပ်ကြရလေသည်။

ပထမဦးဆုံး လုပ်ငန်းအဖြစ် နစ်ကီအား အဆုတ်ပွန်ကို ချဲ့ပေးသော ဆေးကို တိုက်ကျွေးရန် လိုအပ်ခြင်း ရှိ၊ မရှိ အင်ဂျယ်လာက နစ်ကီ၏ ရင်ဘတ်ကို နားကြပ်နှင့် ထောက်၍ နားထောင်ရသည်။ ထို့နောက် အဟောင်းဆိုင်မှ ဝယ်ယူလာသော ပက်လက် ကုလားထိုင်ကြီးကို အသုံးချကြရသည်။ နစ်ကီက အဆုတ်၏နေရာ တစ်နေရာစီမှ ချွဲများကို ကမ္ဘာမြေ



www.burmeseclassic.com

www.burmeseclassic.com

၏ ဟဲ့ဝပ်မ်ားကို အသုံးပြု၍ အပြင်သို့ ထွက်ကျလာစေမည့် ကိုယ်နေဟန်ထား ကိုးမျိုးကို တစ်လှည့်စီ ပြုလုပ်ပေးရသည်။

နစ်ကီက ထိုကဲ့သို့ ကိုယ်နေဟန်ထား အမျိုးမျိုး ပြုလုပ်ပေးစဉ် အင်ဂျယ်လာက နစ်ကီ၏ အဆုတ်ပေါ်၌ ခွက်ထားသော လက်ဖဝါးနှင့် ခေါက်ပေးရလေသည်။ ကိုယ်နေဟန်ထား တစ်မျိုးစီအတွက် နှစ်မိနစ်၊ သုံးမိနစ်ခန့် ကြာမြင့်ပါသည်။ ထိုကိစ္စသည် မိနစ်နှစ်ဆယ်အတွင်း ပြီးစီးသွားတော့သည်။

အသက်ရှူမှုဆိုင်ရာ ရှုပကုထုံးနှင့် ကုသမှု ပြီးစီးသွားသောအခါ နစ်ကီက အိမ်စာများကို ကျက်မှတ်နေသလို အင်ဂျယ်လာကလည်း ညစာအတွက် ချက်ရ၊ ပြုတ်ရတော့သည်။

နောက် နာရီဝက်ကြာသောအခါ ပင်ပန်းနွမ်းနယ်နေသော ဒေးဗစ် ပြန်ရောက်လာသည်။ ဒေးဗစ်သည် လွန်ခဲ့သောညက တစ်ညလုံး မအိပ်ဘဲ အလုပ်လုပ်ခဲ့ရသောကြောင့် အထူး ပင်ပန်းနွမ်းနယ်နေသည်။

သူက အင်ဂျင်လာနှင့် စကားပြောရန် ကြိုးပမ်းရာမှ သူတို့နှစ်ဦး စကားများကြတော့သည်။

"ကျွန်မ အလုပ်တွေအတွက် သူတစ်ပါးကို အားကိုးနေရတာ ကျွန်မ သဘောမကျဘူး။ ပြီးတော့လည်း နစ်ကီဆီက စိတ်ချောက်ချားစရာ သတင်းတွေကို ဒီကနေ့ ကြားလာရတယ်"

ဒေးဗစ်က မေးကြည့်လိုက်၏။

"ဘယ်လိုဟာမျိုးလဲ"

"သူ့ကို မေးကြည့်ပေါ့"

နစ်ကီက ကျောင်း၌ ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို ပြောပြလိုက်သည်။

"ရှင်က ခြောက်တန်းမှာ သေနတ်တွေ၊ မူးယစ်ဆေးဝါးတွေ အကြောင်း ကြားသိနေရတာတောင် နစ်ကီ့ကို အစိုးရကျောင်းမှာ ဆက်ထားဖို့ ထောက်ခံနေတုန်းပဲလား"

"ထောက်ခံရမှာပေါ့။ ကိုယ်ငယ်ငယ်တုန်းက အစိုးရကျောင်းမှာ နေခဲ့ရတာပဲ"

"ဘာပဲပြောပြော ကျွန်မကတော့ နစ်ကီရဲ့ လုံခြုံမှုနဲ့ ပတ်သက်လာရင် သိပ်ပြီး စိတ်ကူးယဉ် မဆန်ချင်ဘူး"

သူတို့နှစ်ဦးသည် ညစာကို တိတ်ဆိတ်စွာ စားသောက်နေကြသည်။ နစ်ကီကမူ မိဘများကို ဂရုမစိုက်ဘဲ သူ့စာကိုသာ ဆက်ဖတ်နေသည်။ အင်ဂျယ်လာသည် သက်ပြင်းကို အသံကျယ်လောင်စွာ မကြာခဏ ချလျက်ရှိပြီး လက်ချောင်းများကို သူ့ဆံပင်ထဲသို့ ထိုးသွင်းနေသည်။ အင်ဂျယ်လာ ငိုတော့မလို ဖြစ်လာသည်။ ဒေးဗစ်ကလည်း ဒေါပွနေသည်။ သူသည် လွန်ခဲ့သော (၃၆) နာရီအတွင်းက ပင်ပင်ပန်းပန်း အလုပ်လုပ်





ခဲ့ရပါလျက် သူ့အား ယခုလို ဆက်ဆံနေသည်ကို သူ မခံမရပ်နိုင်အောင် ဖြစ်နေသည်။

အင်ဂျယ်လာသည် ကုလားထိုင်ကို နောက်ဘက်သို့ ရုတ်တရက် တွန်းပစ်လိုက်ပြီးနောက် ပန်းကန်ပြားကို ပန်းကန်ဆေးသည့် ကြွေခွက်ထဲသို့ ပစ်ချလိုက်ရာ ကွဲသွားလေ၏။ ဒေးဗစ်နှင့်နစ်ကီ နှစ်ဦးစလုံး ထိတ်လန့်သွားကြသည်။ ဒေးဗစ်က အသံကို ကြိုးစား၍ ထိန်းရင်း ပြောလိုက်၏။

"အင်ဂျယ်လာ၊ မင်းက လိုတာထက်ပိုပြီး စိတ်လှုပ်ရှားနေတာကိုး။ နစ်ကီကို ကျောင်းက ဘယ်လို ကြိုကြမလဲဆိုတာ ဆွေးနွေးကြရအောင်။ နောက်နည်းလမ်း တစ်ခုခုတော့ ရှိရမှာပေါ့ကွာ"

အင်ဂျယ်လာသည် ပန်းကန်ဆေးသော ကြွေခွက်မှ နောက်သို့ ပြန်လှည့်လိုက်၏။

"ရှင်သိပါတယ်၊ တကယ့် ပြဿနာက ဇူလိုင်လ တစ်ရက်နေ့ကျရင် ဘာလုပ်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ကို ရှောင်တိမ်းနေတဲ့ ကိစ္စပဲ"

"ကိုယ်တို့က သိပ်ပင်ပန်းနေကြတယ်ကွာ။ ခုအချိန်ဟာ အဲဒီကိစ္စကို ဆွေးနွေးဖို့ အချိန်ကောင်း မဟုတ်ဘူးလို့ ကိုယ်ထင်တယ်"

"ရှင်ကတော့ စဉ်းစားသင့်တဲ့ အချိန်လို့ မထင်ဘူး၊ တကယ့် ပြဿနာကတော့ အချိန် သိပ်မကျန်တော့ဘူး ဆိုတာပဲ။ ဇူလိုင်လဆန်း (၁) ရက်ဆိုတာကလည်း တစ်လခွဲတောင် မကြာတော့ဘူးလေ"

"ကောင်းပြီလေ၊ ဒါဆိုရင် ကိုယ်က စာရွက်တွေ သွားယူလိုက်ဦးမယ်"

"စာရွက်တွေ ဘာတွေ ယူစရာ မလိုပါဘူးရှင်၊ ကျွန်မတို့အတွက် ရွေးစရာ နည်းလမ်းသုံးမျိုး ရှိပါတယ်။ ကျွန်မတို့က နယူးယောက်က အကြောင်းပြန်မယ့် ကိစ္စကို စောင့်နေခဲ့ကြတယ်။ ဒါပေမယ့် အဲဒါကလည်း လွန်ခဲ့တဲ့ သုံးရက်က အကြောင်းပြန်ကြားလာပြီလေ။ ကျွန်မတို့ ရွေးနိုင်တဲ့ နည်းလမ်းတွေကို အကျဉ်းချုံးပြီး ပြောရမယ်ဆိုရင် ကျွန်မတို့က နယူးယောက်ကို သွားကြပြီး ကျွန်မက မူခင်းဆေးပညာကို လေ့လာနိုင်တယ်။ ရှင်က အသက်ရှူမှုဆိုင်ရာ ဆေးပညာကို ဆက်လက် လေ့လာနိုင်တယ်။ နောက်တစ်နည်းကတော့ ကျွန်မတို့က ဒီဘော့စတွန်မှာ ဆက်နေပြီး ကျွန်မက မူခင်းဆေးပညာကို ဆက်လေ့လာမယ်။ ရှင်က ဟားဘတ်တက္ကသိုလ်က ပြည်သူ့ကျန်းမာရေး ဆေးကျောင်းကို ဆက်တက်နိုင်မယ်။ ဒါမှ မဟုတ်ရင်တော့ ကျွန်မတို့က ဘတ်တလက်ကိုသွားပြီး အလုပ်စလုပ်ကြရုံပဲ"

နောက်ဆုံးတွင် ဒေးဗစ်က ပြောလိုက်၏။

"ပညာသင်ကြားမှု နယ်ပယ်ထဲက ထွက်ရမယ့် ကိစ္စကတော့ နည်းနည်း ထိတ်လန့်စရာပဲ"

"ကျွန်မတို့က ကျောင်းသားဘဝမှာ နေခဲ့တာကြာပြီဆိုတော့ တခြားဘဝကို မနှစ်ခြိုက်ဘူးဆိုတာ ကျွန်မ လက်ခံပါတယ်။ တကယ့် အဖြစ်မှန်


www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ ကျွန်ုပ်တို့ ဘောစတွန်မှာ ဆက်နေမယ်ဆိုရင် ဒီအခန်းကျဉ်း အမေရိကမှာပဲ ဆက်နေကြရလိမ့်မယ်။ ကြွေးတွေကလည်း သိပ်များနေတော့ တခြား စဉ်းစားစရာ နည်းလမ်းမရှိတော့ဘူးလေ"

ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်တို့က နယူးယောက်ကို သွားမယ်ဆိုရင်လည်း အဲဒီအတိုင်း ဖြစ်နေမှာပဲ"

အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မ မိဘတွေဆီက အထောက်အပံ့ကို ယူတယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့လေ"

"ကိုယ်တို့က အဲဒါကို အရင်ကတည်းက ရှောင်ခဲ့ကြတာပါ။ သူတို့ရဲ့ အထောက်အပံ့က နှောင်ကြိုးတွေ သိပ်ပါလွန်းတယ်"

"ကျွန်မ သဘောတူပါတယ်၊ နောက်တစ်ချက်ကတော့ ကျွန်မတို့က နစ်ကီရဲ့ ကျန်းမာရေးကို ထည့်စဉ်းစားရလိမ့်မယ်"

နစ်ကီက ဝင်ပြောလိုက်၏။

"ကျွန်မကတော့ ခွေးကလေးတစ်ကောင် လိုချင်တယ်"

"နစ်ကီ့ အခြေအနေက ကောင်းပါတယ်ကွာ"

"ဒါပေမယ့် ဒီမှာနဲ့ နယူးယောက်မှာက လေထုက အရမ်း ညစ်ညမ်းလွန်းတယ်။ အဲဒါက ဒုက္ခပေးမှာ အမှန်ပဲ။ ပြီးတော့လည်း မြို့ကြီး ပြကြီးတွေက ရာဇဝတ်မှုတွေကို ကျွန်မ စိတ်ကုန်လှပြီ"

"ဒါဖြင့် မင်းက ဘတ်တလက်ကို သွားချင်တယ်ပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်မက ထောင့်စုံအောင် စဉ်းစားနေတာပါ။ ဒါပေမယ့် ခြောက်တန်းမှာ သေနတ်ယူလာတာတွေ၊ မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေ အဲဒီအကြောင်းတွေကို ကြားလာရတော့ ဘတ်တလက်ကို ကြားရတာက ပိုပိုပြီး ကောင်းမွန်လာ သလိုလိုပဲ"

"ကိုယ်တို့က နေရာ နည်းနည်းပဲ ရောက်ခဲ့ဖူးသေးတယ်ဆိုတော့ သိပ်အထင်ကြီးရမျိုး ကျနေသလားလို့"

အင်ဂျယ်လာက ပြောလိုက်၏။

"အဲဒါကို သိအောင်လုပ်တဲ့နည်း တစ်နည်းပဲ ရှိတယ်"

နစ်ကီက အော်ပြောလိုက်၏။

"သမီးတို့ နောက်တစ်ခေါက် ပြန်သွားကြရအောင်"

ဒေးဗစ်က ပြောလိုက်၏။

"ကောင်းပြီလေ၊ ဒီနေ့က ကြာသပတေးနေ့ဆိုတော့ စနေနေ့ဆိုရင် ဘယ်လိုလဲ"

အင်ဂျယ်လာက-

"ကျွန်မကတော့ ကြိုက်ပါတယ်"

ဟု ဖြေလိုက်၏။





နစ်ကီကလည်း-

"ဟုတ်ပြီကွ"

ဟု အော်လိုက်တော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၅)

မေလ ၂၁ ရက်၊ သောကြာနေ့

ထရေနာသည် နံနက်က သူ နှုတ်တိုက်ချပေးခဲ့သော စာများကို လက်မှတ်ရေးထိုးပြီး ရုံးခန်းထဲမှ ထွက်လိုက်၏။ သူအပြင်ဘက် အခန်းထဲသို့ ရောက်နေစဉ် အတွင်းရေးမှူး ကော်လက်က သူ့အား တွမ်ဘာရင်ဂါထံမှ တယ်လီဖုန်းကို လက်ခံ စကားပြောရန် ပြန်ခေါ်လိုက်သည်။

သံမဏိမြင်း စားသောက်ဆိုင်သို့ နေ့လယ်စာ စားရန် ထွက်ခွာသွားတော့မည့် ထရေနာသည် အရေးပါသော အမှုသည်တစ်ဦး ဖြစ်သည့် တွမ်ဘာရင်ဂါကို လက်ခံ၍ စကားပြောရပေလိမ့်မည်။ တွမ်ဘာရင်ကပြောလိုက်၏။

"ကျုပ်က အရေးပေါ် အခန်းထဲမှာ ဒေါက်တာပို့တလန် အလာကို စောင့်နေရတယ်ဗျို့"

"မြတ်စွာဘုရား၊ ဘာဖြစ်တာလဲဗျ"

တွမ်ဘာရင်က ဝန်ခံလိုက်သည်။

"မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စပေါ့ဗျာ။ ကျုပ်က ရေတံလျှောက်ထဲက အမှိုက်တွေကို တက်ရှင်းတုန်း လှေကားလဲပြီး လိမ့်ကျလို့ တင်ပါးဆုံရိုးကျိုးသွားတယ်လေ"

"ဝမ်းနည်းပါတယ်ဗျာ"

"အေးဗျာ၊ ကျုပ်တို့ ဒီကနေ့ မွန်းလွဲပိုင်းမှာ ချိန်းထားတဲ့ ကိစ္စကိုတော့ ကျုပ် လာနိုင်မှာ မဟုတ်တော့ဘူး။ ဒါထက် ခင်ဗျားက ခင်ဗျားရဲ့ ဩဇာကို သုံးပြီး ကျုပ်ကို အရေးကြီးပုဂ္ဂိုလ်အဖြစ် ပြုစုစောင့်ရှောက်ခံရအောင် ပြောပေးပါလားဗျာ"

"ဖြစ်ပါတယ်၊ ကျုပ်ကိုယ်တိုင် အမှုဆောင်အရာရှိချုပ်ကို ဒီကနေ့ နေ့လယ်စာ စားရင်း ပြောလိုက်ပါ့မယ်"

"အချိန်ကိုက်ပဲဗျာ"

သူက အတွင်းရေးမှူးအား တွမ်ဘာရင်ဂါနှင့် ချိန်းထားမှုကို ပြန်ဖျက်





ရန် ပြောလိုက်ပြီး စားသောက်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

သူသည် နေ့လယ်စာ စားရင်း ဆွေးနွေးကြမည့်ပွဲသို့ ပထမဦးဆုံး ရောက်ရှိလာသူ ဖြစ်သည်။

အကောင်းဆုံး စားပွဲတွင် သူ့ကို နေရာပေးထားသည်။ သူနှင့် ပြိုင်ဘက်ဟောင်းဖြစ်သူ ဂျက်ဘ်ဝစ်ဂင်းစ်ကမူ ချောင်ကျသော နေရာတွင် ထိုင်နေရကြောင်း တွေ့ရသည့်အတွက် သူ ပို၍ ပီတိဖြစ်သွားသည်။ တစ်ချိန်က ထရေနာ၏ ဖခင်သည် ကုတ်အင်္ကျီချိတ် ပြုလုပ်သော ကုမ္ပဏီတွင် အလုပ်လုပ်ခဲ့ရသည်။ ထိုကုမ္ပဏီမှာ ဝစ်ဂင်းစ်မိသားစု၏ လုပ်ငန်းတစ်ခု ဖြစ်သဖြင့် ထရေနာကို ဂျက်ဘ်ဝစ်ဂင်းစ်က အပေါ်စီးမှ အမြဲတမ်းဆက်ဆံလေ့ ရှိခဲ့သည်။ ယခု အခြေအနေမှာ ပြောင်းပြန် ဖြစ်နေလေပြီ။ ထရေနာက ဤမြို့ပေါ်တွင် အကြီးဆုံး လုပ်ငန်းကို အုပ်ချုပ်နေသူ ဖြစ်နေသည်။

ဟယ်လင်ဘီတန်နှင့် ဘာတန်ရှားဝုဒ်တို့ အတူတူ ရောက်လာကြသည်။ ဟယ်လင်ဘီတန်က စပြောလိုက်၏။

"ကျွန်မမှာ သတင်းကောင်းတွေ ပါတယ်။ ကျွန်မ ချားလ်စ်ကယ်လီနဲ့ ဒီကနေ့ မနက်က တွေ့ပြီးပါပြီ။ စီအမ်ဗွီက ဆရာဝန်တွေအတွက် ဆုကြေး အစီအစဉ်ကို စီအမ်ဗွီက အကုန်အကျ မရှိဘူးဆိုရင် ပြဿနာမရှိဘူးလို့ ပြောပါတယ်။ သူက ဒီကိစ္စကို သူ့ဆရာသမားတွေဆီ ထပ်တင်ပြရဦးမယ်လို့လည်း ပြောပါတယ်။ သူနဲ့ ကျွန်မ တနင်္လာနေ့မှာ တွေ့ဖို့ချိန်းထားပါတယ်။ ရှင်လည်း ဖြစ်နိုင်ရင် လိုက်ခဲ့စေချင်ပါတယ်"

"မဖြစ်ဖြစ်အောင် လိုက်ခဲ့ရမှာပေါ့"

ဘီတန်က ပြောလိုက်ပြန်၏။

"အခု ကျွန်မတို့အတွက် လိုအပ်လာတာက မ,တည် ရန်ပုံငွေကိစ္စပဲ ဖြစ်တယ်။ ဓာတ်ရောင်ခြည်ကုထုံး အဆောက်အအုံကို ဆောက်တုန်းက ကျွန်မတို့ ကန်ထရိုက်ဆီက ဝေစု ပြန်ရထားတဲ့ ငွေတွေနဲ့ စုထားတဲ့ လှူဒါန်းငွေ ရန်ပုံငွေကို ရှင် မှတ်မိမှာပါ။ အဲဒီ ငွေတွေကို ကျွန်မက ဘဟားမားစ်မှာ အပ်ထားတယ်။ ကျွန်မ ဘာလုပ်မလဲဆိုရင် လိုအပ်တဲ့ငွေကို အဲဒီငွေထဲက နည်းနည်းစီ ပြန်နုတ်ယူမယ်။ ပြီးတော့လည်း အဲဒီ ငွေထဲက တချို့တစ်ဝက်ကို ဘဟားမားစ်မှာ အနားယူ အပန်းဖြေတဲ့ ကိစ္စအတွက် သုံးစွဲနိုင်တယ်။ အဲဒါ အလွယ်ဆုံးပဲ"

ဘီတန်က ထပ်ရှင်းလိုက်ပြန်၏။

"ဘဟားမားစ်ကို အလည်သွားခွင့်ရတာကို ကျွန်မတို့က အကြီးဆုံးဆုအဖြစ် သတ်မှတ်မယ်။ အဲဒီဆုကိုတော့ တစ်နှစ်အတွင်းမှာ ဒေဝါရှိတင်တဲ့ လူနာ အနည်းဆုံး ဆရာဝန်ကို ချီးမြှင့်ရမှာပဲ"

ထရေနာက ပြောလိုက်၏။

"သိပ်ကောင်းတယ်၊ ဒီစိတ်ကူးက တဖြည်းဖြည်းနဲ့ ပိုပိုပြီး ကောင်း



www.burmeseclassic.com

www.burmeseclassic.com

လာတယ်"

ဘီတန်က ပြောလိုက်သည်။

"ဒါဆိုရင် ကျွန်မတို့က ဒါကို ချက်ချင်း အကောင်အထည်ဖော်မှ ဖြစ်တော့မယ်။ ပေလရဲ့ ကိန်းဂဏန်းတွေက ပြေလထက် ပိုဆိုးရွားနေတယ်။ ဆေးရုံတင်တဲ့ လူနာတွေ ပိုများလာပြီး ငွေကလည်း အချိုးကျ ပိုပုံးလာတယ်"

ဘာတန်ရှားဝုဒ်က ပြောလိုက်၏။

"ကျုပ်ကလည်း သတင်းကောင်း ပြောဖို့ ရှိပါတယ်။ လိုသုံးမြှုပ်ငွေ ရန်ပုံငွေကို အသက်အာမခံက ရတဲ့ငွေ ထည့်လိုက်တဲ့အတွက် အခြေအနေ ပြန်ကောင်းနေပါပြီ"

"အေးဗျာ၊ အရေးပေါ် ကိစ္စတွေကတော့ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေတော့တာပဲ"

ထရေနာက ရှားဝုဒ် ဖန်တီးသော ပြဿနာကို သူဘာသာသူ ပြန်လည် ပြုပြင်နိုင်မှုအတွက် ရှားဝုဒ်အား ချီးမွမ်းလိုခြင်း မရှိပါ။ ရှားဝုဒ်က မေးလိုက်၏။

"မော်တော်ကား ရပ်နားတဲ့ အဆောက်အအုံ ဆောက်ဖို့အတွက် ငွေစုလက်မှတ် ထုတ်ရောင်းတဲ့ကိစ္စကို စလုပ်ရတော့မလား"

ထရေနာက ဖြေသည်။

"ကျုပ်တို့က လုပ်လို့ မရသေးဘူး။ ကျုပ်တို့က ဆောက်လုပ်ရေး ဘုတ်အဖွဲ့ကို နောက်တစ်ကြိမ် ထပ်တင်ပြရဦးမယ်။ ဒီပရိုဂျက်ကို မစခင် အဲဒီဘုတ်အဖွဲ့ရဲ့ သဘောတူညီချက်ကို ရဖို့ လိုအပ်တယ်"

ထရေနာက အနီးအနားရှိ စားပွဲဆီသို့ ခေါင်းငဲ့၍ ပြလိုက်၏။

"အဲဒီ ဘုတ်အဖွဲ့ရဲ့ ချယ်ယာမင် ဂျက်ဘ်ဝစ်ဂင်းစ်က ကျုပ်တို့က အဲဒီ အဆောက်အအုံကို နွေရာသီမှာ ဆောက်မယ်ဆိုရင် အလည်အပတ်လာတဲ့ ခရီးသည်တွေအတွက် အနှောင့်အယှက် ဖြစ်နိုင်တယ်တဲ့"

"တော်တော် ဆိုးတာပဲ"

ကော်ဖီသောက်ပြီးချိန်တွင် ထရေနာက တွမ်ဘာရင်ဂါ တယ်လီဖုန်းဆက်သည့် ကိစ္စကို သတိရလာတော့သည်။ ဘီတန်က ပြန်ပြောလိုက်၏။

"မစ္စတာ ဘာရင်ဂါ ဆေးရုံတက်ရတာကို ကျွန်မ သတိပြုမိပါတယ်။ အဲဒီလို လူနာမျိုးတွေ ဆေးရုံရောက်လာရင် ကျွန်မကို ချက်ချင်း အသိပေးဖို့ ကွန်ပျူတာထဲမှာ ပရိုဂရမ်ထည့်ပြီး စီစဉ်ထားပါတယ်။ ကျွန်မက ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး ကော့ဒ်ဝဲလ်ကို မစ္စတာ ဘာရင်ဂါကို အရေးကြီး ပုဂ္ဂိုလ်အနေနဲ့ ပြုစုပေးဖို့ ပြောပြီးပါပြီ။ သူ့ရန်ပုံငွေက ဘယ်လောက်ပါလိမ့်"

ထရေနာက ဖြေသည်။

"ဒေါ်လာ တစ်သန်းပါ။ သိပ်မများလှပေမယ့် နှာခေါင်းရှုံ့ရမယ့်





ယောဂလည်း မဟုတ်ဘူး"

နေ့လယ်စာ စားပြီးကြသောအခါ ကြည်လင်တောက်ပသော နေရောင်ခြည်ထဲသို့ ထွက်လာခဲ့ကြသည်။ ထရေနာက မေးလိုက်ပြန်၏။

"ကားရပ်တဲ့နေရာမှာ မီးထွန်းတဲ့ အခြေအနေက ဘယ်လိုလဲ"

"ဆောင်ရွက်ပြီးတာ တစ်ပတ်လောက် ရှိသွားပါပြီ။ ဒါပေမယ့် အောက်ဘက်က ကားရပ်တဲ့ နေရာမှာပဲ မီးထွန်းဖို့ ကျွန်မတို့ ဆုံးဖြတ်လိုက်တယ်။ အပေါ် ကားရပ်တဲ့နေရာကို နေ့ခင်းပိုင်းမှာပဲ သုံးကြတာ။ အဲ့လို အောက်ဘက်ကိုသာ မီးထွန်းလိုက်တဲ့အတွက် ငွေ အကုန်အကျ လည်း အတော် သက်သာသွားတယ်"

"ဖြစ်သင့် ဖြစ်ထိုက်ပါတယ်လေ"

ဂရင်းမောင်တိန် နေရှင်နယ်ဘဏ်အနီးသို့ အရောက်တွင် ပုလိပ်ကြီးအကဲ ဝိန်းရောဘတ်ဆန်နှင့် ဆုံမိကြသည်။ ထရေနာက မေးလိုက်၏။

"ဟော့ချ်အမှုနဲ့ ပတ်သက်ပြီး ထူးခြားချက်တွေ ပေါ်ထွက်လာသေးလား"

"မတွေ့ရပါဘူးဗျာ၊ ကျုပ်တို့က အဲဒီအမှုကို ပိတ်ပစ်ဖို့တောင် စဉ်းစားနေတာ"

"ကျုပ်ကတော့ သိပ်မလောစေချင်ဘူး။ အဲဒီ ပုဂ္ဂိုလ်ကြီးက မထင်မှတ်တဲ့ အချိန်မျိုးမှာ ပြန်ပေါ်လာတတ်တဲ့ လူစားမျိုးပဲ"

ထို့နောက် သူတို့လေးယောက် လူစုခွဲလိုက်ကြသည်။ ဘီတန်က ဆေးရုံဆီသို့ ပြန်မောင်းလာစဉ် သူနှင့် ထရေနာတို့၏ ဆက်ဆံမှု အနေအထားကို ပြန်စဉ်းစားနေမိသည်။ ထရေနာနှင့် တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ခိုးကြောင်ခိုးဝှက် တွေ့ဆုံနေရမှုကို သူ မလိုလားပါ။ သူ စိတ်ပျက်ပိုက်ပါ။

ဘီတန်နှင့် ထရေနာတို့သည် လွန်ခဲ့သော နှစ်နှစ်ကျော်က ဘော့စတွန်တွင် ဆုံခဲ့ကြခြင်း ဖြစ်သည်။ ထရေနာက ဥပဒေဘာဏ်သစ်လောင်း ပင်တန်းတက်ရန် လာခဲ့ခြင်းဖြစ်ပြီး ဘီတန်က ဟားဘတ်တက္ကသိုလ်မှ ဆေးရုံတစ်ရုံတွင် လက်ထောက် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသူ ဖြစ်သည်။ သူတို့နှစ်ဦး မြင်မြင်ချင်း အပြန်အလှန် သဘောကျခဲ့ကြသည်။ သူတို့သည် တစ်ပတ်လုံးလုံး အချစ်မိုးကြီး ရွာခဲ့ကြသလို မကြာမီလည်း တွေ့ဆုံခဲ့ကြသည်။ ထို့နောက် ထရေနာက ဘီတန်အား ဘာတ်လက်ရှိ ဆေးရုံကို အုပ်ချုပ်ရန် စည်းရုံး၍ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ထရေနာက သူ့ဇနီးနှင့် ကွာရှင်းပြတ်စဲရေးမှာ မကြာတော့ဟု ဆိုခဲ့သော်လည်း ထိုကိစ္စမှာ ဖြစ်မလာခဲ့သလို ထရေနာနှင့် ဘီတန် အတူနေရေး ကိစ္စမှာလည်း အကောင်အထည် ပေါ်မလာခဲ့ချေ။ ဘီတန်က အခြေအနေကို ပြင်ဆင်ရန် တစ်ခုခု လုပ်သင့်သည်ဟု သူဆသော်

www.burmeseclassic.com

www.burmeseclassic.com



ပည်း ဘာလုပ်ရမည်ကို သူ မသိပါ။

ဆေးရုံသို့ ရောက်သည်နှင့် ဘီတန်က အခန်းနံပါတ် (၂၀၄) သို့ တန်း၍ သွားရောက်ခဲ့သည်။ ထိုအခန်းတွင် တွမ်ဘာရင်ဂါကို တွေ့ရမည်ဟု သူ ထင်ခဲ့သော်လည်း အဲလစ်နော်တင်ဟန်ဆိုသော အမျိုးသမီး တစ်ဦးကိုသာ တွေ့ရသည်။ ဘီတန်က အံကြိတ်လိုက်ပြီး ပထမထပ်ဆောင်း၏ ကော့ဒ်ဝဲလ်၏ ရုံးခန်းထဲသို့ တန်းဝင်သွားတော့သည်။ ဘီတန်က ခပ်ဆတ်ဆတ် မေးလိုက်၏။

"ဘာရင်ဂါ ဘယ်မှာလဲ"

"အခန်း (၂၀၄) မှာလေ"

"အဲလစ်နော်တင်ဟန်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ပဲ ရှိနေတယ်"

"တစ်ခုခုတော့ မှားနေပြီ"

ကော့ဒ်ဝဲလ်က ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်ပြီး လူနာလက်ခံရာဌာနမှ ဂျားနစ်စပါလင်ကို လိုက်ရှာလိုက်သည်။ သူက တွမ်ဘာရင်ဂါ ဘယ်မှာလဲဟု မေးသည်။ ဂျားနစ်က ဖြေလိုက်၏။

"ကျွန်မက သူ့ကို အခန်း (၂၀၉) မှာ ထားပါတယ်"

"သူ့ကို အခန်း (၂၀၄)မှာ ထားပါလို့ ကျုပ် ပြောခဲ့သားပဲ"

"ကျွန်မ သိပါတယ်။ အဲဒီ နောက်ပိုင်းမှာ အခန်း (၂၀၉)က အားလပ်လာပါတယ်။ အဲဒီ အခန်းက ပိုပြီး ကျယ်ဝန်းပါတယ်။ မစ္စတာ ဘာရင်ဂါဟာ အထူးလူနာ ဖြစ်တယ်လို့ ဆရာပဲ ပြောခဲ့ပါတယ်။ သူက အခန်း (၂၀၉) ကို ပိုပြီး ကြိုက်နှစ်သက်မယ် ထင်လို့ပါ"

"အခန်း (၂၀၄) က မြင်ကွင်း ပိုကောင်းတယ်။ အရိုးရောဂါအတွက် ခုတင်အသစ်လည်း ရှိနေတယ်။ ဒီပုဂ္ဂိုလ်က တင်ပါးဆုံရိုး ကျိုးနေတာ။ ဒီတော့ အခန်းကို ပြန်လဲချင်လဲ၊ ဒါမှမဟုတ်ရင် ခုတင်ကို လဲပေး"

"ကောင်းပြီလေ"

ဂျားနစ်က မျက်လုံးကြီး ကလယ်ကလယ်နှင့် ဖြေလိုက်၏။ လူ့အကြောင်း နတ်မလိုက်နိုင် ဆိုသလိုပါပဲလား။ ကော့ဒ်ဝဲလ်သည် ဘီတန်၏ ရုံးခန်းသို့ သွားရောက်ပြီး တံခါးပေါက်မှ အတွင်းသို့ ခေါင်းပြူ၍ ပြောလိုက်သည်။

"အဲဒီကိစ္စကို ကိုယ်တိုင် လိုက်မကြည့်မိတဲ့အတွက် ဝမ်းနည်းပါတယ်။ ဒါပေမယ့် ဒီကိစ္စကို တစ်နာရီအတွင်း ပြုပြင်ပေးပါ့မယ်လို့ ကျုပ် ကတိပေးပါတယ်"

ဘီတန်က ခေါင်းညိတ်ပြီး သူ့အလုပ်ကို ဆက်လုပ်နေလေတော့သည်။

* * * * *



(၆)

မေလ ၂၂ ရက်၊ စနေနေ့

ဒေးဗစ်ဝီလ်ဆန်သည် နံနက် ကိုးနာရီ မတိုင်မီ ဆေးရုံမှ ပြန်လာပြီး ပြောလိုက်၏။

"ဟေ့၊ မြန်မြန် လုပ်ကြလေကွာ။ ကိုယ်က မင်းတို့ကို တစ်နေ့လုံးလုံး စောင့်မနေနိုင်ဘူးကွ"

နစ်ကီသည် တံခါးပေါက်မှ ထွက်လာသည်။

"ဒါ မတရားဘူး၊ ကျွန်မတို့က ဒက်ဒီ့ကို စောင့်နေကြရတာ"

"တို့က နောက်ပြောင်ပြီး ပြောတာပါကွာ"

မကြာမီ သူတို့ ဘော့စတွန်မှ ထွက်ခွာလာခဲ့ကြသည်။ မြောက်ဘက်သို့ ရောက်လာလေလေ ပတ်ဝန်းကျင် ရှုခင်းက ပို၍ သာယာလာလေလေပင် ဖြစ်သည်။

သူတို့ ဘတ်တလက်သို့ ရောက်ကြသောအခါ ဒေးဗစ်က မော်တော်ကားကို ဖြည်းညင်းစွာ မောင်းနှင်ပြီး ရှုခင်းများကို အရသာခံ၍ ကြည့်နေကြသည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ရှုခင်းတွေက ကျွန်မ မှတ်မိခဲ့တာထက် ပိုပြီး လှပနေတယ်"

နစ်ကီက လမ်း၏ တစ်ဖက်သို့ လက်ညှိုးထိုးပြပြီး အော်လိုက်ပြန်၏။

"ဟောဟိုမှာ အရင် ခွေးကလေးကို တွေ့ရပြန်ပြီ၊ သမီးတို့ ခဏရပ်လို့ ရမလားဟင်"

ဒေးဗစ်က ကားကို ရပ်ပေးပြီး လမ်းတစ်ဖက်သို့ ကူးလိုက်ကြသည်။ နစ်ကီက ချဉ်းကပ်သွားချိန်တွင် ထိုအမျိုးသမီးက ပြန်နှုတ်ဆက်လိုက်၏။ နစ်ကီက ခေါင်းငုံ့လိုက်ချိန်တွင် ထိုခွေးကလေးက နစ်ကီ၏ မျက်နှာကို လျှာနှင့် လျက်လိုက်သည်။ အံ့ဩသွားသော နစ်ကီက ရယ်လိုက်၏။

ထိုအမျိုးသမီးက မစ္စတာ စတာလီ၏ ရီထရိုက်ဗာ ခွေးကြီးမော်လီ သားပေါက်နေကြောင်း သတင်းကောင်း ပေးလိုက်သဖြင့် သူတို့ ထိုနေရာသို့ ဆက်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပျော့ပေါက်စကလေးများကို မြင်ရသောအခါ နစ်ကီက ကောက်ယူ၍ မကျိုးမပဲ့ ပေနိုင်အောင် ဖြစ်ခဲ့ရသည်။

ဂျူ ရှိလိုက်သော ခွေးကလေးက နစ်ကီ၏ ပါးကို သူ့ဦးခေါင်းကလေးနှင့် တိုးဝှေ့ပြီး နှာခေါင်းကို လျှာနှင့် လျက်လိုက်၏။ နစ်ကီက ပြောလိုက်သည်။

"သမီး သူ့ကို ချစ်တယ်။ သမီး သူ့ကို မွေးချင်တယ်။ မွေးလို့ ရမလား ဟင်၊ သမီး သူ့ကို ကျွေးမွေးစောင့်ရှောက်ပါ့မယ်"

ဒေးဗစ်သည် ရုတ်တရက် မျက်ရည်လည်လာသဖြင့် မျက်ရည်မကျအောင် ကြိုးစား၍ ထိန်းလိုက်ရ၏။ ဒေးဗစ်က အင်ဂျယ်လာကို လှမ်းကြည့်လိုက်ရာ အင်ဂျယ်လာကလည်း မျက်စိကို စက္ကူလက်ကိုင်ပဝါနှင့် တို့ရင်း သူ့ခင်ပွန်းကို ပြန်မော့ကြည့်လိုက်သည်။ သူတို့နှစ်ယောက် လုံးဝနားလည်မှု ရရှိသွားကြသည်။ နစ်ကီ၏ အလွန်အကျွံ မဟုတ်သော တောင်းဆိုမှုက သူတို့နှစ်ယောက်ကို စိတ်ထိခိုက်စေခဲ့သည်။ နစ်ကီလို ဝေဒနာရှင်တစ်ဦးအဖို့ အခြား တောင်းဆိုစရာလည်း သိပ်မရှိလှပါ။

"ကိုယ်တွေးတောနေတဲ့ ကိစ္စကို မင်းလည်း တွေးနေသလား"

အင်ဂျယ်လာက မျက်ရည်စများ အကြားမှ ပြုံးပြလိုက်၏။

"တွေးနေတယ် ထင်တာပဲ။ ဒါဆိုရင် ကျွန်မတို့ အိမ်တစ်လုံး ဝယ်နိုင်ကြလိမ့်မယ်"

ဒေးဗစ်က ပြောလိုက်၏။

"ရာဇဝတ်မှုတွေနဲ့ လေထုညစ်ညမ်းမှုတွေကို နှုတ်ဆက်ခဲ့ပါတယ်ကွာ"

သူက နစ်ကီကို ငုံ့ကြည့်လိုက်သည်။

"ကောင်းပြီလေ၊ သမီး ခွေးလေးတစ်ကောင် မွေးနိုင်တယ်။ ကိုယ်တို့ ဘတ်တလက်ကို ပြောင်းလာကြမယ်"

နစ်ကီ၏မျက်နှာ ဝင်းလက်သွားကြသည်။ ဒေးဗစ်က ခွေးပိုင်ရှင် မစ္စတာ စတာလီနှင့် ဆွေးနွေးပြီး နှစ်ဖက်ညှိ၍ ဈေးဖြတ်လိုက်ကြသည်။ မစ္စတာ စတာလီက ပြောလိုက်၏။

"သူတို့က နောက်လေးပတ်ကြာမှ နို့ဖြတ်လို့ရမှာ"

"ဖြစ်ပါတယ်၊ ကျုပ်တို့ကလည်း ဒီလကုန်မှ ဘတ်တလက်ကို ပြောင်းလာကြမှာပါ"

သူတို့သည် သံမဏိမြင်း စားသောက်ဆိုင်သို့ သွားပြီး နေ့လယ်စာ စားကြသည်။ အင်ဂျင်လာက မေးလိုက်၏။

"ကျွန်မတို့ရဲ့ နှစ်ဦးပေါင်း လစာဟာ တစ်နှစ်ကို ဒေါ်လာ တစ်သိန်းနှစ်သောင်းကျော် ရလိမ့်မယ်ဆိုတာ ရှင် ယုံရဲ့လား"

ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်တို့ သူဌေးဖြစ်ပြီပဲ"





နစ်ကီကလည်း ဝင်ပြောလိုက်၏။

"သမီးကတော့ ခွေးကလေးကို ရပ်စတီလို့ ခေါ်မယ်"

ဒေးဗစ်က-

"သိပ်ကောင်းတဲ့ နာမည်ပဲ"

ဟု ပြောလိုက်သည်။ အင်ဂျယ်လာက ဒေးဗစ်ကို မထိတထိ စပြောလာသည်။

"ကျွန်မ ရှင့်ထက် နှစ်ဆပိုပြီး လခရတာကို ရှင် ဘယ်လို ထင်သလဲ၊ ရှင့်ပုရိသ သိက္ခာကို ထိခိုက်သွားလေမလားပဲ"

"နည်းနည်းလေးတောင် မထိခိုက်ပါဘူးကွာ၊ ပြီးတော့လည်း ကိုယ်တို့ ပင်မယား ကွာရှင်း ပြတ်စဲကြမယ်ဆိုရင် ကိုယ်က မယားစရိတ် မပေးရဘဲ ယောကျ်ားစရိတ် ပြန်ရမယ် ဆိုတာကို သိရတာ သိပ်နိပ်တာပဲ"

အင်ဂျယ်လာ စားပွဲပေါ်မှ ကျော်၍ ဒေးဗစ်၏ နံရိုးကို လက်နှင့် ပုတ်ထိုးရန် ရွယ်လိုက်မှုကို ဒေးဗစ်က ရှောင်လိုက်ဟန် ပြုလိုက်သည်။

နေ့လယ်စာ စားပြီးသောအခါ သူတို့သည် ဆေးရုံသို့ တန်းသွားပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ကော့ဒ်ဝဲလ်အား ပြောပြလိုက်၏။

ဝမ်းသာသွားသော ကော့ဒ်ဝဲလ်က စီအမ်ဗွီမှ ချားလ်ကယ်လီပါ သိသွားအောင် သူတို့ကို ခေါ်သွားပြန်သည်။ ချားလ်စ်ကယ်လီကလည်း ကော့ဒ်ဝဲလ်နည်းတူ ဝမ်းသာသွားသည်၊ သူက ဒေးဗစ်ကို မည်သည့် အချိန်တွင် အလုပ် စဝင်နိုင်မည်နည်းဟု မေးလိုက်၏။

အလုပ်သင်ကာလ ပြီးဆုံးပြီး နောက်တစ်ရက်ဖြစ်သော ဇူလိုင်လ (၁) ရက်နေ့တွင် ဝင်ရောက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားလိုက်၏။ ထို့နောက် ဒေးဗစ်က ၎င်းထိုင်ရမည့် ရုံးခန်းကို ဒုတိယအကြိမ် သွားရောက် ကြည့်ရှုခွင့်ပြုရန် မေတ္တာရပ်ခံရာ ချားလ်ကယ်လီက သူတို့အားလုံးကို ခေါ်ဆောင်သွားလေသည်။

ဒေးဗစ်သည် လူနာစောင့်ဆိုင်းခန်း၏ အပြင်ဘက်တွင် ရပ်တန့်၍ ဒေါက်တာ ရန်းဒေါ်ပို့တလန်၏ ဆိုင်းဘုတ်အောက်မှ လစ်လပ်နေသော နေရာတွင် သူ့နာမည် ဆိုင်းဘုတ်ကို တပ်လိုက်မည် ဆိုပါက မည်သို့မည်ပုံ ရှိနိုင်ကြောင်း စိတ်ကူးယဉ်ကြည့်လိုက်သည်။

ဒေးဗစ်သည် တံခါးကိုဖွင့်၍ အထဲသို့ ဝင်လိုက်၏။ လူတစ်ယောက်သည် လူနာစောင့်ဆိုင်းခန်းထဲရှိ ခုံတန်းလျားရှည်ပေါ်မှ ခုန်ထလိုက်သဖြင့် ဒေးဗစ်၏ စိတ်ကူးယဉ် အိပ်မက်ကလေး ပျက်စီးသွားရလေတော့သည်။ ထိုပုဂ္ဂိုလ်က ဒေါသတကြီး ပြောလိုက်၏။

"ဒါက ဘာသဘောလဲကွ"

ဒေးဗစ်က အတန်ငယ်ကြာမှ ထိုပုဂ္ဂိုလ်သည် ဒေါက်တာ ပို့တလန် ဖြစ်ကြောင်း မှတ်မိသွားတော့သည်။ ဒေါက်တာ ပို့တလန်သည် အတော်ကလေး ပိန်ချုံးသွားသလို မျက်တွင်းများကလည်း ဟောက်ပက် ဖြစ်နေ


www.burmeseclassic.com

www.burmeseclassic.com


လေ့သည်။ ပါးရိုးများကလည်း ငေါထွက်နေသည်။

ချားလ်စကယ်လီက ရှေ့သို့ တိုးထွက်လာပြီး ပြန်မိတ်ဆက်ပေးလိုက်ရာဖြင့် ဒေါက်တာ ပို့တလန်၏ ဒေါသည် အနည်းငယ် ပြေလျော့သွားတော့သည်။ ဒေးဗစ်က နှောင့်ယှက်သလို ဖြစ်သွားရသည့်အတွက် တောင်းပန်လိုက်၏။ ဒေါက်တာ ပို့တလန်က ဖြေလိုက်သည်။

"ကျုပ် ဒီကနေ့ မနက်က ခွဲစိတ်မှုတစ်ခု ပြုခဲ့ရတယ်။ အဲဒါကြောင့် ပင်ပန်းသွားပြီး ခဏလောက် အိပ်နေမိလို့ပါဗျာ"

ကော့ဒ်ဝဲလ်က မေးလိုက်၏။

"တွမ်ဘာရင်ဂါလား"

ဒေါက်တာ ပို့တလန်က ခေါင်းညိတ်ပြသည်။ ကော့ဒ်ဝဲလ်က ပြောလိုက်ပြန်၏။

"ခွဲစိတ်မှု အဆင်ပြေတယ်နဲ့ တူတယ်"

"ခွဲစိတ်မှုကတော့ အဆင်ပြေပါတယ်ဗျာ။ ခွဲစိတ်ပြီး နောက်ပိုင်းကာလအတွက် ရင်တမမနဲ့ စောင့်ရဦးတော့မှာပေါ့"

ဒေးဗစ်က နောက်တစ်ကြိမ် တောင်းပန်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ ဒေးဗစ်က မေးလိုက်၏။

"သူက ဘာဖြစ်နေလို့လဲ၊ သူကြည့်ရတာ နေကောင်းပုံ မရဘူး"

အင်ဂျယ်လာကလည်း-

"သူကြည့်ရတာ စိတ်ဓာတ်ကျဆင်းနေပုံရတယ်"

ဟု မှတ်ချက်ချသည်။ ချားလ်စ်ကယ်လီက ဝန်ခံလိုက်၏။

"သူက အလုပ်သိပ်များပါတယ်၊ သူ အလုပ်ပိနေတာပါဗျာ"

ချားလ်စ်ကယ်လီ၏ ရုံးခန်းရှေ့သို့ ပြန်ရောက်ကြသောအခါ ရပ်တန့်ပြီး ချားလ်စ်ကယ်လီက မေးလိုက်ပြန်၏။

"အခု ခင်ဗျားတို့ ဒီကို ပြောင်းလာကြမယ်ဆိုတာ သိရတော့ ကျုပ်တို့က ဘာများ ကူညီနိုင်ပါသလဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မတို့က အိမ်နှစ်အိမ်၊ သုံးအိမ်လောက်တော့ လိုက်ကြည့်ရတော့မှာပဲ။ ကျွန်မတို့က ဘယ်သူနဲ့ ဆက်သွယ်ရင် ကောင်းမလဲ"

ကော့ဒ်ဝဲလ်က ပြောလိုက်၏။

"ဒေါ်ရသီဝေးမောက်"

"သူပြောတာ မှန်တယ်"

ဟု ချားလ်စ်ကယ်လီကလည်း ထောက်ခံသည်။ နောက်နာရီဝက်ကြာသောအခါ သူတို့သည် ဒေါ်ရသီဝေးမောက်၏ ရှေ့မှောက်သို့ ရောက်ရှိသွားတော့သည်။

"ကျွန်မက ရှင်တို့အကြိုက်ကို မသိသေးတဲ့အတွက် ရှင်တို့က ကျွန်မကို ကူညီရလိမ့်မယ်။ ရှင်တို့က မြို့ထဲက သစ်သားအိမ်ဖြူဖြူကလေးမျိုးကို ကြိုက်သလား။ ဒါမှမဟုတ် သီးသီးသန့်သန့် ရှိနေတဲ့ ကျောက်တုံးနဲ့ ဆောက်ထားတဲ့ ယာတဲအိမ်မျိုးကို သဘောကျသလား၊ အိမ်အရွယ်အစားကရော၊ ပြီးတော့လည်း ရှင်တို့က ကလေး နောက်ထပ်ယူဖို့ ရည်ရွယ်ချက်ရှိသလား"

ဒေးဗစ်နှင့် အင်ဂျယ်လာ တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်ကြသည်။ နစ်ကီကို မမွေးခင်က သူတို့သည် စစ်စတစ် ဖိုင်ဘရိုးဆစ် (Cystic fibrosic) ရောဂါ၏ မျိုးဗီဇကို သယ်ဆောင်လာသူများ ဖြစ်ကြောင်း မသိခဲ့ကြချေ။

ဒေါ်ရသီက နေအိမ်ဓာတ်ပုံများကို တစ်ပုံပြီး တစ်ပုံ ချပြနေသည်။

"ဟောဒီ အိမ်ကတော့ အခုမှ ဈေးကွက်ထဲကို ရောက်လာတဲ့ ချစ်စရာ အိမ်ကလေးပဲ"

အင်ဂျယ်လာ အသက်ရှူ မှားသွားသည်။ သူက ဓာတ်ပုံကို ကောက်ယူလိုက်၏။ နစ်ကီက ပခုံးပေါ်မှ ကျော်ကြည့်လိုက်သည်။

"ကျွန်မ ဒီအိမ်ကို သဘောကျတယ်"

အင်ဂျယ်လာက ဓာတ်ပုံတစ်ပုံကို ဒေးဗစ်ထံ လှမ်းပေးလိုက်၏။ ထိုအိမ်မှာ ဂျော်ဂျီယန် နောက်ပိုင်းကာလ သို့မဟုတ် ဖက်ဒရယ်ကာလ အစောပိုင်းက ဆောက်ခဲ့သော အုတ်နှင့် ဆောက်ထားသည့်တိုက် ဖြစ်သည်။

"အဲဒါကတော့ အုတ်တိုက်တွေထဲမှာ သက်တမ်း အရင့်ဆုံးတိုက်ပဲ။ ၁၈၂၀ ပြည့်နှစ်လောက်က ဆောက်ခဲ့တာ"

"ဟောဒီ နောက်ဘက်ကဟာက ဘာလဲ"

"အဲဒါက တိရစ္ဆာန်အစာ သိုလှောင်တဲ့ နေရာပဲ။ အိမ်နောက်ဘက်မှာ အိမ်နဲ့ ဆက်နေတာက စပါးကျီ၊ အဲဒီအိမ်ဟာ နွားမွေးမြူရေးခြံပဲ။ တစ်ချိန်တုန်းက တော်တော် စီးပွားဖြစ်ခဲ့တယ်"

"ဒီအိမ်က ကောင်းလွန်းပါတယ်လေ၊ ကျွန်မတို့ တတ်နိုင်မယ် မထင်ဘူး"

"ဘာတန်ရှားဝုဒ်ရဲ့ အဆိုအရ ရှင်တို့ တတ်နိုင်ပါတယ်။ ပြီးတော့လည်း ကျွန်မက အိမ်ပိုင်ရှင် ကလာရာ ဟော့ချ်နဲ့ သိတယ်။ သူကလည်း သိပ်ကို ရောင်းချင်နေတယ်။ ကျွန်မက ဈေးတည့်အောင် ညှိပေးလို့ ရပါတယ်။ တခြား လေးအိမ်၊ ငါးအိမ်ကိုလည်း လိုက်ကြည့်ကြဦးပေါ့"

ဒေါ်ရသီ၏ လိမ္မာပါးနပ်စွာ စီစဉ်မှုကြောင့် သူတို့သည် ထိုအိမ်သို့ နောက်ဆုံးတွင်မှ ရောက်လာကြသည်။ ထိုအိမ်သည် မြို့၏ တောင်ဘက်တွင်ရှိပြီး မြို့လယ်ကောင်မှ နှစ်မိုင်ခွဲခန့်အကွာ တောင်ကုန်းကလေးပေါ်တွင် ရှိသည်။ သူတို့အိမ် အဝင်လမ်းပေါ်၌ ရပ်တန့်လိုက်သည်နှင့် နစ်ကီက ဖားကန်ကလေးကို တွေ့သွားလေရာ ချက်ချင်းပင် သဘောကျသွားလေတော့သည်။ ဒေါ်ရသီက ပြောလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"[illegible]တန်ကလေးက လှရုံတင်မကဘူး၊ ဆောင်းတွင်းကျရင် စကိတ် [illegible] ရတယ်"

အင်ဂျယ်လာနှင့် ဒေးဗစ်တို့သည် ထိုအိမ်ကို သဘောကျနေကြသည်။ ထိုအိမ်သည် မူလက ထင်ခဲ့သလို နှစ်ထပ်တိုက် မဟုတ်ဘဲ သုံးထပ်တိုက် ဖြစ်နေကြောင်း သတိပြုမိကြတော့သည်။

သူတို့သည် အိမ်ထဲသို့ဝင်၍ အနှံ့အပြား လျှောက်ကြည့်ကြသည်။ သူတို့သည် လိပ်သည်းကျောက် လှေကားမှ တစ်ဆင့် မြေအောက်ခန်းထဲသို့ပင် ဆင်းကြည့်ကြသည်။ မြေအောက်ခန်းမှာ စိုထိုင်းပြီး မှိုနံ့ရနေသည်။ ဒေးဗစ်က ပြောလိုက်၏။

"အနံ့က တစ်မျိုးပဲ။ ဒီအောက်ဘက်မှာ ရေဝပ် ရေစိမ့်တဲ့ ပြဿနာများ ရှိဖူးသလား"

ဒေါ်ရသီက ပြောလိုက်၏။

"ကျွန်မ ကြားရသလောက်တော့ မရှိပါဘူး။ အင်မတန် ကောင်းပြီး ကျယ်ဝန်းတဲ့ မြေအောက်ခန်းပါ။ တကယ်လို့ ရှင်တို့က လက်သမားအလုပ်မှာ လက်ရာမြောက်တဲ့လူဆိုရင် ဒီအောက်ထပ်မှာ ဆိုင်တစ်ဆိုင် ဖွင့်လို့တောင် ရနိုင်ပါတယ်"

ဒေးဗစ်သည် ကျွမ်းနေသော မီးလုံးကိုပင် ဖြောင့်ဖြောင့်တန်းတန်း ပြန်၍ လဲလှယ် တပ်ဆင်နိုင်သူ မဟုတ်ဟု အင်ဂျယ်လာက ပြောပြီး မရယ်မိအောင် မနည်းကို ချုပ်တီးထားလိုက်ရသည်။

မြေအောက်ခန်း ကြမ်းပြင်မှာ ထိုခေတ်က ပုံစံအတိုင်း မြေသားကို မာကျောနေအောင် ထုထောင်းထားသည်။ ဒေါ်ရသီက ပြောလိုက်၏။

"ဒီမြေအောက်ခန်းဟာ (၁၉) ရာစုနှစ်က နေအိမ်တွေရဲ့ ပုံစံအတိုင်း ပါရှိရမယ့် အင်္ဂါရပ်တွေ ပြည့်ပြည့်စုံစုံ ပါရှိပါတယ်"

သူက ကြီးမားသော သစ်သားတံခါးကြီး တစ်ချပ်ကို ဆွဲဖွင့်ပြလိုက်၏။

"ဒါက ရှေးဟောင်း အအေးခန်းလေ"

အထဲတွင် သစ်သီးဝလံများကို တင်ထားရန်အတွက် စင်များ၊ အာလူးနှင့် ပန်းသီးများ ထည့်ရန်ပုံးများ ရှိနေသည်။ ထိုအခန်းထဲတွင် မီးလုံးငယ် တစ်လုံးကိုသာ ထွန်းထားသောကြောင့် ခပ်မှောင်မှောင် ဖြစ်နေသည်။ နစ်ကီက ပြောလိုက်၏။

"ကြောက်စရာကြီးပဲ၊ အချုပ်ခန်းနဲ့တောင် တူနေတယ်"

ထို့နောက် ဒေါ်ရသီက မြေအောက်ခန်း၏ အခြားထောင့်တစ်ထောင့်သို့ ခေါ်သွားပြီး ကြီးမားသော အအေးသေတ္တာကြီး တစ်လုံးကို ပြလိုက်ပြန်၏။

"ဒီအိမ်မှာ စားစရာ သောက်စရာတွေကို သိုလှောင်ထားဖို့ ရှေးဟောင်းနည်းရော၊ ခေတ်သစ်နည်းစနစ်ပါ အစုံအလင် ရှိနေပါတယ်"





ဟု ဒေါ်ရသီက ပြောလိုက်သည်။ သူတို့သည် မြေအောက်ခန်းထဲက အပေါ်သို့ ပြန်မတက်ကြမီ ဒေါ်ရသီက ဒုတိယတံခါး တစ်ပေါက်ကို ဖွင့်ပြလိုက်ပြန်၏။ တံခါး၏နောက်ဘက်တွင် ဒုတိယ လိပ်သည်းကျောက် လှေကားတစ်စင်း ရှိနေပြီး လှေကား၏ အပေါ်ဘက်တွင် အံဖုံးတံခါး တစ်ချပ် ရှိနေပြန်သည်။

"အဲဒီလှေကားက တက်သွားရင် နောက်ဖေးဘက် ခြံဝင်းထဲကို ရောက်သွားမယ်။ ဒါကြောင့် ထင်းတွေကို ဒီနေရာမှာ ထားတာပဲ ဖြစ်တယ်"

ဒေါ်ရသီက နံရံနှင့်ကပ်၍ သေသေသပ်သပ် စီပြီး ပုံထားသော ထင်းပုံကြီးကို ပြလိုက်သည်။

မြေအောက်ခန်းထဲမှ နောက်ဆုံး သတိပြုမိစေမည့် ပစ္စည်းမှာ အလွန်ကြီးမားသော မီးဖိုကြီးတစ်ခုပင် ဖြစ်သည်။ ထိုမီးဖိုကြီးသည် ရှေးဟောင်း ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းကြီးနှင့်ပင် တူနေသေးတော့သည်။

"အရင်တုန်းကတော့ ကျောက်မီးသွေးသုံး မီးဖိုပါပဲ။ အခုတော့ လောင်စာဆီနဲ့ သုံးလို့ရအောင် ပြုပြင်ထားပါတယ်"

ဒေါ်ရသီက အအေးသေတ္တာကြီးနှင့် မျက်နှာချင်းဆိုင် အခန်းထောင့်တွင် ရှိနေသော ဆီတိုင်ကီကို ပြလိုက်ပြန်၏။ ဒေးဗစ်ကလည်း မီးဖိုတွေအကြောင်း နားလည်သည့် ဟန်ပန်နှင့် ခေါင်းညိတ်ပြလိုက်သည်။

မီးဖိုချောင်ဆီသို့ ပြန်အတက်တွင် ဒေးဗစ်က မှိုနံ့ကို ရှူလိုက်ရပြန်သောကြောင့် မိလ္လာကန်စနစ်ကို မေးလိုက်သည်။

"မိလ္လာကန်စနစ်က ကောင်းပါတယ်။ အဲဒါကိုလည်း ကြည့်ရှု စစ်ဆေးပြီးပါပြီ။ အဲဒါက အိမ်ရဲ့ နောက်ဘက်မှာ ရှိပါတယ်။ ရေစစ်ကန်ကို ကျွန်မ လိုက်ပြနိုင်ပါတယ်"

"ကြည့်ရှုစစ်ဆေးပြီးပြီဆိုရင် ပြီးတာပဲပေါ့ဗျာ"

ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် ထိုအိမ်မှ အပြန်တွင် ဂရင်းမောင်တိန် နေရှင်နယ်ဘဏ်၌ ဆင်းနေရစ်ခဲ့ကြသည်။ ဘာတန်ရှားဝုဒ်ကလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုပါသည်။ ဒေးဗစ်က ပြောလိုက်၏။

"ကျုပ်တို့ ကြိုက်တဲ့အိမ်ကို တွေ့ခဲ့ပါပြီ။ ကလာရာဟော့ချ်ရဲ့ နေအိမ်ပဲ။ ခေါ်စျေးက ဒေါ်လာနှစ်သိန်းခွဲ ဖြစ်နေတယ်။ အဲဒါကို ဘဏ်က ဘယ်လို သဘောထားပါသလဲ"

"အဲဒီအိမ်အကြောင်း ကျုပ် ကောင်းကောင်း သိပါတယ်ဗျာ။ ကျုပ်အိမ်နဲ့ ကပ်လျက်ပါပဲ။ နေရာကလည်း သိပ်ကောင်းတယ်။ စျေးကတော့ ကျုပ် အထင်ပြောရရင် သိပ်ကို အချောင်ရလိုက်တာပဲ"

သူတို့ ဇနီးမောင်နှံသည် ဘဏ်မှ ဒေါ်ရသီ၏ ရုံးခန်းသို့ ပြန်လာခဲ့ကြပြီး စျေးဆစ်ကြရာ ဒေါ်လာ နှစ်သိန်းတစ်သောင်းနှင့် စျေးတည့်သွားကြတော့သည်။ သူတို့သည် ဒေါ်ရသီ၏ရုံးခန်းနှင့် ဘဏ်သို့ အခေါက်ခေါက် အခါခါ ကူးသန်းရင်း နောက်ဆုံးတွင် အိမ်အရောင်းအဝယ်နှင့် သက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com


ပထမ စာချုပ်စာတမ်းများပေါ်၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြတော့သည်။ လူပျိုနှစ်ဦးသည် အိမ်ပိုင်ရှင်များ ဖြစ်လာကြသော်လည်း စိုးရိမ်ကလေး ကပေတော့ ရှိနေဆဲပင် ဖြစ်သည်။ သူတို့၏ အကြွေးပမာဏမှာ ဒေါ်လာ ထုံးထိန်းခွဲထက်ပင် ကျော်လွန်နေသောကြောင့် ဖြစ်သည်။ လက်မှတ်ရေး ထိုးပြီးချိန်တွင် ဒေါ်ရသီက ပြောလိုက်၏။

"အိမ်ပြင်ဖို့ လက်တိုလက်တောင်း ကိစ္စလေးတွေ ဆိုရင်တော့ ကျွန်မ တို့က ပိဘာဂန်ကို သုံးကြတယ်။ ဆေးသုတ်လုပ်ငန်းနဲ့ ပတ်သက်ရင်တော့ ကျွန်ုပ်မက ဂျွန်မာရေးကို သုံးလေ့ရှိတယ်"

ဒေးဗစ်က ထိုပုဂ္ဂိုလ်များ၏ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို ရေးမှတ်ယူလိုက်သည်။

"နစ်ကီအတွက် ကလေးထိန်း လိုချင်တယ် ဆိုရင်တော့ ကျွန်မ အစ်မကြီး အဲလစ်ဒိုဟာတီက ဆောင်ရွက်ပေးပါလိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က သူ့ခင်ပွန်း ဆုံးသွားရှာတယ်။ ပြီးတော့ သူက ရှင်တို့ ဘက်မှာပဲ နေပါတယ်"

သူတို့သည် မွန်းလွဲပိုင်းတွင် ၎င်းတို့ အိမ်သစ်၌ လက်သမားဆရာ နှင့် ဆေးသုတ်သူတို့ကို လက်ခံတွေ့ဆုံပြီး ပြုပြင်ရန်နှင့် ဆေးကြောသုတ် သင်ရန်၊ ရာသီဥတုဒဏ်ကို ခံနိုင်အောင် ဆေးသုတ်ရန်တို့ကို မှာကြားခဲ့ ပြန်သည်။

ဘော့စတွန်သို့ အပြန်ခရီးတွင် အင်ဂျယ်လာက တစ်လှည့် ကားမောင်း ပေးသော်လည်း ဒေးဗစ်နှင့် နစ်ကီတို့သည် အိပ်မငိုက်ကြချေ။ အနာဂတ် ကာလအတွက် အတွေးကိုယ်စီနှင့် ကြည်နူးနေကြသည်။ အတန်ငယ် ကြာသောအခါ ဒေးဗစ်က စမေးလိုက်၏။

"မင်းက ဒေါက်တာ ပို့တလန်ကို ဘယ်လိုထင်သလဲ၊ ဒီလူက ရန်လို နေသလိုပဲ"

"ကျွန်မတို့က သူ့ကို သွားနှိုးလိုက်သလို ဖြစ်သွားလို့နဲ့ တူပါတယ်"

"ဒါပေမယ့် ဘယ်သူမှ အဲဒီလောက် စိတ်မတိုတတ်ကြပါဘူး။ ပြီး တော့လည်း သူက တစ်လအတွင်း အရမ်းကို ပြောင်းလဲသွားတယ်"

"ကျွန်မကတော့ သူ စိတ်ဓာတ်ကျဆင်းနေတယ်လို့ပဲ ထင်တယ်"

သူတို့သည် လမ်းတွင် ညစာဝင်စားကြပြီးနောက် ဘော့စတွန်သို့ မှောင်မှ ရောက်လာကြသည်။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့က မိဘများထံ သတင်းကောင်း ပြောကြားရန် ဆုံးဖြတ်လိုက်ကြသည်။

ဒေးဗစ်၏ မိဘများက ဝမ်းသာကြသည်။ သူတို့သည် အလုပ်မှ အနားယူပြီးနောက် နယူးဟမ်ရှိုင်းယားရှိ အမ်းဟတ်စ်တွင် လာရောက် နေထိုင်နေကြသောကြောင့် ဘတ်တလက်ကို အိမ်ဦးနှင့် ကြမ်းပြင်ဟု သဘောထားကြသည်။

"မင်းတို့နဲ့ မကြာခဏ တွေ့ရတော့မှာပေါ့ကွာ"

ဟု ဆိုကြသည်။ အင်ဂျယ်လာ၏ မိဘများကမူ ကွဲလွဲစွာ တုံ့ပြန်ကြ သည်။ ဖခင်ဖြစ်သူ ဒေါက်တာ ဝေါလ်တာခရစ်စတိုဖာက ပြောလိုက်၏။

"အင်မတန် ကြီးမားတဲ့ ပညာရှင် အသိုင်းအဝိုင်းက ထွက်လိုက်တယ် ဆိုတာ လွယ်ကူပေမယ့် ပြန်ဝင်ဖို့ ခက်တယ်ကွ။ မင်းတို့က ခုလို မိုက်မိုက် ကန်းကန်း မဆုံးဖြတ်ခင် ငါ့သဘောထားကို မေးဖို့ ကောင်းတယ်။ ရော့ ဟေမ်နဲ့ ပြောဦး"

အင်ဂျယ်လာ၏ မိခင်ကလည်း အင်ဂျယ်လာနှင့် ဒေးဗစ် နယူး ယောက်သို့ မလာကြသည့်အတွက် စိတ်ပျက်ကြောင်း ပြောကြားသည်။

အင်ဂျယ်လာက စကားပြောခွက်ကို ပြန်ချိတ်လိုက်ပြီးနောက် ဒေးဗစ် ကို ပြောလိုက်လေ၏။

"သူတို့က ဘယ်တုံးကမှ ကျွန်မတို့ကို လိုလိုလားလား မရှိခဲ့ကြတာ။ ဟုမှ စိတ်ပြောင်းလာဖို့ မျှော်လင့်လို့ မရနိုင်တော့ပါဘူးလေ"

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၇)

မေလ ၂၄ ရက်၊ တနင်္လာနေ့

ထရေနာသည် မွန်းလွဲပိုင်း အစည်းအဝေးအတွက် အချိန်စော၍ ရောက်ရှိလာသည်။ သူက ဟယ်လင်ဘီတန်၏ ရုံးခန်းသို့ တန်းသွားမည့်အစား ဒုတိယထပ်ရှိ အခန်းနံပါတ် (၂၀၉) သို့ သွားခဲ့သည်။

ထရေနာက တံခါးကို ဖွင့်လိုက်ပြီး မှောင်နေသော အခန်းထဲရှိ အရိုးရောဂါကု ခုတင်ကြီးဆီသို့ လျှောက်သွားလိုက်သည်။ ထရေနာက မည်သည့် ပစ္စည်းနှင့်မျှ မထိရလေအောင် သတိထားပြီး ကိုယ်ကို ရှေ့သို့ ကိုင်း၍ တွမ်ဘာရင်ကို ငုံ့ကြည့်လိုက်လေ၏။

တွမ်ဘာရင်ဂါ၏ မျက်နှာမှာ ပြာနှမ်းပြီး အသက်ကို ပင်ပင်ပန်းပန်း ရှူနေရရှာသည်။ သူ့နှာခေါင်းထဲသို့ ပလတ်စတစ်ပိုက်ကို ထိုးသွားထားပြီး အောက်ဆီဂျင် သွင်းပေးထားရသည်။ သူ့မျက်စိများကို တိပ်နှင့်ကပ်၍ ပိတ်ထားပြီး မျက်ခွံများ အောက်ဘက်မှ လိမ်းဆေးများသည် အပြင်သို့ စီးထွက်နေကြသည်။

"တွမ်"

ဟု ထရေနာက ခပ်တိုးတိုး ခေါ်လိုက်၏။ တွမ်ဘာရင်ဂါထံမှ တုံ့ပြန်မှု မရရှိသောအခါ သူက ခပ်ကျယ်ကျယ် ထပ်ခေါ်လိုက်ပြန်သည်။ သို့ရာတွင် တွမ်ဘာရင်ဂါထံမှ တုံ့ပြန်မှု မရရှိပါ။

"သူက မတုံ့ပြန်နိုင်တော့တဲ့ အဆင့်ကို ရောက်နေပြီ"

ထရေနာ ထိတ်ခနဲ ဖြစ်သွားပြီး မျက်နှာပေါ်မှာ သွေးဆုတ်သွားတော့သည်။ သူက ဒီအခန်းထဲ၌ တွမ်နှင့် သူသာ ရှိသည်ဟု ထင်ခဲ့မိသည်။

"သူ့ အဆုတ်ရောင် ရောဂါက ဆေးကုတာကို လက်မခံတော့ဘူး"

ထရေနာ မသိသော လူစိမ်းက ဒေါပွပွနှင့် ပြောလိုက်၏။ ထိုသူသည် အခန်းထောင့်၌ ထိုင်နေပြီး မှောင်ရိပ်ထဲသို့ ရောက်နေသဖြင့် သူ့မျက်နှာကို ထရေနာ မမြင်ရချေ။ ထိုပုဂ္ဂိုလ်က ထပ်ပြောပြန်သည်။

"သူလည်း တခြား လူတွေလို သေလုမြောပါး ဖြစ်နေပြီ"





ထရေနာက နဖူးပေါ်မှ ချက်ချင်း ထွက်လာသော ချွေးများကို သုတ်ရင်း မေးလိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က မစ္စတာ ဘာရင်ဂါရဲ့ ဆရာဝန်၊ ဒေါက်တာ ရန်းဒေါ်ပို့တလန်ပဲ"

သူသည် ခုတင်၏ ဟိုဘက်သို့ တိုးကပ်လာပြီး မလှုပ်မယှက် ဖြစ်နေသော သူ့လူနာကို ငုံ့ကြည့်လိုက်သည်။

"ကျုပ် သူ့ကို ခွဲစိတ်ကုသတုန်းက အောင်မြင်ခဲ့ပါတယ်ဗျာ။ ဒါပေမယ့် အဲဒါက သူ့အတွက် မရဏကုထုံး ဖြစ်သွားတယ်။ သူ ဒီက အသက်ရှင်ပြီး ပြန်ထွက်သွားနိုင်တော့မှာ မဟုတ်ဘူး"

ဒေါက်တာ ပို့တလန်က ထရေနာကို မော့ကြည့်လိုက်၏။

"ဒီဆေးရုံမှာ တစ်ခုခုတော့ ချွတ်ယွင်းနေပြီ။ ကျုပ်အပေါ် အပြစ်ပုံချတာ ကျုပ် မခံနိုင်ဘူး"

ထရေနာက ခပ်ဆိုင်းဆိုင်း ပြောလိုက်၏။

"ဒေါက်တာ ပို့တလန်၊ ခင်ဗျား ကြည့်ရတာ နေကောင်းပုံ မရဘူး။ ခင်ဗျားကိုယ်တိုင် ဆရာဝန် တစ်ယောက်ယောက်နဲ့ ပြလိုက်ပါလားဗျာ"

ဒေါက်တာ ပို့တလန်က ဦးခေါင်းကို နောက်ဘက်သို့ ဆတ်ခနဲ ပြန်မော့လိုက်ပြီး ရယ်လိုက်သည်။

"ခင်ဗျားပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်၊ ကျုပ် အဲဒီလို လုပ်ကောင်း လုပ်ရလိမ့်မယ်"

ဒေါက်တာ ပို့တလန်သည် ချာခနဲ လှည့်ပြီး အခန်းထဲမှ ထွက်ခွာသွားတော့သည်။ ထရေနာ ကြက်သေသေသွားသည်။ ထရေနာက တွမ်ဘာရင်ဂါအား နောက်တစ်ကြိမ် ခေါ်ကြည့်သေးသော်လည်း မရသဖြင့် အခန်းထဲမှ ပြန်ထွက်သွားတော့သည်။ သူက ဒေါက်တာ ပို့တလန်ကို လိုက်ရှာသေးသော်လည်း ရှာမတွေ့သဖြင့် ဘီတန်၏ ရုံးခန်းသို့ တန်းသွားလိုက်လေ၏။ ကော့ဒ်ဝဲလ်နှင့် ချားလ်စ်ကယ်လီတို့ ရောက်နှင့်နေကြလေပြီ။ ထရေနာက ကုလားထိုင်တွင် ဝင်ထိုင်မိသည်နှင့် သူက-

"ဒေါက်တာ ပို့တလန်ကို သိသလား"

ဟု မေးလိုက်၏။ အားလုံးက ခေါင်းညိတ်ပြကြသည်။ ချားလ်စ်ကယ်လီက ဖြေလိုက်၏။

"ကျုပ်တို့ဆီက အရိုးကု ဆရာဝန်ပဲ"

ဤတွင် ထရေနာက သူနှင့် ဒေါက်တာပို့တလန် တွေ့ဆုံခဲ့ပုံကို ပြန်ပြောပြလိုက်သည်။ ထရေနာက-

"သူက တွမ်ဘာရင်ဂါရဲ့ ကျန်းမာရေး အနေအထားကြောင့် သိပ်စိတ်မကောင်း ဖြစ်နေရှာတာပဲလို့ ကျုပ် ယူဆပါတယ်။ ဒါပေမယ့် သူက သူ့အပေါ် အပြစ်တွေ ပုံချတာ လက်မခံနိုင်ဘူး။ ဒီဆေးရုံမှာ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com

ချုပ်လှုပ်နေပြီလို့ ပြောခဲ့တယ်"

"ကျုပ် သူနဲ့ ဆွေးနွေးပါ့မယ်။ သူ နည်းနည်းလောက် အနားယူသင့်တယ်လို့ ထင်ပါတယ်။ ခဏတော့ လူစားထိုးရမှာပေါ့လေ"

"တဲ ပါဆိုရင် ကျုပ်တို့ ဆွေးနွေးပွဲကို စကြရအောင်"

ထရေနာက ပြောလိုက်သော်လည်း ချားလ်စ်ကယ်လီက ဖြတ်ပြောလိုက်သည်။

"အစည်းအဝေး မစခင် ကျုပ် ပြောစရာစကားလေးတွေ ရှိပါတယ်။ နှလုံးခွဲစိတ်ကုသခွင့်ကို ဒီဆေးရုံမှာ ဆောင်ရွက်ခွင့် မရတဲ့အတွက် ကျုပ်သရာသမားတွေ အတော်ကလေး စိတ်မကောင်း ဖြစ်ကြရပါတယ်"

ထရေနာက စိတ်လှုပ်ရှားစွာနှင့် ပြန်ပြောလိုက်၏။

"အဲဒီကိစ္စအတွက် ကျုပ်တို့လည်း စိတ်မကောင်း ဖြစ်ကြရပါတယ်။ ကျုပ်တို့က ပြည့်ပြည့်စုံစုံ ပြုစုပြီး အထက်ကို တင်ပြခဲ့ပေမယ့် မွန်ပီလီယာမြို့မှာရှိတဲ့ အကြီးအကဲတွေက ပယ်ချလိုက်ကြတာပါ။ ကျုပ်တို့ မတတ်နိုင်တဲ့ ကိစ္စပါ"

ချားလ်ကယ်လီက ပြောလိုက်ပြန်သည်။

"စီအမ်ဗွီကတော့ နှလုံးကို ခွဲစိတ်ကုသတဲ့ အစီအစဉ်ဟာ အခုအချိန်မှာ ဖြစ်မြောက်နေသင့်ပြီလို့ ယူဆထားပါတယ်။ စာချုပ် ချုပ်တဲ့အထဲမှာ အဲဒီကိစ္စလည်း ပါဝင်ပါတယ်"

"ကျုပ်တို့က နှလုံးခွဲစိတ် ကုသခွင့် ရပါမှ စာချုပ်အတိုင်း လိုက်နာဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဆောင်ရွက်ခွင့် မရခဲ့ပါဘူး။ ကျုပ်တို့က လုပ်သင့် လုပ်ထိုက်တာ မှန်သမျှကို ဆောင်ရွက်ခဲ့ကြပါတယ်၊ အရင်တုန်းက အသုံးပြုခဲ့တဲ့ ကိုဘော့ (၆၀) စက်ကြီးကိုတောင် နောက်ဆုံးပေါ် အလျားလိုက် အရှိန်တိုးစက်နဲ့ အစားထိုးခဲ့ပါသေးတယ်။ ကျုပ်တို့ ဆေးရုံက အရှုံးပြနေတဲ့ အချိန်မှာတောင် ဒီကိစ္စကို တကယ့်သဘောထား အမှန်အကန်နဲ့ ဆောင်ရွက်ခဲ့ကြတာပါ"

ကယ်လီက ပြောလိုက်ပြန်၏။

"ဆေးရုံက ရှုံးတာ မြတ်တာ စီအမ်ဗွီနဲ့ မဆိုင်ပါဘူး။ ပြီးတော့လည်း အခုလို ဖြစ်ရတာဟာ ဆေးရုံကို အုပ်ချုပ်တဲ့ နေရာမှာ မနိုင်မနင်း မကျွမ်းကျင်မှုကြောင့်လည်း ဖြစ်နိုင်တာပါပဲ"

"ခင်ဗျား မှားနေပြီထင်တယ်၊ ကျုပ်တို့ အရှုံးပေါ်နေရင် စီအမ်ဗွီက စိတ်ပူရမှာပါ။ တကယ်လို့ အခြေအနေ သိပ်ဆိုးရွားတဲ့အတွက် ဆေးရုံကို ပိတ်လိုက်ရတယ်ဆိုရင် အားလုံး နစ်နာကုန်ကြမှာပေါ့ဗျာ"

"ဘာတ်တာလက် ကွန်မြူနီတီ ဆေးရုံကို ပိတ်လိုက်ရရင် စီအမ်ဗွီက တခြား ဆေးရုံတစ်ရုံနဲ့ ဆက်လုပ်မှာပေါ့ဗျာ။ တကယ်လို့ လိုအပ်လာမယ်ဆိုရင် ကျုပ်တို့ရဲ့ လူနာတွေကို ရတ်တာလန်ဆေးရုံကို ဖယ်ရီနဲ့ ပို့ပေးမှာပေါ့ဗျာ"





ထရေနာ့ ရင်ထဲ၌ စိုးရိမ်စိတ်ကလေး ဖြစ်ပေါ်လာသည်။ ချားလ်စ်ကယ်လီကပင် ဆက်၍-

"ကျုပ်က ခင်ဗျားတို့နဲ့ တွဲပြီး အလုပ် မလုပ်ချင်ဘူးလို့တော့ မယူဆပါနဲ့ဗျာ။ ပြည်သူတွေ ကျန်းမာရမည်ဆိုတဲ့ ကျုပ်တို့ရဲ့ ရည်မှန်းချက်ကတော့ ခင်ဗျားတို့နဲ့ အတူတူပါပဲ"

"ပြဿနာကတော့ ကျုပ်တို့ကို လက်ရှိပေးနေတဲ့ လစဉ်ကြေးနှုန်းကပ်နည်းလွန်းနေတယ်။ အဲဒါကို ပြန်ပြီး ဆွေးနွေးညှိနှိုင်းဖို့ လိုလိမ့်မယ်"

ဟု ထရေနာက ဘွင်းဘွင်းကြီး ပြောချလိုက်လေ၏။ ကယ်လီကလည်း ပြေပြေပြစ်ပြစ် ပြန်ပြောလိုက်သည်။

"လစဉ်ကြေးနှုန်းထားကတော့ စာချုပ်သက်တမ်းကုန်မှပဲ ပြန်ဆွေးနွေးနိုင်မယ်။ ကျုပ် လုပ်ပေးနိုင်တဲ့ ကိစ္စကတော့ အရင်စာချုပ် ချုပ်တုန်းက ပါမသွားခဲ့တဲ့ အရေးပေါ်ခန်းက လူနာတွေအတွက် လစဉ်ကြေးနှုန်းထားကိုတော့ ဆွေးနွေးပေးနိုင်ပါတယ်"

ထရေနာက ပြန်ပြောလိုက်၏။

"အဲဒါကို ခုလောလောဆယ်မှာတော့ မလုပ်ချင်သေးဘူးဗျာ။ ကျုပ်တို့ အရှုံးပြနေတာကို ပြန်ပြီး အဖတ်ဆယ်ရဦးမယ်"

ဤတွင် ဟယ်လင်ဘီတန်က ဝင်ပြောလိုက်၏။

"အဲဒီကိစ္စအတွက် အခု အစည်းအဝေးကို ခေါ်ခဲ့တာပါ"

ထို့နောက် ဟယ်လင်ဘီတန်က စီအမ်ဗွီမှ ဆရာဝန်များအား ဆုကြေးပေးမည့် အစီအစဉ်ကို ရှင်းလင်း တင်ပြသည်။

ချားလ်ကယ်လီက ထိုကိစ္စတွင် စီအမ်ဗွီဘက်မှ ကုန်ကျရန် မရှိပါကပြဿနာ မရှိကြောင်းနှင့် ထိုကိစ္စကို ယနေ့ပင် အထက်လူကြီးများထံတင်ပြပြီး မနက်ဖြန်တွင် အဖြေပေးမည်ဟု ကတိပေးလိုက်သည်။

ချားလ်ကယ်လီ ပြန်သွားသောအခါ ဟယ်လင်ဘီတန်က ပြောလိုက်၏။

"ခုကိစ္စမှာ ကျွန်မ မကြိုက်တဲ့ အချက်ကတော့ ရတ်တာလန်ဆေးရုံကို လူနာတွေ ပို့မယ်ဆိုတဲ့ ကိစ္စပဲ။ အဲဒါအတွက် ကျွန်မ စိတ်ပူမိတယ်။ ဟပေးအယူ လုပ်ကြတဲ့အခါ ကျွန်မတို့ဘက်က သိပ်ကို အားနည်းသွားပြီ"

ကော့ဒ်ဝဲလ်က မေးလိုက်ပြန်၏။

"ဒေါက်တာ ပို့တာလန်နဲ့ ပတ်သက်ပြီး ဘာလုပ်ရင် ကောင်းမလဲ"

ဘီတန်က ဖြေလိုက်သည်။

"ကျွန်မတို့ကတော့ စီအမ်ဗွီက ဘာလုပ်မလဲ ဆိုတာကို စောင့်ကြည့်ရမှာပဲ"

ဤတွင် မဆက်သွယ်ရန် ညွှန်ကြားထားသော အင်တာကွန်းက ပေါ်မြည်လာသဖြင့် သူတို့အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။ ဘီတန်က နားထောင်လိုက်ပြီးနောက် စကားပြောခွက်ကို ပြန်ချရင်း ပြော


www.burmeseclassic.com

www.burmeseclassic.com


လိုက်၏။

"သတင်းကတော့ သတင်းဆိုးတစ်ခုပဲ။ တွမ်ဘာရင်ဂါ ဆုံးသွားပါပြီ ဟ"

သုံးယောက်စလုံး ငြိမ်ကျသွားသည်။ ထရေနာက စမေးလိုက်၏။

"ကျုပ်တို့ ဆေးရုံရဲ့ လူနာသေနှုန်းက ဘယ်လို အနေအထားမှာ ရှိသလဲ"

ဘိတန်က ဖြေသည်။

"ကျွန်မတို့က အလယ်အလတ်တန်းမှာ ရှိနေပါတယ်"

"ဒါဆိုရင် ကျုပ် နည်းနည်းတော့ စိတ်သက်သာရာ ရသွားပြီ"

"စိတ်ညစ်စရာ စကားတွေ တော်ကြပါတော့ဗျာ။ ကျုပ်က သတင်းကောင်း ပြောပါရစေ"

ကော့ဒ်ဝဲလ်က ပြောလိုက်ခြင်း ဖြစ်သည်။ သူကပင် ဆက်လက်၍-

"စီအမ်ဗွီက တက်တက်ကြွကြွ စည်းရုံးသိမ်းသွင်းနေတဲ့ ဟိုဆရာဝန်လင်မယား ဒီကို ရောက်လာကြတော့မယ်။ ဒီတော့ ကျုပ်တို့အတွက် အတွေ့အကြုံ ရှိပြီးသား ရောဂါဗေဒ ပညာရှင်တစ်ဦးကို ရတော့မှာပေါ့ဗျာ"

"ကြားရတာ ဝမ်းသာတယ်ဗျာ"

ကော့ဒ်ဝဲလ်က ထပ်မံ ဖြည့်စွက်လိုက်၏။

"သူတို့က ဟော့ချ်ဇနီးမောင်နှံရဲ့ အိမ်အိုကြီးကိုလည်း ဝယ်လိုက်ကြတယ်"

ထရေနာက ပြောလိုက်သည်။

"တကယ် ပြောတာလား၊ အဲဒါကိုတော့ ကျုပ် သိပ်သဘောကျတယ်ဗျို့"

❉ ❉ ❉

ချားလ်ကယ်လီသည် ၎င်း၏ နှစ်ယောက်စီး ဖယ်ရေရီ မော်တော်ကားကလေးကို စက်နှိုးပြီး လီဗာကို တို့လိုက်၏။ ထိုကားကလေးသည် ကားရပ်ထားသည့် နေရာမှ ဝုန်းခနဲ ဆောင့်ထွက်သွားတော့သည်။

သူသည် ဘတ်တလက် ဆေးရုံမှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြီးသည်နှင့် တစ်ပြိုင်နက် စီအမ်ဗွီ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဒန်ကယ်မစ်ချယ်ထံ ဖုန်းဆက်လိုက်သည်။

စီအမ်ဗွီရုံးချုပ်သည် ဒန်ကင်မစ်ချယ်၏ ယာတောတစ်ခု ရှိနေသော ဗားမောင့်တွင် အဆင်ပြေစွာ ရှိနေသည်။ အမှုဆောင် အရာရှိချုပ်သည် ဝါရှင်တန်သို့ သွားရန် ပြင်ဆင်နေသော်လည်း ချားလ်ကယ်လီအား ဘာလင်တန်လေဆိပ်ရှိ အဆောက်အအုံရှေ့တွင် တွေ့ဆုံရန် လက်ခံလိုက်သည်။

စီအမ်ဗွီ၏ လီယာဂျက် လေယာဉ်ပျံအား ဆီဖြည့်နေစဉ် ဒန်ကင်မစ်ချယ်က ချားလ်စ်ကယ်လီအား သူ၏ မော်တော်ကား နောက်ခန်းထဲသို့ ဝင်ထိုင်ရန် ဖိတ်ခေါ်လိုက်သည်။

ချားလ်စ်က သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်၏။ သူသည် ဘတ်တလက် ကွန်မြူနီတီ ဆေးရုံကို ဗဟိုပြု၍ ရုံးထိုင်သော စီအမ်ဗွီ၏ ဒေသဆိုင်ရာ မန်နေဂျာဖြစ်ကြောင်း ပြောပြလိုက်သည်။ သို့ရာတွင် မစ်ချယ်က ကယ်လီ၏ ရာထူးကို သိနှင့်နေပါသည်။

ဒန်ကင်မစ်ချယ်က ပြောလိုက်၏။

"နောက်ဆုံးကျရင် ကျုပ်တို့က အဲဒီဆေးရုံကို ဝယ်လိုက်ဖို့တောင် စိတ်ကူးရှိတယ်"

ချားလ်စ်ကယ်လီက ပြောလိုက်၏။

"ကျွန်တော်ကလည်း အရမ်း သဘောတူပါတယ် ခင်ဗျာ"

"ကဲ မင်းပြောချင်တဲ့ ကိစ္စတွေက ဘာတွေလဲ"

"အချက်နှစ်ချက် တင်ပြဖို့ ရှိပါတယ်။ ပထမတစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ဆေးရုံတွေမှာ ဆောင်ရွက်နေတဲ့ ဆုကြေးစနစ်နဲ့ အလားတူ ဆုကြေးစနစ်တစ်မျိုးကို သူတို့က ဆောင်ရွက်ချင်တဲ့ ကိစ္စပါပဲ။ သူတို့က ဆေးရုံတင်တဲ့ လူနာ အရေအတွက်ကို လျှော့ချချင်ကြတယ်"

"နောက်တစ်ချက်ကရော"

"ကျွန်တော်တို့ရဲ့ စီအမ်ဗွီ ဆရာဝန်တစ်ယောက်ဟာ သူ့လူနာတွေ ခွဲစိတ်မှု ခံယူပြီးတဲ့ နောက်ပိုင်းမှာ ဆင့်ပွားရောဂါတွေ ဖြစ်လာတဲ့အတွက် ကိုးရိုးကားရား စကားတွေကို ပြောဆိုနေတဲ့ ကိစ္စပါပဲ။ သူက သူ့မှာ အပြစ်မရှိဘူး၊ ဆေးရုံမှာ တစ်ခုခု ချွတ်ယွင်းနေပြီ ဆိုတာမျိုးတွေကို ပြောဆိုနေပါတယ်"

"သူ့မှာ အရင်က စိတ်ရောဂါနဲ့ ပတ်သက်ပြီး ရာဇဝင် ရှိခဲ့ဖူးသလား"

"ကျွန်တော်တို့ သိရသလောက်တော့ မရှိပါဘူး"

"ပထမအချက်နဲ့ ပတ်သက်ရင်တော့ သူတို့ လုပ်ချင်တဲ့ ဆုကြေးအစီအစဉ်ကို လုပ်ကြပါစေကွာ။ ခုအချိန်မှာတော့ သူတို့ရဲ့ အရှုံးအမြတ် ရှင်းတမ်းက သိပ်အရေးမပါလှပါဘူး"

"ဆရာဝန်နဲ့ ပတ်သက်ရင်ကောဗျာ"

မစ်ချယ်က ပြောလိုက်၏။

"မင်းက တစ်ခုခု လုပ်ရတော့မှာ သေချာတာပေါ့ကွာ။ အဲဒီလို အပြုအမူမျိုးကို ဆက်ပြီး လက်ခံထားလို့ မဖြစ်ဘူးကွ"

"အကြံပြုချက်ကလေးများ ရှိပါသလား ခင်ဗျား"

"မင်း လုပ်သင့်တယ် ထင်တာကို လုပ်ပါကွာ၊ အသေးစိတ်ကိုတော့ မင်းကိုပဲ လွှဲလိုက်ပါ့မယ်။ ငါတို့လို အလွန် ကြီးမားတဲ့ အဖွဲ့အစည်းကြီးတစ်ခုကို အုပ်ချုပ်တဲ့ စွမ်းရည်ထဲမှာ ဘယ်အချိန်မှာ တာဝန်ကို လွှဲပြောင်းခွဲဝေပေးရမယ် ဆိုတာကို သိဖို့ဆိုတာလည်း ပါတယ်။ အခု ဒီအချိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ဟိုဟို ကော့ဗြှိုးဟဲ"

"ကျေးဇူးတင်ပါတယ် မစ္စတာ မစ်ချယ်"

ချားလ်ကယ်လီ ကျေနပ်သွားသည်။ သူ့ကို မစ္စတာ မစ်ချယ်က ယုံကြည်သဖြင့် ပုံအပ်လိုက်ခြင်း ဖြစ်ကြောင်း သိသာ ထင်ရှားပါသည်။

ပီတိဖြစ်သွားသော ကယ်လီသည် မစ်ချယ်၏ ကားကြီးထဲမှ ပြန်ထွက်လိုက်ပြီးနောက် သူ၏ ဖယ်ရေရီ မော်တော်ကားကလေးပေါ်သို့ ပြန်တက်လိုက်၏။ သူ လေဆိပ်ဝင်းထဲမှ မောင်းထွက်လာစဉ် ၎င်း၏ မော်တော်ကားကြီးဆီမှ စီအမ်ဗွီပိုင် လီယာဂျင်လေယာဉ်ပျံဆီသို့ လျှောက်သွားနေသော ဒန်ကင်မစ်ချယ်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။ ချားလ်စ်ကယ်လီက သူ့ကိုယ်သူ အစီအစဉ်ပြုလိုက်လေ၏။

"တစ်နေ့ကျရင် အဲဒီလေယာဉ်ပျံကို စီးတဲ့လူဟာ ငါပဲ ဖြစ်ရမယ်"

❖ ❖ ❖ ❖ ❖



(၈)

ဇွန်လ ၃၀ ရက်၊ ကြာသပတေးနေ့

ဒေးဗစ်နှင့် အင်ဂျင်လာတို့သည် မိမိတို့၏ ဒီပလိုမာများကို လက်ခံရရှိပြီးသည်နှင့် တစ်ပြိုင်နက် ညနေပိုင်းတွင် မိမိတို့ ဌာနအသီးသီး၌ ကျင်းပတော့မည့် ဧည့်ခံပွဲများသို့ မတက်ကြတော့ဘဲ ၎င်းတို့၏ နေအိမ်တိုက်ခန်းသို့ ပြန်လာခဲ့ကြတော့သည်။

သူတို့သည် ငှားထားသော ကုန်တင်ကားကြီးပေါ်သို့ ပစ္စည်းများကို တင်လိုက်ကြပြီး ကားနှစ်စီးနှင့် ထွက်ခွာလာခဲ့ကြ၏။

သူတို့သည် နယူးဟမ်ရှိုင်းယား နယ်စပ်သို့ မရောက်မီကလေးတွင် ခေတ္တရပ်တန့်ပြီး နေ့လယ်စာ စားခဲ့ကြသည်။

သူတို့သည် မြောက်ဘက်ဆီသို့ ဦးတည်၍ မောင်းနှင်လာကြရာ ရာသီဥတုက တဖြည်းဖြည်းနှင့် ပိုကောင်းမွန်လာခဲ့သည်။ အိမ်ရှေ့သို့ ရောက်သောအခါ ၎င်းတို့ထံ စာတိုက်မှ ကြိုတင်ပေးပို့လိုက်သော သော့နှင့် တံခါးကိုဖွင့်၍ အိမ်ထဲသို့ ဝင်ခဲ့ကြ၏။ ပရိဘောဂများ မရှိတော့ဘဲ ရှင်းလင်းနေသော အတွင်းပိုင်းသည် ယခင် မြင်ကွင်းနှင့် မတူဘဲ ကွဲလွဲနေသည်။

ဝီလ်ဆန် ဇနီးမောင်နှံသည် အခန်းငယ်ကလေးကို ကျော်ဖြတ်၍ ဗဟိုခန်းမကြီးထဲသို့ ဝင်ခဲ့ကြ၏။ ကြီးမားလှသော လှေကားကြီး၏ ရှေ့ဘက်တွင် မျက်နှာကြက်မှ ခမ်းနားသော မီးပန်းဆိုင်းကြီး တစ်ခုကို ချိတ်ဆွဲလျက်သား ရှိနေသည်။

ထိုခန်းမကြီး၏ ဘယ်ဘက်တွင် စာဖတ်ခန်းနှင့် ထမင်းစားခန်းတို့ ရှိနေကြပြီး ညာဘက်တွင် ကြီးမားကျယ်ဝန်းသော ဧည့်ခန်းကြီး ရှိနေသည်။ အလယ်စင်္ကြံလမ်းမှတစ်ဆင့် ကျယ်ဝန်းသော ကျောက်ဒေသ မီးဖိုချောင်သို့ ရောက်ရှိနိုင်ပြန်သည်။ ထိုမီးဖိုချောင်ကြီး၏ နောက်ဘက်တွင် အပြည့်နေရာ ယူထားသည်။

မီးဖိုချောင်၏ နောက်ဘက်တွင် စပါးကျီနှင့် ဆက်ထားသော နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယပ် ထပ္ပသောက်အဖုံတစ်ခု ရှိနေသည်။ ထိုအဆောက်အအုံထဲတွင် ရွှံ့သန့်စင်ခန်း၊ စတိုခန်း သုံးလေးခန်းနှင့် တိုက်အိမ်၏ ဒုတိယအဆင့်သို့ တက်နိုင်သော လှေကားတစ်စင်း ရှိနေသည်။

သူတို့သည် အိမ်ရှေ့ ဧည့်ခန်းမထဲရှိ လှေကားကြီးဆီသို့ ပြန်လှည့်လာခဲ့ကြသည်။ ၎င်းတို့က ဒုတိယထပ်သို့ တက်ခဲ့ကြသည်။ ထိုအထပ်တွင် ရေချိုးခန်းနှင့် ဆက်ထားသော အိပ်ခန်းနှစ်ခန်း ရှိနေသည်။ အိမ်၏ နောက်ဘက် မီးဖိုခန်း၏ အပေါ်ဘက် တည့်တည့်တွင် ပင်မ အိပ်ခန်းမကြီး ရှိနေသည်။

ပင်မအိပ်ခန်းမကြီး နံဘေးရှိ စကြံလမ်းမှ တံခါးပေါက်ကို ဖွင့်၍ သူတို့သည် တတိယထပ်သို့ တက်ခဲ့ကြသည်။ ထိုအထပ်တွင် အပူခံတတ်ပရသော အခန်းလေးခန်း ရှိနေပြန်သည်။ ဒေးဗစ်က နောက်ပြောင်၍ ပြောဆိုလိုက်၏။

"ပစ္စည်းသိုလှောင်ဖို့ အခန်းတွေကတော့ အများကြီးပဲဟေ့"

"သမီးရဲ့ အိပ်ခန်းအဖြစ် ဘယ်အခန်းကို ရမလဲ"

အင်ဂျယ်လာက ပြောလိုက်သည်။

"သမီးကြိုက်တဲ့ အခန်းကိုယူပါ"

"ဖားကန်ကို လှမ်းမြင်ရတဲ့အခန်းကို ယူမယ်"

သူတို့သည် ပစ္စည်းများကို ကားပေါ်မှချ၍ အိမ်ပေါ်သို့ တင်ကြသည်။

ဒေးဗစ်နှင့် နစ်ကီတို့က ခွေးကလေး ရပ်စတီကို သွားခေါ်နေကြစဉ် အင်ဂျယ်လာက ညနေစာအတွက် စီစဉ် ချက်ပြုတ်ရန် နေရစ်ခဲ့သည်။

နစ်ကီသည် ချစ်စရာကောင်းသော ခွေးငယ်ကလေးကို ပွေ့ပိုက်ရင်း ပြန်လည် ရောက်ရှိလာသည်။ ထိုခွေးကလေး၏ ခြေထောက်များသည် နစ်ကီ၏ လက်သီးဆုပ်လောက်ပင် ရှိနေကြလေပြီ။

ညပိုင်းတွင် မောပန်းလာကြသော နစ်ကီနှင့် ရပ်စတီတို့ စောစောစီးစီး အိပ်ပျော်သွားကြသည်။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့ကမူ ထမင်းစားစားပွဲ၏ တစ်ဖက်တစ်ချက်စီတွင် မျက်နှာချင်းဆိုင် ထိုင်ကြရင်း ညစာကို ကြည်ကြည်နူးနူး စားသောက်ခဲ့ကြလေသည်။

✤ ✤ ✤

မနက်မိုးလင်းချိန်တွင်မူ အားလုံး အလုပ်ရှုပ်သွားကြတော့သည်။ ပစ္စည်းများကို ရှာမရသောကြောင့် အင်ဂျယ်လာ စိတ်တိုရလေပြီ။

ဤတွင် ဒေးဗစ်က ဒေါ်ရသီဝေးမောက်၏ အစ်မဖြစ်သူ အဲလစ်ဒိုဟာတီကို သွားရောက် ခေါ်ငင်ရတော့သည်။ အင်ဂျယ်လာက ဇူလိုင်လ (၁) ရက်နေ့၌ အလုပ်ဝင်မည်ဟု ပြောခဲ့မိသည်ကို နောင်တရမိလေ၏။

အဲလစ်ဒိုဟာတီကမူ သိကြားမသလိုပင် အကူအညီရသူ ဖြစ်သည်။ နွေးထွေးပြီး ကရုဏာတရား ပြည့်ဝပုံရသော မျက်နှာ၊ တောက်ပသော





မျက်လုံး၊ ဖွေးဖွေးဖြူနေသော ဆံပင်တို့ကြောင့် အဘွားတစ်ယောက်နှင့် တူလှသည်။ အသက် (၇၉) နှစ် ရှိနေသည့်တိုင်အောင် အံ့သြစရာကောင်းလောက်အောင် ဖျတ်လတ်သူလည်း ဖြစ်သည်။

အင်ဂျယ်လာအနေနှင့် ပထမဦးဆုံး ဆောင်ရွက်ရသော အလုပ်မှာ နစ်ကီ၏ အသက်ရှူ ကုထုံးအား မည်သို့မည်ပုံ ဆောင်ရွက်ပေးရကြောင်း သင်ကြား ပြသပေးရခြင်းပင် ဖြစ်သည်။

ဆေးရုံသို့ သွားကြသောအခါတွင်မူ အင်ဂျယ်လာက ဗော်လ်ဗိုကားကို မောင်းနှင်သည်။ ဒေးဗစ်ကမူ ဘိုင်စကယ်နှင့် ရုံးသွားမည်ဟု ဆိုသည်။

အင်ဂျယ်လာသည် ပထမဦးဆုံး မိုက်ကယ်ကော့ဒ်ဝဲလ်၏ ရုံးခန်းသို့ သွားရောက်၍ သတင်းပို့သည်။ ကော့ဒ်ဝဲလ်က အင်ဂျင်လာအား ချက်ချင်းပင် ဆေးရုံဥက္ကဋ္ဌဖြစ်သူ ဟယ်လင်ဘီတန်ထံ လိုက်ပို့ပြန်၏။ ဟယ်လင်ဘီတန်သည် ဒေါက်တာဒဲလ်တန်ကန်တာနှင့် ဆွေးနွေးနေရသော်လည်း အင်ဂျယ်လာအား ရုံးခန်းထဲသို့ ခေါ်၍ ချက်ချင်းပင် လက်ခံတွေ့ဆုံသည်။

ဒေါက်တာကန်တာက အင်ဂျယ်လာအား အရှက်အကြောက် ကင်းမဲ့စွာ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"မင်းက၊ ကိုယ်တို့ရဲ့ ဘတ်တလက် ဆေးရုံမိသားစုနဲ့ လာရောက်ပူးပေါင်းတဲ့အတွက် ဝမ်းသာပါတယ်"

ဟု ဘီတန်က ပြောပြောဆိုဆိုနှင့် အင်ဂျယ်လာအား ရုံးခန်း တံခါးပေါက်ဝသို့ ပြန်လိုက်ပို့လိုက်သည်။

ထို့နောက် ကော့ဒ်ဝဲလ်က အင်ဂျယ်လာအား ဓာတ်ခွဲခန်းဆီသို့ လိုက်ပို့ပြန်သည်။ ဒေါက်တာဝက်ဒလီသည် အင်ဂျယ်လာကို မြင်သည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ထလာပြီး သိဟောင်းကျွမ်းဟောင်းပမာ ဖက်၍ နှုတ်ဆက်လိုက်လေ၏။

"မင်း ဒီအဖွဲ့ထဲ ရောက်လာတာကို ကြိုဆိုပါတယ်ကွာ။ ကျုပ်က ဒီအချိန်ကို အပတ်ပေါင်းများစွာ စောင့်နေခဲ့ရတာကွ"

ကော့ဒ်ဝဲလ်က နှုတ်ဆက်ပြီး ပြန်သွားတော့သည်။

"ကဲ မင်းကို ပထမဦးဆုံး မင်း ရုံးခန်းကို ပြရဦးမယ်"

သူက သူ့ရုံးခန်းမှ တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်ပြီး သူ့ရုံးခန်းနှင့် တစ်ဆက်တည်း ဖြစ်နေသော တစ်ဖက်ခန်းထဲသို့ ဝင်သွားတော့သည်။ ထိုအခန်းထဲတွင် နံရံမှစ၍ ပစ္စည်းအားလုံးကို အဖြူရောင် သုတ်ထားသည်။

ဝက်ဒလီက-

"ကြိုက်ရဲ့လား"

ဟု မေးလိုက်၏။

"သိပ်ကောင်းပါတယ်ရှင်"

ဝက်ဒလီက အခန်းနှစ်ခန်းကို ဆက်ထားသော တံခါးရွက်ကို လက်ညှိုးထိုးပြလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဒီ တံခါးကလည်း အမြဲတမ်း ပွင့်နေလိမ့်မယ်"

"ကောင်းပါတယ်ရှင်"

"ကဲ ဓာတ်ခွဲခန်းကို လျှောက်ကြည့်ကြရအောင်"

နောက် (၁၅) မိနစ်အတွင်း အင်ဂျယ်လာသည် သူ မမှတ်မိနိုင်လောက် များပြားသော လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ရတော့သည်။ အဏုဇီဝဗေဒ ဌာနခွဲ နံဘေးရှိ ပြတင်းပေါက် မရှိသော ရုံးခန်းထဲမှ ဒေါက်တာ ပေါလ်ဒါနဲလ်နှင့်လည်း တွေ့ခဲ့ရသည်။ သူသည် အင်ဂျယ်လာနှင့် တွဲရမည့် လုပ်ဖော်ကိုင်ဖက် ဖြစ်သည်။

လှည့်လည် ကြည့်ရှုမှု ပြီးစီးသွားသောအခါ ရုံးခန်းသို့ ပြန်လာကြပြီး အင်ဂျယ်လာ ဆောင်ရွက်ရမည့် တာဝန်နှင့် ဝတ္တရားများကို ဝက်ဒလီက ရှင်းပြလိုက်သည်။

"ကျုပ်က မင်းကို ဒီနိုင်ငံမှာ အတော်ဆုံး ရောဂါဗေဒပညာရှင် ဖြစ်လာအောင် လုပ်ပေးမယ်"

ဟု ဝက်ဒလီက ဆရာတစ်ယောက်၏ စိတ်ဓာတ် အပြည့်အဝနှင့် ပြောချလိုက်လေ၏။

ဒေးဗစ်ဝီလ်ဆန်သည် သုံးမိုင်ခွဲ ခရီးကို စက်ဘီးစီး၍ လာခဲ့ရသည့်အတွက် အထူး ကျေနပ်နေသည်။

ဆေးရုံသို့ ရောက်သည့်အခါ သူသည် သိပ်စောလွန်းနေကြောင်း သိလိုက်ရလေ၏။ ချားလ်စ်ကယ်လီသည် ကိုးနာရီ ထိုးခါနီးကျမှ ရောက်ရှိလာသည်။

သူ့ကို မြင်သောအခါ ချားလ်ကယ်လီ အံ့ဩသွားသည်။

"ကိုယ့်လူက တကယ် စိတ်အားထက်သန်တာကိုး။ ကဲ ဝင်ခဲ့လေဗျာ"

ဒေးဗစ်ဝီလ်ဆန်သည် ပုံစံအချို့တွင် ရေးသားဖြည့်စွက်ပေးလိုက်ရသည်။ ချားလ်စ်ကယ်လီကလည်း သူ လိုက်နာရမည့် အခြေခံ စည်းကမ်းများကို ရှင်းပြသည်။ ထိုကိစ္စများ ပြီးစီးသွားသောအခါ ဒေးဗစ်၏ ရုံးခန်းသစ်သို့ ချားလ်စ်ကယ်လီပါ ဒေးဗစ်နှင့်အတူ လိုက်ပါလာသည်။

ဒေးဗစ်က သူ့နာမည် ဆိုင်းဘုတ်ကလေးကို အရသာခံ၍ လှမ်းကြည့်လိုက်၏။ သို့ရာတွင် သူ့နာမည် အပေါ်ဘက်မှ ဒေါက်တာ ကီဗင်ယန်ဆင် ဆိုသော နာမည်ကို သူ ကြည့်ရင်း အံ့ဩနေမိသည်။

"ဒါ အရင်ရုံးခန်းပဲလား"

လူနာစောင့်သော အခန်းထဲ၌ လူနာ ခြောက်ယောက် ထိုင်နေသည်။ သူက ချားလ်စ်ကယ်လီအား ခပ်တိုးတိုး မေးလိုက်၏။

"အဲဒီ အခန်းပါပဲ"

ချားလ်စ်ကယ်လီက မှန်တံခါးကို လက်နှင့် ခေါက်လိုက်ပြီး ပွင့်လာသောအခါ ဒေးဗစ်နှင့် ယန်ဆင် ပူးတွဲ၍ သုံးစွဲရမည့် ဧည့်ကြို သူနာပြု





ဆရာမနှင့် မိတ်ဆက်ပေးလိုက်သည်။

ကယ်လီက ဧည့်ကြို သူနာပြုဆရာမ အင်နီဝစ်တင်တန်အား ဒေါက်တာ ယန်ဆင်ကို ဒေါက်တာ ဝီလ်ဆန်နှင့် ထွက်တွေ့ဖို့ ပြောခိုင်းလိုက်သည်။

"ကဲ ခင်ဗျားရဲ့ သီးသန့် ရုံးခန်းထဲကို ဝင်ကြည့်ဦးလေဗျာ"

ဒေးဗစ် ဦးနှောက်ခြောက်နေသည်။ သူသည် ယခင်က ဒေါက်တာ ပို့တလန် ထိုင်ခဲ့သော ရုံးခန်းထဲသို့ ဝင်လိုက်၏။ နံရံများကို မီးခိုးနုရောင်နှင့် ပြန်ဆေးသုတ်ထားပြီး အစိမ်းနှင့် မီးခိုးနုရောင် ကော်ဇောအသစ်ကို ခင်းထားသည်။ ချားလ်စက်ကယ်လီက ပြုံး၍ မေးလိုက်၏။

"ကဲ ဘယ့်နှယ်လဲ"

"ကောင်းပါတယ်ဗျာ၊ ဒေါက်တာ ပို့တလန်က ဘယ်ကို သွားလို့လဲ"

ချားလ်စ်ကယ်လီက ပြန်မဖြေနိုင်ခင် ဒေါက်တာ ယန်ဆင်က လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းထားပြီး ဒေးဗစ်ထံသို့ တန်းတန်းမတ်မတ် ရောက်ရှိလာလေ၏။

"ကြိုဆိုပါတယ်ဗျာ၊ ခင်ဗျားက ဘတ်စကတ်ဘောနဲ့ တင်းနစ် ဘယ်ဟာကို ကစားပါသလဲ"

"နှစ်မျိုးစလုံး နည်းနည်းစီပါပဲ။ ဒါနဲ့ ခင်ဗျားက အရိုးကု ဆရာဝန်လား"

"မဟုတ်ရပါဘူးဗျာ၊ ကျုပ်က မျက်စိကုဆရာဝန်ပါ"

ဒေးဗစ်က မေးလိုက်ပြန်၏။

"ဒေါက်တာ ပို့တလန်က ဘယ်မှာလဲဗျ"

ကီဗင်က ကယ့်လီကို လှမ်းကြည့်လိုက်သည်။

"ခင်ဗျား သူ့ကို ခုထက်ထိ မပြောရသေးဘူးလား"

"မပြောဖြစ်သေးပါဘူးဗျာ၊ ဒေါက်တာပို့တလန်က ကျုပ်တို့နဲ့ အတူတူ မနေတော့ဘူး"

"သူ ဒီအုပ်စုထဲက ထွက်သွားလို့လား"

ချားလ်ကယ်လီက ဖြေလိုက်၏။

"လွန်ခဲ့တဲ့ မေလက ဒေါက်တာပို့တလန် သူ့ကိုယ်သူ သတ်သေသွားတယ်"

ကီဗင်က ဖြည့်စွက်လိုက်သည်။

"ဟောဒီ အခန်းထဲက ဟောဒီ စားပွဲမှာပဲပေါ့ဗျာ"

ကီဗင်က သူ့နဖူးကို သေနတ်ပြောင်းနှင့် ထောက်သကဲ့သို့ လက်ညှိုးနှင့် ထောက်ပြလိုက်သလို ပါးစပ်ကလည်း ဒိုင်းခနဲ အော်လိုက်၏။

"သူ့နဖူးကို သူ ပြန်ပစ်လိုက်တဲ့အတွက် ကျည်ဆန်က နောက်ဘက်က ဖောက်ထွက်သွားတယ်။ ဒါကြောင့် နံရံကို ပြန်ဆေးသုတ်ထားရသလို ကော်ဇောကိုပါ အသစ်လဲခဲ့ရတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ် အာပြောက်သွားသည်။

"စိတ်မကောင်းစရာပဲဗျာ၊ သူက အိမ်ထောင်နဲ့လား"

ဒေါက်တာယန်ဆင်က ခေါင်းညိတ်လိုက်၏။

"ဇနီးနှင့် သားငယ်နှစ်ယောက် ကျန်ရစ်ခဲ့တယ်"

"အရင်တစ်ခေါက် ကျုပ် သူနဲ့ တွေ့ရတုန်းက သူ နေကောင်းပုံ မရဘူး၊ သူ ကျန်းမာရေး မကောင်းလို့လား"

"သူ စိတ်ဓာတ်ကျဆင်းနေတာပါ။ ကဲပါဗျာ ခင်ဗျား စကားကို ယုံကြည်လို့ ကျုပ်တို့က လူနာတွေကိုတောင် ချိန်းထားသေးတယ်။ ခင်ဗျား ကြည့်ပေးနိုင်ရဲ့လား"

"သိပ်ရတာပေါ့ဗျာ"

ကီဗင်က နှုတ်ဆက်ပြီး လူနာ စစ်ဆေးသော အခန်းတစ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ ကယ်လီက ဒေးဗစ်အား သူနှင့်တွဲ၍ တာဝန်ထမ်းဆောင်ရမည့် သူနာပြုဆရာမ ဆူဆန်ဘီယတ်ဘီနှင့် မိတ်ဆက်ပေးလိုက်ပြန်၏။ ဆူဆန်သည် အသက် (၂၅) နှစ်ခန့်သာ ရှိသေးပြီး ရွှင်ရွှင်ပျပျနှင့် တက်တက်ကြွကြွရှိသော ဥပမိရုပ်ပိုင်ရှင် ဖြစ်သည်။

ဆူဆန်က ဒေးဗစ်အား လူနာမှတ်တမ်း စာရွက်များကို ပေးလိုက်ပြီး-

"ဒေါက်တာရဲ့ ပထမဦးဆုံး လူနာက လူနာစစ်ဆေးခန်းထဲမှာ အဆင်သင့် ရှိနေပါပြီ။ ဆရာက ခလုတ်တစ်ချက်နှိပ်ရင် ကျွန်မက နောက်လူနာကို အဆင်သင့် ပြင်ဆင်ပေးထားပါ့မယ်"

ဟု ပြောလိုက်၏။

ချားလ်စ်ကယ်လီကလည်း နှုတ်ဆက်ပြီး ပြန်သွားတော့သည်။ ဒေးဗစ်က လူနာမှတ်တမ်းကို ဖတ်လိုက်၏။ လူနာ၏ နာမည်က မာဂျော်ရီ ကလီဘာ (အသက် ၃၉ နှစ်) ဖြစ်သည်။ သူက ဆေးစစ်ချက် မှတ်တမ်းကို ဖတ်လိုက်ပြန်၏။ ခွဲစိတ်ကုသခြင်းအပြင် ဓာတုကုထုံး၊ ဓာတ်ရောင်ခြည် ကုထုံးတို့နှင့် ကုသပေးမှုကို ခံယူနေရသော ရင်သားကင်ဆာ ရောဂါရှင် ဖြစ်သည်။ ထိုရောဂါကို အသက် (၃၅) နှစ် လွန်ခဲ့သော လေးနှစ်ကမှ ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒေးဗစ်က သူသည် မာဂျော်ရီကဲ့သို့ ရင်သားမှတစ်ဆင့် အခြားနေရာများသို့ ပျံ့နှံ့နေပြီဖြစ်သော ကင်ဆာရောဂါရှင်နှင့် ပထမဦးဆုံး စတွေ့လိုက်ရသောကြောင့် အနည်းငယ် တုန်လှုပ်ချောက်ချားသွားသည်။ တွေ့တွေ့ချင်းပင် မာဂျော်ရီက ရင်ဖွင့်တော့သည်။

"ရှင် မရောက်ခင်တုန်းက ကျွန်မက ဆရာဝန်နဲ့ တွေ့ခွင့်ရအောင် ရက်သတ္တပတ် လေးပတ် စောင့်ရပါတယ်။ အဲဒါကလည်း ကျောင်းရဲ့ ကျန်းမာရေး စီမံချက်ကို စီအမ်ပီနဲ့ ပြောင်းလဲ ဆက်ဆံလိုက်တဲ့အခါကျမှ အဲဒီလို ဖြစ်ခဲ့ရတာပါ။ ပြီးတော့လည်း တစ်ခါသွားတွေ့တိုင်း ဆရာဝန် အသစ်နဲ့ချည်း တွေ့ခဲ့ရတယ်။ အခုတော့ ရှင်က ကျွန်မရဲ့ ဆရာဝန်





ဖြစ်လိမ့်မယ်လို့ ပြောပါတယ်။ စိတ်ချမ်းသာစရာပါပဲရှင်"

"ကျွန်တော်ကလည်း ဂုဏ်ယူပါတယ်ဗျာ"

"ရက်သတ္တ လေးပတ်တောင် စောင့်ရတာ ရင်ထိတ်စရာကြီးပဲ။ လွန်ခဲ့တဲ့ ဆောင်းဥတုတုန်းက ကျွန်မ အအေးမိခဲ့သေးတယ်။ အခြေအနေဆိုးလွန်းလို့ အဆုတ်ရောင်ရောဂါလို့တောင် ထင်ခဲ့မိတာ၊ ကံကောင်းချင်တော့ ဆရာဝန်နဲ့ တွေ့ခွင့်ရချိန်မှာ အဲဒီ ရောဂါရဲ့ အဆိုးဆုံးအပိုင်းကို ကျော်လွန်ခဲ့ပါပြီ"

"ခင်ဗျားက အရေးပေါ် လူနာအခန်းကို သွားပြသင့်တာပေါ့"

"သွားချင်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မတို့ကို သွားခွင့်မပြုပါဘူး။ အဲဒီ မတိုင်မီ ဆောင်းဥတုတုန်းက အရေးပေါ်ကို တစ်ခါသွားခဲ့ဖူးပါတယ်။ ဒါပေမယ့် ရောဂါက အအေးမိတာ ဖြစ်နေလို့ စီအမ်ပီက ဆေးကုသတဲ့ စရိတ်ကို ထုတ်မပေးဘူးလို့ ငြင်းပါတယ်။ ကျွန်မကို အသက် ဆုံးရှုံးလောက်တဲ့ ရောဂါမျိုးဖြစ်မှ ဒီအခန်းကို လာပြရမယ်တဲ့။ ကျွန်မအနေနဲ့ စီအမ်ပီရဲ့ ဆရာဝန် တစ်ယောက်က မထောက်ခံရင် အရေးပေါ် လူနာခန်းကို သွားခွင့်မရှိပါဘူး"

"မဟုတ်တာဘဲဗျာ၊ အသက်ကို ဆုံးရှုံးရတဲ့ ရောဂါ ဟုတ်မဟုတ် ဘယ်သူက ကြိုပြီး သိနိုင်မှာလဲ။ ကဲပါလေ၊ ခင်ဗျားရဲ့ ကင်ဆာရောဂါကို ဘယ်သူက အစဉ်တစိုက် ကုသပေးမှာလဲ"

"ရှင်ပဲပေါ့"

"စီအမ်ပီမှာ ကင်ဆာရောဂါကုတဲ့ ဆရာဝန် မရှိဘူးလား"

"စီအမ်ပီမှာ မရှိပါဘူး၊ ကျွန်မက ရှင်နဲ့ အမြဲတမ်း လာတွေ့ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ရှင်က လိုအပ်တယ်လို့ ယူဆတဲ့အခါကျမှ ကင်ဆာရောဂါကု ဆရာဝန် ဒေါက်တာ မိုင်းစလစ်ချ်နဲ့ တွေ့ရမှာပါ။ သူက စီအမ်ပီရဲ့ ဆရာဝန် မဟုတ်ပါဘူး။ ရှင် မညွှန်ကြားရင် ကျွန်မ သူနဲ့ တွေ့ခွင့်မရှိပါဘူး"

ဒေးဗစ်က မာဂျော်ရီကို စစ်ဆေးရင်း မည်သည့်အလုပ်ကို လုပ်သလဲ ဟု မေးမြန်းလိုက်သည်။

"ကျွန်မက သုံးတန်းမှာ စာပြတဲ့ ကျောင်းဆရာမပါ"

"ကျွန်တော့်သမီးက ဆောင်းဦးရာသီကျရင် သုံးတန်းကို စတက်ရမှာပါ"

"ဒါဆိုရင် ကျွန်မ အတန်းမှာ လာတက်ရမှာပေါ့"

"ခင်ဗျားမှာ အိမ်ထောင်ရှိသလား"

"ရှိပါတယ်ရှင်၊ ခင်ပွန်းဖြစ်သူ လွိုက်က ကွန်ပျူတာ ဆော့ဖ်ဝဲယား ကုမ္ပဏီက ပရိုဂရမ် ရေးသားသူပါ။ ကလေးလည်း နှစ်ယောက် ရှိပါတယ်။ သားက အထက်တန်းကျောင်းမှာပါ။ သမီးကတော့ မူလတန်းပဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက် နာရီဝက်ကြာသောအခါ မာဂျော်ရီ၏ ရင်ဘတ်အောင့်မှုသည် ကင်ဆာနှင့်ရော နှလုံးနှင့်ပါ သက်ဆိုင်ခြင်း မရှိကြောင်း ဒေးဗစ်က ပြောလိုက်နိုင်ခဲ့သည်။

ဒုတိယ လူနာမှာ အသက် (၄၈) နှစ်အရွယ် ဂျွန်တာလော ဆိုသူဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ ရောဂါမှာ သွေးကင်ဆာရောဂါဖြစ်ပြီး ဓာတုကုထုံးနှင့် ပြင်းပြင်းထန်ထန် ဆေးကုသမှုကို ခံယူနေရသူ ဖြစ်သည်။

ဒေးဗစ်က ဂျွန်တာလော၏ အိပ်မပျော်သော ရောဂါအတွက် အိပ်ဆေး အနည်းငယ်ပေး၍ ပြန်လွှတ်လိုက်သည်။

ဒေးဗစ်က ဆူဆန်ကို လိုက်ရှာပြီး ကင်ဆာရောဂါ ဖြစ်နေသော လူနာဦးရေကို မေးမြန်းလိုက်ပြန်၏။ ဆူဆန်က သိပ်မရှိလှပါဟု ဖြေသည်။ နောက် လူနာတစ်ယောက်၏ ရောဂါမှာ ဆီးချိုရောဂါ ဖြစ်နေသောကြောင့် ဆူဆန်၏ ပြောစကား မှန်ကန်ပါသည်ဟု ဆိုရပါမည်။

ဒေးဗစ်အဖို့-နံနက်ခင်းသည် ပျော်ရွှင်စွာနှင့် လျင်မြန်စွာ ကုန်ဆုံးသွားသည်။

နေ့လယ်စာ စားချိန်တွင် ဒေးဗစ်နှင့်အင်ဂျယ်လာတို့သည် ဆေးတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များက ဖွင့်လှစ်ရောင်းချသော စားသောက်ဆိုင်တွင် ဆုံမိကြသည်။ သူတို့က အသားညှပ်ပေါင်မုန့်ကို စားရင်း နံနက်ခင်းမှ အတွေ့အကြုံများကို ဖလှယ်ကြသည်။

အင်ဂျယ်လာက ဒေါက်တာ ဝက်ဒလီသည် အလွန် ကူညီတတ်သူဖြစ်ကြောင်း၊ သင်ကြားပေးရမှုကိုလည်း အလွန်ပင် စိတ်ဝင်စားကြောင်း ပြောပြသည်။

ဒေးဗစ်က မာဂျော်ရီကလီဘာ၏ ရောဂါကို အင်ဂျယ်လာအား ပြောပြလိုက်သည်။

"ကိုယ်ကတော့ လောလောဆယ် ကိုယ့်ဆီမှာ ကင်ဆာရောဂါဝေဒနာရှင်တွေ သိပ်များနေပုံရတယ်လို့ ပြောရမှာပဲ"

"အဲဒါက ရှင်ကြိုက်တဲ့ ဘာသာရပ် မဟုတ်မှန်း ကျွန်မ သိပါတယ်။ ဒါပေမယ့် စိတ်ဓာတ်တော့ မကျနဲ့ပေါ့ရှင်"

ဒေးဗစ်က ပြောလိုက်၏။

"စိတ်ဓာတ်ကျတယ် ဆိုတာနဲ့ ပတ်သက်ပြီး ပြောရဦးမယ်။ ဒေါက်တာပို့တလန်က ကိုယ် အခုထိုင်တဲ့ ရုံးခန်းထဲမှာ သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့တာတဲ့"

"သနားစရာ ကောင်းလိုက်တာရှင်၊ သူ့မှာ မိသားစု ရှိသလား"

"ဇနီးနဲ့ သားငယ်နှစ်ယောက် ကျန်ရစ်ခဲ့တယ်"

အင်ဂျယ်လာက ဦးခေါင်းကို ခါယမ်းလိုက်၏။ ကိုယ့်ကိုယ်ကိုယ်သေကြောင်း ကြံစည်ကြသော ဆရာဝန်များအကြောင်း သူ သိပါသည်။ ဒေးဗစ်က ပြောလိုက်၏။





"ပေါ့ပေါ့ပါးပါး ပြောရမယ့် နောက်ကိစ္စတစ်ရပ်ကတော့ လူနာတွေကို နည်းနည်းပဲ ဆေးရုံတင်တဲ့ ပုဂ္ဂိုလ်ကို ဆုကြေးပေးမယ့် အစီအစဉ်ရှိတယ်လို့ ချားလ်စ်ကယ်လီက ပြောပြတယ်"

"အဲဒီလို မက်လုံးပေးတဲ့ အစီအစဉ်မျိုးကို ကျွန်မ ကြားဖူးပါတယ်။ အဲဒါက အကုန်အကျ သက်သာအောင် လုပ်ကြတဲ့ ထွင်လုံး သက်သက်ပါရှင်"

ဒေးဗစ်က မယုံကြည်နိုင်ဟန်နှင့် ဦးခေါင်းကို ခါယမ်းလိုက်၏။

"ကြီးကြပ်မှုနဲ့ လူမမာကို ပြုစုစောင့်ရှောက်တယ်။ ကြီးကြပ်မှုနဲ့ ပြိုင်ဆိုင်ကြတယ် ဆိုတာတွေဟာ အလွန် စိတ်ကုန်စရာကောင်းတဲ့ ကိစ္စတွေပဲ။ ကိုယ့်တစ်ဦးတည်း အမြင်ကတော့ စော်ကားတာပဲလို့ ထင်တယ်"

"ကဲပါလေ ကျွန်မဘက်က ပေါ့ပေါ့ပါးပါး ပြောရမယ့် စကားကတော့ ဒေါက်တာ ဝက်ဒလီက ဒီကနေ့ည သူ့အိမ်မှာ ညစာ လာစားဖို့ ကျွန်မတို့ကို ဖိတ်ထားတယ်။ ကျွန်မကတော့ ရှင့်ကို ခွင့်တောင်းရဦးမယ်လို့ ပြောထားတယ်။ ရှင် ဘယ်လို ထင်သလဲ"

"မင်းက သွားချင်လို့လား"

"အိမ်မှာတော့ လုပ်စရာတွေ အများကြီး ရှိတယ်။ ဒါပေမယ့် သူက အလွန် ရက်ရက်ရောရော ရှိတဲ့အတွက် သွားသင့်တယ်လို့ ထင်ပါတယ်"

"နစ်ကီကို ဘယ်လို လုပ်မလဲ"

"အဲဒါအတွက်လည်း သတင်းကောင်း ရထားတယ်။ ဘာတန်ရှားဝုဒ်ရဲ့ သမီး ကာရင်ရှားဝုဒ်က ကလေးထိန်းအလုပ် တော်တော်များများကို လုပ်ကိုင်ဖူးတယ်တဲ့။ ကျွန်မတို့ အိမ်နဲ့လည်း အနီးဆုံးပဲ။ ကျွန်မက လှမ်းဆက်သွယ်လိုက်တော့ သူက လုပ်ပေးဖို့ လိုလိုလားလား ရှိနေပါတယ်"

"နစ်ကီ သဘောထားကရော"

"ကျွန်မ မေးပြီးပါပြီ၊ နစ်ကီက ကာရင်ရှားဝုဒ်နဲ့ တွေ့ချင်ပါတယ်တဲ့။ ကာရင်က ကျောင်းဘင်ခရာအဖွဲ့က အကအဖွဲ့ ခေါင်းဆောင်လေ"

"ဒါဆိုလည်း သွားကြတာပေါ့ကွာ"

❖ ❖ ❖

ညခုနစ်နာရီ မထိုးခင် ကာရင်ရှားဝုဒ် ရောက်လာသည်။ ဒေးဗစ်က ကားမောင်းနေစဉ် အင်ဂျယ်လာက အလှပြုပြင်မှု လက်စသတ်လိုက်၏။

ဝက်ဒလီ၏ အိမ်ရှေ့သို့ ရောက်လာသောအခါ သူတို့နှစ်ဦးစလုံးက ထိုအိမ်ကို အထင်ကြီးသွားကြသည်။ ထိုအိမ်သည် ဒေးဗစ်တို့၏အိမ်လောက် မကြီးသော်လည်း အခြေအနေ ပိုကောင်းသည်။ ပို၍ သပ်သပ်ရပ်ရပ်ရှိသည်။ အိမ်အတွင်းပိုင်းမှာ ပို၍ပင် အထင်ကြီးစရာ ကောင်းနေသည်။

ဂါးထရုဒ်ဝက်ဒလီနှင့် သူ့ခင်ပွန်းတို့သည် အလွန် ထူးခြားနားကြသူများ ဖြစ်သည်။ သူတို့၏ ဆယ်ကျော်သက်ရွယ်သမီး ဆင်ဆင်ဒရာသည် ပွင့်ပွင့်လင်းလင်းရှိသော သူ့ဖခင်နှင့် ပို၍ တူပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

လိုဖယ်မင်းစားပိုင်းတွင် ဒေါက်တာ ဝက်ဒလီကသာ တစ်ချိန်လုံး ပျော်ပိုးလားခဲ့သည်။ အပြန်ခရီးတွင် ဒေးဗစ်က ပြောလိုက်၏။

"တစ်ခု သေချာတာကတော့ ဒေါက်တာဝက်ဒလီက မင်းကို သိပ်ချစ်နေပြီ။ ဖေးလေ ကိုယ်ကတော့ သူ့ကို အပြစ်မတင်ပါဘူး"

အင်ဂျယ်လာက ဒေးဗစ်၏ ခန္ဓာကိုယ်နှင့် ပူးပူးကပ်ကပ်ဖြစ်အောင် တိုးတိုးဝှေ့ဝှေ့ကလေး ထိုင်လိုက်၏။

နေအိမ်သို့ ပြန်ရောက်သောအခါ ဒေးဗစ်က ကာရင့်ကို သူ့အိမ်သို့ ပြန်ပို့ပေးလိုက်သည်။ ဒေးဗစ် ပြန်လာသောအခါ အင်ဂျယ်လာသည် သူတို့ ဟန်းနီးမွန်း ထွက်စဉ်က ဝတ်ခဲ့သော ညဝတ်အင်္ကျီ ပါးပါးကလေးကို ဝတ်၍ ကြိုဆိုနေကြောင်း တွေ့လိုက်ရလေ၏။

"အခု ကျွန်မမှာ ကိုယ်ဝန် မရှိတဲ့ ခုလိုအချိန်မျိုးမှာ ဒီအင်္ကျီနဲ့ ပိုပြီးကြည့်ကောင်းတယ်လို့ ရှင် မထင်ဘူးလား"

ဒေးဗစ်က အင်ဂျယ်လာကို ကြင်နာစွာ ပွေ့ဖက်ထားလိုက်သည်။ အင်ဂျယ်လာက ပြောလိုက်ပြန်၏။

"ကျွန်မက နောက်ထပ် ကလေးတစ်ယောက်လောက် ယူရရင် ကောင်းမလားလို့ စဉ်းစားနေမိတယ်"

"တကယ် ပြောတာလား"

"အခုလို အိမ်ကြီးကြီးနဲ့ဆိုတော့ ကလေးတွေ တစ်ပြုံကြီး မွေးလို့ရတာပေါ့ရှင်"

ဒေးဗစ်က ပြောလိုက်သည်။

"ကိုယ်တို့ မွေးလာမယ့် ကလေးမှာ စစ်စတစ် ဖိုင်ဘရိုးဆစ်ရောဂါ ပါမယ်၊ မပါဘူးဆိုတာ သိချင်တယ်။ အေးလေ ရေမွှာရည်ကို ထုတ်ယူပြီး စစ်ဆေးရင်လည်း သိနိုင်တာပေါ့လေ"

အင်ဂျယ်လာက စိတ်မပါသော လေသံနှင့် ပြောလိုက်ပြန်၏။

"ဟုတ်ပါပြီ၊ ဒါပေမယ့် စစ်စတစ် ဖိုင်ဘရိုးဆစ်ရောဂါ ပါလာတယ်လို့ သိရတယ် ဆိုရင်ကော"

"အေးကွာ၊ ကိုယ်လည်း မသိတော့ဘူး။ ကြောက်ဖို့တော့ ကောင်းတယ်။ ဘာကို လုပ်သင့်သလဲ ဆိုတာကို သိဖို့ ခက်တယ်ကွ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကဲ ဒါဖြင့်ရင်လည်း (လေရူးသုန်သုန်ထဲမှာ) စကားလက်အိုဟာရာ ပြောခဲ့သလို အဲဒီကိစ္စကို နက်ဖြန်ခါကျမှပဲ စဉ်းစားကြတာပေါ့ရှင်"

❖ ❖ ❖ ❖ ❖



(၉)

ဗားမောင့်မှ နွေရာသီကာလ

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးလာပြီး နွေရာသီသို့ပင် ရောက်ခဲ့လေပြီ။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည်လည်း မိမိတို့၏ လုပ်ငန်းခွင်များတွင် ကိုယ်စီကိုယ်င အသားကျစ ပြုလာသည်။

ရပ်စတီသည် အားလုံး၏ အချစ်တော် ခွေးကလေး ဖြစ်လာသလို နစ်ကီကလည်း ပတ်ဝန်းကျင်နှင့် အဆင်ပြေစ ပြုလာသည်။ နစ်ကီ၏ အသက်ရှူမှုမှာ ပုံမှန်အတိုင်း ဖြစ်နေသလို အဆုတ်ကလည်း သန့်ရှင်းနေသည်။

နစ်ကီတွင် သူငယ်ချင်း အပေါင်းအသင်းများ ရလာသည်။ သူနှင့် အရင်းနှီးဆုံးမှာ ကယ်ရိုလင်းဟင်းမ်စ်ဖို့ဒ်ပင် ဖြစ်သည်။ ကယ်ရိုလင်းသည် နစ်ကီထက် တစ်နှစ်ကြီးသော်လည်း ဝေဒနာချင်း တူကြသူများ ဖြစ်၍ တစ်ဦးနှင့်တစ်ဦး အလွန် ခင်မင်တွယ်တာကြသည်။ သူတို့နှစ်ဦးသည် ကယ်ရိုလင်း၏ မိဘများ ပိုင်ဆိုင်သော ကုန်စုံဆိုင်ထဲတွင် မတော်တဆ တွေ့ဆုံပြီး သိကျွမ်းခဲ့ကြခြင်း ဖြစ်သည်။

နစ်ကီသည် သူနှင့် သက်တူရွယ်တူဖြစ်သော အာနီနှင့်လည်း ခင်မင်သည်။ အာနီသည် ဒေါက်တာကီဗင်ယန်ဆင်၏သား ဖြစ်သည်။

ဒေးဗစ်နှင့် အင်ဂျယ်လာသည် အလုပ်ကို ခင်တွယ်ကြသော်လည်း စနေနေ့ မွန်းလွဲပိုင်းနှင့် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းများတွင် အိမ်အလုပ်ကို အတိုးချ၍ လုပ်ကြသည်။

ဩဂုတ်လ (၂၁) ရက်၊ စနေနေ့ မနက်တွင် ဒေးဗစ်သည် [illegible] စောစောစီးစီးထပြီး ဆေးရုံသို့ သွား၍ ဆေးရုံတင်ထားသော [illegible] ကို သူ ကြည့်သည်။ အခြေအနေ ကောင်းမွန်ပါသည်။ [illegible]ပတ်တွင် ဆေးရုံမှ ဆင်းခွင့်ပြုမည်ဟု သူ စိတ်ကူးထားသည်။

လူနာကြည့်အပြီးတွင် သူသည် ဘတ်စ[illegible]သော ကစားရန် အထက်တန်းကျောင်းသို့ ဘိုင်စကယ်စီး၍ သွား[illegible]က်ခဲ့သည်။ ထိုကစား


www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ ရှုံးသူက ဘေးထွက်၍ ထိုင်ရမည် ဖြစ်သောကြောင့် သူ ထင်ထား သည့်ထက် ပို၍ ကြိုးစားပမ်းစား အပြိုင်အဆိုင် ကစားနေကြသည်။

ဒေးဗစ်ကိုယ်တိုင်ကလည်း အားနှင့်မာန်နှင့် ဝင်ကစားသည်။ ဤ တွင် ဒေးဗစ်၏ တံတောင်ဆစ်သည် ကီဗင်ယန်ဆင်၏ နှာခေါင်းကို တည့် တည့်ကြီး ထွက်လိုက်မိလေသည်။

"ကီဗင် ဘာဖြစ်သွားသေးသလဲ"

"ချီးမှုပဲ၊ မင်း တော်တော် ရမ်းတဲ့လူ"

"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျား နှာခေါင်းကို ကျုပ် ကြည့် ပေးပါရစေ"

"ကျုပ်ကို လာမထိနဲ့"

ဤတွင် ဆရာဝန်တစ်ဦးဖြစ်သူ ထရင့်ယားဘိုရိုးက ဝင်ရောက် ဖျန်ဖြေ ပြီး ကီဗင်၏ ရွဲ့စောင်းသွားသော နှာခေါင်းရိုးကို ပြန်ထည့်ပေးလိုက်သည်။

ဒေးဗစ်က ကီဗင်အား အိမ်လိုက်ပို့ပေးမည်ဟု ပြောသော်လည်း ကီဗင်က လက်မခံဘဲ ပြန်သွားတော့သည်။ ထရင့်က ပြောလိုက်၏။

"ကီဗင် ကိစ္စကို စိတ်အနှောင့်အယှက် အဖြစ်မခံပါနဲ့ဗျာ။ သူက လည်း ဒီပြင် လူတစ်ယောက်ရဲ့ နှာခေါင်းရိုးတွေကို ချိုးထားပြီးပါပြီ။ သူက အားစကားသမားစိတ် မရှိတာကလွဲရင် လူကောင်းတစ်ယောက်ပါ"

ဒေးဗစ်သည် အင်တင်တင်နှင့် ဆက်ကစားလိုက်သည်။

❉ ❉ ❉

ဒေးဗစ် အိမ်ပြန်ရောက်သောအခါ နစ်ကီနှင့် အင်ဂျယ်လာတို့က အပြင်ထွက်လည်ကြရန် အဆင်သင့် ဖြစ်နေကြလေပြီ။ သူတို့သည် ယန် ဆင်မိသားစု၊ ယားဘိုရိုးမိသားစု၊ ယန်းမိသားစုတို့နှင့် ရေကန်နံဘေးရှိ အိမ်ကလေးသို့ တစ်ညအိပ်ခရီး ထွက်ကြရန် စီစဉ်ထားသည်။ စတိဗ်ယန်း သည် သားဖွားနှင့် မီးယပ်ဆရာဝန် ဖြစ်သလို ဘတ်စကတ်ဘော မှန်မှန် ကစားသူလည်း ဖြစ်သည်။

ဒေးဗစ်က ရေမြန်မြန်ချိုးလိုက်ပြီး နောက်နာရီဝက် အကြာတွင် ခရီးထွက်ခဲ့ကြတော့သည်။ ရေကန်၏ ရေပြင်မှာ စိမ်းလဲ့နေသည်။ အိမ် ကလေးကလည်း ချစ်စရာကလေးပင် ဖြစ်သည်။ နစ်ကီသည် ချက်ချင်း ဆိုသလို အာနီယန်ဆင်နှင့် တွဲမိကြတော့သည်။

အင်ဂျယ်လာကမူ အစားအသောက်အတွက် ပြင်ဆင်နေကြသော နန်စီယန်ဆင်၊ ကလာရာယန်းနှင့် ဂေးလ်ယားဘိုရိုးတို့ရှိရာ မီးဖိုချောင်ထဲ သို့ လိုက်ဝင်သွားသည်။ ဒေးဗစ်ကလည်း ဘီယာသောက်ရင်း ခရီးဆောင် ရုပ်မြင်သံကြားမှ ဘောလုံးပွဲကို ကြည့်နေကြသော အမျိုးသားများနှင့် ပူးပေါင်း လိုက်သည်။ ကီဗင်က ဒေးဗစ်အပေါ်တွင် မကျေမချမ်း ဖြစ်နေသေးသဖြင့် ဒေးဗစ်က ထပ်၍ တောင်းပန်လိုက်သည်။

ညစာစားအပြီးတွင် ဝိုင်းဖွဲ့၍ စကားပြောကြသည်။ အစပိုင်းတွင်





ဟားမောင့်တွင် နေရထိုင်ရသည်မှာ ပျော်စရာကောင်းကြောင်း ပြောဆိုနေ ကြရာမှ နောက်ပိုင်းတွင် ဆေးရုံအကြောင်း စကားပြောဖြစ်သွားကြတော့ သည်။

"အားကစားအကြောင်းနဲ့ တခြား အကြောင်းတွေ ပြောကြတာကမှ ပိုကောင်းလိမ့်ဦးမယ်"

ဂေးလ်ယားဘိုရိုးနှင့် အမျိုးသမီးအုပ်စုက ကန့်ကွက်လိုက်ကြ၏။ ထရင့်ယားဘိုရိုးက ပြန်ပြောလိုက်သည်။

"အခုလို ကျန်းမာရေးလောကကို ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေ တဲ့ အချိန်မှာ ဆေးအကြောင်း၊ ဝါးအကြောင်း မပြောဘဲနေလို့ ဘယ်ရပ့် ပလဲကွ"

ထရင့်ယားဘိုရိုးနှင့် စတိဗ်ယန်းတို့သည် စီအမ်ဗွီမှ ဆရာဝန်များ ပဟုတ်ကြချေ။ သူတို့က အာမခံ ကုမ္ပဏီကြီးတစ်ခုနှင့် ပူးပေါင်း၍ အဖွဲ့ အစည်းတစ်ခု ထပ်ဖွဲ့ရန် ကြံစည်ကြသေးသော်လည်း နောက်ကျသွားခဲ့ လေပြီ။ စီအမ်ဗွီ၏ ပြင်းပြင်းထန်ထန်နှင့် အပြိုင်အဆိုင် ကြိုးပမ်းမှုကြောင့် လူနာအခြေခံ အများစုသည် စီအမ်ဗွီဘက်သို့ ပါသွားခဲ့လေပြီ။ စတိဗ်ယန်း က ပြောလိုက်၏။

"ကျုပ်က ဆေးလောကတစ်ခုလုံးကို စိတ်ကုန်တယ်ဗျာ။ တခြား လုပ်ကိုင်စားလို့ရမယ့် လုပ်ငန်းရှိရင် ကျုပ်က ဆရာဝန်အလုပ်ကို ချက်ချင်း စွန့်ပစ်လိုက်မယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ရှင့်ရဲ့ ကျွမ်းကျင်မှုတွေ အလဟဿ ဖြစ်ကုန်တော့မှာပေါ့ရှင်"

စတိဗ်ယန်းက ပြောလိုက်၏။

"အဲဒါကတော့ဗျာ၊ ဟိုလူလုပ်သလို ကျုပ်က ကျုပ် ဦးနှောက်တွေကို ဖောက်ခွဲပစ်လိုက်တာနဲ့စာရင် တော်သေးတာပေါ့"

ဒေါက်တာ ပို့တလန်ကို ရည်ညွှန်းပြောဆိုမှုက အားလုံးကို နှုတ်ဆိတ် သွားစေခဲ့သည်။ အတန်ကြာမှ စကားစပြောလိုက်သူမှာ အင်ဂျယ်လာပင် ဖြစ်သည်။

"ကျွန်မကတော့ ဒေါက်တာ ပို့တလန်အကြောင်း တစ်ခါမှ မကြားရ သေးဘူး။ ကျွန်မက စပ်စပ်စုစု သိချင်တယ်ဆိုတာ ဝန်ခံပါတယ်။ ကျွန်မ သူ့ဇနီးနဲ့လည်း တွေ့ပြီးပါပြီ"

ဂေးလ်ယားဘိုရိုးက ဝင်ပြောလိုက်၏။

"သူ့ဇနီးကတော့ သူ့ကိုယ်သူ အပြစ်တင်နေတာပါပဲ"

ဒေးဗစ်က ပြောလိုက်ပြန်သည်။

"ကျုပ်တို့ကတော့ သူ စိတ်ဓာတ်ကျဆင်းနေတယ်လို့ပဲ သိရတယ်။ တိတိကျကျကလေးများ ပြောနိုင်ကြပါသလား"

ထရင့်က ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဇာတ်လမ်းကတော့ တင်ပါးဆုံရိုး ကျိုးသွားတဲ့ ပန်းချီဆရာ ဆာ ဖယင်းပင်းက ဇာတ်လမ်း စခဲ့တာပဲ။ အဲဒီနောက်ပိုင်းမှာ သူ့လူနာနှစ်ယောက် ထပ်သေသွားကြတယ်"

ကိုပင်ယန်ဆင်က ဖြုန်းခနဲ ဝင်ပြောလိုက်၏။

"ကျုပ်ကတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ မထင်ဘူးဗျာ"

ထရင့်က ပြောလိုက်သည်။

"ကဲ ခင်ဗျား စကားကို ခင်ဗျားကပဲ ထပ်ရှင်းပြစမ်းပါဦးလေ"

"ရန်ဒီပို့တလန်မှာ သေနတ် မရှိဘူးဆိုတဲ့ အချက်ကလွဲရင် သိပ်ရှင်းပြစရာ မရှိပါဘူး။ သူ အဲဒီသေနတ်ကို ဘယ်က ရလာပါသလဲ၊ ကျုပ်ဆီက လာငှားသွားပါတယ်လို့ ဘယ်သူကမှ မထွက်ဆိုခဲ့ကြဘူး။ သူက ဗြို့ပြင်ထွက်တဲ့လူလည်း မဟုတ်ဘူး။ ဘာလဲ လမ်းဘေးက ကောက်ရလာတာလား"

ကီဗင်က ရယ်လိုက်၏။ စတိဗ်ယန်းက ပြောလိုက်ပြန်သည်။

"ဘယ်လိုလဲဗျာ၊ ဘယ်သူမှ မသိဘဲ သူ့ဆီမှာ ရှိနေလို့ ဖြစ်မှာပေါ့"

ကီဗင်ကလည်း ခေါင်းမာသည်။

"သူ့ဇနီး အာလင်းကလည်း ဘာမှ မသိပါဘူးတဲ့။ နောက်တစ်ချက်ကလည်း နဖူးတည့်တည့်က နောက်ဘက်ကို ပြန်ပစ်တဲ့ ကိစ္စပဲ။ အဲဒီလိုပစ်တာမျိုး ကျုပ် တစ်ခါမှ မကြားဖူးသေးဘူး။ တချို့ကတော့ ပါးစပ်ထဲကို ပြောင်းထည့်ပြီး ပစ်တယ်။ တချို့ကတော့ နားထင်ကို ပစ်တတ်ကြတယ်။ အထူးသဖြင့် အခုလို ပြောင်းဝရှည်တဲ့ မက်ဂနမ်သေနတ်နဲ့ဆိုရင် ရှေ့ဘက်ကနေ ကိုယ့်ကိုယ်ကိုယ် ပြန်ပစ်ဖို့ သိပ်ခဲယဉ်းတယ်"

သူက လက်ဟန်ခြေဟန်နှင့် လုပ်ပြလိုက်သည်။ စတိဗ်က မေးလိုက်၏။

"သူ အသတ်ခံရတာလို့ ခင်ဗျားက ဆိုချင်တာလား"

"ကျုပ်ကိုယ်တိုင်ကတော့ သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ မယုံဘူး။ ကျန်တာကတော့ ကိုယ့်ဘာသာကိုယ် ကောက်ချက်ဆွဲနိုင်ကြတာပေါ့ဗျာ"

ခဏကြာမှ ဂေးလ်ယားဘိုရိုးက ပြောလိုက်သည်။

"ကျွန်မကတော့ အဲဒီကိစ္စဟာ အင်မတန် သူ့ရဲဘောကြောင်တဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုပဲလို့ ထင်တယ်။ ကျွန်မကတော့ အာလင်းနဲ့ ကလေးနှစ်ယောက်ကို သိပ်သနားတာပဲ"

ကလာရာယန်းကလည်း ဝင်ပြောသည်။

"အဲဒါကို ကျွန်မလည်း သဘောတူတယ်"

နောက်ထပ် ငြိမ်ကျသွားပြန်သည်။ ပြီးမှ စတိဗ်ယန်းက စပြောလိုက်၏။

"ခင်ဗျားတို့နှစ်ယောက် ဘတ်တလက်မှာ ပျော်ကြရဲ့လား"





ဒေးဗစ်က စပြောသည်။

"ကျုပ်ကတော့ ပျော်ပါတယ်။ ဒါပေမယ့် ကင်ဆာဝေဒနာသည်တွေက ကျုပ် ထင်ထားတာထက် ပိုများနေတယ်"

စတိဗ်ယန်းက ထပ်မေးသည်။

"ဘယ်နှစ်ယောက်တောင် ရှိနေလို့လဲ"

"ကျုပ်ဆီမှာ သွေးကင်ဆာ ဖြစ်နေတဲ့ ဂျွန်တာလော၊ သူက ခုလောလောဆယ် ဆေးရုံတက်နေတယ်။ ပြီးတော့ သားအိမ်ကင်ဆာ ဖြစ်နေတဲ့ မေရီအန်းရိုလာ၊ ပြီးတော့ ဆီးကျိတ်ကင်ဆာ ဖြစ်နေတဲ့ ဂျိုနသန်အကင်းစ်၊ ပြီးတော့ ပန်ကရိယ ကင်ဆာကစပြီး ဂလင်းမြင်းကင်ဆာ ဖြစ်နေတဲ့ ဒေါ်နယ်အင်ဒါဆင်၊ မြင်းမည်းကင်ဆာ ဖြစ်နေတဲ့ စင်ဒရာဟာက်စ်ချာ၊ ပြီးတော့ ရင်သားကင်ဆာ ဖြစ်နေတဲ့ မာဂျော်ရီကလီဘာ"

"ရှင်က လူနာအားလုံးရဲ့ နာမည်တွေကို အလွတ်ရနေတဲ့အတွက် အထင်ကြီးမိပါတယ်ရှင်"

ကလာရာယန်းက ချီးမွမ်းလိုက်သည်။

"ဒါကတော့ လွယ်ပါတယ်ဗျာ။ ကျုပ်က သူတို့ အားလုံးနဲ့ ရင်းနှီးအောင် လုပ်ထားလို့ မှတ်မိနေတာပါ။ ဒါပေမယ့် သူတို့ သေသွားခဲ့ရင် ကျုပ်က သူတို့အတွက် တာဝန်ရှိသလို ခံစားနေရမှာဗျာ"

"အေးဗျာ၊ ခင်ဗျား ဆိုလိုတာကို ကျုပ် နားလည်ပါတယ်"

စတိဗ်ယန်းက ပြောလိုက်သည်။ နန်စီယန်ဆင်က အင်ဂျယ်လာကို မေးလိုက်ပြန်၏။

"ရှင့်အလုပ်ကရော ဘယ်လိုလဲ"

"ဒေါက်တာ ဝက်ဒလီက တကယ့် ဆရာသမားကောင်း ပီသပါတယ်ရှင်၊ လုပ်ရကိုင်ရတာလည်း ကောင်းပါတယ်"

ကီဗင်က ဒေးဗစ်ကို မေးလိုက်၏။

"ခင်ဗျား ချားလ်စ်ကယ်လီနဲ့ ထိပ်တိုက်တိုးပြီးပြီလား"

"မတိုးပါဘူးဗျာ၊ သူနဲ့ကျုပ် အဆင်ပြေပါတယ်။ ကျုပ် ဒီအပတ်ထဲမှာပဲ ဘာလင်တန်က စီအမ်ဗွီ အရည်အသွေး စီမံခန့်ခွဲမှု ညွှန်ကြားရေးမှူးနဲ့အတူ ချားလ်စ်ကယ်လီနဲ့ တွေ့ခဲ့ရသေးတယ်။ လူနာတွေက ဆေးကုသမှုနဲ့ ပတ်သက်ပြီး ကျေနပ်ကြတယ်လို့ ရေးသားကြတဲ့အတွက် သူတို့နှစ်ယောက်စလုံးက ကျုပ်ကို ချီးမွမ်းကြသေးတယ်"

"ဟာ အရည်အသွေး စီမံခန့်ခွဲမှုဆိုတာ လွယ်ပါတယ်ဗျာ။ ခင်ဗျားရဲ့ အသုံးကျမှုကို သုံးသပ်တဲ့အချိန်အထိ စောင့်လိုက်ပါဦး။ အဲဒါကျရင်၊ သုံးလလောက်တော့ ကြာတယ်။ အဲဒီအခါကျရင် ခင်ဗျားက ချားလ်စ်ကယ်လီအပေါ် ဘယ်လို ထင်သလဲ ဆိုတာကို ပြောပြပါဦး"

ဒေးဗစ်က ပြန်ပြောလိုက်၏။

"ကျုပ်ကတော့ အဲဒါကို အလေးမထားပါဘူးဗျာ။ ကျုပ်က စေ့စေ့



www.burmeseclassic.com

www.burmeseclassic.com


စပ်စပ်နဲ့ ဆေးဝါးကောင်းကောင်း ကုသပေးတယ်။ ဆေးရုံတင်တာနဲ့ ပတ်သက်တဲ့ ဆုကြေး အစီအစဉ်ကို ကျုပ်က ဂရုမစိုက်ပါဘူး။ ကျုပ်က ပယ်ယားဟားစ်ကို သွားရမယ့် ဆုကို ရမှာလည်း မဟုတ်ပါဘူး"

"ကျုပ်ကတော့ အဲဒီ ဆုကြေး အစီအစဉ်ကို ကောင်းတယ်လို့ ထင်တယ်ဗျာ"

ဂေးလ်ယားဘိုရိုးက ပြောလိုက်၏။

"ဆေးအကြောင်း၊ ဝါးအကြောင်း ပြောကြတာတွေ တော်ကြပါတော့ရှင်"

ထို့နောက် သူတို့သည် တစ်ဦးနှင့်တစ်ဦး နောက်သလို ပြောင်သလိုနှင့် သားပြော မယားပြော ပြောလာကြတော့သည်။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ထိုသို့ ပြောကြသည့်အထဲတွင် ဝင်မပါဘဲ နေသည်။

နောက်ပိုင်းတွင် ဆရာဝန် သုံးစုံတွဲက ရေကန်ထဲသို့ ရေဆင်းကူးကြသောအခါ ဒေးဗစ်နှင့် အင်ဂျယ်လာတို့က အိပ်ရာထဲသို့ ဝင်ခဲ့ကြလေတော့သည်။

✥ ✥ ✥ ✥ ✥

## (၁၀)

စက်တင်ဘာလ ၆ ရက်၊ တနင်္လာနေ့

ထရေနာက ၎င်း၏ မာစီဒီးစ် မော်တော်ကားကို လမ်းပေါ်က ဆွဲချလိုက်ပြီး ခြံစည်းရိုး နံဘေးတွင် ကပ်၍ ရပ်ထားသော မော်တော်ကားတန်းဆီသို့ ဆက်မောင်းသွားတော့သည်။

ခြံစည်းရိုး၏ ဟိုဘက် မြက်ခင်းပြင်ထဲတွင် ဘတ်တလက် ကွန်မြူနီတီဆေးရုံ၏ ရှစ်ကြိမ်မြောက် အလုပ်သမားနေ့ကို ကျင်းပနေသည်။

ထရေနာနှင့် ဇနီးဖြစ်သူ ဂျက်ကလင်းတို့ ကားထဲမှ ထွက်လိုက်ကြစဉ် သူတို့ကို လက်ဝှေ့ယမ်းပြပြီး သူတို့ထံ ပုလိပ်အကြီးအကဲ ဝိန်းရောဘတ်ဆန်နှင့်အတူ လျှောက်လာသော ဟယ်လင်ဘီတန်ကို တွေ့လိုက်ရလေ၏။ တစ်ခုခုတော့ မှားယွင်းနေပြီဟု ထရေနာက ချက်ချင်းပင် သံသယဝင်မိတော့သည်။ ဂျက်ကလင်းက ပြောလိုက်၏။

"သိပ်ကို အဆင်ပြေတာပဲရှင်၊ ဟောဒီမှာ ရှင့်ရဲ့ အကြီးဆုံး စိတ်ဝေဒနာရှင် ကြွလာနေပါပြီ"

"မင်းပါးစပ် ပိတ်ထားစမ်း ဂျက်ကလင်း"

ထရေနာက အသံကို ထိန်း၍ ဒေါပွပွနှင့် ပြောလိုက်၏။ ဘီတန်က ဆိုင်းမဆင့် ဗုံမပါ ပြောချလိုက်သည်။

"ကျွန်မဆီမှာ သတင်းဆိုး ပါလာတယ်"

"မင်းက ဟိုတဲဆီသွားပြီး အချိုရည်လေး ဘာလေး ယူပါလားကွာ"

ထရေနာက သူ့ဇနီးကို ပြောလိုက်၏။ ဂျက်ကလင်းက ဘီတန်ကို မျက်စောင်းထိုးပြီး ထွက်သွားတော့သည်။

"သတင်းဆိုးက ဘာလဲ၊ ပြောစမ်းပါဦး"

"ညတုန်းက သူနာပြုဆရာမတစ်ယောက် အစော်ကားခံရပြန်ပြီ။ သူကတော့ မုဒိမ်းကျင့်ခံလိုက်ရတယ်"

"အရင်လူပဲလား"

ဝိန်းရောဘတ်ဆန်က ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီတစ်ခါတော့ သူ့ဆီမှာ ဓားမြှောင်အစား သေနတ်ဟောင်း ပါလာတယ်"

"ဘယ်လို ဖြစ်ရတာတုံး၊ မီးတွေ ထွန်းထားတယ် မဟုတ်လား"

"အခု ပုဒိမ်းကျင့်ခံရတာက မီးထွန်းမထားတဲ့ အပေါ်ဘက် ကားရပ်တဲ့ နေရာမှာ ဖြစ်တာ"

"အဲဒီ မုဒိမ်းမှုကို ဘယ်လူတွေ သိကြသလဲ"

"သိပ်မသိကြသေးပါဘူး"

ဘီတန်က ဖြေလိုက်၏။

"ကျွန်မက ဘတ်တလက် သူရိယ သတင်းစာက ဂျော့ချ်အိုဒေါ်နယ်ဆီ ဖုန်းဆက်ပြီး ဒီသတင်းကို မှောင်ချထားဖို့ ပြောလိုက်ပါတယ်"

ထရေနာက ရှော့ဘတ်ဆန်ဘက်သို့ လှည့်လိုက်ပြန်၏။

"ပုလိပ်ဘက်က ဘာမှ လုပ်မပေးနိုင်ကြတော့ဘူးလား"

"ညတိုင်း ဒီကို ပုလိပ်တစ်ယောက်စီ လွှတ်ပေးဖို့ကလွဲရင် ကျုပ်တို့က ဘာမှ လုပ်မပေးနိုင်ဘူး"

"ဆေးရုံက လုံခြုံရေးတာဝန်ခံ ပက်ထရစ်ဆွေဂလာ ဘယ်မှာလဲ"

ထရေနာက မေးလိုက်သဖြင့် ဝိန်းရောဘတ်ဆန်က ခေါ်ပေးရန် ထွက်ခွာသွားတော့သည်။ ရောဘတ်ဆန် မကြားနိုင်သော နေရာသို့ ရောက်သွားသောအခါ ထရေနာက မေးလိုက်၏။

"မင်း ဒီကနေ့ညအတွက် အဆင်သင့်ပဲလား"

"အစည်းအဝေး အပြီးမှာ တွေ့ဖို့ကိစ္စအတွက် ကျွန်မ သိပ်မသေချာဘူး။ ကျွန်မတို့ ဆွေးနွေးကြမှ ဖြစ်မယ်"

သို့ရာတွင် ပက်ထရစ်ဆွေဂလာနှင့် ဝိန်းရောဘတ်ဆန်တို့ ပြန်လာနေကြပြီ ဖြစ်သဖြင့် စကားစပြတ်သွားတော့သည်။

ထရေနာက ဟယ်လင်ဘီတန်သည် သူ့ကို ရှောင်ဖယ်ပြီး ချားလ်စ်ကယ်လီလို ပုဂ္ဂိုလ်မျိုးနှင့် တွေ့ဆုံနေလေသလောဟု တွေးလိုက်မိပြန်၏။

ပက်ထရစ်ဆွေဂလာက သူ့အပေါ်၌ အပြစ်ပုံချမည့် ကိစ္စကို ငြင်းပယ်လိုက်သည်။

"ကျုပ်တို့က အချိန်နောက်ကျမှ ပြန်မယ်ဆိုရင် လုံခြုံရေးကို သတင်းပို့ပါလို့ အကြိမ်ကြိမ် မှာထားသားပဲ။ ပိုဆိုးတာက သူက မော်တော်ကားကို အပေါ်ဘက်မှာ ရပ်ထားခဲ့တယ်။ အဲဒီနေရာက မီးထွန်းမထားဘူးလေ"

"အင်ဂျင်နီယာ ဌာနမှူး ဝါနာဗန်ဆလိုက်က ဘယ်မှာလဲ"

ထရေနာက ပြောလိုက်သဖြင့် ဝါနာဗန်ဆလိုက်သည် ဤပွဲမျိုးသို့ လာလေ့လာထ မရှိကြောင်း ဟယ်လင်ဘီတန်က ဖြေလိုက်၏။

"ဒါဆိုရင် အပေါ်ဘက် ကားရပ်တဲ့နေရာမှာ မီးတွေ ထိန်နေအောင် ထွန်းပေးဖို့ သူ့ကို မင်းက ပြောလိုက်"

ထို့နောက် ထရေနာသည် ဘီတန်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး





အစားအသောက်များ ကျွေးမွေးနေသည့် တဲဆီသို့ ဦးတည်၍ သွားတော့သည်။ သူတို့ကို ကော့ဒ်ဝဲလ်နှင့် ကန်တာတို့က မြင်သွားကြသဖြင့် ချဉ်းကပ်လာလေ၏။ ကော့ဒ်ဝဲလ်က ထရေနာကို ပြောလိုက်သည်။

"ကျုပ်တို့ရဲ့ ဆုကြေး အစီအစဉ် အောင်မြင်တယ် ဆိုတဲ့အကြောင်း ခင်ဗျား ကြားပြီးရောပေါ့"

ဘီတန်က ဝင်ပြောလိုက်၏။

"မှန်ပါတယ်၊ အဲဒီကိစ္စကို ဒီကနေ့ည အစည်းအဝေးမှာ ကျွန်မက တင်ပြမလို့ပါ"

ထရေနာက ပြန်ပြောလိုက်သည်။

"ဒီလို သတင်းကောင်းမျိုး ကြားရတာ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ကျုပ်တို့ ခါးတောင်းကျိုက်ဖြုတ်လို့ မဖြစ်သေးဘူး၊ ဆက်ထိန်းထားမှ ဖြစ်တယ်"

ဤတွင် ကော့ဒ်ဝဲလ်က ပြောလိုက်ပြန်၏။

"ကျုပ်က မူဝါဒနဲ့ဆိုင်တဲ့ မေးခွန်းတစ်ခု မေးဖို့ရှိတယ်။ ခုအစီအစဉ်မှာ နာတာရှည်ရောဂါမျိုးဖြစ်တဲ့ စစ်စတစ် ဖိုင်ဘရိုးဆစ် ရောဂါမျိုးဆိုရင် ဘယ်လို သဘောထားပါသလဲ"

"အဲဒီရောဂါက ဘယ်လိုဟာမျိုးလဲ၊ တကယ်လို့ ရောဂါဖြစ်လာရင် ကုန်ကျစရိတ်က ဘယ်လောက် ရှိမလဲ"

"အဲဒီ ရောဂါမျိုးကတော့ မျိုးရိုးကိုလိုက်ပြီး ဖြစ်တတ်တဲ့ ရောဂါပဲ။ ကုသရမယ် ဆိုရင်တော့ တစ်နှစ်ကို ဒေါ်လာ နှစ်သောင်းအထက်မှာ ရှိတယ်"

ကန်တာက ဖြေလိုက်ခြင်း ဖြစ်သည်။ ထရေနာက မေးလိုက်ပြန်၏။

"အဲဒီရောဂါက အဖြစ်များသလား"

ကန်တာက ပြန်ဖြေသည်။

"မွေးတဲ့ကလေး နှစ်ထောင်မှာ တစ်ယောက်လောက် ဖြစ်တတ်တာပါ"

"ဒါဆိုရင်လည်း စိတ်လှုပ်ရှားမှု ဖြစ်ရလောက်အောင် သိပ်မပေါလှပါဘူးလေ"

ထရေနာက ယနေ့ညတွင် ကျင်းပမည့် စည်းဝေးပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် မှာကြားပြီး လူစုခွဲလိုက်ကြသည်။ ထရေနာနှင့် ဘီတန်က ဆက်လျှောက်လာကြ၏။

"ရှင် သိပ်ပျော်နေတယ် မဟုတ်လား ချစ်ချစ်ရယ်"

ဂျက်ကလင်း၏ အမေးကို ထရေနာက ပြန်ဖြေလိုက်၏။

"ကိုယ်က မျက်နှာကြီး ရှစ်ခေါက်ချိုးနဲ့ လျှောက်သွားနေရမှာလား"

"အဲဒီလို ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ အိမ်မှာ ... ရှင်က တစ်ချိန်လုံး စူပုပ်နေတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြန်ရင် ကောင်းမယ်ထင်တယ်"

ဟု ဘီတန်က ပြောပြောဆိုဆိုနှင့် ခြေတစ်လှမ်း လှမ်းလိုက်၏။ ဂျက်ကလင်းက ပြောလိုက်သည်။

"ဒါဆိုရင် ကျွန်မ ပြန်မယ်၊ ရှင့်ကို ရှင့်လုပ်ဖော်ကိုင်ဖက် တစ်ဦးဦးက ပြန်ပို့ပေးပါ"

ဂျက်ကလင်း မျက်စိအောက်မှ ပျောက်ကွယ်သွားသည့်အချိန်တွင်မှ ထရေနာက မေးလိုက်၏။

"ပင်းက ဘာပြောချင်တာလဲ"

"ကျွန်မတို့ရဲ့ ဆက်ဆံရေးကို ပြောချင်တာပါ။ ကျွန်မ အလုပ်မှာ ကျွန်မ ပျော်ပိုက်ပါတယ်။ ဒါပေမယ့် ရှင် ကျွန်မကို စည်းရုံးခဲ့စဉ်တုန်းကတော့ ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ ပြောခဲ့တယ်။ ဇနီးနဲ့ ကွာရှင်းပြတ်စဲခွင့် ရတော့မယ်လို့လည်း ပြောခဲ့တယ်။ အဲဒါလည်း ဖြစ်မလာဘူး။ ကျွန်မ ဘဝတစ်လျှောက်လုံး ခိုးကြောင်ခိုးဝှက် တွေ့နေကြတာကို ရပ်ထားရလိမ့်မယ်"

ထရေနာက ခေါင်းညိတ်လိုက်၏။ လောလောဆယ်တွင် ထိုကိစ္စမှာ သူ့အတွက် အကောင်းဆုံးပင် ဖြစ်ပါလိမ့်မည်။

ထို့နောက် သူတို့သည် ဘော့စ်ဘော အနုစားကို ကစားနေကြသူများထံ ရောက်လာကြသည်။ ဒေါက်တာ ဝက်ဒလီကလည်း လှမ်း၍ လက်ပြလိုက်ရာ ဘီတန်က ဒေါက်တာ ဝက်ဒလီကို ပြန်၍ လက်ပြလိုက်သည်။ သူ့နံဘေးတွင် ဘောင်းဘီတိုကလေးကို ဝတ်ထားပြီး ဘော့စ်ဘော ဦးထုပ်တစ်လုံးကို တစ်ဖက်သို့ ခပ်များများစောင်း၍ ဆောင်းထားသော ဆွဲဆောင်မှု အပြည့်အဝရှိသည့် ခပ်ငယ်ငယ် အမျိုးသမီးတစ်ဦး ရှိနေသည်။ ထရေနာက မေးလိုက်၏။

"အဲဒီ ကလေးမက ဘယ်သူလဲ"

"သူက ကျွန်မတို့ရဲ့ ရောဂါဗေဒပညာရှင် အသစ်ကျပ်ချွတ် အင်ဂျယ်လာဝီလ်ဆန်ပေါ့။ သူနဲ့ တွေ့ချင်လို့လား"

သူတို့သည် ဝက်ဒလီတို့ထံ လျှောက်သွားပြီး မိတ်ဆက်လိုက်ကြ၏။ ထို့နောက် ဘော့စ်ဘောပွဲ စတော့မည် ဖြစ်သဖြင့် ဝက်ဒလီနှင့် အင်ဂျယ်လာတို့သည် ကစားကွင်းဆီသို့ ပြန်သွားကြတော့သည်။ ဟယ်လင်ဘီတန်က မှတ်ချက်ချလိုက်၏။

"ခုတစ်လော ဒေါက်တာ ဝက်ဒလီ အရမ်း ပြောင်းလဲနေတယ်။ အင်ဂျယ်လာဝီလ်ဆန်က ဝက်ဒလီ မျိုသိပ်ထားရတဲ့ ဆရာ လုပ်ချင်စိတ်ကို ပြန်ဆွပေးလိုက်တယ်။ အင်ဂျယ်လာက သူ့ကို အသက်ဆက်ပေးလိုက်သလိုပဲ။ အင်ဂျယ်လာ ရောက်လာကတည်းက သူ အရမ်း ပျော်နေတော့တာပဲ"

ထရေနာက အင်ဂျယ်လာ၏ လှုပ်ရှားမှုကို ကြည့်ရင်း ဝက်ဒလီ၏





စိတ်ပါဝင်စားမှုကို သူ နားလည်လိုက်သည်။ သို့ရာတွင် သူက ထိုကိစ္စကို စာသင်ပြချင်မှု သက်သက်အတွက်သာ ဖြစ်သည်ဟု မဆိုချင်ပါ။ တကယ်ကမူ အင်ဂျင်လာဝီလ်ဆန်သည် ထရေနာ တွေ့ဖူးသမျှသော အမျိုးသမီး ဒေါက်တာများထဲတွင် ဆရာဝန်နှင့်မတူသူ ဖြစ်နေသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ဗားမောင့်မှာ ဆောင်းဦးရာသီ

ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် ဗားမောင့်ဆောင်းဦးရာသီ၏ အလှအပကို အပြည့်အ၀ ခံစားနေကြရသည်။

နစ်ကီကလည်း ကျောင်းတက်ရသည်ကို ပျော်ပါသည်။ မာဂျော်ရီ ကလီဘာကလည်း နစ်ကီ၏ အတန်းပိုင်ဆရာ ဖြစ်လာသည်။

နစ်ကီနှင့် ကယ်ရီလင်းဟင်းမ်စ်ဖို့ဒ်တို့၏ ခင်မင်မှုမှာ အလွန် ကြီးထွားလာသည်။ အာနီယန်ဆင်နှင့် ခင်မင်မှုကလည်း ပိုမိုလာသည်။ အကျိုးနှင့် အပြစ်တို့ကို အချေအတင် ဆွေးနွေးကြပြီးနောက် နစ်ကီသည် စက်ဘီးစီး၍ ကျောင်းတက်ခွင့် ရရှိသွားတော့သည်။ ထိုလမ်းကြောင်းသည် ယန်ဆင့်မိသားစု အိမ်ရှေ့မှ ကျော်ဖြတ်သွားရသောကြောင့် အာနီက စောင့်နေလေ့ ရှိသည်။ နစ်ကီသည် နောက်ဆုံး တစ်မိုင်ကို အာနီနှင့် အတူတူ စက်ဘီးစီး၍ ကျောင်းတက်လေ့ ရှိသည်။

နစ်ကီ၏ ကျန်းမာရေး အနေအထားမှာလည်း ကောင်းမွန်လာသည်။ နစ်ကီသည် နေ့စဉ်ပင် နံနက်တိုင်း အသက်ရှူ ကုထုံးအတွက် ပုံစံအမျိုးမျိုးနှင့် ကုသခံနေရသည်ကလွဲ၍ လူကောင်းတစ်ယောက်ကိုပင် ရှိနေလေသည်။

ဆောင်းဦးရာသီအတွက် ကြီးမားသော အဖြစ်အပျက် တစ်ခုမှာ စက်တင်ဘာလကုန်ပိုင်းတွင် အင်ဂျယ်လာ၏ မိဘများ လာရောက် လည်ပတ်ကြခြင်းပင် ဖြစ်သည်။

ဖခင်ဖြစ်သူ ဒေါက်တာ ဝေါလ်တာခရစ်စတိုဖာက အင်ဂျယ်လာတို့၏ နေအိမ်ကို သိုသိုသိပ်သိပ်ကလေး ချီးမွမ်းသည်။ သို့ရာတွင် ကျေးလက်ဆေးကုသမှုကိုတော့ သူ အထင်သေးသည်။ အင်ဂျယ်လာ၏ ဓာတ်ခွဲခန်းကိုပင် လိုက်မကြည့်ခဲ့ပါ။

အင်ဂျယ်လာ၏ မိခင် ဘားနစ်ခရစ္စတိုဖာကမူ ချီးမွမ်းစရာ တစ်ကွက်မျှ ရှာမတွေ့ဘဲ ဖြစ်နေသည်။ အိမ်က နစ်ကီအတွက် ကြီးမားလွန်း





ည်။ ဘတ်တလက်ရှိ သစ်ရွက်များသည် နယူးယောက် ဗဟိုပန်းခြံရှိ သစ်ရွက်များနှင့် အရောင်ချင်း အတူတူပင် ဖြစ်သည်။ သစ်ပင်များကို ကြည့်ရှုရန် သက်သက်အတွက် ခြောက်နာရီကြာအောင် ကားမောင်းလာဖို့ လိုဟု၍လည်း ဩဘာပေးတော့သည်။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ခရစ္စတိုဖာ ဇနီးမောင်နှံ ပြန်သွားကြသည့်အခါကျမှ အားလုံး စိတ်သက်သာရာ ရရှိကြတော့သည်။

❖ ❖ ❖

အောက်တိုဘာလလယ်၏ စနေနေ့ တစ်နေ့တွင် ဘတ်စကက်ဘောအစားရာမှ ခေတ္တ နားနေကြခိုက် စတိဗ်ကီဗင်နှင့် ထရင့်တို့က ဒေးဗစ်ကို ချောင်ပိတ်ဖမ်းပြီး နယူးဟမ်ရှိုင်းယားရှိ ဝါးတားဗီးလ်တောင်ကြားသို့ သွားရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း၊ ထိုဒေသသည် အလွန် သာယာလှပကြောင်း၊ ဒေးဗစ်၏ မိသားစုလည်း လိုက်ပါစေလိုကြောင်း၊ ၎င်းတို့က အိပ်ခန်း လေးခန်းပါသော အိမ်တစ်လုံးကို ငှားရမ်းထားပြီး ဖြစ်ကြောင်း အတင်း မဲဆွယ်ကြသည်။

ဒေးဗစ်က အင်ဂျယ်လာအား ပြောပြသောအခါ အင်ဂျယ်လာက စိတ်မပါလှချေ။ သို့ရာတွင် ဒေးဗစ်နှင့် နစ်ကီတို့က အလွန် သွားချင်နေကြသည်။ နောက်ဆုံးတွင် ဒေးဗစ်နှင့် နစ်ကီတို့၏ ဆန္ဒကို အင်ဂျယ်လာက လိုက်လျောရတော့သည်။

ဒေးဗစ်က သူ ခရီးထွက်နေစဉ် သူ့အစား ဝင်ပေးရန် စီအမ်ဗွီ၏ ဆရာဝန်တစ်ဦးဖြစ်သော ဒပ်ဒလီမတ်စ်ဟမ်ကို လွှဲထားခဲ့၏။ ကြာသပတေးညတွင် သူတို့သည် အထုပ်အပိုး ပြင်ဆင်ကြပြီး၊ သောကြာနေ့ ညနေငါးနာရီတွင် ဘတ်တလက်မှ ထွက်ခဲ့ကြတော့သည်။

သူတို့တွင် ကားသုံးစီး ပါလာသည်။ ယားဘိုရိုးမိသားစုက ၎င်းတို့၏ ကလေးသုံးယောက်နှင့်အတူ ကားတစ်စီး ယူလာသည်။ ယန်ဆင်မိသားစုနှင့် ယန်းစ်မိသားစုကမူ ယန်ဆင်၏ ဗင်ကားတွင် စုပေါင်း၍ လိုက်ပါလာကြသည်။ ဒေးဗစ်နှင့် အင်ဂျယ်လာက ၎င်းတို့၏ ဗော်လ်ဗိုမော်တော်ကားကို ယူလာကြသည်။

လေးခန်းတွဲ အိမ်ကြီးမှာ အလွန် ကြီးမားလှသည်။ ပင်ပန်းလာသော သူတို့သည် သောကြာနေ့တွင် တန်း၍ အိပ်ရာဝင်ခဲ့ကြတော့သည်။

နောက်တစ်နေ့တွင် ၎င်းတို့သည် နယူးဟမ်ရှိုင်းယား မြောက်ပိုင်းရှိ ပိုလီ၏ မုန့်ပြားသလက်ဆိုင်တွင် နံနက်စာ စားကြသည်။

နံနက်စာ စားအပြီးတွင် ဟိုဟိုဒီဒီသို့ လျှောက်ကြည့်ကြပြီးနောက် ဝါးတားဗီလ် တောင်ကြားသို့ ပြန်လာခဲ့ကြ၏။ အပြန်တွင် ကောင်းကင်၌ မိုးတိုက်ကြီးများ ဖြစ်ပေါ်လာပြီး အပူချိန်ပါ ရုတ်တရက် ကျဆင်းသွားတော့သည်။

ငှားရမ်းထားသော အိမ်ကြီးသို့ ပြန်ရောက်သောအခါ ကီဗင်က



www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း တင်းနစ်ကစားချင်စိတ် ဖြစ်ပေါ်နေသည်။ မည်သူကမျှ မိတ်မပါကြ။ သို့ရာတွင် ဒေးဗစ်ကို သူ မဲဆွယ်၍ ရသွားတော့သည်။

တကယ် ကစားကြသောအခါ ဒေးဗစ်ကို အမြဲတမ်း နိုင်လေ့ရှိသော ကီဗင် ရှုံးစပြုလာသည်။ ဘောလုံးစည်း အပြင်ထွက်သည်၊ မထွက်ဘူး ဆိုသော အငြင်းအခုံများ ဖြစ်လာသည်။ ဒေးဗစ်က ဆက်မကစားလို၍ ရပ်တန့်ရန် ပြောသော်လည်း ကီဗင်က လက်မခံသောကြောင့် ဆက်ကစား ရသည်။ နောက်ဆုံးတွင် ဒေးဗစ်ကပဲ နိုင်သွားသည်။ တင်းနစ်ကွင်းမှ အပြန်တွင် ကီဗင်က ဒေးဗစ်ကို စကားမပြောတော့ချေ။

ညပိုင်းတွင် အစားအသောက်ကလည်း အလျှံပယ်။ အရက်ကလည်း အလျှံပယ်နှင့် မီးဖိုရှေ့၌ နွေးနွေးထွေးထွေး ရှိနေကြသော်လည်း မှုန်တေ တေ လုပ်နေသော ကီဗင့်ကြောင့် အားလုံး နေမထိ ထိုင်မသာ ဖြစ်နေကြ သည်။ စိတ်ညစ်ညူး ထိုင်းမှိုင်းမှုသည် အားလုံးဆီသို့ ကူးစက်စပြုလာ သည်။

ထရင့်နှင့် စတိဗ်တို့က ၎င်းတို့၏ ဆေးကုသမှုများသည် အလွန်အမင်း ဝင်ငွေ ကျဆင်းနေသောကြောင့် ဘတ်တလက်ကို စွန့်ခွာသွားရန်ကိုပင် တွေးတောနေကြရပြီဟု ပြောဆိုလာကြသည်။

ဤတွင် ကီဗင်က ပထမဦးဆုံးအကြိမ်အဖြစ် ဝင်စကားပြောလိုက် ၏။

"ခင်ဗျားတို့က ခုလို ဒီနေရာက ထွက်သွားဖို့ အခွင့်အရေးရတုန်း ထွက်သွားကြရင် ကောင်းတာပေါ့ဗျာ"

"နေပါဦးဗျာ၊ ခင်ဗျား စကားကို ခင်ဗျားကပဲ ရှင်းပြစမ်းပါဦး"

ထရင့်က ပြောလိုက်ခြင်း ဖြစ်၏။

"ကျုပ်ပြောရင် ယုံကြပါ့မလား မသိဘူး။ ကျုပ်က ရန်ဒီပို့တလန် အကြောင်း ထပ်သိလာတာကလေးတွေ ရှိတယ်။ ကျုပ်က မိုက်ကယ် ကော့ဒ်ဝဲလ်နဲ့ နေ့လယ်စာ စားခဲ့တယ်။ သူက ကျုပ်ကို ဆေးရုံရဲ့ ကော် မတီပေါင်း မြောက်မြားစွာမှာ အဖွဲ့ဝင်အဖြစ် ဝင်ဆောင်ရွက်ပေးပါတဲ့။ သူ ပြောတာကတော့ ဘုတ်အဖွဲ့ ချယ်ယာမင် ဟာရီးထရေနာဟာ ရန်ဒီ ပို့တလန် သေတဲ့နေ့က ပို့တလန်နဲ့ သူ စကားပြောခဲ့ရတယ်တဲ့။ ထရေနာ က အဲဒီကိစ္စကို ချားလ်ကယ်လီကိုလည်း ပြောပြလိုက်တယ်တဲ့"

ထရင့်က ပြောလိုက်၏။

"ယန်ဆင် လိုရင်းကိုသာ ပြောစမ်းပါကွာ"

"ပို့တလန်က ဒီဆေးရုံမှာ တစ်ခုခု မှားယွင်းနေပြီလို့ ပြောတယ်တဲ့"

ထရင့်က လှောင်သလိုလုပ်ပြီး ပါးစပ်ကို ဟလိုက်၏။

"ဒါလား၊ ဒီဆေးရုံက အများကြီး ချွတ်ယွင်းနေတာကွ။ ဒီဇာတ်လမ်း ရဲ့ လိုရင်းက အဲဒါပဲ ဆိုရင်တော့ ဆက်မပြောနဲ့တော့ကွာ"

"အဲဒါထက် ပိုပါတယ်ကွ။ ပို့တလန်က သူ့အပေါ် အပြစ်ပုံချတာကို





မခံနိုင်ဘူးလို့ ထရေနာကို ပြောပြလိုက်သတဲ့။ ကျုပ် ထင်တာကတော့ အဲဒီကိစ္စကို ပို့တလန်က ဖွင့်မပြောဘဲ နေခဲ့ရင် သူ ဒီကနေ့အထိ အသက် ရှင်နေဦးမှာပဲ"

ထရင့်က ပြောလိုက်၏။

"ပို့တလန်က အရမ်း စိတ်ဓာတ်ကျနေတဲ့လူပါကွာ။ ပြီးတော့လည်း သူ့လူနာက ဘာရောဂါနဲ့ သေခဲ့ရတာလဲ"

စတိဗ်က ဝင်ဖြေသည်။

"အဆုတ်ရောင်ရောဂါနဲ့ အတွင်းငန်းမန်းဆိပ်ကြောင့် သေရတာတဲ့"

"ကဲ တွေ့တယ် မဟုတ်လား၊ အဲဒီလို ဘက်တီးရီးယားပိုးမျိုး သူ့ခန္ဓာ ကိုယ်ထဲ ရှိနေရင် မလွဲမသွေ သူ သေမှာပဲ။ ဒါအဆန်းမဟုတ်ပါဘူးကွာ"

ကီဗင်က မတ်တတ်ရပ်လိုက်၏။

"မင်းတို့အားလုံးက မျက်စိတွေ ကန်းနေကြတယ်ဆိုတော့ ပြောနေ ရင်လည်း အပိုပါပဲကွာ"

သူသည် သူ့အိပ်ခန်းဆီသို့ တက်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက် လေ၏။ အားလုံး မီးလင်းဖိုကိုသာ ငေးကြည့်နေကြသည်။ ထရင့်က ပြောလိုက်၏။

"ကျုပ် တောင်းပန်ပါတယ်။ ကျုပ်က သူ့ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားတယ်"

နန်စီယန်ဆင်က ဖြေလိုက်သည်။

"ဒါ ရှင့်အပြစ် မဟုတ်ပါဘူး။ သူ အဲဒီလို ရမ်းနေတာ မကြာသေးဘူး။ သူ ရှင်တို့ကို ဖွင့်မပြောတဲ့ အချက်တစ်ချက် ရှိနေသေးတယ်။ သူ့ လူနာ တစ်ယောက် မကြာခင်က ဆုံးသွားတယ်။ အဲဒါမျိုးကတော့ မျက်စိကု ဆရာဝန်တွေအတွက် ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စမျိုး မဟုတ်ဘူးလေ"

❉ ❉ ❉

နောက်တစ်နေ့ သူတို့ နိုးလာသောအချိန်တွင် လေထန်မိုးသည်းပြီး နှင်းထူထပ်စွာ ကျဆင်းနေသည်ကို တွေ့ကြရသည်။

အပြင်ဘက်မှ သစ်ပင်များသည် သစ်ရွက်တစ်ရွက်မျှ မရှိတော့ဘဲ အရိုးပြိုင်းပြိုင်း ဖြစ်နေသည်ကို တွေ့ကြရလေ၏။

နောက်တစ်ကြိမ် စိတ်ချောက်ချားစရာ ကြုံကြရသည်မှာ အလွန် အမင်း အေးစိမ့်လာမှုပင် ဖြစ်သည်။ ဆောင်းဝင်လာခဲ့လေပြီ။

ယမန်နေ့ည အိပ်ရာဝင်စဉ်က ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေမှုများသည် မနက်မိုးလင်းသည်အထိ ကပ်ပါလာသည်။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့ သည် ထိုအုပ်စုမှ ခွဲထွက်ပြီး ပြန်လာနိုင်ခဲ့ကြသည့်အတွက် စိတ်သက်သာ ရာ ရမိ၏။ အပြန်လမ်းတွင် ဒေးဗစ်က ပြောလိုက်သည်။

"ကီဗင်က နာနာဘာဝလို ဖြစ်နေတာ။ အဲဒါကို မင်းသိအောင် ကိုယ်က ပြောပြနေတာကွ။ ပို့တလန် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com


မြဲကြောင်း ကိုယ့်ကို သတိပေးပေးနေတာ ကိုယ်မုန်းတယ်။ သူ ပြောပြတဲ့ အခါတိုင်း ကိုယ့်နောက်က နံရံမှာ သွေးတွေ၊ ဦးနှောက်တွေနဲ့ ပေကျံပြီး တယ်လို့နေပလဲဆိုတာ ကိုယ်မမြင်ယောင်ဘဲ မနေနိုင်ဘူး"

အင်ဂျယ်လာက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဒေးဗစ်၊ ရှင်က ရှင့်စိတ်အာရုံတွေအတွက် ဘယ်လိုမှ သောက မဖြစ်ဘူး ဆိုရင်တောင်မှ နစ်ကီကိုတော့ ညာတာသင့်တာပေါ့ရှင်"

ဒေးဗစ်က နောက်ကြည့်မှန်မှတစ်ဆင့် နစ်ကီကို လှမ်းကြည့်လိုက်၏။ နစ်ကီက မလှုပ်မယှက်နှင့် ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်။

"နစ်ကီ၊ သမီး နေကောင်းရဲ့လား"

"သမီးလည်ချောင်းက နာနေတယ်။ နေလို့လည်း သိပ်မကောင်းဘူး"

"ဩော် ဒုက္ခပါပဲ"

အင်ဂျယ်လာ ပြောပြောဆိုဆိုနှင့် နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်၏။ အင်ဂျယ်လာက သူ့လက်ခုံနှင့် သမီး၏ နဖူးကို စမ်းလိုက်သည်။

"ဒါနဲ့တောင် ရှင်က ဒီအသုံးမကျတဲ့ ခရီးကို သိပ်သွားချင်ခဲ့သေးတယ်"

အင်ဂျယ်လာက ခပ်တိုးတိုး ရေရွတ်လိုက်၏။ ဒေးဗစ်က သူ့ကိုယ်သူ ခုခံကာကွယ်၍ ပြောဆိုရန် ပါးစပ်ကို ဟလိုက်ပြီးမှ ပြန်၍ စိတ်ပြောင်းလိုက်၏။ သူက အငြင်းအခုံ မဖြစ်လိုတော့ပါ။ ခု လောလောဆယ်မှာပင် သူ အတော်ကလေး စိတ်အနှောင့်အယှက် ဖြစ်နေခဲ့ရပါပြီးတည်း။

❖ ❖ ❖ ❖ ❖

## (၁၂)

**အောက်တိုဘာလ ၁၈ ရက်၊ တနင်္လာနေ့**

နစ်ကီ ထိုညက ကောင်းကောင်း မအိပ်ရသလို သူ့မိဘများလည်း ကောင်းကောင်း မအိပ်ရပါ။ နံနက်စောစောပိုင်းတွင် နစ်ကီ၏ ရင်ဘတ်က ပိုပိုပြီး ကျပ်လာသည်။ အရုဏ်မတက်မီတွင် အင်ဂျယ်လာက နစ်ကီအား ပုံစံအမျိုးမျိုးနှင့် အသက်ရှူ ကုထုံးကို ပြုလုပ်ပေးသည်။ ပြီးစီးသွားသောအခါ နားကြပ်နှင့် နားထောင်လိုက်ပြန်၏။ နစ်ကီ၏ အသက်ရှူ ပြွန်များထဲတွင် ချွဲများနှင့် ပိတ်ဆို့နေသေးကြောင်း ကြားနေရသေးသည်။

သူတို့နှစ်ဦးစလုံးက ရုံးသို့ နောက်ကျမှ ရောက်ရှိမည်ဖြစ်ကြောင်း ထိုနေ့ မနက် ရှစ်နာရီမထိုးခင် ရုံးအသီးသီးသို့ သတင်းပို့လိုက်ကြသည်။ ထို့နောက် နစ်ကီကိုခေါ်၍ ဒေါက်တာပီလ်စနာထံ သွားကြတော့သည်။

ဒေါက်တာ ပီလ်စနာက နစ်ကီကို လူနာစစ်ဆေးသော အခန်းထဲသို့ ခေါ်သွားပြီး ချက်ချင်း စစ်ဆေးပေးသည်။

"ရင်ကျပ်နေတာ အမှန်ပဲ။ သူ့ကို ကျုပ်က မျက်တောင်တစ်ခတ် အတွင်းမှာ ပြန်နေကောင်းအောင် လုပ်ပေးပါ့မယ်။ ဒါပေမယ့် သူ့ကို ဆေးရုံတော့ တင်ခဲ့ရလိမ့်မယ်။ ဒါမှ ပဋိဇီဝ အကြောဆေးတွေ ထိုးပေးပြီး အသက်ရှူ ကုထုံးနဲ့ ပြင်းပြင်းထန်ထန် ကုသပေးလို့ ရမှာဗျ"

လူနာလက်ခံသော ဌာနမှ ဂျားနစ်စပါလင်က ဒေးဗစ်တို့ကို မှတ်မိသည်။ သူက နစ်ကီကို အခန်းနံပါတ် (၂၀၄)တွင် ထားပေးရန် စီစဉ်လိုက်၏။

သို့ရာတွင် ထိုအခန်းတံခါးကို ဖွင့်လိုက်သောအခါ လူနာတစ်ယောက်က ရောက်နှင့်နေလေပြီ။ နစ်ကီက တအံ့တသြနှင့် ပြောလိုက်၏။

"မစ္စစ်ကလီဘာ"

ဒေးဗစ်ကလည်း အကျိုးအကြောင်းကို မေးလိုက်၏။ မစ္စစ်ကလီဘာက ပြန်ဖြေသည်။

"ကျွန်မ ကုသိုလ်ပါပဲရှင်၊ ရှင်တို့ ခရီးသွားတဲ့ ရက်သတ္တပတ် အား



www.burmeseclassic.com

www.burmeseclassic.com

မျက်ကျမှ ကျွန်မက ဒုက္ခလာဖြစ်ရတယ်။ ဒါပေမယ့် ဒေါက်တာ မတ်ခ်ဟမ်က အလွန် ဂရုစိုက်ပါတယ်"

ဂျားနစ်ကလည်း တောင်းပန်လိုက်၏။

"ကျွန်မက ကွန်ပျူတာထဲမှာ အခန်းအားနေတယ်လို့ တွေ့လိုက်ရလို့ပါရှင်"

"ကိစ္စ မရှိပါဘူး၊ ကျွန်မကလည်း အဖော်လိုချင်ပါတယ်"

ဂျားနစ်က လူနာလက်ခံသော ဌာနနှင့် ပြန်ဆက်သွယ်လိုက်ပြီး နစ်ကိကို အခန်း (၂၁၂)တွင် ထားပေးလိုက်သည်။ ချက်ချင်း ဆိုသလိုပင် ဆရာဝန်နှင့် သူနာပြုဆရာမအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ပဋိဇီဝဆေးများကို စတင်၍ ထိုးသွင်းပေးကြလေ၏။

အခြေအနေ တည်ငြိမ်သွားသောအခါ ဒေးဗစ်က မာဂျော်ရီကလိဘာ၏ အခန်းသို့ ပြန်လာသည်။

"ကဲ ဘယ်လို ဖြစ်တာလဲ၊ ပြောပြစမ်းပါဦး"

"သောကြာနေ့ မွန်းလွဲပိုင်းကစပြီး ကျွန်မ နေမကောင်း ဖြစ်လာတယ်။ စနေနေ့ မနက်ကျတော့ ညာဘက်ခြေထောက်က နာလာတယ်။ ရှင့်ရုံးခန်းကို ဆက်သွယ်တော့ ဒေါက်တာမတ်ခ်ဟမ်နဲ့ လွှဲပေးလိုက်တယ်။ သူက ချက်ချင်းပဲ လက်ခံပြီး ကြည့်ပေးရှာပါတယ်။ သွေးပြန်ကြော ရောင်ရမ်းနေတယ်ဆိုပြီး ဆေးရုံမှာ ပဋိဇီဝဆေး လာထိုးရပါတယ်။ အခုတော့ စနေနေ့ကထက် အဆနှစ်ဆယ်လောက် ပိုနေကောင်းတယ်လို့ ခံစားနေရပါပြီ"

ဒေးဗစ်သည် မာဂျော်ရီနှင့် ခေတ္တမျှ ဆက်စကားပြောလိုက်ပြီးနောက် ဒပ်ဒလီမတ်ခ်ဟမ်ထံ ဖုန်းဆက်၍ ကျေးဇူးတင်စကား ပြောလိုက်ပြန်သည်။

ဒေးဗစ်သည် သူနာပြုဆရာမများ၏ ရုံးခန်းမှ ပြန်မထွက်မီ သူနာပြုဆရာမခေါင်းဆောင် ဂျက်နက်ကိုလ်ဘမ်အား မာဂျော်ရီသည် အဘယ်ကြောင့် အရိုးကုလူနာခုတင်ပေါ်၌ ရောက်ရှိနေရကြောင်း မေးရာ ထိုခုတင်သည် ထိုအခန်းထဲ၌ အဆင်သင့် ရှိနေသည့်အပြင် ခုတင်ကို ထိန်းသိမ်းသော ခလုတ်များမှာလည်း ကောင်းမွန်သောကြောင့် ဖြစ်ကြောင်း ဖြေကြားလိုက်သည်။

နောက်ဆုံးတွင် ဒေးဗစ်သည် သူ့လူနာများကို ကြည့်ရှုရန် သူ့ရုံးခန်းသို့ ဆက်သွားတော့သည်။ ဒေးဗစ်သည် ဂျူတီကုတ်အဖြူကို တစ်ဝက်တစ်ပျက် ဝတ်ဆင်နေရင်းကပင် ရပ်တန့်သွားလေ၏။ သူနာပြုဆရာမ ဆူဆန်ကလည်း-

"ဘာဖြစ်တာလဲ"

ဟု အထိတ်တလန့် မေးလိုက်သည်။ ဒေးဗစ်က လှုပ်လည်း မလှုပ်၊ စကားလည်း မပြောချေ။ သူက စားပွဲ နောက်ဘက်မှ နံရံကို စိုက်ကြည့်နေသည်။ နွမ်းနယ်နေသော သူ့မျက်လုံးထဲ၌မူ နံရံပေါ်တွင် သွေးများဖြင့် ဖုံးလွှမ်းပေရေနေသည်။ ဆူဆန်က ထပ်အော်ပြောလိုက်၏။

"ဒေါက်တာဝီလ်ဆန်၊ ဘာဖြစ်တာလဲ"

ဒေးဗစ်က မျက်တောင်ခတ်လိုက်ရာ သူ့ကို နှောင့်ယှက်နေသော အဆိုပါ သွေးကွက်ကြီးသည် နံရံပေါ်မှ ပျောက်ကွယ်သွားတော့သည်။

"အေးဗျာ၊ ကျုပ် ငယ်ငယ်တုန်းက ထိတ်လန့်စရာကောင်းတဲ့ ရုပ်ရှင်တွေကို သိပ်ကြည့်မိခဲ့တယ်နဲ့ တူတယ်"

သူက နောက်ကျနေမှုကို အမီလိုက်၍ ခပ်သွက်သွက်ကလေး အလုပ်လုပ်ခဲ့သည်။ ထို့နောက် သူ့ထံသို့ ဖုန်းဆက်သူများထံ သူက ပြန်၍ ဆက်သွယ်လိုက်လေ၏။ သူက ပထမဦးဆုံး ပြန်ဆက်သွယ်သော ပုဂ္ဂိုလ်မှာ ချားလ်ကယ်လီပင် ဖြစ်သည်။

ချားလ်စ်ကယ်လီက ဘာလင်တန် စီအမ်ဗွီ အသုံးကျမှု ဌာနမှ နီးလ်ဟာပါ ဆိုသူ ရောက်ရှိနေသဖြင့် ချက်ချင်း လာခဲ့ရန် ခေါ်သောကြောင့် သူ သွားခဲ့ရသည်။

ချားလ်ကယ်လီသည် စားပွဲနောက်မှ မတ်တတ်ထရပ်လိုက်သော်လည်း သူ့အမူအရာက လေးလေးနက်နက်နှင့် တစ်မျိုး ဖြစ်နေသည်။ သူက နီးလ်ဟာပါနှင့် မိတ်ဆက်ပေးလိုက်၏။

ကယ်လီက ခဲတံတစ်ချောင်းကို ကောက်ကိုင်လိုက်ပြီး လက်နှစ်ဖက်စလုံးနှင့် ကိုင်လှည့်ကစားနေသည်။ ထို့နောက် ကယ်လီက စိတ်ပျက်သော လေသံနှင့် ပြောလိုက်၏။

"ခင်ဗျားရဲ့ ပထမ သုံးလအတွက် စာရင်းအင်းတွေ ရောက်လာပြီ၊ အဲဒီ စာရင်းတွေက သိပ်မကောင်းလှဘူး"

ဒေးဗစ်က စိတ်မသက်မသာနှင့် ၎င်းတို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။

"ခင်ဗျားရဲ့ လူနာကုသမှု ပမာဏက ကျေနပ်စရာ မကောင်းဘူး။ ခင်ဗျားက နာရီနဲ့တွက်ရင် လူနာကို လက်ခံကြည့်ရှုတဲ့ ဦးရေက သိပ်နည်းနေတယ်။ ခင်ဗျားက လူနာတစ်ယောက်စီအတွက် အချိန်တွေ သိပ်ဖြုန်းတီးနေတယ်။ ပြီးတော့လည်း စီအမ်ဗွီ ဓာတ်ခွဲခန်းကို ဓာတ်ခွဲဖို့ ပို့ခိုင်းတာတွေက လူနာ အရေအတွက်နဲ့ ကြည့်ရင် ရာခိုင်နှုန်း အများဆုံး ဖြစ်နေတယ်။ ပြီးတော့လည်း စီအမ်ဗွီ အသိုင်းအဝိုင်း အပြင်ဘက်က ဆရာဝန်တွေရဲ့ ညှိနှိုင်းမှုတွေကို ရယူတာကျတော့ မတရားများနေတယ်"

ဒေးဗစ်က မထိရောက်စွာ ပြန်ပြောလိုက်၏။

"အဲဒီလို စာရင်းဇယားတွေ ကောက်နေတယ် ဆိုတာ ကျုပ် မသိဘူးလေ"

"ပြီးတော့လည်း ခင်ဗျား လူနာတွေက ခင်ဗျားရုံးခန်းကို လာတာထက် အရေးပေါ်ခန်းကို သွားတာက ပိုများနေတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်မှာ လူနာတွေ သိပ်များနေတော့ ချက်ချင်း ကြည့်ပေးဖို့လိုတဲ့ လူနာဆိုရင် အရေးပေါ်ခန်းကိုပဲ လွှတ်ရတာပေါ့"

"ခင်ဗျား မှားတယ်၊ ခင်ဗျားက လူနာတွေကို ခင်ဗျား ရုံးခန်းမှာပဲ လက်ခံပြီး ကြည့်ပေးရမယ်"

"ဒါဆိုရင် ကျုပ် အစီအစဉ်တွေ ကသိကအောက် ဖြစ်ကုန်မှာပေါ့။ အရေးပေါ် လူနာတွေကို လက်ခံကြည့်ရှုနေရရင် အရင်ချိန်းထားတဲ့ လူနာတွေကို ဘယ်ကြည့်ပေးနိုင်တော့မလဲ"

"ဒီကိစ္စကို လိုအပ်တာထက် ပိုပြီး ခက်ခဲအောင် မလုပ်ပါနဲ့ဗျာ။ ကျုပ် ပြောစရာ ဒါအကုန်ပဲ။ ခင်ဗျား နားလည်တယ် မဟုတ်လား"

ဒေးဗစ်သည် ချားလ်စ်ကယ်လီ၏ ရုံးခန်းထဲမှ မခြင်မကန်းနှင့် ပြန်ထွက်လာခဲ့ရတော့သည်။ သူက လူနာ၏ အကျိုးကို ရှေ့တန်းတင်ပေးနိုင်မှုအတွက် ဂုဏ်ယူသူ ဖြစ်သည်။ ယခု ကယ်လီ၏ ဒေါပွမှုက သူ့ကို ချောက်ချားစေခဲ့တော့သည်။

✣ ✣ ✣

အင်ဂျယ်လာသည် နံနက်ခင်းမှာပင် ခွဲစိတ်ခန်းမှ ပြန်၍ လစ်ထွက်လာပြီး နစ်ကီကို သွားရောက် ကြည့်ရှုခဲ့ပြန်သည်။ နစ်ကီက မေးလိုက်၏။

"သမီး ဘယ်တော့လောက် အိမ်ပြန်ရမလဲ"

"သမီး ခုလို အမြန်ဆုံး သက်သာလာမယ်ဆိုရင် ဒေါက်တာ ပီလ်စနာက ကြာကြာထားမှာ မဟုတ်ပါဘူး"

အင်ဂျယ်လာသည် ခွဲစိတ်ခန်းသို့ ပြန်ရောက်လာသောအခါ အဏုဇီဝဗေဒဌာနသို့ သွားရောက်ပြီး နစ်ကီ၏ ချွဲသလိပ်အား မှန်ချပ်ပေါ်တွင် မပျက်မကွက် တင်ဖြစ်အောင် သွားရောက် ကြည့်ရှုခဲ့သေးသည်။

ထို့နောက် ဂျူတီကုတ်ကို ချွတ်၍ သူ့လုပ်ငန်းကို စလုပ်ရန် ဟန်ပြင်လိုက်၏။ အင်ဂျယ်လာက ကုလားထိုင်ပေါ်၌ မထိုင်ရသေးခင် အခန်းနှစ်ခန်းအကြားမှ တံခါးရွက် ဟနေသောကြောင့် သွားချောင်းကြည့်လိုက်သည်။

သူ့ကို ဒေါက်တာ ဝက်ဒလီက မြင်သွားသောကြောင့် လှမ်းခေါ်ပြီး အဏုကြည့် မှန်ပြောင်းကို လာကြည့်ခိုင်းလိုက်၏။ အင်ဂျယ်လာက ဝက်ဒလီနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရာ ဒူးချင်းထိလုမတတ် ဖြစ်နေလေတော့သည်။

အင်ဂျယ်လာက အဏုကြည့် မှန်ပြောင်းကို ငုံ့ကြည့်လိုက်ရာ အမျိုးသမီးတစ်ဦး၏ ရင်သားတစ်သျှူး ဖြစ်နေကြောင်း သိလိုက်ရသည်။ ဒေါက်တာ ဝက်ဒလီက ပြောလိုက်၏။

"ဒီကိစ္စက အတော်ကလေး ပရိယာယ် များနေတယ်။ လူနာက (၂၂) နှစ်ပဲ ရှိသေးတယ်။ ကျုပ်တို့က ရောဂါကို ဖော်ထုတ်တဲ့နေရာမှာ မှန်ဖို့တော့ လိုတယ်။ ဒီတော့ မင်းလည်း အချိန်ယူပြီး လေ့လာကြည့်ရှုပါ"



ဒေါက်တာဝက်ဒလီက သူ့စကားကို လေးနက်စေလိုဟန်နှင့် စားပွဲခုံနောက်မှနေ၍ အင်ဂျယ်လာ၏ ဒူးခေါင်းအထက်နားမှ ပေါင်ကို ဆုပ်ကိုင်ထားလိုက်သည်။

"မင်း ဆုံးဖြတ်တာ သိပ်အရင်မလိုပါနဲ့။ ပြွန်ကလေးတွေ၊ မြောင်းကလေးတွေကို သေသေချာချာ ကြည့်နော်"

အင်ဂျယ်လာက ဆလိုက်ကို စနစ်တကျ ကြည့်ရှုလိုက်သော်လည်း ဆလိုက်ပေါ်တွင် အာရုံကို စူးစိုက်၍ မရနိုင်ဘဲ ဖြစ်နေသည်။ ဝက်ဒလီ၏ လက်က သူ့ပေါင်ပေါ်၌ ရှိမြဲ ရှိနေသည်။

ယခင်တုန်းကလည်း မတော်တဆ ထိတွေ့မှုများနှင့် လူ့အဖွဲ့အစည်းက အတိုင်းအတာ တစ်ခုအထိ ခွင့်ပြုထားသော ထိတွေ့မှုများအထိ ရှိခဲ့ပါသည်။ ယခု အင်ဂျယ်လာက ဝက်ဒလီ၏ လက်ကို ဖယ်ပစ်လိုသော်လည်း လက်တွေ့တွင် သူ မလုပ်ဖြစ်ခဲ့ပါ။

နောက်ဆုံးတွင် အင်ဂျယ်လာ မတ်တတ် ပြန်ရပ်လိုက်၏။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ အင်ဂျယ်လာသည် အခန်းချင်းဆက်ထားသော တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် ထိုင်၍ မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ထားလိုက်သည်။

အင်ဂျယ်လာ၏ ခေါင်းထဲသို့ အတွေးများ တန်းစီ၍ ဝင်လာကြသည်။ ဝက်ဒလီသည် သူ့ကို အခွင့်အရေးရတိုင်း ရမယ်ရှာ၍ အသားချင်း ထိတွေ့နေသူ ဖြစ်သည်။ မကြာခင်ကမှ နောက်လတွင် မိုင်ယာမီ၌ ကျင်းပမည့် ရောဂါဗေဒ အစည်းအဝေးသို့ တက်ရောက်ကြရန် ပြောသောအခါတွင်မူ အင်ဂျယ်လာ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်ရတော့သည်။

အင်ဂျယ်လာက သူ့ကိုယ်သူ သုံးသပ်လိုက်၏။ သူသည် ကဲကဲဆတ်ဆတ် ဖြစ်နေခြင်း မဟုတ်ကြောင်း ကိုယ့်ဘာသာကိုယ် သိပါသည်။ ဒေါက်တာ ဝက်ဒလီက သိလျက်နှင့် တမင်လုပ်နေခြင်း ဖြစ်သည်။ ဤကိစ္စ အဆုံးသတ်သွားအောင် အင်ဂျယ်လာ မည်သို့မည်ပုံ ပြုလုပ်ရမည်နည်း။ တကယ်ကမူ ဒေါက်တာဝက်ဒလီက သူ့ဆရာသမား ဖြစ်နေသည် မဟုတ်ပါလား။

✣ ✣ ✣

ရုံးချိန်အပြီးတွင် ဒေးဗစ်က ဆေးရုံကြီး၏ ဗဟိုဆောင်သို့ ကူးလာပြီး မာဂျော်ရီကလီဘာကို စစ်ဆေးပြီးနောက် နစ်ကီထံ ကူးသွားပြန်သည်။ နစ်ကီက အိမ်တွင် ကြည့်ခွင့်မရသော ရုပ်မြင်သံကြားကို ကြည့်နေသည်။

နစ်ကီထံ အင်ဂျယ်လာကလည်း ရောက်လာပြန်သဖြင့် မိသားစုအားလုံး လာရောက် ဆုံတွေ့နေကြသည်။ နစ်ကီက အိမ်ပြန်ချင်ကြောင်း ပြောသော်လည်း ဒေါက်တာ ပီလ်စနာ၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဖြစ်ကြောင်း ပြော၍ မိဘနှစ်ဦးအိမ်သို့ ပြန်ခဲ့ကြ၏။ ညစာ စားပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



ကမျိုးကျမှ အင်ဂျယ်လာက ဒေါက်တာ ဝက်ဒလီ၏ အပြုအမူကို ဖွင့်ပြောပြလိုက်၏။

ဒေးဗစ် ငေါပွသွားသည်။ အမျိုးသမီးများကို ဣန္ဒြေပျက်အောင် နှောင့်ယှက်စော်ကားခြင်းသည် ရှေးတုန်းက ဆရာဝန် အားလုံးက အမျိုးသားများ ဖြစ်ကြပြီး အမျိုးသမီးများက သူနာပြုဆရာမများ ဖြစ်ကြသော ခေတ်ကပင် စတင်ခဲ့ကြောင်း ဒေးဗစ်က ပြောပြလိုက်သည်။

ဤတွင် ဒေးဗစ်ကလည်း သူနှင့် ချားလ်ကယ်လီတို့၏ တွေ့ဆုံပွဲ အကြောင်း ပြန်ပြောပြလိုက်၏။

"ဒါ တော်တော် မဟုတ်တဲ့ ကိစ္စပဲ။ အထူးသဖြင့် လူနာတွေက အရမ်း သဘောကျတဲ့ ရှင့်လိုလူကို ဒီလိုပဲ ပြောရသလား"

"အဲဒါက ဦးစားပေးခံရတဲ့ အဆင့်မှာ မရှိတော့လို့ ဖြစ်မှာပေါ့"

"ရှင်က လေးလေးနက်နက် ပြောနေတာလား၊ အကောင်းဆုံး ဆေးဝါးကုသပေးမှုမှာ ဆရာဝန်နဲ့ လူနာဆက်ဆံရေးဟာ တကယ့် လိုအပ်ချက်ပဲဆိုတာ လူတိုင်း သိပါတယ်"

"အေးလေ၊ အဲဒါတွေ ကုန်လွန်ခဲ့လို့ပဲ ဖြစ်မှာပေါ့။ လက်ရှိ အနေအထားကိုတော့ ချားလ်စ်ကယ်လီလို ပုဂ္ဂိုလ်မျိုးတွေက ဆုံးဖြတ်နေကြတာပဲ။ အခုတော့ စီးပွားရေး အမြင်နဲ့ နိုင်ငံရေးက ဆေးပညာ ကြိုးဝိုင်းထဲမှာ တဖြည်းဖြည်းနဲ့ တွင်ကျယ်လာနေကြပြီလေ။ အခု သူတို့က ဂရုစိုက်နေကြတာက လူနာကို ပြုစုဖို့ မဟုတ်ဘဲ ငွေရေးကြေးရေး အစမ်းရှင်းတမ်း ကောင်းမွန်ရေးကိုပဲ ဂရုစိုက်နေကြတာကွ"

"ဒါဖြင့် ရှင်က ဘယ်လိုလုပ်မှာလဲ"

"ကိုယ် မပြောတတ်သေးဘူး၊ တစ်နည်းနည်းနဲ့တော့ အလျှော့အတင်း လုပ်ရမှာပေါ့လေ။ ကိုယ်က ခုလောလောဆယ်မှာ ပစ္စုပ္ပန် တည့်တည့်ကိုသာ ကြည့်ပြီး နောင် ဘာဖြစ်လာမလဲ ဆိုတာကို စောင့်ကြည့်ရတော့မှာပဲ။ မင်းကရော ဘယ်လိုလဲ"

"ကျွန်မလည်း မသိဘူး၊ ကျွန်မကတော့ ကျွန်မထင်တာ မှားပါစေလို့ ဆုတောင်းမိပါတယ်"

"ကဲပါကွာ ကိုယ်တို့ အဲဒါတွေ အသာထားပြီး အိပ်ရာဝင်ကြရအောင်"

✣ ✣ ✣ ✣ ✣



(၁၃)

**အောက်တိုဘာလ ၁၉ ရက်၊ အင်္ဂါနေ့**

နောက်တစ်နေ့တွင် နံနက်ပိုင်း၌ မိုးရွာနေသောကြောင့် ဒေးဗစ်နှင့် အင်ဂျယ်လာတို့ စိတ်ဓာတ်ကျနေကြသည်။ နေကောင်းစ ပြုလာသော နစ်ကီကမူ အရမ်း စိတ်ဓာတ်တက်ကြွနေသည်။

သို့ရာတွင် အိမ်ပြန်ချင်သော နစ်ကီကို ချော့မော့၍ ထားခဲ့ကြပြီး အင်ဂျယ်လာက သူ့ဓာတ်ခွဲခန်းဆီသို့ ထွက်ခွာသွားသည်။

ဒေးဗစ်က မာဂျော်ရီထံ သွားကြည့်ပြန်၏။ မာဂျော်ရီသည် ဒေးဗစ်၏ မေးမြန်းမှုကို နားလည်သည် ဆိုရရုံ ဝူးဝူးဝါးဝါးနှင့် ပြန်ဖြေနေသည်။ မာဂျော်ရီသည် ဝေဒနာကို ခံစားနေရပုံ မရသော်လည်း ဆေးမူးနေသလို ဖြစ်နေသည်။

ဒေးဗစ်က မာဂျော်ရီနှင့် ပတ်သက်၍ အမျိုးမျိုး ဓာတ်ခွဲစမ်းသပ်ပေးရန် သူနာပြုဆရာမ ရုံးခန်းကို အကြောင်းကြားလိုက်၏။

ဓာတ်ခွဲခန်းမှ ပြန်ရောက်လာသော အဖြေများက ဒေးဗစ်ကို ဦးနှောက်ခြောက်သွားစေခဲ့သည်။ ဒေးဗစ်က ပြင်ပမှ ဆရာဝန်များ၏ အကြံဉာဏ်ကို တောင်းခံလိုသော်လည်း သူ၏ အသုံးဝင်မှုသည် ညှိုးဖျော့နေသောကြောင့် သူ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

သူက ဆရာဝန်လက်စွဲ စာအုပ်ကို လေ့လာလိုက်ပြီးနောက် လိုအပ်သော ဆေးဝါးများကို ပေးရန် ထပ်မံ ညွှန်ကြားပြီးနောက် သူ့ရုံးခန်းဆီသို့ ပြန်သွားတော့သည်။

✣ ✣ ✣

အင်ဂျယ်လာက အလုပ်ထဲ၌ စိတ်ဝင်စားနေသောကြောင့် [illegible] နောက်ဘက်မှ တံခါးပွင့်လာသည်ကို သတိမထားမိချေ။ ဝက်[illegible]က ချစ်ချစ်ဟု ခေါ်ပြီး-

"ဘာပြဿနာ ရှိသေးသလဲ"

ဟု မေးသည်။ အင်ဂျယ်လာက မရှိကြောင်း [illegible]သဖြင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတွင် သူ့အခန်းထဲသို့ လာခဲ့ရန် ချိန်းပြီး ပြန်သွားတော့သည်။ သို့ရာတွင် ဝက်ဒလီက အခန်းထဲမှ ပြန်မထွက်ခင် အင်ဂျယ်လာ၏ တင်ပါးကို မထိတထိ ပွတ်သပ်သွားသေးသည်။

အင်ဂျယ်လာသည် စိတ်ရှုပ်ထွေးမှုနှင့် မခံချင်မှုတို့ကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ယခုကိစ္စကို သူ့အနေနှင့် ငုံ့ခံနေ၍ မဖြစ်တော့ပါ။ ထိုကဲ့သို့ ငုံ့ခံနေပါက ဝက်ဒလီကို ပွင့်ပွင့်လင်းလင်း ဖိတ်ခေါ်လိုက်သလို ဖြစ်သွားပေလိမ့်မည်။

သူက ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ကော့ဒ်ဝဲလ်နှင့် ဝန်ထမ်းအကြီးအကဲ ဒေါက်တာကန်တာတို့ထံ သွားရောက် တွေ့ဆုံရန် စဉ်းစားကြည့်လိုက်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးသည် အမျိုးသမီးတစ်ဦးအား ကာယိန္ဒြေပျက်အောင် အနှောင့်အယှက် ပေးမှုကို ကိုင်တွယ်ဖြေရှင်းပေးမည့် ပုဂ္ဂိုလ်များ မဟုတ်ဟု သူ တွေးလိုက်မိ၏။

သူက ဒေါက်တာ ဝက်ဒလီအား သူကိုယ်တိုင် ရင်ဆိုင်ရန် တွေးလိုက်ပြန်သည်။ သို့ရာတွင် ထိုကိစ္စကိုလည်း သူ သိပ်သဘောမကျချေ။

"ဒေါက်တာ ဝီလ်ဆန်၊ ခွဲစိတ်ခန်း အမှတ် (၃) က ဇီဝရုပ်ခွဲ စစ်ဆေးမှု အစီရင်ခံစာတွေကို စောင့်နေပါတယ်"

ဆိုသော အသံက သူ့အတွေးကို ပြတ်တောက်သွားစေခဲ့တော့သည်။

❈ ❈ ❈

ထိုနေ့ နံနက်ခင်းတွင် သွေးကင်ဆာ ဝေဒနာရှင် ဂျွန်တာလောသည် ကြိုတင်ချိန်းဆိုမှု မရှိဘဲ ဆေးရုံသို့ ရောက်ရှိလာသည်။ ဂျွန်တာလောသည် ယမန်နေ့ညက ကရုကမာ အစိမ်းများကို စားသောက်ခဲ့ပြီး အထက်လှန် အောက်လျှော ရောဂါနှင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ဂျွန်တာလောသည် သွေးကင်ဆာရောဂါကို ဆိုးဆိုးရွားရွား ခံစားနေရသူ ဖြစ်သောကြောင့် သူက ချက်ချင်းပင် ဆေးရုံတင်လိုက်၏။ သူက ဓာတ်ခွဲစမ်းသပ်မှု အမျိုးမျိုးကိုလည်း ပြုလုပ်ခိုင်းလိုက်သည်။

❈ ❈ ❈

ထိုနေ့နံနက် (၁၁) နာရီ မတိုင်မီ ထရေနာ၏ အတွင်းရေးမှူး ကော်လက်က သတင်းဆိုးကို ၎င်း၏ ဆရာသမားထံ သတင်းပို့ခဲ့ပြီး ဖြစ်သည်။ ဘတ်တလက် ဆေးရုံ၌ မော်တော်ကား ရပ်နားရန် အဆောက်အအုံ ဆောက်လုပ်ခွင့်ကို တင်ပြခဲ့ရာ ဂျက်ဘ်ဝစ်ဂင်း ဦးဆောင်သော ဆောက်လုပ်ရေး ဘုတ်အဖွဲ့က ထပ်မံ ပယ်ချလိုက်ကြောင်းပင် ဖြစ်သည်။

ထရေနာက မော်တော်ကား ရပ်နားဖို့ အဆောက်အအုံ ဆောက်ခွင့်မရခဲ့သော် ကားရပ်နားသည့်နေရာ၌ မီးထွန်းသည့် အနေအထားကို သူကိုယ်တိုင် သွားကြည့်မှ ဖြစ်မည်ဟု ဆုံးဖြတ်ပြီး ဆေးရုံသို့ ထွက်ခွာလာခဲ့သည်။

ဝါနာဗန်ဆလိုက်ကို သူ့ရုံးခန်းကလေးထဲ၌ပင် တွေ့လိုက်ရသည်။ ထရေနာသည် ဗန်ဆလိုက်နှင့် တွေ့ရတိုင်း မအီမသာ ဖြစ်ရလေ့ ရှိသည်။ ဗန်ဆလိုက်က ငြိမ်သက် တိတ်ဆိတ်လွန်းလှသည်။ တစ်ဦးတည်းလည်း နေတတ်သည်။ ကပိုကရိုလည်း နေလေ့ရှိသည်။ ဗန်ဆလိုက်သည် ထရေနာထက် အရပ်ပိုမြင့်ပြီး ပို၍ ထွားကျိုင်းသောကြောင့် ကာယဗလအရာတွင် ကြောက်စရာပုဂ္ဂိုလ် ဖြစ်သည်ဟု ထရေနာက ယူဆသည်။ ထရေနာက ပြောလိုက်၏။

"မော်တော်ကား ရပ်တဲ့နေရာတွေက မီးတွေကို ငါ ကြည့်ချင်တယ်"

"အခု ကြည့်ချင်တာလား"

ဗန်ဆလိုက်က အဝါရောင် အပေါ်ဝတ်အင်္ကျီကို ကောက်ဝတ်ပြီး ထလိုက်လာ၏။ လမ်းတွင် ဗန်ဆလိုက်က စကားတစ်လုံးမျှ မပြောချေ။ ထရေနာက လည်ချောင်းရှင်းလိုက်၏။

"အိမ်မှာ အားလုံး အဆင်ပြေကြရဲ့လား"

"ပြေပါတယ်"

"မင်းက ရေတပ်ထဲမှာထက် အရပ်သားဘဝကို ပိုကြိုက်သလား"

ဗန်ဆလိုက်က ပခုံးတွန့်ပြပြီး အပေါ်ဘက် ကားရပ်နားသည့် နေရာမှ မီးများကို လက်ညှိုးထိုးပြလိုက်၏။

ထရေနာက ထိုနေရာသို့ ညပိုင်းတွင် တစ်ခေါက် ပြန်လာကြည့်ရန် တေးမှတ်ထားလိုက်သည်။ ထရေနာက ပြောလိုက်ပြန်၏။

"မင်းက ပိုက်ဆံကို ချေးတာပြီး သုံးစွဲရဲ့လား"

"ဟုတ်ကဲ့"

ထရေနာက ဗန်ဆလိုက်သည် အဘယ်ကြောင့် ငယ်ငယ်ကလေးကစ၍ စိတ်လှုပ်ရှားမှု ကင်းမဲ့နေရလေသနည်းဟု သူ တွေးကြည့်လိုက်၏။ တစ်ခါတစ်ရံတွင် သူတို့ချင်း ဆွေမျိုးတော်စပ်ကြသည်မှာ ဟုတ်မှ ဟုတ်ပါလေစ ဟူ၍ပင် တွေးမိခဲ့သည်။

အပေါ်ဘက်နှင့် အောက်ဘက် မော်တော်ကားရပ်သည့် နေရာနှစ်ခု အကြားရှိ သစ်ပင်တန်းများအကြားမှ လမ်းပေါ်တွင် မီးမရှိသောကြောင့် သူက မီးလုံး တစ်လုံး၊ နှစ်လုံး ထပ်ထွန်းပေးရန် ညွှန်ကြားလိုက်၏။

ထရေနာသည် ဗန်ဆလိုက်ထံမှ ပြန်လာခဲ့ရသည့်အတွက် စိတ်သက်သာရာ ရမိသည်။ ထရေနာက သူ့ညီမ ဆန်နီသည် ဒေါက်တာ ဝါနာဗန်ဆလိုက်ကို ယစ်ထုပ်ကြီးမှန်း သိလျက်နှင့် အဘယ်ကြောင့် လက်ထပ်ခဲ့သည်ကို သူ နားမလည်ပါ။ ညီမဖြစ်သူ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည့် အခါတွင် သူ ယူကျုံးမရ ဖြစ်ရတော့သည်။ သူ့ထံသို့ အကူအညီ တောင်းခံလာခဲ့မည် ဆိုပါက သူက ကူညီမည်သာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဝါနာဗန်ဆလိုက်၏ သား ဖြစ်နေသောကြောင့် ယခုလို ဖြစ်နေမှုကို အံ့သြစရာတော့ မဟုတ်ပါချေ။ ယနေ့တိုင်အောင် ဝါနာဗန်ဆလိုက်သည် ရေတပ်မှ မကြာင်းနစ် သင်တန်းကို တက်ခဲ့ရခြင်းက







www.burmeseclassic.com

www.burmeseclassic.com



ဂျူဗာ၊ ကူညီပံ့ပိုးမှု ပေးခဲ့သလို အားကိုးစရာလည်း ဖြစ်ခဲ့သည်။

ဟေးရှဲက သူ့ကို ခန့်ထားသင့်ကြောင်း ထရေနာက အဆိုပြုခဲ့မိသည့်အတွက်လည်း ဝမ်းသာခဲ့ရပါ၏။

ထရေနာက ဘီတန်၏ ရုံးခန်းသို့ လျှောက်လာပြီး ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့က ကားရပ်နားရန် အဆောက်အအုံ ဆောက်လုပ်ခွင့်အား ထပ်မံ ပယ်ချသော သတင်းကို ပြောပြလိုက်သည်။ ဘီတန်ကလည်း သူ့ဘက်မှ သတင်းဆိုးကို ပြောပြလိုက်လေ၏။

"အမ်ဒီ (၉၁) ဟာ အရက်ပြန်သောက်နေပြန်ပြီ၊ သူက လူသွားလမ်းပေါ် ကားတက်မောင်းနေတယ်"

"သူ့ဆေးကုသခွင့် အခွင့်အရေးတွေကို ရုပ်ပစ်လိုက်"

"နောက်ပြဿနာ တစ်ခုကတော့ လွန်ခဲ့တဲ့ နှစ်အတွင်းက ခွဲစိတ်ကုသရာမှာ သုံးတဲ့ပစ္စည်းတွေ တော်တော်များများ အခိုးခံခဲ့ရတယ်လို့ ခွဲစိတ်ခန်းက သူနာပြုဆရာခေါင်းဆောင် ဆိုဖီစတက်ဖန်ဂယ်လို့စ်က တိုင်ထားတယ်။ သူက ခိုးတဲ့လူကို ဖမ်းဖို့ အစီအစဉ် ရှိပါတယ်၊ သူက အဲဒါကို ဆက်လုပ်ရမလားလို့ မေးနေတယ်"

ထရေနာက ဖြေလိုက်သည်။

"ဖမ်းသာ ဖမ်းစမ်းပါကွာ။ တကယ်လို့ သူက ဖမ်းမိခဲ့ရင် ခိုးတဲ့လူကို မှတ်လောက်သားလောက် ဖြစ်အောင် နမူနာပြရသေးတာပေါ့"

❖ ❖ ❖

လူနာ စစ်ဆေးခန်းထဲမှ ပြန်ထွက်လာအောင် ဒေးဗစ်သည် လောလောဆယ်တွင် သူကြည့်ရမည့်လူနာ မရှိသောကြောင့် နစ်ကို့ထံ သွားလိုက်သည်။ နစ်ကီ၏ ခုတင်ပေါ်တွင် ကယ်ရိုလင်းနှင့် အာနီတို့ ထိုင်နေကြသည်။ ဒီကလေး နှစ်ယောက်သည် လူကြီးအဖော် မပါဘဲနှင့် ဆေးရုံထဲသို့ တစ်နည်းနည်းနှင့် ဝင်လာနိုင်ခဲ့ကြပုံ ရသည်။ ဒေးဗစ်က နစ်ကို့ကို ပြောလိုက်၏။

"ဒက်ဒီ၊ ဒေါက်တာပီလ်စနာနဲ့ သွားတွေ့ပြီးပြီ။ သမီး ဒီကနေ့ မွန်းလွဲပိုင်းမှာ ဆေးရုံက ဆင်းနိုင်ပြီတဲ့"

ဒေးဗစ်က ဂျွန်တာလောနှင့် ပတ်သက်၍ သူ ညွှန်ကြားခဲ့မှုများကို ဆက်လက် ဆောင်ရွက်ကြခြင်း ရှိ မရှိ သိနိုင်အောင် ဝင်ကြည့်လိုက်ပြန်သည်။ အကြောဆေးများကို သွင်းပေးနေပြီ ဖြစ်သော်လည်း ဂျွန်တာလောက ပိုနေကောင်းလာသည်ဟု မခံစားရသေးကြောင်း ပြောပြသည်။

နောက်ဆုံးတွင် သူက မာဂျော်ရီဆီသို့ ရောက်လာသည်။ သူက ပဋိဇီဝဆေးများကို တိုးမြှင့်ပေးထားခဲ့သောကြောင့် အခြေအနေ ကောင်းမွန်လာလိမ့်မည်ဟု ယူဆထားခဲ့သော်လည်း လက်တွေ့တွင် မာဂျော်ရီသည် သတိမရတော့ဘဲ မေ့မြောနေသလို ဖြစ်နေသည်။

ဤတွင် သူက အထူးကုဆရာဝန်များထံ ဖုန်းဆက်တော့သည်။ အရင်က သူသည် ပြင်ပမှ ဆရာဝန်များကို ခေါ်ယူလိုစိတ် မရှိသော်လည်း ယခု သွေးပျက်နေလေပြီ။ ဒေးဗစ်က မာဂျော်ရီ၏ ကင်ဆာဆရာဝန် ဒေါက်တာ ကာလပ်ခ်မိုင်းလ်စလစ်ချ်၊ ကူးစက်ရောဂါ အထူးကုဆရာဝန် ဒေါက်တာ မာတင်ဟက်ဆယ်ဘမ်တို့ကို လှမ်းဆက်သွယ်လိုက်သည်။ သူတို့နှစ်ယောက်စလုံးသည် စီအမ်ဗွီ၏ ဆရာဝန်များ မဟုတ်ကြချေ။ ထို့အပြင် စီအမ်ဗွီမှ ဆရာဝန်တစ်ဦးဖြစ်သော နာဗ်ကြောကု ဆရာဝန် ဖလန်ပရစ်ချတ်ကိုပါ ခေါ်လိုက်၏။

အားလုံး ချက်ချင်းလိုလိုပင် ရောက်လာကြသည်။ သူတို့က လူနာကို စစ်ဆေးကြပြီးနောက် ဆွေးနွေးညှိနှိုင်းရန် သူနာပြုဆရာမများ၏ ရုံးခန်းသို့ လာခဲ့ကြ၏။

သူတို့ မဆွေးနွေးရသေးခင် မာဂျော်ရီ အသက်ရှူရပ်သွားပြီဟု သူနာပြုဆရာမ တစ်ယောက်က အော်ပြောလိုက်၏။ ဒေးဗစ်နှင့် အတိုင်ပင်ခံဆရာဝန်ကြီးများ ထိုအခန်းသို့ ပြန်ပြေးကြရတော့သည်။

အသက်ကယ် အဖွဲ့လည်း ချက်ချင်း ရောက်ရှိလာသည်။ ချက်ချင်းပင် လည်ချောင်းထဲသို့ ပိုက်သွင်းကြသည်။ သူတို့က နာရီဝက်ခန့်ကြာသည်အထိ မာဂျော်ရီ အသက်ပြန်ရှူလာအောင် နည်းမျိုးစုံနှင့် ကြိုးစားကြသော်လည်း နောက်ဆုံးတွင် မာဂျော်ရီ သေပြီဟု လက်ခံလိုက်ရတော့သည်။

ဒေါက်တာ မိုင်းလ်စလစ်ချ်က မာဂျော်ရီအတွက် စိတ်မကောင်းဖြစ်မိကြောင်း ပြောသည်။ ဒေါက်တာ ပရစ်ချတ်ကလည်း မာဂျော်ရီ၏ ရောဂါ အခြေအနေအရ သေရမည်မှာ မလွဲဧကန် ဖြစ်သည်ဟု မှတ်ချက်ချသည်။

ဒေးဗစ်က မာဂျော်ရီသည် ကင်ဆာရောဂါကြောင့် သေရခြင်း ဖြစ်သည်ဟု ထင်ပါသလားဟု မေးသည်။ ဒေါက်တာ မိုင်းလ်စလစ်ချ်က ဖြေ၏။

"သူ့ကင်ဆာရောဂါက သိပ်မထင်ပေါ်လှဘူး။ ဒါပေမယ့် အလောင်းကို ခွဲစိတ်ကြည့်မယ် ဆိုရင်တော့ ကင်ဆာရောဂါက နေရာအနှံ့ကို ပျံ့နှံ့နေတာ တွေ့ရမှာပဲ"

ဒေးဗစ်က ထိုစကားကို လက်ခံလိုက်၏။ သို့ရာတွင် မာဂျော်ရီသည် သမီး၏ဆရာမ ဖြစ်နေသောကြောင့် သမီးကို မည်သို့မည်ပုံ ရှင်းပြရမည်နည်းဟု စိတ်ပူနေမိသည်။

ဂျက်နက်ကိုလ်ဘမ်က မာဂျော်ရီ၏ ခင်ပွန်းဖြစ်သူ လျှိုက်ကလီဘာ ရောက်နေကြောင်း သတင်းလာပို့သဖြင့် ဒေးဗစ်က လက်ခံပြီး တွေ့ဆုံရပြန်သည်။

ဒေးဗစ်က မာဂျော်ရီအား ခွဲစိတ်၍ ကြည့်လိုကြောင်း ခွင့်တောင်းသည်။ ထိုကိစ္စကို လျှိုက်ကလီဘာကလည်း သဘောတူလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဂျဲ့တွင် ဒေးဗစ်က အင်ဂျယ်လာ၏ ရုံးခန်းသို့ သွားရောက်ပြီး ပ၊ ပေါ့ဂျိုင်း၏ သတင်းကို ပြောပြလိုက်လေ၏။

"ပစ္စတာ လွှိုက်ကလီဘာကလည်း အလောင်းကို ခွဲစိတ်စစ်ဆေ၊ ကြည့်ဖို့ သဘောတူတယ်။ ကိုယ်ကလည်း သူ ဘာကြောင့် သေရသ၊ ဆိုတာ သိချင်တယ်။ အဲဒါကို လုပ်ပေးလို့ ရနိုင်သလား"

"ရပါတယ်၊ ဒါပေမယ့် သိပ် စိတ်ဓာတ်မကျပါနဲ့ရှင်၊ ခုကိစ္စက ရှ၊ ဗပြစ် မဟုတ်ပါဘူး"

ဒေးဗစ်က ရုံးခန်းသို့ ပြန်သွားပြီး လူနာများကို သွက်သွက်ကလေ၊ စစ်ဆေးပေးနေသည်။ လူနာလေးယောက်ကို ကြည့်ရှုအပြီးတွင် သူ့ရုံးခန်၊ ထဲ၌ ချားလ်စ်ကယ်လီ ရောက်နေကြောင်း လာရောက် သတင်းပို့သဖြ၊ သူ သွားရောက် တွေ့ဆုံရတော့သည်။ ချားလ်စ်ကယ်လီသည် မျက်နှာထ၊ တင်းတင်းနှင့် ဒေါပွနေသည်။

"ခင်ဗျားရဲ့ အပြုအမူက အရမ်းကို မနှစ်မြို့ဖို့ ကောင်းနေတာပဲ၊ မနေ့တုန်းကပဲ ခင်ဗျားရဲ့ အသုံးကျမှုနဲ့ ပတ်သက်ပြီး ပြောပြခဲ့သေးတယ်။ ခင်ဗျား နားလည်သဘောပေါက်တယ်လို့လည်း ထင်ခဲ့မိတယ်။ အ၊ ခင်ဗျားက မလွဲမသွေ သေတော့မယ့် လူနာအတွက် တာဝန်မဲ့စွာ ပြင်ပက၊ ဆရာဝန် နှစ်ယောက်ကို အကြံဉာဏ်တောင်းဖို့ ဖိတ်ခေါ်ခဲ့တယ်။ ခင်ဗျ၊ ဟာ ဒီကနေ့ ဆေးလောကမှာ ရင်ဆိုင်နေကြရတဲ့ မလိုအပ်သော ဖြုန်းတီ၊ ရာရောက်သည့် အသုံးစရိတ် ဆိုတာကို သဘောပေါက်ပုံ မရဘူး"

စိတ်တိုနေသော ဒေးဗစ်က ပြန်ပြောလိုက်၏။

"နေစမ်းပါဦး၊ ပြင်ပဆရာဝန်တွေ ခေါ်ညှိစရာ မလိုဘူးလို့ ခင်ဗျ၊ က ဘာဖြစ်လို့ တထစ်ချ ပြောနိုင်ရတာလဲ"

"ဟာဗျာ ဒါကတော့ ရှင်းနေတာပဲ။ သူက သေမယ့်လူနာပဲ၊ မျှော် လင့်ချက်မရှိတဲ့ လူနာတွေအတွက် ငွေနဲ့ အခြား ပစ္စည်းတွေကို ဖြုန်းတီ၊ မပစ်သင့်ဘူး"

ဒေးဗစ် ဘာမှ ပြန်မပြောတတ်တော့ပါ။

❖ ❖ ❖

အင်ဂျယ်လာက ဝက်ဒလီနှင့် မဆုံလိုသောကြောင့် အလောင်းအာ၊ ခွဲစိတ်စစ်ဆေးသည့် နည်းလမ်းကို ဒေါက်တာ ပေါလ်ဒါနဲလ်အား မေးမြန်၊ ကြည့်သည်။ ပေါလ်က ထိုကိစ္စသည် မှုနှင့်ဆိုင်သော ပြဿနာ ဖြစ်သဖြ၊ ဒေါက်တာ ဝက်ဒလီကိုပဲ မေးမြန်းကြည့်ပါဟု ဖြေသည်။ အင်ဂျယ်လာ သွားမေးသောအခါ ဒေါက်တာ ဝက်ဒလီက ဖြေလိုက်သည်။

"ကျုပ်တို့က အလောင်း ခွဲစိတ်စစ်ဆေးတဲ့ အလုပ်ကို မလုပ်ကြဘူး။ ဒါက ဆေးဘက်ဆိုင်ရာ စစ်ဆေးသူနဲ့ပဲ သက်ဆိုင်တယ်။ ပြီးတော့လည်း အဲဒီ လုပ်ငန်းက ငွေသိပ်ကုန်တယ်။ စီအမ်ဗွီနဲ့ စာချုပ်ချုပ်တဲ့ အထဲမှာ လည်း မပါဘူး"





"မိသားစုက တောင်းဆိုလာရင်ကော"

"သူတို့က ဒေါ်လာ (၁၈၉၀) ပေးမယ်ဆိုရင် လုပ်ပေးမယ်"

အင်ဂျယ်လာက ဒေးဗစ်၏ ဆေးရုံအဆောင်ဘက်သို့ ကူးသွားပြီး ဒေးဗစ်အား ပြောပြလိုက်သည်။ ဒေးဗစ် နားမလည်နိုင်ဘဲ ရှိနေသည်။

အင်ဂျယ်လာက ဒေးဗစ်၏ လူနာများကို လှမ်းကြည့်ပြီး လူနာများ ကြောင်း တွေ့ရသောကြောင့် နစ်ကီကို သူကပဲ အိမ်ခေါ် သွားမည် ဖြစ်ကြောင်း၊ ဒေးဗစ် အလုပ်ပြီးမှ နောက်တစ်ခေါက် လာခေါ်မည်ဖြစ်ကြောင်း ပြော လိုက်သည်။

ဒေးဗစ်က ည (၇) နာရီ (၁၅) မိနစ်ကျမှ ဖုန်းဆက်တော့သည်။ လမ်းတွင် ကားမောင်းရင်း အတွေ့အကြုံချင်း ဖလှယ်ကြသည်။ ဒေးဗစ်နှင့် ချားလ်စ်ကယ်လီ ထိပ်တိုက်တိုးမှုနှင့် ပတ်သက်၍ အင်ဂျယ်လာက ချားလ်စ်သည် လူနာပြုစုရေးနှင့် ပတ်သက်၍ အခြေခံကစပြီး နားလည်မှု လွဲမှားနေသည်ဟု ထင်ကြောင်း မှတ်ချက်ချသည်။

ဝက်ဒလီက ချစ်ချစ်ဟု ခေါ်ပြီး တင်ပါးကို လက်နှင့် ပုတ်ကြောင်း အင်ဂျယ်လာက ပြောပြသည့်အခါ ဒေးဗစ် စိတ်တိုရပြန်သည်။ ထိုကိစ္စ အတွက် ဘာလုပ်ရမည်နည်းဟု မသိနိုင်အောင် ဖြစ်ကြရသည်။

အိမ်သို့ ပြန်ရောက်ပြီး ညစာ ထမင်းစားပြီးကြသောအခါ ဒေးဗစ်က နစ်ကီအား မာဂျော်ရီ ကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောပြလိုက်သည်။

နစ်ကီ အကြီးအကျယ် ဝမ်းနည်းသွားသောကြောင့် မိဘနှစ်ပါးစလုံးက နစ်ကီကို ဝိုင်း၍ ချော့ကြရတော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

အောက်တိုဘာလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

နစ်ကီက အတင်း တောင်းဆိုနေသည့်ကြားမှ ၎င်းအား ကျောင်းမတက်ဘဲ နားခိုင်းလိုက်သည်။ အဲလစ်ဒိုဟာတီကလည်း အချိန်မှန်စွာ ရောက်ရှိလာသည်။

အင်ဂျယ်လာနှင့် ဒေးဗစ်တို့သည် ဗောလ်ဗို မော်တော်ကားနှင့် ဆေးရုံသို့ လာခဲ့ကြရာ နံနက် (၇) နာရီခွဲတွင် ရောက်ရှိကြသည်။ အင်ဂျယ်လာက သူ့အလုပ်ခွင်သို့ တန်းသွားသလို ဒေးဗစ်ကလည်း သူ့လူနာများရှိသော အထပ်သို့ သွားရောက်ခဲ့သည်။

ဒေးဗစ်က ဂျွန်တာလော၏ အခန်းသို့ ဝင်သွားသောအခါ ဟာလာဟင်းလင်း ဖြစ်နေသော ခုတင်ကိုသာ တွေ့ရတော့သည်။ သူက သူနာပြုဆရာမများ၏ ရုံးခန်းသို့ ဆက်သွားပြီး မေးမြန်းလိုက်လေ၏။ ဂျက်နက်ကိုလ်ဘမ်က ဖြေသည်။

"မစ္စတာ တာလောကို အခန်း (၂၀၆) ကို ရွှေ့လိုက်တာပါရှင်"

"ဘယ်လိုဖြစ်တာလဲ"

"ပြုပြင် ထိန်းသိမ်းရေးဌာနက အဲဒီ အခန်းကို ဆေးသုတ်ချင်တယ်ဆိုလို့ အခန်း (၂၀၆) ကို ရွှေ့လိုက်တာပါရှင်"

သူ့လူနာအတွက် ဒေါပွသွားသော ဒေးဗစ်က ပြုပြင်ထိန်းသိမ်းရေးနှင့် အင်ဂျင်နီယာဌာနသို့ လိုက်သွားသည်။ ထိုရုံးခန်းထဲ၌ သူနှင့် ရွယ်တူလောက်ရှိမည်ဖြစ်သော လူတစ်ယောက် စားပွဲ၌ ထိုင်နေသည်။

ဒေးဗစ်က အခန်းကိစ္စကို ကန့်ကွက်သောအခါ ဗန်ဆလိုက်က-

"ခင်ဗျားမှာ ပြဿနာ ရှိနေတယ်ဆိုရင် ဟယ်လင်ဘီတန်ကို သွားပြောပါဗျာ"

ဟု ပြောပြီး သူ့စာအုပ်ကိုသာ ဆက်ဖတ်နေလေတော့သည်။

ဗန်ဆလိုက်၏ မခန့်လေးစား ပြုမူမှုကို ဟယ်လန်ဘီတန်ထံ သွားရောက် မဆွေးနွေးမီ ဂျွန်တာလောထံ ဝင်ကြည့်သောအခါ အခြေအနေ







ပိုဆိုးဝါးနေကြောင်း တွေ့ရတော့သည်။

ဂျွန်တာလောသည် အထက်လှန်အောက်လျှော ဖြစ်နေသည်။ ဂျွန်သည် ထိုင်းမှိုင်းနေပြီး သူ့ကို ရှင်လန်းအောင် လုပ်သောအခါ အာရုံနည်းနေပြန်သည်။ ထို ရောဂါလက္ခဏာများကို ဒေးဗစ် နားမလည်နိုင်ဘဲ ရှိနေသည်။

သူက သူ့လူနာကို စေ့စေ့စပ်စပ် စစ်ဆေးလိုက်သော်လည်း လူနာ၏ စိတ်ဓာတ်အခြေအနေ ယိုယွင်းလာမှုအတွက် အဖြေရှာမရဘဲ ဖြစ်နေသည်။ သူက ကင်ဆာရောဂါနှင့် ကူးစက်ရောဂါတို့အတွက် အကြံဉာဏ်များ ရယူလိုသော်လည်း ထိုဆရာဝန်များမှာ စီအမ်ဗွီမှ ဆရာဝန်များ မဟုတ်ကြသောကြောင့် အကြံဉာဏ် မတောင်းရဲဘဲ ရှိနေပြန်သည်။

နောက်ဆုံးတွင် ဒေးဗစ်က အိပ်ဆေးပေးထားမှုကို ပြန်ပယ်ဖျက်လိုက်ပြီး တစ်နာရီလျှင် တစ်ကြိမ် ကိုယ်ပူချိန်ကို တိုင်းရန်နှင့် ကိုယ်ပူချိန်သည် သာမန်ထက် ကျော်လာပါက သူ့ကို ချက်ချင်း အသိပေးရန် ဆိုသော အချက်ကိုသာ ညွှန်ကြားလိုက်လေ၏။

❖ ❖ ❖

အင်ဂျယ်လာသည် နောက်ဆုံးတွင် ကျန်ရှိနေသော ဇီဝရုပ် ခွဲထုတ်စစ်ဆေးမှုကို ပြုလုပ်ပြီးနောက် သူ့ရုံးခန်းသို့ ပြန်လာခဲ့၏။ သူ့ရုံးခန်းထဲသို့ ဝင်လိုက်သောအခါ ဝက်ဒလီ၏ အခန်းနှင့် ဆက်ထားသော တံခါးရွက်ဟနေသည်ကို တွေ့ရသောကြောင့် ပိတ်ရန်အသွားတွင် ဝက်ဒလီက လှမ်းခေါ်လိုက်လေတော့သည်။

"အင်ဂျယ်လာရေ၊ ဒီကို လာကွာ။ မင်း စိတ်ဝင်စားမယ့် ကိစ္စတစ်ခုကို ပြဖို့ရှိတယ်"

အင်ဂျယ်လာက တွန့်ဆုတ်ဆုတ်နှင့် သွားရတော့သည်။ ဝက်ဒလီက သူကြည့်နေသော အဏုကြည့်မှန်ပြောင်းဆီသို့ လာကြည့်ရန် ပြောသဖြင့် သွားခဲ့ရသည်။

အင်ဂျယ်လာက အဏုကြည့်မှန်ပြောင်းကို ငုံ့မကြည့်ရသေးခင် ဝက်ဒလီက အင်ဂျယ်လာ၏ ခါးကို ဆွဲဖက်လိုက်သည်။ သူက အင်ဂျယ်လာကို သူ့ပေါင်ပေါ်သို့ ကျလာအောင် ဆွဲယူလိုက်ပြီး အင်ဂျယ်လာကို ဖက်ထားလိုက်၏။

"မင်းကို မိပြီ"

"ကျွန်မကို လွှတ်ပါ"

အင်ဂျယ်လာက အသံကုန် အော်ဟစ်လိုက်၏။

"မင်းကို ကျုပ်က ပြောစရာရှိတာ မပြောရသေးခင် မလွှတ်နိုင်ဘူး"

ဝက်ဒလီက တဟားဟား ရယ်နေသည်။ အင်ဂျယ်လာက မျက်စိကို မှိတ်ထားပြီး မရုန်းတော့ဘဲ ငြိမ်နေလိုက်သည်။ အင်ဂျယ်လာသည် ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုလိုပုပေါ့၊ ကျုပ်ဆီမှာ သတင်းကောင်း ရှိတယ်။ ခရီးစဉ်အတွက် လက်မှတ်တွေ ရပြီးပြီ။ ကျုပ်တို့ နိုဝင်ဘာလကျရင် မိုင်ယာမီကို ရောက်ပေါ အစည်းအဝေး သွားတက်ကြမယ်"

အင်ဂျယ်လာက မျက်စိကို ဖွင့်လိုက်၏။

"သိပ်ကောင်းတာပေါ့။ ကဲ ကျွန်မကို လွှတ်ပါတော့"

ဝက်ဗလီက ပြန်လွှတ်ပေးလိုက်သော်လည်း လက်ကောက်ဝတ်ကို ပြန်ဆုပ်ကိုင်ထားပြန်သည်။ အင်ဂျယ်လာက အံကြိတ်၍ ပြောလိုက်၏။

"လွှတ်ပါတော့"

"ပင်း ရှူးများသွားသလား၊ ကျုပ် မင်းကို အထိတ်တလန့်ဖြစ်အောင် လုပ်မိခဲ့ရင် ဝမ်းနည်းပါတယ်ကွာ။ ကျုပ်က မင်းကို အံ့ဩစေချင်လို့ပါ"

ဝက်ဒလီက လွှတ်ပေးလိုက်၏။ အင်ဂျယ်လာက သူ့အခန်းထဲသို့ တစ်ရှိန်ထိုး ပြေးဝင်သွားတော့သည်။ သူက တံခါးကို ဆောင့်ပိတ်ခဲ့၏။

အင်ဂျယ်လာသည် ကုတ်အင်္ကျီကို ဆွဲယူလိုက်ပြီးနောက် ဒေါက်တာ ဒဲဘ်ဘတ်ကန်တာ၏ ရုံးခန်းသို့ တန်းသွားတော့သည်။ အင်ဂျယ်လာသည် နာရီဝက်စောင့်ပြီးမှ ဒေါက်တာကန်တာနှင့် တွေ့ခွင့်ရသည်။

အင်ဂျယ်လာက-

"ကျွန်မကို ဒေါက်တာဝက်ဒလီက ကာယိန္ဒြေပျက်လောက်အောင် နှောင့်ယှက်တဲ့အတွက် ဒီကို ရောက်လာတာပါဟု အစချီပြီး တိုင်တန်းလိုက်သည်။ ဒေါက်တာကန်တာက ပြောလိုက်၏။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်က ဘာပြောရမလဲတောင် မသိတော့ပါဘူးဗျာ။ ဒေါက်တာဝက်ဒလီက မင်းရဲ့ အလုပ်တည်မြဲရေးဟာ သူ့အလိုကို လိုက်လျောမှုအပေါ် မှာ မူတည်တယ်လို့ ပြောဖူးသလား"

"မပြောဖူးပါဘူး၊ ဒါပေမယ့် ခုလို ပြုမူတာတွေဟာ မိတ်ဆွေနယ်ပယ်၊ ဆရာတပည့် နယ်ပယ်တွေထက် အရမ်း နယ်ကျော်နေပါတယ်ရှင်"

"အေးလေ၊ မင်းက လိုတာထက် ပိုပြီး ကဲကဲဆတ် ဖြစ်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဒေါက်တာကန်တာက အင်ဂျယ်လာ၏ မျက်နှာထားကို မြင်လိုက်သောကြောင့် ထပ်မံ ဖြည့်စွက်၍ ပြောဆိုလိုက်သည်။

"အေးလေ အဲဒါကလည်း ဖြစ်နိုင်ခြေတစ်ခုပဲပေါ့"

အင်ဂျယ်လာက သူ့ကို လက်ခံတွေ့ဆုံသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ၊ ကျုပ်ကိုလည်း ဆက်ပြီး သတင်းပို့နေပါ။ ခုလောလောဆယ်မှာတော့ ကျုပ်က အခွင့်အရေးရတာနဲ့ ဒေါက်တာ ဝက်ဒလီနဲ့ ဆွေးနွေးလိုက်ပါ့မယ်"

အင်ဂျယ်လာ ပြန်ထွက်ခဲ့၏။ သူက ရုံးခန်းသို့ ပြန်လာစဉ် ဒေါက်တာ ဒဲလ်ဘတ်ကန်တာထံ လာခဲ့မိသည့်ကိစ္စမှာ ကောင်းကျိုးထက် ပို၍ ဆိုးကျိုးပေး



မည် ဖြစ်ကြောင်း တွေးမိလေတော့သည်။

❖ ❖ ❖

ထိုနေ့ မွန်းလွဲပိုင်း တစ်လျှောက်လုံး ဒေးဗစ်က ဂျွန်တာလောကို အချိန်ရတိုင်း သွားကြည့်ခဲ့သည်။ ကံဆိုးချင်တော့ အခြေအနေက ကောင်းမလာပါ။ နောက်ဆုံးတွင် အခြေအနေ ထူးပါက သူ့ကို အကြောင်းကြားရန်သာ မှာခဲ့ရတော့သည်။

သူတို့သည် အပြန်ခရီးတွင် နေ့လယ်က အတွေ့အကြုံများကို ဆွေးနွေးသွားကြသည်။ အိမ်သို့ ရောက်သောအခါ အာနီက နစ်ကီထံ လာရောက် လည်ပတ်နေကြောင်း တွေ့ရသည်။ ဒေးဗစ်က အာနီ့ကို ကားနှင့် အိမ်ပြန်ပို့လိုက်၏။

ဒေးဗစ် အိမ်ပြန်ရောက်သောအခါ နစ်ကီက မိသားစု အနားယူသော အခန်းထဲတွင် အနည်းငယ် အေးနေကြောင်း တိုင်တန်းတော့သည်။ ဒေးဗစ်က အခန်းထဲသို့ ဝင်သွားပြီး အပူပေးသော ကိရိယာကို ကိုင်ကြည့်လိုက်၏။ ချစ်ချစ်တောက် ပူနေသည်။ ဝရန်တာသို့ထွက်သော တံခါးများကလည်း ပွင့်မနေပါ။

"သမီးရယ်၊ ဘယ်နေရာက အေးတာလဲ"

"ခုံရှည်ပေါ်မှာထိုင်ရင်း အေးလာတာပါ။ ဒက်ဒီလည်း လာထိုင်ကြည့်ပါလား"

ဒေးဗစ်က သူ့သမီး နံဘေးတွင် သွားထိုင်ကြည့်လိုက်ရာ သူ့ကုပ်ပိုး၌ အေးခနဲ ဖြစ်သွားကြောင်း တွေ့လိုက်ရတော့သည်။

"သမီးပြောတာ မှန်တယ်"

သူက ဆိုဖာနောက်ဘက်မှ ပြတင်းပေါက်များကို သွားရောက် စစ်ဆေးလိုက်၏။

"ချွတ်ယွင်းချက်ကို ဒက်ဒီ သိပြီ၊ ဒက်ဒီတို့က နှစ်ထပ် ပြတင်းတံခါးရွက်တွေ တပ်ရလိမ့်မယ်"

"အဲဒါက ဘယ်လိုဟာမျိုးလဲ"

"ရှင်က နမူနာတစ်ခုကို လိုက်ပြလိုက်ပါလား"

"ကောင်းသားပဲ၊ သမီးရေ လာကွာ. . . မီးလင်းဖိုအတွက် ထင်းလည်း တစ်ခါတည်း သွားယူရအောင်"

ဒေးဗစ်နှင့် နစ်ကီ မြေတိုက်ခန်းလှေကားအတိုင်း ဆင်းလာကြသည်။ နစ်ကီက မြေတိုက်ထဲသို့ ဆင်းရသည်မှာ ကြောက်ဖို့ ကောင်းသည်ဟုပင် ညည်းနေလေသေးသည်။

လိပ်သည်းကျောက်နှင့် ပြုလုပ်ထားသော လှေကား၏ နောက်ဘက်တွင် နှစ်ထပ်ပြတင်းတံခါးရွက်များ ရှိနေကြ၏။ နစ်ကီက မှတ်ချက်ချသည်။

"ကြည့်ရတာကတော့ ရိုးရိုး ပြတင်းတံခါးရွက်လိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပါပေပယ့် သူက မပွင့်ဘူး၊ အဲဒီမှန်နဲ့ တကယ့် ပြတင်းတံခါးရွက် ပုံ(မကြားဟုရှိုက်)လေကို ထွက်မသွားအောင် ထိန်းထားတာ၊ အပူခာတ် ပျက်မသွားနိုင်အောင် ထိန်းပေးထားတာလေ"

နှစ်ကီက ပြတင်းတံခါးရွက်များကို လှေ့လာကြည့်ရှုနေစဉ် ဒေးဗစ်သည် တစ်ရုံတစ်ရာကို ပထမဦးဆုံးအကြိမ်အဖြစ် သတိထားလိုက်မိတော့သည်။ ထိုအချက်မှာ လှေကား၏ အောက်ဘက်ရှိ သုံးမြှောင့်နေရာလပ်ကို ကျောက်ပါးသွေးနှင့် ရောထားသော ကွန်ကရစ်အတုံးများနှင့် ပိတ်ထားကြောင်း တွေ့လိုက်ရခြင်းပင် ဖြစ်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ဟောဒီ နံရံက သိပ်ပြီး မဟောင်းသေးဘူး၊ ဘာဖြစ်လို့ ဒီလို ကာထားရတာလဲ"

နှစ်ကီက မေးသောကြောင့် လှေကားအောက်ရှိ နေရာလပ်တွင် ဟာစ်ခုခု ရှိနိုင်ကြောင်း ဒေးဗစ်က ရှင်းပြသည်။

ဒေးဗစ်က ပန်းပဲဖိုတွင်သုံးသော တူအကြီးအစားနှင့် ထိုနံရံကို ထုလိုက်၏။ အပေါက်ငယ်ကလေးတစ်ပေါက် ဖြစ်သွားသောအခါ နှစ်ကီ့ကို လက်နှိပ်ဓာတ်မီး သွားယူခိုင်းပြီး အထဲသို့ မီးထိုး၍ ကြည့်လိုက်၏။

ဒေးဗစ်က နှစ်ကီအား အင်ဂျယ်လာကို ခေါ်ခိုင်းလိုက်သည်။ ထိုအခိုက်တွင် ဒေးဗစ်က နံရံကို ထပ်ဖြိုထားလိုက်သည်။

အင်ဂျယ်လာ ရောက်လာပြီး အထဲသို့ ခေါင်းလျှို၍ ကြည့်လိုက်သောအခါ အလောင်းတစ်လောင်းကို တွေ့လိုက်ရလေ၏။ သူတို့က နှစ်ကီအား အလောင်းကို ကြည့်ခွင့်မပေးဘဲ အပေါ်သို့ ပြန်တက်လာကြသည်။

အင်ဂျယ်လာက တယ်လီဖုန်းဆက်၍ ခေါ်လိုက်သောကြောင့် နာရီဝက်အကြာတွင် ရဲနှစ်ယောက် ရောက်ရှိလာသည်။ အရပ်ဝတ်နှင့်ပုဂ္ဂိုလ်က သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"ကျုပ်က ရဲအရာရှိ ဝိန်းရောဘတ်ဆန်၊ ဒါက ကျုပ်လက်ထောက် ရှာဝင်မောရစ်"

အင်ဂျယ်လာနှင့် ဒေးဗစ်က ရဲနှစ်ယောက်ကို လိုက်ပြသည်။ ဝိန်းရောဘတ်ဆန်က အထဲသို့ ခေါင်းလျှိုသွင်း၍ ကြည့်လိုက်ပြီးနောက်-

"ဒါ ဒေါက်တာရမ်းကုပဲ"

ဟု ပြောလိုက်သည်။ ဝိန်းရောဘတ်ဆန်က ထပ်ရှင်းပြလိုက်၏။

"အဲဒီပုဂ္ဂိုလ်က ဒီအိမ်ပိုင်ရှင် ဒေါက်တာ ဒင်းနစ်ဟော့ချ်ပဲ"

အင်ဂျယ်လာ၏ ဇက်ပိုး၌ ရှပိုးထိုးခံလိုက်ရသလို တုန်လှုပ်သွားတော့သည်။

"ကျုပ်တို့က ဒီအလောင်းကို သယ်ထုတ်နိုင်အောင် နံရံကို ထပ်ဖြိုခွင့်ပြုပါ"

ဒေးဗစ်က သဘောတူလိုက်သည်။ အင်ဂျယ်လာက မေးလိုက်၏။

"ဆေးဘက်ဆိုင်ရာ စစ်ဆေးသူကို မခေါ်တော့ဘူးလား"





ဝိန်းရောဘတ်ဆန်က သူ့အား ဆရာလုပ်သည်ကို မကြိုက်သော်လည်း အင်ဂျယ်လာက မှန်နေသဖြင့် တယ်လီဖုန်းဆက်၍ ခေါ်လိုက်သည်။ ထို့နောက် ရဲနှစ်ယောက်က နံရံကို ဆက်ဖြိုကြသည်။

ဝိန်းရောဘတ်ဆန်က အတွင်းဘက် ကြမ်းပြင်ပေါ်မှ ကျဲပြန့်နေသော စာရွက်များကို ကြည့်၍ ပြောလိုက်၏။

"ဘာစာရွက်တွေပါလိမ့်"

"ကော်ပီယာနဲ့ ကူးထားတဲ့ စာရွက်တွေထင်တယ်"

ဒေးဗစ်က မှတ်ချက်ချသည်။ မကြာမီ ဆေးဘက်ဆိုင်ရာ စစ်ဆေးသူ ဒေါက်တာ ထရေစီကောနစ်ရှ် ရောက်ရှိလာသည်။ ဒေါက်တာ ကောနစ်ရှ်က သူသည် ထိုပညာကို စနစ်တကျ မသင်ယူခဲ့ရသော်လည်း အပိုဝင်ငွေရအောင် ခရိုင်ဆေးဘက်ဆိုင်ရာ စစ်ဆေးသူအဖြစ် ဆောင်ရွက်နေသည်မှာ နှစ်ကြာပြီ ဖြစ်ကြောင်း ရှင်းပြသည်။

ဒေါက်တာ ကောနစ်ရှ်က ပထမဦးဆုံး အလောင်းကို ဓာတ်ပုံအမျိုးမျိုး ရိုက်ယူသည်။ ထို့နောက် သူက လက်အိတ်စွပ်ပြီး ထိုဂူထဲမှ ပစ္စည်းများကို ပလတ်စတစ်အိတ်များနှင့် ထည့်လိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ဒီစာရွက်တွေဟာ ဘတ်တလက် ကွန်မြူနီတီ ဆေးရုံက ဆေးမှတ်တမ်းတွေပဲ"

ဒေါက်တာကောနစ်ရှ်က အလောင်း၏ အိတ်ထဲကို နှိုက်၍ ရှာဖွေရာ ငွေစက္ကူများ ရှိနေသော ပိုက်ဆံအိတ်နှင့် ဒင်းနစ်ဟော့ချ်၏ အမည်နှင့် အကြွေးဝယ်ခွင့် ကတ်ပြားအချို့ကို တွေ့ရတော့သည်။ ရောဘတ်ဆန်က မှတ်ချက်ချလိုက်၏။

"အဲလေ လုယက်မှုတော့ မဟုတ်ဘူး"

အလောင်းကို အိတ်ကြီးထဲသို့ မသွင်းမီ အလောင်း၏ လက်များကို လုံအောင် စက္ကူအိတ်နှင့် စွပ်ယူသွားရန် အင်ဂျယ်လာက အကြံပေးလိုက်သည်။ နောက် (၁၅) မိနစ် ကြာသောအခါ ရဲအဖွဲ့ ပြန်သွားတော့သည်။

ည (၈) နာရီတွင် ညစာစားပြီး သူတို့ အိပ်ရာဝင်ခဲ့ကြသည်။ ဒေးဗစ်နှင့် နှစ်ကီတို့က အိပ်ချင်နေကြသော်လည်း အင်ဂျယ်လာ အိပ်မပျော်ဘဲ ရှိနေသည်။ ယခုလို မိုးရွာပြီး လေထန်သော ညတွင် အိမ်ကြီးမှ မည်ရွေ့မည်မျှ အသံမျိုးတွေ ပေါ်ထွက်နေသည်ကို သူ မသိခဲ့ပါချေ။

တဝုန်းဝုန်း ရိုက်ခတ်သံများကြောင့် အင်ဂျယ်လာ ထထိုင်လိုက်သည်၊ ဒေးဗစ်လည်း နိုးလာသည်။

"ဘာလဲ . . . ဘာလဲ"

ဟု မေးသည်။ အင်ဂျယ်လာက နားထောင်ရန် ပြောလိုက်၏။

"အဲဒါက တရုတ်ကတ်တွေက အိမ်ကို လာရိုက်နေ[illegible]တာပါကွာ။ ကဲကဲ စိတ်အေးအေးထားပြီး အိပ်ပါတော့"

အင်ဂျယ်လာက ခေါင်းအုံးကို မှီထားရင်းက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာ ဖြစ်နေတာတွေကို ကျွန်မ မကြိုက်တော့ဘူး"

"ဟော့ချ်အလောင်းကို တွေ့တဲ့ကိစ္စကို ပြောတာလား"

"ကျွန်မက အားလုံးကို ပြောနေတာရှင့်"

"ရာသီဥတု ပြောင်းလဲသွားတာ၊ ဝက်ဒလီက ကျွန်မကို နှောင့်ယှက်နေတာ၊ ဟာဂျော်ရီ သေရတာ၊ ချားလ်စ်ကယ်လီက ရှင့်ကို စိတ်အနှောင့်အယှက် ပေးနေတာ၊ အခု မြေအောက်ခန်းထဲမှာ အလောင်းတွေ့ရတာ"

ယိုအခိုက်တွင် နစ်ကီ၏ အော်သံကို ကြားလိုက်ရသောကြောင့် နှစ်ယောက်စလုံး နစ်ကီ အခန်းသို့ ပြေးခဲ့ကြရ၏။

နစ်ကီသည် မြေအောက်ခန်းထဲ၌ သွေးစုပ်ဖုတ်ကောင်ကို တွေ့ရသည်ဟု အိပ်မက်ဆိုးမက်ပြီး လန့်အော်လိုက်ခြင်း ဖြစ်သည်။

ထိုနေ့ညအဖို့ နစ်ကီနှင့် ရပ်စတီကို ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ၎င်းတို့၏ အိပ်ခန်းသို့ခေါ်၍ အိပ်စေခဲ့ရတော့သည်။

❖ ❖ ❖ ❖ ❖

(၁၅)

**အောက်တိုဘာလ ၂၁ ရက်၊ ကြာသပတေးနေ့**

နောက်တစ်နေ့ နံနက်တွင် နစ်ကီအား ထုံးစံအတိုင်း အသက်ရှူရှုပကုထုံးနှင့် ပြုလုပ်ပေးနေစဉ် ပြည်နယ်ရှေ့နေချုပ်ရုံးမှ ဖုန်းဆက်သည်။ မှုခင်းဖြစ်ပွားသည့် နေရာကို လာကြည့်ပါရစေဟု ဆိုသည်။

(၁၅) မိနစ်အတွင်း ဆံပင်နီနီနှင့် နှစ်လိုဖွယ်ကောင်းသော အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။ သူ့ကိုယ်သူ အီလိန်းဆူလီဗန်ဟု မိတ်ဆက်သည်။

ဒေးဗစ်က မြေအောက်ခန်းကို လိုက်ပြသည်။ အီလိန်းက ကင်မရာကလေးနှင့် ဓာတ်ပုံ သုံးလေးပုံ ရိုက်သည်။

အင်ဂျယ်လာ ဆင်းလိုက်လာပြီး ဒေးဗစ်၏ ပခုံးပေါ်မှ ကျော်ကြည့်နေသည်။

အီလိန်းက မေးသဖြင့် ညတုန်းက မြို့ပေါ်က ရဲနှင့် ခရိုင်ဆေးဘက်ဆိုင်ရာ စစ်ဆေးသူတို့ ရှိနေကြောင်း ဒေးဗစ်က ဖြေလိုက်၏။

"ပြည်နယ် ရဲအဖွဲ့က အခင်းဖြစ်နေရာမှာ လာရောက် စစ်ဆေးတဲ့အဖွဲ့ကိုလည်း ခေါ်သင့်ပါတယ်"

ဟု အီလိန်းက အကြံပြုသည်။ အင်ဂျယ်လာက ဝင်ပြောလိုက်၏။

"အဲဒီ အဆိုပြုချက်ကို ကြိုဆိုပါတယ်။ သူတို့က ဒီကနေ့ လာကြည့်မှာလား"

"ဒီကနေ့ မနက်မှာတင် ရောက်လာနိုင်ပါတယ်"

အီလိန်းဆူလီဗန် ပြန်သွားပြီး မကြာမီ ဒေးဗစ်နှင့် အင်ဂျယ်လာက နစ်ကီကို ကျောင်းလိုက်ပို့သည်။ ထို့နောက် ဆေးရုံဆီသို့ ထွက်ခဲ့ကြတော့သည်။

ဆေးရုံသို့ ရောက်သောအခါ ဒေးဗစ်က ဂျွန်တာနာ၏ အခန်းသို့ တန်းသွားလိုက်၏။ ဂျွန်သည် ပင်ပန်းခက်ခဲစွာ အသက်ရှူနေရရှာသည်။ ဒေးဗစ်က ဂျွန်၏ ပခုံးကိုလှုပ်၍ ထိုင်ခိုင်းလိုက်၏။ ဂျွန်က မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။

ဒေးဗစ် ခွေးချက်သွားသည်။ သူက ဂျွန်တာလောအား အသည်းရောဂါ လူနာပြုစုဆောင်းသို့ အတင်း ရွှေ့ခိုင်းတော့သည်။ ဂျွန်တာလောအား ထိုအခန်းသို့ ရွှေ့ပြောင်းနေစဉ် ဒေးဗစ်က ကင်ဆာအထူးကု ဆရာဝန် ဒေါက်တာ ပိုင်းစလစ်ချ်နှင့် ကူးစက်ရောဂါ အထူးကုဆရာဝန် ဒေါက်တာ ဟာဝင်ဟက်ဆယ်ဘမ်တို့ကို ချက်ချင်း ကြွခဲ့ကြရန် ဖိတ်ခေါ်လိုက်သည်။

မကြာမီ အထူးကု ဆရာဝန်ကြီးများ ရောက်ရှိလာကြပြီး ဆေးမှတ်တမ်းကို ကြည့်ရှုပြီးနောက် လူနာကို စစ်ဆေးကြည့်ရှုကြသည်။ နှစ်ယောက်စလုံးက လူနာ၏ အခြေအနေကို အားမရကြပါ။ ဒေါက်တာ ဟက်ဆယ်ဘမ်က-

"ဂျွန်ရဲ့ သွေးပေါင်ချိန်က နည်းပြီး ကျောက်ကပ်က အလုပ်မလုပ်တော့ဘူး။ သူ့ခန္ဓာကိုယ်ထဲက ခုခံအားတွေ သိပ်အားနည်းနေတယ်။ ဒါကလည်း သွေးကင်ဆာကြောင့် ဖြစ်မှာပါ။ တကယ်လို့ သူ့ကို ကုမယ်ဆိုရင် အင်နဲ့အားနဲ့ ကုမှဖြစ်မယ်။ ကျုပ်ဆီမှာတော့ အခုလို အတွင်းဆိပ်ကြောင့် သွေးလန့်နေတာကို စမ်းသပ်ကုသတဲ့ဆေးတွေ ရှိတယ်။ အဲဒီ ဆေးတွေက ဈေးလည်း သိပ်ကြီးတယ်"

"လူတစ်ယောက်ရဲ့ အသက်က အဲဒီအပေါ်မှာ တည်နေတာပဲဗျာ။ ကုကြရအောင်"

ဂျွန်တာလောအား ဆေးဝါးကုသပေးပြီးနောက် တစ်နာရီနှင့် (၁၅) မိနစ်ကြာသောအခါ အခြား ဆောင်ရွက်စရာလည်း မရှိတော့သဖြင့် ဒေးဗစ်သည် သူ့ရုံးခန်းသို့ ပြန်သွားတော့သည်။

သူ ရုံးခန်းထဲ၌ လူနာအပြည့်အနှက် ရောက်ရှိနေသည်။ သူသည် လူနာများကို စမ်းသပ်ကြည့်ရှုနေရင်းကပင် အချိန်ရတိုင်း အသည်းအသန် လူနာခန်းသို့ လှမ်းလှမ်းဆက်သွယ်နေသည်။ သို့ရာတွင် အကြောင်းမထူးပါဆိုသော အဖြေကိုသာ ရရနေသည်။

ဒေးဗစ် ပုံမှန်ကြည့်ရှုရသော လူနာများအပြင် အရေး မပေါ်တပေါ် လူနာများပါ ရောက်ရှိနေသည်။ အကယ်၍ ဒေးဗစ်ကို ချားလ်စ်ကယ်လီက ပြင်းပြင်းထန်ထန် ပြောဆိုမထားပါက သူက မေရီအန်ရှီလာနှင့် ဂျိနသန်အကင်းစ်တို့ကို အရေးပေါ်သို့ ပို့လွှတ်မိလိမ့်မည်သာ ဖြစ်သည်။

သူက ထိုနှစ်ယောက်စလုံးကို ဆေးရုံတင်သင့်သည်ဟု ယူဆရသောကြောင့် ဆေးရုံတင်ရန် လိုအပ်သော ညွှန်ကြားချက်များကို ရေးပေးလိုက်သည်။

ဒေးဗစ်ထံသို့ ရောက်လာသော အရေး မပေါ်တပေါ် အခြားလူနာနှစ်ယောက်မှာ ဒုတိယထပ်မှ ညပိုင်းတွင် တာဝန်ကျသော သူနာပြုဆရာမနှစ်ယောက် ဖြစ်သည်။ ၎င်းတို့ နှစ်ယောက်စလုံး တုပ်ကွေးမိသလို ဖြစ်နေသည်။ ကိုယ်ပူရှိန် အနည်းငယ်ရှိသည်။ အထက်လှန်အောက်လျှော





သဘောမျိုးလည်း ဖြစ်နေကြသည်။ ဒေးဗစ်က ထိုရောဂါနှင့် သက်ဆိုင်သော ဆေးဝါးများကို ညွှန်ပေးလိုက်ပြီး အိပ်ရာထဲတွင် နားနေကြရန် ညွှန်ကြားလိုက်၏။

သူက အချိန်အားရသည့်အခါ သူနာပြုဆရာမ ဆူဆန်ဘီယတ်လီကို ဆေးရုံတွင် တုပ်ကွေးများ ဖြစ်နေသလားဟု မေးလိုက်၏။ ဆူဆန်က ဖြေလိုက်၏။

"ကျွန်မတော့ မကြားမိပါဘူးရှင်"

❋ ❋ ❋

အင်ဂျယ်လာသည် ဝက်ဒလီနှင့် ရင်မဆိုင်ရဘဲ ရှိနေသည်။ နံနက်ပိုင်းတွင် အင်ဂျယ်လာက ဘာလင်တန်မှ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာနအကြီးအကဲ ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးထံ ဖုန်းဆက်လိုက်သည်။

ဒေါက်တာ ဒန်းစ်မိုးက အင်ဂျယ်လာအား-

"ဒေါက်တာ ဟော့ချ်၏ အလောင်းအား ခွဲစိတ်စစ်ဆေးရာတွင် လာရောက် ကူညီပါ"

ဟု ဖိတ်ခေါ်တော့သည်။ မည်သည့် အချိန်တွင် ဆောင်ရွက်မည်နည်းဟု မေးသောအခါ ဒီကနေ့ မွန်းလွဲပိုင်းတွင် ဆောင်ရွက်မည်ဟု ပြန်ဖြေသည်။

"အဲဒါကတော့ အင်မတန် လိုက်လိုက်လျောလျောရှိတဲ့ ကိစ္စပါပဲ။ ဒါပေမယ့် ကျွန်မ အခုလို အချိန်အပုပ်ခံပြီး ဆောင်ရွက်တဲ့ ကိစ္စကို ကျွန်မ အကြီးအကဲက သဘောတူပါ့မလား မသိဘူး"

"ကျုပ်နဲ့ ဘင်ဝက်ဒလီ သိကြတာ ကြာပါပြီကွာ။ ကျုပ် သူ့ဆီကို ဖုန်းဆက်ပြီး ရှင်းပေးပါ့မယ်"

ဒေါက်တာ ဒန်းစ်မိုးက ဖုန်းကို ပြန်ချသွားတော့သည်။ သိပ်မကြာခင် တယ်လီဖုန်းက ပြန်မြည်လာသောကြောင့် ကောက်ယူ နားထောင်လိုက်၏။ ဒေါက်တာဝက်ဒလီက ဆက်သွယ်လာခြင်း ဖြစ်သည်။

"ကျုပ်ကတော့ ခွဲစိတ်ခန်းထဲမှာ ပိတ်မိနေတယ်။ မင်းကို ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန အကြီးအကဲက လာကူညီဖို့ ပြောနေတယ်။ မင်းသွားဖို့ ကျုပ် တိုက်တွန်းပါတယ်ကွာ"

အင်ဂျယ်လာက ကျေးဇူးတင်ကြောင်း ပြောပြီး ဒေးဗစ်ထံ ဆက်သွယ်လိုက်၏။ ဒေးဗစ်အသံက တစ်မျိုးဖြစ်နေသည်။ ဒေးဗစ်က ထိုကိစ္စကို နောက်မှ ပြောတော့မည်ဟု ပြောသဖြင့် အင်ဂျယ်လာက ဒေါက်တာဟော့ချ်၏ အလောင်းကို စစ်ဆေးရန်အတွက် ဘာလင်တန်သို့ သွားမည်ဖြစ်ကြောင်း ဒေးဗစ်ကို အသိပေးလိုက်သည်။

အင်ဂျယ်လာက ဘာလင်တန်သို့ မသွားမီ အကျႌအစားအစား လဲလှယ်ဝတ်ဆင်ရန် အိမ်သို့ တစ်ခေါက် ပြန်သွားသည်။ နေအိမ်သို့ရောက်သောအခါ ပြည်နယ်ရဲအဖွဲ့မှ ကားတစ်စီး ရောက်နေကြောင်း တွေ့ရတော့


www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြည်နယ်ရဲအဖွဲ့မှ အခင်းဖြစ်နေရာသို့ လာရောက် စစ်ဆေးသော အဖွဲ့သည် မပြန်သေးကြောင်း သိလိုက်ရလေ၏။

ဘဲလစ်ပိုဟာတီက ထိုအဖွဲ့ မြေအောက်ခန်းထဲ၌ ရှိနေကြောင်း သတင်းပို့သဖြင့် အင်ဂျယ်လာ ဆင်းလိုက်သွားသည်။ ရဲတစ်ယောက်က နောက်ဆုံးပေါ် နည်းစနစ်များကို သုံးစွဲပြီး ကျောက်တုံးပေါ်မှ လက်ဗွေရာများကို ရယူနိုင်အောင် ကြိုးပမ်းနေသည်။ နောက်တစ်ယောက်က လှေကားအောက်ရှိ အုတ်ဂူကြမ်းပြင်မှ ဖုန်မှုန့်များကို စနစ်တကျ ဆန်ကာချ၍ စစ်ဆေးနေသည်။ ကျန်တစ်ယောက်ကမူ (Luma-Light) ဟုခေါ်သော လက်နှင့် ကိုင်၍ရသည့် ကိရိယာတစ်ခုနှင့် ဖိုင်ဘာအမျှင်များ၊ ငုပ်လျှိုးနေသော လက်ရာများကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေသည်။

လက်ဗွေရာများကို ရှာဖွေနေသော ပုဂ္ဂိုလ်တစ်ဦးတည်းကသာ သူ့နာမည် ကွီလန်ရိုင်လီ ဖြစ်ကြောင်း ပြောပြီး မိတ်ဆက်သည်။

ထိုသူက လွန်ခဲ့သော ရှစ်လအတွင်းက ဤနေအိမ် အတွင်းပိုင်းကို ဆေးသုတ်ခဲ့ခြင်း ရှိမရှိ မေးမြန်းသည်။ အင်ဂျယ်လာကလည်း-

"မသုတ်ဘူး ထင်တာပဲ၊ ကျွန်မတို့ကတော့ မသုတ်ပါဘူး"

ဟု ဖြေလိုက်၏။ ကွီလန်က ညပိုင်းတွင် အပေါ်ထပ်မှ နံရံများပေါ်၌ လူမိနို (Luminol) ဆေးနှင့် စစ်ဆေးကြည့်ရန် တစ်ခေါက် ပြန်လာလိုကြောင်း၊ ထိုဆေးမှာ သွေးကွက်များကို ရှာဖွေသော ဓာတုဗေဒ ဆေးတစ်မျိုး ဖြစ်ကြောင်း ရှင်းပြလိုက်၏။

အင်ဂျယ်လာကလည်း လာပါဟု ဖိတ်ခေါ်လိုက်သည်။ နောက်ဆယ်မိနစ် ကြာသောအခါ အင်ဂျယ်လာသည် ဘာလင်တန်သို့ ထွက်ခွာလာခဲ့လေ၏။ အင်ဂျယ်လာ ရောက်ရှိသွားချိန်တွင် ဒေါက်တာ ဒန်းစ်မိုးက အင်ဂျယ်လာကို စောင့်နေကြောင်း ပြောပြလိုက်လေ၏။

ဒင်းနစ်ပေဟော့ချ်၏ အလောင်းကို ရင်ခွဲရုံ စားပွဲပေါ်တွင် တင်ထားသည်။ အလောင်းကို ဓာတ်မှန်ကြည့်သော ကိရိယာပေါ်တွင် အဆင်သင့် တင်ထားပြီး ဖြစ်သည်။

သူတို့က ဓာတ်မှန်များကို ပထမဦးဆုံး စစ်ဆေးကြည့်ရှုကြ၏။ နဖူးကို နက်နက်ရှိုင်းရှိုင်း ကွဲအက်သွားစေသော ဒဏ်ရာသည် သေလောက်သောဒဏ်ရာ ဖြစ်သည်။ အခြား ဒဏ်ရာများကိုလည်း တွေ့ရသေးသည်။ ဒေါက်တာ ဒန်းစ်မိုးက ပြောလိုက်၏။

"ဒီကိစ္စဟာ လူသတ်မှုဆိုတာ သံသယ မဖြစ်ဖို့ မရှိပါဘူး။ ဒီပုဂ္ဂိုလ်က အတော်ကလေးကို ခုခံသတ်ပုတ်ခဲ့ပုံရတယ်"

သူတို့က စက္ကူအိတ်စွပ်ထားသော လက်များကို စစ်ဆေးလိုက်ကြပြန်၏။ ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးက လက်သည်းများကြားကို မှန်ဘီလူးနှင့် စေ့စေ့စပ်စပ် ကြည့်လိုက်ပြန်၏။

"ဟောဒီ လက်သည်းတချို့ အောက်ဘက်မှာ တခြားက ပစ္စည်းတွေ တွေ့နေရတယ်"

သူက အင်ဂျယ်လာ ကြည့်နိုင်အောင် ဖယ်ပေးလိုက်၏။

"ဘာတွေလဲဆိုတာ သိပါသလားရှင်"

"အဲဒါကိုတော့ မိုက်ကရိုစကုပ်နဲ့ ကြည့်ပြီးမှ ပြောနိုင်လိမ့်မယ်"

သူက သက်သေခံပစ္စည်းများကိုထည့်သော ပုလင်းများထဲသို့ စနစ်တကျ ထည့်လိုက်၏။

ရင်ခွဲ၍ စစ်ဆေးကြည့်ရှုမှု ပြီးစီးသွားသောအခါ အင်ဂျယ်လာက ထိုကိစ္စနှင့် ပတ်သက်၍ ဆက်လက် သိခွင့်တောင်းသည်။ ဒေါက်တာ ဒန်းစ်မိုးကလည်း သူ့ထံသို့ အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း ပြန်ပြောလိုက်သည်။

ဆေးရုံသို့ ပြန်မောင်းလာချိန်တွင် အင်ဂျယ်လာသည် စိတ်ကြည်ကြည်လင်လင် ဖြစ်နေသည်။ အင်ဂျယ်လာသည် ဆေးရုံသို့ ပြန်အရောက်တွင် ကားရပ်ရန်နေရာကို ရုတ်တရက် ရှာမတွေ့ရသောကြောင့် အပေါ်ဘက်ရှိ ကားရပ်သည့် နေရာမှာပင် ရပ်ထားခဲ့တော့သည်။ အင်ဂျယ်လာတွင် ထီးမပါသောကြောင့် အဆောက်အအုံအတွင်းဘက်သို့ ရောက်ချိန်၌ တစ်ကိုယ်လုံး ရွှဲရွှဲစို၍ နေလေပြီ။

အင်ဂျယ်လာက သူ့ရုံးခန်းသို့ တန်းသွားလိုက်၏။ သူက ကုတ်အင်္ကျီကို ချိတ်ပြီးချိန်တွင် အခန်းနှစ်ခန်းကို ဆက်ထားသော တံခါးရွက်သည် ဒိုင်းခနဲ ပွင့်လာပြီး ဝက်ဒလီသည် သူ့အခန်းထဲသို့ ဒေါသတကြီး လျှောက်ဝင်လာတော့သည်။

"ကျုပ် မင်းဆီက ဖြေရှင်းချက် လိုချင်တယ်၊ မင်းက ဘာဖြစ်လို့ ကန်တာလို ပုဂ္ဂိုလ်ဆီကို အဓိပ္ပာယ်မရှိတဲ့ စွပ်စွဲချက်တွေနဲ့ သွားတွေ့ရတာလဲ"

အင်ဂျယ်လာက ပြန်ငေးကြည့်နေမိ၏။ သူတစ်ခုခု ပြန်ပြောလိုက်ပါက ဒေါက်တာ ဝက်ဒလီက သူ့အား ကိုယ်ထိလက်ရောက် ရန်မူမည်ကို စိုးရိမ်သောကြောင့် ပြန်မပြောဘဲ နေလိုက်သည်။

"မင်းက ကျုပ်ကို ဘာဖြစ်လို့ တစ်ခုခု ပြန်မပြောရတာလဲ"

ဝက်ဒလီသည် အပြင်ဘက်ရုံးခန်းမှ ကြားနိုင်သော အင်ဂျယ်လာ၏ အဝင်ပေါက် တံခါးရွက် ဟနေသည်ကို မြင်သွားပြန်သောကြောင့် ထိုတံခါးရွက်ဆီသို့ သွားပြီး ပြန်ဆောင့်ပိတ်လိုက်ပြန်၏။

"ကျုပ်ကတော့ မင်းကို အချိန်တွေ အကုန်ခံပြီး ရက်ရက်ရောရော အကုန်အကျခံလိုက်ရတာ အခု မင်းက ကျေးဇူးဆပ်လိုက်တာ[illegible]လ။ အခု အလုပ်သင်ကာလမှာပဲ ရှိနေသေးတယ် ဆိုတာကို မင်း[illegible]ထား။ ဒါမှမဟုတ်ရင်တော့ မင်း ငါ့ဆီက ထောက်ခံချက် မရဘဲ [illegible]မှာ အလုပ်လိုက်ရှာနေရလိမ့်မယ်"

အင်ဂျယ်လာက ခေါင်းညိတ်ပြလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဘာမှ မပြောတော့ဘူးလား၊ ခေါင်းပဲ တစ်ချိန်လုံး ညိတ်နေတော့မှာလား"

"ကျွန်မကို ဒီအခြေအနေအထိ ရောက်သွားရတာကို ကျွန်မ ဝမ်းနည်းပါတယ်"

ဝက်ဒလီက ဘာအားကုန် အော်ဟစ်လိုက်၏။

"မင်းက အခြေအမြစ် မရှိတဲ့ စွပ်စွဲချက်တွေနဲ့ ငါ့ကို သိက္ခာချပြီးမှ ဒါလောက်ပဲ ပြောနိုင်သလား၊ ဒါ အသရေ ဖျက်မှုကွ၊ ငါက မင်းကို တရားစွဲချင်စွဲမယ်"

ဝက်ဒလီက သူ့အခန်းထဲသို့ ပြန်ဝင်သွားပြီး တံခါးရွက်ကို ပြန်ဆောင့်ပိတ်လိုက်သည်။

အင်ဂျယ်လာက မျက်ရည်မကျအောင် ထိန်းလိုက်ပြီး ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်၏။ သူ တော်တော် ကံဆိုးနေပါကလား။

❈ ❈ ❈

အသည်းအသန် လူနာပြုစုသော အခန်းမှ တယ်လီဖုန်းလာသဖြင့် ဒေးဗစ်က ကောက်နားထောင်လိုက်ရာ ဂျွန်တာလော၏ နှလုံး အလုပ်မလုပ်တော့သဖြင့် ယခုအချိန်တွင် အသက်ကယ်အဖွဲ့က လာရောက်၍ ပြုစုနေကြောင်း သိလိုက်ရလေ၏။

ဒေးဗစ်က အသည်းအသန် လူနာခန်းသို့ အပြေးအလွှား သွားရောက်တော့သည်။ သို့ရာတွင် သူ ရောက်ရှိသွားချိန်၌ ဂျွန်တာလော ကွယ်လွန်သွားခဲ့လေပြီ။

ဒေးဗစ်က ပင်မစားပွဲသို့ သွားရောက်ပြီး ထိုင်ချလိုက်၏။ သူက သူသည် ဆရာဝန်တစ်ဦးအနေနှင့် ထိုက်တန်ပါရဲ့လား ဟူ၍ပင် တွေးလိုက်မိတော့သည်။

ဒေးဗစ်က ဂျွန်တာလော၏ ဆွေမျိုးများနှင့် တွေ့သောအခါ ရင်ခွဲ၍ စစ်ဆေးခွင့်ကို တောင်းခံလိုက်ပြန်၏။ ၎င်းတို့က စဉ်းစားပါမည်ဟု ဖြေကြားကြသည်။

ဒေးဗစ်သည် မေရီအန်းရှိုလာနှင့် ဂျိုနသန်အကင်းစ်တို့ကို သွားရောက် ကြည့်ရှုရန် တေးမှတ်ထားလိုက်၏။

မေရီအန်းရှိုလာထံသို့ ဒေးဗစ် ရောက်သွားသောအခါ မေရီ့ကို ဂျွန်တာလော နေခဲ့သော အခန်းနံပါတ် (၂၀၆)တွင် ထားရှိကြောင်း တွေ့လိုက်ရသည်။ သူက မေရီ့ကို ထိုအခန်းမှ ပြောင်းရွှေ့ပစ်လိုသော်လည်း ထိုကိစ္စမှာ အယူသီးလွန်းရာ ကျလိမ့်မည်ဟု သူ တွေးလိုက်မိသည်။

ဒေးဗစ်က မေရီ၏ အကြောဆေး သွင်းထားခံရမှုကို စစ်ဆေးပြီးနောက် ဂျိုနသန်အကင်းစ်ထံ သွားရောက်ခဲ့၏။ ဂျိုနသန်သည် သက်သောင့်သက်သာနှင့် အပန်းဖြေနေကြောင်း တွေ့လိုက်ရသည်။

သူ့ရုံးခန်းသို့ ပြန်ရောက်သောအခါ ချားလ်ကယ်လီက ချက်ချင်း





တွေ့လိုကြောင်း ဆူဆန်က ပြောသဖြင့် သူ သွားခဲ့ရပြန်၏။

ချားလ်စ်ကယ်လီ၏ ရုံးခန်းထဲ၌ ဒေးဗစ် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ချားလ်စ်ကယ်လီက ပြောလိုက်၏။

"ကျုပ်ကတော့ ဘာလုပ်ရမလဲ ဆိုတာကိုတောင် မသိတော့ဘူး။ ကျုပ်က ခင်ဗျားကို အကျိုးနဲ့ အကြောင်းနဲ့ ရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် ခင်ဗျားက ခေါင်းမာတာလား၊ စီအမ်ဗွီကို ဂရုမစိုက်တာလားတော့ မပြောတတ်ဘူး။ ခင်ဗျားက မလွဲမသွေ သေတော့မယ့် လူတစ်ယောက်အတွက် ပြင်ပက အထူးကုဆရာဝန်တွေနဲ့ ညှိနှိုင်းမှုတွေ ထပ်လုပ်ပြန်ပြီ။ ဆေးကုသမှုအတွက် ကုန်ကျတဲ့ စရိတ်စကကို ထည့်ပြီး စဉ်းစားရမယ်ဆိုတာ ခင်ဗျားနားလည်သင့်ပါတယ်"

ဒေးဗစ်က ခေါင်းညိတ်ပြလိုက်၏။

"ဒီတစ်ခေါက်မှာတော့ စီအမ်ဗွီသာ မကတော့ဘဲ ဆေးရုံကပါ စိတ်ရှုပ်ကုန်ကြပြီ။ ခင်ဗျားက သေတော့မယ့် လူနာတစ်ယောက်ကို အင်မတန်ဈေးကြီးတဲ့ ဆေးတွေ အများကြီး ကျွေးပစ်လိုက်တယ်တဲ့။ ပြီးတော့လည်း ခင်ဗျားက ရင်ခွဲပြီး စစ်ဆေးပေးဖို့ တောင်းဆိုပြန်သတဲ့၊ ရင်ခွဲပြီး စစ်ဆေးတယ်ဆိုတာ စီအမ်ဗွီနဲ့ စာချုပ်ချုပ်ထားတဲ့ အထဲမှာ မပါကြောင်း ခင်ဗျားကို ပြောပြပြီးပြီပဲဗျာ။ ခင်ဗျားက ကျုပ်ကို ကူညီရလိမ့်မယ်။ ဒါမှမဟုတ်ရင်တော့ . . ."

"ဒါမှမဟုတ်ရင်တော့ ဘာဖြစ်မလဲ၊ ကဲ ဆက်ပြောစမ်းပါဦး"

ဒေးဗစ်က သိလျက်နှင့် မေးလိုက်၏။

"ခင်ဗျားကို ကျုပ် သဘောကျပါတယ် ဒေးဗစ်ရာ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ကို ကူညီမှ ဖြစ်မယ်။ ကျုပ်ကလည်း အထက်ကို အစီရင်ခံနေရသေးတယ်ဗျ"

ဒေးဗစ်သည် စိတ်ပျက်လက်ပျက်နှင့် သူ့ရုံးခန်းသို့ ပြန်လာခဲ့လေ၏။

❈ ❈ ❈

ထိုနေ့ညတွင် ဒေးဗစ်နှင့် အင်ဂျယ်လာတို့၏ ညစာစားပွဲမှာ တိတ်ဆိတ်နေသည်။ နှစ်ကီသည်ပင်လျှင် မာကျော်ရီနေရာ၌ အစား ရောက်လာသော ကျောင်းဆရာ မစ္စတာဟတ်ကို မကျေမချမ်း ဖြစ်နေသည်။

ဒေးဗစ်က နွေးထွေးသော မီးဖိုဖြစ်လာအောင် မီးမွှေးပေးရန်အတွက် မြေတိုက်ထဲသို့ ဆင်းပြီး ထင်းသယ်လိုက်သည်။

မီးမွှေးပြီး သိပ်မကြာမီ မနက်က လာရောက်ခဲ့သော ရဲသုံးယောက် နောက်တစ်ကြိမ် ရောက်ရှိလာပြန်၏။

အင်ဂျယ်လာက ဒေးဗစ်ကို ကွိုလန်နှင့် မိတ်ဆက်ပေးလိုက်သည်။ ဒေးဗစ်က မေးလိုက်၏။

"အခု လုပ်မယ့် စစ်ဆေးမှုက ဘယ်လို အဖြေရမှာလဲ"

"လူမိနိုဟာ သွေးထဲက ကျန်ရစ်ခဲ့တဲ့ သံဓာတ်ဝါမျိုးမျိုးနဲ့ တွေ့ရင်


www.burmeseclassic.com

www.burmeseclassic.com



ပီးချောင်းက အရောင်လို လင်းလက်လာပါတယ်"

"စိတ်ဝင်စားစရာပဲ"

ဒေးဗစ်က ပြောလိုက်သော်လည်း သိပ်မယုံကြည်လှပေ။ ရဲသုံးယောက်သည် ရွှံ့သန့်စင်ခန်းထဲတွင် ကင်မရာကို သုံးချောင်းထောက်ပေါ်တွင် တင်ထားလိုက်ပြီး မီးလုံးမှန်သမျှကို မှိတ်ပစ်လိုက်၏။

ထို့နောက် နံရံများပေါ်တွင် ဘူးထဲမှ လူမီနိုအရည်ကို တရှူးရှူး မြည်အောင် ပက်ဖျန်းလိုက်ကြသည်။

"ဟောဒီမှာ နည်းနည်း တွေ့ရပြီ"

ကွိုလန်က ပြောသဖြင့် ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ကြည့်လိုက်ရာ ခပ်မှိန်မှိန် ခပ်သေးသေး လင်းနေသော နေရာကလေးတစ်ခုကို တွေ့လိုက်ရလေ၏။

"ဓာတ်ပုံရိုက်ရလောက်အောင် မများဘူး"

အခြား ရဲတစ်ယောက် ပြောလိုက်ခြင်း ဖြစ်သည်။ ထိုအခန်းထဲတွင် မည်မည်ရရ ရှာမတွေ့သောကြောင့် ကင်မရာကို မီးဖိုခန်းထဲသို့ ရွှေ့လာကြသည်။

ကွိုလန်က ထမင်းစားခန်းနှင့် စင်္ကြံလမ်းထဲမှ မီးလုံးများကိုပါ ပိတ်ပေးရန် မေတ္တာရပ်ခံလိုက်၏။

ရဲများ ဆက်အလုပ်လုပ်ကြသည်။ ဒေးဗစ်တို့မိသားစုက အပေါက်ဝမှ စောင့်ကြည့်နေကြ၏။

ချက်ချင်း ဆိုသလိုပင် ရွှံ့သန့်စင်ခန်းနှင့် နီးသော နံရံမှ အချို့နေရာများသည် လင်းလက်လာကြတော့သည်။ ကွိုလန်က ပြောလိုက်၏။

"နည်းနည်းတော့ မှိန်တယ်၊ ဒါပေမယ့် ဒီမှာ တော်တော်များတယ်။ ကျုပ်က ဆက်ပြီး ဆေးဖျန်းနေမယ်။ မင်းတို့ကလည်း ကင်မရာခလုတ်ကို ဖွင့်ကြ"

အင်ဂျယ်လာက ပြောလိုက်သည်။

"ဘုရားရေ၊ ကျွန်မ မီးဖိုထဲမှာ နေရာအနှံ့ သွေးစက်တွေကို ရှာတွေ့နေရပါကလား"

ထို့နောက် ကလာရာဟော့ချ်က မီးဖိုချောင်ထဲတွင် ချန်ထားရစ်ခဲ့သော စားပွဲမှ ခြေထောက်များကလည်း သရဲခြောက်သည့်ပမာ လင်းလက်လာကြတော့သည်။ ရဲတစ်ယောက်က ပြောလိုက်၏။

"ဒီစားပွဲဘေးနားက နေရာဟာ လူသတ်မှု ကျူးလွန်တဲ့ နေရာပဲလို့ ကျုပ် ထင်တယ်"

ရဲသုံးယောက် ပြန်သွားကြသောအခါ ဒေးဗစ်တို့သည် ယခင်ကထက်ပင် ပို၍ စိတ်ပျက်လက်ပျက် ဖြစ်သွားကြပြီး မိသားစု နားနေခန်းထဲသို့ ပြန်ဝင်လာကြလေ၏။

မီးဖိုချောင်ကို စင်ကြယ်သွားအောင် ရှင်းလင်းပြီးပြီဟု အင်ဂျယ်လာ





က ထင်မိသော်လည်း ယခု သွေးစက်များက နေရာအနှံ့တွင် ရှိနေကြသည်။ ယခုလို ဖြစ်ရသည်မှာ ဤအခန်းထဲ၌ ကြမ်းကြမ်းရမ်းရမ်း သတ်ပုတ်မှုကြသောကြောင့်ပင် ဖြစ်သည်။ ထိုကိစ္စက သူ့မိသားစုကို တိုက်ရိုက်ခြိမ်းခြောက်နေသည်ဟု အင်ဂျယ်လာက ထင်မိတော့သည်။ အင်ဂျယ်လာက ဖြုန်းခနဲ ပြောချလိုက်၏။

"ကျွန်မတို့ ဒီက ပြောင်းသွားကြရင် ကောင်းမယ်ထင်တယ်"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကိုယ်တို့နဲ့ မပတ်သက်ဘဲ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကြောင့်ဆိုရင် စဉ်းစားပါဦးလေ။ ပြီးတော့လည်း ဒီအိမ်ကို အကြွေးနဲ့ ဝယ်ပြီး ပြန်ပေါင်ထားရတာ။ ခုလို စိတ်လှုပ်ရှားရတာအတွက်နဲ့တော့ ဒီအိမ်က ထွက်မသွားသင့်ပါဘူး"

"ဒါဆိုရင် သော့တွေကို အကုန် လဲတပ်ပေး၊ လူသတ်သမား တစ်ယောက်က ဒီအိမ်ထဲကို ဝင်သွားခဲ့တာပဲ"

"ကောင်းပြီလေ၊ သော့တွေ အကုန် လဲပေးပါ့မယ်"

❖ ❖ ❖

သံမဏိမြင်း စားသောက်ဆိုင်သို့ ထရေနာ ရောက်ရှိလာချိန်တွင် သူ အလွန် စိတ်တိုနေသည်။ မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။ ထီးဆောင်း၍လည်း မလုံနိုင်အောင် ဖြစ်နေသည်။ သူက ဆိုင်ထဲသို့ ပြေးဝင်လိုက်၏။ ဘီတန်၊ ကော့ဒ်ဝဲလ်နှင့် ရှားဝုဒ်တို့ ရောက်နှင့်နေကြလေပြီ။ ထရေနာက ပြောလိုက်၏။

"ခင်ဗျားတို့ သိကြတဲ့အတိုင်း ဟော့ချ်ရဲ့ အလောင်းကို စိတ်ရှုပ်စရာပုံစံနဲ့ တွေ့သွားကြတယ်"

ဘီတန်က ပြောလိုက်သည်။

"အဲဒီကိစ္စကို စာနယ်ဇင်းတွေကလည်း စိတ်ဝင်စားနေကြတယ်။ ဘော့စတွန်ဂလုပ် သတင်းစာ မျက်နှာဖုံးမှာ ပါလာတယ်"

ထရေနာက ဆက်ပြောသည်။

"ခုလို လူသိရှင်ကြား ဖြစ်မှုတွေက ဆေးရုံအပေါ်မှာ မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်လာစေနိုင်တယ်။ ဟယ်လင်ဘီတန်ရဲ့ ကျေးဇူးကြောင့် မုဒိမ်းမှုတွေကတော့ သတင်းစာထဲမှာ ပါမလာသေးဘူး။ ဒါပေမယ့် ကျုပ်တို့ ဆေးရုံအတွက်တော့ မကောင်းသတင်းတွေနဲ့ ဆက်ပြီး ရင်ဆိုင်နေရလိမ့်မယ်"

ကန်တာက ဝင်ပြောလိုက်၏။

"ဘာလင်တန်ကသတင်း ကြားရတာကတော့ အဲဒါကို လူသတ်မှုလို့ ယုံဖြတ်တယ်တဲ့"

"ဒါဟာ လူသတ်မှုကလွဲပြီး ဘာမှ ဖြစ်ရမှာလဲ၊ ကျုပ်ကတော့ ... တို့နဲ့ စီအမ်ပွီရဲ့ ဆက်ဆံရေးကို ထိခိုက်သွားမှာပဲ စိုးရိမ်မိတယ်"

ထရေနာ၏ စကားကို ရှားဝုဒ်က ချေပသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ချ် ဟေသတာ ဆေးရုံအတွက် ပြဿနာ မဖြစ်နိုင်ပါဘူး။ ကျုပ်တို့က သတ်တာလည်း မဟုတ်ဘူး"

ဘီတန်က ဝင်ပြောလိုက်သည်။

"ကျွန်မကတော့ သူ သေဆုံးရတဲ့အတွက် ဆေးရုံက ဝမ်းနည်းကြေကွဲကြောင်း ကြေညာချက် ထုတ်ပြန်သင့်တယ်။ သူ့မိသားစုကိုလည်း ဝမ်းနည်းကြောင်း အကြောင်းကြားတယ် ဆိုတာကိုပါ ဖော်ပြသင့်တယ်လို့ ထင်ပါတယ်"

ထိုတင်ပြချက်ကို အားလုံးက သဘောတူလိုက်ကြ၏။ ထရေနာက မေးလိုက်သည်။

"ဝိန်းရောဘတ်ဆန်နဲ့ ပြောမိဆိုမိကြသေးလား"

ဘီတန်က ဖြေလိုက်၏။

"ကျွန်မ သူနဲ့ စကားပြောမိပါတယ်။ သူ့အနေနဲ့ သံသယ ဖြစ်တဲ့လူ မရှိသေးပါဘူးတဲ့၊ ရှိရင်လည်း ပြောပါ့မယ်တဲ့"

ရှားဝုဒ်က ရယ်ရယ်မောမောနှင့် ဝင်ပြောလိုက်သည်။

"သူကိုယ်တိုင် ဟော့ချ် အပေါ် ထားတဲ့ သဘောထားအရဆိုရင် သူကိုယ်တိုင်တောင် သံသယ ဖြစ်ထိုက်သူထဲမှာ ပါနေလိမ့်မယ်"

ကန်တာက ရှားဝုဒ်ကို ပြောလိုက်၏။

"ခင်ဗျားလည်း ပါနိုင်တာပဲ"

"ကန်တာ၊ ခင်ဗျားလည်း ပါနိုင်တာပဲ"

ထရေနာက ဝင်ပြောလိုက်၏။

"ဒါ ပြိုင်ပွဲလုပ်နေတာ မဟုတ်ဘူး"

ကန်တာက ပြောလိုက်သည်။

"ပြိုင်ပွဲလုပ်တာ ဆိုရင်တော့ ခင်ဗျားက ထိပ်ဆုံးက ရှိနေမှာပဲ။ ခင်ဗျားညီမ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ နောက်ပိုင်းမှာ ခင်ဗျားက ဟော့ချ်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ လူတိုင်းသိကြတယ်"

ကော့ဒ်ဝဲက ပြောလိုက်သည်။

"တော်ကြပါတော့၊ ဘယ်သူက သတ်တယ်ဆိုတာကို ဘယ်သူကမှ ဂရုမစိုက်ပါဘူး"

ထရေနာက ပြောလိုက်၏။

"စီအမ်ဗွီက ဂရုစိုက်ချင်စိုက်မှာပေါ့"

ဘီတန်က ဝင်ထောက်သည်။

"အဲဒါကြောင့် ကျွန်မတို့က ကြေညာချက် ထုတ်သင့်တယ်လို့ ပြောတာပေါ့"

ထရေနာက ပြောလိုက်သည်။

"ဒါဆိုရင် ဆေးရုံကလည်း ထုတ်ပြန်ပေးလိုက်ပါ"

❖ ❖ ❖ ❖ ❖



(၁၆)

**အောက်တိုဘာလ ၂၂ ရက်၊ သောကြာနေ့**

ထိုညသည် ဒေးဗစ်ဝီလ်ဆန် မိသားစု နေအိမ်တွင် မုန်တိုင်းထန်သောည ဖြစ်သည်။ နံနက် နှစ်နာရီထိုးပြီးခါစတွင် နစ်ကီသည် ယောင်ယမ်း၍ အော်ဟစ်ပြန်သောကြောင့် သူ့ကို အိပ်ပျော်နေရာမှ နိုးခဲ့ရ၏။ သူတို့အားလုံး နောက်ထပ် တစ်နာရီလောက် အိပ်မပျော်ကြတော့ပါ။

နောက်တစ်နေ့ နံနက်တွင် မိုးစဲသွားသော်လည်း ရာသီဥတုက အရမ်း အေးနေသည်။ လူတိုင်းက လူမိနိုနှင့် ပက်ဖျန်းပြီး သွေးစက်ရှာမှုကို စကားစပ်၍ မပြောကြသော်လည်း အင်ဂျယ်လာသည် နံနက်စာကို မီးဖိုချောင်ထဲမှ စားပွဲတွင် ထိုင်မစားတော့ဘဲ လက်ဆေး ကြွေဇလုံရှေ့တွင် မတ်တတ်ရပ်၍ စားနေသည်။

နေ့ခင်းဘက်တွင် နေ့လယ်စာ အတူတူ စားကြရန် ဒေးဗစ်နှင့် အင်ဂျယ်လာသည် (၁၂) နာရီခွဲ၌ ညေ့ခန်းထဲ၌ ဆုံကြမည်ဟု ချိန်းလိုက်ကြသည်။

ကျောင်းသို့ အသွားတွင် အင်ဂျယ်လာက နစ်ကီအား ဆရာအသစ်ဖြစ်သော မစ္စတာဟတ်ကို တစ်ရက်မက နောက်ထပ် သည်းညည်းခံ၍ ကျောင်းတက်ပေးရန် ဖျောင်းဖျ ပြောဆိုနေရသည်။ အင်ဂျယ်လာက နစ်ကီ၏ ရောဂါ အခြေအနေနှင့် ကုသပေးရန် လိုအပ်ချက်များကို ရှင်းပြသောစာကို မစ္စတာဟတ်အား ပေးရန် နစ်ကီနှင့်အတူ ပေးလိုက်သည်။

အင်ဂျယ်လာ ရုံးခန်းသို့ ရောက်သွားချိန်တွင် ဒေါက်တာ ဝက်ဒလီနှင့် မတွေ့ရ၍ စိတ်သက်သာရာရမိသည်။ မကြာမီ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာနကြီးမှူး ဒေါက်တာ ဒန်းစ်မိုးက တယ်လီဖုန်းနှင့် ဆက်သွယ်လာသည်။

ဒေါက်တာဒန်းစ်မိုးက ဒေါက်တာဟော့ချ်၏ လက်သည်းခွံအောက်မှ တွေ့ရသော ပစ္စည်းမှာ အရေပြားဖြစ်ကြောင်း ဒီအင်အေ စမ်းသပ်နည်းဖြင့် စစ်ဆေးကြည့်ရာ ဒေါက်တာဟော့ချ်၏ အရေပြား မဟုတ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com



[illegible] အရေပြား ဖြစ်နိုင်သည်မှာ အလွန် သေချာ [illegible] နဖူးမှာ အရေပြားထဲတွင် မီးသွေးမှုန့်ကလေးများ နစ်မြုပ် နေသည်ကို တွေ့ရကြောင်း၊ လုံးထွေးသတ်ပုတ်နေချိန်တွင် လူသတ်သမား သည် မီးလင်းဖို သို့မဟုတ် ထင်းမီးဖိုနှင့် ဝင်တိုးမိခဲ့လေသလောဟု တွေး တောစရာပင် ဖြစ်နေရကြောင်း ရှင်းပြခဲ့သည်။

အင်ဂျယ်လာက ပြန်ရှင်းပြလိုက်၏။ ညတုန်းက လူမီးနိုအရည်နှင့် သွေးစက်များကို ရှာဖွေခဲ့ရာ မီးလင်းဖို သို့မဟုတ် မီးဖိုအနီးအနား တစ် ပိုက်တွင် ပေသည့် သွေးစက်ကိုမျှ မတွေ့ခဲ့ရကြောင်း၊ လူသတ်သမား သည် ပိုးသွေးကို ခပ်စောစောပိုင်းကပင် တစ်နေရာမှ ထိတွေ့လာခဲ့လေ လေသလောဟု အင်ဂျယ်လာက ပြန်ဆွေးနွေးသည်။

ဒေါက်တာ ဒန်းစ်မိုးက ထိုကိစ္စမှာ မဖြစ်နိုင်ကြောင်း၊ ၎င်းအပြင် နပူးမှာ အရေပြားများထဲ၌ မီးသွေးမှုန့်များသည် ညီညီမျှမျှ ပျံ့နှံ့နေကြ ကြောင်း၊ ဤမှုခင်းကိစ္စတွင် အရေးပါသော အချက်တစ်ချက်ကို ရှာမတွေ့ ရသေးသည်မှာ သေချာကြောင်း ဒေါက်တာ ဒန်းစ်မိုးက ရှင်းပြလိုက်သည်။

❈ ❈ ❈

ဒေးဗစ်သည် ဆေးရုံသို့ ရောက်ရောက်ချင်း မေရီအန်းရှိလာကို သွား ရောက် ကြည့်ရှုသည်။ မေရီသည် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ မနေ ပါ။ သူ့ကို စမ်းသပ်ကြည့်ဖို့ မနည်း နှိုးယူရသည်။ ဒေးဗစ်က စမ်းသပ်နေ ဆဲမှာပင် ပြန်အိပ်ပျော်သွားသည်။

မေရီအန်းရှိလာ အိပ်ချင်မူးတူး ဖြစ်နေမှုက ဒေးဗစ်ကို အထိတ် တလန့် ဖြစ်စေခဲ့သည်။ သူက သူနာပြုဆရာမများ၏ ရုံးခန်းသို့ သွား ရောက်ပြီး ဆေးမှတ်တမ်းကို ကြည့်လိုက်၏။ ညက မေရီအန်းရှိလာသည် အထက်လှန်အောက်လျှော ဖြစ်ပွားခဲ့ကြောင်း သိရတော့သည်။ သူ ဘာ ဆက်လုပ်ရမည်ကို မသိတော့ပါ။ အိပ်ချင်မူးတူး ဖြစ်နေမှုအတွက် အိပ် ဆေးပေးထားမှုကို သူက ပြန်ဖြုတ်ပစ်လိုက်သည်။

ဒေးဗစ်က ဂျိုနသန်အကင်းစ်ထံ သွားရောက်သောအခါ၌မူ ဒေးဗစ် အနည်းငယ် စိတ်အား တက်ကြွလာပြန်သည်။ ဂျိုနသန်က ပျော်ပျော်ရွှင် ရွှင် ရှိနေသည်။ ဒေးဗစ်က နားကြပ်နှင့် ထောက်၍ နားထောင်လိုက်၏။ ဂျိုနသန်၏ အဆုတ်များသည် သန့်သန့်ရှင်းရှင်း ရှိနေကြသည်။

ဒေးဗစ်သည် ဆေးရုံတက်နေသော သူ့လူနာများကို လှည့်လည် ကြည့်ရှု၍ စစ်ဆေးပြန်၏။ ထိုသို့ စစ်ဆေးနေစဉ် သူသည် လူနာတစ် ယောက်အတွက် အချိန်မည်မျှ သုံးစွဲနေကြောင်း၊ စိတ်ထဲက ပြက်ပြက် ထင်ထင် သိရှိနေပြန်သည်။ သူက လူနာတစ်ဦးစီကို ခပ်မြန်မြန် စစ်ဆေး လိုက်သည်။ ချားလ်စ်ကယ်လီက သူ့အား အလုပ်ဖြုတ်ပစ်မည်ဟု ခြိမ်း ခြောက်လိုက်မှုက သူ့ကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ သူ့မိသားစု အပေါ် တင်ရှိနေသော အကြွေးများကြောင့် သူ အလုပ်ပြုတ် မခံနိုင်ပါ။





ထိုနေ့ မနက်ပိုင်းတွင် ဒေးဗစ်သည် သူ့လုပ်ငန်းများကို အချိန်စော ၍ လက်စသတ်နိုင်ခဲ့သည်။ ဒုတိယထပ်မှ သူနာပြုဆရာမ နှစ်ယောက် တုပ်ကွေးမိသည့် အနေအထားမျိုးနှင့် အရေးပေါ် မကျတကျ သူ့ထံသို့ လာရောက်၍ ကြည့်ရှုပေးနိုင်ခဲ့သည်။ ထို သူနာပြုဆရာမ နှစ်ယောက် သည် ယခင်က တုပ်ကွေးမိလာသော ဆရာမနှစ်ယောက်၏ ရောဂါလက္ခ ဏာများနှင့် ဆင်တူနေသောကြောင့် အိပ်ရာထဲ၌ အနားယူကြရန်နှင့် ဆီး၊ ဝမ်း မှန်အောင် ဆေးပေးလိုက်လေသည်။

ဒေးဗစ်သည် အချိန်အားနေသောကြောင့် ဒေါက်တာ ပီလ်စနာ့ထံ သွားရောက်ပြီး နစ်ကီအား တုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးပြီးခြင်း ရှိမရှိ မေးမြန်းသေးသည်။ ဒေါက်တာ ပီလ်စနာက ကာကွယ်ဆေး ထိုးပြီး ပါပြီဟု ဖြေလိုက်၏။

ဒေးဗစ်သည် အင်ဂျယ်လာနှင့် ဆေးရုံ ဧည့်ခန်းထဲ၌ ဆုံမိကြသော အခါ ရာသီဥတု သာယာသောကြောင့် မြို့ထဲသို့သွား၍ နေ့လယ်စာ စား ကြရန် သဘောတူလိုက်ကြသည်။ သို့ရာတွင် အင်ဂျယ်လာက ရဲဌာနသို့ အရင် သွားရောက်ပြီး ဟော့ဂ်ျ အသတ်ခံရမှုအား ရဲအဖွဲ့က မည်သို့မည်ပုံ ဆက်လက် စစ်ဆေးရန် ရည်ရွယ်ထားသည်ကို သိလိုကြောင်း မေးမြန်းမည် ဟု ဆိုသည်။

ထိုသို့ မေးမြန်း စုံစမ်းသည်မှာ မသင့်လျော်ကြောင်း၊ ရဲအဖွဲ့က ထို ကိစ္စကို ဟက်ဟက်ပက်ပက် စုံစမ်းလိုစိတ် ရှိပုံမရကြောင်း၊ ဒေးဗစ်က တားမြစ်သော်လည်း ထိုသို့ ဟက်ဟက်ပက်ပက် မရှိသည့်အတွက် ၎င်းတို့ က စုံစမ်း စစ်ဆေးပေးစေလိုသောဆန္ဒ ရှိနေကြောင်း၊ တမင် သိစေလို သဖြင့် သွားရောက်လိုကြောင်း အင်ဂျယ်လာက ဇွတ်ပြန်ပြောသောအခါ ဒေးဗစ် သဘောတူရတော့သည်။

နေ့လယ်စာ စားပြီးကြသောအခါ သူတို့သည် ရဲဌာနသို့ သွားရောက် ခဲ့ကြ၏။ ဝိန်းရောဘတ်ဆန်၏ ရုံးခန်းသို့ ရောက်သောအခါ ဝိန်းရောဘတ် ဆန်က ပျာပျာသလဲ ကြိုဆိုလိုက်သည်။

"ကဲ ကျုပ်က ဘာများ ဆောင်ရွက်ပေးနိုင်ပါသလဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မတို့က အကူအညီပေးဖို့ လာခဲ့ကြတာပါ။ ကျွန်မတို့က ဟော့ဂ်ျ အသတ်ခံရတဲ့အမှု ပေါ်ပေါက်စေချင်ပါတယ်။ လူသတ်သမားကို သံတိုင်တွေ နောက်မှာ မြင်ချင် တွေ့ချင်ပါတယ်"

"အေးဗျာ၊ ဒါဆိုရင် အဲဒီအမှု ပေါ်ပေါက်စေချင်တယ် ဆိုတဲ့ ခင်ဗျားတို့ နှစ်ယောက်တည်း မဟုတ်ဘူးလို့ ပြောချင်ပါတယ်။ ကျုပ်တို့ ကလည်း အမှုပေါ်စေချင်ပါတယ်"

"လူသတ်မှု ဖြစ်ပွားခဲ့တဲ့ အိမ်ထဲမှာ နေရတာ အလွန် စိတ်ရှုပ်ဖို့ ကောင်းပါတယ်ရှင်။ အထူးသဖြင့် လူသတ်သမား လွတ်နေတဲ့ အခါမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ ဒါကြောင့် ကျွန်မတို့က ဘာများ ကူညီနိုင်သလဲဆိုတာ သိချင်ပါတယ်"

"ခု လောလောဆယ်မှာတော့ သိပ်မရှိသေးပါဘူး"

"ဒီအမှုနဲ့ ပတ်သက်ပြီး ရဲအဖွဲ့က ဘာတွေ လုပ်နေသလဲ ဆိုတာ သိပါရစေရှင်"

"ခု လောလောဆယ်မှာတော့ သိပ်မလုပ်ဖြစ်ပါဘူး၊ သူ ပျောက်ဆုံးခါစကတော့ တော်တော်ကလေး စစ်ခဲ့ ဆေးခဲ့ကြပါတယ်"

"အခု အလောင်းကို ရှာတွေ့ရချိန်မှာ စိတ်ဝင်စားမှု မရှိတာကိုတော့ ကျွန်မ သိပ်အံ့ဩမိတယ်။ အခု ဆေးဘက်ဆိုင်ရာ စစ်ဆေးသူကလည်း ဒါဟာ လူသတ်မှု ဖြစ်တယ်လို့ ဆုံးဖြတ်ပြီးပြီ။ အခု လူသတ်သမားက မြို့ပေါ်မှာ လျှောက်သွားနေတယ်။ အဲဒါကို ရှင်တို့က တစ်ခုခု လုပ်သင့်ကြတာပေါ့ရှင်"

ရောဘတ်ဆန်က ပြောလိုက်၏။

"ရှစ်လတောင် ကြာခဲ့ပြီဆိုတော့ ခြေရာတွေက မှေးမှိန်ကုန်တာပေါ့ဗျာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျားက ကျုပ်ကို ဆရာ လာလုပ်နေတာ သိပ်သဘောမကျဘူး။ ပြီးတော့လည်း ဟော့ချ်ကို ဒီမြို့က သိပ်လူကြိုက်များတာ မဟုတ်ဘူး။ ခုလောလောဆယ်မှာလည်း ကျုပ်တို့ဆီမှာ အခြား အရေးကြီးတဲ့ကိစ္စတွေ ရှိတယ်။ မုဒိမ်းမှုတွေ တစ်သီကြီး ဖြစ်နေတယ်ဗျ"

"ရှင်တို့က အခြေခံကျတဲ့ ကိစ္စတွေလောက်ကိုတော့ လုပ်သင့်ကြတာပေါ့ရှင်"

"လွန်ခဲ့တဲ့ ရှစ်လကတည်းက လုပ်ခဲ့ပါတယ်ဗျာ"

"ဘာတွေများ သိထားရပါသလဲ"

"အများကြီးပေါ့ဗျာ။ အိမ်ကို ဖောက်ထွင်း ဝင်ရောက်တာ။ ဒါမှမဟုတ် လုယက်ခံရတာ မဟုတ်ဘူး။ အခု အဲဒါက သေချာသွားပါပြီ။ ပြီးတော့လည်း နည်းနည်းလောက် သတ်ကြ ပုတ်ကြတာလေးရှိ . . ."

"နည်းနည်းလောက် ဟုတ်လား၊ မနေ့ညက လာစစ်ဆေးတဲ့ ရဲတွေ သက်သေထူသွားတာကတော့ လူသတ်သမားက သံတူးရွင်းနဲ့ တစ်အိမ်လုံး အနှံ့လိုက်ပြီး ရိုက်ခဲ့တယ်။ နံရံတွေပေါ်မှာ သွေးတွေ ပေကျံကုန်ကြတယ်။ ဒေါက်တာဟော့ချ်ရဲ့ ဦးခေါင်းခွံမှာ ဒဏ်ရာတွေ အများကြီး ရခဲ့တယ်။ ညှပ်ရိုးအက်ပြီး လက်ကျိုးသွားခဲ့တယ်။ ကျွန်မက ခုကိစ္စကို လုံးဝ မယုံကြည်နိုင်ဘူး"

"တော်ပြီကွာ"

ဒေးဗစ်က ဝင်ပြောလိုက်၏။ အင်ဂျယ်လာက ယခုလို အရုပ်ဆိုးအောင် လုပ်မည့်ကိစ္စကို သူ ကြိုတင်၍ တွေးပူခဲ့ပါသည်။

"ဒီအမှုကို ရှင်တို့က ပြန်စစ်ဆေးသင့်တယ်။ ဒီကနေ့ပဲ ဆေးဘက်ဆိုင်ရာ စစ်ဆေးသူက သေသူရဲ့ လက်သည်းခွံအောက်မှာ ရန်မူသူရဲ့ အရေပြား အစအနတွေကို တွေ့ရတယ်တဲ့။ သူတို့က အဲဒီလောက်အထိ သတ်ခဲ့ ပုတ်ခဲ့ကြတာရှင့်။ ကျွန်မတို့က သက်သေမကင်း ဖြစ်ခံရတဲ့ လူကိုပဲ ရှာဖို့လိုတယ်။ ကျန်တာကိုတော့ မှုခင်းဆေးပညာက ဆက်လုပ်သွားမှာပါ"

"အခုလို အချိန်မီ ရောက်လာပြီး သတင်းပေးတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ။ ကဲ ကျုပ်မှာလည်း လုပ်စရာ အလုပ်ကလေးတွေရှိလို့ ခွင့်ပြုကြပါဦး"

ဝိန်းရောဘတ်ဆန်က သူကိုယ်တိုင် တံခါးဖွင့်ပေးလိုက်၏။ ဒေးဗစ်က အင်ဂျယ်လာကို အတင်း ဆွဲခေါ်သွားခဲ့ရသည်။ ရောဘတ်ဆန်က အခန်းထဲသို့ ပြန်ဝင်ပြီး တံခါးရွက်ကို ပြန်ပိတ်လိုက်၏။ သူက တယ်လီဖုန်းကို ကောက်ကိုင်ပြီး ပြင်ပသို့ ဆက်သွယ်လိုက်သည်။ ရောဘတ်ဆန်က ရိုရိုသေသေ ပြောလိုက်၏။

"ဆရာ့ကို အနှောင့်အယှက် ပေးရတာ အားနာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ ပြဿနာ ပေါ်ကောင်းပေါ်နိုင်ပါတယ်"

❖ ❖ ❖

ကားထဲသို့ ပြန်ရောက်သောအခါ ဒေါပွနေသော အင်ဂျယ်လာကို ဒေးဗစ်က ချော့ရတော့သည်။

"ရဲအကြီးအကဲကို အဲဒီလို ဆွပေးတာ မသင့်လျော်ဘူး။ ဒီမြို့က မြို့ငယ်ကလေးတွေ၊ ကိုယ်တို့က ရန်သူပွားအောင် မလုပ်သင့်ဘူး"

"လူတစ်ယောက် အသတ်ခံရတယ်၊ ကျွန်မတို့ မြေတိုက်ခန်းထဲမှာ အလောင်းကို လာပစ်ထားတယ်။ ရဲက ဘယ်သူ ကျူးလွန်သလဲ ဆိုတာကို စုံစမ်းဖို့ စိတ်မဝင်စားဘူး။ ရှင်က အဲဒါကို ငုံ့ခံနေမှာလား"

"မင်းက သိပ်ပြီး ကဲကဲဆတ် ဖြစ်နေကိုး"

"အဲဒါကို ကျွန်မက သဘောမတူနိုင်ဘူး"

သူတို့သည် ဆေးရုံသို့ ပြန်ရောက်ကြသောအခါ ဝင်ပေါက်နှင့် ခပ်ဝေးဝေး၌သာ ကားရပ်ရန် နေရာရတော့သည်။

"ဒါဆိုရင် ဒီအမှုကို လိုက်စုံစမ်းဖို့ တစ်ယောက်ယောက်ကို ငှားရလိမ့်မယ်"

"မင်း တကယ် ပြောနေတာ မဟုတ်ပါဘူးနော်။ ကိုယ်တို့မှာ အဲဒီလို အဓိပ္ပာယ်မဲ့တဲ့ ကိစ္စတွေအတွက် အပိုဖြုန်းဖို့ ပိုက်ဆံ မရှိဘူး"

"ရှင်က ကျွန်မပြောတဲ့ စကားတွေကို ကောင်းကောင်း နားမထောင်မိဘူးဆိုရင် ကျွန်မက ထပ်ပြောရလိမ့်မယ်။ ကျွန်မက အဲဒီကိစ္စကို အဓိပ္ပာယ်မဲ့တဲ့ ကိစ္စလို့ မထင်ဘူး။ ဒီမြို့ထဲမှာ လူသတ်မှု ဖြစ်ခဲ့တယ်။ ကျွန်မတို့နေတဲ့ အိမ်မှာ လူတစ်ယောက် အသတ်ခံခဲ့ရတယ်။ ကျွန်မတို့က လူသတ်တဲ့ သူနဲ့ တွေ့ဖူးပြီးသားတောင် ဖြစ်ချင်ဖြစ်နေမှာ။ ကျွန်မက တော့ သိပ်အသည်းယားတာပဲ"





www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါတော့ အင်ဂျယ်လာရယ်၊ ကိုယ်တို့က ဆက်တိုက် လိုက်သတ်နေတဲ့ လူသတ်သမားနဲ့ ကြုံတွေ့နေရတာ မဟုတ်ပါဘူး။ ပြီးတော့ ယခုလို လူသတ်သမားကို သိတဲ့တိုင်အောင် ဘယ်သူကမှ ထုတ်ပြောတဲ့ အလေ့မရှိတဲ့ မြို့ငယ်ကလေးတွေ ရှိတတ်တယ်ဆိုတာ မင်းလည်း ဖတ်ဖူးမှာပေါ့။ အသတ်ခံရတာ ကောင်းတောင် ကောင်းသေးတယ်လို့ ယူဆတတ်ကြတယ်။ ဟော့ချ်က လူကြိုက်များတဲ့ ပုဂ္ဂိုလ်လည်း မဟုတ်ဘူး"

ဆေးရုံ အဆောက်အအုံတွင်းသို့ ရောက်သောအခါ ဒေးဗစ်က ဆေးရုံအိမ်သို့ ထွက်သွားတော့သည်။ အင်ဂျယ်လာသည် အလုပ်ကို အာရုံစိုက်ရန် ကြိုးစားသော်လည်း မရသဖြင့် ဘတ်တလက်မြို့သား ပေါလ်ဒါနဲလ်ထံ သွားရောက်၍ ဒင်းနစ်ဟော့ချ်အကြောင်း မေးမြန်းတော့သည်။

ဒေါက်တာဟော့ချ်သည် မည်သူကမျှ ဆေးရုံ အုပ်ချုပ်ရေးမှူး တာဝန်ကို မယူချင်သောအချိန်၌ ဆေးရုံ အုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့သည်။ အုပ်ချုပ်ရေးမှူး အလုပ်သည် ဆရာဝန် အဆင့်အတန်းထက် နိမ့်ကျသည်ဟု ဆရာဝန်များက ယူဆခဲ့ကြသည်။

ထို့ကြောင့် ဒေါက်တာဟော့ချ်သည် ဆေးရုံကို အုပ်ချုပ်ရာ၌ သူ စိတ်တိုင်းကျ ဆောင်ရွက်ခွင့် ရရှိခဲ့သည်။ သို့ရာတွင် သူသည် သံကောင်းတမန်ကောင်း တစ်ဦးတော့ မဟုတ်ချေ။ သူသည် ဆေးရုံအတွက် အကျိုးရှိမည်ဆိုလျှင် မည်သူ့မျက်နှာကိုမျှ ထောက်သည့် လူစားမျိုး မဟုတ်ပေ။ ရောဂါဗေဒဌာနနှင့် ဓာတ်ရောင်ခြည်ဌာနကို ဆေးရုံက သိမ်းယူလိုက်သောအခါ သူသည် လူအတော် ခပ်များများနှင့် မသင့်မတင့် ဖြစ်ခဲ့ရသည်။ ရန်သူ ဖြစ်ခဲ့ရသည်။

"ဒေါက်တာ ကန်တာကျတော့ အခြေအနေ ကောင်းနေသားပဲ"

"ဟုတ်ပါတယ်၊ ဒါကလည်း သူက ကမ္ဘာ့အဆင့်မီ ဓာတ်မှန်ဌာနကြီး ဖြစ်လာအောင် ဆေးရုံနဲ့ သူနဲ့ စပ်တူလုပ်ကြမယ်လို့ ပြောခဲ့လို့ပါ။ သူက ငွေရေးကြေးရေး တောင့်တင်းသွားတယ်။ ဒါကတော့ ချွင်းချက်ပေါ့လေ"

အင်ဂျယ်လာက ဝိန်းရောဘတ်ဆန်သည် ထိုအမှုကို အချိန်ဆွဲ၍ စစ်ဆေးနေသည်ဟု ထင်ကြောင်း ပြောလိုက်သောအခါ ပေါလ်ဒါနဲလ်က ရှင်းပြလိုက်လေ၏။

"ဒီအမှုကို ထိထိရောက်ရောက် စစ်ဆေးပေးပါလို့ ဖိအားပေးမယ့် လူလည်း မရှိဘူး။ ပြီးတော့လည်း ရောဘတ်ဆန် ကိုယ်တိုင်ကတောင် သတ်တဲ့သူ ဖြစ်ချင်ဖြစ်နေမှာ၊ အဲဒီနေ့ညက သူနဲ့ ဒေါက်တာဟော့ချ်တို့ စကားများကြသေးတယ်။ သူ့မိန်းမသေတဲ့ ကိစ္စဟာ ဒေါက်တာဟော့ချ်မှာ တာဝန်ရှိတယ်လို့ သူက စွပ်စွဲထားတယ်"

"ဟော့ချ်က သူ့ဇနီးရဲ့ ဆရာဝန်လား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် ဒေါက်တာ ဟော့ချ်က ယစ်ထုပ်ကြီး၊ ဒေါက်တာ ဝါနာဗန်ဆိုက်ကို ဆေးကုသခွင့် ပေးထားတယ်။ ဝါနာဗန်





ဆိုတာက အူအတက်ပေါက်တဲ့ ကိစ္စကို အရက်မူးမူးနဲ့ ခွဲလိုက်တာ ရောဘတ်ဆန်ရဲ့ဇနီး သေပါလေရော။ အဲဒီ နောက်ပိုင်းမှာတော့ ရောဘတ်ဆန်က ဟော့ချ်ကိုချည်း အပြစ်တင်နေတော့တာပဲ"

"ဒါဆိုရင် လူသတ်သမားကို ရှာတွေ့ဖို့ ခပ်ခက်ခက်ပဲပေါ့ရှင်"

"ဟော့ချ်နဲ့ ဗန်ဆိုက်ဇာတ်လမ်းတွဲမှာ ဒုတိယပိုင်း ရှိနေသေးတယ်။ ဟော့ချ်နဲ့ လက်ရှိ ချယ်ယာမင် ထရေနာတို့က မိတ်ဆွေတွေပဲ။ ထရေနာရဲ့ ညီမက ဒေါက်တာ ဝါနာဗန်ဆိုက်နဲ့ အိမ်ထောင်ပြုထားတယ်။ နောက်ဆုံးတော့ ဟော့ချ်က ဒေါက်တာ ဝါနာဗန်ဆိုက်ဆီက ဆေးကုသခွင့်ကို ပြန်ရုပ်သိမ်းလိုက်တဲ့ အခါကျတော့ . . ."

"တော်ပါတော့ရှင်၊ ကျွန်မ သဘောပေါက်စ ပြုလာပါပြီ။ ကျွန်မက ဒီမြို့ငယ်ကလေးဟာ ဒီလောက်တောင် ရှုပ်ထွေးလိမ့်မယ်လို့ မထင်မိခဲ့ဘူး"

"ဒါကတော့ မြို့ငယ်ကလေးတစ်မြို့မှာ မိသားစုတွေက သားစဉ်မြေးဆက် နေလာကြတာဗျ။ ပြီးတော့လည်း ဟော့ချ်က လူကြိုက်မများတော့ သူ ပျောက်သွားချိန်မှာ စိတ်ပူတဲ့လူ သိပ်မရှိဘူးပေါ့လေ"

"ဒါဆိုရင် ဒင်းနစ်ဟော့ချ်ကို သတ်ခဲ့တဲ့ အင်မတန် အကြမ်းဖက်တတ်တဲ့ လူသတ်သမားဟာ လွတ်မြောက်နေတုန်းပဲ ဖြစ်မှာပေါ့။ ကျွန်မကတော့ သဘောမကျနိုင်ဘူး။ သူက ကျွန်မ အိမ်ထဲကို အကြိမ်ပေါင်းများစွာ ရောက်ဖူးလိမ့်မယ်။ အိမ်အကြောင်းကိုလည်း ကောင်းကောင်း သိနိုင်တယ်လေ"

ပေါလ်က ပခုံးတွန့်ပြလိုက်၏။

"ခင်ဗျား ဘယ်လို ခံစားနေရတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ခင်ဗျား ဘာလုပ်သင့်တယ် ဆိုတာကိုတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ဟော့ချ်အကြောင်းကို ပိုသိချင်ရင်တော့ ဘာတန်ရှားဝုဒ်ဆီသွားပြီး ဆွေးနွေးသင့်တယ်"

အင်ဂျယ်လာသည် ရုံးခန်းသို့ပြန်၍ အလုပ်လုပ်ရန် ကြိုးစားခဲ့သော်လည်း အာရုံစိုက်၍ မရနိုင်ဘဲ ရှိနေသည်။ ဤတွင် အင်ဂျယ်လာသည် ဘာတန်ရှားဝုဒ်ကို ကြိုတင် ချိန်းဆိုပြီး သွားရောက် တွေ့ဆုံလိုက်တော့သည်။

အင်ဂျယ်လာက သူ့အိမ်ထဲတွင် ဒေါက်တာဟော့ချ် အသတ်ခံခဲ့ရသည့်အတွက် အလွန် နေမထိထိုင်မသာ ဖြစ်ရပါကြောင်း၊ ဒေသခံရဲများက ဤအမှုကို စစ်ဆေးဖြေရှင်းရန် စိတ်ပါပုံ မရကြောင်း၊ ထို့ကြောင့် ဘာတန်ရှားဝုဒ်က မြို့ပေါ်တွင် ဩဇာတိက္ကမရှိသူ တစ်ဦးအနေနှင့် အမှုကို စစ်ဆေးဖို့ တွန်းအားပေးစေလိုကြောင်း ရှင်းပြလိုက်သည်။

ဘာတန်ရှားဝုဒ်က ထိုလူသတ်မှုနှင့် စပ်လျဉ်း၍ အင်ဂျယ်လာတို့ မိသားစုအနေနှင့် စိတ်ပူပင်ရန် မရှိကြောင်း၊ ဒေါက်တာ ဟော့ချ်သည် လူအတော်များများကို ထိခိုက်နစ်နာစေခဲ့ကြောင်း၊ သူသည်ပင်လျှင် မြေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကွက်ကြားမှ ရှည်မျော့မျော့ မြေကွက်ကလေးကို သူ့အား ပြန်မရောင်းသည့် ကိစ္စနှင့် ပတ်သက်၍ ပြဿနာ ဖြစ်ခဲ့ကြောင်း ရှင်းပြသည်။

"ရှင် ကျွန်မကို ရှင်းပြနေတာက ဟော့ချ်ကို မကြိုက်ကြတဲ့အတွက် သူ သေတာကို ဘယ်သူကမှ ဂရုမစိုက်ကြဘူးဆိုတဲ့ အကြောင်းပြချက်ပဲ မဟုတ်လား။ တစ်နည်းပြောရရင် မကောင်းကြံသူတွေ စုပေါင်းပြီး နှုတ်ပိတ်နေကြတယ်ပေါ့"

"ကျုပ်ကတော့ အဲဒီလို မပြောလိုပါဘူး။ အခုကိစ္စကတော့ တရားတဲ့အတိုင်း ဖြစ်သွားပြီဆိုရင် တစ်ယောက်ယောက် အဖမ်းခံရတာ။ ဒါမှမဟုတ် အဖမ်းခံရတာကို ဂရုမစိုက်တဲ့ အနေအထားပဲ"

"ကျွန်မကတော့ ဂရုစိုက်ရလိမ့်မယ်။ ခုချိန်ဟာ ကိုယ်ထင်သလို စီရင် ဆုံးဖြတ်နိုင်ခဲ့တဲ့ ခေတ်မဟုတ်တော့ဘူး"

"သာမန်အားဖြင့်တော့ ခင်ဗျားနဲ့ ပထမဦးဆုံး သဘောထားချင်း တိုက်ဆိုင်မယ့်သူဟာ ကျုပ်ပါပဲ။ ကျုပ်က ဒီကိစ္စကို တရားတယ်ထင်အောင် ရှင်းပြဖို့ ကြိုးစားတာတော့ မဟုတ်ဘူး။ ဟော့ချ် အကြောင်းကို ပိုသိချင်ရင် ဒေါက်တာကန်တာနဲ့ တွေ့ပြီး မေးကြည့်ဦးပေါ့"

အင်ဂျယ်လာ ကားမောင်းပြီး ဆေးရုံသို့ ပြန်လာခဲ့သည်။ သူသည် ဟော့ချ်အကြောင်း သိရလေလေ ပို၍ သိချင်လာလေလေပင် ဖြစ်နေသည်။ သို့ရာတွင် သူသည် ကန်တာနှင့်တော့ မတွေ့လိုပါ။

အင်ဂျယ်လာက သူ့ရုံးခန်းဆီသို့ တန်း၍ ပြန်သွားလိုက်၏။ သူ အခန်းထဲ ပြန်ရောက်ချိန်တွင် အခန်းနှစ်ခန်း အကြားမှ တံခါးရွက် ဝုန်းခနဲ ပွင့်ထွက်လာပြီး ဝက်ဒလီက ပြောလိုက်သေး၏။

"ကျုပ် မင်းကို လိုက်ရှာနေတာကွ။ မင်းက ဘယ်ကို သွားနေတာတုံး"

"ကျွန်မ ဘဏ်ကို ခဏ ပြေးလိုက်ရလို့ပါ"

"မင်း ဘဏ်သွားတဲ့ကိစ္စကို နေ့လယ်စာစားတဲ့ အချိန်မှာပဲ လုပ်ပါ"

ဝက်ဒလီက တံခါးရွက်ကို ဝုန်းခနဲ ဆောင့်ပိတ်ပြီး သူ အခန်းထဲသို့ ပြန်ဝင်သွားလေ၏။

အင်ဂျယ်လာက စိတ်သက်သာရာရသော သက်ပြင်းကလေးကို ချလိုက်လေသည်။

✠ ✠ ✠

အင်ဂျယ်လာ ပြန်သွားချိန်တွင် ဘာတန်ရှားဝုဒ်သည် သူ့စားပွဲ၌ပင် ဆက်ထိုင်နေသည်။ သူ ဘာလုပ်ရမလဲဟု ဆုံးဖြတ်ရန် ကြိုးပမ်းနေသည်။ နောက်ဆုံးတွင် အကျိုးအကြောင်းကို ဆက်ပြောပြရန်သာ ဆုံးဖြတ်လိုက်ပြီး တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။ တစ်ဖက်နှင့် အဆက်အသွယ် ရရှိသွားချိန်တွင် သူက ပြောလိုက်သည်။

"ခင်ဗျား သိဖို့လိုမယ်ထင်တဲ့ကိစ္စ ခုလေးတင် ဖြစ်ပွားခဲ့ပါတယ်။





ဆေးရုံက ဆရာဝန်မ အသစ်ကလေး ကျုပ်ဆီကို ရောက်လာပါတယ်။ သူက ဒေါက်တာဟော့ချ်နဲ့ ပတ်သက်ပြီး သိပ်စိတ်ဝင်စားနေတယ်"

ဒေးဗစ်သည် ရုံးခန်းမှာ လူနာများကို ကြည့်ပြီးသည်နှင့် တစ်ပြိုင်နက် ဆေးရုံတင်ထားသော သူ့လူနာများကို မွန်းလွဲပိုင်းတွင် လှည့်လည်ကြည့်ရှုလိုက်သည်။ သူ စိုးရိမ်ထားသည့်အတိုင်း မေရီအန်းရှီလာ၏ အခြေအနေ ဆိုးရွားနေသည်။

အဖျားက (၁၀၁) ဒီဂရီကျော်နေသလို မေရီအန်းရှီလာသည် အလွန် အိပ်ချင်နေသည်။ သူ့ကို နိုးအောင် မနည်းနိုးယူရသည်။ သူ နိုးလာတော့လည်း မေးသမျှကို အာရုံမပြုနိုင်ဘဲ ရှိနေသည်။ ရင်ဘတ်ကို နားကြပ်နှင့် ထောက်၍ နားထောင်လိုက်သောအခါ အဆုတ်ရောင်ရောဂါ ဖြစ်စပြုနေကြောင်း တွေ့လိုက်ရလေ၏။ ဂျွန်တာလော၏ ပုံစံအတိုင်း ဖြစ်လာခြင်းပင်တည်း။

ဒေးဗစ်သည် သူနာပြုဆရာမများ၏ ရုံးခန်းသို့ အပြေးအလွှား သွားရောက်ပြီး ဆေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုလိုက်၏။ ထူးခြားမှုကို ရှာမတွေ့ပါ။

နောက်ဆုံးတွင် ဒေးဗစ်သည် ကင်ဆာဆရာဝန် ဒေါက်တာ မိုင်းလ်စလစ်ချ်ကို တယ်လီဖုန်းဆက်၍ ဆွေးနွေးလိုက်၏။ ဒေါက်တာ မိုင်းလ်စလစ်ချ်က သူ နောက်ဆုံး စစ်ဆေး ကြည့်ရှုခဲ့စဉ်က မေရီအန်းရှီလာတွင် သားအိမ်ကင်ဆာ ဖြစ်သည့် အရိပ်အယောင်ကို မတွေ့ရကြောင်း ဖြေလိုက်၏။

ထိုအခိုက်မှာပင် လူနာသည် တွန့်လိမ်ကောက်ကွေး လာသောကြောင့် ဒေးဗစ်သည် ပြန်ပြေးရပြန်၏။ သူက စီအမ်ဗွီ၏ နာဗ်ကြောပညာရှင် ဒေါက်တာ အလန်ပရစ်ချတ်ကို ဆွေးနွေးရန် ခေါ်ယူလိုက်သည်။ ထိုနည်းတူစွာပင် ဒေးဗစ်က ကူးစက်ရောဂါကု ဆရာဝန် ဟက်ဆယ်ဘမ်းကိုလည်း ဆွေးနွေးရန် ပင့်ဖိတ်လိုက်၏။ ယခုလို စီအမ်ဗွီ၏ ဆရာဝန်မဟုတ်သူများကို ခေါ်ယူပင့်ဖိတ်၍ ဆွေးနွေးမှုအတွက် ချားလ်စ်ကယ်လိက မည်သို့မည်ပုံ တုံ့ပြန်မည်ကို သူ စိတ်မပူနိုင်တော့ပါ။

မေရီအန်းရှီလာကို ဓာတ်မှန်ဌာနမှတစ်ဆင့် အသည်းအသန် လူနာပြုစုခန်းသို့ ပို့ဆောင်ပြန်၏။ လူနာအား ပဋိဇီဝဆေးများကို တိုက်ကျွေးရေးကိစ္စကို ကူးစက်ရောဂါကု ဆရာဝန်အား လည်းကောင်း၊ အသက်ရှူမှုဆိုင်ရာ ကိစ္စကိုမူ မေ့ဆေးဆရာဝန်အား လည်းကောင်း လွှဲအပ်ထားလိုက်သည်။ ယခုအချိန်တွင် လူနာသည် အသက်ရှူစက်နှင့် အသက်ရှူနေရပြီ။

ဒေးဗစ်က မေရီအတွက် သူ ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်ပေးခဲ့ပြီးနောက် ဂျီနသန်ထံ သွားရောက်ခဲ့ပြန်၏။

ဂျီနသန်အကင်းစ်က သူ့ခုတင်ကို လိုသလို ပြုပြင်၍ မရကြောင်း ပြောကြားလိုက်သည်။ ဒေးဗစ်က ထိုခုတင်အား ပြုပြင်ပေးရန် သူနာပြု



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခန်းသို့ အကြောင်းကြားခဲ့ပြီး နေအိမ်သို့ စက်ဘီးနှင့် ပြန်လာခဲ့သည်။ အိမ်သို့ ရောက်သောအခါ နစ်ကီ၊ ကယ်ရိုလင်း၊ အာနီတို့နှင့်အတူ ဆော့ကစားနေလိုက်သောကြောင့် ဆေးရုံအကြောင်း သူ မေ့လျော့သွားတော့သည်။

ည (၇) နာရီ ထိုးခါနီးသောအခါ ကယ်ရိုလင်းနှင့် အာနီတို့ကို ဒေးဗစ်နှင့် နစ်ကီတို့က ပြန်လိုက်ပို့ကြသည်။ အပြန်တွင် ဒေးဗစ်က နစ်ကီအား မြေတိုက်ခန်းထဲက အလောင်းအကြောင်း တွေးမိသေးသလားဟု မေးရာ နစ်ကီက တွေးမိကြောင်း၊ မြေတိုက်ခန်းထဲသို့ပင် မသွားရဲသလို ဖြစ်နေကြောင်း ပြန်ဖြေသည်။

ဤတွင် ဒေးဗစ်က ထိုကဲ့သို့ ကြောက်သည့်စိတ်ကို ဖျောက်ဖျက်ရာတွင် အထောက်အကူ ဖြစ်စေမည့်အပြင် ပျော်စရာလည်း ကောင်းမည့် နည်းလမ်းတစ်ခု ရှိနေကြောင်း၊ ထိုကိစ္စကို သမီးအနေနှင့် စိတ်ဝင်စားပါသလားဟု မေးသည်။ နစ်ကီက စိတ်ဝင်စားကြောင်း ပြောသဖြင့် ဒေးဗစ်က ထိုကိစ္စကို လျှို့ဝှက်ထားရန် ကတိတောင်းပြီး ဖွင့်ပြောပြလိုက်သည်။ ဒေးဗစ်က ထိုကိစ္စကို ဘယ်လိုထင်သလဲဟု မေးရာ နစ်ကီက သိပ်ကောင်းသည်ဟု ဖြေလိုက်လေ၏။

နေအိမ်သို့ ပြန်ရောက်ကြသောအခါ ဒေးဗစ်က အသည်းအသန် လူနာများအား ပြုစုသည့်အခန်းသို့ ဖုန်းဆက်ပြီး မေရီအန်းရှီလာ၏ အခြေအနေကို စုံစမ်းလိုက်သည်။ သူနာပြုဆရာမများက အခြေအနေ မထူးခြားကြောင်း ပြန်ဖြေကြ၏။

ညပိုင်းတွင် ညနေစာစားပြီးနောက် နစ်ကီက သူ နာရီဝက် ကြည့်ခွင့်ရသော ရုပ်မြင်သံကြားကို ကြည့်ရှုနေစဉ်၊ ဒေးဗစ်နှင့် အင်ဂျယ်လာက စကားပြောဖြစ်ကြတော့သည်။

အင်ဂျယ်လာက ဒင်းနစ်ဟော့ချ်နှင့် ပတ်သက်၍ ဒေါက်တာ ပေါလ်ဒါနဲလ်နှင့် ဘာတန်ရှားဝုဒ်တို့၏ ပြောပြချက်များကို ပြန်ပြောပြလိုက်၏။ ဘတ်တလက်မြို့မှ လူအချို့က ဒေါက်တာ ဟော့ချ်အား မည်သူက သတ်သည်ကို သိနိုင်ကြောင်း၊ ဒေးဗစ်၏ ယူဆချက်သည် မှန်ကန်နိုင်သည်ဟု အင်ဂျယ်လာက ပြောလိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"အဲဒီလို ခိုးကျူးတာကို ဝမ်းသာပါတယ်။ ဒါပေမယ့် အခုလို ဒေါက်တာဟော့ချ်အကြောင်း မင်းလိုက်မေးမြန်းနေတာ သိပ်မကောင်းလှဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက လူသတ်တဲ့လူကို သွားမေးမိချင် မေးမိနေမှာ"

အင်ဂျယ်လာက ထိုကိစ္စကို သူ မတွေးမိခဲ့ကြောင်း ပြောလိုက်သော်လည်း ဒေးဗစ်က စိတ်ဝင်စားပုံ မရသဖြင့် ဘာဖြစ်နေသလဲဟု မေးလိုက်ရသည်။

ဒေးဗစ်က မေရီအန်းရှီလာသည် မစ္စစ်ကလီဘာနှင့် ဂျွန်တာလောတို့လို အခြေအနေ ဆိုးရွားလာကြောင်း၊ သူသည် ဆရာဝန်အဖြစ်နှင့်ပင်





ထိုက်တန်ခြင်း မရှိတော့ဟု ထင်မြင်ယူဆလာကြောင်း၊ သူသည် ဒေါက်တာပေါ့တလန်၏ ကုလားထိုင်၌ ထိုင်ရတိုင်း ဒေါက်တာပေါ့တလန် မည်ကဲ့သို့ ခံစားခဲ့ရသည်ကို နားလည် သဘောပေါက်လာကြောင်း ဖွင့်ပြောလိုက်၏။

"ရှင် စိတ်ဓာတ် အရမ်းကျနေသလား၊ အဲဒီလို ဖြစ်လာရင် ကျွန်မကိုလည်း အသိပေးပါရှင်။ အခု ရှင့်လူနာက ဘယ်လို ဖြစ်နေလို့လဲ"

"ကိုယ် စိတ်ဓာတ်သိပ်မကျပါဘူး။ ဆိုးရွားလာရင်တော့ မင်းကို ကိုယ်ပြောပြပါ့မယ်လို့ ကတိပေးပါတယ်ကွာ။ အခုကိစ္စကလည်း လူနာနဲ့ပဲ ဆိုင်တယ်။ သူက နှာခေါင်းရိုး ရောင်ရမ်းနာနဲ့ ဒီကို ရောက်လာတယ်။ ပဋိဇီဝဆေးတွေနဲ့ တော်တော် သက်သာလာတယ်။ ဒါပေမယ့် ဘာကြောင့်မှန်း မသိရဘဲ အဆုတ်ရောင်ရောဂါ ဖြစ်လာတယ်။ ရှုတ်တရက် တက်လာတယ်။ နာဗ်ကြောကုဆရာဝန်၊ ကင်ဆာဆရာဝန်နဲ့ ကူးစက်ရောဂါကုဆရာဝန်တွေကို ခေါ်ပြတော့လည်း မည်မည်ရရ ဘာမှ မပြောနိုင်ကြဘူး"

"ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲနဲ့ပေါ့ရှင်"

"ဒါပေမယ့် ကိုယ်က သူ့ဆရာဝန်ဆိုတော့ ကိုယ့်မှာ တာဝန်ရှိတာပေါ့။ ပြီးတော့လည်း ဟော့ချ်နဲ့ ပတ်သက်လာရင် မင်းအနေနဲ့ ဘာကိုမှ တိုက်ရိုက်မလုပ်နိုင်ဘူးဆိုတာ နားလည်စေချင်တယ်"

"ကျွန်မကတော့ လျှော့မပေးလိုက်နိုင်ဘူး"

"ဒါပေမယ့် အဲဒါက အန္တရာယ်ရှိနိုင်တယ်။ မင်းက ဘယ်သူနဲ့ ရင်ဆိုင်နေရသလဲ ဆိုတာကို သိနိုင်တာ မဟုတ်ဘူး။ ဟော့ချ်ကို သတ်တဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် မင်း ခုလို လိုက်စုံစမ်းမေးမြန်းနေတာကို သူက အားရကျေနပ်နေမှာ မဟုတ်ဘူး။ အဲဒီလူက ဘယ်လိုလုပ်မလဲ ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ သူက ဟော့ချ်ကို ဘယ်လို လုပ်ခဲ့သလဲ ဆိုတာကိုပဲ ကြည့်လေ"

အင်ဂျယ်လာက မီးလင်းဖိုထဲ မီးကျီးခဲများကို စိုက်ကြည့်လိုက်၏။ သူ့မိသားစုအတွက် အန္တရာယ်ရှိနိုင်သောကြောင့် သူက ဟော့ချ်အား သတ်သည့်အမှုကို ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် သူ လိုက်လံစုံစမ်းမှုက သူ့မိသားစုအား ပို၍ပင် အန္တရာယ် ဖြစ်စေနိုင်သည် ဆိုသောအချက်ကို သူ မစဉ်းစားမိခဲ့ပါ။ ရင်ခွဲရုံမှ ဦးခေါင်းခွံ ကွဲနေသည်ကို ရိုက်ယူထားသော ဓာတ်မှန်များနှင့် ၎င်းတို့၏ မီးဖိုခန်းထဲမှ လူမိုက်ဆေးရည်ကြောင့် လင်းထိန်လာမှုများက ဒေးဗစ်၏စကားကို ထောက်ခံနေကြသည်။ ထိုပုဂ္ဂိုလ်သည် အလွန်ပင် အကြမ်းဖက်တတ်သော ပုဂ္ဂိုလ်ဖြစ်ရာ ရန်မူတတ်သည့်သောပုဂ္ဂိုလ် ဖြစ်နေသောကြောင့်ပင်တည်း။

❖ ❖ ❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

(၁၇)

အောက်တိုဘာလ ၂၃ ရက်၊ စနေနေ့

မေရီအန်းရှိလာအတွက် စိတ်ပူနေသော ဒေးဗစ်သည် အင်ဂျယ်လာနှင့် နစ်ကီတို့ကို မနိုးတော့ဘဲ စက်ဘီးနှင့် ဆေးရုံသို့ ထွက်ခွာလာခဲ့သည်။

ဒေးဗစ်တစ်ယောက် ဆေးရုံသို့ အစောကြီး ရောက်လာမှုကြောင့် အသည်းအသန် လူနာများကို ပြုစုသောအခန်းမှ သူနာပြုဆရာမများပင် အံ့သြကုန်ကြသည်။

ဒေးဗစ်သည် မေရီအန်းရှိလာ၏ ဆေးမှတ်တမ်းကို အစမှအဆုံးအထိ ပြန်လှန်သုံးသပ်ခဲ့သော်လည်း စိတ်ကူးစိတ်သန်း အသစ်များကို ရရှိမလာပါ။ ဒေးဗစ်က နံနက်စောစောတွင် အိပ်ရာမှ ထလေ့ရှိသော ဘောစတွန်မှ ပရော်ဖက်ဆာဟောင်း တစ်ယောက်ထံ ဖုန်းဆက်လိုက်၏။ ပရော်ဖက်ဆာက ထိုကေ့စ်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ချက်ချင်းလာကြည့်ပေးမည်ဟု ကတိပေးလိုက်၏။

ဒေးဗစ်သည် ပရော်ဖက်ဆာကြီးကို စောင့်ရင်း ဆေးရုံတင်ထားသော သူ့လူနာများကို လှည့်လည်၍ စစ်ဆေးကြည့်ရှုလိုက်သည်။ အားလုံး အခြေအနေ ကောင်းကြပါသည်။ သူက ဂျီနသန်အကင်းစ်ကို ဆေးရုံမှ ဆင်းခွင့်ပြုရန် စိတ်ကူးမိသော်လည်း ဆေးရုံတွင် တစ်ရက်လောက် ထပ်မံထားရှိပြီး လေ့လာလိုပေသေးသည်။

ဒေးဗစ်၏ ပရော်ဖက်ဆာကြီး ရောက်ရှိလာသောအခါ ဒေးဗစ်က သူ့ကျောင်းတက်စဉ်က ပုံစံအတိုင်း တင်ပြအစီရင်ခံသည်။ ပရော်ဖက်ဆာကြီးကလည်း စေ့စေ့စပ်စပ် နားထောင်လိုက်ပြီးနောက် မေရီအန်းရှိလာကို သတိထားပြီး ကြည့်ရှုစစ်ဆေးခဲ့သည်။ သို့ရာတွင် ဆရာကြီး ကိုယ်တိုင်ကလည်း အကြံသစ် ဉာဏ်သစ်များကို မပေးနိုင်ခဲ့ပါ။ ဒေးဗစ်က ဆရာကြီးကို မော်တော်ကားဆီအထိ ပြန်လိုက်ပို့ပေးခဲ့ပြီး တကူးတက လာရောက်ကြည့်ရှုပေးသည့်အတွက် ကျေးဇူးတင်ကြောင်း တဖွဖွ ပြောခဲ့သည်။

ထိုနေ့သည် စနေနေ့ ဖြစ်သော်လည်း ဒေးဗစ်က ဘတ်စကက်ဘော





မကစားတော့ဘဲ အိမ်သို့ တန်းပြန်လာခဲ့သည်။

သူ အိမ်ပြန်ရောက်သောအခါ နစ်ကီနှင့် အင်ဂျယ်လာတို့ နံနက်စာစားပြီးကြလေပြီ။ အင်ဂျယ်လာက နစ်ကီအား အသက်ရှူ ရှူပကုထုံးနှင့် ကုသပေးနေစဉ် ဒေးဗစ်က မြေတိုက်ခန်းထဲသို့ ဆင်းခဲ့ပြီး အချို့သော နှစ်ထပ်ပြတင်းတံခါးရွက်များကို နောက်ဖေးဘက်သို့ထွက်သော လှေကားမှတစ်ဆင့် ခြံဝင်းထဲသို့ သယ်ပို့ပေးနေသည်။

မကြာခင် နစ်ကီ ရောက်လာပြီး-

"သမီးတို့ ဘယ်တော့လောက် စမလဲ"

ဟု မေးလိုက်၏။ ဒေးဗစ်က အင်ဂျယ်လာ မသိအောင် နှုတ်ပိတ်ထားဖို့ ပါးစပ်ပေါ်တွင် လက်ညှိုးကို ကန့်လန့်တင်၍ အချက်ပြလိုက်၏။ ထို့နောက် သူတို့က လိုက်ကာများကို မြေအောက်ခန်းထဲသို့ ပြန်သယ်လာကြသည်။ သူတို့က ယခင်က နှစ်ထပ် ပြတင်းတံခါးရွက်များ ထားရှိခဲ့သော လှေကားခြေရင်းတွင် လိုက်ကာများကို ထောင်ထားလိုက်ကြလေ၏။

ထိုအလုပ် ပြီးစီးသွားသောအခါ ဒေးဗစ်နှင့် နစ်ကီတို့က မြို့ထဲသို့ ဘိုင်စကယ်ကိုယ်စီ စီး၍ ဈေးဝယ်ထွက်ကြသည်။

တစ်ယောက်တည်း ကျန်ခဲ့သော အင်ဂျယ်လာသည် နေမထိထိုင်မသာ ဖြစ်လာသည်။ ဒင်းနစ်ဟော့ချ်ကို သတ်သော လူသတ်သမားသည် လွတ်မြောက်နေဆဲ ဖြစ်သည်။ ထိုကိစ္စကို အင်ဂျယ်လာ သည်းညည်းမခံနိုင်ပါ။သို့တိုင်အောင် လူသတ်သမားကို လိုက်လံရှာဖွေသော အလုပ်သည် အန္တရာယ်ရှိကြောင်း ဒေးဗစ်၏ သတိပေးချက်ကလည်း သူ့ရင်ထဲမှာ စွဲနေသည်။

သူက တယ်လီဖုန်းစာအုပ်ကို ဖွင့်ပြီး အလွတ်စုံထောက်တစ်ယောက်၏ အမည်ကို လိုက်ရှာလိုက်၏။ စုံထောက် အများစုမှာ လုံခြုံရေးကိစ္စများကို တာဝန်ယူကြသူများ ဖြစ်သလို စုံထောက်တစ်ဦးချင်း၏ နာမည်များကိုလည်း တွေ့ရ၏။ ဘတ်တလက်နှင့် သိပ်မဝေးသော ရှည်လန်မြို့တွင် နေထိုင်သည့် ဖီးလ်ကော်လ်ဟွန်း ဆိုသူကို သူ တွေ့လိုက်ရ၏။

အင်ဂျယ်လာက ဖီးလ်ကော်လ်ဟွန်းထံ စတင် ဆက်သွယ်လိုက်ပြီး မကြာခင် ကော်လ်ဟွန်း၏ ရုံးခန်းသို့ အင်ဂျယ်လာ ရောက်ရှိသွားတော့သည်။ ကော်လ်ဟွန်း၏ အိမ်အဝင်ဝ ကားလမ်းပေါ်တွင် ဖို့ဒ်ပစ်ကပ်မော်တော်ကားတစ်စီး ရပ်တန့်ထားသည်။ မော်တော်ကား၏ နောက်ဘက်တွင် ရိုင်ဖယ်သေနတ်များကို ထောင်၍ ထားနိုင်သော စင်တစ်ခု ရှိသည်။ 'ဤမော်တော်ယာဉ်သည် ဝါရှင်တန်တောင်ကို တက်ခဲ့သည်' ဆိုသော စာတန်းတစ်ခုကို ကားကိုယ်ထည်၏ နောက်ဘက်တွင် ကပ်ထားသည်။

ကော်လ်ဟွန်း၏ ရုံးခန်းမှာ ၎င်း၏ နေအိမ်ပင် ဖြစ်နေသည်။ ကော်လ်ဟွန်းက အမှုအကြောင်း မေးမြန်းသဖြင့် အင်ဂျယ်လာက အတိုချုပ်၍ ပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒီကိစ္စကို စိတ်ဝင်စားပါတယ်။ ကျုပ်က နာရီပိုင်းနှုန်းထားနဲ့ လက်ခံဆောင်ရွက်ပေးပါ့မယ်။ ကျုပ်အကြောင်း ပြောပြရရင်တော့ ကျုပ်က အငြိမ်းစားယူထားတဲ့ ရဲအရာရှိတစ်ယောက်ပဲ။ မုဆိုးဖိုတစ်ယောက် ပေါ့ဗျာ။ အဲဒါလောက်ပါပဲ။ ကဲ ဘာများ မေးဖို့ရှိပါသလဲ"

"ရှင် လူသတ်မှုတွေနဲ့ ပတ်သက်ဖူးသလား"

"အရပ်သားဘဝမှာတော့ မပတ်သက်ဖူးပါဘူး"

"ရှင်က ဘာမှုတွေကို လိုက်လံ စုံစမ်းဖူးသလဲ"

"ဟိုပ်ထောင်ရေး ဖောက်ပြန်တဲ့ ကိစ္စတွေ၊ စတိုးဆိုင်မှာ ဈေးဝယ်ရင်း ခိုးလစ်သုတ်မှုတွေ၊ အရက်ရောင်းတဲ့ လူက အလွဲသုံးစားလုပ်မှုတွေ အဲဒါမျိုးတွေပါပဲ"

"ရှင် ဒီအမှုကို ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ထင်ပါသလား"

"မေးစရာ မလိုပါဘူးဗျာ။ ဗားမောင့်က ဘတ်တလက်လောက်ငယ်တဲ့ မြို့ကလေး တစ်မြို့မှာ ကျုပ်က ကြီးပြင်းခဲ့ရတာပါ။ ကျုပ်က ပတ်ဝန်းကျင်နဲ့ မစိမ်းပါဘူး။ အဲဒီ ဘတ်တလက်မြို့က တချို့ လူတွေနဲ့လည်း ကျုပ်သိပါတယ်။ ပြီးတော့လည်း ကျုပ်က ဒီအလုပ်အတွက် အင်မတန် သင့်လျော်တဲ့လူပါ"

အင်ဂျယ်လာသည် ဖီးလ်ကော်လ်ဟွန်းကို သူ ငှားခဲ့သော ကိစ္စသည် မှန်ရဲ့လားဟု တွေးရင်း ကားမောင်းပြီး ပြန်လာခဲ့သည်။ ဒေးဗစ်ကို မည်သည့်အချိန်တွင် မည်သည့်ပုံစံနှင့် ဖွင့်ပြောရမည် ဆိုတာကိုလည်း တွေးနေမိသည်။

နေအိမ်သို့ ပြန်ရောက်သောအခါ နစ်ကီအား တစ်ယောက်တည်း တွေ့လိုက်ရသဖြင့် အင်ဂျယ်လာ စိတ်ရှုပ်ရပြန်၏။ ဒေးဗစ်က ဆေးရုံသို့ တစ်ခေါက် ပြန်သွားပြီး သူ့လူနာများကို ကြည့်နေသည်။

ဒေးဗစ် ပြန်လာသောအခါ နောင်အခါတွင် နစ်ကီကို တစ်ယောက်တည်း မထားခဲ့ရန် အင်ဂျယ်လာက ဒေးဗစ်ထံမှ ကတိတောင်းလိုက်၏။ ထို့နောက် ဒေးဗစ်နှင့် နစ်ကီတို့ သားအဖသည် တတွဲတွဲ ပြန်ဖြစ်နေကြပြန်သည်။

အင်ဂျယ်လာသည် ညနေစာအတွက် ဟင်းအမည်များကို စီစဉ်ပြီးနောက် အမဲရိုးများကိုယူရန် မြေတိုက်ခန်းထဲသို့ ဆင်းခဲ့တော့သည်။ အင်ဂျယ်လာက မြေတိုက်ခန်းထဲသို့ သူတစ်ယောက်တည်း ဆင်းခဲ့ရသဖြင့် နည်းနည်းတော့ စိတ်လှုပ်ရှားမှု ဖြစ်ခဲ့ရသည်။ ဒေးဗစ်ကို သူနှင့်အတူ လိုက်ခဲ့ဖို့ ခေါ်ရန် စဉ်းစားမိသေး၏။ သို့ရာတွင် သူ ရူးတာပဲဟု စဉ်းစားမိပြန်၏။

အင်ဂျယ်လာသည် ရေခဲသေတ္တာကြီးဆီသို့ လျှောက်သွားရင်း လှေကားအောက်မှ ဒင်းနစ်ဟော့ချ်၏ ဂူပေါက်ကို ဒေးဗစ်က လိုက်ကာများနှင့် ကာထားကြောင်း တွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရမိတော့သည်။





အင်ဂျယ်လာ ရေခဲသေတ္တာကြီးဆီသို့ အရောက်တွင် သူ့နောက်ဘက်မှ တဂျစ်ဂျစ် မြည်သံများကို စတင်၍ ကြားလိုက်ရလေ၏။ သူ ကြက်သေသေသွားသည်။ ထိုအသံသည် လှေကားအောက်မှ ထွက်ပေါ်လာကြောင်း သူ ကျိန်းကျိန်း၍ ပြောနိုင်ပါသည်။ သူက ရေခဲသေတ္တာကို ပိတ်ပြီး ပြန်လှည့်လိုက်၏။

လိုက်ကာများ ရွေ့သွားသည်ကို အင်ဂျယ်လာ အလန့်တကြား တွေ့လိုက်ရသည်။ အင်ဂျယ်လာက သူ့ အမြင်မှားတာ ဖြစ်ပါစေဟု ဆုတောင်းရင်း မျက်တောင်ကို တဖျပ်ဖျပ် ခတ်လိုက်၏။ သို့ရာတွင် ထိုအချိန်၌ လိုက်ကာများသည် ဝုန်းခနဲ မြည်၍ လဲကျသွားလေတော့သည်။

အင်ဂျယ်လာက အော်ဟစ်ရန် ကြိုးပမ်းသော်လည်း အသံထွက် မလာပါချေ။ အင်ဂျယ်လာက လှေကားရင်းဆီသို့ တစ်လှမ်းချင်း လှမ်းနေစဉ် ဒင်းနစ်ဟော့ချ်၏ အရိုးစုနီးပါး ဖြစ်နေသော မျက်နှာကြီးသည် လှေကားအောက်ဘက်မှ ထွက်လာလေတော့သည်။ ဒင်းနစ်ဟော့ချ်က လက်များကို ရှေ့သို့ ဆန့်တန်းထားရင်း အင်ဂျယ်လာဆီသို့ လမ်းလျှောက်လာလေ၏။

အင်ဂျယ်လာသည် အထိတ်တလန့်နှင့် လှေကားထစ်များဆီသို့ ထွက်ပြေးတော့သည်။ သို့ရာတွင် သူ နောက်ကျသွားခဲ့လေပြီ။ ဒင်းနစ်ဟော့ချ်က လမ်းမှ ဖြတ်တားလိုက်ပြီး အင်ဂျယ်လာ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်လေ၏။

အဆိုပါ သတ္တဝါက အင်ဂျယ်လာ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် အင်ဂျယ်လာက အသံကုန် အော်ဟစ်လိုက်ပြီး အတင်း ရုန်းကန်တော့သည်။ ထို့နောက် အဆိုပါ ဂူထဲမှ မှင်စာကလေး တစ်ကောင် ထွက်လာပြန်၏။ ထိုမှင်စာကလေး၏ မျက်နှာကလည်း ဒင်းနစ်ဟော့ချ်၏ မျက်နှာနှင့် တစ်ထေရာတည်း တူနေသည်။ ဖြုန်းခနဲ ဆိုသလို ဟော့ချ်သည် ရယ်မောနေကြောင်း အင်ဂျယ်လာ သတိထားလိုက်မိတော့သည်။

အင်ဂျယ်လာက တအံ့တသြနှင့် မှင်တက်မိပြီး စိုက်ကြည့်နေစဉ် ဒေးဗစ်က ၎င်း၏ ရာဘာမျက်နှာဖုံးစွပ်ကို ချွတ်လိုက်လေ၏။ မှင်စာ အငယ်စားကလေး နစ်ကီကလည်း သူ့မျက်နှာပေါ်မှ ရာဘာမျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။ သူတို့နှစ်ယောက်စလုံးက ခွက်ထိုးခွက်လှန် ရယ်မောနေကြသည်။

အစ ပထမတွင် အင်ဂျယ်လာ ရှက်သွားသော်လည်း အရှင်ဘုရင်မှ အကြီးအကျယ် ဒေါသပုန်ထမှုသို့ ပြောင်းလဲသွားလေတော့သည်။ ယခုလို ဟာသလုပ်မှုသည် ရယ်စရာ မကောင်းပါ။ သူက ဒေးဗစ်ကိုတွန်းဖယ်ပြီး လှေကားပေါ်သို့ ခြေဆောင့်၍ တက်သွားလေ၏။

ဒေးဗစ်နှင့် နစ်ကီတို့က ဆက်၍ ရယ်မောနေကြသော်လည်း သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ကြောင့် အင်ဂျယ်လာ အလွန်အမင်း ကြောက်လန့်သွားကြောင်း သဘောပေါက်သွားကြသည်။

ဒေးပစ်နှင့် နစ်ကီတို့က အင်ဂျယ်လာအား စကားလိုက်ပြောကြသည်။ သို့သော် အင်ဂျယ်လာက စကားပြန်မပြောဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

သူတို့က အင်ဂျယ်လာအား ထပ်မံ၍ တောင်းပန်ကြသည်။ သူတို့က ဟိုမျက်နှာဖုံးများမှာ လာမည့်အပတ်တွင် ကျရောက်မည့် ဟယ်လိုဝင်းပါတီပွဲအတွက် ဝယ်ထားသော ဝတ်စုံများဖြစ်ကြောင်း၊ အင်ဂျယ်လာ ချက်ချင်း ရိပ်မိလိမ့်မည်ဟု ယူဆကြကြောင်း၊ အင်ဂျယ်လာ့အတွက်ပင် နောက်တစ်ခု ဝယ်လာသေးကြောင်း ပြောကြသည်။ အင်ဂျယ်လာက ပြန်ပြောလိုက်၏။

"ဒါဆိုရင်လည်း အဲဒါကို လွှင့်ပစ်လိုက်ကြပေါ့"

နစ်ကီ မျက်နှာပျက်သွားသည်။ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ စို့လာကြလေ၏။

အင်ဂျယ်လာက နစ်ကီကို ကြည့်ပြီး သူ့ဒေါသများ ပြေပျောက်သွားတော့သည်။ သူက နစ်ကီကို ပွေ့ဖက်လိုက်လေ၏။

"ကဲကဲ စိတ်မကောင်း မဖြစ်ပါနဲ့တော့ သမီးရယ်၊ မာမီက အရမ်းတင်းမာသလို ဖြစ်သွားတယ်။ ဒါပေမယ့် မာမီက တကယ် ကြောက်သွားတာပါ။ ရယ်စရာလို့လည်း မထင်ပါဘူး"

❖ ❖ ❖

ဖီးလ်ကော်လ်ဟွန်းသည် စိတ်ဝင်စားစရာကောင်းသော ထိုအမှုကို စုံစမ်းရန်အတွက် မွန်းလွဲပိုင်းမှာပင် ဘတ်တလက်သို့ သူ့ပစ်ကပ်ကို မောင်းနှင်ပြီး ထွက်ခွာလာခဲ့သည်။ သူက မော်တော်ကားကို စာကြည့်တိုက်ရှေ့တွင် ရပ်ထားခဲ့ပြီးနောက် ရဲဌာနဆီသို့ လျှောက်လာခဲ့လေ၏။

ကော်လ်ဟွန်းသည် ဝိန်းရောဘတ်ဆန်၏ အခန်းထဲသို့ ဝင်သွားပြီး "ရောဘတ်ဆန်သည် စနေနေ့ မွန်းလွဲပိုင်းမှာပင် အလုပ်လုပ်နေရသောကြောင့် တော်တော် အလုပ်များမှာပဲ" ဟု ပဋိသန္ဓာရစကား ပြောလိုက်သည်။ ထို့နောက် ဆရာဝန်ကြီး ဟော့ချ်၏ အလောင်းကို ရှာတွေ့ရသည်ဟု သတင်းစာထဲတွင် ဖတ်လိုက်ရကြောင်း ပြောလိုက်လေ၏။

"ဟုတ်တယ်ဗျ၊ တွေ့စကတော့ အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသေးတယ်။ အခုတော့ ငြိမ်ကျသွားပါပြီ။ ဒီလိုလူမျိုး ရှင်းသွားတာ ကောင်းတာပေါ့ဗျာ"

"ဘယ်လိုဖြစ်ရတာတုံး"

ဝိန်းရောဘတ်ဆန်က သူနှင့် ဟော့ချ် မတည့်ကြပုံနှင့် သူက ဒေါက်တာဟော့ချ်အား အပြတ်ရှင်းပစ်ဖို့ အကြိမ်ကြိမ် စဉ်းစားမိဖူးကြောင်း စသည်တို့ကို ပြောပြလေသည်။ ကော်လ်ဟွန်းက ပြောလိုက်၏။





"ဒါဆိုရင် ဟော့ချ်က ဒီမြို့မှာ လူကြိုက်သိပ်များတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးပေါ့။ ဒီအမှုအတွက် ခင်ဗျားတို့က တော်တော် စုံစမ်းခဲ့ကြသေးသလား"

"သူ ပျောက်သွားတုန်းကတော့ နည်းနည်းပါးပါး စုံစမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် ဒီအမှုကို ဘယ်သူကမှ ဂရုစိုက်ကြတာ မဟုတ်ဘူး။ ဘော့စတွန်ကို ပြောင်းသွားတဲ့ သူ့ဇနီးဟောင်းကလည်း စိတ်မဝင်စားဘူးလေ"

"အခုရော ဘယ်လိုလဲ၊ ဘော့စတွန်ဂလုပ် သတင်းစာကတော့ ပြည်နယ်ရဲတွေက စုံစမ်းနေတယ်လို့ ရေးထားတယ်"

"သူတို့က ဒီကို ရဲတွေလွှတ်ပြီး စုံစမ်းသေးတယ်။ ဒါပေမယ့် ကျုပ်က ဒီအမှုဟာ ပြည်နယ်က ပုဂ္ဂိုလ်တွေဝင်ပြီး စုံစမ်းရလောက်အောင် မတန်ပါဘူး။ ကျုပ်တို့ပဲ စုံစမ်းပါ့မယ်လို့ ပြန်ပြောလိုက်တယ်။ ပြည်နယ်ရဲတွေမှာလည်း ကျုပ်တို့လို အရေးတကြီး စုံစမ်းစရာတွေ ရှိနေကြတယ်လေ။ ပြီးတော့ အမှုက ရှစ်လတောင် ကြာခဲ့ပြီဆိုတော့ ခြေရာတွေ၊ သဲလွန်စတွေ ပျောက်ကုန်ပြီပေါ့"

"ခုတစ်လော ခင်ဗျားတို့က ဘာအမှုတွေကို စုံစမ်းကြရသလဲ"

"ဆေးရုံက မော်တော်ကားရပ်တဲ့နေရာမှာ မုဒိမ်းမှုတွေ ဆက်တိုက်ဖြစ်နေတာကို စုံစမ်းနေတယ်။ ဒါပေမယ့် ကျူးလွန်ခဲ့တဲ့ လူကိုတော့ မမိသေးပါဘူးဗျာ"

ရဲဌာနက ပြန်ထွက်လာသော ကော်လ်ဟွန်းသည် လမ်းမကြီးအတိုင်း ဆက်လျှောက်သွားပြီး စာအုပ်ဆိုင်ထဲသို့ ဝင်လိုက်၏။ စာအုပ်ဆိုင်ပိုင်ရှင် ဂျိန်းဝိန်းကု(ပ်)သည် ကော်လ်ဟွန်း ဇနီး၏ သူငယ်ချင်း ဖြစ်သည်။ ကော်လ်ဟွန်း၏ ဇနီးသည် စာအလွန်ဖတ်သူ ဖြစ်သည်။ အိပ်ရာထဲ၌ တစ်ချိန်လုံး နေခဲ့ရသော သူ့ဘဝ၏ နောက်ဆုံးနှစ်တွင် ပို၍ပင် စာဖတ်ခဲ့သူ ဖြစ်သည်။

ကော်လ်ဟွန်းက လမ်းကြုံ၍ ဝင်လာခဲ့ကြောင်း ပြောလိုက်ပြီး နောက်ပိုင်းတွင် ဒင်းနစ်ဟော့ချ်အကြောင်း စကားစပ်မိကြလေ၏။ ဂျိန်းက ကော်လ်ဟွန်းအား ယခု ကိစ္စသည် လုပ်ငန်းသဘောအရ မေးမြန်းခြင်းလော၊ ကိုယ်ရေးကိုယ်တာ ကိစ္စလောဟု မေးသည်။ ကော်လ်ဟွန်းက စပ်စုလို၍ ဖြစ်ကြောင်း၊ သို့ရာတွင် သူ မေးမြန်းသည့် ကိစ္စကို လျှို့ဝှက်ထားစေလိုကြောင်း ပြောလိုက်သည်။

နောက် နာရီဝက်ကြာသောအခါ ဆိုင်ထဲမှ ပြန်ထွက်လာသော ကော်လ်ဟွန်းထံ၌ ဒင်းနစ်ဟော့ချ်ကို မကြိုက်သူ လူနှစ်ဆယ်ကျော်စာရင်း ပါရှိလေသည်။ ထိုစာရင်းထဲတွင် ဘဏ်ဥက္ကဋ္ဌ၊ နယ်ခြားမျဉ်းခြားထားမှ မိုဘီးဓာတ်ဆီဆိုင်ပိုင်ရှင်၊ ကျပ်မပြည့်သော လက်တိုလက်တောင်း အလုပ်များကို လုပ်ကိုင်သူ၊ ရဲအကြီးအကဲ၊ ကုန်သည်အစရှိ စတိုးဆိုင်ပိုင်ရှင်အချို့နှင့် ဆရာဝန် အချို့တို့ ပါဝင်နေကြသည်။

လူစာရင်း ရှည်လျားလှသောကြောင့် ကော်လ်ဟွန်း အံ့ဩမိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ လူကြိုက်တော့ ကြိုက်ပါသည်။ လူစာရင်း ရှည်လျားလေလေ သူ ပေါင်းမိ၍ ရမည့် ငွေပမာဏမှာ ပို၍ များလေလေ ဖြစ်မည် မဟုတ်ပါလား။

သူက လမ်းပကြီးပေါ်ရှိ ဟာရီဆန်၏ ပရဆေးဆိုင်သို့ဝင်၍ ဆေးဖော်သူ ဟာလီထရွှန်းဘဲလ်နှင့် ဝင်တွေ့သည်။ သူသည် ကော်လ်ဟွန်းနှင့် မြဲဖဲ့မှ လုပ်ဖော်ကိုင်ဖက် ဝင်ဒဲလ်စထရွှန်းဘဲလ်၏ အစ်ကို ဖြစ်သည်။

ဟာလီက ကော်လ်ဟွန်း၏ လာရင်းကိစ္စကို ချက်ချင်း ရိပ်မိသည်။ ၎င်းက ဟော့ချ်အား မနှစ်မြို့က်သူများ၏ စာရင်းတွင် သူ့နာမည်ကို သာပက နယူးအင်ဂလန်အကျီချိတ် ကုမ္ပဏီပိုင်ရှင် နက်ဒ်ဘင့်ခ်၊ ဟာရီးကရေနာနှင့် ဆေးရုံ အုပ်ချုပ်ရေးမှူး ဟယ်လင်ဘီတန်တို့၏ အမည်များကိုပါ ဖြည့်စွက်ပေးလိုက်သည်။

သူ ပရဆေးဆိုင်ထဲမှ ပြန်ထွက်လာချိန်၌ လိုက်လံ စုံစမ်းရမည့် လူစာရင်းမှာ (၂၅) ဦး ရှိနေလေပြီ။ ထိုစာရင်း ပြည့်စုံသွားအောင် ဤမြို့၌ သူ နောက်ထပ် မေးမြန်းနိုင်သူတွေ ရှိနေသေးသည်။

သို့ရာတွင် ဆိုင်တွေ ပိတ်ကုန်ပြီ ဖြစ်သဖြင့် သံမဏိမြင်း စားသောက်ဆိုင်ဆီသို့ ခြေဦးလှည့်ခဲ့တော့သည်။ ထိုစားသောက်ဆိုင်သည် သူ့ဇနီး အလွန် နှစ်မြို့က်သောဆိုင်ဖြစ်ပြီး ၎င်းတို့ဇနီးမောင်နှံ၏ အထိမ်းအမှတ်ပွဲပေါင်း များစွာကို ဤဆိုင်တွင် လာရောက်၍ ကျင်းပခဲ့ဖူးသည်။

သူ ဆိုင်ထဲသို့ ဝင်လာလာချင်း အရက်ရောင်းသူ ကာလ်တန်ဟားရစ်က ကော်လ်ဟွန်းကို ချက်ချင်း မှတ်မိလိုက်သည်။ ဘားကောင်တာသို့ သူ ရောက်သွားသောအခါ ကော်လ်ဟွန်း ကြိုက်နှစ်သက်သော ကြက်ဆင်ရိုင်း ဝီစကီတစ်ပက်က ကောင်တာပေါ်တွင် အဆင်သင့် ချထားပြီးသား ရှိနေသည်။ ကာလ်တန်က မေးလိုက်၏။

"ခင်ဗျားက ခုတစ်လော စိတ်ဝင်စားစရာ ကိစ္စတစ်ခုခုကို လုပ်ကိုင်နေသလား"

"အေး လုပ်နေတယ်ဗျ"

ကော်လ်ဟွန်း၏ စကားအဆုံးတွင် သူတို့၏ ဦးခေါင်းနှစ်လုံးသည် ဘားကောင်တာပေါ်၌ ပူးကပ်သွားကြလေ၏။

❖ ❖ ❖

အိပ်ရာထဲသို့ ဝင်ရန် အဆင်သင့် ဖြစ်နေချိန်မှာပင် အင်ဂျယ်လာက ဒေးဗစ်ကို စကားမပြောသေးသောကြောင့် အင်ဂျယ်လာ စိတ်ကောက်နေတုန်းပဲဟု ဒေးဗစ်က ယူဆလိုက်သည်။

ဒေးဗစ်က ပြေရာပြေကြောင်း ပြောပြန်သည်။ အင်ဂျယ်လာက သူသည် ထိုအလောင်းကို ရှာတွေ့ချိန်မှစ၍ အကြီးအကျယ် စိတ်လှုပ်ရှားနေကြောင်း သိပါလျက်နှင့် ယခုလို လုပ်ရသလားဟု ပြန်ပြောသည်။

ဒေးဗစ်ကလည်း နစ်ကီတစ်ယောက် ညပိုင်းတွင် အိပ်မက်ဆိုးများ မက်မက်နေသောကြောင့် ကလေး အကြောက်ပြေအောင် လုပ်ရခြင်းဖြစ်





ကြောင်း ရှင်းပြသဖြင့် အင်ဂျယ်လာက ထိုရှင်းပြချက်ကို လက်ခံလိုက်သည်။

ဒေးဗစ်က သူသည် မေရီအန်းရှိလာ နေထိုင်မကောင်းမှုအတွက် သူ့စိတ်များ ပျံ့လွင့်နေကြောင်း၊ ဘော့စတွန်မှ ဒေးဗစ်၏ ပရော်ဖက်ဆာကြီးကိုယ်တိုင် တကူးတက လာရောက် ကြည့်ရှုပေးသော်လည်း အဖြေရှာမရကြောင်း ပြောပြလိုက်သည်။

အိပ်ရာထဲသို့ ရောက်ကြသောအခါ အင်ဂျယ်လာက ရုတ်တရက် ပြောချလိုက်လေ၏။

"ကျွန်မ ရှင့်ကို ဝန်ခံစရာကိစ္စတစ်ခု ရှိတယ်"

"ဘာပြောတယ်"

ဤတွင် အင်ဂျယ်လာက သူ ရှသ်လန်မြို့သို့ သွားရောက်ပြီး ဖိးလ်ကော်လ်ဟွန်းကို ငှားရမ်းခဲ့ကြောင်း ပြောပြလိုက်သည်။ ဒေးဗစ်က စိတ်တိုသွားသည်။

"မင်း ခုကိစ္စမှာ အလွတ်စုံထောက် ငှားလိုက်တယ် ဆိုတာက အရမ်းကို လွန်ကျူးသွားပြီ။ ဒါ ပိုက်ဆံကို အလဟဿ ဖြုန်းပစ်တာပဲ"

"အခုကိစ္စဟာ ကျွန်မအတွက် အရေးကြီးတယ် ဆိုရင်တော့ ငွေကို ဖြုန်းတီးရာ မရောက်ပါဘူး။ ပြီးတော့လည်း ရှင်က ကျွန်မကို ဒီအိမ်မှာ ဆက်နေစေချင်သေးတယ်ဆိုရင် အဲဒီကိစ္စဟာ ရှင့်အတွက် အရေးကြီးသင့်တာပဲ"

ဒေးဗစ်က သက်ပြင်းချလိုက်ပြီး တစ်ဖက်သို့ လှည့်သွားတော့သည်။ အင်ဂျယ်လာက အလွတ်စုံထောက် မငှားမီ ဒေးဗစ်ကို ကြိုတင်၍ ပြောပြသင့်ကြောင်း သူ သိပါသည်။ အင်ဂျယ်လာ၏ လုပ်နည်းမှာ မမှန်ကန်သော်လည်း ကော်လ်ဟွန်းကို ငှားရမ်းသည့် ကိစ္စတွင် သူ မှားကြောင်း အင်ဂျယ်လာ သိပါသည်။

အင်ဂျယ်လာက သက်ပြင်းချလိုက်ပြီး သူ့ခေါင်းရင်းဘက်မှ မီးကို လှမ်းပိတ်လိုက်၏။ မီးမှိတ်ခါစမှာပင် ဝုန်းခနဲ ဝုန်းခနဲ မြည်သံများ ဆက်တိုက်ပေါ်ထွက်လာပြီးနောက် ရပ်စတီ၏ ဒေါသတကြီး ဟောင်သံများကိုပါ ကြားလိုက်ရတော့သည်။

အင်ဂျယ်လာနှင့် ဒေးဗစ်တို့သည် မီးပြန်ဖွင့်လိုက်ပြီး အိပ်ရာထဲမှ ထ၍ စင်္ကြံလမ်းကြားထဲသို့ ထွက်လိုက်ကြ၏။ ရပ်စတီသည် လှေကားထိပ်မှနေ၍ အောက်ဘက်ဆီသို့ သဲကြီးမဲကြီး လှမ်းဟောင်နေသည်။

ဒေးဗစ်နှင့် ရပ်စတီတို့သည် လှေကားမှ ဆင်းသွားကြပြီး အိမ်ရှေ့တံခါးကို ဖွင့်၍ အပြင်သို့ ထွက်ကြည့်လိုက်၏။ အပြင်ဘက်တွင် ထူးထူးခြားခြား ဘာကိုမှ မတွေ့ကြရပါ။ ဒေးဗစ်က ပြန်လှည့်လာသောအခါ တံခါးရွက်ပေါ်၌ လက်နှိပ်စက်နှင့် ရိုက်ထားသော စာတစ်စောင်အား သံနှင့် ရိုက်ထားသည်ကို တွေ့ရတော့သည်။ စာထဲတွင်-



www.burmeseclassic.com

www.burmeseclassic.com



"ဟိုယ့်ကိစ္စ ကိုယ်လုပ်ပါ။ ဟော့ချ်ကို မေ့လိုက်ပါတော့"

ဟု ပါရှိသည်။

ဒေးဗစ်က တံခါးကို ပြန်ပိတ်ခဲ့ပြီး အင်ဂျယ်လာကို ပြလိုက်လေ၏။

"ကျွန်မ ဗီတာ ရဲကို သွားပြမယ်"

"ဗီတာက ရဲဆီကစာ ဖြစ်ချင်ဖြစ်နေမှာ"

နှစ်ကိသည် အိပ်မောကျနေဆဲပင် ဖြစ်သည်ကို တွေ့ကြရသောကြောင့် သူတို့ စိတ်သက်သာရာ ရသွားကြသည်။

တယ်လီဖုန်းက မြည်လာပြန်သောကြောင့် ဒေးဗစ်က ကောက်နားထောင်ပြီး အင်ဂျယ်လာကို ပြောပြလိုက်လေ၏။

"မေရီအန်းရှိလာ တက်ချက်သွားပြီး အခု ဆုံးသွားပြီတဲ့။ အဲဒီလို ဖြစ်လာလိမ့်မယ်လို့ ကိုယ် ပြောခဲ့သားပဲ"

ဒေးဗစ်သည် အကျႌအဝတ်အစား လဲလှယ်ဝတ်ဆင်ပြီးနောက် ဆေးရုံသို့ ထွက်ခွာသွားတော့သည်။

❖ ❖ ❖

ဆေးရုံရောက်သောအခါ မေရီအန်းရှိလာ၏ ခင်ပွန်း ဒေါ်နယ်၊ ဆယ်ကျော်သက်အရွယ် သားဖြစ်သူ မက်နှင့် မေရီအန်း၏ မိဘများတို့ကို တွေ့လိုက်ရသည်။ ထိုမိသားစုသည် မာဂျော်ရီကလီဘာ၏ မိသားစုနှင့် ဂျွန်တာလော၏ မိသားစုများကဲ့သို့ပင် ဒေးဗစ်၏ ကြိုးပမ်းမှုကို တန်ဖိုးထားကြသည်။

ဒေးဗစ်က မေရီအန်းရှိလာကို ရင်ခွဲ၍ စစ်ဆေးလိုကြောင်း ခွင့်တောင်းလိုက်၏။ ဒေါ်နယ်က ဝေခွဲမရ ဖြစ်နေသည်။ ဒေးဗစ်က ပြောလိုက်၏။

"ဒီကနေ့ည စဉ်းစားပေးပါဗျာ၊ ကျုပ်တို့က အလောင်းကို ဒီမှာပဲ ထားပေးပါ့မယ်"

ဒေးဗစ်သည် အသည်းအသန် လူနာပြုစုခန်းမှ ဂျိုနသန်အကင်းစ်၏ အခန်းဆီသို့ လျှောက်ခဲ့ပြန်၏။ ဒေးဗစ်က ရုပ်မြင်သံကြား ကြည့်နေသော အဂင်းစ်ကို ဝင်နှုတ်ဆက်လိုက်သည်။ ဂျိုနသန်အကင်းစ်က ဒေးဗစ်အား "တော်တော် ဆရာဝန်ပီသတဲ့လူပဲ" ဟု ပြောလိုက်ပြီး သူ ဘယ်တော့ ဆေးရုံက ဆင်းရမလဲဟု မေးသည်။

"ဒီကနေ့တောင် ဆင်းခွင့်ရနိုင်တယ်။ အံမယ် ခင်ဗျား ခုတင်ကို လဲပေးသွားကြသားပဲ"

"အေးဗျာ၊ အရင် ခုတင်အဟောင်းကို ပြင်မရတော့လို့နဲ့ တူတယ်။ ခင်ဗျား ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ၊ မနက်ဖြန်မှ တွေ့ကြသေးတာပေါ့"

ဒေးဗစ်သည် မော်တော်ကားကို စက်နှိုးလိုက်သော်လည်း ဂီယာကို မထိုးသေးဘဲ ရပ်နေမိသည်။ ဒီတစ်ပတ်အတွင်း သူ့လူနာသုံးယောက် သေခဲ့ရသည်။ သူကပဲ ဆရာဝန်ဘဝနှင့် မထိုက်တန်တော့လို့လား၊





ထိုလူနာ သုံးယောက်သည် အခြား ဆရာဝန်များနှင့်သာ အကုခံကြရမည်ဆိုပါက ရှင်နေကြဦးမည်လား မပြောတတ်လေပြီ။

ဒေးဗစ် အိမ်ပြန်ရောက်သောအခါ အင်ဂျယ်လာသည် မအိပ်သေးဘဲ ဆေးပညာဂျာနယ်ကို ဖတ်ရှုနေကြောင်း တွေ့လိုက်ရ၏။ ဒေးဗစ်က အဘယ်ကြောင့် မအိပ်သေးကြောင်း အင်ဂျယ်လာကို မေးလိုက်သည်။

"ဟိုစာကို တံခါးရွက်မှာ သံနဲ့ရိုက်ပြီး လာကပ်သွားတဲ့ နောက်ပိုင်းမှာ ရှင် ဒီအိမ်မှာ မရှိရင် ကျွန်မ ဘယ်လိုလုပ်ပြီး အိပ်လို့ ရနိုင်ပါ့မလဲရှင်။ ပြီးတော့လည်း ရှင် ခုလို ညကြီးမင်းကြီးမှာ အိမ်က ထွက်ထွက်သွားနေရမယ်ဆိုရင် ကျွန်မတို့ အိမ်မှာ သေနတ်တစ်လက်တော့ ရှိနေစေချင်ပြီ"

ဒေးဗစ်က ကလေးရှိသော အိမ်တွင် သေနတ်မရှိသင့်ကြောင်း ပြောလိုက်၏။

"နစ်ကီအနေနဲ့ သေနတ်အကြောင်း ကောင်းကောင်းသိအောင်နဲ့ သေနတ်ကြောင့် ဖြစ်နိုင်တဲ့ အလားအလာတွေကို သိထားအောင် ပြောပြထားဖို့ ကျွန်မ တာဝန်ယူပါတယ်"

အိမ်ပေါ်သို့ ရောက်သောအခါ ဒေးဗစ်က နောက်တစ်ကြိမ် ရေထပ်ချိုးလိုက်၏။ သူ ရေချိုးပြီးသောအခါတွင်လည်း အင်ဂျယ်လာသည် ရောဂါဗေဒ ဆေးဂျာနယ်ကို ဖတ်ရှုနေဆဲပင် ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဒေးဗစ်က ပြောလိုက်၏။

"မနေ့ညတုန်းက မင်းက ကိုယ့်ကို ကူညီနိုင်ရင် ကောင်းမှာပဲလို့ ပြောခဲ့တယ်။ အခု မင်းက ကူညီနိုင်မယ့် အနေအထားမှာ ရှိနေတယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်က မေရီအန်းရှိလာရဲ့ အလောင်းကို ရင်ခွဲပြီး စစ်ဆေးခွင့်ပြုဖို့ သူ့မိသားစုကို ကိုယ် မေတ္တာရပ်ခံခဲ့တယ်။ သူတို့က မနက်ကျရင် အဖြေပေးပါ့မယ်တဲ့"

"အဲဒီကိစ္စကို မိသားစုက ခွင့်ပြုလို့ မရဘူး။ ဒီဆေးရုံက စီအမ်ဗွီရဲ့ လူနာတွေကို ရင်ခွဲပြီး စစ်ဆေးပေးလေ့ မရှိဘူး"

"ကိုယ်က နောက်နည်းလမ်းတစ်ခုကို စဉ်းစားထားတာပါ။ မင်းက ကိုယ့်ဘာသာကိုယ် ခွဲစိတ်ကြည့်နိုင်တာပဲ"

အင်ဂျယ်လာက ထိုကိစ္စကို စဉ်းစားလိုက်၏။

"ကျွန်မ လုပ်နိုင်လိမ့်မယ် ထင်တယ်။ မနက်ဖြန်လည်း တနင်္ဂနွေနေ့ဆိုတော့ အရေးပေါ်ကိစ္စတွေအတွက်က လွဲရင် ခွဲစိတ်ခန်းကို ပိတ်ထားတယ်။ ကျွန်မလည်း ရှင်နဲ့အတူ ဆေးရုံကို လိုက်လာပြီး မိသားစုနဲ့ ဆွေးနွေးနိုင်တာပဲလေ"

"ကိုယ် အဲဒါကို သိပ်ပြီး တန်ဖိုးထားပါတယ်ကွာ။ မေရီ ဘာကြောင့် သေရတယ်ဆိုတာကို မင်းက တိတိကျကျ ဖော်ထုတ်ပေးနိုင်မယ်ဆိုရင် ကိုယ် တော်တော့ကို စိတ်သက်သာရသွားမှာကွ"

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

**အောက်တိုဘာလ ၂၄ ရက်၊ တနင်္ဂနွေနေ့**

နံနက်ပိုင်းသို့ ရောက်သောအခါ ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် ပင်ပန်းနွမ်းနယ်နေကြသော်လည်း နစ်ကီက အိပ်မက်ဆိုးများ မမက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သောကြောင့် ခွန်အားရှိနေသည်။

ဒေးဗစ်က ဘုရားရှိခိုးကျောင်းသို့ မသွားလိုသော်လည်း နစ်ကီ စိတ်မကောင်းဖြစ်လိမ့်မည်ဟု အင်ဂျယ်လာက ပြောသောကြောင့် ဗော်လ်ဗိုကားကို မောင်းနှင်ပြီး မြို့ထဲသို့ ထွက်ခွာလာခဲ့ကြသည်။

သူတို့က မော်တော်ကားကို သံမဏိမြင်း စားသောက်ဆိုင်ဝင်းထဲရှိ မော်တော်ကား ရပ်နားသည့်နေရာတွင် ထားခဲ့သည်။ တနင်္ဂနွေနေ့တွင် ကားအသွားအလာ များလွန်းလှသောကြောင့် ရဲတစ်ယောက်က လမ်းပြရဲ အဖြစ် ဆောင်ရွက်ပေးရလေ့ ရှိသည်။

ထိုနေ့တွင် ဝိန်းရောဘတ်ဆန်ကိုယ်တိုင် ထိုတာဝန်ကို ယူထားသည်။ ဒေးဗစ်က မတားလိုက်နိုင်မီ အင်ဂျယ်လာက ဝိန်းရောဘတ်ဆန်ဆီသို့ လှစ်ခနဲ ပြေးသွားပြီး ယမန်နေ့ညက အိမ်ရှေ့တံခါးရွက်တွင် သံနှင့်ရိုက်၍ လာကပ်သွားသော စာရွက်ကို ကမ်းပေးလိုက်၏။ အင်ဂျယ်လာက ရပုံရနည်းကို ရှင်းပြလိုက်သည်။ ဝိန်းရောဘတ်ဆန်က စာရွက်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး ပြန်ကမ်းပေးလိုက်၏။

"ကျုပ်ကတော့ ဒါဟာ ခင်ဗျားတို့ကို အကြံကောင်း ဉာဏ်ကောင်း ပေးတာပဲလို့ ဆိုချင်တယ်။ ခင်ဗျားတို့ ဒီအကြံဉာဏ်ကို လက်ခံကြဖို့ ကျုပ် အကြံပြုပါတယ်"

"ရှင့်ဆီက အကြံဉာဏ် လာတောင်းတာ မဟုတ်ဘူး၊ ဒီစာကို ဘယ်သူ လာထားသွားသလဲ ဆိုတာ စုံစမ်းပေးစေချင်လို့ပဲ"

"မင်းတို့ မိသားစုက ဘတ်တလက်မှာ လူသစ်တွေပဲ။ မင်းတို့က ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စမှာ ဝင်စွက်ဖက်မယ်ဆိုရင် နှစ်ခါလောက် ပြန်စဉ်းစားသင့်တယ်။ ကိုယ့်ပြဿနာ ကိုယ်ရှာသလို ဖြစ်နေလိမ့်မယ်"





ဝိန်းရောဘတ်ဆန်က ရပ်တန့်သွားသော မော်တော်ကားများကို ရှင်းလင်းပေးရန် ကြိုးစားရင်း ပြန်ဖြေလိုက်၏။

"ခုလောလောဆယ်မှာတော့ ရှင့်ဆီက ပြဿနာတွေချည်းပဲ ကျွန်မတို့က ရနေတယ်လေ။ ရှင်က ဟောဒီ့ သေတာကို ဝမ်းမနည်းတဲ့ လူတွေထဲမှာပါတဲ့ လူတစ်ယောက်ပဲ။ ရှင့်ဇနီး သေရတာနဲ့ ပတ်သက်ပြီး ရှင်က သူ့ကို မမှန်မကန် အပြစ်ပုံချနေတယ်လို့ ကျွန်မ သိရတယ်"

ရောဘတ်ဆန်သည် ကားများကို လက်ပြ၍ လမ်းညွှန်နေရာမှ ဖြန်းခနဲ ရပ်ပစ်လိုက်ပြီး အင်ဂျယ်လာဘက်သို့ လှည့်လိုက်လေ၏။ သူ့မျက်နှာကလည်း နီတွတ်လာသည်။

"မင်း ဘာပြောလိုက်တာလဲ"

အင်ဂျယ်လာက ထပ်ပြောရန် ကြိုးစားသေးသော်လည်း ဒေးဗစ်က အတင်းဆွဲ၍ ခေါ်သွားတော့သည်။

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ အခု လုပ်တာက နည်းနည်း လွန်သွားပြီကွ"

"သူက ကျွန်မကို အရူးလုပ်နေတာရှင့်"

"ကိုယ့်ကိုယ်ကိုယ် ထိန်းစမ်းပါကွာ။ လူတွေ ဝိုင်းကြည့်နေကြပြီကွ"

ဤတွင် အင်ဂျယ်လာသည် နစ်ကီ၏ လက်ကို ဆွဲ၍ ဘုရားရှိခိုး ကျောင်းဆီသို့ ဆက်ထွက်သွားလေတော့သည်။

* * *

ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် နစ်ကီနှင့် ကယ်ရိုလင်းတို့ကို အဲလစ်ဒိုဟာတီ လက်၌ အပ်ထားခဲ့ပြီး ဆေးရုံသို့ ထွက်လာခဲ့ကြသည်။ နစ်ကီနှင့် ကယ်ရိုလင်းသည် ဘုရားရှိခိုးကျောင်း၌ တွေ့လာခဲ့ကြပြီး ကယ်ရိုလင်းက အိမ်လိုက်လာခြင်း ဖြစ်သည်။

ဆေးရုံသို့ ရောက်ရှိသောအခါ အင်ဂျယ်လာ၏ မေတ္တာရပ်ခံချက် အရ မေရီအန်းရှိုလာ၏ မိသားစုက အလောင်းကို ရင်ခွဲ၍ စစ်ဆေးကြည့်ရန် ခွင့်ပြုလိုက်လေသည်။

ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် မြေတိုက်ခန်းထဲသို့ ဆင်းခဲ့ပြီး မေရီအန်း၏ ရုပ်အလောင်းကို ရေခဲတိုက်မှ ထုတ်ယူခဲ့ကြသည်။ သူတို့က အလောင်းကို ရင်ခွဲသည့် စားပွဲပေါ်သို့ တင်လိုက်ကြ၏။

ဒေးဗစ်က အင်ဂျယ်လာကို ကူညီရန် ရည်ရွယ်ခဲ့သော်လည်း ဒေးဗစ်သည် အလောင်းကို ခွဲစိတ်မှုမျိုးနှင့် အကျွမ်းတဝင် မရှိကြောင်း အင်ဂျယ်လာက သိလိုက်သဖြင့် ဒေးဗစ်အား ဆေးရုံပေါ်သို့ လွှတ်လိုက်လေ၏။

ဒေးဗစ်သည် သူ့ကို ပြန်လွှတ်ခံရသဖြင့် စိတ်လက်ပေါ့ပါးစွာနှင့် ဆေးကုသဆောင်ဘက်သို့ ထွက်လာခဲ့တော့သည်။

ဒေးဗစ်က ဂျိုနသန်အကင်းစ်ကို ဆေးရုံမှ ဆင်းခွင့်ပြုရန် စိတ်ကူး ခဲ့သော်လည်း ဂျိုနသန်နှင့် တွေ့လိုက်ရသောအခါ ... သည် စိတ်



www.burmeseclassic.com

www.burmeseclassic.com

တက်ကျထင်းနေကြောင်း တွေ့ရလေ၏။

ဂျိုနသန်အကင်းစ်က သူ့တွင် ကြွက်တက်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ဝမ်းလျှော့ခြင်းကို ဆက်တိုက် ဖြစ်နေသည့်အပြင် စားချင်စိတ်လည်း မရှိကြောင်း၊ ပါးစပ်ထဲတွင် တံတွေးများ ခဏခဏ ပြည့်ပြည့်လာသောကြောင့် မျိုချရင်းချ မချရင် ထွေးထုတ်နေရကြောင်း ပြောပြလိုက်သည်။

ဒေးဗစ်သည် သူနာပြုဆရာမများ၏ ရုံးခန်းသို့ သွားရောက်ပြီး ဂျိုနသန်အကင်းစ်၏ ဆေးမှတ်တမ်းများကို အသေးစိတ် ပြန်လည် စစ်ဆေးလိုက်သည်။ သူက လူနာထံသို့ တစ်ခေါက် ပြန်သွားပြီး အဆုတ်ကို နားထောင်လိုက်၏။ ဂျိုနသန်၏ အဆုတ်သည် သန့်သန့်ရှင်းရှင်းပင် ရှိနေသည်။

ဒေးဗစ် ဘာဆက်လုပ်ရမည်နည်း။ ဒေးဗစ်သည် စိတ်လိုက်မာန်ပါနှင့် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။ သူက ကင်ဆာဆရာဝန် ဒေါက်တာ မိုင်းလ်စလစ်ချ်နှင့် ကူးစက်ရောဂါ ဆရာဝန် ဒေါက်တာ ဟက်ဆယ်လ်ဘမ်းတို့ကို ကြွခဲ့ကြဖို့ မေတ္တာရပ်ခံလိုက်သည်။

ထိုဆရာဝန်ကြီး နှစ်ဦးသည် ဂျိုနသန်အကင်းစ်ကို စစ်ဆေးကြပြီးနောက် ဆွေးနွေး ညှိနှိုင်းရန် သူနာပြုဆရာမများ၏ ရုံးခန်းသို့ သွားရောက်ခဲ့ကြသည်။

ဒေးဗစ်နှင့် ဆရာဝန်ကြီး နှစ်ယောက်တို့ စတင်၍ ဆွေးနွေးလိုက်ချိန်မှာပင် ချားလ်စ်ကယ်လီသည် ၎င်းတို့ဆီသို့ ရောက်ရှိလာလေ၏။

ချားလ်စ်ကယ်လီက ဒေးဗစ်ကို အခန်းတစ်ခန်းသို့ ခေါ်သွားပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ ထိုအခန်းထဲ၌ ဟယ်လင်ဘီတန်နှင့် ကော့ဒ်ဝဲလ်တို့လည်း ရှိနေကြသည်။

"ခင်ဗျားက ဆေးရုံဥက္ကဌ ဘယ်လင်ဘီတန်နဲ့ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ကော့ဒ်ဝဲလ်တို့ကို သိလိမ့်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့၊ သိပါတယ်"

ဒေးဗစ်က တစ်ဦးချင်းနှင့် လက်ဆွဲ၍ နှုတ်ဆက်လိုက်၏။ သို့ရာတွင် သူတို့ နှစ်ယောက်စလုံးသည် ထိုင်ရာမှ မထကြပါ။

ဒေးဗစ်နှင့် ကယ်လီ ပြန်ထိုင်လိုက်ကြပြီးသောအခါ ချားလ်စ်ကယ်လီက စပြောလိုက်၏။

"ကျုပ်က တဲ့တိုးကြီးပဲ ပြောရလိမ့်မယ်။ ခင်ဗျားက ဂျိုနသန်အကင်းစ်ကို ကုသပေးနေတုန်း သူနာပြုဘက်ဆိုင်ရာ အသုံးချမှု ညှိနှိုင်းရေးမှူးက လှမ်းခေါ်လိုက်လို့ ခုလို ကျုပ်တို့ ချက်ချင်း ရောက်လာကြတာပဲ။ ကုသမှုဆိုင်ရာ အသုံးချမှုကို ထိန်းချုပ်ထားရေးဟာ တကယ့် အဓိကအချက်ပဲ။ အခု ကျုပ်တို့က ဝင်ရောက် စွက်ဖက်ဖို့ လိုလာပြီလို့ ယူဆတယ်။ ခင်ဗျားက ဆွေးနွေးညှိနှိုင်း အကြံဉာဏ်တောင်းမှုတွေ၊ အထူးသဖြင့် စီအမ်ဗွီမိသားစုမှာ မပါတဲ့ ဆရာဝန်ကြီးတွေနဲ့ ညှိနှိုင်းတာ သိပ်များနေ





တယ်"

ဟယ်လင်ဘီတန်က ဝင်ပြောသည်။

"ဓာတ်ခွဲခန်းကို အသုံးပြုမှုတွေလည်း သိပ်များနေတယ်"

ကော့ဒ်ဝဲလ်ကလည်း ပြောလိုက်ပြန်၏။

"ရောဂါရှာဖွေရေးအတွက် စစ်ဆေးတာတွေလည်း သိပ်များလွန်းတယ်"

ဒေးဗစ်က သူ့အား သမားတော်ကြီး မဟုတ်သူ သုံးဦးက ဆေးဘက်ဆိုင်ရာ အသုံးစရိတ် ချွေတာရေးအတွက် ခုံရုံးဖွဲ့၍ စစ်ဆေးနေသလို ခံစားနေရသည်။ ကယ်လီက-

"ခု ခင်ဗျား ကုနေတဲ့ ပုဂ္ဂိုလ်ဟာ ဆီးကျိတ်ကင်ဆာရောဂါအတွက် ဆေးကုသမှု ခံယူခဲ့ရတဲ့ ပုဂ္ဂိုလ်ဆိုတာ သတိရစေချင်တယ်"

ဟု ပြောလိုက်၏။

ဘီတန်ကလည်း ပြောလိုက်သည်။

"ရှင့် ညွှန်ကြားချက်တွေက အရမ်း များလွန်းပြီး ဖြုန်းတီးရာ ရောက်နေတယ်"

ဒေးဗစ်က လေသံပျော့ပျော့နှင့် ပြောလိုက်၏။

"ကျွန်တော်က လူနာကို ပိုပြီး အသားပေးပါတယ်"

"ရှင့်သဘောထားကို ကျွန်မတို့ ချီးကျူးပါတယ်။ ဒါပေမယ့် ကျွန်မတို့က လူနာတွေ အားလုံးအပေါ်မှာ သစ္စာရှိရမှာရှင့်။ လူတိုင်းကိုတော့ အစစအရာရာ ဆောင်ရွက်မပေးနိုင်ဘူးပေါ့ရှင်။ ပစ္စည်းအကန့်အသတ်ပေါ်မှာ မူတည်ပြီး သဘာဝကျကျ အဆုံးအဖြတ် ပေးရမှာပဲ"

ဒေးဗစ်ခမျာ မည်ကဲ့သို့ ပြန်ပြောရမည်ကို မသိတော့ပါ။

"ဒီကေ့စ်မှာ ကျုပ် စိတ်ပူနေတာကတော့ လူမသိသေးတဲ့ ကူးစက်နာတစ်မျိုးကို လိုက်ရှာနေတာပါ။ တကယ်လို့ ကူးစက်နာ ဖြစ်နေပြီဆိုရင် အဲဒီ ရောဂါကို မရှာနိုင်ရင်တော့ အကြီးအကျယ် ဒုက္ခဖြစ်ကြမှာပဲ"

ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး သုံးယောက်စလုံး အဖြေမပေးတတ်ပါ။ သူတို့ နားလည်းမလည်ကြပါ။ ဤတွင် ချားလ်စ်ကယ်လီက ဒေါက်တာ မာတင်ဟက်ဆယ်ဘမ်းနှင့် ဒေါက်တာ မိုင်းစလစ်ချ်တို့ကို ပြန်ခေါ်လိုက်သည်။ ထို့နောက် ဒေါက်တာ ဟက်ဆယ်ဘမ်းအား ဒေးဗစ်၏ ယခင် လူနာသုံးယောက်နှင့် လက်ရှိလူနာ ဂျိုနသန်အကင်းစ်တို့သည် လူမသိသေးသော ကူးစက်ရောဂါ တစ်ခုခု ဖြစ်နိုင်ပါသလားဟု မေးလိုက်၏။

ဒေါက်တာ ဟက်ဆယ်ဘမ်းက မဖြစ်နိုင်ဟု ယုံကြည်ကြောင်း ပြောလိုက်သည်။

ဒေါက်တာ ကယ်လီက ယခုလို ရောဂါရှာဖွေရေးအတွက် စစ်ဆေးနေမှုများသည် ယခုအချိန်တွင် လိုအပ်ပါသလားဟု မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ ပိုင်းလ်စလစ်ချ်နှင့် ဒေါက်တာ ဟက်ဆယ်ဘမ်းတို့ တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်ကြပြီး ၎င်းသာ ဆိုပါက ခဏဆိုင်းထားပြီး စောင့်ကြည့်ဦးမည်။ လူနာသည် နံနက်ခင်းတွင် ပြန်ကောင်းလာနိုင်သည်ဟု ဒေါက်တာ ဟက်ဆယ်ဘမ်းက ဖြေလိုက်သည်။ ဒေါက်တာ ပိုင်းလ်စလစ်ချ်ကလည်း ထိုအဆိုကို သဘောတူလိုက်လေ၏။ ချားလ်စ်တယ်လီက ပြောလိုက်သည်။

"ကဲ ဒါဆိုရင် ကျုပ်တို့အားလုံး သဘောတူညီမှု ရကြပါပြီ။ ကဲ ဒေါက်တာ ဝီလ်ဆင်ကရော ဘယ်လိုလဲ"

သူတို့ လူချင်းခွဲလိုက်ကြ၏။ ဒေါက်တာ ဒေးဗစ်ဝီလ်ဆင်သည် စိတ်ရှုပ်ထွေးသွားပြီး အရှက်ရသလို ခံစားလိုက်ရသည်။ ဒေးဗစ်သည် စိတ်ဓာတ်လည်း ကျဆင်းသွားသည်။ ဒေးဗစ်က သူနာပြုဆရာမများ၏ ရုံးခန်းသို့ သွားရောက်ပြီး ဂျိုနသန်အတွက် သူ ရေးပေးထားသော ညွှန်ကြားချက်များကို ပယ်ဖျက်ပစ်လိုက်သည်။

ဒေးဗစ်က ဂျိုနသန်အကင်းစ်နှင့် သွားတွေ့လိုက်၏။ ဂျိုနသန်အကင်းစ်က နည်းနည်း နေကောင်းလာတယ်ဟု ထင်ကြောင်း ဖြေလိုက်သည်။

ဒေးဗစ် ရင်ခွဲသည့်အခန်းသို့ ပြန်ရောက်လာသောအခါ အချိန်ကိုက်ပင် ဖြစ်နေသည်။ အင်ဂျယ်လာက သန့်ရှင်းရေးပင် ပြန်လုပ်နေလေပြီ။ သူက ကူညီပြီး အလောင်းကို ရေခဲတိုက်သို့ ပြန်ပို့လိုက်လေ၏။

အင်ဂျယ်လာက အလောင်းကို ရင်ခွဲ၍ ရှာသော်လည်း ဘာကိုမှ မည်မည်ရရ မတွေ့ရကြောင်း၊ အဆုတ်ရောင်ရောဂါ ရရှိနေသည်ကိုသာ တွေ့ရကြောင်း ပြောလိုက်သည်။ အဆုတ်ရောင်ရောဂါ ရှိနေကြောင်း ဒေးဗစ် သိပြီး ဖြစ်ပါသည်။

သူတို့ ကားမောင်းပြီး ပြန်လာကြစဉ် ဒေးဗစ်တစ်ယောက် စိတ်ဓာတ်ကျနေကြောင်း အင်ဂျယ်လာက ခံစားလိုက်ရသည်။ အိမ်သို့ ရောက်သောအခါ အင်ဂျယ်လာက ပြောလိုက်၏။

"ရှင်က ရင်ခွဲပြီး စစ်ဆေးတာတောင် ဘာမှ မတွေ့ရလို့ စိတ်ဓာတ်ကျနေတယ်နဲ့ တူတယ်"

"အဲဒါလည်း ပါတာပေါ့ကွာ"

ထို့နောက် ဒေးဗစ်က သူ့ကို သုံးဦးပါသော အဖွဲ့က စစ်ဆေးခဲ့ကြောင်း ပြောပြလိုက်ရာ အင်ဂျယ်လာ အကြီးအကျယ် ဒေါပွသွားတော့သည်။ ဒေးဗစ်က-

"ကိုယ်လည်း မပြောတတ်တော့ဘူးကွာ၊ ဆေးကုသမှုအတွက် ကုန်ကျစရိတ်က သိပ်များလွန်းလို့ ပြဿနာ ဖြစ်နေတယ်ဆိုတော့ တစ်နည်းပြောရရင် သူတို့လုပ်ပုံက မှန်သလိုလိုပဲ။ ဒါပေမယ့် လူနာတစ်ယောက်ချင်းဆီအထိ လိုက်ကြည့်တယ်ဆိုတော့ ရှုပ်ကုန်တာပေါ့။ ပြီးတော့လည်း





အကြံပေးတဲ့ သမားတော်ကြီးတွေက အုပ်ချုပ်ရေးမှူးတွေဘက်က ရပ်တည်ခဲ့ကြတယ်လေ"

ညစာ စားသောအခါ ဒေးဗစ်သည် စားချင်စိတ် မရှိဘဲ ဖြစ်နေသည်။ ပို၍ ဆိုးသောကိစ္စမှာ နစ်ကီက နေထိုင်မကောင်း ဖြစ်သည်ဟု ပြောဆိုလာခြင်းပင် ဖြစ်သည်။

ည (၈)နာရီတွင် နစ်ကီ ရင်ကျပ်စ ပြုလာသဖြင့် အင်ဂျယ်လာက နစ်ကီကို အပေါ်ထပ်သို့ ခေါ်သွားပြီး အသက်ရှူ ရှုပကုထုံးနှင့် ကုပေးခဲ့ရသည်။ နစ်ကီကို ကုပေးပြီးသောအခါ မိသားစု နားနေခန်းထဲ၌ ထိုင်နေသော ဒေးဗစ်သည် ရုပ်မြင်သံကြားကို ဖွင့်ထားသော်လည်း မကြည့်ဘဲ မီးလင်းဖိုကိုသာ စိုက်ကြည့်နေကြောင်း တွေ့လိုက်ရလေ၏။

အင်ဂျယ်လာက-

"မနက်ဖြန်ကျရင် နစ်ကီကို ကျောင်းမလွှတ်ဘဲထားမှ ကောင်းလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်၏။ ဒေးဗစ်က အဖြေ မပေးပါ။

ထိုအခိုက်အတန့်တွင် အင်ဂျယ်လာသည် သူ့အနေနှင့် နစ်ကီနှင့် ဒေးဗစ် မည်သည့်အတွက် ပို၍ စိတ်ပူရမည်နည်းဟု ဝေခွဲ၍ မရအောင် ဖြစ်သွားရလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၁၉)

အောက်တိုဘာလ ၂၅ ရက်၊ တနင်္လာနေ့

နိုးစက် မြည်လာချိန်တွင် အင်ဂျယ်လာ မျက်စိကို ဖွင့်ကြည့်လိုက်၏။ သူ့နံဘေးတွင် ဒေးဗစ်ကို မတွေ့ရသောကြောင့် စိတ်ပျက်သွားမိသည်။

အင်ဂျယ်လာ အောက်ဆင်းသွားသောအခါ ဒေးဗစ်ကို မိသားစု နားနေခန်းထဲ၌ တွေ့ရတော့သည်။ ဒေးဗစ်က သူသည် နံနက် လေးနာရီကစ၍ နိုးနေသော်လည်း နေထိုင်၍ ကောင်းကြောင်း ခပ်ယဲ့ယဲ့ကလေး ပြုံး၍ ပြောလိုက်သည်။

အင်ဂျယ်လာသည် ဒေးဗစ်အတွက် စိတ်ပူမိသော်လည်း နစ်ကီ၏ အသက်ရှူမှု အနေအထား ကောင်းမွန်နေသောကြောင့် ကျေနပ်မိပါ၏။

သူကိုယ်တိုင်ကမှု ဈေးဝယ်ပြီး အိမ်သို့ ပြန်ရောက်သောအခါ မီးဖိုထဲ၌ သွေးခြင်းခြင်း နီနေကြောင်း တွေ့ရသည်ဟူသော အိပ်မက်ဆိုးကြီးကို ညတုန်းက မက်ခဲ့သည်။

နစ်ကီအား အသက်ရှူ ရှုပကုထုံးနှင့် ကုသပေးပြီးနောက် အခြေအနေ ကောင်းသောကြောင့် ကျောင်းတက်ခွင့် ပြုလိုက်သည်။

ဒေးဗစ်ကလည်း ဘိုင်စကယ်စီး၍ ဆေးရုံသို့ သွားသည်။ အလုပ်လုပ်ရန် စိတ်စောနေသော အင်ဂျယ်လာက ဗောလ်ဗိုကားကို မောင်း၍ ဓာတ်ခွဲခန်းသို့ ထွက်ခွာလာခဲ့သည်။

ရုံးသို့ ရောက်သောအခါ အင်ဂျယ်လာက နှုတ်ဆက်လိုက်သော်လည်း ဝက်ဒလီက ဒေါသတကြီး ပြောလိုက်လေ၏။

"မင်း ဟောဒီ ဓာတ်ခွဲခန်းထဲမှာ လူသေကောင်ကို ရင်ခွဲခဲ့တယ်လို့ ကျုပ် သတင်းရတယ်"

"မှန်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မရဲ့ ကိုယ်ပိုင်အချိန်မှာ လုပ်တာပါ"

"မင်းရဲ့ ကိုယ်ပိုင်အချိန်မှာ လုပ်တာမှန်ပေမယ့် မင်းက ကျုပ်ရဲ့ ဓာတ်ခွဲခန်းထဲမှာ လုပ်ခဲ့တယ်။ မင်းကို ရင်ခွဲတာ မလုပ်ရဘူးလို့ ကျုပ်က တိတိကျကျ ပြောခဲ့ပြီးပြီ။ ကျုပ် ခွင့်ပြုချက် မရဘဲ မင်းက ဘာရင်ခွဲတာကို





မှ မလုပ်ရဘူး။ နောက်တစ်ချက်ကလည်း ဆလိုက်တွေ၊ မျိုးပွားထားတာတွေ၊ အဆိပ်နဲ့ ပတ်သက်တာတွေကို စစ်ဆေးမပေးရဘူးလို့ ညွှန်ကြားပြီးပြီ"

ဝက်ဒလီသည် တံခါးရွက်ကို ဆောင့်ပိတ်လိုက်ပြီး သူ့အခန်းထဲသို့ ဝင်သွားတော့သည်။ အင်ဂျယ်လာသည် သူကိုယ်သူ ပြန်ထိန်းနိုင်သည်နှင့် တစ်ပြိုင်နက် မေရီအန်းရှိလာ၏ ရုပ်ကလာပ်မှ ရယူထားသော တစ်သျှူးနမူနာများ၊ မျိုးပွားထားမှုများ၊ အဆိပ်သင့်မှုကို စစ်ဆေးရန် နမူနာများစသည်တို့ကို ပြန်ယူလိုက်ပြီးနောက် ဘော့စတွန်ရှိ သူ ဆည်းပူး သင်ကြားခဲ့သော နေရာသို့ ပို့လိုက်လေတော့သည်။ ထိုဌာနတွင် အင်ဂျယ်လာ၏ မိတ်ဆွေ သူငယ်ချင်းများ ရှိနေကြပါသေးသည်။ ၎င်းတို့၏ အကူအညီဖြင့် ဆလိုက်များကို သူကိုယ်တိုင် စစ်ဆေးနိုင်ပါလိမ့်မည်။

❖ ❖ ❖

လူနာများကို လိုက်ကြည့်နေသော ဒေးဗစ်သည် ဂျိုနသန်ကို နောက်ဆုံးကျမှ ဝင်ကြည့်သည်။ သူ အခန်းထဲသို့ ရောက်သည်နှင့် ချောက်ချားသွားရတော့သည်။ ခုတင်ပေါ်၌ မည်သူမျှ ရှိမနေပါ။

ဒေးဗစ်က သူနာပြုဆရာမများ၏ ရုံးခန်းသို့ လိုက်သွားသောအခါ မစ္စတာ ဂျိုနသန်အကင်းစ်သည် ညတုန်းက အသက်ရှူကျပ်လာပြီး သတိမေ့သွားသောကြောင့် အရေးပေါ်မှ ဆရာဝန်များက အသည်းအသန် လူနာများကို ပြုစုသော အခန်းသို့ ပို့လိုက်ကြောင်း၊ ထိုကဲ့သို့ ဖြစ်ပွားလာပါက ဒေးဗစ်ကို မခေါ်ရန် မိုက်ကယ်ကော့ဒ်ဝဲလ်က ညွှန်ကြားထားကြောင်း သိရတော့သည်။

ဒေးဗစ်က အသည်းအသန် လူနာခန်းသို့ သွား၍ ဂျိုနသန်ကို ကြည့်လိုက်၏။ ဂျိုနသန်သည်လည်း ဒေးဗစ်၏ ယခင် လူနာသုံးယောက်ပုံစံ အတိုင်း ဖြစ်နေကြောင်း သူ တွေ့ရတော့သည်။

သူက ဟယ်လင်ဘီတန်ထံ ဖုန်းဆက်ရန် ကြံရွယ်နေစဉ် ချားလ်စ်ကယ်လီက သူ့ထံသို့ ဖုန်းဆက်တော့သည်။ ချားလ်စ်ကယ်လီက ဂျိုနသန်အကင်းစ်အား အခြား ဆရာဝန်တစ်ဦးထံ လွှဲပြောင်းပေးလိုက်ကြောင်း၊ ဒေးဗစ်သည် လူနာနှင့် ပတ်သက်လာပါက အလွန်အမင်း စိတ်လှုပ်ရှားတတ်သောကြောင့် လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ဒေးဗစ်သည် စကားပြောခွက်ကို ပြန်ချိတ်လိုက်သော်လည်း သူ့စိတ်က မတင်မကျ ဖြစ်နေသည်။ သူ့ကို ထိုကော့စ်မှ ပြန်ရုပ်သိမ်းသည့်အတွက် ဒေါ အလွန်ပွနေသည်။ သို့ရာတွင် ချားလ်စ်ကယ်လီ ပြောသော စကားကလည်း မှန်သင့်သလောက် မှန်နေကြောင်း တုန်ယင်နေသော နှလုံးလက်များက သက်သေခံနေကြသည်။

သူသည် အသည်းအသန် လူနာဆောင်ထဲမှ ပြန်ထွက်လာချိန်၌ ဂျိုနသန်အကင်းစ်ကို လှည့်၍ပင် မကြည့်တော့ပါ။ ဒေးဗစ်သည် ဆေး

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ဟပ်ရုံးခန်းသို့ သွားရောက်ပြီး မာဂျော်ရီ၊ ဂျွန်တာလောနှင့် မေရီအန်းတို့၏ ဆေးမှတ်တမ်းများကို ပြန်စစ်ဆေးကြည့်လိုက်၏။ ဒေးဗစ်က သူ့လူနာများသည် အမျိုးအမည် မသိသော ကူးစက်နာကြောင့် သေဆုံးရခြင်း ဖြစ်သည်ဟု သူ့စိတ်ထဲက စွဲထင်နေဆဲပင် ဖြစ်သည်။

ဒေးဗစ်ကို အကြောင်းကြားသော ကိရိယာ (Pager) နှင့် လှမ်းဆက်သွယ်နေမှုကြောင့် ဒေးဗစ်က အရေးပေါ်ခန်းသို့ အပြေးအလွှား သွားရောက်ရတော့သည်။

ထိုလူနာမှာ ဒေးဗစ်ထံ မကြာခဏ လာရောက် ပြသနေသော ဒေါ်နယ်ဗင်ဒါဆင် ဆိုသူပင် ဖြစ်သည်။ သူ့ ဆီးချိုရောဂါသည် အလွန်ထိန်းသိမ်းရခက်သည်။ ယခုလည်း ဒေါ်နယ်အင်ဒါဆင်၏ သွေးထဲမှ သကြားပမာဏသည် အဆမတန် များနေသည်။ သူ တစ်စိတ်တစ်ဒေသ သတိလစ်နေသည်။

ဒေးဗစ်က သွေးထဲမှ သကြားကို စစ်ဆေးခိုင်းလိုက်သလို ချက်ချင်း အကြောဆေး သွင်းခိုင်းလိုက်၏။ သူက ဓာတ်ခွဲခန်းမှ အစီရင်ခံချက်ကို စောင့်နေစဉ် ဒေါ်နယ်အင်ဒါဆင်၏ဇနီး ရှာလီအင်ဒါဆင်နှင့် ဆွေးနွေးလိုက်သည်။ ဒေးဗစ်က ဒေါ်နယ့်ကို ဆေးရုံတင်ရန် လိုမည်ဟု ပြောလိုက်၏။ သို့ရာတွင် ဓာတ်ခွဲခန်းမှ ဆေးစစ်ချက် ရောက်လာသောအခါ ဒေါ်နယ်၏ သွေးထဲမှ သကြားသည် ဒေးဗစ်လောက်ပင် မများသောကြောင့် ဆေးရုံတက်ရမည်ဆိုသော သူ့စကားကို ပြင်ပြောလိုက်သည်။

ဒေးဗစ်က လူနာများကို စစ်ဆေးနေသော အခြား အခန်းတစ်ခန်းသို့ လှမ်းကြည့်လိုက်ရာ နစ်ကီ၏ သူငယ်ချင်း ကယ်ရိုလင်းဟမ်းမစ်စ်ဖို့ဒ်ကို ဒေါက်တာ ပီလ်စနာနှင့်အတူ တွေ့လိုက်ရတော့သည်။

ဒေါက်တာ ပီလ်စနာက ကယ်ရိုလင်းသည် အလွန် ရင်ကျပ်နေကြောင်း၊ အဖျားဒီဂရီလည်း မြင့်မားနေကြောင်း၊ ကယ်ရိုလင်းကို ဆေးရုံတင်ရလိမ့်မည် ဖြစ်ကြောင်း ပြောပြလိုက်သည်။

အသက်ကို ခက်ခက်ခဲခဲ ရှူနေရရှာသော ကယ်ရိုလင်းအား လှမ်းကြည့်ရင်း နစ်ကီအတွက် သောက ဖြစ်မိပြန်၏။ နစ်ကီသည်လည်း စစ်စတစ် ဖိုင်ဘရိုးဆစ်ရောဂါ ဖြစ်လာပါက ဤခုတင်ပေါ်သို့ ရောက်နေလိမ့်မည်သာတည်း။

❖ ❖ ❖

အင်ဂျယ်လာထံ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာနမှ အကြီးအကဲ ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးက တယ်လီဖုန်းဆက်၍ ဟော့ချ်၏ မျက်စိနှင့်ဆိုင်သော အရည်ထဲတွင် အယ်လ်ကိုဟော အတော်များများ ရှိနေကြောင်း၊ ဟော့ချ်၏ လက်သည်းခွံအောက်မှရသော အရေပြားများ၏ ဒီအင်အေသည် ဟော့ချ်၏ ဒီအင်အေနှင့် မတူသဖြင့် ဟော့ချ်ကို သတ်သူ၏ ဒီအင်အေ ဖြစ်သည်မှာ သေချာကြောင်း ပြောပြလိုက်သည်။





အင်ဂျယ်လာက အရေပြားထဲမှ မီးသွေးအမှုန့်ကလေးများအကြောင်း ထပ်မေးလိုက်၏။ ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးက ထိုကိစ္စကို သိပ်မတွေးမိတော့ကြောင်း၊ သို့ရာတွင် ထိုမီးသွေးအမှုန့်များသည် အရေပြားအပေါ်ယံလွှာတွင် မရှိဘဲ အရေပြားအောက်တွင် ရှိနေကြောင်း ခဲတံနှင့် ထိုးမိပြီး အသားထဲတွင် ခဲဆန်မြုပ်ပြီး ကျန်ရစ်သကဲ့သို့ အနာဟောင်း ဖြစ်ဖွယ်ရှိကြောင်း၊ သူ့လက်ထဲတွင်လည်း ခဲအဆန်တစ်ခု ရှိနေသေးကြောင်း ပြောလိုက်သည်။

အင်ဂျယ်လာကလည်း သူ့လက်ဖဝါးထဲမှာပင် မြုပ်နေသော ခဲအဆန်တစ်ခု ရှိနေကြောင်း ပြန်ပြောလိုက်၏။ အင်ဂျယ်လာက နောက်ထပ်အကြောင်းထူးလျှင် သူ့ကို အသိပေးဖို့ မေတ္တာရပ်ခံလိုက်သည်။

ထို့နောက် ဖီးလ်ကော်လ်ဟွန်းအား သူက စရန်ပေးပြီးသည့် နောက်ပိုင်းတွင် ကော်လ်ဟွန်းက သူ့ထံသို့ တစ်ခါမျှ ပြန်မဆက်သွယ်သေးကြောင်း တွေးမိပြန်သည်။ ဟော့ချ်နှင့် ဖီးလ်ကော်လ်ဟွန်းတို့အကြောင်း တွေးမိရာမှ ညပိုင်းတွင် ဒေးဗစ်တစ်ယောက် အိမ်၌ ရှိမနေသည့်အခါ ဘေးရန်မှ မလုံခြုံကြောင်း သူ တွေးမိပြန်လေ၏။

အင်ဂျယ်လာက နေ့လယ်စာစားရန် အချိန်ရောက်ကြောင်း သိရသဖြင့် ကားဆီသို့ ထွက်လာခဲ့လေ၏။ ဘတ်တလက်တွင် အားကစားပစ္စည်း အရောင်းဆိုင် မရှိသော်လည်း စတာလီ၏ ကုန်မာဆိုင်တွင် သေနတ်အမျိုး စုံလင်စွာ ရှိနေလေသည်။

အင်ဂျယ်လာသည် မစ္စတာ စတေလီနှင့် တိုင်ပင်၍ (၁၂)ဗို့ တစ်လုံးထိုး သေနတ်တစ်လက်ကို ဝယ်ဖြစ်သွားတော့သည်။ မော်တော်ကားဆီသို့ ပြန်လာသောအခါ မစ္စတာ စတေလီက သေနတ်ကို မနီလာစက္ကူအညိုနှင့် ထုပ်ပေးလိုက်သည့်တိုင်အောင် သေနတ်မှန်း သိသာနေသည့်အတွက် မလုံမလဲ ဖြစ်ရသေးသည်။ သူက သေနတ်ကို မော်တော်ကား နောက်ဘက်ရှိ အံဖုံးထဲတွင် ထည့်လိုက်ပြီးနောက် ရဲဌာနဘက်သို့ လှမ်းကြည့်လိုက်မိ၏။

အင်ဂျယ်လာသည် ရောဘတ်ဆန်နှင့် ထိပ်တိုက်တိုးပြီးသည့်နောက်ပိုင်း၌ သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားနေရသည်။ အင်ဂျယ်လာက ရဲဌာနဘက်သို့ လျှောက်သွားပြီး ရောဘတ်ဆန်နှင့် တွေ့ခွင့်တောင်းလိုက်သည်။

ဆယ်မိနစ်ကြာမှ တွေ့ခွင့်ရပါ၏။ အင်ဂျယ်လာက ယမန်နေ့က ကိစ္စအတွက် တောင်းပန်ဖို့ လာခဲ့ကြောင်း ပြောလိုက်၏။

စိတ်ရှုပ်ထွေးသွားပုံရသော ရောဘတ်ဆန်က ပြန်ပြောလိုက်သည်။

"ကျုပ်က ဟော့ချ်အတွက် ဝမ်းနည်းပါတယ်ဗျာ။ အမှု ဆက်ဖွင့်ထားပါတယ်။ တစ်ခုခု တွေ့လာရရင် ခင်ဗျားကို အသိပေးပါ့မယ်"

"ဒီကနေ့မနက် အမှုနဲ့ ပတ်သက်ပြီး တစ်ခုခု သိလာရတယ်ရှင်"


www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အင်ဂျယ်လာက လူသတ်သမား၏ လက်မောင်းတွင် ခဲတံနှင့် ခဲအဆန် နှစ်ပြုပ်နေနိုင်ကြောင်း ရှင်းပြလိုက်၏။ အင်ဂျယ်လာ ပေပင် အင်္ဂလန်နိုင်ငံရှိ မြို့ငယ်ကလေး တစ်မြို့တွင် မုဒိမ်းသမားကို ရှာဖွေရာ၌ တစ်မြို့လုံးရှိ တရားခံကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဤနည်းကို သုံးပါဟု မပြောလိုကြောင်း၊ သို့ရာတွင် ဒီအင်အေ လက်ဗွေရာ နည်းလမ်းရှိကြောင်းကိုမူ သိစေလိုကြောင်း ရှင်းပြလိုက်သည်။

ရောဘတ်ဆန်က ကျေးဇူးတင်စကား ပြောလိုက်ပြီးနောက် အင်ဂျယ်လာ ပြန်ထွက်သွားသည်ကို ကြည့်နေလိုက်သည်။ အင်ဂျယ်လာ ကားပေါင်း၍ ထွက်သွားချိန်တွင် ရောဘတ်ဆန်က တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ပြီး တစ်နေရာသို့ ဆက်သွယ်လိုက်လေ၏။

"ခင်ဗျားကတော့ ဒီကိစ္စကို ယုံမှာ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီ ဘမျိုးသမီးက အမဲရိုးရတဲ့ခွေးလို လိုက်ပြီး စုံစမ်းနေတုန်းပဲဗျို့"

အင်ဂျယ်လာသည် ရောဘတ်ဆန်ကို သူ ပြောချင်တာတွေ ပြောလိုက်ရသည့်အတွက် ရင်ပေါ့သွားသည်။ သို့ရာတွင် ရောဘတ်ဆန်ထံ၌ ဟော့ချ် လူသတ်မှုကို စုံစမ်းလိုစိတ် တစ်ရွေးသားပင် မရှိကြောင်း သူသိသည်။

ဆေးရုံသို့ ပြန်ရောက်သောအခါ ဆရာဝန်များအတွက် သီးသန့်သတ်မှတ်ပေးထားသော နောက်ဘက်ဝင်ပေါက်နှင့် နီးနီး ကားရပ်ရန်နေရာတွင် နေရာမရှိတော့သဖြင့် အပေါ်ဘက် မော်တော်ကားရပ်ရန်နေရာသို့သွား၍ အစွန်ဆုံးထောင့်တွင် ရပ်ထားရတော့သည်။ ထိုနေရာမှနေ၍ ဆေးရုံ အဆောက်အအုံဆီသို့ ပြန်ရောက်အောင် ငါးမိနစ်ကြာလမ်းလျှောက်ခဲ့ရသည်။ ဒီကနေ့ ငါ့အတွက် တယ်မဟန်ပါကလားဟု အင်ဂျယ်လာက တွေးရင်း ဆေးရုံထဲသို့ ပြန်ဝင်ခဲ့လေ၏။

❈ ❈ ❈

လွန်ခဲ့သောနှစ်ကမှ အဆောက်အအုံ ဆောက်လုပ်ရေး ကော်မတီဝင်တစ်ဦး ဖြစ်လာသော နက်ဒ်ဘင့်စ်အား ထရေနာက ယခု ဆောက်လုပ်မည့် မော်တော်ကားရပ်ရန်နေရာ အဆောက်အအုံသည် မြို့ဘက်မှ လှမ်းမမြင်နိုင်ကြောင်း တယ်လီဖုန်းထဲမှ တောင်းတောင်းပန်ပန် ရှင်းပြနေစဉ် ဖီးလ်ကော်လ်ဟွန်းဆိုသူ ရောက်ရှိလာလေသည်။

ထရေနာက ထိုပုဂ္ဂိုလ်ကို မြင်ဖူးသလိုလို ရှိသည်ဟု ထင်မိသော်လည်း ရုတ်တရက် မမှတ်မိဘဲ ရှိနေသည်။ ကော်လ်ဟွန်းက သူသည် ပြည်နယ်ရဲအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း ပြောမှ မှတ်မိလာတော့သည်။

"ကျုပ် မှတ်မိပြီ၊ ခင်ဗျားက ပရဆေးဆိုင်က ဟာလီစထရွန်းဘဲလ်ရဲ့ ညီပဲ"

ကော်လ်ဟွန်းက ပြောလိုက်၏။





"ကျုပ်က ဒေါက်တာဟောဒ့်ချ်နဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး မေးချင်လို့ပါ"

"ခုကိစ္စက ခင်ဗျားကို ငှားထားလို့လား"

ကော်လ်ဟွန်းက မဖြေလိုသော်လည်း ထရေနာက အတင်းအကျပ်မေးသဖြင့် မိသားစုက ဒေါက်တာဟောဒ့်ချ် ရက်ရက်စက်စက် အသတ်ခံရသည့်ကိစ္စတွင် မည်သူ၌ တာဝန်ရှိသည်ကို သိလိုကြောင်း ပြောပြလိုက်သည်။

ကော်လ်ဟွန်းက ဟောဒ့်ချ်ကို မနှစ်မြို့က်သော ပုဂ္ဂိုလ်များ၏ စာရင်းကို သူ ပြုစုထားကြောင်း၊ ထိုစာရင်းတွင် ဖြည့်စွက်ရန် ရှိမရှိ မေးရာ မြို့နေလူထု တစ်ဝက်လောက်ကို ဖြည့်စွက်ရမည်ဖြစ်ကြောင်း ထရေနာက ဖြေလိုက်၏။

ကော်လ်ဟွန်းက မေးသဖြင့် ထိုနေ့က ဒေါက်တာဟောဒ့်ချ်သည် ထရေနာတို့၏ အစည်းအဝေးခန်းထဲသို့ မူးရူးပြီး ဒေါသတကြီးနှင့် ရောက်ရှိလာကြောင်း၊ သူ့လက်ထဲတွင် သူ့လူနာဟောင်း အချို့၏ ဆေးမှတ်တမ်း အချို့ တစ်ဝက် ပါရှိလာကြောင်း၊ ထိုမှတ်တမ်းများကို ထရေနာက ယူမကြည့်လိုက်ဘဲ နောက်နေ့ နေ့လယ်စာစားသည့် အချိန်ကျမှ ဆွေးနွေးပြောဆိုကြရန် စီစဉ်ခဲ့ကြောင်း၊ ဒေါက်တာဟောဒ့်ချ်သည် ဆေးရုံအုပ်ချုပ်ရေးမှူး အသစ် ဟယ်လင်ဘီတန်ကိုလည်း မကြာခဏ နှောင့်ယှက်လေ့ရှိကြောင်း၊ ထိုနေ့ညက သူတို့လူစုသည် ဒေါက်တာဟောဒ့်ချ်နှင့် သံမဏိမြင်း စားသောက်ဆိုင်၌ နောက်တစ်ကြိမ် ဆုံကြပြန်ကြောင်း၊ ဒေါက်တာဟောဒ့်ချ်သည် စားသောက်ဆိုင်တွင် ရောဘတ်ဆန်ရှားဝုဒ်တို့နှင့် စကားများကြသေးကြောင်း သိရတော့သည်။

ထရေနာက ကော်လ်ဟွန်းအား မည်သူတွေနှင့် မေးမြန်းစုံစမ်းပြီးပြီနည်းဟု မေးရာ လေးငါးယောက်နှင့် တွေ့ဆုံမေးမြန်းခဲ့ကြောင်း ပြန်ဖြေသည်။ ဆေးရုံက ရောဂါဗေဒဌာနနှင့် ဓာတ်မှန်ဌာနတို့ကို လွှဲပြောင်းရယူလိုက်သဖြင့် ဒေါက်တာ ကန်တာကလည်း ဟောဒ့်ချ်အပေါ်တွင် မကျေနပ်ကြောင်း ပေါ်ပေါက်လာသည်။ ကော်လ်ဟွန်းက ထရေနာကို မေးလိုက်၏။

"ခင်ဗျားလည်း ခင်ဗျားရဲ့ ညီမကြောင့် ဒေါက်တာဟောဒ့်ချ်ကို မနှစ်မြို့က်ဘူးဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ အဲဒါကို လျှို့ဝှက်မထားပါဘူး။ ဒေါက်တာဟောဒ့်ချ်က ကျုပ်ညီမ ဆန်နီရဲ့ ခင်ပွန်းကို ဆေးရုံမှာ ဆေးကုသခွင့် ရုပ်သိမ်းလိုက်တဲ့အတွက် ဆန်နီက သူ့ကိုယ်သူ သတ်သေသွားပါတယ်"

"အဲဒီကိစ္စအတွက် ခင်ဗျားက ဟောဒ့်ချ်ကို အပြစ်တင်တယ်ပေါ့လေ"

"အခုထက် ဟိုတုန်းကတော့ ပိုပြီး အပြစ်တင်မိပါတယ်။ ဆန်နီ့ခင်ပွန်းက ယစ်ထုပ်ကြီးဗျ။ သူက လူတွေကို ဒုက္ခမပေးနိုင်ခင် ဒေါက်တာဟောဒ့်ချ်က ဆေးကုသခွင့်ကို ရုပ်သိမ်းပစ်သင့်တာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး မေးခွန်းကို မေးပါရစေ။ ဒေါက်တာဟော့ချ် သတ်တဲ့ လူကို ခင်ဗျား သိပါသလား"

ထရေနာက ရယ်ပြီး ခေါင်းခါလိုက်၏။

"ကျုပ် မသိပါဘူးဗျာ၊ စိတ်လည်း မဝင်စားပါဘူး။ ကျုပ် စိတ်ဝင်စားတာက ဆေးရုံကို မထိခိုက်စေဖို့ပဲ။ ခင်ဗျားက တရားခံကို ရှာတွေ့ပြီး အဲဒီ တရားခံကလည်း ဆေးရုံနဲ့ ပတ်သက်နေတယ် ဆိုရင်တော့ ဆေးရုံ သိက္ခာမကျအောင် တစ်ခုခု ကြိုလုပ်နိုင်ဖို့အတွက် ကျုပ်ကို ကြိုပြီး အသိပေးပါဗျာ။ ကျုပ်တို့က အခြားကိစ္စ တစ်ခုမှာလည်း အဲဒီလို ပြဿနာမျိုးနဲ့ ကြုံတွေ့နေရတယ်"

"မှတ်ထားပါ့ တောင်းဆိုချက်ပါပဲ"

ကော်လ်ဟွန်း ပြန်သွားသောအခါ ထရေနာက ဘော့စတွန်ရှိ ကလာရာဟော့ချ်ထံ ဖုန်းဆက်ပြီး အလွတ်စုံထောက် ဖီးလ်ကော်ဟွန်းကို ငှားရမ်းထားခြင်း ရှိမရှိ မေးလိုက်၏။ ကလာရာက မည်သူ့ကိုမျှ ငှားရမ်းထားခြင်း မရှိကြောင်း ပြောလိုက်သည်။

ထရေနာက စကားပြောခွက်ကို ပြန်ချပြီး သက်ပြင်းချလိုက်လေ၏။ ပြဿနာတွေ နောက်ထပ် ပေါ်လာလိမ့်ဦးမည်ဟု သူ သိနေသည်။ ဟော့ချ်သည် သေသွားသည့်တိုင်အောင် ကျိန်စာ တိုက်နေဆဲပင်တည်း။

❋ ❋ ❋

ဒေးဗစ်သည် နောက်ဆုံး လူနာကို စစ်ဆေးလိုက်၏။ ထိုလူနာမှာ ဒုတိယထပ်မှ သူနာပြုဆရာမ ဗီဘာလီဟော့ပ်ကင်းစ်ပင် ဖြစ်သည်။ သူသည် တုပ်ကွေးမိသလို ဖြစ်နေသောကြောင့် ရောက်ရှိလာခြင်း ဖြစ်သည်။ သူ၏ ရောဂါလက္ခဏာများသည် ဒေးဗစ်ထံ ရောက်ရှိလာသော အခြားသူနာပြုဆရာမများ၏ ရောဂါလက္ခဏာများနှင့် တူနေသည်။ သူက ဆေးပေးပြီး အနားယူရန် ပြန်လွှတ်လိုက်သည်။

ဒေးဗစ်သည် ရုံးခန်းမှ လူနာများကို စစ်ဆေး၍ အပြီးတွင် ဆေးရုံတင်ထားသော လူနာများကို လှည့်လည်ကြည့်ရှုရန် ထွက်လာခဲ့၏။ လမ်းတွင် ယနေ့အထိ တုပ်ကွေးမိနေသူများမှာ သူနာပြုဆရာမများသာ ဖြစ်ကြောင်း၊ ထိုဆရာမများသည် ခွဲစိတ်ခန်းနှင့် အရေးပေါ်ခန်းတို့မှ သူနာပြုဆရာမများ မဟုတ်ကြဘဲ ဒေးဗစ်၏ လူနာများကို ထားရှိသော ဒုတိယထပ်မှ သူနာပြုဆရာမများသာ ဖြစ်နေကြောင်း တွေးလိုက်မိတော့သည်။

ဒေးဗစ်က ထိုရောဂါနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေ အမျိုးမျိုးကို စဉ်းစားတွေးတောခဲ့သည်။ အဆိပ်တစ်မျိုးမျိုးကြောင့်လည်း ဖြစ်နိုင်သည်။ ထိုကိစ္စကိုမူ မေရီအန်းရှီလာ၏ အလောင်းမှ အဆိပ်နှင့် ပတ်သက်သော ဆေးစစ်ချက်ကို ရရှိသည်အထိ သူ စောင့်ရန် ဆုံးဖြတ်လိုက်၏။

ဒေးဗစ်သည် ဆေးရုံတက်နေသော သူ့လက်ကျန် လူနာများ၏ အခြေအနေကောင်းကြောင်း တွေ့လိုက်ရသဖြင့် အင်ဂျယ်လာထံ သွား





ရောက်ခဲ့သည်။ အင်ဂျယ်လာက မေးလိုက်၏။

"ရှင် အလုပ်ပြီးပြီလား၊ ဂျိုနသန်အကင်းစ်တို့ အခြေအနေ ဘယ်လိုလဲ"

"ခဏ နားတာပါ၊ သူ့ကိစ္စကို နောက်မှပဲ ပြောတော့မယ်"

အင်ဂျယ်လာက သူ့ကို စေ့စေ့စပ်စပ် အကဲခတ်လိုက်၏။

"အားလုံး အခြေအနေ ကောင်းပါရဲ့"

"မကောင်းဘူး၊ ဒါပေမယ့် ကိုယ်က ခုလောလောဆယ်မှာ မပြောချင်ဘူး"

အင်ဂျယ်လာသည် သူ့နေရာမှ ထလာပြီး နံနက်ပိုင်းက ဝက်ဒလီသည် အင်ဂျယ်လာက လူသေအလောင်းကို ရင်ခွဲ၍ စစ်ဆေးမှုအတွက် အကြီးအကျယ် ဆူပူကြိမ်းမောင်းခဲ့ကြောင်း၊ ပြဿနာမှာ နမူနာများကို ခွဲစိတ်ခန်းတွင် လေ့လာစမ်းသပ်ခွင့် မပြုခြင်းပင် ဖြစ်ကြောင်း ပြောပြလိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ခွကျတာပဲ၊ ကိုယ်က အဆိပ်နဲ့ ပတ်သက်ပြီး စစ်ဆေးကြည့်စေချင်တာ"

"အဲဒါကို စိတ်မပူပါနဲ့ရှင်၊ ကျွန်မက အဲဒါတွေကို ဘော့စတွန်ကို ပို့လိုက်ပါပြီ။ ကျွန်မကိုယ်တိုင် ဆလိုက်တွေကို စစ်ဆေးကြည့်မှာပါ။ ဒီကနေ့ညပဲ စစ်ဆေးကြည့်မယ်လေ၊ ရှင်က ရှင်နဲ့ နစ်ကီအတွက် ညစာချက်ပေးပါနော်"

ဒေးဗစ်က သူ ချက်မည်ဖြစ်ကြောင်း ပြောပြီး ပြန်သွားတော့သည်။ အိမ်ပြန်ရောက်သောအခါ ဒေးဗစ်က အဲလစ်ဒိုဟာတီကို အိမ်ပြန်ပို့လိုက်ပြီး နစ်ကီနှင့်သူ ခြံထဲတွင် အလုပ်လုပ်နေကြသည်။ မှောင်မှ အိမ်ထဲသို့ ပြန်ဝင်လာကြ၏။

ညစာ စားပြီးကြသောအခါ ဒေးဗစ်က ကယ်ရိုလင်း ဆေးရုံတက်နေရကြောင်း နစ်ကီ့ကို ပြောပြလိုက်သည်။ နစ်ကီက သူ့သူငယ်ချင်းကို သွားရောက် ကြည့်ရှုလိုကြောင်း ပြောသော်လည်း ဒေးဗစ်က ဘာရောဂါ ဖြစ်နေသလဲဆိုတာကို သိမှ သွားသင့်ကြောင်း ချော့မော့ ပြောဆိုထားရသည်။

နစ်ကီ အိပ်ပျော်သွားသောအခါ ဒေးဗစ်က သူ ဆေးတက္ကသိုလ်တက်စဉ်က လေ့ကျက်မှတ်သားခဲ့ရသော ဆေးပညာ စာအုပ်ကြီးကို ဖွင့်၍ ကူးစက်ရောဂါများအကြောင်း ပြန်လည် ဖတ်ရှုနေလိုက်သည်။ သူသည် စာဖတ်ရင်း အိပ်မပျော်ခဲ့ရသည်မှာ ကြာပြီဟု တွေးမိရင်း ရယ်လိုက်မိလေ၏။

သူက မီးလင်းဖိုပေါ်မှ နာရီကို လှမ်းကြည့်လိုက်ရာ ည (...)နာရီ ကျော်ပြီဖြစ်ကြောင်း တအံ့တသြ တွေ့လိုက်ရ၏။ အင်ဂျယ်လာ(က) ပြန်မရောက်သေးသဖြင့် ဒေးဗစ်က တယ်လီဖုန်းနှင့် လှမ်းဆ(က်)(သ)ွယ်လိုက်ရာ အလုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း၊ တစ်နာရီအတွင်း (ပြ)န်ရောက်လာမည် ဖြစ်ကြောင်း အင်ဂျယ်လာက ပြန်ဖြေသဖြင့် (ဒေးဗ)စ်က စောင့်နေမည်



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ကြောင်း ပြောပြီး စကားပြောခွက်ကို ပြန်ချလိုက်သည်။

❉ ❉ ❉

အင်ဂျယ်လာသည် နောက်ထပ် တစ်နာရီကျော်ကျော် ကြာမှ လုပ်ငန်း ပြီးစီးသွားတော့သည်။ သူက ဆလိုက်အချို့ကို ရွေးချယ်၍ သတ္တုခရိုးဆောင် သေတ္တာကလေးထဲသို့ ထည့်လိုက်သည်။ ဒေးဗစ်က ထိုဆလိုက်များကို ကြည့်ချင်ရှာလိမ့်မည်ဟု သူ ထင်သည်။ အိမ်မှာလည်း အဏုကြည့်မှန်ပြောင်း ရှိနေသည်။

အင်ဂျယ်လာက ညပိုင်းတွင် တာဝန်ကျသော ဝန်ထမ်းများကို နှုတ်ဆက်ခဲ့ပြီးနောက် မော်တော်ကားရပ်သည့် နေရာဆီသို့ ထွက်လာခဲ့လေ၏။

ပထမတွင် သူ့မော်တော်ကားကို မတွေ့လိုက်ရသောကြောင့် ကားကို သူခိုး ခိုးသွားပြီဟု ထင်လိုက်မိသည်။ ထို့နောက်တွင်မှ သူသည် မော်တော်ကားကို အပေါ်ဘက် မော်တော်ကား ရပ်သည့်နေရာတွင် ရပ်ထားခဲ့ရကြောင်း သတိပြန်ရလာတော့သည်။

အင်ဂျယ်လာသည် ခပ်သွက်သွက် လျှောက်နေရာမှ ချက်ချင်း ခြေလှမ်းနှေးသွားသည်။ အင်ဂျယ်လာသည် လေးလံသော သတ္တုခရိုးဆောင် လက်ဆွဲသေတ္တာကို ဆွဲကိုင်လာရသည်သာမက လူကလည်း ပင်ပန်းနွမ်းနယ်နေလေပြီ။ ကားရပ်သည့်နေရာ၏ အလယ်လောက်သို့ ရောက်သောအခါ ခရိုးဆောင် လက်ဆွဲသေတ္တာကို လက်ပြောင်း၍ ကိုင်လိုက်၏။

အောက်ဘက် မော်တော်ကား ရပ်သည့်နေရာတွင် မော်တော်ကား အနည်းငယ်မျှ ရှိနေသေးသော်လည်း ထိုကွင်းထဲ၌ သူတစ်ယောက်တည်းသာ ရှိနေကြောင်း တွေ့လိုက်ရသည်။

အင်ဂျယ်လာ အပေါ်ဘက်မှ မော်တော်ကားရပ်သည့် နေရာသို့ သွားရသော လမ်းကလေးဆီသို့ အသွားတွင် စိတ်ထဲက ကြောက်ချင်သလိုလို ဖြစ်လာမိသည်။ အင်ဂျယ်လာသည် ဤအချိန်အခါမျိုး၌ အပြင်ဘက်သို့ ထွက်လေ့ထွက်ထ မရှိသည့်အပြင် လူတစ်ယောက်ယောက်နှင့် တွေ့ရမှာပဲဟု သူ တွေးထင်ထားသည်။ ထို့နောက် သူ့နောက်ဘက်မှ တစ်ယောက်ယောက် လိုက်လာသံကို ကြားလိုက်ရ၏။ သူ ပြန်လှည့်ကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရပါ။

ဆက်လျှောက်ရင်း ဝက်ဝံတစ်ကောင်ကောင်များ ဖြစ်နေလေမည်လောဟု တွေးမိပြန်၏။ ဤဒေသတွင် ဝက်ဝံကို မကြာမကြာ တွေ့ရဖူးသည်ဟု ဆိုပါသည်။ အကယ်၍ ဝက်ဝံတစ်ကောင်ကောင်နှင့် ရင်ဆိုင်တွေ့ခဲ့ရသည် ရှိသော် သူ ဘာလုပ်မည်နည်း။

အောက်ဘက် ကားရပ်သည့်နေရာတွင် မီးများ လင်းထိန်နေသော်လည်း အပေါ်ဘက်နှင့် ဆက်သွယ်ထားသည့် လမ်းထဲသို့ ဝင်လိုက်သည့်အခါ မှောင်နေသောကြောင့် မျက်စိကျင့်သားရအောင် ခဏမျှ ရပ်စောင့်နေလိုက်ရသည်။ ထိုလမ်းတစ်လျှောက်တွင် မီးလုံးများ မရှိပါ။ တစ်ဖက်





တစ်ချက်မှ စိမ်းစိုနေသော သစ်ပင်တန်းများကလည်း သဘာဝ၏ မုခ်ပေါက်ကလေး တစ်ခုပမာ ဖြစ်နေစေသည်။

ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံက အင်ဂျယ်လာအား ထိတ်လန့်သွားစေခဲ့သည်။ အင်ဂျယ်လာက ထိတ်ထိတ်လန့်လန့်နှင့် သစ်ပင် ဥမင်လိုဏ်ခေါင်းသဖွယ် ဖြစ်နေသော လမ်းကလေးထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်လိုက်လေ၏။ အင်ဂျယ်လာသည် မီးရထား ဇလီဖားတုံးများနှင့် ပြုလုပ်ထားသော လှေကားထစ်များပေါ်သို့ နင်းတက်ခဲ့ရသည်။

ကြောက်နေသော အင်ဂျယ်လာသည် မြေအောက်ခန်းထဲမှ အခြောက်အလှန့် ခံရမှုကို ပြန်သတိရလာသောကြောင့် ပို၍ပင် ကြောက်မိခဲ့လေ၏။ လှေကားထိပ်သို့ အရောက်တွင် မြေပြင်သည် ပြန့်ပြူးညီညာသွားပြီး ဘယ်ဘက်သို့ ချိုးကွေ့သွားသည်။ သူ့ရှေ့ဘက်တွင် အထက်ဘက် မော်တော်ကား ရပ်နားသည့်နေရာမှ မီးရောင်များကိုပင် လှမ်းမြင်နေရပါပြီ။ သူ့အနေနှင့် နောက်ထပ် ပေ (၅၀) ခန့်သာ လျှောက်သွားရန် လိုပါတော့သည်။

အင်ဂျယ်လာ စိတ်တည်ငြိမ်စ ပြုလာချိန်တွင် မှောင်ရိပ်ထဲမှ လူတစ်ယောက် ခုန်ထွက်လာလေ၏။ ထိုပုဂ္ဂိုလ်က ဖြုန်းခနဲ ပြေးကပ်လာသဖြင့် အင်ဂျယ်လာ ထွက်ပြေးဖို့ အချိန်မရတော့ပါ။ ထိုသူသည် တင်းပုတ်တစ်ခုကို ကိုင်မြှောက်ထားသလို မျက်နှာပေါ်တွင်လည်း မည်းမှောင်နေသော နှင်းလျှောစီး မျက်နှာဖုံး တစ်ခုကို ဝတ်ဆင်ထားသည်။

အင်ဂျယ်လာသည် နောက်ဘက်သို့ ပြန်လည် ရုန်းကန်ရင်း သစ်မြစ်တစ်ခုနှင့် တိုက်မိပြီး လဲကျသွားလေ၏။ ထိုသူက အင်ဂျယ်လာကို ခုန်အုပ်လိုက်သည်။ အင်ဂျယ်လာက အသံကုန် အော်ဟစ်လိုက်ပြီး ဘေးဘက်သို့ လှိမ့်ထွက်လိုက်၏။ လွှန်ခဲ့သော စက္ကန့်ပိုင်းက အင်ဂျယ်လာ၏ ဦးခေါင်းရှိနေခဲ့သောနေရာ မြေပျော့ပေါ်သို့ ၎င်း၏ တင်းပုတ် စိုက်ဝင်သွားသံကို အင်ဂျယ်လာ ကြားလိုက်ရသည်။

အင်ဂျယ်လာ လူးလဲပြီး ပြန်ထလိုက်၏။ ထိုပုဂ္ဂိုလ်က လက်အိတ်ဝတ်ထားသော လက်တစ်ဖက်နှင့် အင်ဂျယ်လာအား လှမ်းဆွဲလိုက်သလို တင်းပုတ်ကိုင်ထားသော လက်ကိုလည်း ပြန်၍ မြှောက်လိုက်ပြန်၏။ အင်ဂျယ်လာသည် ရှိသမျှ အင်အားကို စုစည်း၍ သတ္တုခရိုးဆောင်လက်ဆွဲသေတ္တာကလေးကို ထိုပုဂ္ဂိုလ်၏ ပေါင်ခြံဆီသို့ တအားကုန် ပင့်ရိုက်လိုက်သည်။ ထိုပုဂ္ဂိုလ်သည် နာကျင်သော ဝေဒနာကြောင့် အော်ဟစ်လိုက်သလို အင်ဂျယ်လာ့ လက်ကို ဆုပ်ကိုင်ထားမှုသည်လည်း ပြေလျော့သွားတော့သည်။

ဆေးရုံဘက်သို့ ပြန်ပြေးရန်မှာ အသက်ရှူရာတွင် ရှူးရှိုး မြည်နေသော ထိုပုဂ္ဂိုလ်က လမ်းတွင် ပိတ်ဆို့နေသဖြင့် အင်ဂျယ်လာသည် အပေါ်ဘက် ကားရပ်သည့် နေရာဆီသို့သာ ပြန်ပြေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြောက်စိတ်ပွန်နေသော အင်ဂျယ်လာသည် ယခင်က မပြေးခဲ့ဘူးသော မျိုးနှင့် တအားကုန် ပြေးလေ၏။ အင်ဂျယ်လာသည် သူ့နောက်ဘက်မှ လိုက်လာသံကို ကြားနေရသော်လည်း သူ လှည့်မကြည့်ရဲပါ။ အင်ဂျယ်လာက ဟောလ်ပိုကားဆီသို့ အရောက်သွားပြီး တစ်လုံးထိုး သေနတ်ကို ယူရန် ဆိုသော စိတ်နှင့် ပြေးခဲ့ခြင်း ဖြစ်သည်။

အင်ဂျယ်လာသည် သတ္တုခရီးဆောင် လက်ဆွဲသေတ္တာကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီးနောက် ကားသော့နှင့် ကမန်းကတန်း ဖွင့်လိုက်သည်။ နောက်ဘက် အံဖုံးကိုဖွင့်ပြီးသောအခါ အင်ဂျယ်လာသည် သေနတ်ပေါ်မှ ဖန်လာစက္ကူကို ဆွဲဖြဲလိုက်၏။ သူက ကျည်ဆန်ဘူးကို နောက်ဖုံးအခန်းထဲသို့ သွန်မှောက်ချလိုက်ပြီး ကျည်တစ်တောင့်ကို ကောက်ယူ၍ ပြောင်းထဲသို့ ထည့်လိုက်တော့သည်။

အင်ဂျယ်လာက တစ်လုံးထိုး သေနတ်ကို ခါးလောက်တွင် ကိုင်ထားရင်း နောက်ဘက်သို့ ချာခနဲ ပြန်လှည့်လိုက်၏။ မော်တော်ကားရပ်သည့် နေရာတစ်ခုလုံးကို မည်သူမျှ ရှိမနေပါ။ ထိုပုဂ္ဂိုလ်သည် သူ့နောက်သို့ လိုက်မလာခဲ့ပါ။ အင်ဂျယ်လာ ကြားခဲ့ရသောအသံသည် သူ့ဖိနပ်သံ၏ ပဲ့တင်ထပ်သံကို ပြန်၍ ကြားခဲ့ရခြင်းပင်တည်း။

❖ ❖ ❖

"ခင်ဗျားက ဒါထက် ပိုမပြောနိုင်တော့ဘူးလား၊ အရပ်ရှည်ပုံရတယ်ဆိုတာလောက်နဲ့ သူ့ကို ရှာလို့ မရနိုင်ဘူး"

ဝိန်းရောဘတ်ဆန်က ပြောလိုက်၏။

"အဲဒီအချိန်က မှောင်မည်းနေတယ်။ ဖြစ်တာကလည်း သိပ်ကို မြန်ဆန်လွန်းတယ်။ ပြီးတော့ သူက နှင်းလျှောစီး မျက်မှန်အမည်းကြီးကို တပ်ထားသေးတယ်ရှင့်"

"ခင်ဗျားက ညကြီးမင်းကြီး အဲဒီနေရာကို ဘာကိစ္စနဲ့ သွားရတာလဲ။ ကျုပ်တို့က သူနာပြုဆရာမတွေ အားလုံးကို သတိပေးထားတာပဲ"

"ကျွန်မက ဆရာဝန်ရှင့်၊ ကျွန်မတို့လို ဆရာဝန်တွေကို ဘယ်သူကမှ ကြိုပြီး သတိပေးမထားဘူး"

"တင်းပုတ်က ဘယ်လို တင်းပုတ်မျိုးလဲ"

"အဲဒါလည်း ကျွန်မ မသိဘူး၊ မှောင်နေတယ်"

"ကျုပ် ဘာလုပ်ရမယ်မှန်းတောင် မသိတော့ပါဘူးဗျာ။ ခင်ဗျားတို့ အမျိုးသမီးတွေက အခုထက်ပိုပြီး ပူးပေါင်းကူညီကြမယ်ဆိုရင် ဒီလို ပြဿနာတွေ ဖြစ်လာမှာ မဟုတ်ဘူး"

အင်ဂျယ်လာက သူ ပြန်လာတော့မည်ဟု ဒေးဗစ်ထံ ကြိုတင် ဖုန်းဆက်လိုက်ပြီး အိမ်ပြန်သွားတော့သည်။

လက်တစ်ဖက်က သေနတ်ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်က သတ္တုခရီးဆောင် သေတ္တာငယ်ကလေးကို ကိုင်ထားသော အင်ဂျယ်လာ





အား တွေ့လိုက်ရသောကြောင့် ဒေးဗစ် အထိတ်တလန့် ဖြစ်သွားသည်။ သို့ရာတွင် သူက သေနတ်အကြောင်း မမေးမြန်းဘဲ အင်ဂျယ်လာကို ပွေ့ဖက်လိုက်၏။ အင်ဂျယ်လာကလည်း ဒေးဗစ်ကို မလွှတ်တမ်း အတင်း ပြန်ဖက်ထားလိုက်သည်။

နောက်ဆုံးတွင် အင်ဂျယ်လာက ပြန်လွှတ်ပေးလိုက်ပြီး ဧည့်ခန်းထဲသို့ ဝင်ထိုင်လိုက်၏။ အင်ဂျယ်လာက ဒေးဗစ်ကို ဝိုင်အရက်တစ်ခွက် ယူခိုင်းလိုက်ပြီး သူ့အဖြစ်အပျက်ကို စတင်၍ ပြောပြတော့သည်။ သို့ရာတွင် ကြာကြာ မပြောနိုင်ရှာပါ။ အင်ဂျယ်လာသည် မျက်ရည်တွေ စီးကျရင်း ငါးမိနစ်ခန့် စကားမပြောနိုင်ဘဲ ဖြစ်နေသည်။ သူ ဣန္ဒြေပြန်၍ ဆည်နိုင်သည့် အချိန်ကျမှ ဆက်ပြောပြန်၏။ အင်ဂျယ်လာက ဝိန်းရောဘတ်ဆန်အကြောင်း စပြောသည့်အခါတွင်မူ ဒေါသ ပြန်ထွက်လာပြန်သည်။

"ဒီလူက ကျွန်မကို အရမ်း ဒေါသထွက်အောင် တမင် လုပ်နေတာပဲ။ အခုကိစ္စဟာ ကျွန်မရဲ့ အပြစ်ကြောင့် ဆိုတာမျိုး ဖြစ်အောင်လုပ်နေတယ်"

"ဟုတ်ပါတယ်၊ ဒီလူက တကယ် အသုံးမကျတဲ့လူပါ"

အင်ဂျယ်လာက သတ္တုခရီးဆောင် လက်ဆွဲသေတ္တာငယ်ကလေးကို ယူလိုက်ပြီး ဒေးဗစ်အား လှမ်းပေးလိုက်၏။

"ဒီလောက် ကြိုးစားထားရတာတောင် ဆလိုက်တွေမှာ ဘာမှ ရှာလို့မရဘူး။ ဦးနှောက်ထဲမှာလည်း ကင်ဆာ မရှိဘူး။ သွေးကြောတွေ ရောင်ရမ်းနေပေမယ့် ယေဘုယျသဘောပဲ ဖြစ်နေတယ်။ နာဗ်ကြော ဆဲလ်အချို့ ပျက်စီးနေပေမယ့် ဒါကလည်း သက်ပျောက်ပြီးမှ ခွဲစိတ်ကြည့်လို့ ပြောင်းလဲသွားတာမျိုးလည်း ဖြစ်နိုင်တယ်"

"တစ်ကိုယ်လုံးကို ပျံ့နှံ့နေတဲ့ ကူးစက်ရောဂါမျိုးကိုကော တွေ့ရသေးသလား"

အင်ဂျယ်လာက ခေါင်းခါပြလိုက်သည်။

"ရှင် ကြည့်ချင်ရင် ကြည့်ရအောင်ဆိုပြီး ဆလိုက်တွေ အိမ်ကို ယူလာခဲ့တယ်"

ဒေးဗစ်က ပြောလိုက်သည်။

"မင်းဆီမှာ တစ်လုံးထိုး သေနတ်တစ်လက် ပါလာတာကိုး"

"သတိထားနော်၊ ကျည်ဆန်ထည့်ထားတယ်။ ဒါပေမယ့် စိတ်မပူပါနဲ့ရှင်။ မနက်ဖြန်ခါကျရင် နစ်ကီကို ကျွန်မ ပြထားလိုက်ပါ့မယ်"

ဝုန်းခနဲ မြည်သံနှင့် မှန်ကွဲသံများ ပေါ်ထွက်လာသောကြောင့် ဒေးဗစ်က သေနတ်ကို ကိုင်ပြီး အပြင်သို့ ထွက်ကြည့်ကြသည်။ ဒေးဗစ်က မီးဖွင့်လိုက်သောအခါ မှန်လေးချပ် ကွဲနေပြီး အိမ်အတွင်းဘက်သို့ ရောက်နေသော အုတ်ခဲတစ်ခဲနှင့် မနေ့ညက ချခဲ့သော စာကော်ပီ

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်တို့ကို တွေ့ရတော့သည်။

"ဒါကတော့ တရားလွန်လွန်းတယ်၊ ကျွန်မ ရဲကို အကြောင်းကြားမတော့မယ်"

သူတို့ ရဲရောက်အလာကို စောင့်နေကြစဉ် ဒေးဗစ်က မေးလိုက်၏။

"မင်း ဒီကနေ့ ဟော့ခ်ျ အမှုကိစ္စနဲ့ ပတ်သက်ပြီး ဘာတွေများ လုပ်ခဲ့သေးသလဲ"

"ဟင့်အင်း အဲလေ၊ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန အကြီးအကဲဆီကတော့ တယ်လီဖုန်းလာတယ်"

"မင်း တခြားပုဂ္ဂိုလ်တွေနဲ့ ဟော့ခ်ျအကြောင်း ပြောဖြစ်သေးသလား"

"ကျွန်မက ဝိန်းရောဘတ်ဆန်ဆီကို တောင်းပန်ဖို့ သွားတုန်းကတော့ သူ့နာမည်ကို စကားစပ်မိပြီး ပြောမိကြတယ်"

ဒေးဗစ်က တောင်းပန်လိုက်၏။

"အင်ဂျယ်လာရယ်၊ ကိုယ်တို့က ဟော့ခ်ျအကြောင်း လိုက်စုံစမ်းနေတာကို ရပ်တန်းက ရပ်သင့်ပါပြီ၊ မတန်ပါဘူးကွာ။ တံခါးရွက်မှာ စာတစ်ရွက် လာကပ်တာက ကိစ္စတစ်ခုပဲ။ ဒါပေမယ့် ပြတင်းပေါက်ထဲကို အုတ်ခဲနဲ့ ပစ်သွင်းတာကျတော့ လွန်လွန်းသွားပြီကွ"

ထိုအခိုက်တွင် ရဲကားမှ ရှေ့မီးရောင်သည် အိမ်အတွင်းဘက် နံရံသို့ လာထိုးမိတော့သည်။

ထိုရဲက သူ့နာမည် ဘီလ်မော်ရစ်ဆန်ဖြစ်ကြောင်း ပြောလိုက်၏။ သူ့ပုံပန်းသဏ္ဌာန်ကို ကြည့်ရသည်မှာ ယခုလို လာရောက် စစ်ဆေးရသည်ကို စိတ်ပါပုံ မရပါ။ သူ ပြန်ရန် ဟန်ပြင်သောအခါ အင်ဂျယ်လာက လက်ဗွေရာ ရှာကြည့်ရန်အတွက် အုတ်ခဲကို ယူသွားဖို့ အစီအစဉ် ရှိမရှိ မေးရာ မရှိကြောင်း ပြန်ပြောသည်။ သို့ရာတွင် အင်ဂျယ်လာက ထို အုတ်ခဲကို ပလတ်စတစ်အိတ်နှင့် ထည့်ပြီး ပေးလိုက်လေ၏။ ထိုရဲ ပြန်သွားသောအခါ ဒေးဗစ်က ပြောလိုက်သည်။

"မင်း ဒီကနေ့ ရောဘတ်ဆန် တစ်ယောက်တည်းနဲ့ပဲ စကားပြောခဲ့တယ်ဆိုရင် ပြတင်းပေါက်ကို အုတ်ခဲနဲ့ ပေါက်တာ ဘယ်သူလဲလို့ စဉ်းစားစရာ ဖြစ်နေတယ်"

"ရှင်က ရဲက ပေါက်တာလို့ ထင်လို့လား"

"သူတို့က အဲဒီလိုတော့ လုပ်မယ် မထင်ပါဘူး။ ဒါပေမယ့် သူတို့တစ်တွေဟာ သူတို့ ပြောဆိုနေကြတာတွေထက်တော့ ပိုသိလိမ့်မယ်လို့ ကျွန်မ ထင်တယ်"

ဒေးဗစ်သည် စပါးကျီသို့သွားပြီး ပြတင်းပေါက်အတွက် သုံးထပ်သားတစ်ချပ်ကို ဖြတ်ယူလာခဲ့၏။

ဒေးဗစ်က ပြတင်းပေါက်မှန်ကွဲများ နေရာတွင် သုံးထပ်သားကို သံနှင့်ရိုက်၍ ကပ်ရန် စီစဉ်နေစဉ် အင်ဂျယ်လာက မေးလိုက်၏။





"ရှင်က ဒီကနေ့ ရှင့်အလုပ်အကြောင်း ကျွန်မကို ပြောမပြသေးဘူး၊ ဂျိုနသန်အကင်းစ် ဘယ်လိုနေသေးလဲ"

"ကိုယ် မသိဘူး၊ ကိုယ်က သူ့ဆရာဝန် မဟုတ်တော့ဘူး။ ချားလ်စ်ကယ်လီက တခြား ဆရာဝန် တစ်ယောက်ကို လွှဲပေးလိုက်တယ်။ ကိုယ်က ပထမတော့ ဒေါပွသွားတယ်၊ နောက်တော့ ကိုယ် စိတ်လျှော့လိုက်တယ်။ အခုဆိုရင် ကိုယ်က သူ့အတွက် တာဝန်ရှိတယ်လို့ ခံစားရမှာ မဟုတ်တော့ဘူး"

"ဒါပေမယ့် ရှင်က တာဝန်ရှိတယ်လို့ ခံစားရဦးမှာပါနော်။ ရှင့်အကြောင်း ကျွန်မ သိပါတယ်"

ဒေးဗစ်က သုံးထပ်သားကို သံနှင့်ရိုက်လိုက်ရာ အခြား ပြတင်းပေါက်မှန်များပါ ကျွက်ကွဲကုန်ကြတော့သည်။ ထိုအသံကြောင့် ရပ်စတီသည် နစ်ကီ၏ အခန်းထဲမှ ထွက်လာပြီး လှေကားထိပ်မှ ဟောင်နေလေ၏။

"ချီးမှပဲ"

"ကျွန်မတို့ ဘတ်တလက်က ပြောင်းသွားကြရင် ကောင်းလိမ့်မယ် ထင်တယ်"

"ကိုယ်တို့က ဖုတ်ဖက်ခါပြီး ထသွားလို့ မရဘူးကွ။ ကိုယ်တို့က ဒီအိမ်ကို ပြန်အပေါင်ထားပြီး အကြွေးနဲ့ ဝယ်ထားတာကွ။ ကိုယ်တို့က အရင်ကလို မလွတ်လပ်တော့ဘူး"

"ဒါပေမယ့် ကျွန်မတို့ မှန်းထားသလိုမှ ဖြစ်မလာဘဲ၊ ကျွန်မတို့ နှစ်ယောက်စလုံး အလုပ်ခွင်မှာ ပြဿနာပေါ်နေကြတယ်။ ကျွန်မ ရန်မူခံရတယ်။ ပြီးတော့ ဒီဟော့ခ်ျ အသတ်ခံရမှုကလည်း ကျွန်မကို ရူးအောင် လုပ်နေတယ်"

"မင်း ဟော့ခ်ျကိစ္စကို လက်လျှော့ပစ်ရလိမ့်မယ်"

"ကျွန်မ မေ့ထားလို့ မရဘူး၊ အခုဆိုရင် အိပ်မက်ဆိုးတွေတောင် မက်စပြုနေပြီ။ ပြီးတော့ လူသတ်သမားက အချိန်မရွေး လာသတ်နိုင်တယ် ဆိုတာကို စိတ်ထဲက စွဲနေတယ်"

"ကိုယ်တို့အိမ်မှာ သေနတ် မရှိသင့်ဘူးကွ"

"ညပိုင်းမှာ ရှင် ဆေးရုံကို သွားနေတုန်း ဒီအိမ်မှာ ကျွန်မ တစ်ယောက်တည်း နေရမှာ၊ ကျွန်မက သေနတ်မရှိဘဲနဲ့ မနေနိုင်ဘူး"

"မင်းက နစ်ကီကို ကိုင်ခွင့်မရှိကြောင်း ပြောပြထားရမယ်"

"ကျွန်မ မနက်ဖြန်ခါကျရင် ပြောပြပါ့မယ်"

"နစ်ကီအကြောင်းပြောတော့ သူ့သူငယ်ချင်း ကယ်ရိုလင်းကို ရေ ပေါ်ခန်းထဲမှာ တွေ့ခဲ့ရတယ်။ ကိုယ်ပူရှိန်များပြီး အသက်ရှူကျပ်နေတယ်"

"မဖြစ်ပါစေနဲ့ရှင်၊ ဒါထက် အဲဒီကိစ္စကို နစ်ကီ သိပြီလား"

"ကိုယ် ဒီညနေက ပြောလိုက်ပြီးပါပြီ"

"ကယ်ရိုလင်း အခု ဖြစ်တာက ကူးစက်နိုင်တဲ့ရောဂါလား"

www.burmeseclassic.com

www.burmeseclassic.com



"အခုအထိ မသိရသေးဘူး၊ ကယ်ရီလင်းကို မနက်ဖြန်ကျမှ သွားကြည့်နိုင်မယ်လို့ နစ်ကီကို ပြောထားတယ်"

"သနားစရာ ကောင်းလိုက်တဲ့ ကယ်ရီလင်းရယ်၊ သူ မနေ့က နေကောင်းနေရှာသားပဲ။ ဘုရား ဘုရား နစ်ကီလည်း အဲဒီလို ရောဂါမျိုး မဖြစ်ပါစေနဲ့ ဘုရား"

"ကိုယ်လည်း အဲဒါကို စိတ်ပူတာပဲ၊ ဒီတော့ အင်ဂျယ်လာရယ် ကိုယ်တို့မှာ တော့၅ျအလောင်းနဲ့ ပတ်သက်တဲ့ကိစ္စထက် ပိုအရေးကြီးတာတွေ ရှိနေပါတယ်၊ ဒီတော့ နစ်ကီအတွက် အဲဒီကိစ္စကို လက်လျှော့လိုက်ပါတော့ကွာ"

အင်ဂျယ်လာက အင်တင်တင်နှင့် ပြောလိုက်၏။

"ကောင်းပြီလေ၊ ကျွန်မ ကြိုးစားပါ့မယ်"

ဒေးဗစ်က ကွဲနေသော ပြတင်းပေါက်မှန်များကို မော့ကြည့်ပြီး-

"ကဲ ဒီကိစ္စကို ကိုယ် ဘယ်လိုလုပ်ပြီး ရှင်းရမလဲ"

ဟု ပြောလိုက်၏။ အင်ဂျယ်လာက အကြံပေးလိုက်သည်။

"ပလတ်စတစ်အိတ်တွေကို တိပ်နဲ့ လိုက်ကပ်ရရင် မကောင်းပေဘူးလား"

ဒေးဗစ်က သူ့ကို ငေးကြည့်လိုက်၏။

"ကိုယ် အဲဒါကို ဘာဖြစ်လို့ မတွေးမိရတာလဲကွာ"

* * * * *



(၂၀)

**အောက်တိုဘာလ ၂၆ ရက်၊ အင်္ဂါနေ့**

ဒေးဗစ်ရော အင်ဂျယ်လာပါ ကောင်းကောင်း အိပ်မပျော်ကြပါ။ အင်ဂျယ်လာက ချက်ချင်း အိပ်မပျော်ခဲ့သလို ဒေးဗစ်က မနက် လေးနာရီတွင် အိပ်ရာက နိုးနေသည်။

ထိုအချိန်တွင် နစ်ကီလည်း အိပ်ရာက နိုးလာသဖြင့် ကယ်ရီလင်းအကြောင်း ပြောဖြစ်ကြသည်။ နစ်ကီ ချောင်းဆိုးလာသောအခါ ဒေးဗစ်က အသက်ရှူ ရှူပကုထုံးနည်းနှင့် နစ်ကီကို ပြုစုပေးသည်။ နာရီဝက်နီးပါးကြာသည်။ နစ်ကီကလည်း နည်းနည်းနေကောင်းလာသည်ဟု ပြောသည်။

သူတို့ သားအဖနှစ်ယောက်သည် မီးဖိုချောင်ထဲသို့ ဆင်းသွားကြပြီး နံနက်စာကို အားရပါးရ စားကြသည်။ ဒေးဗစ်က မနက် ငါးနာရီခွဲတွင် ဆေးရုံသို့ ဘိုင်စကယ်နှင့် ထွက်သွားရာ ခြောက်နာရီ မထိုးမီ ရောက်သွားသည်။

ဒေးဗစ်၏ လူနာ တော်တော်များများ အိပ်ရာက မနိုးသေးသဖြင့် ဒေးဗစ်က ဆေးမှတ်တမ်းများကိုသာ ဖတ်ရှုခဲ့သည်။ ဒေါ်နယ်အင်ဒါဆင်ကို ဝင်ကြည့်သောအခါ ညက အိပ်မရဟု ဆိုသည်။ သူသည်လည်း ဗိုက်ထဲက နာပြီး အထက်လှန်အောက်လျှော ဖြစ်နေသည်။ သူက ဂျိုနသန်ကဲ့သို့ပင် တံတွေးကို တစ်ချိန်လုံး မျိုချနေရသည်ဟု ပြောသည်။ ဒေးဗစ်က ဒေါ်နယ်၏ ရောဂါလက္ခဏာများမှာ သာမန် လက္ခဏာများသာဖြစ်ပြီး ဒေးဗစ်၏ ကံမကောင်းသော အခြားလူနာများကဲ့သို့ ရှေ့တော်ပြေး နိမိတ်ဆိုးများ မဖြစ်ပါစေနှင့်ဟု သူ မျှော်လင့်မိသည်။

ဒေးဗစ်သည် ကယ်ရီလင်း၏ အခန်းဆီသို့ အသွားတွင် အသည်းသန် လူနာခန်းကို ကျော်ဖြတ်သွားရသဖြင့် အထဲသို့ဝင်၍ စုံစမ်းလိုက်၏။ ဂျိုနသန်အကင်းစ်သည် နံနက် သုံးနာရီက ကွယ်လွန်သွားကြောင်း သိရတော့သည်။ ဒေးဗစ် စိတ်ထိခိုက်သွားသည်။ ရက်သတ္တ တစ်ပတ်ကျော်ကျော်အတွင်း သူ့လူနာ လေးယောက် သေဆုံးခဲ့ရလေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

ကယ်ရိုလင်းထံ ရောက်သောအခါ ကယ်ရိုလင်းက အားရပါးရပြုံး၍ ကြိုဆိုလိုက်သည်။ သူ အဖျားပျောက်ပြီး အသားက ပန်းရောင် ဖြစ်နေသည်။ ပြာနေသော မျက်လုံးကလေးများကလည်း ရွှန်းလဲ့နေကြသည်။

"နစ်ကီက မင်းဆီကို လာလည်ချင်တယ်တဲ့"

"ကောင်းတယ်၊ ဘယ်တော့လဲ"

"မနက်ဖြန်နေ့ မွန်းလွဲပိုင်းလောက် ဖြစ်နိုင်တယ်"

"သူလာရင် ကျွန်မ ဖတ်စာအုပ်နဲ့ စာလုံးပေါင်းစာအုပ်ကို ယူလာပေးပါလို့ ပြောပေးပါ"

သူ့ရုံးခန်းသို့ ပြန်ရောက်သောအခါ ဒေးဗစ်က နေအိမ်သို့ ဖုန်းဆက်လိုက်၏။ နစ်ကီနှင့် တွေ့သည်။ ထိုနေ့မှာပင် နစ်ကီက သူ့သူငယ်ချင်းထံ သွားရောက် လည်ပတ်နိုင်ကြောင်း၊ ကယ်ရိုလင်း မှာလိုက်သော စာအုပ်များကို ယူသွားရန်နှင့် အင်ဂျယ်လာအား သေနတ်အကြောင်း သင်ကြားပေးဖို့ ပြောရန် မမေ့နှင့်ဟု မှာလိုက်သည်။

ဒေးဗစ်က ဖုန်းပြန်ချလိုက်ပြီး သေနတ်အကြောင်း တွေးမိသည်။ သူ မကြိုက်ပါ။ သူက အင်ဂျယ်လာအား ဒေါက်တာ ဟော့ချ်အကြောင်း လိုက်မစုံစမ်းစေလိုတော့ပါ။ ပြတင်းပေါက်ကို အုတ်ခဲနှင့် ပေါက်ခံရမှုနှင့်ပင် သူ့အဖို့ လုံလောက်သွားလေပြီ။

ဒေးဗစ်က ရုံးစာများကို ရှင်းလင်းနေရစဉ် စင်ဒရာဟက်ချာဆိုသူ မြင်းမည်းကင်ဆာရှင် အမျိုးသမီးကလေးက ဖုန်းဆက်သည်။ သူ့သွားတွင် ပြည်တည်နေသောကြောင့် ဖုန်းဆက်ခြင်း ဖြစ်သည်။ သူ့သွားကို နုတ်လိုက်ပြီ ဖြစ်သော်လည်း ကူးစက်နာက အရမ်း ဆိုးရွားနေသည်။ ကိုယ်ပူချိန်ကလည်း (၁၀၃) ဒီဂရီ ရှိနေသည်ဟု ဆိုသည်။ ဒေးဗစ်က စင်ဒရာဟက်ချာကို ဆေးရုံသို့လာရန် ညွှန်ကြားလိုက်၏။

စင်ဒရာဟက်ချာ၏ ပြည်တည်မှုမှာ အလွန် ဆိုးရွားနေသည်။ မျက်နှာ တစ်ခြမ်းလုံး ရောင်ကိုင်းနေသည်။ မေးရိုးအောက်ဘက်ရှိ ပြည်ရည်ဖုများမှာ ဂေါက်သီးဘောလုံးနီးပါး ရှိနေကြသည်။

ဒေးဗစ်က စင်ဒရာ၏ ကူးစက်နာသည် ဦးနှောက်နှင့် အလွန် နီးကပ်နေသည်။ နာခံကြောများဆီသို့ ရောက်ရှိသွားပါက အကြီးအကျယ် ဒုက္ခတွေ့နိုင်ကြောင်း၊ ပဋိဇီဝဆေးများကို အဆက်မပြတ် တိုက်ကျွေးရန် လိုအပ်ကြောင်း ရှင်းပြသဖြင့် စင်ဒရာဟက်ချာက ဆေးရုံတက်ရန် သဘောတူလိုက်တော့သည်။

✣ ✣ ✣

အင်ဂျယ်လာ ကောင်းကောင်း အိပ်မပျော်ပါ။ အိပ်မက်ဆိုးများက ဒုက္ခပေးနေသည်။ သူ အိပ်ရာက နိုးလာသောအခါ ဒေးဗစ်သည် ဆေးရုံသို့ သွားနှင့်ပြီဖြစ်ကြောင်း တွေ့ရ၍ အံ့သြမိသည်။

အင်ဂျယ်လာသည် အဝတ်အစား လဲလှယ် ဝတ်ဆင်ရင်း ဟော့ချ်





ကိစ္စကို မေ့ပစ်ဖို့ ကြိုးစားပါ့မည်ဟု ဒေးဗစ်အား ကတိပေးခဲ့မိသည်ကို နောင်တရနေမိသည်။ အင်ဂျယ်လာက ယခုအချိန်ထိ သူ့ထံသို့ မဆက်သွယ်သေးသော ဖီးလ်ကော်ဟွန်းအကြောင်း တွေးမိပြန်သည်။ အင်ဂျယ်လာက ဖီးလ်ကော်ဟွန်းထံ ဖုန်းဆက်လိုက်၏။ နေအိမ်တွင် ဖီးလ်ကော်လ်ဟွန်း ရှိမနေပါ။ အဖြေပေးသော စက်နှင့်သာ တွေ့နေရသည်။ အင်ဂျယ်လာက အမှာစကား မပြောကြားတော့ဘဲ စကားပြောခွက်ကို ပြန်ချလိုက်လေ၏။

အောက်ထပ်သို့ ဆင်းလာသောအခါ ကျောင်းစာကို သဲကြီးမဲကြီး ဖတ်နေသော နစ်ကီအား တွေ့လိုက်ရ၏။ နစ်ကီက ဒက်ဒီ ဖုန်းဆက်ကြောင်း၊ ကယ်ရိုလင်းကို သွားတွေ့နိုင်သည်ဟု ပြောကြောင်း၊ သေနတ်အကြောင်း မာမီ့ကို သတိပေးဖို့လည်း ပါကြောင်း ပြောလိုက်သည်။

အင်ဂျယ်လာက တစ်လုံးထိုး သေနတ်ကို ယူလာပြီး ပြောင်းထဲ၌ ကျည်ဆန် ရှိမရှိ စစ်ဆေးပုံ၊ ကျည်ထည့်ပုံ၊ သေနတ်ပစ်ပုံတို့ကို နာရီဝက်ခန့်ကြာအောင် လက်တွေ့ သင်ပြပေးသည်။ ထို့နောက် စပါးကျီထဲ၌ ထိုသေနတ်နှင့် တစ်ယောက်တစ်ချက်စီ အစမ်းပစ်ကြည့်ကြသည်။ အိမ်သို့ ပြန်လာကြသောအခါ အင်ဂျယ်လာက နစ်ကီအား သေနတ်ကို လုံးဝ မကိုင်တွယ်ဖို့ ပြောလိုက်၏။

ရာသီဥတု ကောင်းမွန်နေသဖြင့် နစ်ကီအား စက်ဘီးနှင့် ကျောင်းတက်ရန် ခွင့်ပြုလိုက်သည်။ အင်ဂျယ်လာ ကိုယ်တိုင်ကလည်း ဆေးရုံသို့ ရောက်ရှိသောအခါ ယမန်နေ့ညက သူ ရန်မူခံရသည့် နေရာသို့ သွားရောက် ကြည့်ရှုလိုက်၏။

ပျော့နေသော မြေကြီးပေါ်မှ သူ့ခြေရာများအတိုင်း လိုက်သွားသောအခါ သူ လဲကျခဲ့သော နေရာနှင့် မြေကြီးထဲသို့ နက်နက်ရှိုင်းရှိုင်း စိုက်ဝင်သွားသော တင်းပုတ်အရာတို့ကို သူ တွေ့ရတော့သည်။

ထို ချိုင့်ဝင်သွားသောနေရာမှာ လေးလက်မခန့် နက်ရှိုင်းသည်။ အင်ဂျယ်လာက လက်ချောင်းများနှင့် နှိုက်ကြည့်လိုက်ပြီး တစ်ကိုယ်လုံး တုန်လှုပ်သွားတော့သည်။

ထိုပုဂ္ဂိုလ်က ရိုက်ချလိုက်သည့်အခါတွင် နည်းနည်းကလေးမှ တွန့်ဆုတ်မှု မရှိပါ။ အင်ဂျယ်လာကသာ လှိမ့်မထွက်လိုက်နိုင်ပါက အရိုက်ခံရမည်မှာ သေချာသည်။ ထိုပုဂ္ဂိုလ်က အင်ဂျယ်လာကအား မုဒိမ်းကျင့်ရန် ကြိုးစားခြင်း မဟုတ်ပါ။ ထိုပုဂ္ဂိုလ်က အင်ဂျယ်လာအား အကြီးအကျယ် ဒဏ်ရာရစေလိုသည်။ အသေသတ်လိုသည့် ဆန္ဒပင်ရှိသူ ဖြစ်သည်။ အင်ဂျယ်လာ၏ ဦးခေါင်းသည် ဟော့ချ်၏ ဦးခေါင်းကဲ့သို့ပင် ဖြစ်သွားနိုင်သည်။

ဤတွင် အင်ဂျယ်လာက ဝိန်းရောဘတ်ဆန်ထံ ဖုန်းဆက်လိုက်၏။ ဝိန်းရောဘတ်ဆန်က အုတ်ခဲကို ပြည်နယ်ရဲအဖွဲ့သို့ ပို့သည်မဟုတ်ကြောင်း စပြောသည်။ အင်ဂျယ်လာက ညတုန်းက ကြုံသည် မုဒိမ်းကျင့်ရန်


www.burmeseclassic.com

www.burmeseclassic.com

ကြံစည်မှု မဟုတ်ဘဲ လူသတ်ရန် ကြံစည်မှုဖြစ်ကြောင်း ပြောပြသည်။ ထို့ရာတွင် ဝိန်းရောဘတ်ဆန်က ထိုပုဂ္ဂိုလ်သည် မုဒိမ်းသမား သက်သက်သာ ဖြစ်ကြောင်း၊ မည်သူ့ကိုမျှ နာကျင်အောင် မလုပ်ခဲ့ဘူးကြောင်း ပြန်ပြောသည်။ ဤတွင် အင်ဂျယ်လာက ကျေးဇူးတင်ကြောင်း ပြောပြီး ပြန်ချလိုက်တော့သည်။

အင်ဂျယ်လာသည် ထိုကိစ္စကို တွေးကြည့်လေလေ လူသတ်ရန် ကြံစည်မှုဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်သည် ဟော့ချ်ကို သတ်သူပင် ဖြစ်ကြောင်း၊ သူ့ကို လိုက်ချောင်းနေတာ ဖြစ်နိုင်ကြောင်း ကျောချမ်းသွားတော့သည်။

အင်ဂျယ်လာက ထိုသံသယအား ဒေးဗစ်ကို ပြောပြရန် သင့်မသင့် စဉ်းစားလိုက်သည်။ ပြောပြလိုက်ပါက ဟော့ချ်ကို သတ်သူအား ရှာဖွေနေမည့်ကိစ္စကို အတင်း ရပ်ဆိုင်းခိုင်းတော့မည်မှာ သေချာနေသည်။ ထို့ကြောင့် လောလောဆယ်တွင် ဖိုးလ်ကော်လ်ဟွန်းကိုပဲ ပြောပြတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

⁂ ⁂ ⁂

ထရေနာရှားဝုဒ်၊ ဘီတန်နှင့် ကော့ဒ်ဝဲလ်တို့သည် ထုံးစံအတိုင်း ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၏ လစဉ် အစည်းအဝေး မလုပ်မီ သံမဏိမြင်း စားသောက်ဆိုင်တွင် တွေ့ဆုံ၍ နံနက်စာ စားနေကြသည်။

ဘီတန်က ဆေးရုံ၏ ငွေရေးကြေးရေး အနေအထားမှာ ကောင်းမွန်စပြုလာပြီ ဖြစ်ကြောင်း ပြောပြလိုက်သည်။ ထရေနာက ယမန်နေ့ညက မုဒိမ်းကျင့်ရန် ကြံစည်ခံရမှုကို မေးမြန်းသည်။ ကော့ဒ်ဝဲလ်က ရောဂါဗေဒ ဆရာဝန်မ အသစ်သည် မော်တော်ကားရပ်သည့် နေရာ နှစ်ခုကို ဆက်ထားသော လမ်းပေါ်တွင် ရန်မူခံရကြောင်း ဖြေသဖြင့် ထိုနေရာ၌ မီးတပ်ဆင်ထားမှု ရှိမရှိ စစ်ဆေးပေးရန် ထရေနာက ထပ်ပြောလိုက်သည်။

ဘီတန်က ဘတ်တလက် သူရိယသတင်းစာသည် မုဒိမ်းကျင့်ရန် ကြံစည်မှု သတင်းကို မထည့်ပါဟု သဘောတူထားကြောင်း၊ ထိုကိစ္စမှာ ဆေးရုံက ထိုသတင်းစာတွင် ကြော်ငြာများများ ထည့်နေသောကြောင့် ဖြစ်နိုင်ကြောင်း ရှင်းပြသည်။ ထို့နောက် ဘီတန်ကပင် ပြောလိုက်ပြန်၏။

"အမ်ဒီ (၉၁) က သူ့ကို ဆေးကုသခွင့် မပြုတဲ့အတွက် ဆေးရုံကို တရားစွဲဖို့ စီစဉ်နေကြောင်း သိရပါတယ်"

"သူ တရားစွဲချင်လည်း စွဲပါစေလေ။ ကဲ တခြား ဘာရှိသေးသလဲ"

ဤတွင် ရှားဝုဒ်က သူ့ထံသို့ ဖိုးလ်ကော်လ်ဟွန်းဆိုသော အလွတ်စုံထောက် တစ်ယောက် လာသွားကြောင်း ပြောလိုက်၏။ ထနေရနာက ပြောလိုက်သည်။

"ကျုပ်ဆီကိုလည်း လာသွားတယ်၊ သူက ဟော့ချ်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေ အများကြီး မေးသွားတယ်"

"ကျွန်မဆီတော့ မလာသေးဘူး"





ရှားဝုဒ်က မေးလိုက်၏။

"သူ့ကို ဘယ်သူက ငှားတယ်ထင်လဲ"

ထရေနာက ထိုကိစ္စကို သူ မေးလိုက်ကြောင်း၊ မိသားစုက စိတ်ဝင်စားသည်ဟု ပြောသောကြောင့် ကလာရာထံ ဆက်သွယ်ကြည့်လိုက်ရာ ဖိုးလ်ကော်လ်ဟွန်းကို မသိဟု ဖြေကြောင်း၊ ဝိန်းရောဘတ်ဆန်ထံ ဆက်သွယ်သောအခါ ၎င်းထံသို့ လာမေးသွားပြီ ဖြစ်ကြောင်း၊ ၎င်းကို ငှားရမ်းသူမှာ အင်ဂျယ်လာ ဖြစ်နိုင်သည်ဟု ပြောကြောင်း ပြောလိုက်သည်။ ရှားဝုဒ်က ပြောလိုက်၏။

"အဲဒါက အဓိပ္ပာယ်ရှိတယ်၊ သူက သူ့အိမ်ထဲမှာ ဟော့ချ်အလောင်းကို တွေ့တုန်းက ကျုပ်ဆီကို လာသွားတယ်"

ဘီတန်က မှတ်ချက်ချသည်။

"ဒါဆိုရင် ထူးဆန်းတဲ့ တိုက်ဆိုင်မှုပဲ။ သူ့အိမ်ထဲမှာ ဟော့ချ်အလောင်းကို တွေ့ရတယ်။ အခု သူ့ကို မုဒိမ်းကျင့်ဖို့ ကြိုးစားခံရပြန်ပြီ။ သူ့ဒုက္ခကလည်း မသေးပါကလား"

"အဲဒီလို မုဒိမ်းကျင့်ဖို့ ကြံစည်ခံရတဲ့အတွက် ဟော့ချ်ကို စိတ်ဝင်စားမှု လျော့သွားချင် သွားလိမ့်မယ်"

ထရေနာ၏ စကားကို ကော့ဒ်ဝဲလ်က ပြန်မေးလိုက်သည်။

"တကယ်လို့ ဖိုးလ်ကော်လ်ဟွန်းက ဟော့ချ်ကို သတ်တဲ့လူကို ရှာတွေ့သွားရင်ကော"

"ဒါဆိုရင်တော့ ပြဿနာ ဖြစ်လာနိုင်တယ်။ ဒါပေမယ့် ရှစ်လကျော်ကျော် ကြာသွားပြီဆိုတော့ ခြေရာလက်ရာတွေ ပျောက်ပျက်သွားနိုင်တာပေါ့"

အစည်းအဝေး အပြီးတွင် ထရေနာက ဟယ်လင်ဘီတန်အား မော်တော်ကားဆီသို့ လိုက်ပို့ရင်း ၎င်းတို့၏ ဆက်ဆံမှုနှင့် စပ်လျဉ်း၍ သဘောထား ပြောင်းလဲမှု ရှိမရှိ မေးမြန်းသည်။ ဟယ်လင်က ထရေနာ့ဘက်က အခြေအနေ မထူးသေးလျှင် သဘောထား မပြောင်းလဲသေးကြောင်း ပြန်ဖြေလိုက်သည်။

ဒေးဗစ်က လူနာများကို ကြည့်ရှု ပြီးစီးသွားသောအခါ နစ်ကီသည် သူ့ရုံးခန်းထဲသို့ ရောက်နေကြောင်း တွေ့လိုက်ရသည်။

ဒေးဗစ်က နစ်ကီကို ကယ်ရီလင်းထံ ခေါ်သွားသည်။ အရိုးရောဂါရှင်များအတွက် ထားရှိသော ခုတင်ပေါ်တွင် ရှိနေသည့် ကယ်ရီလင်းသည် ဒေးဗစ်နှင့် နစ်ကီတို့အား သူ့ခေါင်းပေါ်မှ သံတန်းကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်လိုက်ပြီး သူ့ခန္ဓာကိုယ်ကို ခုတင်နှင့် မထိဘဲ ကြွတက်လာအောင် လက်အား သက်သက်ဖြင့် မပြလိုက်၏။ ဒေးဗစ်က လက်ခုပ်တီးလိုက်သည်။

ဒေးဗစ်က နစ်ကီကို ထားခဲ့ပြီး သူ့လူနာများကို လှည့်ကြည့်လိုက်သည်။ သူက ပထမဦးဆုံး ဒေါ်နယ်အင်ဒါဆင်ထံ သွားလိုက်သည်။ ဒေါ်နယ်၏ ခုတင်ကို (၄၅) ဒီဂရီအထိ ခေါင်းရင်းဘက်မှ မ,တင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ဖျက်ဆီးတာ နေကောင်းရဲ့လားဟု မေးသော်လည်း ဒေါ်နယ်က ပြန်မဖြေနိုင်ပါ။ သူ သတိကင်းမဲ့နေသည်။

ဒေးဗစ်က ဒေါ်နယ်၏ သွေးထဲမှ သကြားပမာဏကို ချက်ချင်း စစ်ဆေးပိုင်းလိုက်ပြီး ကျန်လူနာများကို လျှောက်ကြည့်သည်။ စင်ဒရာလည်း အခြေအနေ ကောင်းနေသည်။

ဒေးဗစ်က နောက်ဆုံးလူနာကို စစ်ဆေးပြီးသောအခါ ဒေါ်နယ်၏ သွေးထဲက သကြားသည် ပုံမှန်အတိုင်းသာ ရှိနေကြောင်း တွေ့လိုက်ရ၏။ သူက ထိုကဲ့သို့ ပုံမှန်ဖြစ်နေသည်ကို သူ မလိုလားပါ။ ဒေါ်နယ်၏ စိတ်အခြေအနေ ပြောင်းလဲရမှု အကြောင်းရင်းကို သူ သိချင်နေသည်။

သူ ဒေါ်နယ်၏ အခန်းထဲသို့ ပြန်ရောက်လာသောအခါ ဒေါ်နယ်၏ မျက်နှာသည် ပြာနှမ်းနေပြီး ဦးခေါင်းက နောက်ဘက်သို့ လန်နေသည်။ ဟနေသော ပါးစပ်ထဲမှ သွေးအနည်းငယ် စီးကျနေသည်။ ဒေါ်နယ့်ကိုယ်ပေါ်၌ အဝတ်အစား သိပ်မရှိတော့သလို အိပ်ရာခင်းကလည်း မြင်မကောင်းအောင် ဖရိုဖရဲ ဖြစ်နေသည်။

ဒေးဗစ်က နှလုံး၊ အဆုတ်နှင့်ဆိုင်သော အသက်ကယ်အဖွဲ့ကို ခေါ်ခိုင်းလိုက်၏။ ထိုအဖွဲ့ ရောက်လာပြီး ထုံးစံအတိုင်း ဆောင်ရွက်ပေးကြသည်။

ထိုအဖွဲ့သည် အသက်ကယ်ရန် ကြိုးပမ်းမှုကို ရပ်လိုက်ကြ၏။ ဒေါ်နယ်သည် ဒေးဗစ် ရောက်မလာခင် (၁၅) မိနစ်၊ မိနစ် (၂၀) ခန့်ကစ၍ အသက်ရှူကျပ်ပြီး တက်ချက်သွားပုံရသည်။ ထိုအချိန်ပိုင်းတွင် ဦးနှောက်ဆီသို့ အောက်ဆီဂျင် မရောက်ရှိသဖြင့် မျှော်လင့်ချက် ကုန်ခဲ့ရခြင်း ဖြစ်သည်။

ညနေ (၅) နာရီ (၁၅) မိနစ်တွင် ဒေါ်နယ် ကွယ်လွန်ပြီဟု ဒေးဗစ်က အတည်ပြုပေးရတော့သည်။ ဒေးဗစ်သည် ၎င်း၏ လူနာတစ်ယောက် ဆုံးရှုံးရပြန်သည့်အတွက် အကြီးအကျယ် စိတ်ထိခိုက်ရသော်လည်း သူ့စိတ်ကို ထိန်းထားနိုင်ခဲ့သည်။ သူက နစ်ကီကို ခေါ်ရန် ကယ်ရိုလင်း၏ အခန်းသို့အသွားတွင် သူ့တစ်ကိုယ်လုံး ထုံကျဉ်နေသည်။ ဖြစ်ပုံက မြန်ဆန်လွန်းလှချေသည်တကား။

* * *

ဒေးဗစ်က ဒေါ်နယ့်အကြောင်း ပြောပြ၍ အပြီးတွင် အင်ဂျယ်လာက-

"ဒီလူနာ ဘာကြောင့် သေရတယ် ဆိုတာကိုတော့ ရှင် သိလိုက်ရသားပဲ"

ဟု နှစ်သိမ့်စကား ပြောလိုက်သည်။ သူတို့သည် ညစာစားအပြီး ဧည့်ခန်းထဲ၌ ထိုင်နေကြခြင်း ဖြစ်သည်။ နစ်ကီက အပေါ်ထပ်ရှိ သူ့အခန်းထဲတွင် အိမ်စာများကို ကျက်မှတ်နေသည်။

တယ်လီဖုန်း မြည်လာချိန်၌ နှစ်ယောက်စလုံး လန့်သွားကြ၏။ ဖီးလ်





ကော်လ်ဟွန်းက သံမဏိမြင်း စားသောက်ဆိုင်မှ ဆက်လိုက်ခြင်း ဖြစ်သည်။ အင်ဂျယ်လာက ဒေးဗစ်ကို ခွင့်တောင်းလိုက်၏။ ကော်လ်ဟွန်းကို ငွေပေးပြီး ဖြစ်နေ၍ သူပြောတာကို နားထောင်ပါရစေဟု အင်ဂျယ်လာက ဆိုသည်။ ဒေးဗစ်လည်း သက်ပြင်းချ၍ သဘောတူလိုက်ရလေ၏။

နောက် (၁၅) မိနစ် ကြာသောအခါ ဖီးလ်ကော်လ်ဟွန်း ရောက်လာတော့သည်။ သူတို့ ဧည့်ခန်းထဲ၌ ထိုင်လိုက်ကြ၏။ ဖီးလ်ကော်ဟွန်းက ဆေးလိပ်သောက်ခွင့်တောင်းသည်။ အင်ဂျယ်လာက နစ်ကီသည် အသက်ရှူမှုနှင့် သက်ဆိုင်သော ပြဿနာ ရှိနေသဖြင့် သောက်ခွင့် မပြုကြောင်း ပြန်ဖြေရသည်။

ကော်လ်ဟွန်းက သူ၏ စုံစမ်း စစ်ဆေးမှုနှင့် စပ်လျဉ်း၍ တိုးတက်မှုကို တင်ပြလိုကြောင်း၊ ဒေါက်တာဟော့ချ်ကို မြို့နေလူထု တစ်ဝက်လောက်က တစ်နည်းမဟုတ် တစ်နည်း ဆိုသလို မုန်းတီးကြကြောင်း စပြောသည်။ ကော်လ်ဟွန်းကို ကြည့်မရသော ဒေးဗစ်က-

"အဲဒါကိုတော့ ကျုပ်တို့ သိပြီးပါပြီဗျာ၊ ခင်ဗျားက နာရီအလိုက် ပေးရတဲ့ ငွေတန်ဖိုးနဲ့ ထေမိအောင် ပိုပြီး တိတိကျကျ အသေးစိတ်ကလေးတွေကို ပြောဖို့လိုလိမ့်မယ်"

ဟု ပြောလိုက်သည်။ အင်ဂျယ်လာက ဝင်ဟန့်လိုက်၏။

"ဒေးဗစ်ရယ် နေစမ်းပါဦး"

ကော်လ်ဟွန်းက ဒေးဗစ်၏ စကားကို ဂရုမထားဘဲ ဆက်ပြောသည်။

"ကျုပ်က သံသယ ဖြစ်စရာ ကောင်းသူတွေရဲ့ စာရင်းကို ပြုစုပြီးပါပြီ။ ဒါပေမယ့် ကုန်အောင်တော့ လူတွေ့ပြီး မမေးရသေးဘူး။ ဒါပေမယ့် စိတ်ဝင်စားဖို့တော့ ကောင်းလာတယ်ဗျ"

"ခင်ဗျား ဘယ်သူတွေနဲ့ တွေ့ပြီးပြီလဲ"

"ကျုပ်က ဘုတ်အဖွဲ့ ချယ်ယာမင် ထရေနာ၊ ဒုတိယ ချယ်ယာမင် ဗျားဝုဒ်တို့နဲ့တော့ တွေ့ပြီးပါပြီ။ သူတို့ နှစ်ယောက်စလုံးက ဟော့ချ်အပေါ်မှာ ရန်ငြိုးရှိကြတယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ရှင် ဒေါက်တာ ကန်တာနဲ့လည်း တွေ့ဖို့ကောင်းတယ်"

"ဒေါက်တာ ကန်တာလည်း စာရင်းထဲမှာ ပါပါတယ်။ ဗျားဝုဒ်နဲ့ကိစ္စက မြေနဲ့ ဆိုင်တယ်။ ထရေနာကျတော့ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေတယ်"

ကော်လ်ဟွန်းက ထရေနာ၊ ဟော့ချ်၊ ဗန်ဆလိုက်တို့၏ သုံးပွင့်ဆိုင် ဖြစ်အပျက်ကို ပြောပြသည်။ ထရေနာ၏ ညီမ ဆန်နီထရေနာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှင့် အဆုံးသတ်လိုက်၏။ အင်ဂျယ်လာက မှတ်ချက်ချသည်။

"တော်တော်ဆိုးတဲ့ ကိစ္စပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟိုပိုင်းက ဖာတ်လမ်းတွေလိုပါပဲ။ ဒါပေမယ့် ထရေနာက ဟော့ချ်ကို တစ်ခုခု လုပ်ပယ်ဆိုရင် ဟိုတုန်းကတည်းက လုပ်ခဲ့ရမှာ၊ ပြီးတော့လည်း ပဲပိုကိစ္စ နောက်ပိုင်းမှာမှ ဟော့ချ်က ဆေးရုံဘုတ်အဖွဲ့မှာ ထရေနာက ဦးစီးဖို့ သူကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ခဲ့တာပဲ။ ပြီးတော့လည်း ဗန်ဆလိုက်ရဲ့သား ဝါနာဗန်ဆလိုက်က ဒီကနေ့ ဆေးရုံမှာ အလုပ်ဝင်လုပ်နေတယ်"

"ဝါနာဗန်ဆလိုက်က ထရေနာနဲ့ ဆွေမျိုးတော်နေသလား၊ ဒါဆိုရင် ဆွေမျိုးကို ဦးစားပေးပြီး ခန့်ထားတာပေါ့"

ဒေးဗစ်က မှတ်ချက်ချလိုက်၏။ ကော်လ်ဟွန်းက ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဝါနာဗန်ဆလိုက်ဂျူနီယာက ဟော့ချ်နဲ့ ပိုပြီး ရင်းနှီးပါတယ်။ ဆေးရုံမှာ ဝါနာဗန်ဆလိုက် အလုပ်ရတာဟာ ထရေနာကြောင့်ထက် ဟော့ချ်ကြောင့် ရခဲ့တာပါ။ ဒါပေမယ့် ကျုပ်ကတော့ ထရေနာကို လူသတ်မှုအတွက် သံသယ မဖြစ်ပါဘူး"

ဒေးဗစ်က ပြောလိုက်၏။

"စိတ်ဝင်စားစရာပဲ။ ခင်ဗျားက သံသယဖြစ်တဲ့လူကို ရှာတွေ့ပြီလား"

"ခုထက်ထိတော့ မတွေ့သေးပါဘူး"

"အခုလို သံသယဖြစ်တဲ့ လူကို ရှာတွေ့ဖို့အတွက် ကျုပ်တို့က ဘယ်လောက်အထိ ငွေကုန်ခံရမှာလဲ"

အင်ဂျယ်လာက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဒေးဗစ်၊ ရှင် တော်တော် မမျှတတဲ့လူပဲ။ မစ္စတာ ကော်လ်ဟွန်းက အများကြီး စုံစမ်းနိုင်ခဲ့သားပဲ။ အရေးကြီးတာက ဒီအမှုကို ဖြေရှင်းလို့ ရနိုင် မရနိုင်ဆိုတဲ့ ကိစ္စလို့ ကျွန်မထင်တယ်"

ကော်လ်ဟွန်းက ဆေးလိပ်သောက်ချင်သည်ဟု ဆိုသဖြင့် အပြင်သို့ ထွက်ခဲ့ကြ၏။

ကော်လ်ဟွန်းက ဘီယာတစ်ဖန်ခွက်နှင့် ဆေးလိပ်ကို ကျေနပ်အောင် မှာလိုက်ပြီးသောအခါ ဤအမှုကို ပေါ်အောင် စုံစမ်း၍ ရနိုင်သည်မှာ သေချာကြောင်း၊ ဘတ်တလက်လို မြို့ငယ်ကလေးတွင် လူသတ်သမားမည်သူမည်ဝါ ဖြစ်သည်ကို အချို့က သိကြကြောင်း၊ နယူးအင်္ဂလန်ပြည်နယ်သားများသည် ရေငုံနှုတ်ပိတ်လေ့ရှိသူများ ဖြစ်သည်မှာ မှန်သော်လည်း ယခု သူသည် မိတ်ဆွေများထံမှ သတင်း အချက်အလက်များကို ရရှိနေကြောင်း၊ ၎င်းအနေနှင့် ဖြစ်နိုင်ခြေ မရှိသော ပုဂ္ဂိုလ်များကို သံသယဝင်ခံရသူ စာရင်းထဲမှ တစ်ယောက်ပြီးတစ်ယောက် ပယ်ဖျက် လျှော့သွားရန် လိုကြောင်း၊ ၎င်းအနေနှင့် ထိုလုပ်ငန်းကို ဆက်လက် မလုပ်ဆောင်မီ ၎င်းအား ဆက်လက်၍ စုံထောက်စေလိုသော ဆန္ဒ ရှိမရှိ ဖြေပြန်လိုကြောင်း ပြောလိုက်သည်။





ဒေးဗစ်က-

"ဟင့်အင်း"

ဟု ပြောလိုက်သည်။ အင်ဂျယ်လာကမူ-

"ခဏနေပါဦး၊ ရှင်က ဒီအမှုကိုပေါ်အောင် စုံစမ်းလို့ ရနိုင်ပါတယ်လို့ ပြောတယ်။ အဲဒါက ဘယ်လောက်တောင် ကြာမှာလဲ"

ဟု မေးလိုက်၏။

"တစ်ပတ်အတွင်း ဆိုပါတော့"

"အဲဒါဆိုရင် အကုန်အကျ သိပ်များသွားလိမ့်မယ်"

အင်ဂျယ်လာကမူ-

"ကျွန်မကတော့ တန်တယ်လို့ ထင်တာပဲ"

ဟု ပြောလိုက်၏။ ဒေးဗစ်က ပြောလိုက်ပြန်သည်။

"အင်ဂျယ်လာ၊ မင်းက ဒီအမှုကို ဆက်မလိုက်တော့ပါဘူးလို့ ကိုယ့်ကိုယ် ပြောခဲ့တာပဲ"

"ဟုတ်တယ်လေ၊ ကျွန်မက မစ္စတာ ကော်လ်ဟွန်းကိုပဲ စုံစမ်းခိုင်းမှာပါ"

"မြတ်စွာဘုရား"

"လုပ်ပါ ဒေးဗစ်ရယ်၊ ရှင်က ကျွန်မကို ဒီအိမ်မှာ ဆက်နေစေချင်တယ်ဆိုရင် အခုကိစ္စမှာ ရှင်က ကျွန်မကို ထောက်ခံရလိမ့်မယ်"

နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ် တစ်ပတ်ထက် ပို၍ မကျော်စေရန် ဒေးဗစ်နှင့် အင်ဂျယ်လာတို့ အပေးအယူ လုပ်လိုက်ကြသည်။ အင်ဂျယ်လာက ကော်လ်ဟွန်းကို ဘာဆက်လုပ်မလဲဟု မေးလိုက်၏။

"ပထမ အနေနဲ့ သံသယရှိသူတွေကို ဆက်စုံစမ်းသွားမယ်။ တစ်ချိန်တည်းမှာပဲ ဒေါက်တာ ဟော့ချ်ဟာ သူ ပျောက်သွားတဲ့ နေ့မှာပဲ အသတ်ခံခဲ့ရတယ်လို့ ယူဆနိုင်တဲ့အတွက် အဲဒီနေ့က အဖြစ်အပျက်တွေကတော့ ဒေါက်တာ ဟော့ချ်ရဲ့ အတွင်းရေးမှူး သူနာပြုဆရာမအဖြစ် (၃၅) နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အမျိုးသမီးကို တွေ့ဆုံပြီး မေးမြန်းရလိမ့်မယ်။ ဒုတိယ ရည်မှန်းချက်ကတော့ ဒေါက်တာဟော့ချ်နဲ့ အတူတူ တွေ့ခဲ့ရတဲ့ စာရွက်တွေရဲ့ မိတ္တူကို ရဖို့ပဲ"

အင်ဂျယ်လာက ပြောလိုက်သည်။

"အဲဒါတွေက ပြည်နယ် ရဲအဖွဲ့မှာ ရှိနေတယ်၊ ရှင်လည်း ရဲလူထွက်ဆိုတော့ အဲဒါတွေကို ရှင် ယူမပေးနိုင်ဘူးလား"

"ယူလို့ မရဘူးဗျ။ ပြီးတော့လည်း ပြည်နယ်ရဲတွေက သူတို့ရဲ့ နည်းပညာလည်း ရှိတယ်။ သက်သေခံပစ္စည်းလည်း ရှိတယ်လို့ ပြောတဲ့တိုင်အောင် ဒေသဆိုင်ရာ ရဲတွေက ဖိအားပေးမှပဲ လုပ်တော့မယ်။ ဒေသဆိုင်ရာ ရဲတွေကလည်း သူတို့ဆီမှာ သက်သေခံပစ္စည်း မရှိတော့တဲ့ အတွက် စိတ်မဝင်စားကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်ကတော့ ဒေသခံရဲတွေ ကိုယ်တိုင် ဒီအမှုထဲမှာ ပတ်ပါချင် ပါနေမှာတော့"

အင်ဂျယ်လာက ခြိမ်းခြောက်စာများကို ရရှိပုံ၊ အုတ်ခဲနှင့် အပစ်ခံရပုံ၊ ရဲက ဝေဝင်ရှုက်မပေးပုံတို့ကို ရှင်းပြလိုက်သည်။

ကော်လ်ဟွန်းက ရောဘတ်ဆန်သည် သံသယ ဖြစ်ခံရသူ စာရင်း၌ ပါသည်မှာ မှန်သော်လည်း ထိုမျှ မိုက်မဲမည့်သူ မဟုတ်ကြောင်း၊ ရောဘတ်ဆန်သည် ဟော့ချ်ကို သတ်သူဟု သံသယ မရှိကြောင်း၊ သို့ရာတွင် လူနှင့် စကားပြောခဲ့ရစဉ်က ရောဘတ်ဆန်သည် တစ်ခုခုကို သိလျက်နှင့် ဖုံးကွယ်ထားသည်ဟု ခံစားခဲ့ရကြောင်း ပြောပြလိုက်သည်။ အင်ဂျယ်လာက ပြောလိုက်ပြန်၏။

"ရဲတွေက ဒီအမှုကို အချိန်ဆွဲနေပုံထောက်ရင် သူပါနေလို့ပဲ ဖြစ်ရမယ်"

ကောလ်ဟွန်းက ပြောလိုက်ပြန်၏။

"ကျုပ် ရဲဘဝတုန်းက ခုလို လူသတ်မှု တစ်မှုမှာ ဒေသခံရဲတွေ အပါအဝင် တစ်မြို့လုံးက ဘယ်သူ သတ်သလဲဆိုတာ သိကြတယ်။ ဒါပေမယ့် သက်သေခံမယ့်လူ မရှိလို့ ဒီကနေ့အထိ အမှုမပေါ်ခဲ့ဘူး"

ဒေးဗစ်က မေးလိုက်၏။

"ဟော့ချ် အသတ်ခံရမှုက အဲဒါနဲ့ မတူဘူးလို့ ခင်ဗျားက ဘာကြောင့် ထင်ရတာလဲ"

"ဟိုအမှုမှာ အသတ်ခံရတဲ့ သူကိုယ်တိုင်က သူခိုးလည်း သူခိုး၊ လူလည်းသတ်တဲ့လူ။ ခုအမှုမှာတော့ ဟော့ချ်ကို လူမုန်းများတယ် ဆိုပေမယ့် သူ့ကို သူ့ရဲကောင်းကြီးလို ကြည်ညိုသူတွေ ရှိနေတယ်။ ဟော့ချ်က ဆေးရုံကြီး ဖြစ်လာအောင် ထူထောင်ပေးခဲ့တဲ့အတွက် အလုပ်ရသွားသူတွေ အများကြီး ရှိတယ်။ ဒီတော့ မပူပါနဲ့၊ ဒီအမှု ပေါ်မှာပါ"

အင်ဂျယ်လာက မေးလိုက်ပြန်၏။

"ရှင်ကိုယ်တိုင် ဟော့ချ်ရဲ့ ဆေးမှတ်တမ်းတွေကို ယူလို့ မရဘူးဆိုရင် ရှင် ဘာဆက်လုပ်မလဲ"

ဤတွင် ကော်လ်ဟွန်းက အင်ဂျယ်လာ လိုက်ယူပေးရင် ရနိုင်ကြောင်း၊ အန္တရာယ်လည်း မရှိနိုင်ကြောင်း ရှင်းပြသဖြင့် ဒေးဗစ်ကပါ သဘောတူလိုက်သည်။

ထို့ကြောင့် မနက်ဖြန်ခါ မွန်းတည့် (၁၂) နာရီတိတိတွင် ကော်လ်ဟွန်း၏ ကားနှင့် လိုက်ရန် အင်ဂျယ်လာ သဘောတူလိုက်သည်။

အင်ဂျယ်လာက ကောလ်ဟွန်းကို မော်တော်ကားဆီအထိ လိုက်ပို့သည်။ ကော်လ်ဟွန်းက အင်ဂျယ်လာ့အနေနှင့် ဒေးဗစ်နှင့် ပြဿနာ ရှိနိုင် မရှိနိုင် ထပ်မေးသည်။ တစ်ပတ်ဆိုသော ကန့်သတ်ချက်ကို လိုက်နာမည် ဆိုပါက ပြဿနာ မရှိနိုင်ကြောင်းနှင့် ၎င်းကို အသေသတ်ရန်





အထိ ရန်မူခံခဲ့ရကြောင်း အင်ဂျယ်လာက ရှင်းပြလိုက်သည်။

ကော်လ်ဟွန်းက-

"တဖြည်းဖြည်းနဲ့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာပြီ။ ဒါဆိုရင် ခင်ဗျားကို ဆေးရုံရှေ့မှာ လာမကြိုဘဲ စာကြည့်တိုက်ရှေ့က မော်တော်ကားရပ်တဲ့နေရာကပဲ လာကြိုတော့မယ်။ စွန့်စားတယ်ဆိုတာ အမြဲဟာယ် မရှိပါဘူးဗျာ"

ဟု ပြောလိုက်တော့သည်။

✤ ✤ ✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

**အောက်တိုဘာလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့**

နစ်ကီ အိပ်ရာက နိုးလာချိန်တွင် ချဲ့ပါသော ချောင်းဆိုးပြီး ရင်ကျပ်နေသဖြင့် ဒေးဗစ်ရော အင်ဂျယ်လာပါ စိတ်မချမ်းမသာ ဖြစ်ကြရသည်။ ကယ်ရိုလင်းဖြစ်သည့် ရောဂါမျိုး ဖြစ်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။ ကယ်ရိုလင်းထံ အလည်အပတ် သွားရောက်ဖို့ နစ်ကီအား ခွင့်ပြုခဲ့သူ ဒေးဗစ်က ပို၍ စိတ်ပူနေသည်။

နံနက်ခင်းတွင် ပြုလုပ်ရသော အသက်ရှူကုထုံးကို ပို၍ ဂရုစိုက်ပြီး ဆောင်ရွက်ပေးခဲ့သည့်တိုင်အောင် တိုးတက် ကောင်းမွန် မလာခဲ့ချေ။ နစ်ကီကို ကျောင်းတက်ခွင့် မပြုဘဲ ကလေးထိန်းပေးမည့် အဲလစ်ဗိုဟာတီ . ကို ခေါ်ထားလိုက်သည်။

ဒေးဗစ်သည် ဆေးရုံတင်ထားသော သူ့လူနာများကို လှော်ကြည့်ရင်း စိတ်တိုနေမိသည်။ သို့ရာတွင် သူ့လူနာများ နေကောင်းနေကြသည်။ စင်ဒရာဟက်စ်ချာသည်ပင်လျှင် နေကောင်းနေသည်။ စင်ဒရာက ဒေးဗစ်အား မေတ္တာရပ်ခံလိုက်၏။

"ကျွန်မ ဒီမှာ ဆက်ပြီး ဆေးရုံတက်ရဦးမယ်ဆိုရင် ကျွန်မ ခုတင်က ခလုတ်တွေ မကောင်းတော့ဘူးဆိုတာ သက်ဆိုင်ရာကို ပြောပေးပါ"

ဒေးဗစ်က ထိုကိစ္စကို ဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့ပြီး သူနာပြုဆရာမခေါင်းဆောင် ဂျက်နက်ကိုလ်ဘမ်ကို ပြောပြသည်။ သို့ရာတွင် အဆင်မပြေသောကြောင့် ပြုပြင်ထိန်းသိမ်းရေးဌာနမှ ဝါနာဗန်ဆလိုက်ထံ သူကိုယ်တိုင် သွားရတော့သည်။

ဝါနာဗန်ဆလိုက်ကို ပြတင်းပေါက် မရှိသော သူ့အခန်းလေးထဲတွင် တွေ့ရသည်။ ဝါနာဗန်ဆလိုက်က-

"ဆေးရုံကိုက မဟုတ်တဲ့ ခုတင်အမျိုးအစားကို ဝယ်ထားတာဗျ။ အဲဒီ ခုတင်တွေက ပြင်လို့တော့ရတယ်။ ဒါပေမယ့် ပြန်ပျက်ဦးမှာပဲ"

ဟု ပြောလိုက်၏။ ဒေးဗစ်က ပြောလိုက်သည်။





"ကျုပ်ကတော့ ပြင်ပေးစေချင်တယ်"

"သူ့အလှည့်ကျရင် ပြင်ပေးမယ်ဗျာ။ ကျုပ်ကို ဒုက္ခလာမပေးပါနဲ့။ ကျုပ်မှာ တခြား အရေးကြီးတဲ့ အလုပ်တွေ ရှိသေးတယ်"

"ခင်ဗျား တော်တော်ရိုင်းတဲ့လူပဲ"

"ခင်ဗျားက ကျုပ် ရုံးခန်းကိုလာပြီး ရန်လုပ်နေတာဗျ။ ခင်ဗျားက တိုင်ချင်တောချင်တယ်ဆိုရင် အုပ်ချုပ်ရေးမှူးကို သွားပြောပေါ့ဗျ"

"အေး သွားပြောမယ်"

သို့ရာတွင် ဒေးဗစ်သည် ဟယ်လင်ဘီတန်ထံ မရောက်တော့ပါ။ လမ်းတွင် မျက်စိမျက်နှာပျက်နေသော ဒေါက်တာ ပီလ်စနာနှင့် တွေ့ရသောကြောင့် အကြောင်းရင်းကို မေးလိုက်သည်။

ဒေါက်တာ ပီလ်စနာက ညတုန်းက ကယ်ရိုလင်းသည် ကျန်းမာရေး အခြေအနေ အလွန် ဆိုးရွားလာကြောင်း၊ ကယ်ရိုလင်းကို လိုက်ကြည့်လှည့်ပါဟု ပြောလိုက်၏။

"အခု ကယ်ရိုလင်းက အသည်းအသန် လူနာပြုစုတဲ့ အခန်းထဲမှာ"

ဟု ဒေါက်တာ ပီလ်စနာက ဆိုသည်။ သူတို့ ရောက်သွားသောအခါ ကယ်ရိုလင်းသည် မေ့မြောနေသည်။ အသက်ရှူစက်မှ ပြွန်တစ်ချောင်းကို ကယ်ရိုလင်း၏ ပါးစပ်ထဲတွင် တပ်ထားသည်။ ကယ်ရိုလင်း၏ ခန္ဓာကိုယ် တစ်ခုလုံးပေါ်တွင် ဝိုင်ယာကြိုးများ၊ အကြောဆေးသွင်းသော ပိုက်များနှင့် ရှုပ်ယှက်ခတ်နေသည်။

ဒေးဗစ်က ကယ်ရိုလင်းကို ငုံ့ကြည့်ရင်း သူ တဆတ်ဆတ် တုန်သွားသည်။ သူ့စိတ်ထဲတွင် ကယ်ရိုလင်းအစား နစ်ကီ့ကို အစားထိုး၍ တွေ့မြင်နေရသည်။

ဒေါက်တာပီလ်စနာသည် သူနာပြုဆရာမ၏ အစီရင်ခံမှုကို နားထောင်လိုက်၏။ လွန်ခဲ့သော တစ်နာရီကထက် ပို၍ တိုးတက်လာခြင်း မရှိပါ။

ထို့နောက် ဒေါက်တာ ပီလ်စနာအား နစ်ကီ၏ အနေအထားကို ဒေးဗစ်က ရှင်းပြလိုက်၏။ ဒေါက်တာပီလ်စနာက နစ်ကီ့အား တိုက်ကျွေးရမည့် ပဋိဇီဝ ဆေးများကို ပြောပြလိုက်သည်။

ဒေးဗစ်က သူ့လူနာများအား လှော်လှည့်မကြည့်မိ အင်ဂျယ်လာထံ ဆက်သွယ်ပြီး နစ်ကီအား တိုက်ကျွေးရမည့် ပဋိဇီဝဆေးအမည်များကို ပြောပြလိုက်သည်။ ကယ်ရိုလင်းအကြောင်း ပြောပြလိုက်သောအခါ အင်ဂျယ်လာ စိတ်ပူသွားသည်။ အင်ဂျယ်လာက မေးလိုက်၏။

"သူ သေလိမ့်မယ်လို့ ထင်သလား"

"ဒေါက်တာ ပီလ်စနာကတော့ အဲဒီလို ထင်နေတာပဲ"

"မနေ့တုန်းက နစ်ကီ သူနဲ့ ရှိခဲ့သေးတယ်"

"မင်း အဲဒါကို ထည့်ပြောဖို့ မလိုပါဘူးကွာ၊ အဲဒီတုန်းက ကယ်ရို



www.burmeseclassic.com

www.burmeseclassic.com



လင်းက နေကောင်းနေတာပဲ"

"ရှင် နေ့လယ်က စားတဲ့အချိန်ကျရင် နစ်ကီ့အတွက် ပဋိဇီဝဆေး ပေးဖို့ကို ယူသွားပေးပါ။ ကျွန်မကတော့ မူလအစီအစဉ်အတိုင်း ဘာ လင်တန်ကို သွားမယ်"

"ပင်းက သွားဦးမှာပဲလား"

"ကော်လ်ဟွန်းက ဘာလင်တန်က ရဲအရာရှိနဲ့တောင် ပြောဆိုပြီး သွားပုံရတယ်။ သူက ကျွန်မကို သေချာအောင် ထပ်ချိန်းလိုက်သေးတယ်"

"ကောင်းပြီလေ"

❖ ❖ ❖

"ကျုပ်ကို လက်ခံတွေ့ဆုံတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ။ ကျုပ်က ခင်ဗျားကို မေးခွန်းကလေးတွေ မေးစရာရှိတယ်"

ကော်လ်ဟွန်းက ဟယ်လင်ဘီတန်၏ စားပွဲရှေ့တွင် ဝင်ထိုင်ရင်း ပြောလိုက်၏။

"ကျွန်မကလည်း ရှင့်ကို မေးစရာရှိတယ်၊ ရှင့်ကို ဘယ်သူက ငှား သလဲ"

"ကျုပ်ရဲ့ အမှုသည်အနေနဲ့ အမည်မဖော်ဘဲ နေခွင့်ရှိပါတယ်။ ကဲ ကျုပ်က ပြန်မေးတော့မယ်၊ ဒေါက်တာဟော့ချ်ဟာ ခင်ဗျား ရုံးခန်းကို မကြာခဏ လာတတ်တယ်ဆိုတာ ဟုတ်သလား"

"ရှင့်အမှုသည်က သူ ဘယ်သူလဲ ဆိုတာကို လျှို့ဝှက်ထားမယ်ဆိုရင် ကျွန်မကလည်း ရှင့်ကို လိုက်လျောဖို့ အကြောင်းမရှိတော့ဘူး"

"အဲဒါကတော့ ခင်ဗျား သဘောပဲလေ။ ဒါပေမယ့် လူတွေက ဒေါက်တာဟော့ချ်ကို ဘယ်သူ သတ်သလဲဆိုတာ ခင်ဗျား သိတယ်လို့တောင် ထင်လာစရာရှိတယ်"

ကော်လ်ဟွန်းသည် အုပ်ချုပ်ရေးဌာနမှ ထွက်ခဲ့ပြီးနောက် မြေအောက်ခန်း၌ရှိသော ဝါနာဗန်ဆလိုက်ထံသို့ လာခဲ့၏။ ကော်လ်ဟွန်းက ပြောလိုက်သည်။

"ဝါနာဗန်ဆလိုက်လား၊ ကျုပ်နာမည် ကော်လ်ဟွန်းပါ။ ကျုပ် ခင်ဗျားနဲ့ စကားစမြည်ပြောလို့ ရမလား"

"ဟုတ်ပါတယ်၊ ဘာကိစ္စလဲ"

"ဒေါက်တာ ဒင်းနစ်ဟော့ချ်အကြောင်းပါ"

"ကျုပ် အလုပ်လုပ်နေတာကို အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ရပါတယ်"

"ခင်ဗျားက ဌာနမှူးဖြစ်လျက်နဲ့ ခုတင်တွေကို ဘာဖြစ်လို့ ကိုယ်တိုင် ပြင်နေရတာလဲ"

"ကောင်းကောင်းမွန်မွန် ပြင်ထားတယ်ဆိုတာကို သိချင်လို့ပါဗျာ"

ကော်လ်ဟွန်းက ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိသောက်လိုက်





သလို ဗန်ဆလိုက်ကိုလည်း တစ်လိပ်ပေးလိုက်သည်။

"ခင်ဗျားက ဒေါက်တာဟော့ချ်အကြောင်း တော်တော် သိတယ်လို့ သိရတယ်"

"သူက ကျုပ်အဖို့တော့ အဖေလိုပါပဲဗျာ၊ ဟော့ချ်သာ မရှိရင် ကျုပ် ကောလိပ်ကိုတောင် တက်ခွင့်ရမှာ မဟုတ်ဘူး။ သူက ကျုပ်ကို သူ့အိမ်မှာ အလုပ်ပေးတယ်၊ သူ့အိမ်မှာ ကျုပ်က တော်တော်များများ ညအိပ်ညနေ နေပြီး သူနဲ့ စကားပြောဖြစ်ကြတယ်။ ကျုပ်က အဖေနဲ့တော့ အဆင်မပြေ ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျုပ်အဖေက သိပ်ဆိုးတယ်၊ ညတိုင်း မူးတယ်။ ကျုပ်ကို သေကောင် ပေါင်းလဲ ဖြစ်အောင် ရိုက်တယ်။ အမေက ဘာမှ လုပ်မပေးနိုင်ရှာဘူး"

"ခင်ဗျားနဲ့ ခင်ဗျားအမေ ပူးပေါင်းပြီး ခင်ဗျား အဖေကို ပြန်မပြော ကြဘူးလား"

"မဟုတ်လိုက်လေဗျာ၊ အမေက အဖေ့ကို အမြဲတမ်း ကာကွယ်ပြီး ပြောဆိုနေတာဗျ။ ဒါနဲ့ စကားမစပ် ခင်ဗျားက ဘာဖြစ်လို့ ဒီမေးခွန်းတွေ ကို မေးနေရတာလဲ"

ကော်လ်ဟွန်းက ပြောလိုက်၏။

"ကျုပ်က ဟော့ချ် သေရတဲ့ ကိစ္စကို စိတ်ဝင်စားတယ်"

"ဒီလောက်တောင် ကြာပြီးမှလား"

"ကြာတော့ရော ဘာဖြစ်ရမှာလဲ၊ သူ့ကို ဘယ်သူသတ်သလဲဆိုတာ ခင်ဗျား မသိချင်ဘူးလား"

"ကျုပ် သိရင် ဘာလုပ်ရမှာလဲ၊ အဲဒီငတိကို ကျုပ်က သတ်ပစ်ရမှာ လား"

ဗန်ဆလိုက်က မီးခိုးများ သီးသည်အထိ ရယ်လိုက်၏။ ပြီးမှ-

"အခုလို ပြောတာဆိုတာ တော်လောက်ပြီဗျာ။ ကျုပ်မှာ လုပ်စရာ ဖလုပ်တွေ အများကြီး ရှိတယ်ဗျ"

ကော်လ်ဟွန်းက နောက်တစ်ခေါက် လာခွင့်ပြုပါဟုပြောပြီး ဓာတ်မှန်ဌာနမှ ဒေါက်တာ ကန်တာ့ဆီသို့ ဆက်သွားလိုက်သည်။

ဒေါက်တာကန်တာ၏ အခန်းထဲသို့ ရောက်သောအခါ ကန်တာက မေးလိုက်၏။

"ခင်ဗျားက ဒင်းနစ်ဟော့ချ်အကြောင်း ဆွေးနွေးချင်တယ်လို့ ဧည့်ကြိုစာရေးမကို ပြောလိုက်တာ ဘာသဘောလဲ"

ကော်လ်ဟွန်းက ထိုင်ခွင့်တောင်းပြီး သူနှင့် ကန်တာ ဆေးလိပ်[illegible] လိပ်စီ မီးညှိ၍ သောက်လိုက်ကြသည်။

ဒင်းနစ်ဟော့ချ်အား သတ်သူကို ရှာဖွေပေးရန် သူ့ကို [illegible]ရမ်းထားကြောင်း ကော်လ်ဟွန်းက ပြောလိုက်၏။ ဒေါက်တာကန်[illegible]တာက-



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ အဲဒီ လူလွန်မသားအကြောင်း ပြောကို မပြောချင်ဘူး"

ဟု ပြောလိုက်သည်။ ကော်လ်ဟွန်းက မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ ပြောရမှာလဲ"

"သူ့ကို သတ်တဲ့လူကို တရားဥပဒေအတိုင်း ဖြစ်အောင် လုပ်ဖို့ပေါ့"

"ကျုပ်ကတော့ သူ့ကို သတ်လိုက်တဲ့လူကို ဆုတံဆိပ်တောင် ပေးဖို့ သင့်တယ်လို့ ထင်တယ်"

"ခင်ဗျားက သူ့အပေါ်မှာ တော်တော်ကလေး အထင်သေးထားတာကိုး"

"သူက ဒိုပြင်ပုဂ္ဂိုလ်တွေကို လူလို့ သဘောမထားဘူးလား"

"ဒိုပြင် ပုဂ္ဂိုလ်တွေဆိုတာ ယေဘုယျ ပြောတာလား၊ တခြား ဒေါက်တာတွေကို ပြောတာလား"

"ဒေါက်တာက အများစုပါ၊ သူက ဆေးရုံကိစ္စကိုပဲ ဦးစားပေးတယ်။ သူက ကျုပ်တို့ရဲ့ ဓာတ်မှန်ဌာနနဲ့ ရောဂါဗေဒဌာနကို အတင်း သိမ်းပစ်လိုက်တယ်။ ကျုပ်တို့ အားလုံးက သူ့ကို သတ်ပစ်ချင်ကြတယ်။ အခုတော့ ကျုပ်နဲ့ ရောဂါဗေဒဌာနက ပေါလ်ဒါနဲ့လ်တို့ပဲ ကျန်ရစ်တော့တယ်"

"ဒေါက်တာဟော့ချ်ကို သတ်တဲ့လူကို ခင်ဗျား သိသလား"

ကန်တာသည် စကားစပြောပြီးမှ ပြန်ရပ်သွားသည်။

"ကျုပ်က ဒီစကားဝိုင်းမှာ ဟော့ချ်အကြောင်း မပြောချင်ဘူးလို့ စကားပလ္လင်ခံပြီးမှ ဆက်ပြောနေမိတယ် ဆိုတာကို သတိရလာတယ်"

"ကျုပ်လည်းပဲ သတိထားလိုက်မိပါတယ်။ ခင်ဗျားက စိတ်ပြောင်းသွားတာ ကျုပ် သတိပြုမိတယ်။ ဒီတော့ ထပ်မေးပါရစေဗျာ။ ဟော့ချ်ကို ဘယ်သူ သတ်တယ်ဆိုတာ ခင်ဗျား သိသလား"

"ကျုပ် သိရင်လည်း ခင်ဗျားကိုတော့ မပြောဘူး"

ကော်လ်ဟွန်းက ခါးပိုက်ဆောင်နာရီကို ထုတ်ကြည့်လိုက်ပြီး ဘုရားရေဟု ပြောလိုက်သည်။ ထို့နောက် ကန်တာကို တောင်းပန်၍ ချက်ချင်း ပြန်ထွက်သွားတော့သည်။

ကော်လ်ဟွန်းက ထရပ်ကားကို စာကြည့်တိုက်ဆီသို့ မောင်းလာရာ လမ်းလျှောက်လာသော အင်ဂျယ်လာနှင့် ဆုံတွေ့တော့သည်။

သူက တံခါးကို ဖွင့်ပေးလိုက်ပြီး ဒေါက်တာကန်တာနှင့် စကားကောင်းနေ၍ နောက်ကျသွားကြောင်း ပြောလိုက်၏။

"ကျွန်မက ဒေါက်တာကန်တာကို စိတ်ဝင်စားတယ်"

"ဟော့ချ်ကို သတ်တာ သူ မဟုတ်ပါဘူး။ ဒါပေမယ့် ကျုပ်က သူ့ရဲ့ဘီတန်ကို စိတ်ဝင်စားနေတယ်။ ဒီမှာ တစ်ခုခု ဖြစ်နေတာ သေချာနေတယ်။ ကျုပ် ခံစားလို့ကို ရတယ်ဗျာ"





အင်ဂျယ်လာက မေးလိုက်၏။

"ကျွန်မတို့ ပြည်နယ် ရဲအဖွဲ့ဆီကို သွားတာ အဆင်ပြေပါ့မလား၊ ကျွန်မက အယောင်ဆောင်သလိုများ ဖြစ်နေမလားပဲ"

"စိတ်မပူနဲ့ဗျာ၊ ခင်ဗျားအနေနဲ့ တစ်ခွန်းမှတောင် ဝင်ပြောစရာ မလိုပါဘူး။ ကျုပ်က အဲဒီ ရဲအရာရှိနဲ့လည်း ဆွေးနွေးပြီးပါပြီ"

"ဒါဆိုရင် ရှင့်ကို ကျွန်မ ယုံလိုက်တော့မယ်"

"ခင်ဗျား စိတ်မပျက်စေရပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျားကို ကျုပ်မေးစရာရှိတယ်။ ကျုပ်က ခင်ဗျားနဲ့ ခင်ဗျား ခင်ပွန်းအကြားမှာ ပြဿနာမဖြစ်စေချင်ဘူး။ ဒါပေမယ့် ဒီအမှုဟာ ကျုပ် ပင်စင်ယူပြီးမှ စုံစမ်းရတဲ့ အမှုတွေထဲမှာ ပိုပိုပြီး စိတ်ဝင်စားစရာ ကောင်းလာတယ်။ ဒီတော့ ကျုပ်က တစ်နာရီနှုန်းထားကို လျှော့ချပေးရင် ကောင်းမလားလို့တောင် စဉ်းစားနေတယ်"

"ရပါတယ်ရှင်၊ ရက်သတ္တတစ်ပတ်ဆိုတဲ့ ဘောင်ကို မကျော်ရင် ဒေးဗစ်က လက်ခံမှာပါရှင်"

ဘာလင်တန်ရှိ ပြည်နယ် ရဲဌာနချုပ်သို့ ရောက်သည်အထိ အင်ဂျယ်လာက စိတ်ပူနေခဲ့သော်လည်း စိတ်ပူစရာ မလိုကြောင်း တွေ့ရတော့သည်။ ကော်လ်ဟွန်း ပါလာမှုကြောင့် အစစအရာရာ အဆင်ပြေခဲ့ပါသည်။ ကော်လ်ဟွန်းကပင် ဦးဆောင်၍ စကားပြောသွားသည်။ ကော်လ်ဟွန်းက ပိတ္တူနှစ်စောင် ပွားပေးဖို့ပင် မေတ္တာရပ်ခံလိုက်သေးသည်။ နောက် ဆယ်မိနစ်ကြာသောအခါ ထရပ်ကားပေါ်သို့ ပြန်ရောက်လာကြလေပြီ။

"လွယ်ကူလိုက်တာရှင်"

အင်ဂျယ်လာက ပြောလိုက်ပြီး စာအိတ်ထဲမှ စာရွက်များကို ထုတ်၍ လျှောက်ဖတ်ကြည့်လိုက်၏။ ဘာတွေလဲဟု ကော်လ်ဟွန်းက မေးသောကြောင့် လူနာရှစ်ဦးအား ဆေးရုံဝင်ခွင့်ပြုသော မှတ်တမ်းများ ဖြစ်ကြောင်း ပြန်ဖြေလိုက်သည်။

"ဘာတွေများ ထူးခြားသလဲ"

"ကျွန်မကတော့ မပြောတတ်တော့ဘူး။ အသက်အရွယ်တွေကလည်း မတူကြဘူး။ လိင်လည်း မတူကြဘူး။ ရောဂါလည်း မတူကြဘူး။ ကင်ပါးဆုံရိုး ကျိုးတဲ့သူ၊ အဆုတ်ရောင်ရောဂါ ရတဲ့သူ၊ ခေါင်းရိုး လိုက်ခေါင်းနာရတဲ့သူ၊ ရင်ဘတ်အောင့်တဲ့သူ၊ ဝမ်းဗိုက် ညာဘက်အောက်ခြမ်း အောင့်တဲ့သူ၊ သွေးပြန်ကြော ရောင်ရမ်းသူ၊ လေဖြတ်တဲ့သူ၊ ကျောက်ကပ်မှာ ကျောက်တည်တဲ့သူ အမျိုးမျိုးပါပဲ။ ကျွန်မ အမြင်ကတော့ သာမန်လို့ပဲ ထင်ရတယ်"

"ချက်ချင်းကြီး မဆုံးဖြတ်နဲ့ဦး"

ဟု ကော်လ်ဟွန်းက ကားမောင်းရင်း ပြောလိုက်၏။ အင်ဂျယ်လာက စာရွက်များကို စာအိတ်ထဲသို့ ပြန်ထည့်ပြီး ပတ်ဝန်းကျင်ကို လေ့လာ

www.burmeseclassic.com

www.burmeseclassic.com


လိုက်ရာ မည်သည့်နေရာသို့ ရောက်နေကြောင်း မှတ်မိသွားတော့သည်။ အင်ဂျယ်လာက ကားကို ပြန်ကွေ့ခိုင်းပြီး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေး ဌာန၏ အကြီးအကဲ ဝေါလ်တာဒန်းစ်မိုး၏ ရုံးအဆောက်အအုံဆီသို့ သွား၍ ကြသည်။

အင်ဂျယ်လာက ကော်လ်ဟွန်းကို ဒေါက်တာဒန်းစ်မိုးနှင့် မိတ်ဆက် ပေးလိုက်၏။ အင်ဂျယ်လာက ကော်လ်ဟွန်းသည် ဒေါက်တာဟော့ချ်၏ အမှုကို ကူညီ၍ စုံစမ်းထောက်လှမ်းပေးနေသူ ဖြစ်ကြောင်း၊ ၎င်းတို့သည် ဘာလင်တန်သို့ သက်သေခံ စာရွက်စာတမ်း အချို့ကို ယူရန် လာရင်းအမှု အခြေအနေ တိုးတက်မှု ရှိမရှိ သိလိုသောကြောင့် ဝင်လာခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ဝေါလ်တာဒန်းစ်မိုးက အခြေအနေ ထူးခြားမှု မရှိကြောင်း၊ အဆိပ် သင့်မှုကိုလည်း မတွေ့ရကြောင်း၊ အရေပြားအောက်ဘက်မှ ကာဗွန်ကိစ္စ ကလည်း မထူးခြားသေးကြောင်း ပြောပြလိုက်သည်။

သူတို့သည် ဘတ်တလက်သို့ ပြန်လာကြပြီ လမ်းခွဲလိုက်ကြ၏။ အင်ဂျယ်လာ သူ့မော်တော်ကားပေါ်သို့ ပြန်ရောက်သည့်အချိန်တွင် တစ် နာရီခွဲခါနီးလေပြီ။

အင်ဂျယ်လာသည် သူ့ရုံးခန်းသို့ ပြန်ရောက်သောအခါ ဟော့ချ်၏ စာရွက်များကို အပေါ်ဆုံး အံဆွဲထဲတွင် ထည့်ထားလိုက်၏။ ထိုအချိန်တွင် ဒေါက်တာ ဝက်ဒလီသည် တံခါးကိုပင် မခေါက်တော့ဘဲ ဝင်လာတော့သည်။

"မင်းကို ကျုပ် လိုက်ရှာနေတာ မိနစ် (၂၀) နီးပါး ရှိနေပြီ"

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မက နေ့လယ်စာ စားတဲ့အချိန် မှာ ကျွန်မ အလုပ်ကလေးတွေကို သွားလုပ်မိတာပါ"

"ကျုပ်ရဲ့ ရောဂါဗေဒ ပညာရှင်တွေ နေ့ခင်းပိုင်းမှာ ပျောက်ပျောက် သွားတာကို ကျုပ် မလိုလားဘူး"

"ကျွန်မက သိပ်ကြာကြာ သွားခဲ့တာ မဟုတ်ပါဘူး။ ပြီးတော့လည်း ကျွန်မက ဒေါက်တာဒန်းစ်မိုးဆီ သွားခဲ့တာပါ"

"မင်းက ဒန်းစ်မိုးနဲ့ တွေ့ခဲ့သေးလား"

"ကျွန်မကို သံသယဖြစ်ရင် လှမ်းမေးကြည့်နိုင်ပါတယ်ရှင်"

ဝက်ဒလီက ပြောလိုက်၏။

"ကျုပ်က သိပ်အလုပ်များတယ်။ မင်းသွားတဲ့လာတဲ့ နေရာတွေကို လိုက်စစ်ဆေးဖို့ အချိန်လည်း မရဘူး။ ကျုပ် မင်းကို သတိပေးချင်တာက တော့ မင်းဟာ အစမ်းခန့် ကာလမှာပဲ ရှိသေးတယ်။ မင်းကို မယုံကြည် ရဘူးဆိုရင် မင်းအလုပ်က ရပ်စဲခံရနိုင်တယ်"

ဝက်ဒလီသည် ထိုသို့ ပြောဆိုပြီးနောက် တံခါးရွက်ကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်ပြီး သူ့အခန်းထဲသို့ ပြန်ဝင်သွားတော့သည်။

အင်ဂျယ်လာသည် တံခါးရွက်ကို စိုက်ကြည့်နေမိသည်။ ယခုလို ပြောင်ပြောင်တင်းတင်း ဝိရောဓိ ဖြစ်ရသည်ကို အင်ဂျယ်လာ မလိုလားပါ။ သို့တိုင်အောင် ယခင်ကလို ကိုယ်ထိလက်ရောက် စော်ကားခံရမှုထက် ယခုလို ဖြစ်နေရသည်ကို သူက ပိုပြီး လိုလားပါသည်။ အင်ဂျယ်လာက သူတို့နှစ်ဦး အကြားတွင် ပုံမှန်ပြန်၍ ဆက်ဆံနိုင်ပါတော့မလားဟု တွေး တောမိလေတော့သည်။

❖ ❖ ❖

ဒေးဗစ်သည် မွန်းလွဲပိုင်းတွင် ဆေးရုံတက်နေသော သူ့လူနာများကို တစ်ခေါက် လျှောက်ကြည့်ပြန်၏။ ထိုသို့ မကြည့်ခင် ကယ်ရိုလင်းကို ဝင် ကြည့်ခဲ့သေးသည်။ ကယ်ရိုလင်းသည် မေ့မြောနေဆဲပင် ဖြစ်သည်။ ဒေါက်တာ ပီလ်စနာသည်လည်း မျှော်လင့်ချက် ကင်းမဲ့စွာနှင့် စောင့်ကြည့် နေဆဲပင် ဖြစ်သည်။

ဒေးဗစ်သည် စင်ဒရာဟက်စ်ချာထံ ရောက်သွားသောအခါ မယုံ ကြည်နိုင်အောင်ပင် ဖြစ်ရတော့သည်။ စင်ဒရာသည် ပတ်ဝန်းကျင်ကို မသိ တော့ပေ။ သူက စကားပြောသော်လည်း စင်ဒရာက ဝိုးတိုးဝါးတား ဖြစ်နေ သည်။

ဒေးဗစ်သည် စင်ဒရာ၏ ဆေးမှတ်တမ်းကို ပြန်စစ်လိုက်သည်။ နေ့လယ်စာ မစားသောကြောင့် ခံတွင်းပျက်သည်ဟု ပြောရန်ကလွဲ၍ ထူးခြားမှု မရှိချေ။ သူက ပဋိဇီဝဆေးတစ်မျိုးကို ထပ်တိုးပေးပြီး အိမ်သို့ ဘိုင်စကယ်နှင့် ပြန်လာခဲ့တော့၏။

ဒေးဗစ် အိမ်ပြန်ရောက်သောအခါ နစ်ကီသည် သူ့ နေ့ခင်းက ဆေး လာပို့စဉ်ကထက် နည်းနည်း ပိုဆိုးနေသည်။ ရင်ပိုကျပ်နေပြီး အဖျားက ဒီဂရီ (၁၀၀)အထိ ရောက်နေသည်။

ဒေးဗစ်က အသည်းအသန် လူနာခန်းရှိ ဒေါက်တာ ပီလ်စနာထံ ဖုန်းဆက်ပြီး နစ်ကီ့ အခြေအနေကို ပြောပြလိုက်၏။ ဒေါက်တာ ပီလ်စနာ က သောက်ဆေးကို ပိုတိုက်ရန် ညွှန်ကြားလိုက်သည်။ ဒေးဗစ်က ကယ်ရို လင်း အခြေအနေကို မေးရာ ဘာမှ မထူးခြားဟု ပြန်ဖြေသည်။

အင်ဂျယ်လာသည် ည ခုနစ်နာရီကျော်မှ အိမ်ပြန်ရောက်လာသည်။ ဒေးဗစ်က ကယ်ရိုလင်း မသက်သာသေးကြောင်း အင်ဂျယ်လာကို ပြောပြ လိုက်သည်။ဒေးဗစ်က သူ့လူနာတစ်ဦးဖြစ်သော စင်ဒရာဟက်စ်ချာလည်း မသက်သာသေးကြောင်း ဆက်ပြောပြလိုက်၏။ အင်ဂျယ်လာက ပြန်မေး သည်။

"သူက ဘာရောဂါနဲ့ ဆေးရုံတက်ရတာလဲ"

"သွားမှာ ပြည်တည်တဲ့ရောဂါနဲ့ တက်ရတာ၊ ပဋိဇီဝဆေးတွေနဲ့ သက်သာလာတယ်။ ဒါပေမယ့် ဒီနေ့ မွန်းလွဲပိုင်းကျမှ သူ့စိတ်ပိုင်းဆိုင်ရာ အခြေအနေက ပြောင်းလဲသွားခဲ့တာ"

"ဦးနှောက်မြေး ရောင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖဲဒါကိုပဲ စဉ်းစားလို့ ရတော့တယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မ ဘာလင်တန်ကို သွားခဲ့တဲ့ ကိစ္စကတော့ ချောချောမောမော ပါပဲ"

ဒေးဗစ်က စိတ်မဝင်စားဟန်နှင့်-

"ဝမ်းသာပါတယ်"

ဟု ဝတ်ကျေတန်းကျေ ဖြေလိုက်သည်။

"ကျွန်မ ရုံးခန်းကို ပြန်ရောက်တော့မှ ပြဿနာ တက်တော့တာပဲ။ ဝက်ဒလီက ကျွန်မကို အလုပ်ဖြုတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်လေ"

"ဘာပြောတယ်၊ အဲဒီလိုဆိုရင် ကိုယ်တို့ အကြီးအကျယ် ဒုက္ခရောက်တော့မှာပဲ"

"စိတ်မပူနဲ့ရှင်၊ သူက ဒေါသကြီးပြီး တစ်ခါတစ်ခါ ထပြီး ပေါက်ကွဲတာမျိုးပါ။ သူက ကျွန်မကို ကာယိန္ဒြေပျက်အောင် လိုက်နှောင့်ယှက်နေပါတယ်လို့ တိုင်ထားတဲ့ နောက်ပိုင်းမှာ သူက ကျွန်မကို အလုပ်က ဖြုတ်ပစ်လို့ မရနိုင်ပါဘူး"

ဒေးဗစ်က ပြောလိုက်၏။

"အဲဒါကလည်း သိပ်စိတ်ချရတာ မဟုတ်ဘူး၊ ကိုယ်ကတော့ မင်း အလုပ်ဖြုတ်ခံရနိုင်စရာရှိတယ် ဆိုတာကိုတောင် တွေးမိခဲ့တာ မဟုတ်ဘူး"

ညစာ စားကြသောအခါ နစ်ကီက မဆာကြောင်း ပြောသည်။ အင်ဂျယ်လာက နစ်ကီ့ကို အတင်း ကျွေးသည်။ ဒေးဗစ်က အတင်းမကျွေးဖို့ ပြောရင်း စကားများကြတော့သည်။ နစ်ကီလည်း ထမင်းစားပွဲမှ မျက်ရည်လည်ရွဲနှင့် ထွက်ပြေးသွားလေ၏။

ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် ထိုကိစ္စကို အကြောင်းပြု၍ တစ်ယောက်နှင့် တစ်ယောက် ဒေါသဖြစ်နေကြသည်။ နစ်ကီ အိပ်ချိန်ရောက်သောအခါ နစ်ကီ၏ အသက်ရှူကုထုံးကို အင်ဂျယ်လာက ဆောင်ရွက်ပေးရန်နှင့် ပန်းကန်ခွက်ယောက်များကို ဒေးဗစ်က ဆေးကြော ရှင်းလင်းရန် တာဝန်ခွဲဝေလိုက်ကြသည်။

ချက်ချင်း လိုလိုပင် အင်ဂျယ်လာသည် မီးဖိုထဲသို့ ပြန်ရောက်လာပြီး နစ်ကီက-

"ကယ်ရိုလင်း ဘယ်တော့ အိမ်ပြန်လာမှာလဲ"

ဟု မေးနေကြောင်း ပြောပြလိုက်သည်။ ဒေးဗစ်က ထိုကိစ္စကို တတ်နိုင်သမျှ သူ ရှင်းပေးမည်ဟု ပြောလိုက်သည်။

ညကိုးနာရီ ထိုးသောအခါ ဒေးဗစ်က ဆေးရုံသို့ တယ်လီဖုန်းဆက်၍ စင်ဒရာ၏ အခြေအနေကို မေးလိုက်သည်။ စင်ဒရာသည် ညစာမစားသည်ကလွဲ၍ အခြေအနေမှာ သိသိသာသာ ပြောင်းလဲမှု မရှိကြောင်း သိရသည်။



ဒေးဗစ် ဖုန်းဆက်ပြီးချိန်တွင် အင်ဂျယ်လာက ဘာလင်တန်က ယူလာသော စာရွက်များကို ကြည့်လိုခြင်း ရှိ မရှိ ဒေးဗစ်အား မေးလိုက်၏။

ဒေးဗစ်က သူ စိတ်မဝင်စားကြောင်း၊ ယခုလို ဒုက္ခသုက္ခ ရောက်နေချိန်တွင် အင်ဂျယ်လာက ဒေါက်တာဟော့ခ်၏ ကိစ္စကို အာရုံစိုက်နေသည်မှာ အံ့ဩစရာ ကောင်းကြောင်း၊ ဦးစားပေးရမည့် ကိစ္စတွေကို ရှေ့တန်းတင်ပုံ မှားယွင်းနေကြောင်း၊ အင်ဂျယ်လာက ဘာလင်တန်သို့ စာရွက်များကို လိုက်ယူနေစဉ် ဒေးဗစ်က သမီးအတွက် ပဋိဇီဝဆေးတွေကို အိမ်သို့ ပြန်ပို့ပေးနေရကြောင်း ပြောလိုက်သည်။

"ရှင် ဒီစကားမျိုးပြောတာ ကျွန်မ ယုံတောင် မယုံနိုင်တော့ဘူး"

"ပြီးတော့လည်း ဝက်ဒလီက မင်းကို အလုပ်ဖြုတ်ပစ်မယ် ဆိုတဲ့ စကားကို မင်းက ပေါ့ပေါ့တန်တန်ကလေး ဖြစ်အောင် ပြောလိုက်တယ်။ ဒါကလည်း ဘာလင်တန်ကို သွားဖို့ ကိစ္စက သိပ်အရေးကြီးနေတာကိုး။ မင်းကို ကိုယ် တစ်ခုတော့ ပြောလိုက်မယ်၊ တကယ်လို့ မင်းသာ အလုပ်ဖြုတ်ခံရပြီဆိုရင် ငါးပါးကြီးမှောက်ပြီလို့သာ မှတ်လိုက်ပေတော့။ ဒါတောင် မင်း ခုလို လျှောက်လုပ်နေလို့ အန္တရာယ်ရှိတာကိုတောင် ထည့်မတွက်သေးဘူး"

အင်ဂျယ်လာကလည်း ပြန်အော်လိုက်သည်။

"ရှင်က ရှင့်ကိုယ်ရှင် ဆင်ခြင်တုံတရားနဲ့ ပြည့်ဝတယ်လို့ ထင်နေတာကိုး။ ရှင်က ပြဿနာကို ရှောင်ပြေးရင် အလိုလို ဖြေရှင်းပြီးသားဖြစ်လိမ့်မယ်လို့ ထင်နေသလား။ ရှင်က ကျွန်မကို ထောက်ခံအားပေးရမယ့် အချိန်မှာ မထောက်ခံတာဟာ ရှင်က မဟုတ်တာတွေကို ရှေ့တန်းတင်နေလို့ပဲ။ ကယ်ရိုလင်းမှာ ဘာရောဂါ ဖြစ်နေတယ်ဆိုတာ မသိရခင် ရှင်က နစ်ကီ့ကို သွားတွေ့ခွင့် မပြုခဲ့ရင် နစ်ကီ အခုလို မကျန်းမမာ ဖြစ်လာမှာ မဟုတ်ဘူး"

"ဒါကတော့ မင်း မတရား ပြောတာပဲ"

ဒေးဗစ်က ပြန်အော်လိုက်ပြီးမှ သူ့ကိုယ်သူ ချုပ်တီးထားလိုက်သည်။ တစ်ယောက်က သိပ်စိတ်ကြီးလာလျှင် တစ်ယောက်က လျှော့ပေးလေ့ရှိသည်။ ည (၁၁)နာရီ ထိုးသောအခါ သူတို့နှစ်ဦးစလုံး ခြေကုန်လက်ပန်း ကျသွားကြတော့သည်။ ထိုညတွင် နှစ်ဦးသဘောတူညီချက်အရ ဒေးဗစ်သည် ဧည့်သည်အိပ်ခန်းထဲမှာပင် အိပ်လိုက်တော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

**အောက်တိုဘာလ ၂၈ ရက်၊ ကြာသပတေးနေ့**

မှောင်ထဲတွင် မျက်စိပွင့်လာသော ဒေးဗစ်သည် အတန်ကြာမှ သူသည် ဧည့်သည်များအတွက် အသင့်ထားရှိသော အခန်းထဲသို့ ရောက်ရှိနေကြောင်းနှင့် ညတုန်းက အင်ဂျယ်လာနှင့် ဖြစ်ပွားခဲ့သော အနိဋ္ဌာရုံများကို ပြန်သတိရလာတော့သည်။

ဒေးဗစ်က နာရီကို ကြည့်လိုက်ရာ နံနက် ငါးနာရီထိုးရန် (၁၅)မိနစ်အလို ဖြစ်ကြောင်း သိရ၏။ သူက ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်ရာ တစ်ကိုယ်လုံး တုန်ပြီး အော်ဂလီဆန်လာတော့သည်။ အော်ဂလီဆန်ပြီး နောက်ပိုင်းတွင် ဗိုက်ထဲက ရစ်ရစ်ပြီး နာလာသလို ဝမ်းပျက်သလိုလို ဖြစ်လာတော့သည်။

ထိတ်လန့်သွားသော ဒေးဗစ်သည် ပင်မ အိပ်ခန်းနှင့် တွဲထားသော ရေချိုးခန်းသို့ သွားပြီး ဝမ်းရပ်ဆေးပုလင်းကို ရှာလိုက်သည်။ ရှာတွေ့သောအခါ သတ်မှတ်ထားသည်ထက် ပိုပိုသာသာကြီး သောက်ချလိုက်သည်။ ထို့နောက် ပြဒါးတိုင်ကိုရှာပြီး ပါးစပ်ထဲသို့ ငုံထားလိုက်၏။ ပြဒါးတိုင် ငုံထားဆဲတွင် အက်စပရင် ပုလင်းကို ရှာရင်း သူသည် သေကုန်ကြသော သူ့လူနာအချို့တို့ကဲ့သို့ပင် မျိုချရန် အခက်အခဲ ရှိနေကြောင်း သဘောပေါက်လာတော့သည်။

အကယ်၍ သူသည် သူ့လူနာများကို သတ်နေသော ထူးဆန်းသည့် ရောဂါက သူ့ထံတွင် စွဲကပ်နေပါက သူ မည်သို့ လုပ်ရမည်နည်း။ သူက တုန်ယင်သော လက်များဖြင့် ပြဒါးတိုင်ကို ထုတ်ကြည့်လိုက်၏။ ဒီဂရီတစ်ရာ ရှိနေသည်။ သူက လျှာကိုထုတ်ပြီး မှန်ထဲ၌ ကြည့်လိုက်ပြန်၏။ ဖြူဖွေးနေသေသည်။

'စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါကွာ' ဟု သူ့ကိုယ်သူ အားတင်းရင်း အက်စပရင် နှစ်လုံးကို သောက်လိုက်ပြန်၏။သူ့ဗိုက်ထဲက ရစ်ရစ်ပြီး နာလာပြန်သည်။





ဗိုက်နာပျောက်သွားချိန်တွင် သူ့အိပ်ရာ၌ သူ ပြန်အိပ်သည်။ ပင်မ အိပ်ခန်းကြီးထဲမှ နှိုးစက်မြည်လာချိန်တွင် သူ နေကောင်းစ ပြုလာသည်။

သူနှင့် အင်ဂျယ်လာတို့သည် မျက်စိချင်း ဆုံလိုက်မိကြပြီးနောက် တစ်ဦးရင်ခွင်ထဲသို့ တစ်ဦးက ပြေးဝင်လိုက်ကြတော့သည်။ သူတို့သည် တစ်မိနစ်ခန့် ကြာအောင် ဖက်ထားကြသည်။

ပြီးမှ ဒေးဗစ်က-

"ကျေအေးပြီလား"

ဟု မေးလိုက်၏။ အင်ဂျယ်လာက ခေါင်းညိတ်ပြပြီး သဘောတူလိုက်သည်။

"ကျွန်မတို့ နှစ်ယောက်စလုံး သိပ်စိတ်ပင်ပန်းနေကြတယ်"

"အဲဒါတွေ အသာထားလိုက်စမ်းပါကွာ၊ အခု ကိုယ့်မှာ ရောဂါတစ်ခုခု ဖြစ်နေပြီ။ ကိုယ်စိတ်ရှုပ်နေတာကတော့ တံတွေး အဆမတန် ထွက်နေတဲ့ကိစ္စပဲ။ ကိုယ်က တံတွေးကို တစ်ချိန်လုံး မျိုချနေရတယ်"

သူတို့သည် ကိုယ်လက်သန့်စင်၍ ပြီးစီးကြသောအခါ နစ်ကီထံ သွားကြည့်ကြသည်။ နစ်ကီကို ပဋိဇီဝဆေးတွေ ပိုတိုက်ကျွေးပြီး အသက်ရှူကုထုံးကို ပိုလုပ်ပေးသည့်တိုင်အောင် ရင်က ပိုကျပ်နေဆဲပင်။

ဒေးဗစ်က ဒေါက်တာ ပီလ်စနာ့ထံ ဖုန်းဆက်၍ ပြောပြသောအခါ ဆေးရုံကို ချက်ချင်း လာပို့ပါဟု ခေါ်တော့သည်။ ဒေါက်တာ ပီလ်စနာက တယ်လီဖုန်းကို ပြန်မချခင် ဒေးဗစ်က ကယ်ရိုလင်းအကြောင်း မေးလိုက်သည်။ နံနက် သုံးနာရီကပင် သေဆုံးသွားပြီ ဖြစ်ကြောင်း သိလိုက်ရလေ၏။

ဒေးဗစ်က မီးဖိုချောင်ထဲ၌ ရှိနေသော အင်ဂျယ်လာထံ ထိုသတင်းကို သွားပြောပြလိုက်ရာ အင်ဂျယ်လာက ဒေးဗစ်ကို ရန်တွေ့တော့သည်။ ပြီးမှ အင်ဂျယ်လာက-

"ကျွန်မက ကျေအေးထားတဲ့ ကိစ္စကို မေ့သွားပါတယ်"

ဟု တောင်းပန်လိုက်သည်။ သူတို့နှစ်ယောက်က နစ်ကီ့ကို နွေးနွေးထွေးထွေး ဖြစ်အောင် ပြုလုပ်ပေးပြီး ဆေးရုံသို့ ခေါ်သွားကြသည်။

ဒေါက်တာ ပီလ်စနာက နစ်ကီအား စစ်ဆေးပြီးသောအခါ ချက်ချင်းပင် ဆေးရုံတင်ခိုင်းတော့သည်။ အင်ဂျယ်လာက နစ်ကီနှင့်အတူ နေခဲ့ပြီး ဒေးဗစ်က သူ့လူနာများကို လှည့်ကြည့်ရန် ထွက်သွားသည်။ ဒေးဗစ်က သူနာပြုဆရာမ ခေါင်းဆောင်ထံမှ အက်စပရင်များကို တောင်းယူသွားခဲ့သေးသည်။

ဒေးဗစ်က ဂျက်နက်ကိုလ်ဘမ်အား မစ္စစ်ဟက်ချာ၏အကြောင်း မေးမြန်းသည်။ ဂျက်နက်ကိုလ်ဘမ်က ခွဲစိတ်ခန်းထဲသို့ လူနာများကို ပို့ပေးရန် အာရုံစိုက်နေရသောကြောင့် မစ္စစ်ဟက်ချာကို သူမကြည့်ဖြစ်ပါဟု ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်က မစ္စစ်ဟက်စ်ချာ၏ အခန်းထဲသို့ ဝင်သွားပြီး အိပ်ပျော်နေသော မစ္စစ်ဟက်စ်ချာကို လှုပ်နှိုးလိုက်သည်။ သူက ခပ်ပြင်းပြင်း လှုပ်နှိုးပြီး ကျယ်ကျယ် ခေါ်ပြောတော့မှ အနည်းငယ် လူးလွန့်လာသည်။ မစ္စစ်ဟက်စ်ချာတစ်ယောက် လူမှန်းသူမှန်း မသိအောင် သတိလစ်နေလေပြီ။

ဒေးဗစ်က သွေးအချို့ကို စုပ်ထုတ်ယူလိုက်ပြီး ချက်ချင်း စစ်ပေးရန် ဓာတ်ခွဲခန်းသို့ ပို့လိုက်သည်။ ဒေးဗစ်က သူနာပြုဆရာမများ၏ ရုံးခန်းသို့ ပြန်ရောက်သွားသောအခါ ဓာတ်ခွဲခန်းမှ အဖြေများကို သူ တွေ့ရလေသည်။ အားလုံး ထူးခြားမှု မရှိကြပါ။

ဒေးဗစ် ဘာဆက်လုပ်ရမလဲဟု တွေးမရအောင် ဖြစ်သွားသည်။ (၇၇) နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ အသက်သည် တဲတဲကလေးသာ ရှိနေတော့သည်။ အတိုင်ပင်ခံ အထူးကု ဆရာဝန်ကြီးများကိုလည်း သူ မခေါ်ချင်တော့ပါ။ သူ ကြံရာမရ ဖြစ်နေသည်။

ထိုအခိုက်မှာပင်-

"အခန်း (၂၀၆) မှာ လူနာတက်ချက်နေတယ်"

ဟု သူနာပြုတစ်ဦးက လှမ်းအော်လိုက်သဖြင့် ဒေးဗစ် ထိုအခန်းသို့ အပြေးသွားသည်။ ထိုအခန်းသည် မစ္စစ်ဟက်စ်ချာ၏ အခန်းပင်တည်း။

စင်ဒရာဟတ်စ်ချာသည် တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးနေသည်။ ဒေးဗစ်က စိတ်ငြိမ်ဆေး သွင်းပေးရန် အမိန့်ပေးလိုက်၏။ ထိုဆေး သူ့ထံသို့ ရောက်လာသောအခါ သူက အကြောဆေးသွင်းနေသော ပိုက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။ မိနစ်ပိုင်းအတွင်း မစ္စစ်ဟက်စ်ချာ ငြိမ်ကျသွားတော့သည်။

ဒေးဗစ်က စားပွဲ၌ ထိုင်ပြီး ဘာဆက်လုပ်ရရင် ကောင်းမလဲဟု စဉ်းစားနေစဉ် မစ္စစ်ဟက်စ်ချာ ဖောက်ပြန်သွားခဲ့ခြင်း ဖြစ်သည်။

သူက စင်ဒရာဟက်စ်ချာအတွက် အတိုင်ပင်ခံ အထူးကု သမားတော်ကြီးများကို ပင့်ခိုင်းခြင်း၊ ဓာတ်ခွဲခန်း၌ စစ်ဆေးမှုများ ပြုလုပ်စေခြင်း၊ ဓာတ်မှန်ရိုက်ခြင်း စသည်တို့ကို ဇယ်စက်သလို လုပ်ခိုင်းလိုက်သည်။ ထို့နောက် သူက မစ္စစ်ဟက်စ်ချာကို အသည်းအသန် လူနာပြုစုသော အခန်းထဲသို့ ပို့ခိုင်းလိုက်သည်။

နာရီဝက်အတွင်း ထိုအခန်းထဲသို့ မစ္စစ်ဟက်ချာ ရောက်သွားသည်။ ထိုအခန်းထဲတွင် နစ်ကီ ရောက်နေကြောင်း တွေ့လိုက်ရသောကြောင့် ဒေးဗစ် မှင်တက်မိသွားတော့သည်။ နစ်ကီ ထိုနေရာသို့ ရောက်ရှိမည် မဟုတ်ဟု သူ ယူဆထားသည်။

သူ့ပခုံးကို လက်တစ်ဖက်က လာကိုင်သည်။ သူ လှည့်ကြည့်လိုက်သောအခါ ဒေါက်တာ ပီလ်စနာကို တွေ့ရတော့သည်။

"ခင်ဗျားက သမီးအတွက် စိတ်ချောက်ချားနေတယ် ဆိုတာ ကျုပ်သိပါတယ်။ ခုကိစ္စက သူ့အကျိုးအတွက် သက်သက်ပါ။ ကြိုတင်





ကာကွယ်မှု ယူတာလည်း ဖြစ်ပါတယ်"

ဒေးဗစ်က စင်ဒရာဟတ်စ်ချာအတွက် ညွှန်ကြားချက် အသစ်များကို ရေးပေးပြီးနောက် နစ်ကီနှင့် သွားစကားပြောလိုက်သည်။

ဒေးဗစ်သည် ညွှန်ကြားချက်များကို ရေးပြီးခါနီးတွင် ထိုယူနစ်မှ စာရေးတစ်ဦးက ဒေးဗစ်၏ ပခုံးကိုပုတ်၍ မစ္စတာကယ်လီသည် လူနာ ဧည့်ခန်းဆောင်ထဲက စောင့်နေကြောင်း လာပြောတော့သည်။

မစ္စတာကယ်လီ အဘယ်ကြောင့် လာကြောင်း သူ သိပါသည်။ သူက ညွှန်ကြားချက်များကို ပြီးစီးအောင် ရေးပြီးမှ ထွက်တွေ့လိုက်၏။ သူ ချဉ်းကပ်လာသည်နှင့် ချားလ်စ်ကယ်လီက စပြောလိုက်သည်။

"ကျုပ် သိပ်စိတ်ပျက်တယ်ဗျာ၊ အသုံးကျမှု ညှိနှိုင်းရေး ပုဂ္ဂိုလ်က ကျုပ်ဆီကို ဆက်သွယ်လာတယ်"

"ခဏ နေစမ်းပါဦး"

ဒေးဗစ်က ချားလ်စ်ကယ်လီ၏ စကားကို ဖြတ်ပြောလိုက်၏။

"အသည်းအသန်လူနာ ပြုစုခန်းထဲမှာ ကျုပ်လူနာတစ်ယောက် ရှိနေတယ်။ ခင်ဗျားနဲ့ကျုပ် အချိန်မဖြုန်းနိုင်သေးဘူး။ ကျုပ် ခင်ဗျားကို နောက်မှ စကားပြောမယ်ဗျာ"

ဒေးဗစ်က ကယ်လီ၏ မျက်နှာကို ကြည့်လိုက်ပြီးနောက် ချာခနဲ လှည့်ပြီး အခန်းထဲက ထွက်သွားတော့သည်။

"ခဏနေပါဦး ဒေါက်တာဝီလ်ဆင်၊ သိပ်မမြန်လွန်းပါနဲ့"

ဒေးဗစ်သည် ချာခနဲ လှည့်ပြီး ဒေါသနှင့် လှည့်ပြန်လာသည်။ သူက ချားလ်စ်ကယ်လီ၏ လည်စည်းနှင့် ရှပ်အင်္ကျီကို ဆုပ်ကိုင်လိုက်ပြီးနောက် နောက်ဘက်သို့ ပြန်တွန်းပစ်လိုက်ရာ နောက်ဘက်ရှိ ကုလားထိုင်ပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားတော့သည်။ ဒေးဗစ်က လက်သီးဆုပ်၍ ပြရင်း ပြောလိုက်၏။

"ခင်ဗျား ခုချက်ချင်း ထွက်သွားရင် ကောင်းလိမ့်မယ်၊ မထွက်ရင်တော့ နောက်ဖြစ်လာမယ့် ကိစ္စတွေကို ကျုပ် တာဝန်မယူနိုင်ဘူး"

"ကျုပ်က အကြီးအကဲတွေဆီ သတင်းပို့လိုက်မယ်"

"ခင်ဗျား ကြိုက်သလိုလုပ်ဗျာ"

ထိုအခိုက်တွင် ထိုယူနစ်မှ စာရေးက ဒေးဗစ်ထံ ဒေါက်တာမိုင်းစလစ်ချ်က ဖုန်းပြန်ဆက်နေကြောင်း လာသတင်းပို့တော့သည်။

❖ ❖ ❖

ဖီးလ်ကောလ်ဟွန်းက စာဖတ်ခန်း ပတ်ပတ်လည်ရှိ စာအုပ်စင်များပေါ်မှ စာအုပ်များကို လျှောက်ကြည့်နေသောကြောင့် မယ်ဒလိန်းကင်နွန်က ပြောလိုက်၏။

"ကျွန်မခင်ပွန်းက ကောလိပ်မှာ ပြဇာတ်နဲ့ စာပေအကြောင်း သင်ကြားပို့ချပါတယ်။ ကဲ ရှင်က ကျွန်မကို ဘာကိစ္စအကြောင်း ပြောချင်လို့ပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ၁၀နှစ်ပောာ့ချ် အသတ်ခံရမှုကို လိုက်လံ စုံစမ်းနေပါတယ်။ ခင်ဗျားက သူ့ဆီမှာ အလုပ်လုပ်ဖူးတယ်လို့ သိရလို့ပါ"

"နှစ်ပေါင်း ၁၀နှစ်ဆယ်ကျော် အလုပ်လုပ်ခဲ့ပါတယ်ရှင်"

"သူ့ကိုသတ်တဲ့ လူကို သိပါသလား"

"ကျွန်မ နည်းနည်းမှ မသိပါဘူးရှင်၊ ဒါပေမယ့် ဒေါက်တာဟော့ချ်က ဒေါပွအောင် လုပ်ခံရတဲ့ လူတွေထဲက သူ့ကို ဒုက္ခပြန်ပေးလိမ့်မယ်လို့ ကျွန်မ မထင်သလို ဒေါက်တာဟော့ချ်ကလည်း သူ မကြာခဏ ပြောတဲ့ ခြိမ်းခြောက်မှုတွေကို လုပ်လိမ့်မယ်လို့ မထင်ပါဘူးရှင်"

"သူက ဘာဖြစ်လို့ ဆေးရုံကို ဒေါပွနေရတာလဲ"

"သူက သူ့အရင် လူနာဟောင်းတွေအတွက် ဒေါသ ဖြစ်နေတာပါ။ ဘေးရုံတွေက အချိန်အခါအရ အခုလို စီအမ်ဗွီနဲ့ ပူးတွဲလုပ်ရတာကို သူ လက်ခံပါတယ်။ ဒါပေမယ့် သူ့ လူနာဟောင်းတွေက စီအမ်ဗွီနဲ့ပေါင်းပြီး လုပ်ရတဲ့ကိစ္စကို မကျေမနပ်ဖြစ်ပြီး သူ့ဆီကို ပြန်လာချင်ကြတယ်။ သူ့ လူနာဟောင်း ပြန်ဖြစ်ချင်ကြတယ်။ ဒါပေမယ့် အဲဒီ လူနာတွေဟာ စီအမ်ဗွီကတစ်ဆင့် လုပ်မှ ရမှာဆိုတော့ အဲဒါကလည်း မဖြစ်နိုင်တော့ဘူးပေါ့ရှင်"

"ဒါဆိုရင် သူက စီအမ်ဗွီကိုပဲ ဒေါပွသင့်တာပေါ့"

"ဟုတ်ပါတယ်ရှင်၊ စီအမ်ဗွီကိုလည်း သူ ဒေါပွပါတယ်။ ဆေးရုံကလည်း စီအမ်ဗွီ ခိုင်းသမျှကို လိုက်လုပ်နေတော့ အဲဒါကိုလည်း သူ ဒေါပွပါတယ်။ ဆေးရုံက ဆေးကုသပေးမှုဘက်မှာ အားနည်းတာကိုလည်း ဒေါပွပါတယ်၊ အရေးပေါ်ခန်းကို လူနာတွေ သွားခွင့်မရှိတာကိုလည်း သူ မကျေနပ်ဘူး။ သူ ပျောက်သွားတဲ့နေ့ဆိုရင် သေသွားတဲ့ သူ့ လူနာဟောင်း တစ်ယောက်အတွက် သူ သိပ်ပြီး စိတ်လှုပ်ရှားနေတယ်၊ တကယ်ကလည်း မကြာသေးခင်က သူ့ လူနာဟောင်းတွေ အတော်များများ သေဆုံးခဲ့ကြတယ်။ ဒေါက်တာဟော့ချ်က စီအမ်ဗွီက ဆရာဝန်တွေဟာ သူ့လူနာတွေကို အသက်ရှင်အောင် လုပ်မပေးနိုင်ကြဘူး၊ အဲဒီ ဆရာဝန်တွေဟာ အရည်အချင်း မပြည့်ဝဘူး။ ဆေးရုံကလည်း အလိုတူ အလိုပါ ဖြစ်နေတယ်လို့ ပြောသံ ကြားဖူးပါတယ်ရှင်"

"အဲဒီနေ့က သေသွားတဲ့လူနာရဲ့ နာမည်ကို မှတ်မိပါသေးသလား"

"နေပါဦးရှင်၊ စဉ်းစားပါရစေဦး။ အင်း ကျွန်မ မှတ်မိပြီ၊ သူ့နာမည်က ကာလပ်ခ်ဒေဗင်ပို့တဲ့"

ကော်လ်ဟွန်းသည် သူနှင့် အင်ဂျယ်လာ ဘာလင်တန်မှ ရယူခဲ့ကြသော စာရွက်များကို နှိုက်ယူပြီး ထိုနာမည်ကို လိုက်ရှာလိုက်၏။

"ဟော တွေ့ပြီ၊ ကာလပ်ခ်ဒေဗင်ပို့ တင်ပါးရိုးကျိုးတာ"

"ဟုတ်တယ်၊ သူပဲရှင့်"

"ကဲ ကျန်တဲ့ စာရွက်တွေကိုလည်း ကြည့်ပေးပါဦးဗျာ"





မယ်ဒလိုင်းက လှန်လှောကြည့်လိုက်၏။

"ဒီလူတွေ အားလုံးအတွက် ဒေါက်တာဟော့ချ် စိတ်တိုခဲ့ရတာပါ။ သူတို့အားလုံး သေကုန်ကြပါပြီရှင်"

ကော်လ်ဟွန်းက စာရွက်များကို ပြန်ယူလိုက်၏။

"အေးဗျာ၊ ဒီစာရွက်တွေဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေလိမ့်မယ်လို့ ကျုပ် ထင်မိသားပဲ"

"ဒေါက်တာဟော့ချ်က ဆေးရုံက မော်တော်ကား ရပ်တဲ့နေရာမှာ ရန်မူခံနေရတာတွေနဲ့ ပတ်သက်ပြီး ဆေးရုံက လူတွေကို ဒေါပွနေတယ်"

ကော်လ်ဟွန်းက မေးလိုက်၏။

"ဘာဖြစ်လို့ပါလိမ့်"

"အဲဒီကိစ္စမှာ ဆေးရုံဝန်ထမ်းတွေက ခုထက်ပိုပြီး ဆောင်ရွက်ပေးသင့်တယ်။ သူတို့က မုဒိမ်းကောင်ကို ဖမ်းမိဖို့ထက် အဲဒီသတင်း သတင်းစာထဲမှာ မပါရေးကိုသာ ပိုပြီး အာရုံစိုက်နေကြတယ်၊ ပြီးတော့လည်း ဒီမုဒိမ်းကောင်ဟာ ဆေးရုံအသိုင်းအဝိုင်းထဲကပဲ ဖြစ်ရမယ်လို့ သူ ယူဆနေတယ်"

"သူ ထင်ကြေးပေးတဲ့သူများ ရှိသလား"

"ရှိတယ်လို့တော့ ပြောဖူးပါတယ်။ ဒါပေမယ့် ဘယ်သူဘယ်ဝါရယ်လို့တော့ ထုတ်မပြောခဲ့ပါဘူးရှင်"

"သူက သူ့ဇနီးကိုတော့ ပြောပြနိုင်တယ်လို့ ခင်ဗျား ထင်ပါသလား"

"ဖြစ်နိုင်ပါတယ်ရှင်"

"သူက သူ သံသယဖြစ်တဲ့လူနဲ့ ဆွေးနွေးဖြစ်တယ်လို့ ခင်ဗျား ထင်ပါသလား"

"ကျွန်မတော့ မတွေးတတ်ပါဘူးရှင်၊ ဒါပေမယ့် သူက ဝိန်းရောဘတ်ဆန်နဲ့ မပြေမလည် ဖြစ်နေတဲ့တိုင်အောင် အဲဒီကိစ္စကို သူ ပျောက်သွားတဲ့နေ့က ဝိန်းရောဘတ်ဆန်နဲ့ သွားဆွေးနွေးမယ်လို့တော့ စီစဉ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ကာလပ်ခ်ဒေဗင်ပို့ သေတယ်ဆိုတာ သိရလို့ ဝိန်းရောဘတ်ဆန်နဲ့ သွားမတွေ့ဖြစ်တော့ဘဲ ကာလပ်ခ်ဒေဗင်ပို့ကို နောက်ဆုံး ကုသခဲ့တဲ့ ဒေါက်တာ ဘာရီဟိုလ်စတာနဲ့ပဲ နေ့လယ်စာ စားဖို့ ချိန်းပေးခဲ့ပါတယ်ရှင်"

ကော်လ်ဟွန်းလည်း ကျေးဇူးတင်ကြောင်း ပြောပြီး ပြန်ထွက်လာခဲ့တော့သည်။

❖ ❖ ❖

နေ့လယ်စာ စားချိန်မရောက်မီ အင်ဂျယ်လာထံ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန၏ အကြီးအကဲက တယ်လီဖုန်းဆက်လိုက်သည်။

"မင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာကွာ။ ထူးထူးဆန်းဆန်း တစ်ခု ဖြစ်နေတယ်ကွ။ အဲဒါ မင်းကြောင့်လို့ ပြောနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများပါလိမ့်ရှင်"

"အဲဒီကိစ္စဟာ မင်း မနေ့က ဒီကို ရောက်လာလို့ ဖြစ်လာတာပဲ။ မင်း အခု ဒီကို ကားနဲ့လာခဲ့လို့ ရမလား"

"ကျွန်မ လာချင်ပါတယ်ရှင်၊ ဒါပေမယ့် ဒေါက်တာ ဝက်ဒလီကိုတော့ ကျွန်မ ကြောက်တယ်။ အခု သူနဲ့ ကျွန်မ သိပ်အဆင်မပြေကြဘူးရှင့်"

"ဒေါက်တာ ဝက်ဒလီကို မေ့ထားလိုက်စမ်းပါကွာ၊ ကျုပ် ဖုန်းဆက်လိုက်ပါ့မယ်။ ခုကိစ္စက အရေးကြီးတယ်ကွ"

အင်ဂျယ်လာသည် ကုတ်အင်္ကျီကို ကောက်ကိုင်ပြီး အခန်းထဲမှ ထွက်ခဲ့တော့သည်။ ဝက်ဒလီ သူ့အခန်းထဲ၌ ရှိမနေပါ။ မေးကြည့်သော အခါ သံမဏိမြင်း စားသောက်ဆိုင်သို့ နေ့လယ်စာစားရန် သွားနေကြောင်း၊ နေ့လယ်နှစ်နာရီကျမှ ပြန်ရောက်လာမည် ဖြစ်ကြောင်း သိလိုက်ရသည်။

အင်ဂျယ်လာက ပေါလ်ဒါနဲလ်ကို လိုအပ်ပါက သူ့ကိုယ်စား ဝင်ဆောင်ရွက်ပေးရန်နှင့် ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန အကြီးအကဲ၏ အထူး ဖိတ်ခေါ် ချက်အရ သွားရောက်ရခြင်း ဖြစ်ကြောင်း ပြောပြခဲ့သည်။

အင်ဂျယ်လာသည် နစ်ကီကို ဝင်ကြည့်လိုက်သေးသည်။ နစ်ကီ သက်သာနေသည်။

အင်ဂျယ်လာသည် စံချိန်ကျိုးသော အချိန်နှင့် ရောက်ရှိသွားတော့သည်။

ပထဦးဆုံး ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးက အဏုကြည့်မှန်ပြောင်းကို ကြည့်ခိုင်းလိုက်၏။အရေပြားပေါ် တွင် အနက်ရောင် အစက်အပြောက်ကလေးများကို မြင်နေရသည်။

"မီးသွေးမှုန့်ကလေးတွေကို မြင်ရဲ့လား"

"မြင်ပါတယ်ရှင်"

"ကောင်းပြီ၊ ဟောဒါကို ကြည့်လိုက်ပါဦး"

အင်ဂျယ်လာသည် မျက်စိကို အဏုကြည့် မှန်ပြောင်းမှခွာ၍ ကမ်းပေးလာသော ဓာတ်ပုံကို ကြည့်လိုက်ပြန်၏။

"ကဲ ဟို အစက်အပြောက်ကလေးတွေဟာ မီးသွေးနဲ့ မတူတော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ဘာတွေများပါလိမ့်"

"အဲဒါတွေဟာ ကရိုမီယမ်၊ ကိုဘော့၊ ကက်ဒ်မီယမ်နဲ့ ပြဒါးတွေကို ရောနှောထားတာပဲ"

အင်ဂျယ်လာ လုံးဝ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဒါဖြင့် အဲဒါက ဘာပါလဲရှင်"

"ကျုပ်လည်း ပထမပိုင်းမှာ တော်တော်လေး ဦးနှောက်ခြောက်သွားသေးတယ်။ နောက်တော့လည်း ဖြုန်းခနဲ ဝက်ရှူးပြန်ချင်သလိုတောင် ဖြစ်သွားရတယ်။ အဲဒါ ထိုးကွင်းမင်ကြောင်ရဲ့ အစိတ်အပိုင်းတစ်ခုပါ"

"သေချာရဲ့လားရှင်"

"သေချာပါတယ်ကွာ၊ အဲဒါ ထိုးကွင်းမင်ကြောင် ထိုးတဲ့အခါမှာ သုံးတဲ့ဆေးက အဖတ်တွေပါ"

အင်ဂျယ်လာသည် ဝေါလ်တာဒန်းစ်မိုး နည်းတူ အလွန် ဝမ်းသာသွားသည်။ မှုခင်းဆေးပညာကြောင့် လူသတ်သမား၏ ကိုယ်ပေါ် တွင် ဆေးမင်ကြောင်ထိုးထားကြောင်း သိရတော့သည်။ အင်ဂျယ်လာက ဒေးဗစ်နှင့် ကော်လ်ဟွန်းကို ထိုအကြောင်း ပြောချင်လှသည်မှာ လျှာယား၍ပင်နေသည်။

ဘတ်တလက်သို့ ပြန်ရောက်သောအခါ အင်ဂျယ်လာကို စောင့်နေသော ပေါ်ဒါနဲလ်နှင့် ဝင်တိုးတော့သည်။

"ဝက်ဒလီက မင်း မြို့ပြင်ထွက်သွားတဲ့အကြောင်း သိနေတယ်။ သူက မင်းကို နောက်ယောင်ခံပြီး ကြည့်ခိုင်းထားတယ်။ မင်း ထွက်သွားပြီး (၁၅) မိနစ်ကြာတော့ သူက ကျုပ်ကို လာမေးတယ်"

"ကျွန်မက ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန အကြီးအကဲဆီကို သွားကြောင်း ရှင် မပြောလိုက်ဘူးလား"

"ပြောပါတယ်"

"ဒါဆိုရင် အဆင်ပြေပါလိမ့်မယ်"

အင်ဂျယ်လာ သူ့အခန်းသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဝက်ဒလီ၏ အတွင်းရေးမှူး တစ်ယောက်က လာခေါ် တော့သည်။ ဝက်ဒလီသည် အရင်က သူကိုယ်တိုင် လာလေ့ရှိသည်။ ယခုလို လူလွှတ်၍ ခေါ်ဖူးခြင်း မရှိချေ။

စားပွဲ၌ ထိုင်နေသော ဝက်ဒလီကို အင်ဂျယ်လာက မေးလိုက်၏။

"ရှင်က ကျွန်မကို တွေ့ချင်တယ်ဆိုလို့ပါ"

"တွေ့ချင်တယ်ဆိုတာ အမှန်ပဲ၊ ကျုပ် မင်းကို အလုပ်က ထုတ်ပစ်လိုက်ပြီ၊ မင်း ပစ္စည်းလေးတွေကို သိမ်းဆည်းပြီး အမြန်ဆုံး ထွက်သွားပါ။ မင်း ဆက်ရှိနေတာဟာ ဝန်ထမ်းတွေကို စိတ်ဓာတ် ပျက်ပြားစေတယ်"

"ကျွန်မ ဒီကိစ္စကို မယုံနိုင်ဘူး"

"ယုံလိုက်စမ်းပါ၊ ဟုတ်ကို ဟုတ်ပါတယ်"

"ဘာလင်တန်က ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာန အကြီးအကဲက အမြန်လာခဲ့ပါဆိုလို့ ကျွန်မ သွားခဲ့တာပါ"

"ဒေါက်တာ ဝေါလ်တာဒန်းစ်မိုးက ဒီဌာနမှာ အကြီးအကဲမဟုတ်ဘူး။ ကျုပ်ကသာ အကြီးအကဲ"

အင်ဂျယ်လာ သွေးရူးသွေးတန်း ဖြစ်လာသည်။

"သူက ရှင့်ဆီကို တယ်လီဖုန်းဆက်မယ်လို့ ပြောပါတယ်။ သူ့ခမျာ ကျွန်မအိမ်မှာ တွေ့တဲ့ အလောင်းနဲ့ ပတ်သက်ပြီး သူ တွေ့ထားတဲ့ ကိစ္စ





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တခုအတွက် အရမ်း စိတ်လှုပ်ရှားနေရှာတယ်"

အင်ဂျယ်လာက အဖြစ်အပျက် အလုံးစုံကို ခပ်သွက်သွက်ကလေး ရှင်းပြလိုက်၏။ သို့ရာတွင် ဝက်ဒလီကမူ အလျှော့ပေးမည့်ပုံ မပေါ်ချေ။ အင်ဂျယ်လာက ထပ်ပြောပြန်၏။

"ကျွန်မက တစ်နာရီကျော်ကျော်ကလေးပဲ ထွက်သွားခဲ့တာပါရှင်"

"ကျုပ် မင်းကို မနေ့ကပဲ ဒီကိစ္စမျိုးအတွက် သတိပေးစကား ပြောထားပြီးပြီလေ။ မင်းက ဂရုမှမစိုက်ဘဲ။ မင်းဟာ စိတ်လည်း မချရ၊ လူကြီးစကားကို နားလည်း မထောင်၊ ကျေးဇူးတရားလည်း မသိတတ်ဘူး"

အင်ဂျယ်လာက ပေါက်ကွဲတော့သည်။

"ရှင့်ကို ကျွန်မက ဘာအတွက် ကျေးဇူးတရား သိရမှာလဲ၊ ရှင်နဲ့ ပိုင်ယာမီကို မလိုက်ချင်လို့ အခုလို ပြောတာ မဟုတ်လား။ ရှင် ကျွန်မကို အလုပ်က ထုတ်ပစ်နိုင်ပါတယ်။ ကျွန်မကလည်း ရှင်နဲ့ ဇီဆေးရုံကို ကျွန်မကို ကာယိန္ဒြေပျက်အောင် လုပ်မှုနဲ့ တရားစွဲမယ်"

"မင်း စမ်းကြည့်ပေါ့ကွာ၊ တရားရုံးတော် ရှေ့မှောက်မှာ မင်း လူရယ်စရာ ဖြစ်သွားမှာပေါ့"

အင်ဂျယ်လာ ဒေါပွပွနှင့် ပြန်ထွက်လာသည်။ သူက သူပိုင်ပစ္စည်းကလေးများကို သိမ်းဆည်းယူငင်၍ ပြန်ထွက်လာခဲ့တော့သည်။

အင်ဂျယ်လာသည် ဒေးဗစ်ထံ သွားမည်ဟု ရည်ရွယ်ပြီးမှ စိတ်ပြောင်းသွားသည်။ သူနှင့် ဒေးဗစ် ဆေးရုံထဲမှာ စကား မများလိုပေ။ အင်ဂျယ်လာသည် သူ့မော်တော်ကားဆီသို့ တန်းသွားပြီး မြို့ဆီသို့ ဦးတည်ရာမဲ့ မောင်းနေမိတော့သည်။

အင်ဂျယ်လာက ကော်လ်ဟွန်း၏ မော်တော်ကားကို စာကြည့်တိုက်ရှေ့တွင် မြင်လိုက်ရသောကြောင့် ကားကို ထိုးရပ်လိုက်၏။ စာကြည့်တိုက်ထဲ၌ စာဖတ်နေသော ကော်လ်ဟွန်းကို သူ တွေ့လိုက်ရသည်။ ကော်လ်ဟွန်းက ပြောလိုက်၏။

"အဆင်သင့်လိုက်လေဗျာ၊ ကျုပ် မင်းကို ပြောစရာ သတင်းတစ်ခုရှိတယ်"

"ကျွန်မမှာလည်း ပြောစရာသတင်း ရှိတယ်။ ကျွန်မတို့အိမ်မှာ ဆုံကြတာပေါ့"

အင်ဂျယ်လာက လက်ဖက်ရည်ဖျော်ရန် အလုပ်ရှုပ်နေစဉ် ကော်လ်ဟွန်းက ပြောလိုက်၏။

"မင်း ဒီနေ့ ပြန်တာ စောသားပဲ"

တစ်ချိန်လုံး အောင့်အည်းနေခဲ့ရသော အင်ဂျယ်လာသည် ကော်လ်ဟွန်းက ရိုးရိုးသားသား ပြောလိုက်သော စကားတစ်ခွန်းကြောင့် ချုံးပွဲချ၍ ငိုမိတော့သည်။ ကော်လ်ဟွန်းတစ်ယောက် မလှုပ်တတ်၊ မကိုင်တတ်နှင့် အနားတွင် ရပ်နေမိသည်။





အင်ဂျယ်လာ အငိုတိတ်ပြီး မီးဖိုချောင် စားပွဲတွင် ထိုင်မိကြသည့်အခါကျမှ အင်ဂျယ်လာက သူ အလုပ်ပြုတ်ခဲ့ပြီ ဖြစ်ကြောင်း၊ သူ့မိသားစုအတွက် အလွန် ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်လာနိုင်ကြောင်း ရှင်းပြလိုက်၏။ ကော်လ်ဟွန်းက ပြန်ပြောသင့် ပြောထိုက်သည့် စကားကို နေရာတကျ ပြန်ပြောတတ်သောကြောင့် အင်ဂျယ်လာ စိတ်သက်သာရာရသွားသည်။

ဤတွင် ကော်လ်ဟွန်းက အမှုကို စုံစမ်းစစ်ဆေးရာ၌ အနည်းငယ်တိုးတက်မှု ရှိလာပုံကို ပြောပြတော့သည်။

"ဒေါက်တာဟော့ချ် ယူလာတဲ့ ဆေးမှတ်တမ်းစာရွက်ပိုင်ရှင် လူနာရှစ်ယောက်က ဆက်စပ်မှု ရှိနေကြတယ်။ အဲဒီလူတွေဟာ ဒေါက်တာဟော့ချ်ရဲ့ လူနာဟောင်းတွေပဲ။ သူတို့ဟာ စီအမ်ဗွီကို ပြောင်းပြီးမှ သေခဲ့ကြတာ၊ လူနာတစ်ယောက် သေတိုင်း ဒေါက်တာဟော့ချ်က သိပ်အံ့အားသင့်ခဲ့ပုံရတယ်။ ဒါကြောင့် သူ သိပ်စိတ်ဆိုးနေတာ"

"သူက ဆေးရုံကို အပြစ်တင်သလား၊ စီအမ်ဗွီကို အပြစ်တင်သလား"

"သူ့အတွင်းရေးမှူး ပြောပုံကတော့ နှစ်ခုစလုံးကို အပြစ်တင်တယ်။ ဒါပေမယ့် ဆေးရုံကို ပိုပြီး အပြစ်တင်တယ်လို့ ဆိုတယ်။ ပြီးတော့လည်း ဒေါက်တာဟော့ချ်က မုဒိမ်းကောင် ဘယ်သူလဲ ဆိုတာကို သိနေပုံရတယ်။ ပြီးတော့လည်း အဲဒီလူဟာ ဆေးရုံနဲ့ ပတ်သက်နေတယ်လို့ ထင်တယ်တဲ့"

"ရှင် ဆိုလိုတာကို ကျွန်မ ရိပ်မိပါတယ်။ တကယ်လို့ မုဒိမ်းကောင်က သူ့ကို ဒေါက်တာဟော့ချ်က သံသယဖြစ်နေကြောင်း သိရင် သူက ဒေါက်တာဟော့ချ်ကို သတ်နိုင်တယ်။ မုဒိမ်းကောင်နဲ့ လူသတ်သမားဟာ တစ်ယောက်တည်း ဖြစ်နိုင်တယ်ပေါ့"

"ဟုတ်ပါတယ်၊ မင်းကို ဟိုနေ့ညက သတ်ဖို့ ကြိုးစားတာလည်း သူပဲ ဖြစ်နိုင်တယ်"

အင်ဂျယ်လာ တစ်ကိုယ်လုံး တုန်သွားသည်။

"ကျွန်မကို အဲဒီလို သတိမပေးပါနဲ့ရှင်။ ကျွန်မ ဒီကနေ့ သိလာရတဲ့ သတင်းအချက်အလက်ကတော့ သူ့မှာ ဆေးမင်ကြောင် ထိုးထားတယ်တဲ့"

"မင်း ဘယ်လိုလုပ်ပြီး သိလာသလဲ"

အင်ဂျယ်လာက သူ့ကို ဒေါက်တာ ဒန်းစ်မိုးက လှမ်းခေါ်သဖြင့် ဘာလင်တန်သို့ သွားခဲ့ရပုံ၊ ဒေါက်တာဟော့ချ်က လူသတ်သမား၏ လက်မှ ဆေးမင်ကြောင်ကို ကုတ်ဖဲ့ပစ်မိသည်ဟု ဒေါက်တာ ဒန်းစ်မိုးက တွက်ချ ယူဆထားပုံတို့ကို ပြောလိုက်သည်။ ကော်လ်ဟွန်းက ပြောလိုက်၏။

"ကြိုက်တယ်ဟေ့"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံ ဒုတိယထပ်မှ နောက်ထပ် သူနာပြုဆရာမတစ်ဦး တုပ်ကွေး ပိုးသလိုဖြစ်ပြီး ဒေးဗစ်ထံသို့လာပြသောအခါ ဒေးဗစ်က ရောဂါ၏ လက္ခဏာ များကို ကြိုး၍ ပြောပြလိုက်လေ၏။

ထိုသူနာပြုဆရာမ၏ ရောဂါလက္ခဏာများသည် ဒေးဗစ်၏ ရောဂါ လက္ခဏာများနှင့် ထပ်တူထပ်မျှ ဖြစ်နေသည်။ ဒေးဗစ်က ထိုသူနာပြု ဆရာမကို အိမ်ပြန်၍ အနားယူခိုင်းလိုက်၏။

ဒေးဗစ်သည် ရုံးခန်းမှ လူနာများ ကုန်သွားသောအခါ ဆေးရုံတင် ထားသော သူ့လူနာများထံ လှည့်လည်၍ ကြည့်ရှုတော့သည်။

အသည်းအသန် လူနာပြုစုခန်းထဲသို့ သူ ရောက်ရှိသွားသောအခါ နစ်ကီ သက်သာနေသည်ကို တွေ့ရသည်။ နစ်ကီကို မနက်ဖြန် နံနက်တွင် ထိုအခန်းထဲမှ ပြန်ရွှေ့မည် ဖြစ်ကြောင်းကိုလည်း သူ သိလိုက်ရသည်။

စင်ဒရာ၏ အခြေအနေကမူ ပြောင်းပြန်ဖြစ်နေသည်။ သူသည် မေ့မြောနေရာမှ ပြန်သတိရမလာသေးချေ။ အထူးကု ဆရာဝန်ကြီးများ အား ခေါ်ယူ ညှိနှိုင်းမှုကလည်း ထူးခြားမှု မရှိချေ။

ဒေးဗစ်အနေနှင့် ဘာလုပ်ရမည်ကို မသိတော့ပါ။ ဖြစ်နိုင်သော အခြားနည်းလမ်း တစ်ရပ်မှာ စင်ဒရာကို ဘော့စတွန်မြို့ရှိ ကြီးမားသော ဆေးတက္ကသိုလ် ဆေးရုံကြီး တစ်ရုံသို့ လွှဲပြောင်းပေးရန်ပင် ဖြစ်သည်။ သို့ရာတွင် ကုန်ကျစရိတ် များလွန်းမည် ဖြစ်သောကြောင့် စီအမ်ဗွီက သဘောတူမည် မဟုတ်ကြောင်း ဒေးဗစ် သိသည်။ သူကိုယ်တိုင်လည်း ဆောင်ရွက်နိုင်စွမ်း မရှိချေ။ ဒေးဗစ်က စင်ဒရာဟက်စ်ချာကိစ္စအတွက် ဦးနှောက်ခြောက်နေရစဉ် သူ့ရုံးခန်းထဲသို့ ချားလ်စ်ကယ်လီ ဝင်လာသည်။ သူကိုယ်တိုင် လာသည့်အတွက် ဒေးဗစ် အံ့သြနေမိသည်။

ချားလ်စ်ကယ်လီက ကောက်ကျစ်သော အပြုံးကလေးနှင့် ပြောလိုက် ၏။

"ကျုပ် ခင်ဗျားကို အနှောင့်အယှက် ပေးသလို မဖြစ်တန်ကောင်းပါ ဘူးနော်"

"ခင်ဗျားနဲ့ ကျုပ် တွေ့ခဲ့တိုင်း ကျုပ်အတွက် အနှောင့်အယှက် ဖြစ်ခဲ့ရတာချည်းပါပဲဗျာ"

"ဝမ်းနည်းပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်ဆီမှာ သတင်းတစ်ခု ပါလာ တယ်။ ခုအချိန်ကစပြီး ခင်ဗျားရဲ့ အလုပ်တာဝန်တွေ ကုန်ဆုံးသွားပါပြီ"

"ခင်ဗျားက စင်ဒရာဟက်စ်ချာကို ကျုပ်ဆီက ပြန်လွှဲယူနိုင်တယ် လို့ ထင်နေသလား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ တခြားလူနာတွေ အားလုံးလည်း ပါတယ်ဗျ။ ခင်ဗျားကို အလုပ်က ဖြုတ်ပစ်လိုက်ပြီ။ ခင်ဗျားကို စီအမ်ဗွီက မခန့်တော့ ဘူး"

ဒေးဗစ် ပါးစပ်ဟသွားသည်။ ချားလ်စ်ကယ်လီက သူ့အား ကလေး တစ်ယောက်ကို လက်ယမ်းပြသကဲ့သို့ လက်ဝှေ့ယမ်းပြီး ပြန်ထွက်သွားလေ ၏။ ဒေးဗစ် ထိုင်ရာမှ ထပြီး အပြေးအလွှား လိုက်မေးသည်။

"ကျုပ်နဲ့တွေ့ဖို့ စီစဉ်ထားတဲ့ လူနာတွေကို ဘယ်လို လုပ်ရမလဲ"

ချားလ်စ်ကယ်လီက ပြန်ပြောလိုက်၏။

"အဲဒါက စီအမ်ဗွီကိစ္စပါ။ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

ဒေးဗစ်က ထပ်အော်ပြီး မေးလိုက်ပြန်သည်။

"ဒီဆုံးဖြတ်ချက်ဟာ နောက်ဆုံးပဲလား"

"ဟုတ်တယ်၊ သူငယ်ချင်း"

ချားလ်စ်ကယ်လီ မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့သည်။

ဒေးဗစ် ကြောင်တောင်တောင် ဖြစ်နေသည်။ သူ့အား အလုပ်က ဖြုတ်ပစ်လိုက်သည်ကို မယုံနိုင်ဘဲ ရှိနေသည်။ ဒေးဗစ်က စိတ်ပျက်လက် ပျက်နှင့် ခေါင်းခါလိုက်၏။ သူ ပထမဦးဆုံး လုပ်ကိုင်ခွင့်ရသော အလုပ် သည် လေးလသာ ခံခဲ့သည်။ သူ အလုပ်ဖြုတ်မှုကြောင့် သူ့မိသားစုအား ထိခိုက်မည့် ကိစ္စများကို တစ်မျှော်တစ်ခေါ် ကြီး တွေးနေမိသည်။ မနေ့ည ကပင် အင်ဂျယ်လာကို သူက အလုပ်ကို မထိခိုက်အောင် နေထိုင်ဖို့ သတိပေးခဲ့သေးသည်။ ယခု သူ အလုပ်ဖြုတ်ခံခဲ့ရလေပြီ။

ဒေးဗစ်သည် အသည်းအသန် လူနာပြုစုသည့် အခန်းထဲသို့ ဝင် သွားသော အင်ဂျယ်လာကို မြင်လိုက်ရသဖြင့် သူလည်း နစ်ကီ့ထံ လိုက် သွားလိုက်သည်။

နစ်ကီက ကယ်ရိုလင်းအကြောင်း မေးသည်။ ဆေးရုံက ဆင်းသွား သလိုလို ပြောထားရသည်။ အိမ်အပြန်တွင် ဒေးဗစ် စက်ဘီးမှန်မှန် စီး သွားပုံကို မြင်နေရအောင် အင်ဂျယ်လာက မော်တော်ကားကို ခပ်ဖြည်း ဖြည်း မောင်း၍ လိုက်လာခဲ့သည်။

သူတို့နှစ်ယောက် နေအိမ်သို့ တစ်ချိန်တည်းလိုလို ရောက်သွားကြ သည်။ သူတို့သည် မီသားစု အနားယူခန်းထဲတွင် ထိုင်မိသည့်အခါကျမှ ဒေးဗစ်က စိတ်လှုပ်ရှားစွာနှင့် လည်ချောင်းရှင်းလိုက်၏။

"ကိုယ် မင်းကို သတင်းဆိုးတစ်ခု ပြောစရာရှိတယ်။ ကိုယ် ဒီကနေ့ မွန်းလွဲပိုင်းက အလုပ်ဖြုတ်ခံခဲ့ရတယ်"

အင်ဂျယ်လာက မျက်နှာပျက်သွားပုံကို မြင်လိုက်ရသောကြောင့် ဒေးဗစ်က ပျာပျာသလဲ ထပ်ပြောလိုက်ပြန်၏။

"ကိုယ် ဝမ်းနည်းပါတယ်ကွာ၊ ကိုယ်တို့အတွက် အကျပ်အတည်း ဖြစ်လိမ့်မယ်ဆိုတာ ကိုယ် သိပါတယ်၊ ကိုယ် ဘာပြောရမလဲတောင် မသိ တော့ပါဘူးကွာ၊ ကိုယ်က ဆရာဝန် မဖြစ်ထိုက်ဘူးနဲ့ တွေးတယ်"

"ဒေးဗစ်"

အင်ဂျယ်လာက ဒေးဗစ်၏ လက်ကို လှမ်းပြီး ဆုပ်ကိုင်လိုက်၏။

"ကျွန်မလည်း အလုပ်ဖြုတ်ခံခဲ့ရတယ်"

www.burmeseclassic.com

ဒေးဗစ်က အင်ဂျယ်လာကို လှမ်းဆွဲယူပြီး ဖက်ထားလိုက်၏။ ပြီးမှ လိုက်ချင်းပြန်လှည့်လိုက်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်ကြသည်။ ရယ်ရမှာလား၊ ငိုရမှာလား ဟူ၍ပင် မသိတော့ပါချေ။

"ဖြစ်မှ ဖြစ်တတ်ပလေကွာ"

"တကယ့် တိုက်ဆိုင်မှုပါပဲရှင်"

သူတို့က မိမိတို့၏ အဖြစ်အပျက်ကို ဇာတ်ကြောင်းလှန် ပြောပြရင်း ဒေါက်တာ ဝေါလ်တာဒန်းစ်မိုး၏ တွေ့ရှိချက်နှင့် ကော်လ်ဟွန်းနှင့် အမှတ်မထင် တွေ့ခဲ့ပုံတို့ကို ပြောပြလိုက်သည်။

ပင်ကြောင်ထိုးထားမှုက လူသတ်သမားကို ရှာတွေ့နိုင်လိမ့်မည်ဟု ဒန်းစ်မိုးက ယုံကြည်ကြောင်းနှင့် ကော်လ်ဟွန်းက ဆေးရုံ မော်တော်ကားရပ်သည့်နေရာမှ မုဒိမ်းကောင်နှင့် ဟော့ချ်ကို သတ်သူတို့မှာ တစ်ဦးတည်းဖြစ်နိုင်သည်ဟု ယူဆကြောင်း အင်ဂျယ်လာက ပြောပြသည်။

သို့ရာတွင် ဒေးဗစ်က အင်ဂျယ်လာလောက် ထိုအမှုကို စိတ်မဝင်စားတော့ချေ။

"ကောင်းတာပေါ့ကွာ"

"ပြီးတော့လည်း ဟော့ချ်က လိုက်ပြနေတဲ့ ဆေးရုံဝင်ခွင့် စာရွက်တွေကို ရှင် မှတ်မိတယ် မဟုတ်လား၊ အဲဒါတွေက ဘယ်လို ဆက်စပ်နေတယ်ဆိုတာ ကော်လ်ဟွန်းက သိလာတယ်။ သူတို့အားလုံး သေကုန်ကြတယ်။ အဲဒီလို သေကြတာကို ဟော့ချ်က သိပ်အံ့ဩနေတယ်"

ဒေးဗစ် ချက်ချင်း စိတ်ဝင်စားလာသည်။

"သူက အံ့ဩတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ"

"အဲဒီလူနာတွေဟာ ဟော့ချ်ရဲ့ လူနာဟောင်းတွေပဲ။ သေကုန်ကြလိမ့်လို့ မျှော်လင့်ထားပုံလည်း မရဘူး။ ကော်လ်ဟွန်း အပြောကတော့ လူနာတွေ သေရမှုအတွက် ဒေါက်တာဟော့ချ်က ဆေးရုံကိုရော စီအမ်ဗွီကိုပါ အပြစ်တင်တယ်တဲ့"

သူတို့ နှုတ်ဆိတ်သွားကြပြန်သည်။ နောက်ဆုံးတွင် အင်ဂျယ်လာက မေးလိုက်၏။

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"ကိုယ် မပြောတတ်ဘူး၊ ကိုယ်တို့ ဒီက ပြောင်းကြရမှာကတော့ သေချာသွားပြီ။ ငွေချေးထားတဲ့ကိစ္စက ဘယ်လိုဖြစ်လာမလဲ၊ ဒေဝါလီခံတယ်လို့ ကြေညာရမှာလား၊ ရှေ့နေနဲ့တော့ တိုင်ပင်ရလိမ့်မယ်။ ပြီးတော့ ကိုယ်တို့က အလုပ်ရှင်တွေကို တရားစွဲမယ်၊ မစွဲဘူး ဆိုတာလည်း ရှိသေးတယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မကတော့ မတရား အလုပ်ထုတ်ပစ်မှုနဲ့ တရားမစွဲရင်တောင်မှ ကာယိန္ဒြေပျက်အောင် လုပ်မှုနဲ့တော့ တရားစွဲကို စွဲရမယ်"





ဒေးဗစ်က ပြောလိုက်သည်။

"တရားစွဲတယ်ဆိုတာ ကိုယ်တို့ရဲ့ လုပ်ပုံကိုင်ပုံတော့ မဟုတ်ဘူး၊ တရားမစွဲဘဲ နေရင်လည်း ရသားပဲ။ တရားစွဲတယ်ဆိုတဲ့ အလုပ်ကြီးကို လုပ်မနေချင်ဘူး"

အင်ဂျယ်လာက ပြောလိုက်၏။

"ကဲပါလေ၊ ခု မဆုံးဖြတ်ပါနဲ့ဦး"

ထို့နောက် သူတို့က အသည်းအသန် လူနာပြုစုသော အခန်းသို့ တယ်လီဖုန်းဆက်ပြီး နစ်ကီ့ အခြေအနေကို မေးမြန်းသည်။ နစ်ကီ သက်သာနေသည်၊ ယခုအထိ အဖျားမတက်သေးချေ။ ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်တို့ အလုပ်တွေ ပြုတ်သွားပါစေ၊ နစ်ကီ နေကောင်းနေသမျှ ကိုယ်တို့ဆက်ပြီး ရှုန်းကန်နိုင်ကြမှာပါ"

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၂၃)

**အောက်တိုဘာလ ၂၉ ရက်၊ သောကြာနေ့**

ဒေးဗစ်နှင့် အင်ဂျယ်လာ ကောင်းကောင်း အိပ်မပျော်ခဲ့ကြပါ။ ဒေးဗစ်က နံနက် လေးနာရီ မထိုးခင် နိုးလာပြီး သူ လုပ်ရမည့် အလုပ်တွေနှင့် သူ တွေ့ရမည့် ပုဂ္ဂိုလ်များ စာရင်းကို မိသားစု နားနေခန်းထဲတွင် ပြုစုနေသည်။

ငိုနေသော အင်ဂျယ်လာက-

"ရှင့်စာရင်းတွေက ဒီပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

ဟု ပြောသည်။ ဒေးဗစ်ကလည်း-

"သွေးရူးသွေးတန်း ဖြစ်နေတဲ့ မင်းမျက်ရည်တွေကရော ဖြေရှင်းပေးနိုင်မှာတဲ့လား"

ဟု ပြန်မေးသည်။

သို့ရာတွင် သူတို့ထပ်ပြီး အငြင်းအခုံ မလုပ်ကြတော့ပါ။ သူတို့နှစ်ဦးစလုံးက ထိုအကျပ်အတည်းကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းဖို့ ကြိုးပမ်းနေကြကြောင်း သိကြပါသည်။ အင်ဂျယ်လာက ထပ်မေးလိုက်ပြန်၏။

"ကဲ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

ဒေးဗစ်က ဖြေလိုက်၏။

"ကိုယ်တို့ ပထမဦးဆုံး နစ်ကီ့ဆီကို သွားကြည့်ကြမယ်"

"ကောင်းတယ်၊ ဒါမှ ကျွန်မကလည်း ဟယ်လင်ဘီတန်နဲ့ စကားပြောခွင့်ရမယ်"

ဒေးဗစ်က သတိပေးလိုက်၏။

"အဲဒါက အကျိုးမရှိနိုင်ပါဘူးကွာ။ မင်းက ထပ်ပြီး စိတ်ဆင်းရဲတာကို ခံချင်လို့လား"

"ကျွန်မက ကာယိန္ဒြေပျက်အောင် လုပ်မှုနဲ့ တိုင်ထားတာကိုတော့ သူ သိစေချင်တယ်"





သူတို့သည် နံနက်စာကို ခပ်မြန်မြန် စားပြီး နစ်ကီ့ထံ သွားခဲ့ကြသည်။ နစ်ကီ နေကောင်းနေပါသည်။ ထိုအခန်းထဲက အမြန်ဆုံး ထွက်ချင်နေသည်။ ဒေါက်တာ ပီလ်စနာ ရောက်လာသောအခါ နစ်ကီကို ဆေးရုံ အလုပ်သမားရသည်နှင့် တစ်ပြိုင်နက် သာမန် အခန်းတစ်ခန်းသို့ ပြောင်းရွှေ့ပေးမည်ဟု ပြောပြသည်။

ဒေးဗစ်က နစ်ကီနှင့်အတူတူ ရှိနေစဉ် အင်ဂျယ်လာက ဟယ်လင်ဘီတန်ထံ ထွက်ခွာသွားသည်။ နစ်ကီက ဒေးဗစ်အား ကယ်ရိုလင်းကို လှမ်းခေါ်ပြီး သူ့ကျောင်းစာအုပ်များကို ယူလာပေးဖို့ မှာသည်။ ဒေးဗစ်က ပြောပေးမည်ဟု ဖြေလိုက်၏။ နစ်ကီ့ကို အမှန်အတိုင်း ဖွင့်မပြောရက်သေးပါ။

စင်ဒရာဟက်စ်ချာ၏ ခုတင်တွင် အဘိုးကြီးတစ်ယောက် ရောက်နေကြောင်း ဒေးဗစ် မြင်လိုက်ရသဖြင့် ထိုအခန်းမှ ဆေးရုံစာရေးကို သွားမေးရာ နံနက် သုံးနာရီလောက်ကပင် သေဆုံးသွားကြောင်း မိုးလေဝသ သတင်းကို ပြောပြသကဲ့သို့ ပြန်ပြောပြလိုက်သည်။

ဒေးဗစ်ကမူ ထိုသူကဲ့သို့ တည်တည်ငြိမ်ငြိမ် မရှိနိုင်ပါ။ စင်ဒရာဟက်စ်ချာကို သူ ခင်မင်ပါသည်။ မိတဆိုးလေး ဖြစ်ရရှာမည့် ကလေးငယ်အတွက် ပို၍ပင် စိတ်မကောင်း ဖြစ်မိသည်။ ယခု သူသည် ရက်သတ္တနှစ်ပတ်အတွင်း သူ့လူနာ ခြောက်ယောက် သေဆုံးခဲ့ရသည်။ ဘတ်တလက်ဆေးရုံ၏ စံချိန်သစ်များ ဖြစ်နေလေပြီလား။ စီအမ်ဗွီက သူ့ကို အလုပ်က ထုတ်ပစ်လိုက်တာ မှန်တယ်ဟု ဆိုရပါမည်။

နစ်ကီ့ကို သာမန် အခန်းတစ်ခန်းသို့ ရွှေ့ပေးပြီးလျှင် ဒေးဗစ်ရော အင်ဂျယ်လာပါ လာတွေ့ဦးမည်ဟု ဒေးဗစ်က နစ်ကီ့ကို ကတိပေးခဲ့ပြီး အင်ဂျယ်လာကို သွားစောင့်နေလိုက်သည်။

ဒေးဗစ် မထိုင်ရသေးခင်မှာပင် ဟယ်လင်ဘီတန်၏ အခန်းထဲမှ အင်ဂျယ်လာ ဝုန်းခနဲ ပြန်ထွက်လာသည်။ အင်ဂျယ်လာ အရမ်း ဒေါပွနေသည်။

အင်ဂျယ်လာ့ ခြေလှမ်းကို ဒေးဗစ်က မီအောင်လိုက်နေရသည်။ အင်ဂျယ်လာက ပြောပြလိုက်၏။

"တကယ့်ကို ဆိုးရွားတာပဲရှင်၊ ဟယ်လင်ဘီတန်က ဝက်ဒလီရဲ့ ဆုံးဖြတ်ချက်ကို မှန်တယ်လို့ ထောက်ခံနေတယ်။ ခုကိစ္စမှာ ဝက်ဒလီက ကာယိန္ဒြေပျက်အောင် လုပ်တာမဟုတ်ဘဲ ကျွန်မကသာ မြူဆွယ်တာလို့တောင် ပြောလိုက်သေးတယ်လေ"

သူတို့ အိမ်ပြန်ရောက်ကြသောအခါ မိသားစု အပန်းဖြေခန်းရှိ ကုလားထိုင်များပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ ဘာဆက်လုပ်ရမည်ကိုပင် မသိတော့ချေ။

မကြာမီ ကော်လ်ဟွန်း ရောက်ရှိလာသည်။ အင်ဂျယ်လာက တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးလိုက်၏။ ဂေါ်လ်ဟွန်းက ပြောလိုက်သည်။

"ခင်ဗျားရဲ့ အားလပ်ရက် စတင်တဲ့ အထိမ်းအမှတ် အနေနဲ့ ကျုပ် ပုန့်လက်ကောက်တွေ ဝယ်လာတယ်။ ကော်ဖီနဲ့ သောက်လိုက်ရရင် အကောင်းပဲ"

သူက ပြောပြောဆိုဆိုနှင့် သူ့အထုပ်ကို မီးဖိုချောင် စားပွဲပေါ်၌ ချလိုက်၏။

အပေါက်ဝတွင် ဒေးဗစ် ပေါ်လာသောအခါ-

"ဗျာ"

ဟု ဂေါ်လ်ဟွန်းက ပြောလိုက်ပြီး ဒေးဗစ်နှင့် အင်ဂျယ်လာတို့ကို တစ်လှည့်စီ ငေးကြည့်နေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်လည်း အားလပ်ရက် ရထားတာပါပဲ"

"နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ဒါဆို ကျုပ်က မုန့်လက်ကောက် တစ်ဒါဇင် ဝယ်လာမိတာ ဟန်ကျသွားတာပေါ့"

ဂေါ်လ်ဟွန်း ရောက်နေသည်မှာ သူတို့အတွက် အားဆေးတစ်ခွက်ပင် ဖြစ်သည်။ ဂေါ်လ်ဟွန်းက သူ ရဲအဖွဲ့တွင် ရှိစဉ်က အဖြစ်အပျက်ကလေးများကို ပြောပြသည့်အခါ ဒေးဗစ်တို့ အူလှိုက်သည်းလှိုက် ဖြစ်အောင် ရယ်မောကြရသည်။

နောက်ဆုံးတွင် ဂေါ်လ်ဟွန်းက အလုပ်အကြောင်း စပြောလိုက်၏။

"ကဲ ကျုပ်တို့ လုပ်ရမယ့် အလုပ်ကတော့ ဒေါက်တာဟော့ချ်ကို မကြိုက်တဲ့ ဆေးမင်ကြောင်ထိုးထားတဲ့ လူတစ်ယောက်ကို ရှာဖို့ပဲ လိုတော့တယ်။ ခုလို မြို့ငယ်ကလေးမှာ အဲဒီကိစ္စဟာ ခက်မယ်တော့ မထင်ဘူး"

ဒေးဗစ်က ပြောလိုက်၏။

"ပြောစရာ တစ်ချက်ပဲ ရှိတယ်ဗျာ။ ကျုပ်တို့က အလုပ်လက်မဲ့ ဖြစ်သွားပြီဆိုတော့ မကြာခင် မွဲသွားကြလိမ့်မယ်။ ဘတ်တလက်ကလည်း ပြောင်းပြေးရလိမ့်မယ်။ ဒီတော့ ဒီအရုပ်ဇာတ်ကြီးကို ဒီမှာပဲ ထားရစ်ခဲ့ချင်တယ်"

ဂေါ်လ်ဟွန်းက ပြောလိုက်၏။

"ခဏနေပါဦးဗျာ၊ သိပ်မလောပါနဲ့။ ကျုပ်က သိက္ခာဆည်တဲ့ အနေနဲ့ အလကား ဆောင်ရွက်ပေးပါ့မယ်။ အဲဒီလို လုပ်ကြရင်းနဲ့ မုဒိမ်းကောင်ကိုတောင် မိချင်မိလာမှာပါ"

"ဒါဆိုရင်တော့ ခင်ဗျားက သိပ်ရက်ရောတယ်လို့ ဆိုရမှာပေါ့ဗျာ"

ဒေးဗစ်၏ စကားမဆုံးခင် ဂေါ်လ်ဟွန်းက အတင်းဖြတ်၍ ပြောလိုက်၏။

"ကျုပ်က နောက်တစ်ဆင့်အတွက် စုံစမ်းမှုတွေကိုတောင် စလုပ်နေပါပြီ။ အရက်ရောင်းတဲ့ ကာလ်တန်နဲ့ ရဲအကြီးအကဲ ဝိန်းရောဘတ်ဆန် အပါအဝင် ရဲတော်တော်များများမှာ ဆေးမင်ကြောင် ထိုးထားကြတယ်





ဆိုတာ ကျုပ် သိတယ်။ ရောဘတ်ဆန်က သူ့ရင်ဘတ်ပေါ်က ဆေးမင်ကြောင်ရုပ်ကိုတောင် ကျုပ်ကို ပြလိုက်သေးတယ်။ ဘာဒဏ်ရာမှ မရှိဘူး။ ကျုပ်က ကြုံကြိုက်လို့ ဒေါက်တာဟော့ချ်ရဲ့ နောက်ဆုံးနေ့ အကြောင်း မေးလိုက်တော့ ဟော့ချ်ရဲ့ အတွင်းရေးမှူး မယ်ဒလိုင်းဂင်နွန် ပြောသလို သူနဲ့ ဒေါက်တာဟော့ချ် တွေ့ဖို့ချိန်းခဲ့တယ်။ နောက်မှ ဖျက်လိုက်တယ် ဆိုတာကို သူက အတည်ပြုလိုက်တယ်။ ဒီတော့ ကျုပ်တို့ တစ်ခုခုကို ခြေရာခံမိကြပြီ။ ဒေါက်တာဟော့ချ်ရဲ့ဇနီး ကလာရာဟော့ချ်ဟာ သော့ချက်ဖြစ်နိုင်တယ်။ သူတို့ လင်မယားချင်း ခွဲနေကြတယ် ဆိုပေမယ့် မကြာခဏတော့ စကားပြောဖြစ်ကြတယ်တဲ့။ ဘာပဲဖြစ်ဖြစ် ကျုပ် ကလာရာဟော့ချ်ကို တယ်လီဖုန်းဆက်ထားတယ်။ သူက ကျုပ်တို့ကို စောင့်မျှော်နေတယ်"

ဂေါ်လ်ဟွန်းက အင်ဂျယ်လာကို ကြည့်လိုက်၏။ ဒေးဗစ်က ပြောလိုက်သည်။

"ဒါနဲ့ သူ ဘော့စတွန်ကို ပြောင်းသွားတယ်ဆို"

ဂေါ်လ်ဟွန်းက ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်တို့ ဘော့စတွန်ကို မော်တော်ကားနဲ့ သွားကြတာပေါ့ဗျာ"

"ကျုပ်ကတော့ ဒီကိစ္စကို အင်ဂျယ်လာနဲ့ ကျုပ်က လက်လျှော့သင့်ပြီလို့ ထင်တယ်။ ခင်ဗျား ဆက်လုပ်ချင်သေးတယ်ဆိုရင် ခင်ဗျား သဘောပဲလေ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မတို့ သိပ်အလောသုံးဆယ် မဆုံးဖြတ်သင့်ပါဘူး။ တကယ်လို့ ကလာရာဟော့ချ်က သေသွားတဲ့ လူနာတစ်ယောက်ရဲ့ ဖြစ်စဉ်ကို ပြောပြနိုင်တယ်ဆိုရင်ကော၊ ညတုန်းကတော့ ရှင်က အဲဒီ ရှုထောင့်ကို စိတ်ဝင်စားခဲ့တာပဲ"

"အေး အဲဒါကတော့ ဟုတ်တယ်"

သို့ရာတွင် အလုပ်ဖြုတ်ခံရပြီး နောက်ပိုင်း၌ ထိုကိစ္စကို ကလာရာဟော့ချ်ထံ သွားရလောက်သည်အထိ သူ စိတ်မပါတော့ပါ။

"ကဲ သွားကြရအောင် ဒေးဗစ်ရယ်၊ ဒီမြို့တစ်မြို့လုံးက ကျွန်မတို့ကို ဝိုင်းပြီး လုပ်ကြံနေကြတာ၊ ကျွန်မတို့က ပြန်တိုက်ကြရအောင်"

ပထမတွင် ဒေးဗစ်က သဘောမတူသော်လည်း နောက်ပိုင်းတွင် ဘော့စတွန်သို့ သွားရန် သဘောတူလိုက်တော့သည်။

"ကောင်းပြီလေ၊ သွားကြမယ်။ ဒါပေမယ့် ကိုယ်တို့ နစ်ကိုတော့ ဝင်ကြည့်သွားမယ်"

"ဝမ်းမြောက်ဝမ်းသာစွာ လက်ခံပါတယ်တဲ့ရှင်"

သူတို့က ဂေါ်လ်ဟွန်း ဆေးလိပ်သောက်ခွင့်ရအောင် ဂေါ်လ်ဟွန်း၏ မော်တော်ကားနှင့် သွားကြမည် ဖြစ်သည်။ ဂေါ်လ်ဟွန်းက မော်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တာကို ဆေးရုံရှေ့အထိ မောင်းသွားသည်။ ဒေးဗစ်နှင့် အင်ဂျယ်လာ ဆေးရုံထဲသို့ ပြေးဝင်သွားကြသည်။

နစ်ကီသည် အသည်းအသန် လူနာပြုစုသော အခန်းထဲမှ ထွက်ခဲ့ရသောကြောင့် ပို၍ ဝမ်းသာနေသော်လည်း သူ့ကို ခုတင်ဟောင်းကြီးတစ်လုံးပေါ်တွင် တင်ထားသောကြောင့် ခေါင်းရင်းဘက်မှ အပေါ်သို့ ကြွတက်လာအောင် လုပ်မရသည်ကို မကျေမနပ် ဖြစ်နေသည်။

ဒေးဗစ်က ဂျက်နက်ကိုလ်ဘမ်ကို ရှာ၍ ပြောပြလိုက်၏။ ဂျက်နက်က ပန်းဆလိုက်ကို ပြောလိုက်မည်ဟု ဆိုသည်။ ဒေးဗစ်ကလည်း ညနေစောင်း၍မှ ခုတင်ကို ပြင်မပေးလျှင် သူကိုယ်တိုင် ပြင်ပေးမည်ဟု နစ်ကီ့ကိုပြောပြီး ဘော့စတွန်သို့ ထွက်လာခဲ့ကြတော့သည်။

ဒေးဗစ်သည် သူ့ဘက်မှ တံခါးမှန်ကို ဟထားသော်လည်း ကော်လ်ဟွန်း၏ ဆေးလိပ်မီးခိုးက မော်တော်ကား ခေါင်းခန်းထဲတွင် ဝဲလှည့်နေသဖြင့် ဘော့စတွန်ရှိ ကလာရာဟော့ချ်၏ နေအိမ်သို့ ရောက်သောအခါ ဒေးဗစ်၏ မျက်လုံးထဲမှ မျက်ရည်များ ကျစပြုနေပြီ ဖြစ်သည်။

ကလာရာဟော့ချ်သည် ကိုယ်လုံးကိုယ်ပေါက် ကြီးကြီးနှင့် စူးရှသော မျက်လုံးပိုင်ရှင် ဖြစ်သည်။ ဒေါက်တာဟော့ချ်နှင့် လိုက်ဖက်သူဖြစ်ကြောင်း ဒေးဗစ်က ကျိတ်၍ မှတ်ချက်ချလိုက်၏။

အင်ဂျယ်လာက သူတို့သည် ဘတ်တလက်မှ ကလာရာ၏ နေအိမ်ကို ဝယ်သူများဖြစ်ကြောင်း ပြောပြ၍ မိတ်ဆက်လိုက်ကြသည်။

"ရှင်တို့က အဲဒီအိမ်ကို ကျွန်မထက် ပိုနှစ်ခြိုက်ပါစေလို့ ဆုတောင်းပါတယ်။ လင်ကိုယ်မယားနှစ်ယောက်တည်း အဖို့ကတော့ သိပ်ကြီးတဲ့ အိမ်ကြီးတစ်အိမ်ပဲ"

သူက ဒေးဗစ်တို့ကို လက်ဖက်ရည်နှင့် ဧည့်ခံသည်။ လက်ဖက်ရည်များကို ငှဲ့ထည့်ပေးပြီးသောအခါ သူက ပြောလိုက်ပြန်၏။

"ရှင်တို့ လာရောက် အလည်လာတဲ့အတွက် ကြိုက်ပါတယ်လို့ ကျွန်မက မပြောနိုင်ဘူး၊ ကျွန်မက ဒင်းနစ်ဟော့ချ် ပျောက်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်တဲ့အခါကျမှ သူ အသတ်ခံရတဲ့ ကိစ္စက ပေါ်လာလို့ တော်တော် စိတ်ထိခိုက်သွားခဲ့ရပါတယ်"

ကော်လ်ဟွန်းက ပြောလိုက်၏။

"သူ့ကို သတ်တဲ့လူကို တရားဥပဒေနဲ့အညီ အရေးယူဖို့ဆိုတဲ့ကိစ္စမှာတော့ ကျုပ်တို့နဲ့ သဘောထားချင်း ကိုက်ညီလိမ့်မယ်လို့ ထင်ပါတယ်".

ကလာရာက ဖြေလိုက်သည်။

"ခုမှတော့ သိပ်မထူးတော့ပါဘူးရှင်၊ ကျွန်မကတော့ ခုလို မသိရတာကိုပဲ ပိုသဘောကျပါတယ်"

ကော်လ်ဟွန်းက မေးပြန်၏။

"ခင်ဗျားရဲ့ ခင်ပွန်းကို သတ်တာနဲ့ ပတ်သက်ပြီး သံသယဖြစ်တဲ့





လူများ ရှိပါသလား"

"ဖြစ်နိုင်တဲ့လူတွေကတော့ အများကြီးပေါ့ရှင်။ ရှင်တို့က ဒင်းနစ်အကြောင်း သိထားဖို့တော့လိုမယ်။ သူက ပေါင်းရသင်းရခက်တယ်၊ သိပ်ခေါင်းမာတယ်။ သူ့မှာ ကောင်းကွက်မရှိတာတော့ မဟုတ်ဘူး၊ နောက်တစ်ချက်ကတော့ ဒင်းနစ်က ဆေးရုံကို သိပ်စွဲလမ်းတယ်။ သူက ဆေးရုံဘုတ်အဖွဲ့နဲ့ ပြီးတော့ ဘော့စတွန်က ခေါ်လာတဲ့ ဟိုအမျိုးသမီးအုပ်ချုပ်ရေးမှူးနဲ့ တစ်ချိန်လုံး မတည့်ဘူး ဖြစ်နေတော့တာပဲ။ အဲလေ လူတစ်ဒါဇင်လောက်ထဲက တစ်ယောက်ယောက်က အကြီးအကျယ် ဒေါဖောင်းပြီး သတ်မယ်ဆိုလည်း ဖြစ်နိုင်တာပါပဲ။ ဒါပေမယ့် အဲဒီလို လုပ်ကြလိမ့်မယ်လို့တော့ ကျွန်မ မထင်ပါဘူးရှင်"

"ဒေါက်တာဟော့ချ်က ဟိုမှုဒိမ်းကောင် ဘယ်သူလဲဆိုတာ သူ သိတယ်လို့ ပြောလေ့ရှိတယ်ဆို၊ သူက နာမည်တွေ ဘာတွေကို ထုတ်ပြောဖူးပါသလား"

"အဲဒီလူဟာ ဆေးရုံနဲ့ ပတ်သက်တယ်ဆိုတာလောက်ပဲ ပြောပါတယ်ရှင်"

"ဆေးရုံဝန်ထမ်းပဲလား"

"သူက အဲဒါကို အကျယ်ချဲ့ပြီး ပြောမပြပါဘူး။ ဒါပေမယ့် အဲဒီလူကို သူကိုယ်တိုင် ဆွေးနွေးလိုက်ရင် အဲဒါကို တားဆီးပစ်နိုင်လိမ့်မယ်လို့တော့ သူ ထင်နေတယ်"

ကော်လ်ဟွန်းက ပြောလိုက်၏။

"ဘုရား . . . ဘုရား၊ တကယ် အန္တရာယ်ကြီးတဲ့ ကိစ္စပဲ။ သူ အဲဒီပုဂ္ဂိုလ်နဲ့ ဆွေးနွေးဖြစ်တယ်လို့ ခင်ဗျား ထင်ပါသလား"

"ကျွန်မ မသိဘူးရှင့်၊ ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ။ ဒါပေမယ့် သူက ဟို ဝိန်းရောဘတ်ဆန်ဆီကို လူကိုယ်တိုင် သွားတွေ့မယ်ဆိုလို့ သူနဲ့ကျွန်မ စကားများရသေးတယ်။ ကျွန်မက စာရေးချင်ရေး၊ တယ်လီဖုန်းနဲ့ ပြောချင်ပြော ဆိုတာကို သူက လက်မခံဘူး။ ဒါပေမယ့် သူ သွားမတွေ့ဖြစ်ပါဘူးရှင်။ သူ့လူနာဟောင်းတစ်ယောက် သေဆုံးသွားတာနဲ့ ပတ်သက်ပြီး ဒေါက်တာဘာရီဟိုလ်စတာနဲ့ပဲ နှေ့လယ်စာ သွားစားခဲ့ပါတယ်"

"အဲဒီ လူနာက ကလပ်ခ်ဒေဗင်ပို့ မဟုတ်လား၊ အဲဒီလူနာက ဒေါက်တာဟော့ချ်နဲ့ သိပ်ရင်းနှီးကြသလား"

"အသိအကျွမ်း ဖြစ်ရုံလောက်ပါပဲ။ လူနာဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်။ ဒင်းနစ်က ကလပ်ခ်မှာ ကင်ဆာရောဂါရှိကြောင်း ရှာဖွေတွေ့တယ်။ အဲဒီရောဂါကို ဒေါက်တာဟိုလ်စတာက အောင်အောင်မြင်မြင် ကုသပေးနိုင်ခဲ့တယ်။ သူတို့နှစ်ဦးစလုံးက ကလပ်ခ်ရဲ့ ကင်ဆာကို [illegible]တဲ့အချိန်မှာ အချိန်မီ ကုလိုက်နိုင်တယ်ဆိုပြီး စိတ်ချမ်းသာနေကြတယ်။ ဒါပေမယ့် ကလပ်ခ်ရဲ့ အလုပ်ရှင်က စီအမ်ဗွီနဲ့ ပြောင်းပြီး [illegible]သွယ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ ကလပ်ဗ်သေသွားပြီ ဆိုတာကို ဒင်းနစ် သိရတော့တာပဲ"

"ကလပ်ဗ်က ဘာရောဂါနဲ့ သေခဲ့ရတာလဲ"

ဒေးဗစ်က ပထမဦးဆုံး အကြိမ်အဖြစ် ဖြုန်းခနဲ ဝင်မေးလိုက်သည်။ သူ သိချင်စိတ် စောနေကြောင်း အင်ဂျယ်လာ သတိပြုလိုက်မိ၏။

"အဲဒီ ရောဂါကိုတော့ မမှတ်မိတော့ဘူး။ ဒါပေမယ့် ကင်ဆာ မဟုတ်ဘူးလို့တော့ ဒင်းနစ်က ပြောဖူးတယ်"

"ခင်ဗျား ခင်ပွန်းရဲ့ လူနာတွေထဲမှာ အလားတူ လူနာမျိုးတွေ ပျောက်လင့်ဘဲ သေသွားတာမျိုးတွေ ရှိခဲ့ဖူးပါသလား"

"အလားတူဆိုတာ ဘာကို ဆိုလိုတာလဲရှင့်"

ဒေးဗစ်က ဖြေလိုက်သည်။

"ကင်ဆာရောဂါ၊ ဒါမှမဟုတ် အခြား စိုးရိမ်ရတဲ့ ရောဂါမျိုးတွေ ရှိတဲ့ လူနာတွေကို ပြောတာပါ"

"ဟုတ်ကဲ့ရှင့်၊ သူ့ဆီမှာ အဲဒီလို လူနာမျိုးတွေ အတော်များများ ရှိပါတယ်။ ပြီးတော့လည်း အဲဒီလူတွေ သေကုန်ကြတဲ့အတွက် သူ စိတ်မချမ်းမသာ ဖြစ်ရတာပါ။ သူ့စိတ်ထဲမှာတော့ စီအမ်ဗွီက ဆရာဝန်တချို့ဟာ အရည်အချင်း မပြည့်ဝဘူးလို့ ထင်နေတယ်"

ဒေးဗစ်က အင်ဂျယ်လာနှင့် ကော်လ်ဟွန်း ဘာလင်တန်မှ ရယူလာသော ဆေးရုံဝင်ခွင့် စာရွက်များကို အင်ဂျယ်လာထံမှ လှမ်းတောင်းလိုက်၏။ အင်ဂျယ်လာက ရှာနေရစဉ် ကော်လ်ဟွန်းက ဖောင်းနေသော သူ့အိတ်ကြီးထဲမှ ချက်ချင်း ထုတ်ပေးလိုက်၏။

ဒေးဗစ်က ထိုစာရွက်များကို တုန်တုန်ယင်ယင်နှင့် ဖြန့်လိုက်ပြီးနောက် ကလာရာ့ထံ လှမ်းပေးလိုက်၏။

"အဲဒီ နာမည်တွေကို ဖတ်ကြည့်စမ်းပါဗျာ၊ ခင်ဗျား မှတ်မိတဲ့ လူတွေများ ပါနေသလားလို့"

"ကျွန်မ စာကြည့်မျက်မှန် သွားယူလိုက်ဦးမယ်"

ကလာရာ အခန်းထဲမှ ထွက်သွားစဉ် အင်ဂျယ်လာက လေသံကလေးနှင့် ဒေးဗစ်ကို ပြောလိုက်၏။

"ရှင်က ဘာကိစ္စနဲ့ စိတ်တွေ အရမ်း လှုပ်ရှားနေရတာလဲ"

ကော်လ်ဟွန်းကလည်း ဝင်ပြောလိုက်သည်။

"ဟုတ်တယ်ဗျ၊ အေးအေးသက်သာ လုပ်စမ်းပါဗျာ။ တော်တော်ကြာ ကျုပ်တို့ သက်သေ စိတ်ရှုပ်ပြီး မေ့မေ့လျော့လျော့တွေ ဖြစ်ကုန်လိမ့်မယ်"

"ကျုပ်က တစ်ခုခုကို တွေးလိုက်မိလို့ဗျ။ အဲဒီ အတွေးကလည်း သိပ်ကို မကောင်းလို့ပါဗျာ"

ထိုကိစ္စအား ထပ်ရှင်းပြဖို့ ဒေးဗစ်အား အင်ဂျယ်လာက မပြောနိုင်ခင် ကလာရာက စာကြည့်မျက်မှန်နှင့် ပြန်ရောက်လာသည်။ သူက စာရွက်များကို ကောက်ယူဖတ်ကြည့်လိုက်ပြီးနောက်-

"ကျွန်မ သူတို့အားလုံးကို မှတ်မိပါတယ်။ အများစုနဲ့လည်း တွေ့ဖူးပါတယ်"

ဟု ဖြေလိုက်သည်။ ကော်လ်ဟွန်းက မေးလိုက်၏။

"ဒီလူတွေအားလုံး သေသွားကြပြီလို့ ကျွန်တော် သိထားပါတယ်။ အဲဒါ ဟုတ်ပါသလား"

"မှန်ပါတယ်ရှင်"

"သူတို့အားလုံး မမျှော်လင့်ဘဲ သေကြရတာချည်းပဲလား"

"ဟုတ်တယ် မဟုတ်ဘူးလို့ နှစ်ခွ ပြောရမှာပါပဲ။ ကျွန်မ ဆိုလိုတာကတော့ ဒီလူတွေ အခု သေရတဲ့အချိန်မှာ သေမယ်လို့ မျှော်လင့်မထားဘဲ သေကြရတာပါ။ ဒီစာရွက်တွေကို ကြည့်မယ်ဆိုရင် သူတို့ အခု ဆေးရုံတက်ရတဲ့ ကိစ္စတွေဟာ သေလောက်တဲ့ ရောဂါတွေနဲ့ တက်လာကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ဆီမှာ ကင်ဆာလို သေလောက်တဲ့ ရောဂါ အခံတွေတော့ ရှိနေကြတယ်။ ဒါ့ကြောင့် သူတို့ သေတာကို လုံးဝ မျှော်လင့်မထားပါဘူးလို့ ပြောလို့လည်း မဖြစ်ဘူးပေါ့လေ"

ဒေးဗစ်က ထိုစာရွက်များကို ပြန်ယူပြီး ကြည့်လိုက်၏။ ပြီးမှ ကလာရာကို ပြန်မေးလိုက်သည်။

"ဒီဆေးရုံဝင်ခွင့် စာရွက်တွေဟာ အခု သေသွားတဲ့လူတွေ ဆေးရုံတက်စဉ်က ဝင်ခွင့်ပြုခဲ့တဲ့ စာရွက်တွေ ဟုတ်ပါသလား ခင်ဗျာ"

"မှန်ပါတယ်ရှင်၊ ဒင်းနစ်က အတော်ကြာကြာ ယူထားခဲ့တာဆိုတော့ မေ့ပစ်ဖို့ မလွယ်ပါဘူးရှင်"

"ပြီးတော့လည်း ဒီလူနာတိုင်းမှာ သေလောက်တဲ့ ရောဂါကြီးတွေ ရှိနေကြတယ်။ ဥပမာ နှာခေါင်းရိုးလိုဏ်ခေါင်းနာနဲ့ ဆေးရုံ လာတက်တဲ့ ဒီလူနာလို"

ကလာရာက ဆေးစာရွက်ကို ပြန်ယူပြီး နာမည်ကို ဖတ်လိုက်၏။

"သူ့မှာ ရင်သားကင်ဆာ ရှိနေပါတယ်။ သူက ကျွန်မတို့ ဘုရားရှိခိုးကျောင်းက ကျွန်မရဲ့ အုပ်စုထဲကပါ"

ဒေးဗစ်က ထိုစာရွက်ကို ပြန်ယူပြီး အခြား စာရွက်များနှင့် ရောနှော၍ ပြန်လိပ်ထားလိုက်သည်။ ထို့နောက် ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့ လျှောက်သွားတော့သည်။ သူက ခန်းဆီးများကို ဆွဲဖယ်ပြီး ဧည့်ခန်းထဲမှ ပုဂ္ဂိုလ်များကို အလေးမထားတော့ဘဲ ချားလ်စ်မြစ်ကို လှမ်းကြည့်နေသည်။ သူ့စိတ်အာရုံ ပျံ့လွင့်နေပုံရသည်။

ဒေးဗစ်၏ မယဉ်ကျေးသော အမူအရာများကြောင့် အင်ဂျယ်လာ ရှက်တက်တက် ဖြစ်မိသော်လည်း ကလာရာက ထိုကိစ္စကို အလေးထားပုံ မရချေ။ ကော်လ်ဟွန်းက ထပ်မေးလိုက်ပြန်၏။

"ဟိုမှုဒိမ်းကောင်အကြောင်း ထပ်မေးပါရစေ။ ဆရာကြီးတာပေါ့ချက သူ့အသက်အရွယ်တို့၊ သူ့အရုပ်အမောင်းတို့၊ သူ့ဆီမှာ ဆေးမင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com

ဟိုလေးတာ ရှိပရှိကို ဖဲဒါတွေကို သူ ပြောပြဖူးပါသလား"

"အေးပင်ပြောင်ထိုးတာ ဟုတ်လား၊ ဟင့်အင်း သူက အဲဒါကို တစ်ခါမှ မပြောပြဖူးဘူး"

ဒေးဗစ်သည် အားလုံး အံ့သြသွားအောင် ဖြုန်းခနဲ ဆိုသလို ပြတင်းပေါက်မှ လျင်မြန်စွာ ပြန်လျှောက်လာသည်။

"ကိုယ်တို့ ပြန်ကြမှဖြစ်မယ်၊ ခုချက်ချင်း ပြန်မှဖြစ်မယ်"

သူက တံခါးဆီသို့ ကမန်းကတန်း လျှောက်သွားပြီး တံခါးရွက်ကို ဆွဲဖွင့်လိုက်လေ၏။ ဒေးဗစ်၏ အမူအရာကို အံ့သြသွားသော အင်ဂျယ်လာက-

"ဒေးဗစ် ဘာဖြစ်တာလဲ"

ဟု မေးလိုက်သည်။ ဒေးဗစ်က အော်ပြောလိုက်၏။

"ကိုယ်တို့ ဘတ်တလက်ကို ခုချက်ချင်း ပြန်ကြမှ ဖြစ်မယ်။ လာကြစမ်းပါကွာ"

ဒေးဗစ်၏ အလောသုံးဆယ် အသံက သွေးပျက်လုခမန်း ဖြစ်လာသည်။ အင်ဂျယ်လာနှင့် ကော်လ်ဟွန်းတို့က ကလာရာကို ခပ်မြန်မြန် နှုတ်ဆက်ကြပြီးနောက် ဒေးဗစ်နောက်က အပြေးအလွှား လိုက်ခဲ့ကြရသည်။ အင်ဂျယ်လာနှင့် ကော်လ်ဟွန်း ထရပ်ကားဆီသို့ ရောက်လာသောအခါ ဒေးဗစ်က လက်ကိုင်ဘီးခွေနောက်ဘက်၌ ရောက်ရှိနေနှင့်လေပြီ။ ဒေးဗစ်က ပြောလိုက်၏။

"ကျုပ်ကို ကားသော့ပေးစမ်း"

ကော်လ်ဟွန်းက လှမ်းပေးလိုက်၏။ ဒေးဗစ်က ကားစက်ကို နှိုးပြီး ဂီယာထိုးထားလိုက်၏။

"ဝင်ကြလေ"

အင်ဂျယ်လာက အရင်ဝင်သည်။ ကော်လ်ဟွန်းက နောက်မှ လိုက်ဝင်သည်။ တံခါးကို ပြန်မပိတ်ရသေးခင် ဒေးဗစ်က လီဗာကို စနင်းလိုက်လေ၏။

ခရီးအစပိုင်းတွင် မည်သူမျှ စကားမပြောကြပါ။ ဒေးဗစ်က မော်တော်ကားကိုသာ ဂရုစိုက်၍ မောင်းနှင်နေသည်။ ကိုးရိုးကားရားနှင့် ချက်ချင်း ပြန်ထွက်လာခဲ့ရသည့်အတွက် အင်ဂျယ်လာနှင့် ကော်လ်ဟွန်းတို့နှစ်ယောက်စလုံး စိတ်ချောက်ချားနေကြသည်။ ဒေးဗစ်က ကားတန်းရှည်ကြီးတစ်ခုကို အတင်း ကျော်တက်မှုကြောင့် အင်ဂျယ်လာက ခပ်ဖြည်းဖြည်းမောင်းပါဟု ပြောယူရတော့သည်။ အင်ဂျယ်လာက မေးလိုက်၏။

"ဒေးဗစ် ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ် ကလာရာဟော့ချ်နဲ့ စကားပြောနေတုန်း သေလောက်တဲ့ ဝေဒနာတွေ ရှိနေကြတဲ့ ဟော့ချ်ရဲ့ လူနာတွေ မမျှော်လင့်ဘဲ သေကုန်ကြရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဖြုန်းခနဲ အတွေးတစ်ခုကို တွေးလိုက်မိလို့ပဲ"





"အေးလေ အဲဒါက ဘယ်လိုလဲရှင့်"

"ဘတ်တလက် ကွန်မြူနီတီဆေးရုံက စိတ်မမှန်တဲ့ လူတစ်ယောက်က သက်သက်သာသာ သေနိုင်ဖို့ လွဲလွဲမှားမှား အယူအဆနဲ့ တပင်ဆောင်ရွက်ပေးနေတယ်လို့ ထင်မိလို့ပဲ"

ကော်လ်ဟွန်းက မေးလိုက်၏။

"အဲဒါက ဘာအဓိပ္ပာယ်"

"သေရမယ့် ဝေဒနာရှင်တစ်ယောက်ကို ဝေဒနာ မခံစားရအောင် ကူညီတဲ့ သဘောပဲရှင့်"

ဒေးဗစ်က ဖြေလိုက်သည်။

"ဟော့ချ်ရဲ့ လူနာတွေအကြောင်း ကြားလိုက်ရတော့ မကြာသေးခင်က သေသွားကြတဲ့ ကျုပ် လူနာတွေဟာ သေရမယ့် ရောဂါဝေဒနာဆိုးကြီးတွေကို ခံစားနေကြရတယ်။ ဟော့ချ်ရဲ့ လူနာတွေနဲ့ ပုံစံတူပဲ ဖြစ်နေတယ်လေ။ ကျုပ် ဘာဖြစ်လို့ ဒီကိစ္စကို အစကတည်းက မတွေးမိခဲ့ရတာလဲ၊ ကယ်ရီလင်းလည်း ဒီအတိုင်းပဲ"

ကော်လ်ဟွန်းက မေးလိုက်၏။

"ကယ်ရီလင်းဆိုတာ ဘယ်သူလဲ"

"သူက ကျွန်မတို့ သမီးရဲ့ သူငယ်ချင်းလေ၊ သူ့မှာ စစ်စတစ်ဖိုင်ဘရိုးဆစ်ရောဂါ ရှိနေတယ်။ အဲဒါကလည်း သေနိုင်လောက်တဲ့ ဝေဒနာပဲ။ သူ မနေ့က သေသွားရှာတယ်"

အင်ဂျယ်လာက မျက်လုံးပြူးသွားသည်။

"အမယ်လေး. . . လေး . . . နစ်ကီရယ်"

"အခု ကျုပ် ဘာဖြစ်လို့ သွေးရူးသွေးတန်း ဖြစ်နေရတယ်ဆိုတာ ခင်ဗျား သိလောက်ရောပေါ့။ နစ်ကီက အခု ဆေးရုံပေါ်မှာ၊ သူ့မှာလည်း စစ်စတစ် ဖိုင်ဘရိုးဆစ်ရောဂါ ရှိနေတယ်"

"ဟုတ်ပြီ၊ ကျုပ် နားလည်ပြီ။ အဲဒီ ဝေဒနာ မခံစားရအောင် လုပ်ပေးနေတဲ့ ကယ်တင်ရှင်ရဲ့ စက်ကွင်းထဲကို ခင်ဗျားတို့သမီး ရောက်သွားမှာ စိတ်ပူနေကြတာကိုး"

"ခင်ဗျား နားလည်ပြီပဲ"

"ဒါပေမယ့် ခင်ဗျားက ကောက်ချက်ချတာ သိပ်စောလွန်းမနေဘူးလား"

"အဲဒီ ကောက်ချက်က မေးခွန်း အတော်များများကို ဖြေပြီးသား ဖြစ်သွားပြီဗျ။ ကျုပ်က ဒေါက်တာပို့တလန် အကြောင်းကိုတောင် သူ့ တွေးမိသေးတယ်။ ဒေါက်တာ ပို့တလန်က သူ့လူနာတွေ သေရမှုအတွက် သူ့အပေါ် အပြစ်ပုံချတာ သူ မခံနိုင်ဘူးတဲ့။ သူက ဆေးရုံမှာ တစ်ခုခု မှားယွင်းနေတယ်တဲ့။ သူက သူ့ကိုယ်သူ သတ်သေသွားတာပါလေ"

ကော်လ်ဟွန်းက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


"နေပြောရောပဲဗျာ"

ဒေးဗစ်က ပြောလိုက်သည်။

"အကယ်လို့ တစ်ယောက်ယောက်က လူတွေကို ဝေဒနာ မခံစားရဘဲ သေနိုင်အောင် လုပ်ပေးနေတဲ့လူ ရှိတယ်ဆိုရင် အဲဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ အဲဒီလူဟာ လူနာတွေဆီကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်တဲ့လူ၊ ဆေးဝါးအကြောင်း အဆင့်အတန်းမြင့်မြင့် သိထားတဲ့လူ ဖြစ်ရမယ်"

အင်ဂျယ်လာက ဝင်ပြောလိုက်၏။

"ဒါဆိုရင် ဆရာဝန်၊ ဒါမှမဟုတ် သူနာပြုဆရာမ တစ်ယောက်ယောက် ဖြစ်နိုင်တာပေါ့"

ဒေးဗစ်က ပြောလိုက်သည်။

"ခေတ်ခွဲခန်း ကျွမ်းကျင်သူလည်း ဖြစ်နိုင်တာပဲ"

ကော်လ်ဟွန်းက ပြောလိုက်၏။

"ခင်ဗျားတို့က အရမ်း အတွေးခေါင်ကြတာကိုး၊ အဲဒီလို ကောက်ချက်ချပြီး တစ်နာရီ မိုင်ကိုးဆယ်နှုန်း မောင်းနေတာကတော့ မသင့်လျော်ဘူးပေါ့ဗျာ"

"ကျုပ် သမီးက အန္တရာယ်နဲ့ တွေ့နေရတုန်းမှာတော့ လျှော့လို့ မဖြစ်ဘူးဗျို့"

အင်ဂျယ်လာက မေးလိုက်သည်။

"ဒေါက်တာဟော့ချ်လည်း အဲဒီလို တွေးမိခဲ့သလား မသိဘူးနော်"

ဒေးဗစ်က ဖြေလိုက်၏။

"တွေးမိခဲ့တယ်လို့ ထင်တယ်၊ အဲဒါကြောင့်ပဲ သူ အသတ်ခံရတာ ဖြစ်နိုင်တယ်"

"ကျုပ်ကတော့ မုဒိမ်းကောင်က သတ်တာပဲလို့ ထင်တယ်"

"သတ်တဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် ဒီစုံစမ်းစစ်ဆေးမှုကတော့ စိတ်ဝင်စားစရာပါပဲ။ ခင်ဗျားတို့ သမီးကလည်း နေကောင်းမယ်ဆိုရင် ဒီအမှုလို စိတ်ဝင်စားဖို့ ကောင်းတာမျိုး ကျုပ်အဖို့ နှစ်ပေါင်းများစွာ အတောအတွင်း မရှိသေးဘူးလေဗျာ"

ဆေးရုံရှေ့သို့ ရောက်သောအခါ ဒေးဗစ်က ရှေ့ဘက် တံခါးမကြီး အနီးအထိ မောင်းသွားလိုက်၏။ သူက မော်တော်ကားထဲမှ ခုန်ထွက်လိုက်သလို အင်ဂျယ်လာကလည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။ သူတို့က ပင်မ လှေကားကြီးပေါ် သို့ ပြိုင်တူ ပြေးတက်သွားကြပြီး စင်္ကြံလမ်းအတိုင်း ဆက်ပြေးသွားကြသည်။

နစ်ကီက ရုပ်မြင်သံကြားကို ပျော်ပျော်ရွှင်ရွှင် ကြည့်နေကြောင်း တွေ့ရသည့်အတွက် အလွန်အမင်း စိတ်သက်သာရာရသွားသည်။ ဒေးဗစ်က နစ်ကီကို တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ထားလိုက်၏။ ဒေးဗစ်က ပြောလိုက်သည်။



"သမီး အိမ်ပြန်ရမယ်"

"ဘယ်တော့လဲ"

"အခုပဲ"

အင်ဂျယ်လာက ပြောပြောဆိုဆိုနှင့် အကြောဆေး သွင်းထားသောအပ်ကို ဖြုတ်ပစ်လိုက်သည်။

အပြင်ဘက်မှ ဖြတ်လျှောက်သွားသော သူနာပြုဆရာမက ထိုကိစ္စကို လှမ်းမြင်လိုက်သဖြင့် ဝင်မေးတော့သည်။

"ဒီမှာ ဘာတွေဖြစ်နေတာလဲ"

ဒေးဗစ်က ဖြေသည်။

"ကျုပ်သမီး အိမ်ကို ပြန်ခေါ်တော့မယ်"

"အိမ်ပြန်ခွင့်ကို ဘယ်သူကမှ ပေးမထားသေးဘူး"

"အဲဒီအမိန့်ကို ကျုပ် အခု ပေးတယ်ဗျာ"

သူနာပြုဆရာမ အခန်းထဲက ပြေးထွက်သွားသည်။ အင်ဂျယ်လာက နစ်ကီ၏ အဝတ်အစားတွေကို သိမ်းဆည်းလိုက်သည်။ ဒေးဗစ်ကလည်း ကူညီသည်။

မကြာမီ ဂျင်နက်ကိုလ်ဘမ်နှင့် သူ့နောက်မှ သူနာပြုဆရာမများ၊ တစ်အုပ်တစ်မကြီး ရောက်လာကြသည်။ ဂျက်နက်က ပြောလိုက်၏။

"ဒေါက်တာဝီလ်ဆင်၊ ရှင် အခု ဘာတွေလုပ်နေတာလဲ"

"မြင်ရုံနဲ့တင် သိလောက်ပါတယ်လေ"

နစ်ကီကို အကျီလဲပေးနေကြစဉ် ဒေါက်တာပီလ်စနာ ရောက်လာသည်။ ဂျက်နက်က ဒေါက်တာပီလ်စနာကို လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ ဒေါက်တာ ပီလ်စနာက နစ်ကီအား ပဋိဇီဝ အကြောဆေးသွင်းထားမှုကို ဖြုတ်မပစ်ရန်နှင့် အတွေ့အကြုံ ကြွယ်ဝသော ဆေးရုံမှ အချိန် မကျချင်ပြန်ခေါ် မသွားရန် တားမြစ်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ဝမ်းနည်းပါတယ် ဒေါက်တာပီလ်စနာ၊ ကျုပ် နောက်မှပဲ ရှင်းပြပါတော့မယ်။ အခုဆိုရင် အကြာကြီး ရှင်းပြနေရလိမ့်မယ်"

ထိုအချိန်မှာပင် သူနာပြုဆရာမများ၏ လှမ်းခေါ်လိုက်မှုကြောင့် ဟယ်လင်ဘီတန် ရောက်ရှိလာပြန်သည်။ သူ အလွန်အမင်း ဒေါပွနေသည်။

"ဆေးပညာရှင်တွေက တားမြစ်နေပါရက်ရဲ့ ရှင်က အဲဒီကလေးကို ဆေးရုံက ခေါ်ထုတ်သွားမယ်ဆိုရင် ကျွန်မ တရားရုံးတော်က အမိန့်သွားတောင်းမယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"စမ်းကြည့်လေ"

နစ်ကီ့ကို အဝတ်အစားလဲပေးပြီးသောအခါ စင်္ကြံလမ်းအတိုင်း တွဲခေါ် လာကြသည်။ ရုတ်ရုတ်သဲသဲ ဖြစ်နေမှုကြောင့် သူတို့ကို လူနာများနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပေးလှံဝန်တင်း အချို့က စောင့်ကြည့်နေကြသည်။

ကားပေါ်သို့ ရောက်သောအခါ ဒေးဗစ်က မော်တော်ကားနောက်ဘက်တွင် သွားထိုင်ရသည်။ လမ်းတွင် နစ်ကီက သူ့ကို ဆေးရုံက ဘာကြောင့် ချက်ချင်း ပြန်ခေါ်လာသလဲဟု တဖွဖွ မေးနေသည်။

အိမ်ပြန်ရောက်ပြီး ရပ်စတီနှင့် တွေ့လိုက်သောအခါ နစ်ကီသည် ထိုမေးခွန်းကို ဆက်မမေးတော့ချေ။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့က နစ်ကီကို မိသားစု နားနေခန်းထဲတွင် ထားပြီး ပဋိဇီဝအကြောဆေးကို ဆက်သွင်းပေးကြသည်။

ကော်လ်ဟွန်းကလည်း သူ တတ်နိုင်သလောက် ဝင်ကူညီပါသည်။ သို့ရာတွင် နှုတ်ဆိတ်ပြီး မနေနိုင်သော ကော်လ်ဟွန်းက ဟော့ချ်ကို သတ်သော ရည်ရွယ်ချက်နှင့် ပတ်သက်၍ ငြင်းကြခုံကြပြန်သည်။ ကော်လ်ဟွန်းက ဟော့ချ်ကို သတ်သူသည် မုဒိမ်းကောင် ဖြစ်ရမည်။ ဟော့ချ်က လူအများရှေ့မှောက်တွင် မုဒိမ်းကောင်ကို သူသိပါသည်ဟု ပါးစပ်ဖွာခဲ့သည် မဟုတ်ပါလားဟု ပြောသည်။ ဒေးဗစ်ကမူ ထိုလူသတ်သမားသည် လူတွေကို သက်သက်သာသာ သေနိုင်အောင် ကူညီသည်ဟု တလွဲဆံပင်ကောင်းနေသော စိတ်ဝေဒနာ ကရုဏာရှင် ဖြစ်သည်ဟု ထင်သည်။ ဤတွင် အင်ဂျယ်လာက ဝင်အကြံပေးလိုက်၏။

"ကဲပါရှင်၊ ဟော့ချ်ကို သတ်တဲ့လူက မုဒိမ်းကောင်ရော လူနာတွေကို လိုက်သတ်နေတဲ့ လူရော တစ်ဦးတည်း ဖြစ်နေခဲ့ရင်ကောရှင်"

ဤတွင် ဒေးဗစ်ရော ကော်လ်ဟွန်းပါ နှုတ်ဆိတ်သွားကြတော့သည်။ နောက်ဆုံးတွင် ဒေးဗစ်က ပြောလိုက်၏။

"အဲဒီစိတ်ကူးက တစ်မျိုးကြီးပဲ၊ ဒါပေမယ့် ဖြစ်လည်း ဖြစ်နိုင်တယ်"

ကော်လ်ဟွန်းက ပြောလိုက်သည်။

"ဘာပဲပြောပြော ကျုပ်ကတော့ ဟိုဆေးမင်ကြောင် သဲလွန်စနောက်ကိုပဲ လိုက်တော့မယ်။ အဲဒါ သော့ချက်ပဲ"

ဒေးဗစ်က ပြောလိုက်ပြန်၏။

"ကျုပ်ကတော့ ဆေးမှတ်တမ်းတွေကို ပြန်ရှာမယ်၊ ကျုပ်က ဒေါက်တာ ဟိုလ်စတာနဲ့ သွားတွေ့ချင်တွေ့မယ်။ ဟော့ချ်က သူ့လူနာတွေနဲ့ ပတ်သက်တဲ့ သူ့သံသယကို ပြောပြကောင်း ပြောပြခဲ့နိုင်တယ်"

"ကောင်းပြီလေ၊ ကျုပ်တို့ လုပ်စရာရှိတာတွေ လုပ်ပြီးတော့မှ ပြန်ဆုံကြတာပေါ့"

အင်ဂျယ်လာက ကော်လ်ဟွန်းအား ည (၇) နာရီတွင် ညစာ လာစားရန် ဖိတ်ကြားလိုက်သည်။

ကော်လ်ဟွန်း ထွက်သွားသောအခါ ဒေးဗစ်က တစ်လုံးထိုးသေနတ်ကို သွားယူပြီး သေနတ်ထဲသို့ ကျည်ဆန်ဝင်နိုင်သလောက် ဝင်အောင် အပြည့်ဖြည့်ထည့်ထားလိုက်သည်။ သူက သေနတ်ကို လှေကားခြေရင်းတိုင်၏ နောက်ဘက်၌ ထောင်ထားလိုက်၏။

"ကိုယ် အပြင်သွားနေတုန်း အိမ်ထဲကို ဘယ်သူ့မှ အဝင်မခံနဲ့၊ တံခါးတွေကိုလည်း သော့ခတ်ထား"

ဒေးဗစ်က ဘိုင်စကယ်ကို ခပ်မြန်မြန် နင်းသွားသည်။ သူ့လူနာများကို တစ်ယောက်ယောက်က သတ်နေသည်ဆိုသော ကိစ္စကို သူ တွေးမိနေသည်။ လန့်လည်းလန့်၊ ဒေါသလည်း ထွက်ရသည်။ သို့ရာတွင် ကော်လ်ဟွန်း ပြောသလို သက်သေပြနိုင်စွမ်း မရှိပါချေ။

ဒေးဗစ် ဆေးရုံသို့ ရောက်သောအခါ နေ့ဆိုင်းအပြီး ညဆိုင်းသမားများပင် ရောက်ရှိနေလေပြီ။ လူအဝင်အထွက် များပြားရှုပ်ထွေးနေသဖြင့် ဒေးဗစ် ဆေးမှတ်တမ်းဌာနဆီသို့ လျှောက်သွားသည်ကို မည်သူကမျှ သတိမပြုမိကြချေ။

ဒေးဗစ်သည် ကွန်ပျူတာရှေ့၌ ဝင်ထိုင်လိုက်ပြီး ဟော့ချ်၏ လူနာများကို တစ်ယောက်ပြီးတစ်ယောက် ကွန်ပျူတာမှ ခေါ်ယူပြီး ဆေးမှတ်တမ်းသမိုင်းကို ဖတ်ကြည့်လိုက်သည်။ ရှစ်ယောက်စလုံးတွင် သေနိုင်သည့် ဝေဒနာဆိုးကြီးများ စွဲကပ်နေကြသည်။

ဒေးဗစ်က ထိုလူနာများ မသေမီက ရေးမှတ်ထားချက်များကို ဖတ်ကြည့်လိုက်၏။ ထိုလူနာများက ဝေဒနာကို ခံစားခဲ့ရပုံသည် ဒေးဗစ်၏ လူနာများ ဝေဒနာခံစားခဲ့ရပုံနှင့် တစ်ထပ်တည်း တူနေသည်။

ထို့နောက် ဒေးဗစ်က နောက်ဆုံး သေကြရသည့် ရောဂါဝေဒနာများကို ရှာကြည့်လိုက်ပြန်၏။ တစ်ယောက်မှလွဲ၍ ကျန်လူနာအားလုံး အဆုတ်ရောင်ရမ်းနာဖြစ်ခြင်း၊ မန်းလိုက်ခြင်း၊ သွေးလန့်ခြင်း စသည်တို့ကြောင့် သေကြရခြင်း ဖြစ်သည်။ ခွဲစိတ်ကုသပြီးမှ ဆက်တိုက် အမြင်းအထန် တက်ချက်ပြီးမှ သေခဲ့ရခြင်း ဖြစ်သည်။ ဒေးဗစ်က ဟော့ချ်၏ ဆေးမှတ်တမ်းများကို နံဘေး၌ ဖယ်ထားလိုက်ပြီးနောက် လူနာသေနှုန်းကို တွက်ကြည့်လိုက်ပြန်၏။ လူနာသေနှုန်းသည် လွန်ခဲ့သော နှစ်နှစ်က (၂) ဒသမ (၈) ရာခိုင်နှုန်းသာ ရှိရာမှ (၆) ဒသမ (၇) ရာခိုင်နှုန်းအထိ ပြောင်းလဲလာခဲ့သည်။ လွန်ခဲ့သောနှစ်ကမူ (၈) ဒသမ (၁) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့၏။

ဒေးဗစ်က ကင်ဆာရောဂါရှင်ဟု သတ်မှတ်ထားသော လူနာများတွင် ကင်ဆာရောဂါက ထိုလူနာများကို သေစေခဲ့သော ရောဂါ ဟုတ်မဟုတ် ရှာကြည့်လိုက်သောအခါတွင်လည်း လူနာသေနှုန်းသည် ဖြုန်းခနဲ မြင့်မားလာသည်ကို တွေ့ရပြန်သည်။

ဆေးရုံသို့ ရောက်လာသော ကင်ဆာဝေဒနာရှင် ဦးရေကမူ မြင့်မားလာခြင်း မရှိချေ။ လွန်ခဲ့သော ဆယ်နှစ်က ပျမ်းမျှလူနာဦးရေနှင့် လက်ရှိဦးရေမှာ မရှိုးမစွဲပင် ဖြစ်သည်။

သေဆုံးသောလူနာ ရာခိုင်နှုန်း မြင့်မားလာမှုက သက်သက်သာသာ

www.burmeseclassic.com

နှင့် ဒေသနိုင်ဘောင် ကူညီစောင်မ,နေသူတစ်ဦး ရှိသည်ဆိုသော ဒေးဗစ်၏ သီဗိုရီ (ယူဆချက်) ကို အထောက်အကူပြုလျက် ရှိသည်။ လူနာများတွင် ကင်ဆာ ဖြစ်ပွားနှုန်း တိုးတက် မလာသော်လည်း ကင်ဆာဝေဒနာရှင်တို့၏သေနှုန်း မြင့်မားလာမှုက ထိုအယူအဆကို သွယ်ဝိုက်သောနည်းနှင့် ထောက်ခံနေသည်။

ဒေးဗစ်က ကွန်ပျူတာကို အသုံးပြု၍ ဆေးမင်ကြောင် ရှိသူများ၏ အမည်ကို ရှာဖွေခိုင်းလိုက်သည်။ နောက်ဆုံးတွင် ဆေးရုံ၌ လာရောက်ကုသမှု ခံယူကြသူများအနက် ဆေးမင်ကြောင် ထိုးထားသူ လူနှစ်ဆယ်၏ နာမည်များကို ရလာတော့သည်။

ဒေးဗစ်က ကွန်ပျူတာကိုပင် အသုံးချ၍ ထိုလူနှစ်ဆယ်အား ရာထူးများနှင့် လူအမည်များကို တွဲဖက်၍ ဖော်ပြခိုင်းလိုက်ပြန်၏။ ဤတွင် ဆေးရုံ၌ အလုပ်လုပ်သူ ငါးဦးကို ရှာတွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ် ငါးဦးမှာ အရေးပေါ်အခန်းမှ ရေတပ်သားဟောင်း ကလိုက်ဒ်ဒီဗွန်ရှိုင်းယား၊ လုံခြုံရေးမှ ဂျိုးဖို့(ဘ်)၊ စားဖိုဆောင်မှ ကလောဒက်မောရစ်၊ အင်ဂျင်နီယာနှင့် ထိန်းသိမ်းရေးဌာနမှ ဝါနာဗန်ဆလိုက်နှင့် ဓာတ်ခွဲခန်း ကျွမ်းကျင်သူ ပီတာအူးဟော့ဖ်တို့ပင် ဖြစ်သည်။

အလုပ်အကိုင်များကို လိုက်လံ ဖွတ်ရှုစဉ်က သူ စိတ်ဝင်စားသော အခြား နာမည်အချို့ကိုလည်း တွေ့လိုက်ရ၏။ ၎င်းတို့မှာ ဒုတိယရဲ ကားလ်ဟော့ဘ်ဆန်နှင့် ဘတ်တလက်ကောလိပ် လုံခြုံရေးဌာနမှ စတိပ်ရှက်ဝစ်တို့ပင် ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်များကမူ စတိုးဆိုင်များနှင့် အခြား လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နေသူများ ဖြစ်သည်။

ဒေးဗစ်က ထိုအချက်အလက်များကို ပရင်တာမှတစ်ဆင့် ကူးယူလိုက်ပြီးနောက် ပြန်ထွက်လာခဲ့တော့သည်။

❖ ❖ ❖

ဆေးမှတ်တမ်းဌာနသို့ သူ ဝင်ရောက်ခဲ့သည်ကို မည်သူမျှ မသိဟု ဒေးဗစ်က ထင်နေသော်လည်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက် ပညာရှင် ဟော်တင့်မာရှယ်ကမူ ကွန်ပျူတာ လုံခြုံရေးအတွက် ဆေးရုံကွန်ပျူတာထဲတွင် သူ ထည့်သွင်းထားသော ပရိုဂရမ်က အသိပေးသဖြင့် သူ သိနေခဲ့သည်။

သူ သိလိုက်သည်နှင့် တစ်ပြိုင်နက် သူက ဒေးဗစ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ဒေးဗစ်သည် ထိုဌာနမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် သူက ဟာယ်လင်ဘီတန်ထံ လှမ်းအသိပေးလိုက်သည်။

ဟာယ်လင်ဘီတန်က ပြန်မေးမြန်းသောအခါ ဆေးရုံမှ လူနာသေနှုန်းများကို ရှာဖွေကြည့်ရှုသွားကြောင်း၊ အခြား မည်သည့် အချက်အလက်များအား ရှာဖွေသွားသည်ကို မသိရကြောင်း ပြန်ဖြေလိုက်၏။

ဟာယ်လင်ဘီတန်က ယခုလို မေးမြန်းရသည်မှာ ဒေါက်တာဝီလ်ဆင်ကို ယမန်နေ့ကပင် အလုပ်ထုတ်ထားသောကြောင့် ဖြစ်ကြောင်း၊ ဒေါက်တာဝီလ်ဆင် နောက်တစ်ခါ ပြန်လာပါက သူ့ကို အသိပေးပါဟု မှာလိုက်လေ၏။

❖ ❖ ❖

စားသောက်ဆိုင်ထဲမှ ထွက်လာသော ကော်လ်ဟွန်းက မင်းလမ်းမကြီးပေါ်၌ တွေ့ရသော ရဲကားဟော့ဘ်ဆန်ကို သွားရောက် မိတ်ဆက်လိုက်သည်။ ကော်လ်ဟွန်းက သူသည် ဆေးမင်ကြောင် ထိုးလိုသောကြောင့် ဆေးမင်ကြောင် ထိုးထားသူများ၏ အတွေ့အကြုံများကို လိုက်လံမေးမြန်းနေခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ကားဟော့ဘ်ဆန်က သူ ကျောင်းသားကြီးဘဝက သူ၊ စတိပ်ရှက်ဝစ်၊ ကလိုက်ဒီဗွန်ရှိုင်းယားနှင့် မောအဘာရမ်တို့သည် မူးမူးရူးရူးနှင့် ဆေးမင်ကြောင် ဝင်ထိုးခဲ့ကြကြောင်း၊ အချို့က လက်မောင်းကြွက်သားပေါ်တွင်၊ အချို့က လက်ဖျံပေါ်တွင် ထိုးခဲ့ကြကြောင်း၊ ခွင်းချက်အနေနှင့် ကလိုက်ဒီဗွန်ရှိုင်းယားကမူ ရင်ဘတ်ပေါ်တွင် ထိုးခဲ့ကြောင်း၊ သူကမူ လက်မောင်းပေါ်တွင် ထိုးခဲ့ကြောင်း အင်္ကျီလက်ကို ပင့်၍ ပြသလိုက်လေ၏။

❖ ❖ ❖

ဒေးဗစ် ဆေးရုံမှ အိမ်ပြန်ရောက်လာသောအခါ နစ်ကီသည် မအီမသာဖြစ်စ ပြုနေလေပြီ။ ပထမတွင် ဗိုက်ထဲက ရစ်၍ နာသည်ဟု ပြောသည်။ နောက်ပိုင်းတွင် ပျို့ချင် အန်ချင်သလိုလို ဖြစ်လာပြီး ပါးစပ်ထဲမှ တံတွေးအထွက်များလာသည်။ ညတုန်းက ဒေးဗစ် ခံစားခဲ့ရပုံနှင့် တူနေသည်။ ထိုနည်းတူစွာပင် သူနာပြုဆရာမ ခြောက်ဦး ခံစားခဲ့ရပုံနှင့်လည်း တူနေပြန်၏။ ပို၍ ကြောက်စရာ ကောင်းနေသည်မှာ သေသွားသော သူ့လူနာခြောက်ယောက် ခံစားရပုံနှင့် တူနေခြင်းပင် ဖြစ်သည်။

ညနေ ခြောက်နာရီတွင်မူ လေးငါးခြောက်ကြိမ် ဝမ်းသွားထားသော နစ်ကီသည် အိပ်ချင်မူးတူး ဖြစ်လာသဖြင့် နစ်ကီကို အချိန်မီ ဆေးရုံမှ ပြန်ခေါ်နိုင်ခဲ့ရဲ့လား၊ သူ့လူနာများကို သတ်သွားသော ပုဂ္ဂိုလ်က လက်ဦးသွားလေပြီလားဟု ဒေးဗစ်က စိုးရိမ်စ ပြုလာသည်။

သို့ရာတွင် ဒေးဗစ်သည် သူ့စိုးရိမ်ပူပန်မှုကို အင်ဂျယ်လာအား ဖွင့်မပြောခဲ့ချေ။

ည (၇)နာရီတွင် ကော်လ်ဟွန်း ရောက်လာသည်။ သူက စာရွက်တစ်ရွက်နှင့် စက္ကူအိတ်တစ်အိတ်ကို ကိုင်လာသည်။ ကော်လ်ဟွန်း[illegible]

"ဆေးမင်ကြောင်ထိုးထားတဲ့ လူကိုးယောက်စာရင်း ရလာ[illegible]ဗျ့"

ဟု ဆိုသည်။ ဒေးဗစ်ကလည်း-

"ကျုပ်က လူနှစ်ယောက် ရထားတယ်"

ဟု ပြောလိုက်၏။

"ကဲ ဒါဖြင့် စာရင်းညှိကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်နှစ်ဦး၏ စာရင်းကို ပေါင်းလိုက်သောအခါ တူနေသူများကို ဖယ်လိုက်သဖြင့် လူ (၂၅) ဦး၏ အသားတင် စာရင်းကို ရတော့သည်။

အင်ဂျယ်လာက ညစာ အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း သတင်းလာပို့သည်။ ကော်လ်ဟွန်းက ချိယန်တီဝိုင်နှစ်ပုလင်း ဝယ်လာသည်။

ထမင်းစားနေကြစဉ် ကော်လ်ဟွန်းက နစ်ကီ ဘယ်မှာလဲဟု မေးသည်။ အင်ဂျယ်လာက-

နစ်ကီ ထမင်းမဆာကြောင်း၊ သူ့ ဗိုက်လည်း အနည်းငယ် မကောင်းကြောင်း၊ ထိုအနေအထားကို မျှော်လင့်ထားပြီး ဖြစ်ကြောင်း၊ အဓိကအချက်မှာ ကိုယ်မပူခြင်း၊ အဆုတ်တွင် ရှင်းလင်းနေခြင်းတို့ပင် ဖြစ်ကြောင်း ရှင်းပြသည်။

ဒေးဗစ်က မျက်စချီလိုက်မိသော်လည်း ဘာမှ ဝင်မပြောချေ။ အင်ဂျယ်လာက မေးလိုက်၏။

"အခု ကျွန်မတို့ဆီမှာ ဆေးမင်ကြောင်ထိုးထားတဲ့လူတွေ စာရင်း ရပြီဆိုတော့ ဘာဆက်လုပ်ကြမလဲ"

ကော်လ်ဟွန်းက ဖြေလိုက်သည်။

"ကျုပ်တို့က နည်းလမ်းနှစ်သွယ်နဲ့ ဆက်လက် ဆောင်ရွက်ကြမယ်။ ပထမအနေနဲ့ လူတိုင်းလူတိုင်းရဲ့ နောက်ကြောင်း ရာဇဝင်ကို ကွန်ပျူတာ သုံးပြီး စစ်ဆေးကြမယ်။ အဲဒီအပိုင်းက လွယ်ပါတယ်"

ဒုတိယအနေနဲ့ ကျုပ်က လူတိုင်းကို အင်တာဗျူးလိုက်လုပ်မယ်။ လူတိုင်းနဲ့ ပတ်သက်ပြီး ကျုပ်တို့ သိချင်တာလေးတွေ ရှိနေတယ်။ ဥပမာ ဆေးမင်ကြောင် ဘယ်နေရာမှာ ထိုးထားသလဲ၊ သူက အဲဒီ ဆေးမင်ကြောင်ရှိတဲ့ နေရာကို ပြသချင်စိတ်ရော ရှိရဲ့လား စသည်ဖြင့်ပေါ့လေ"

အင်ဂျယ်လာက မေးလိုက်၏။

"ဆေးမင်ကြောင်က အဖြစ်နိုင်ဆုံး ဘယ်နေရာမှာ ရှိမယ် ထင်သလဲ၊ လက်ဖျံမှာလား"

"လက်ဖျံမှာ ဖြစ်နိုင်တယ်၊ လက်ကောက်ဝတ်မှာလည်း ဖြစ်နိုင်တယ်။ လက်ဖမိုးမှာလည်း ဖြစ်နိုင်တယ်"

"ကျွန်မတို့က နောက်ကြောင်း ရာဇဝင်ကို ကွန်ပျူတာနဲ့ ဘယ်လို ရှာရမလဲ"

ကော်လ်ဟွန်းက ဖြေလိုက်သည်။

"ကျုပ်တို့အတွက် မွေးနေ့သက္ကရာဇ်နဲ့ လူမှုဖူလုံရေး နံပါတ်ပဲ သိဖို့ လိုတယ်။ အဲဒါတွေကိုတော့ ဆေးရုံကတစ်ဆင့် ရနိုင်မယ်ထင်တယ်"

ကော်လ်ဟွန်းက လှမ်းကြည့်သဖြင့် ဒေးဗစ်က ခေါင်းညိတ်ပြလိုက်သည်။ ကော်လ်ဟွန်းက ဆက်ပြောလိုက်ပြန်၏။

"ကျုပ်တို့က အဲဒီ အချက်အလက်တွေ ရပြီဆိုတာနဲ့ ကျန်တာက လွယ်သွားပါပြီ။ အချက်အလက် ဘဏ်တွေဆီက ရနိုင်တာတွေကတော့





မယုံနိုင်လောက်အောင်ကို များတယ်။ အဲဒီလို လုပ်ငန်းမျိုးတွေအတွက် ကုမ္ပဏီတွေလည်း အများကြီး ဖွင့်ထားကြတယ်။ ငွေကြေး နည်းနည်းသုံးစွဲလိုက်ရုံနဲ့ စုံစမ်းလို့ ရနိုင်တဲ့ အချက်အလက်တွေက များမှများပဲ"

အင်ဂျယ်လာက မေးလိုက်၏။

"အဲဒီ ကုမ္ပဏီတွေက အချက်အလက်ဘဏ်တွေဆီက အချက်အလက်တွေကို မရရအောင် ယူနိုင်ကြတယ်ပေါ့၊ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ လူအများစုက သိပ်မသိကြသေးပေမယ့် ကွန်ပျူတာတစ်လုံးနဲ့ (modem) ဆက်သွယ်ရေး ကြားခံကိရိယာတစ်ခု ရှိသူတိုင်းဟာ လူတိုင်းရဲ့ အချက်အလက်တွေကို စုံစမ်းမယ်ဆိုရင် အံ့အားသင့်စရာကောင်းလောက်အောင် ရရှိနိုင်တယ်"

အင်ဂျယ်လာက မေးလိုက်၏။

"ဘယ်လို အချက်အလက်မျိုးတွေကို လူတွေက လိုက်ရှာတတ်ကြသလဲ"

"အမျိုးစုံပဲပေါ့၊ ငွေရေးကြေးရေး၊ နောက်ကြောင်းရာဇဝင်၊ ပြစ်ချက်ပေါင်း ရှိမရှိ၊ အလုပ်အကိုင် နောက်ကြောင်းရာဇဝင်၊ စားသုံးသူတွေရဲ့ ဝယ်ယူမှုရာဇဝင်၊ တယ်လီဖုန်း အသုံးပြုမှု၊ စာတိုက်ကတစ်ဆင့် ဝယ်ယူတဲ့ ပစ္စည်းတွေ စသည်ဖြင့် အမျိုးစုံပဲပေါ့လေ"

"ပြည်နယ်ရဲဘဝတုန်းက ရှင် အဲဒါတွေကို ဆောင်ရွက်ခဲ့ဖူးပါသလား"

"ကျုပ်တို့အနေနဲ့ သံသယဝင်သူတွေကို တွေ့လာတဲ့အခါတိုင်း နောက်ကြောင်းရာဇဝင်ကို ကွန်ပျူတာနဲ့ စိစစ်လေ့ရှိတယ်။ အမြဲတမ်းလိုလိုပဲ လိုချင်တဲ့ အချက်တွေကို ရှာတွေ့တတ်ပါတယ်။ အခုကိစ္စမှာတော့ အချက်အလက်ဘဏ်တွေဆီက ကိုယ်လိုချင်တာကို ရအောင်ယူပေးနိုင်မယ့် ကွန်ပျူတာ ပညာရှင်တစ်ယောက်တော့ လိုအပ်လိမ့်မယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မကတော့ မက်ဆက်ချူးဆက် စက်မှုတက္ကသိုလ် (အမ်အိုင်တီ)မှာ သိပ်တော်တဲ့ ကျွမ်းတော်တဲ့ အမျိုးသားမိတ်ဆွေ တစ်ယောက် ရှိတယ်။ သူက ကွန်ပျူတာမှာတော့ တကယ့် ပါရမီရှင် တစ်ယောက်ပဲ"

"သူက ဘယ်သူလဲ"

ထိုကိစ္စကို တစ်ခါမျှ မကြားဘူးသော ဒေးဗစ်က ဝင်မေးလိုက်၏။

"သူ့နာမည်က ရောဘတ်စကာလီပါ"

အင်ဂျယ်လာက ဒေးဗစ်ကို ပြန်ဖြေပြီးနောက် ကော်လ်ဟွန်းကို မေးလိုက်၏။

"သူက ကျွန်မတို့ကို ကူညီနိုင်လိမ့်မယ်လို့ ထင်ပါသလား"

ဒေးဗစ်ကလည်း တစ်မှောင့်ပင် ဖြစ်သည်။ သူက ထိုပုဂ္ဂိုလ်၏ နာမည်ကို အဘယ်ကြောင့် အရင်က သူ မကြားဘူးခဲ့ရတာလဲဟု မေးပြန်



www.burmeseclassic.com

www.burmeseclassic.com

လည်း။ နောက်ဆုံးတွင် အင်ဂျယ်လာက-

"တော်ပါတော့ ဒေးဗစ်ရယ်၊ ရှင့်ဟာက လူရယ်စရာကြီး ဖြစ်နေပြီ"

ဟု ပြောယူရတော့သည်။ ဤတွင် ကော်လ်ဟွန်းက ဝင်ပြောလိုက်၏။

"ပစ္စုပ္ပာ စကာလီနဲ့ ဆိုရင်လည်း ဖြစ်မှာပါပဲ၊ တကယ်လို့ သူနဲ့ ပဖြစ်ခဲ့ရင် ငွေကြေးအသင့်အတင့်နဲ့ ဆောင်ရွက်ပေးမယ့် ကုမ္ပဏီတွေကို ကျုပ် သိပါတယ်"

အင်ဂျယ်လာက ပြောလိုက်သည်။

"ဥအနေအထားမှာတော့ ငွေရေးကြေးရေး ပေးရမယ့် ကိစ္စတွေကို ရှောင်ရလိမ့်မယ်"

အင်ဂျယ်လာက ပြောပြောဆိုဆိုနှင့် စားပွဲကို စတင်၍ ရှင်းလင်းတော့သည်။ ကော်လ်ဟွန်းက မေးလိုက်၏။

"ဆေးမင်ကြောင် ဘယ်နေရာမှာ ရှိတယ်ဆိုတာကို ဆေးရုံမှတ်တမ်းတွေထဲက မသိနိုင်ဘူးလား"

"သိနိုင်ပါတယ်"

"ဒါဆိုရင် ဦးစားပေးစုံစမ်းရမယ့် စာရင်းကို ပြုစုနိုင်ပြီပေါ့။ ကျုပ်ကတော့ လက်ဖျံနဲ့ လက်ကောက်ဝတ်တွေမှာ ဆေးမင်ကြောင် ရှိနေတဲ့လူတွေကို ဦးစားပေးပြီး မေးချင်တယ်"

ဒေးဗစ်က နစ်ကီကို သွားကြည့်လိုက်သည်။ ထို့နောက် ပြန်လာပြီး နောက်တစ်နေ့အတွက် လုပ်ငန်းစဉ်ကို ဆွေးနွေးကြလေ၏။ ကော်လ်ဟွန်းက ပြောလိုက်သည်။

"ကျုပ်ကတော့ ဆေးမင်ကြောင်ထိုးထားတဲ့ ဆေးရုံလုပ်သားတွေကို စပြီးမေးမယ်၊ မြန်းမယ်။ ပြီးတော့လည်း ကျုပ်အနေနဲ့ ရှေ့ပိုင်းက မြင်မြင်ထင်ထင် ဦးဆောင်ပြီးလုပ်တဲ့ ပုံစံမျိုးကို ဆက်လုပ်ရမယ်"

ဒေးဗစ်က ပြောပြန်သည်။

"ကျုပ်ကတော့ ဆေးမှတ်တမ်းဌာနကို ပြန်သွားပြီး လူမှုဖူလုံရေးနံပါတ်တွေနဲ့ မွေးနေ့သက္ကရာဇ်တွေ၊ ဆေးမင်ကြောင်ရှိတဲ့ နေရာတွေကို စာရင်းယူလာပေးမယ်"

အင်ဂျယ်လာက-

"ကျွန်မကတော့ နစ်ကီနှင့်အတူ နေမယ်။ ဒေးဗစ်က လူမှုဖူလုံရေးနံပါတ်တွေနဲ့ မွေးနေ့သက္ကရာဇ်တွေ ယူလာပေးရင် ကင်းဘရစ်ချ်ကို ကိုယ်တိုင် သွားပို့ပေးမယ်"

"ဖက်စ်နဲ့ ပို့ရင်ကော မရဘူးလားကွာ"

ဒေးဗစ်က မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်မတို့က သူ့ဆီက အကူအညီတောင်းမှာရှင့်၊ ဖက်စ်နဲ့ ပို့တာမျိုးကိုတော့ ကျွန်မ မလုပ်နိုင်ဘူး"





ဒေးဗစ်က ပခုံးတွန့်သည်။ ကော်လ်ဟွန်းက ပြောလိုက်၏။

"ဟို ဓာတ်မှန်ကုထုံး ပညာရှင် ဒေါက်တာ ဟိုစတာနဲ့လည်း တွေ့ပြီး မေးမြန်းသင့်တယ်။ ခင်ဗျားတို့ ဆရာဝန် အချင်းချင်း မေးတာက ပိုကောင်းလိမ့်မယ်"

"အင်း ဟုတ်တာပေါ့၊ ကျုပ် သူ့ကို မေ့နေတယ်။ ဆေးမှတ်တမ်းဌာနက ကိစ္စဝိစ္စပြီးရင် ကျုပ် သွားတွေ့လိုက်မယ်လေ"

ကော်လ်ဟွန်း ထိုင်ရာမှထသည်။ သူက စူထွက်နေသော ဝမ်းဗိုက်ကို ပုတ်ပြရင်း-

"အလွန် ကြာမြင့်သော ကာလတစ်ခုအတွင်းမှာ အကောင်းဆုံး စားခဲ့ရတဲ့ ညစာအတွက် ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်၏။

အင်ဂျယ်လာက-

"ကျွန်မတို့ ဘယ်တော့ ပြန်တွေ့ကြမလဲ"

ဟု မေးသည်။ ကော်လ်ဟွန်းက ဖြေလိုက်၏။

"ပြောစရာ အချက်အလက် တစ်ခုခု ရပြီဆိုတာနဲ့ ပြန်ဆုံကြတာပေါ့။ ကဲ ခင်ဗျားတို့ နှစ်ယောက်စလုံး အိပ်လိုက်ကြဦး။ ခင်ဗျားတို့ အိပ်ပျော်ဖို့ လိုအပ်နေတယ်ဆိုတာ ကျုပ် အတပ်ပြောနိုင်ပါတယ်ဗျာ"

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

**အောက်တိုဘာလ ၃၀ ရက်၊ စနေနေ့**

နစ်ကီသည် တစ်ညလုံး ဗိုက်ထဲက ရစ်ရစ်နာနေပြီး ဝမ်းပျက်နေခဲ့သော်လည်း နံနက်ခင်းတွင် ပြန်သက်သာလာသည်။ နစ်ကီ သက်သာလာသည့်အတွက် ဒေးဗစ် စိတ်သက်သာရာ ရသွားသည်။

အင်ဂျယ်လာ အိပ်ရာက နိုးလာသောအခါ သူ အလုပ်ပြုတ်ခဲ့ရမှုကြောင့် စိတ်ဓာတ်ကျနေသည်။ စိတ်ဓာတ်တက်ကြွနေသော ဒေးဗစ်က သူသည် နစ်ကီအတွက် အလွန် စိတ်ပူမိခဲ့ရကြောင်း ဖွင့်ဟ ဝန်ခံလိုက်သည်။ သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ထားချိန်တွင် ဒေါက်တာ ပီလ်စနာထံမှ တယ်လီဖုန်းက ဝင်နှောင့်ယှက်တော့သည်။

ဒေါက်တာ ပီလ်စနာက နစ်ကီ့ အခြေအနေကို မေးမြန်းသည်။ ပဋိဇီဝဆေးကို အကြောဆေးထဲသို့ ထပ်ထည့်ပေးရန်နှင့် အသက်ရှူကုထုံးကို ဆက်လုပ်ပေးရန် မှာကြားသည်။

အင်ဂျယ်လာက-

"ဆရာ မှာသည့်အတိုင်း ဆောင်ရွက်ပေးပါ့မည်"

ဟု ဖြေသည်။ ဒေးဗစ်ကလည်း အဖြစ်မှန်ကို မကြာမီ ရှင်းပြပါမည်။ ခုလောလောဆယ်မှာတော့ တောင်းပန်တာကိုပဲ လက်ခံစေချင်သည်ဟု ပြောလိုက်၏။ ဒေါက်တာပီလ်စနာ ကျွဲမြီးတိုနေပုံရသည်။

"ခုလောလောဆယ်မှာတော့ ကျုပ်ကို အသိပေးနေကြပေါ့ဗျာ"

ဟု ခပ်ဆတ်ဆတ် ဆိုသည်။ နစ်ကီအား အသက်ရှူကုထုံးကို ပြုလုပ်ပေးပြီးသောအခါ နစ်ကီက တနင်္လာနေ့တွင် သူ ကျောင်းသွားချင်သည်ဟု တောင်းဆိုလာတော့သည်။

"သမီးက စာတွေ သိပ်နောက်ကျကုန်မှာ စိုးရိမ်တယ်။ ကယ်ရိုလင်းက သမီးစာအုပ်တွေကို ယူလာပေးမှာလား"

ဟု မေးသည်။ ဤတွင် အင်ဂျယ်လာက နစ်ကီအား ကယ်ရိုလင်း သေဆုံးသွားပြီဖြစ်ကြောင်း ဖွင့်ပြောရတော့သည်။





နစ်ကီသည် အစပိုင်းတွင် မည်သို့မျှ မခံစားရသလို ဟန်ဆောင်နေသော်လည်း မကြာမီ ငိုချလိုက်သဖြင့် ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ချော့ကြရသည်။ နစ်ကီက မေးလိုက်၏။

"သမီးရော သေရမှာလားဟင်"

အင်ဂျယ်လာက ဖြေလိုက်သည်။

"ဘယ်ကလာ သမီးက နေကောင်းနေတာပဲ၊ ကယ်ရိုလင်းက အရမ်းကိုယ်ပူနေတာ၊ သမီးကျတော့ လုံးဝ မဖျားဘူးလေ"

နစ်ကီ၏ ကြောက်စိတ်ကို ဖြေဖျောက်ပေးနိုင်စွမ်း ရှိပြီးနောက် ဒေးဗစ်က ဆေးရုံသို့ ဘိုင်စကယ်နှင့် ထွက်လာခဲ့သည်။ ဆေးရုံသို့ ရောက်သည်နှင့် ဆေးမှတ်တမ်းဌာနသို့ တန်းသွားပြီး ကွန်ပျူတာရှေ့၌ ထိုင်လိုက်တော့သည်။ သူက ဆေးမင်ကြောင် ထိုးထားသူများ၏ မှတ်တမ်းမှ လူမှုဖူလုံရေး နံပါတ်များကို ကွန်ပျူတာနှင့် လိုက်ရှာလိုက်သည်။

သူက သိပ်မရှာရသေးမီ တစ်ယောက်က သူ့ပခုံးကို ပုတ်လိုက်သဖြင့် ပြန်လှည့်ကြည့်လိုက်၏။ ဟယ်လင်ဘီတန်နှင့် သူ့နောက်တွင် လုံခြုံရေးဌာနမှ ဂျိုးဖော့ဘ်တို့ကို တွေ့လိုက်ရတော့သည်။ ဟယ်လင်ဘီတန်က မေးလိုက်၏။

"ရှင် ဘာလုပ်နေတာလဲ"

"ကျုပ် . . . ကျုပ်က ကွန်ပျူတာကို အသုံးပြုနေတာပါ"

ဒေးဗစ်က အ,ထစ်အ,ထစ်နှင့် ပြန်ဖြေလိုက်သည်။

"ရှင့်ကို စီအမ်ဗွီက မခန့်တော့ဘူးလို့ ကျွန်မ သိထားတယ်"

"မှန်ပါတယ် . . . ဒါပေမယ့် . . ."

"ရှင့်ကို ခွင့်ပြုထားတဲ့ အခွင့်အရေးတွေဟာ ရှင့်ကို စီအမ်ဗွီက ခန့်ထားမှုနဲ့ ဆက်စပ်နေတယ်။ ရှင့်ကို အခွင့်အရေး ပေးအပ်ရေး ကော်မတီက ခွင့်မပြုမချင်း ရှင် ကွန်ပျူတာ အသုံးပြုခွင့် မရှိဘူး။ ကဲ ရှင်က ဒေါက်တာ ဝီလ်ဆင်ကို ဆေးရုံအပြင်ဘက် လိုက်ပို့ပေးလိုက်ပါ"

ဟယ်လင်ဘီတန်က ဂျိုးဖော့ဘ်ကို တစ်ဆက်တည်း လှမ်းပြောလိုက်၏။ ဂျိုးဖော့ဘ်ကလည်း ဒေးဗစ်ကို ဆေးရုံတံခါးပေါက်အထိ လိုက်ပို့ပေးလိုက်သည်။

ဒေးဗစ်သည် ဆေးရုံမှ မောင်းထုတ်သည်ကို ခံခဲ့ရသည့်တိုင်အောင် စိတ်ဓာတ်မကျဘဲ ဓာတ်မှန်ဌာနသို့ ဆက်သွားလိုက်၏။ ဒေးဗစ်သည် ဒေါက်တာဟိုလ်စတာနှင့် တွေ့ခွင့်ရအောင် နာရီဝက်တိတိ စောင့်ခဲ့ရသည်။

ဒေါက်တာဟိုလ်စတာသည် ဒေးဗစ်ထက် အသက်ဆယ်နှစ်ကြီးသော်လည်း ထို့ထက်မက အသက် ပိုကြီးပုံရသည်။ သူ့ဆံပင်များသည် တစ်ခေါင်းလုံးနီးပါး ဖြူနေသည်။

"ကျုပ်က ဘာလုပ်ပေးနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com


ဟု ဒေါက်တာဟိုလ်စတာက မေးသောကြောင့် ဒေါက်တာဟော့ချ် အကြောင်း ပေးပြန်းလိုကြောင်း ဒေးဗစ်က ဖြေလိုက်၏။

ဤတွင် ဒေါက်တာဟိုလ်စတာက ယခုပြောသော စကားများကို လျှို့ဝှက်အဆင့်မှာ ထားပေးဖို့ မေတ္တာရပ်ခံလိုက်၏။ ဒေးဗစ်ကလည်း သဘောတူလိုက်သည်။ ဒေးဗစ်က မေးလိုက်၏။

"ဒေါက်တာဟော့ချ် ပျောက်သွားတဲ့နေ့က ကလပ်ခ်ဒေဗင်ပို့ အကြောင်း သိချင်လို့ ခင်ဗျားဆီကို ဒေါက်တာဟော့ချ် လာသွားတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ်တို့ နေ့လယ်စာ စားရင်း အဲဒီ လူနာအကြောင်း အကြာကြီး ဆွေးနွေးခဲ့ကြပါတယ်။ ကံဆိုးချင်တော့ အဲဒီလူနာ သေဆုံးသွားခဲ့တယ်။ သူ မသေခင် လေးငါးလတုန်းက သူ့ပရိုစတိတ်ကင်ဆာကို ကျုပ်တို့က အောင်အောင်မြင်မြင် ကုသပေးနိုင်ခဲ့ကြတယ်လို့ ထင်ခဲ့ကြတာ။ သူ သေသွားတယ်ဆိုတော့ ကျုပ်တို့ နှစ်ယောက်စလုံး စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်"

"သူ ဘာရောဂါနဲ့ သေသွားခဲ့တယ်လို့ ဒေါက်တာဟော့ချ်က ပြောပါသလဲ"

"ကျုပ် မမှတ်မိတော့ဘူး"

"မစ္စတာ ဒေဗင်ပို့က ဝက်ရူးပြန်သလို ဆက်တိုက် တက်ချက်နေပြီးမှ မန်းလိုက်ပြီး သေခဲ့ရတာပါ"

"သူ သေရတာဟာ ကင်ဆာနဲ့တော့ မဆိုင်ဘူးလို့ ထင်ပါတယ်။ ဒီတော့ မစ္စတာ ဒေဗင်ပို့ ဆေးရုံပေါ်မှာ ရှိနေတုန်းက ထူးဆန်းတယ်၊ ဒါမှမဟုတ် မျှော်လင့်မထားတဲ့ ကိစ္စတစ်ခုခု ဖြစ်ခဲ့တယ်လို့ ဒေါက်တာဟော့ချ်က ပြောဖူးပါသလား"

"ဒေဗင်ပို့ သေရတာ ထူးဆန်းတယ်လို့ပဲ ပြောပါတယ်"

"နေ့လယ်စာ စားနေကြတုန်း တခြား ဘာဖြစ်ပါသေးသလဲ"

ဒေါက်တာ ဟိုလ်စတာက ဖြေလိုက်၏။

"ကျုပ် မမှတ်မိတော့ဘူး။ ဒါပေမယ့် သူ့ကိုတော့ ကျုပ်တို့ရဲ့ အလျားလိုက် အရှိန်တိုးစက်ကြီးကို လိုက်ပြလိုက်သေးတယ်။ သူ သိပ်သဘောကျသွားတယ်။ ကဲ လာ ခင်ဗျားကိုလည်း ကျုပ် လိုက်ပြမယ်"

ဒေးဗစ်က ပြန်မဖြေနိုင်သေးခင် ဒေါက်တာ ဟိုလ်စတာက ထိုင်ရာမှ ထပြီး ထွက်သွားသောကြောင့် သူ့နောက်က လိုက်သွားရတော့သည်။ ဒေးဗစ်သည် ဓာတ်ရောင်ခြည်သုံးသော စက်ကို မကြည့်လိုလှသော်လည်း ရှိုင်းရာကျမည်စိုး၍ လိုက်ခဲ့ရလေ၏။

"ဟောဒီမှာဗျို့"

ဒေါက်တာဟိုလ်စတာက စက်သစ်ကြီးကို ပြလိုက်၏။ ဒေးဗစ်၏ မျက်စိထဲတွင် ထိုစက်ကြီးသည် စားပွဲနှင့် ဆက်ထားသော ဓာတ်မှန်ရိုက် စက် တစ်ခုအဖြစ်သာ မြင်နေရသည်။ ဒေးဗစ်က မေးလိုက်၏။

"အရင် ဓာတ်မှန်ရိုက်စက်က ဘယ်ရောက်သွားလို့လဲ"

"အဲဒီ စက်အဟောင်းက ဘာမှ မဖြစ်ပါဘူး။ ကိုဘော့ (၆၀) ယူနစ်ဆိုတဲ့ ခေတ်မမီတော့တဲ့ စက်ကြီးပါ။ အဲဒီ ကိုဘော့ စက်တွေက အလျားလိုက် အရှိန်တိုးစက်လို ဓာတ်ရောင်ခြည်တွေနဲ့ ချိန်ရတာ သိပ်မတိကျဘူး။ ဓာတ်ရောင်ခြည်ရဲ့ အရင်းအမြစ်ဖြစ်တဲ့ ကိုဘော့က အရှည် လေးလက်မလောက် ရှိနေတာကိုး။ ဒီတော့ ဂမ်မာရောင်ခြည်တွေက အရပ်ဆယ်မျက်နှာစလုံးကို ပျံ့ထွက်လာတယ်။ အဲဒါတွေကို စုစည်းဖို့ သိပ်မလွယ်ကူလှဘူးလေ"

"ဒီလိုကိုး"

ဒေးဗစ်က ပြောလိုက်သော်လည်း သူ သိပ်နားမလည်ပါ။ ဒေါက်တာ ဟိုလ်စတာက ဆက်ပြောပြန်သည်။

"ဒီ အလျားလိုက် အရှိန်တိုးစက်ကတော့ အများကြီး ပိုကောင်းတယ်။ ဂမ်မာရောင်ခြည်တွေ ထွက်လာဖို့ အပေါက်က သေးသေးလေးရယ်။ ပြီးတော့လည်း ဓာတ်ရောင်ခြည်ကို စွမ်းအား ပိုကောင်းလာအောင် ပရိုဂရမ် လုပ်ယူလို့ ရတယ်။ နောက်တစ်ချက်ကလည်း ကိုဘော့ (၆၀)ရဲ့ သက်တမ်းဝက်က ခြောက်နှစ်ပဲ ရှိတယ်ဆိုတော့ ငါးနှစ်ကြာတိုင်း ကိုဘော့ကို လဲလဲပေးနေရတယ်လေ"

ဒေးဗစ်က မသမ်းဝေမိအောင် အထူးကြိုးစား၍ ထိန်းလိုက်ရသည်။ ဒေါက်တာ ဟိုလ်စတာက ဆက်လက်၍-

"ကိုဘော့ (၆၀) စက်ဟောင်းကြီးက ကျုပ်တို့ရဲ့ မြေတိုက်ခန်းထဲမှာ ရှိနေဆဲပါပဲ။ ဆေးရုံကတော့ အဲဒီစက်ကို ပါရာဂွေးဆိုလား၊ ဥရုဂွေးဆိုလား ကျုပ်တော့ မမှတ်မိတော့ဘူး။ အဲဒီနိုင်ငံကို ရောင်းချဖို့ လုပ်နေတယ်။ စက်ကတော့ ကောင်းမွန်နေဆဲပါပဲ။ တကယ်တမ်း ပြောရရင် အဲဒီစက်ဟောင်းက ဓာတ်ရောင်ခြည်ကို မိုးရွာရွာ၊ နေပူပူ နှစ်ဆယ့်လေးနာရီပတ်လုံး လွှတ်ပေးနေတဲ့အတွက် စက်ပျက်စီးတယ်ဆိုတာ မရှိခဲ့ပါဘူးလေ"

ဒေးဗစ်က ပြောလိုက်၏။

"ကျွန်တော်က ဆရာ့အချိန်တွေကို သိပ်ဖြုန်းပစ်နေသလို ဖြစ်နေပြီထင်တယ်"

"ကျုပ်က အခုလို လိုက်ပြခဲ့တုန်းကတော့ ဒေါက်တာဟော့ချ်က အရမ်း စိတ်ဝင်စားခဲ့တာဗျ။ စက်ဟောင်းက စက်သစ်ထက် အခုလို ပိုကောင်းတဲ့အကြောင်း ပြောပြလိုက်တဲ့အခါကျတော့ သူ့မျက်နှာ ဝင်းခနဲ ဖြစ်လာတယ်။ သူက စက်ဟောင်းကိုတောင် လိုက်ကြည့်ချင်တယ်လို့ ဖြစ်သွားသေးတယ်။ ကဲ ခင်ဗျားရော ကြည့်သွားချင်သေးသလား"

"ကျွန်တော်ကတော့ မကြည့်တော့ပါဘူးဗျာ"

နောက်ထပ် မိနစ်အနည်းငယ် ကြာသောအခါ ဒေးဗစ်သည် စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖိအိပ်ပြန်လာခဲ့သည်။ ယနေ့ နံနက်ပိုင်းသည် သူ ထင်သလောက် အကျိုးမဖြစ်ထွန်းခဲ့သော်လည်း လူမှုဖူလုံရေး နံပါတ်များနှင့် မွေးနေ့ သက္ကရာဇ်များကိုမူ ဆေးရုံကွန်ပျူတာမှ သူ ရရှိလာခဲ့သည်။

သူသည် စက်ဘီးကို နင်းလာရင်း ဒင်းနစ်ဟော့ချ်သည် သူ့ရင်ထဲမှ သံသယများကို ဒေါက်တာဟိုလ်စတာအား ဖွင့်ပြောပြခဲ့လျှင် ကောင်းလေမှုဟု တွေးလိုက်မိသည်။ ထို့အပြင် ကိုဘော့ (၆၀) စက်ဟောင်းအကြောင်း ဒေါက်တာဟော့ချ် ကြားလိုက်ရသည့်အခါ မျက်နှာ ဝင်းခနဲ ဖြစ်သွားသည် ဆိုသော ကိစ္စမှာလည်း ဒေါက်တာဟော့ချ်က အမှန်တကယ် စိတ်ဝင်စားခြင်းပင် ဖြစ်ခဲ့လေသလား၊ သို့တည်းမဟုတ် ဒေါက်တာဟိုလ်စတာအား သူက စိတ်ဝင်စားကြောင်း ဟန်လုပ်ပြလိုက်ခြင်းပင် ဖြစ်လေသလောဟု တွေးလိုက်မိ၏။

ဒေါက်တာဟော့ချ်သည် ဒေးဗစ်ကဲ့သို့ပင် စိတ်ဝင်စားဟန် တမင် လုပ်ပြခြင်း ဖြစ်နိုင်သည်ဟု ဒေးဗစ်က မှတ်ချက်ချလိုက်လေတော့သည်။

❖ ❖ ❖

အိပ်ရာထ နောက်ကျသော ကော်လ်ဟွန်းသည် ဘတ်တလက်သို့ နံနက် (၁၁)နာရီခန့်တွင်မှ ရောက်ရှိလာသည်။ ကော်လ်ဟွန်းက ဆေးမင်ကြောင်ထိုးထားသော ဆေးရုံလုပ်သားများကို အက္ခရာစဉ်အလိုက် လိုက်လံ တွေ့ဆုံမည်ဟု ဆုံးဖြတ်လိုက်သည်။ သူက ကလိုက်ဒ်ဗွန်ရှိုင်းယားနှင့် အရင်ဆုံး တွေ့မည်ဟု ဆုံးဖြတ်လိုက်၏။

ဗွန်ရှိုင်းယားသည် ကုန်စုံဆိုင်တစ်ဆိုင်၏ အပေါ်ထပ်တွင် နေထိုင်သူ ဖြစ်သည်။ သူ လှေကားမှ တက်သွားပြီး လူခေါ်ခေါင်းလောင်းကို တီးသောအခါ အထဲမှ ပြန်မထူးချေ။

သူက အောက်သို့ ပြန်ဆင်းလာသည်။ အောက်ဘက်က ဆိုင်တွင် ဆေးပြင်းလိပ် ဝင်ဝယ်ရင်း ကလိုက်ဒ်ဗွန်ရှိုင်းယားကို လိုက်ရှာနေကြောင်း အရောင်းစျေးသည်ကို ပြောပြလိုက်သည်။

"သူ အစောကြီး ထွက်သွားတယ်ဗျ၊ အလုပ်ကို သွားတာ ဖြစ်နိုင်တယ်။ သူက ဆေးရုံမှာ သူနာပြုလုပ်တယ်လေ။ သူက စနေ၊ တနင်္ဂနွေတွေမှာလည်း လုပ်တတ်တယ်"

"သူ ဘယ်အချိန်လောက် ပြန်ရောက်တတ်သလဲ"

"ညဆိုင်းအတွက် အလုပ်မဝင်ဘူးဆိုရင် သူက ညနေ သုံးနာရီလောက်မှာ ပြန်ရောက်တတ်ပါတယ်"

ကော်လ်ဟွန်းသည် ဆိုင်ထဲမှ ပြန်ထွက်လာပြီး လှေကားပေါ်သို့ တိတ်တဆိတ် ပြန်တက်သွားသည်။ သူက တံခါးကို ဖွင့်၍ အထဲသို့ဝင်ပြီး တံခါးရွက်ကို ပြန်ပိတ်ထားလိုက်သည်။

အိမ်ခန်းကို အပေါ်စားပစ္စည်းများနှင့် ဆင်ယင်ထားသော်လည်း သေသေသပ်သပ်ရှိသည်။ ညှေ့ခန်းထဲရှိ စားပွဲပေါ်တွင် မိမိကိုယ်ကို သတ်သေချင်သူများအား ကူညီနေသည့် အလွန် နာမည်ဆိုးသော ဒေါက်တာ ဂျက်ကီဗိုကီယန်အကြောင်း ပါရှိသည့် သတင်းစာ ဖြတ်ပိုင်းများကို အထပ်လိုက် တွေ့ရသည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများအား အကူအညီပေးမှုနှင့် စပ်လျဉ်း၍ ရေးသားထားသည့် ဆောင်းပါးများ၊ အယ်ဒီတာ့ အာဘော်ဖြတ်ပိုင်းများကိုလည်း တွေ့ရသည်။

ဆေးမင်ကြောင် ထိုးထားသူ လူအုပ်စုထဲတွင် ထူးထူးဆန်းဆန်း ကိစ္စရပ်များကို တွေ့ရလိမ့်မည်ဟု သူက ဒေးဗစ်နှင့် အင်ဂျယ်လာတို့အား ပြောပြခဲ့ဖူးသည်ကို သူ ပြန်သတိရမိသောကြောင့် ပြုံးလိုက်မိသည်။ ဤပုဂ္ဂိုလ်ကို ဒေးဗစ်ကလည်း တွေ့ဆုံ၍ စကားပြောချင်ပေလိမ့်မည်။

ကော်လ်ဟွန်းက အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်၏။ အိပ်ခန်းမှာလည်း သပ်သပ်ရပ်ရပ်ပင် ရှိနေသည်။ သူက ဗီရိုကို ဆွဲဖွင့်လိုက်သောအခါတွင်မူ သူ မျက်လုံးပြူးသွားသည်။ ကာမဂုဏ်စိတ် ဖောက်ပြန်နေသူများ အသုံးပြုလေ့ရှိသည့် ကြာပွတ်များ၊ သံကြိုးများ စသည်တို့ကို တွေ့ရတော့သည်။ ဗီရိုထဲရှိ စင်များပေါ်တွင်လည်း အထပ်လိုက်ရှိနေသော အညစ်အပေါက် မဂ္ဂဇင်းများနှင့် ဗီဒီယိုတိပ်ခွေများကို သူ တွေ့ရလေ၏။

ကော်လ်ဟွန်းက ညှေ့ခန်းထဲသို့ ပြန်ထွက်လာစဉ် အောက်ထပ်မှ တံခါး ပြန်ပိတ်သံနှင့် လှေကားပေါ်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရသည်။

အစပိုင်းတွင် ပိုင်နက် ကျူးလွန်မှုနှင့် လူမိခံရမည်ကို သူ စိုးရိမ်သွားမိသည်။ သူက ထွက်ပြေးရန်ပင် စိတ်ကူးလိုက်မိပြီးမှ မပြေးတော့ဘဲ ရင်ဆိုင်လိုက်သည်။ သူက အိမ်ရှေ့တံခါးကို အထဲသို့ ဆွဲဖွင့်လိုက်၏။ အပြင်မှ တံခါးကို တွန်းဖွင့်ရန် ကြံရွယ်နေသူအား အထိတ်တလန့် ဖြစ်သွားစေခဲ့သည်။ ကော်လ်ဟွန်းက ခပ်ဆတ်ဆတ် မေးလိုက်၏။

"ကလိုဒ်ဗွန်ရှိုင်းယားလား"

"ဟုတ်ပါတယ်၊ ဘာတွေဖြစ်နေတာလဲဗျ"

"ကျုပ်နာမည်က ဖီးလ်ကော်ဟွန်း"

သူက သူ့နာမည်နှင့် လိပ်စာကတ်ပြားကလေးကို လှမ်းပေးလိုက်သည်။

"ကျုပ်က ခင်ဗျားကို စောင့်နေတာဗျ။ ကဲ ဝင်ခဲ့လေဗျာ"

ကလိုဒ်က သူ ကိုင်လာသော အထုပ်ကို လက်ပြောင်း၍ ကိုင်လိုက်ပြီးနောက် လိပ်စာကတ်ပြားကို ယူလိုက်၏။

"ခင်ဗျားက စုံထောက်လား"

"ဟုတ်ပါတယ်၊ ကျုပ် ပြည်နယ်ရဲအဖွဲ့ကပါ။ အခုတော့ အနားယူပြီး စုံထောက်အလုပ်ကို လုပ်ကိုင်နေတယ်။ ကျုပ်က ခင်ဗျားကို မေးခွန်းလေးတွေ မေးချင်လို့ ခင်ဗျား အိမ်ပြန်လာတဲ့အထိ ထိုင်စောင့်နေခဲ့တာဗျ"

ကလိုက်ဒ်က ဝန်ခံလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

"ကြိုန်းအနဲတော့ ကျွပ် သိပ်ကြောက်သွားမိတယ်ဗျာ။ ကျွပ် အိမ်ခန်းထဲ လှလောက်နေတာမျိုးနဲ့ မကြုံဖူးခဲ့ဘူးဗျ"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွပ်က လေ့ကားပေါ်ကပဲ ထိုင်စောင့်သင့်တာပါ"

"ထဲပါကျတော့လည်း ဇိမ်မရှိဘူးပေါ့ဗျာ။ ကဲ ဘာ့များ သုံးဆောင်ချင်ပါသလဲ"

"ဘီယာရရင် ဖြစ်ပါတယ်"

ကလိုဒ် မီးဖိုချောင်ထဲသို့ ဝင်သွားစဉ် သူက စက္ကူအိတ်အညိုထဲမှ ပစ္စည်းများကို စပ်စုလိုက်၏။ ဗီရိုထဲမှ စင်ပေါ်၌ သူ တွေ့ခဲ့ရသော ဗီဒီယိုဖာခွေများကဲ့သို့ပင် အညိုအဟောက် အခွေများပင်တည်း။

မီးဖိုချောင်မှ ပြန်လာသော ကလိုက်ဒ်က ဘီယာတစ်ဖန်ခွက်ကို လှမ်းပေးရင်း-

"ကျွပ်ကို ဘာတွေ မေးချင်သလဲ"

ဟု ပြောလိုက်သည်။

"ခင်ဗျား ဒေါက်တာဟော့ချ်ကို သိသလား"

ကလိုဒ်က ရယ်လိုက်၏။

"ခင်ဗျားက ရှေးဟောင်းသမိုင်းကြောင်းထဲက ရှဲ့စရာကောင်းလှတဲ့ ဒီပုဂ္ဂိုလ်အတွက် ဘာကိစ္စနဲ့ လိုက်စုံစမ်းနေရတာလဲ"

"ခင်ဗျားက သူ့ကို သဘောမတွေ့ဘူးနဲ့တူတယ်"

"အဲဒီလူက အလွန် ဆိုးရွားတဲ့ လူပါဗျာ။ သူနာပြုဆိုတာ အညစ်ပတ်ဆုံး ကိစ္စတွေကို လုပ်ကိုင်ပေးရတဲ့ အနိမ့်ဆုံး လူတန်းစားဖြစ်တယ်။ ဆရာဝန် ခိုင်းသမျှ လုပ်ရမယ့်သူတွေ ဖြစ်တယ်လို့ ယူဆထားတယ်ဗျ"

"ဒေါက်တာဟော့ချ်ကို ဘယ်သူ သတ်သလဲဆိုတာ သိပါသလား"

"ကျွပ်တော့ မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျား ရှာတွေ့ရင် ပြောစမ်းပါဗျာ။ ကျွပ်က အဲဒီလူကို ဘီယာတိုက်ချင်လို့ပါ"

"ခင်ဗျားမှာ ဆေးမင်ကြောင် ရှိသလား"

"ဟင်း. . . ဟင်း တော်တော်များများကို ရှိပါတယ်"

"ဘယ်နားတွေမှာပါလိမ့်"

သူက အင်္ကျီကို ချွတ်ပြလိုက်၏။ သူ့လက်ကောက်ဝတ် နှစ်ဖက်စလုံးပေါ်တွင် သံကြိုးနှင့် ချည်နှောင်ထားဟန် ဆေးမင်ကြောင် ထိုးထားသည်။ ညာဘက် လက်မောင်းပေါ်တွင် နဂါးရုပ်တစ်ရုပ် ထိုးထားပြီး ယှက်ထားသော ဓားနှစ်လက်စီကို ရင်ဘတ်၏ အပေါ်ဘက် တစ်ဖက်တစ်ချက်စီတွင် ထိုးထားသည်။

ကော်လ်ဟွန်းက လက်ကောက်ဝတ်မှ ဆေးမင်ကြောင်ကို ကြည့်ပါရစေဟု ပြောသောအခါ ကလိုဒ်က မပြတော့ဘဲ အင်္ကျီကို ပြန်ဝတ်လိုက်လေ၏။ ကော်လ်ဟွန်းက မေးလိုက်၏။





"ခင်ဗျား နှင်းလျှောစီးလေ့ ရှိသလား"

"တစ်ခါတလေတော့ စီးပါတယ်"

"ခင်ဗျားမှာ နှင်းလျှောစီး နေကာမျက်မှန် ရှိသလား"

"နယူးအင်္ဂလန်ပြည်နယ်က နှင်းလျှောစီးသူတိုင်းမှာ နှင်းလျှောစီး နေကာမျက်မှန် ရှိကြတာပေါ့ဗျာ"

ကော်လ်ဟွန်းက မတ်တတ် ပြန်ရပ်လိုက်၏။

"ဘီယာအတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ကျွပ်မှာ သွားစရာလေး ရှိနေတယ်"

"သိပ်ဆိုးတာပေါ့ဗျာ။ ကျွပ်က စကားပြောရတာကို ခုမှ အရသာ တွေ့ခါစပဲ ရှိသေးတယ်"

ကော်လ်ဟွန်းက ခပ်မြန်မြန် ပြန်ထွက်လာခဲ့သည်။ ဒီလူသည် ထူးခြားသော ပုဂ္ဂိုလ်ပင် ဖြစ်သည်။ သို့ရာတွင် ဒေါက်တာဟော့ချ်ကို သတ်လိမ့်မည်ဟု သူ မထင်ပါ။ သို့တိုင်အောင် ကလိုက်ဒ်၏ လက်ကောက်ဝတ်နှစ်ဖက်မှ ဆေးမင်ကြောင်များကို စေ့စေ့စပ်စပ် သူ ကြည့်ခွင့်မရခဲ့သည့်အတွက် သူ့ကို စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ ပြီးတော့ ထိုပုဂ္ဂိုလ်က ဒေါက်တာ ဂျက်ကီဗိုကီယန်အပေါ် ဘာကြောင့် စိတ်ဝင်စားနေပါလိမ့်ဟု သူ တွေးမိပြန်၏။ ယခုအချိန်တွင် ကလိုက်ဒ်သည် သံသယ ဖြစ်ခံရသူ စာရင်းထဲမှာပင် ရှိနေပေလိမ့်မည်။ ကလိုက်ဒ်၏ နောက်ခံသမိုင်းကြောင်းကို ကွန်ပျူတာနှင့် စစ်ဆေးသောအခါ တွေ့ရမည့် အချက်များကို သူ သိချင်နေမိပြန်၏။

ကော်လ်ဟွန်းက သူ့စာရင်းကို ကြည့်လိုက်ပြန်သည်။ နောက်တစ်ယောက်မှာ ဂျိုးဖော့ဘ်ပင် ဖြစ်သည်။ သူက ကောလိပ်အနီးတွင် နေထိုင်သည်။

ဂျိုးဖော့ဘ်၏ နေအိမ်တံခါးကို ခေါက်လိုက်သောအခါ ဆံပင်ဖြူစပြုနေပြီဖြစ်သော ခပ်ပိန်ပိန်ပါးပါးနှင့် စိတ်လှုပ်ရှားနေသည့် အမျိုးသမီးတစ်ဦးက တံခါးရွက်ကို အနည်းငယ်သာ ဟပေးသည်။ ကော်လ်ဟွန်းက သူ့ကိုယ်သူ မိတ်ဆက်ပြီး သူ့လိပ်စာကတ်ပြားကို လှမ်းပေးလိုက်၏။

"မစ္စစ်ဖော့ဘ်လား"

ထိုအမျိုးသမီးက ခေါင်းညိတ်ပြသည်။

"ဂျိုး အိမ်မှာ ရှိသလား"

"မရှိဘူး၊ ရှင် နောက်တစ်ခေါက် ပြန်လာမှ ဖြစ်မယ်"

"ဘယ်အချိန်လဲ"

"ကျွန်မ မသိဘူး၊ သူ အိမ်ပြန်တာ အချိန်မမှန်ဘူးရှင့်"

"ခင်ဗျားက ဒေါက်တာဟော့ချ်ကို သိသလား"

"မသိဘူးရှင့်"

"မစ္စတာဖော့ဘ် ဘယ်နေရာမှာ ဆေးမင်ကြောင် ထိုးထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရှင် နောက်တစ်ခေါက် ပြန်လာမှ ဖြစ်မယ်"

"သူ နှင်းလျှောစီးပါသလား"

"ကျွန်မ ဝမ်းနည်းပါတယ်"

မစ္စစ်ဖော့ဘ်က တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီး သော့အထပ်ထပ်ခတ်လိုက်သံကို သူ ကြားလိုက်ရသည်။ ကော်လ်ဟွန်းသည် မော်တော်ကားထဲတွင် ပြန်ထိုင်ရင်း သက်ပြင်းချလိုက်၏။ သူ နှစ်ယောက်ကို စုံစမ်းခဲ့သော်လည်း တစ်ယောက်နှင့်သာ တွေ့ရသေးသည်။ သူက နောက်တစ်ယောက် နာမည်ကို ကြည့်လိုက်၏။ ထိုသူမှာ ကလောဒက်မောရစ်ပင်တည်း။

ကလောဒက်မောရစ်၏ နေအိမ်သို့ ရောက်သောအခါ နေအိမ်တွင် လူမရှိကြောင်း တွေ့ရသည်။ အနီးဆုံး အိမ်နီးချင်းတစ်ဦးကို မေးကြည့်သောအခါ ထိုအမျိုးသမီးသည် ဟာဝိုင်ယီကျွန်းသို့ အနားယူရန် ခရီးထွက်နေကြောင်း သိရတော့သည်။

ကော်လ်ဟွန်းက နောက်ထပ် သူ စုံစမ်းရမည့် နာမည်ကို ကြည့်လိုက်၏။ ဝါနာဗန်ဆလိုက်ပင်တည်း။

ကော်လ်ဟွန်းက သူသည် ဝါနာဗန်ဆလိုက်နှင့် တွေ့ခဲ့ဖူးသောကြောင့် မတွေ့တော့ရန် စဉ်းစားလိုက်၏။ သို့ရာတွင် ဘာပဲဖြစ်ဖြစ် သွားတွေ့ဦးမည်ဟု သူ ဆုံးဖြတ်လိုက်သည်။ သူ ဝါနာဗန်ဆလိုက်နှင့် ပထမသွားတွေ့ခဲ့စဉ်က ဆေးမင်ကြောင်အကြောင်း သူ မသိခဲ့သေးပါ။

ဝါနာဗန်ဆလိုက်သည် မြို့၏ အရှေ့တောင်ဘက်ခြမ်းတွင် နေထိုင်သူ ဖြစ်သည်။ သူသည် တိတ်ဆိတ်ငြိမ်သက်သော လမ်းသွယ်ကလေးတစ်ခုတွင် နေထိုင်သည်။ ထိုလမ်းသွယ်ကလေးမှ နေအိမ်များသည် လမ်းနှင့် ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်၍ ဆောက်ထားလေ့ ရှိကြသည်။ ကော်လ်ဟွန်းသည် ဗန်ဆလိုက်၏ အိမ်နှင့် မျက်နှာချင်းဆိုင် လမ်းပေါ်၌ ရပ်ထားသော ကားတန်း၏ နောက်ဘက်တွင် သူ့မော်တော်ကားကို ရပ်ထားလိုက်သည်။

ဗန်ဆလိုက်၏ နေအိမ်သည် အတော်ပင် ပျက်စီးနေပြီး ဆေးသုတ်ရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။ ထိုအိမ်သည် ပြုပြင်ထိန်းသိမ်းရေးနှင့် အင်ဂျယ်နီယာဌာန၏ အကြီးအကဲတစ်ဦး နေထိုင်သောအိမ်နှင့် မတူလှချေ။ ဖရိုဖရဲ ဖြစ်နေသော တာရုတ်ကတ်များက ကိုးရိုးကားရား ပုံစံများနှင့် တံခါးရွက်များမှ ပြုတ်ကျနေကြသည်။ ထိုအိမ်က ကော်လ်ဟွန်းကို အသည်းတယားယား ဖြစ်စေခဲ့သည်။

ကော်လ်ဟွန်းက ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိရင်း ထိုအိမ်ကို စောင့်ကြည့်နေလိုက်သည်။ အိမ်ထဲနှင့် အိမ်ပတ်ပတ်လည်တွင် လူရှိပုံမရပါ။ အဝင်လမ်းပေါ်တွင်လည်း မည်သည့် မော်တော်ကားမျှ ရပ်ထားခြင်း မရှိပါ။ အိမ်ထဲတွင် လူရှိလိမ့်မည်ဟု ကော်လ်ဟွန်း မထင်ပါ။





သူက အိမ်ကို လှည့်ပတ်ကြည့်ဦးမည်ဆိုသော စိတ်ကူးနှင့် ကားပေါ်မှ ဆင်းလာခဲ့၏။ အိမ်နားသို့ နီးလာလေလေ အခြေအနေ ဆိုးရွားနေပုံက ပို၍ ပေါ်လွင်လာလေလေ ဖြစ်သည်။

တံခါးရွက်ပေါ်မှ လူခေါ်ခေါင်းဆောင်း ခလုတ်ကလည်း ပျက်နေသည်။ ကော်လ်ဟွန်းက ခလုတ်ကို အကြိမ်ပေါင်းများစွာ နှိပ်သော်လည်း ဘာသံကိုမှ မကြားရပါ။ သူက တံခါးကို နှစ်ကြိမ်ခေါက်လိုက်၏။ တုံ့ပြန်သံကို မကြားရပါ။ ဤတွင် သူက အိမ်ကို ကွေ့ပတ်၍ လျှောက်လိုက်၏။

အိမ်နောက်ဘက် ခပ်လှမ်းလှမ်းတွင် ကားဂိုဒေါင်အဖြစ် ပြောင်းလဲထားသော စပါးကျီတစ်လုံး ရှိသည်။ ကော်လ်ဟွန်းက ထိုအဆောက်အအုံကို ဂရုမထားဘဲ အိမ်ကို ပတ်ချာလှည့်၍ ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ချောင်းကြည့်ရန် ကြိုးစားလိုက်သည်။ ပြတင်းပေါက်များက ညစ်ပတ်လွန်းလှသဖြင့် မလွယ်ကူလှပါ။ အိမ်နောက်ဘက်တွင် သံချေးတက်နေသော သော့ခလောက်များနှင့် သော့ခတ်ထားသည့် အံဖုံးတံခါးနှစ်ချပ်ကို တွေ့လိုက်ရသည်။ ထိုအံဖုံးတံခါးများသည် မြေတိုက်ခန်းသို့ ဆင်းသောလှေကားများကို ပိတ်ထားခြင်း ဖြစ်ပေလိမ့်မည်။

အိမ်ရှေ့ဘက်သို့ ပြန်ရောက်သောအခါ သူက တံခါးရွက်ကို စမ်းဖွင့်ကြည့်လိုက်၏။ တံခါးကို ကန့်လန့်ချမထားပါ။

သူက အိမ်ထဲတွင် လူမရှိကြောင်း ပို၍ သေချာစေရန် လက်ခေါက်အနာခံ၍ ခပ်ကျယ်ကျယ် ခေါက်လိုက်ပြန်၏။ ကျေနပ်သွားသောကြောင့် သူက တံခါးရွက်မှ သော့ဘုကို လှမ်းကိုင်လိုက်သည်။ တံခါးရွက်သည် သူ့အလိုလို ပွင့်သွားသောကြောင့် သူ အထိတ်တလန့် ဖြစ်သွားရသည်။ ကော်လ်ဟွန်းက မော့ကြည့်လိုက်ရာ သူ့ကို သံသယမျက်လုံးနှင့် ကြည့်နေသော ဗန်ဆလိုက်ကို တွေ့လိုက်ရတော့သည်။

ဗန်ဆလိုက်က မေးလိုက်၏။

"နေစမ်းပါဦး၊ ခင်ဗျားက ဘာလိုချင်လို့လဲ"

ကော်လ်ဟွန်းသည် သွားနှင့် ကိုက်ထားသော ဆေးပြင်းလိပ်ကို အရင်ဖြုတ်လိုက်ရ၏။

"ခင်ဗျားကို အနှောင့်အယှက်ပေးရတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ။ ကျုပ်က ဒီဘက်ကို ရောက်နေတော့ ဝင်ဦးမှပဲဆိုပြီး ဝင်လာတာပါ။ ကျုပ် နောက်တစ်ခေါက် ပြန်လာခဲ့မယ်လို့ ခင်ဗျားကို ပြောခဲ့ဖူးသားပဲ။ ကျုပ်မှာ မေးစရာ မေးခွန်းလေးတွေ ရှိနေတယ်။ ကဲ ဘယ်လိုလဲ ခုအချိန်ဟာ ခင်ဗျားအတွက် အဆင်မပြေတဲ့ အချိန်အခါများ ဖြစ်နေသလား"

အတန်ငယ် နှုတ်ဆိတ်နေပြီးမှ ဗန်ဆလိုက်က ပြန်ပြောလိုက်၏။

"အခုအချိန်ဆိုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျုပ်အတွက် အချိန်တော့ သိပ်မရဘူးဗျ"

ကော်လ်ဟွန်းက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဒါမိရှင် လက်သင့်ခံတဲ့ အချိန်ထက် ပိုမနေတတ်ပါဘူး ဗျာ"

❈ ❈ ❈

ဟယ်ဘင်ဘီတန်သည် ထရေနာ၏ ရုံးခန်းအပြင်ဘက် တံခါးကို ကြိုဝ်ဖန့်များစွာ ခေါက်ပြီးမှ လမ်းလျှောက်လာသော ခြေသံများကို ကြား လိုက်ရလေ၏။

"ရှင် ဒီမှာ ရှိနေတာကို ကျွန်မ အံ့သြမိတယ်"

ထရေနာက ဟယ်လင်ဘီတန်အား ဝင်ခွင့်ပြုပြီးနောက် တံခါးရွက် ကို ချက်ချ၍ ပြန်ပိတ်လိုက်သည်။

"ကိုယ်က ဆေးရုံအလုပ်တွေကို အချိန် အများကြီး ပေးပြီး လုပ်နေ ရတဲ့အတွက် ကိုယ့်အလုပ်တွေကို စနေ၊ တနင်္ဂနွေနဲ့ ညပိုင်းတွေမှာ ဒီကို လာပြီး အလုပ်လုပ်နေရတယ်"

"ကျွန်မတို့ လွန်ခဲ့တဲ့ နွေဦးရာသီတုန်းက ခန့်ခဲ့တဲ့ ဆရာဝန် လင်မယား အကြောင်း ရှင့်ကို ပြောပြဖို့ ရှိတယ်။ သူတို့နှစ်ယောက်ကတော့ အရမ်းကို အဆင်မပြေတာပဲ။ သူတို့နှစ်ယောက်စလုံး မနေ့တုန်းက အလုပ်ဖြုတ်ခံ ကြရတယ်။ အမျိုးသားက စီအမ်ဗွီမှာ လုပ်တယ်။ အမျိုးသမီးက ရောဂါ ဗေဒဌာနမှာ လုပ်တယ်လေ"

ထရေနာက ပြောလိုက်၏။

"ကိုယ် သူ့ကို မှတ်မိပါတယ်။ ဟိုအလုပ်သမားနေ့မှာ ပျော်ပွဲစား ထွက်ကြတုန်းက ဝက်ဒလီက သူ့ကို အရမ်း ဂရုစိုက်နေတယ်လေ"

"အဲဒါက ပြဿနာရဲ့ တစ်စိတ်တစ်ဒေသပဲ။ ဝက်ဒလီက သူ့ကို အလုပ်က ဖြုတ်ပစ်လိုက်တယ်။ ဒါပေမယ့် မနေ့တုန်းကတော့ သူက ဆေးရုံကိုလာပြီး ကာယိန္ဒြေပျက်အောင် လုပ်မှုနဲ့ ဆေးရုံကို တရားစွဲမယ် လို့ ခြိမ်းခြောက်တယ်။ သူက သူ့ကို အလုပ်က မဖြုတ်ခင် ခပ်စောစော ပိုင်းကတည်းက ဒေါက်တာကန်တာ့ဆီကို သွားပြီး တိုင်ထားခဲ့တယ်။ အဲဒါ ကို ကန်တာကလည်း သူလာပြီး တိုင်ခဲ့တယ်လို့ အတည်ပြုထားတယ်"

ထရေနာက မေးလိုက်သည်။

"ဝက်ဒလီက သူ့ကို ဖြုတ်ပစ်နိုင်တဲ့ အကြောင်းအချက်တွေ ရှိသလား"

"ဝက်ဒလီရဲ့ အဆိုအရတော့ ရှိပါတယ်။ သူ့ကို မြို့ပြင်မထွက်ဖို့ သတိပေး တားမြစ်ထားတဲ့တိုင်အောင် သူက ရုံးချိန်အတွင်း မြို့ပြင်ကို ထွက်ထွက်သွားတယ်လို့ မှတ်မှတ်သားသား တိုင်ကြားထားပါတယ်"

"ဒါဆိုရင် ပူစရာ မလိုပါဘူး။ ဒီအမှုကိုစစ်တဲ့ တရားသူကြီးတွေက သူ့ကို ပညာပေး ဟောပြောလိုက်ကြမှာ ကိုယ်တော့ မြင်ယောင်မိသေး တယ်"

ဟယ်လင်ဘီတန်က ပြောပြန်၏။

"ကျွန်မကတော့ စိတ်ချောက်ချားနေတုန်းပဲ။ သူ့ခင်ပွန်းကလည်း





တစ်ခုခုကို သိထားပုံရတယ်။ ဒီကနေ့ မနက်ကပဲ ကျွန်မ သူ့ကို ဆေးရုံ မှတ်တမ်းဌာနက ဆွဲထုတ်ခဲ့ရသေးတယ်။ မနေ့တုန်းကလည်း သူက အဲဒီ ဌာနမှာ ဆေးရုံရဲ့ လူနာသေနှုန်းတွေကို ကွန်ပျူတာနဲ့ တွက်ချက်ကြည့်နေ ခဲ့တယ်"

"ဘာလုပ်ဖို့လဲ"

"ကျွန်မလည်း မသိဘူး"

"နို့ မင်းပြောတော့ လူနာသေနှုန်းက မဆိုးလှပါဘူးဆို။ ဒီတော့ ဘာများ ထူးလို့လဲ"

"ဆေးရုံတိုင်းက လူနာသေနှုန်းကို လျှို့ဝှက်ထားတတ်ကြတယ်။ ပြင်ပလူထုက ရာခိုင်နှုန်း ဘယ်လောက် ဆိုတာကို မသိကြဘူး။ လူနာ သေနှုန်းဟာ ပြည်သူလူထုနဲ့ ဆက်ဆံရာမှာ အကြီးအကျယ် ဒုက္ခပေးနိုင် တယ်"

"အဲဒါကို ကိုယ်သဘောတူပါတယ်။ ဒါဆိုရင် သူ့ကို ဆေးရုံမှတ်တမ်း တွေ ကိုင်ခွင့် မပေးနဲ့ပေါ့။ နေပါဦး၊ သူ့ကို စီအမ်ဗွီက ဘာဖြစ်လို့ အလုပ်က ထုတ်ပစ်လိုက်ရတာလဲ"

"သူက လူနာကုသတဲ့ နှုန်းမှာ အညံ့ဆုံးပဲ။ ဒါပေမယ့် ဆေးရုံပေါ် ကို လူနာတွေတင်တဲ့ ကိစ္စကျတော့ သူက အမြင့်ဆုံး ဖြစ်နေပြန်တယ်"

"ဒါဆိုရင် ကယ်လီ့ဆီကို စကော့ချ်ဝီစကီ တစ်ပုလင်း ပို့လိုက်ဦးမှပဲ"

ဘီတန်က ပြောလိုက်ပြန်၏။

"ဒီ မိသားစုက ကျွန်မကို စိတ်အနှောင့်အယှက် ပေးနေတယ်။ မနေ့ တုန်းကလည်း သူတို့နှစ်ယောက် ဆေးရုံပေါ် ကို အပြေးအလွှား တက်လာ ကြပြီး ဟို စစ်စတစ်ဖိုင်ဘရိုးဆစ် ဖြစ်နေတဲ့ သူတို့သမီးကို ဆေးရုံက အတင်း ပြန်ခေါ် သွားတယ်"

"အဲဒါကတော့ တော်တော် ဆိုးရွားတာပဲ။ ကလေးက ဘာဖြစ်နေလို့ လဲ"

"ကလေးက နေကောင်းပါတယ်၊ ကလေး အခြေအနေကို ကျွန်မက ကလေးရောဂါကု ဆရာဝန်ကို မေးကြည့်ပြီးပါပြီ"

"ဒါဆိုရင် ဘာများ စိုးရိမ်စရာ ရှိလို့လဲကွာ"

❈ ❈ ❈

လူမှုဖူလုံရေး နံပါတ်များနှင့် မွေးနေ့သက္ကရာဇ်များကို ရထားသော အင်ဂျယ်လာသည် ကင်းဘရစ်ချ်သို့ သွား၍ ရောဘတ်စကာလီနှင့် တွေ့ ဆုံလိုက်သည်။

ရောဘတ်က ဘာကိစ္စနှင့် လာသလဲဟု မေးသည်။ အင်ဂျယ်လာက လူတစ်ယောက်၏ လူမှုဖူလုံရေး နံပါတ်နှင့် မွေးနေ့သက္ကရာဇ်တို့ကို သိ ပါက ထိုပုဂ္ဂိုလ်၏ အကြောင်းအချက် တော်တော်များများကို ကွန်ပျူတာ မှတစ်ဆင့် စုံစမ်းသိရှိနိုင်သည်ဟု သူ့ကို ပြောလိုက်ကြောင်း ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်စကာလီက အားရပါးရ ရယ်၍ ဟုတ်မှန်ကြောင်း ဖြေလိုက်၏။ အင်ဂျယ်လာက သူ ယူလာသော စာရင်းကို ပြရင်း-

"ကျွန်မ ပိုပုဂ္ဂိုလ်တွေအကြောင်း ရသလောက် သိချင်တယ်"

ဟု ပြောလိုက်သည်။ ဤတွင် ရောဘတ်က ထပ်မံ မေးမြန်းသဖြင့် အင်ဂျယ်လာက အဖြစ်အပျက်ကို အနှစ်ချုပ်၍ ရှင်းပြလိုက်ရတော့သည်။

ရောဘတ်စကာလီက လူစာရင်းကို ကောက်ယူလိုက်ပြန်၏။

"(၂၅) ယောက်တောင် ပါပဲလား၊ ဒါဆိုရင် အချက်အလက်တွေ အများကြီး ရလာလိမ့်မယ်၊ မင်းက အိမ်ထောင်ပြောင်းတဲ့အခါမှာ သုံးတဲ့ ကုန်တင်ကားကြီးနဲ့ လာတာလား"

အင်ဂျယ်လာက ဖြေလိုက်၏။

"ကျွန်မတို့က ဒီလူငါးယောက်ကိုပဲ-အဓိကထားပြီး သိချင်တာပါ"

သူက ဆေးရုံတွင် အလုပ်လုပ်သူ ငါးယောက်၏ နာမည်များကို ထောက်ပြလိုက်၏။

"ဒါဆိုရင် ပျော်စရာကြီးပဲ၊ အလွယ်ဆုံး စုံစမ်းလို့ရတဲ့ ကိစ္စကတော့ ငွေရေးကြေးရေးပဲ။ အကြွေးဝယ်ခွင့် ကတ်ပြားတွေ၊ ဘဏ်ငွေစာရင်းတွေ၊ ငွေလွှဲပို့တာတွေ၊ အကြွေးတင်နေတာတွေ အဲဒီနောက်ပိုင်းမှာတော့ ပိုခက်လာတယ်"

"ဒါဆိုရင် နောက် ဘာဆက်လုပ်ရမလဲရှင့်"

"စုံစမ်းဖို့ အလွယ်ဆုံးကတော့ လူမှုဖူလုံရေးပဲ။ ဒါပေမယ့် သူတို့ရဲ့ စနစ်ထဲကို တရားမဝင် ခိုးကြည့်ဖို့ ဆိုတာက နည်းနည်းတော့ ခက်တယ်။ ဒါပေမယ့် ကိုယ့်မှာ အမ်အိုင်တီ (မက်ဆာချူးဆက် စက်မှုလက်မှုသိပ္ပံ) မှာ လုပ်နေတဲ့ ပီတာဖောင် ဆိုတဲ့ မိတ်ဆွေတစ်ဦးတော့ ရှိပါတယ်။ ကဲ ပီတာဖောင့်ဆီကို သွားကြရအောင်"

ပီတာဖောင်၏ ရုံးခန်းမှာ အမ်အိုင်တီကျောင်းဝင်းထဲရှိ သနပ်ခါးရောင် သုတ်ထားသော အဆောက်အအုံတစ်ခု၏ လေးထပ် နောက်ဘက်ပိုင်းတွင် ရှိသည်။

ပီတာဖောင်နှင့် ရောဘတ်စကာလီတို့သည် အရင်းနှီးဆုံး မိတ်ဆွေများ ဖြစ်ပုံရသည်။ ရောဘတ်စကာလီက ပီတာဖောင်အား လူစာရင်းကို ပေးလိုက်ပြီးနောက် ၎င်း၏ လိုအင်ဆန္ဒကို ပြောပြလိုက်သည်။ ပီတာဖောင်က ခေါင်းကုတ်ပြီး စဉ်းစားလိုက်၏။ သူက-

"အလွယ်ဆုံးစပြီး စုံစမ်းလို့ ရမယ့်နေရာဟာ လူမှုဖူလုံရေး ဆိုတာကို ကိုယ် လက်ခံပါတယ်။ ဒါပေမယ့် အက်ဖ်ဘီအိုင် အချက်အလက်ဌာနကို ရှာကြည့်မယ်ဆိုရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

အင်ဂျယ်လာက ဝင်မေးလိုက်၏။

"အဲဒါကရော ဖြစ်နိုင်ပါ့မလားရှင်"

"လွယ်ပါတယ်ဗျာ၊ ဝါရှင်တန်မှာ ကျုပ်မိတ်ဆွေ ဂလိုရီယာရာမီရစ်





ဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိပါတယ်။ ကျုပ်နဲ့ သူက အဲဒီ အချက်အလက်ဌာနရဲ့ လုံခြုံရေးကိစ္စကို ပူးတွဲပြီး လုပ်ပေးခဲ့ကြတာပါ။ သူက အဖွဲ့အစည်း နှစ်ခုစလုံးရဲ့ အဆင်ပြေနေပါတယ်"

ပီတာဖောင်က ဝါဒ်ပရိုဆက်ဆာ ခေါ် စာရိုက်ရန် အသုံးပြုသော ကွန်ပျူတာတွင် သူ လိုချင်သော အချက်အလက်များကို ရိုက်ယူလိုက်၏။ ပြီးနောက် သူက ထိုစာရွက်ကို ဖက်စ်ထဲသို့ ထည့်လိုက်သည်။

"ကျုပ်တို့က သာမန်အားဖြင့်တော့ ဖက်စ်နဲ့ပဲ အဆက်အသွယ် လုပ်ကြပါတယ်။ ဒါပေမယ့် အခုကိစ္စမှာတော့ သူက ကွန်ပျူတာနဲ့ ပြန်ပြီး ဆက်သွယ်လိမ့်မယ်။ အချက်အလက်တွေက များတော့ အဲဒါနဲ့မှ ပိုပြီး မြန်ဆန်လိမ့်မယ်"

မိနစ်ပိုင်းအတွင်းမှာပင် အချက်အလက်များသည် အမားစား ခွတ်ပြားထဲသို့ စတင် ဝင်ရောက်လာကြလေ၏။ ပီတာက အချက်အလက် အချို့ကို ဖန်သားမျက်နှာပြင်ပေါ်တွင် တင်ကြည့်လိုက်သည်။

အင်ဂျယ်လာက မော်နီတာ မျက်နှာပြင်ကို လှမ်းကြည့်လိုက်၏။ ယခု ပေါ်နေသော အချက်အလက်များမှာ ဂျိုးဖော့ဘ်၏ လူမှုဖူလုံရေးနှင့် ဆိုင်သော အချက်အလက် အချို့ပင် ဖြစ်သည်။ ၎င်း မကြာမီက လုပ်ကိုင်ခဲ့သော အလုပ်အကိုင်များ၊ လူမှုဖူလုံရေး ရန်ပုံငွေသို့ သူ ပေးသွင်းခဲ့ရသော ငွေများ စသည်တို့ကို တွေ့လိုက်ရသည်။

ပီတာက လေဆာပရင်တာကို ခလုတ်နှိပ်လိုက်ပြန်၏။ အချက်အလက်ပါသော စာရွက်များ လေဆာပရင်တာထဲမှ တစ်ရွက်ပြီးတစ်ရွက် ထွက်လာသည်။ ရောဘတ်စကာလီက ပရင်တာဆီသို့ လျှောက်သွားပြီး စာရွက်တစ်ရွက်ကို ကောက်ယူလိုက်၏။ အင်ဂျယ်လာက သွားကြည့်လိုက်သည်။ ထိုစာရွက်မှာ ဝါနာဗန်ဆလိုက်၏ လူမှုဖူလုံရေး အမှတ်တွဲ ဖြစ်နေသည်။ အင်ဂျယ်လာက ပြောလိုက်၏။

"စိတ်ဝင်စားစရာပဲ။ သူက ရေတပ်မတော်မှာ အလုပ်လုပ်ဖူးတယ်။ အဲဒီတုန်းက သူ ဆေးမင်ကြောင် ထိုးခဲ့တာ ဖြစ်ရမယ်"

နောက်ပိုင်းတွင် ပြစ်မှုမှတ်တမ်းများသည် အခြား ပရင်တာတစ်ခုမှ စတင်၍ ထွက်လာသောအခါတွင်မူ အင်ဂျယ်လာသည် ပို၍ အံ့ဩရတော့သည်။ ပထမ လေဆာပရင်တာသည် လူမှုဖူလုံရေးမှ စာရွက်များကို ထုတ်ပေးနေရသောကြောင့် မအားလပ်သဖြင့် ပီတာဖောင်က ဒုတိယ လေဆာပရင်တာကို အသုံးပြုလိုက်ရခြင်း ဖြစ်သည်။

ဘတ်တလက်လို မြို့ငယ်ကလေး၌ မှုခင်းမှတ်တမ်း သိပ်များ[illegible] လိမ့်မည်ဟု အင်ဂျယ်လာ မထင်မိခဲ့ပါ။ သို့ရာတွင် အင်ဂျယ်လာ[illegible]ဆချက် မှားယွင်းပါသည်။ ယခု သူ တွေ့ရသော ပြစ်ချက်[illegible]တမ်းမှာ ကလိုက်ဒ်ဒီဗွန်ရှိုင်းယားသည် လွန်ခဲ့သော ခြောက်နှစ်[illegible] မုဒိမ်းမှုနှင့် အဖမ်းခံခဲ့ရသည် ဆိုခြင်းပင် ဖြစ်သည်။ သူသည် [illegible]နီးယားပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



နော်ဖို့ဒ်၌ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ထောင်နှစ်နှစ် ကျခဲ့ရသူ ဖြစ်သည်။

ရောဘတ်စကာလီက ငေါ့တော့တော့ မှတ်ချက်ချလိုက်၏။

"မြို့ငယ်လေး တစ်မြို့မှာ ရှိထိုက်တဲ့ ချစ်စရာပုဂ္ဂိုလ်တစ်ယောက်ပဲ"

အင်ဂျယ်လာက ဖြေလိုက်သည်။

"သူက ဆေးရုံက အရေးပေါ်လူနာခန်းမှာ အမျိုးသား သူနာပြု အလုပ်ကို လုပ်တယ်။ ဆေးရုံက လူတွေက သူ့အကြောင်းကို မသိကြဘူး နဲ့တူတယ်"

ရောဘတ်သည် အခြား ပရင်တာဘက်သို့ ပြန်သွားပြီး ကလိုက်ဖ် ပီဗွန်ရှိုင်းယားနှင့်ဆိုင်သော စာရွက်များကို ရှာလိုက်၏။ ရောဘတ်က အင်ဂျယ်လာကို လှမ်းပြောလိုက်သည်။

"သူ့ကို မုဒိမ်းမှုနဲ့ ဖမ်းတုန်းက သူ ရေတပ်ထဲမှာပဲ ရှိနေသေးတယ်။ ဟောဒီမှာ ကြည့်ပါဦး။ သူ ထောင်က လွတ်လာပြီးနောက်ပိုင်း လူမှုဖူလုံရေး ရာဇဝင်မှာ လစ်ဟာနေတဲ့ ကာလတွေ ရှိနေတယ်။ အဲဒီ ကွက်လပ်တွေက သူ နောက်ထပ် ထောင်ကျခဲ့တယ်။ ဒါမှမဟုတ် သူက နာမည်ပြောင်းပြီး ကိုယ်ယောင်ဖျောက်နေခဲ့တယ် ဆိုတာတွေကို ပြနေတာပဲ"

နာရီဝက်ကြာသောအခါ အင်ဂျယ်လာနှင့် ရောဘတ်တို့သည် ကွန်ပျူတာစာရွက်များပါသော စက္ကူသေတ္တာ သုံးလေးလုံးကိုသယ်၍ ပီတာဖောင်၏ ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ သူတို့သည် ရောဘတ်၏ ရုံးခန်းသို့ ပြန်လာခဲ့ကြ၏။

ရောဘတ်က ကွန်ပျူတာတစ်လုံးရှေ့၌ ဝင်ထိုင်လိုက်ရင်း-

"ကဲ မင်းကို ငွေရေးကြေးရေးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို ရှာပေးဦးမယ်"

ဟု ပြောလိုက်သည်။ မကြာမီ ကွန်ပျူတာ ဖန်သားမျက်နှာပြင်ပေါ်၌ ရေကာတာကြီး ကျိုးပေါက်သွားသလို အချက်အလက်များ ဒလဟော ပေါ်လာလေတော့သည်။

ရောဘတ်၏ ပရင်တာများက စတင်၍ အလုပ်လုပ်ကြသဖြင့် အောက်ဘက်ရှိ စာခွက်ထဲသို့ စာရွက်များ လျင်မြန်စွာ ကျဆင်းလာကြသည်။

အင်ဂျယ်လာသည် ကွန်ပျူတာစာရွက်များပါသော စက္ကူသေတ္တာနှစ်လုံးကို မ,ယူလိုက်ရင်း ရောဘတ်စကာလီကို ကျေးဇူးတင်စကား ပြောလိုက်၏။ ရောဘတ်စကာလီက ပြောလိုက်၏။

"မင်း သံသယဖြစ်နေသူတွေနဲ့ ပတ်သက်တဲ့ တခြား အချက်အလက်တွေကို ဒီညကျမှ ထပ်စုဆောင်းပေးဦးမယ်။ တစ်ခါတလေကျရင် အီလက်ထရောနစ်နဲ့ အဆက်အသွယ်လုပ်မှုတွေနည်းတဲ့ ညပိုင်းမှာမှ အချက်အလက်တွေကို လိုက်စုရတာ ပိုလွယ်တယ်"

ထိုစက္ကူသေတ္တာများကို မော်တော်ကား၏ နောက်ဘက် အံဖုံးထဲတွင်





ထည့်သိုပြီးသောအခါ အင်ဂျယ်လာက နှုတ်ဆက်၍ ထွက်လာခဲ့တော့သည်။

အင်ဂျယ်လာသည် ရောဘတ်စကာလီနှင့် ပြန်တွေ့ခါစက မနေတတ် မထိုင်တတ် ဖြစ်ခဲ့သေးသော်လည်း သူသည် ယခုအချိန်တွင် ဒေးဗစ်နှင့် ကော်လ်ဟွန်းတို့ကို သူ ယူလာသည့် စာရွက်များအား ပြချင်စိတ်က ပိုများနေသည်။

အင်ဂျယ်လာသည် အိမ်နောက်ဖေးဘက် တံခါးမှ ဝင်လာရင်း-

"ကျွန်မ ပြန်ရောက်ပြီ"

ဟု အော်ပြောလိုက်၏။ အင်ဂျယ်လာက ပြန်ဖြေသံ မကြားရသောကြောင့် နောက်စက္ကူသေတ္တာတစ်လုံးကို သူကိုယ်တိုင် နောက်တစ်ခေါက် ပြန်သယ်ရတော့သည်။ အိမ်ထဲသို့ သူ ပြန်ဝင်လာချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်မြပင် ဖြစ်နေသည်။ အင်ဂျယ်လာက စိတ်မသက်မသာနှင့် အိမ်ထဲသို့ ဆက်၍ ဝင်လာခဲ့၏။ မိသားစု နားနေခန်းထဲ၌ စာဖတ်နေသော ဒေးဗစ်ကို အင်ဂျယ်လာက တွေ့ရသောကြောင့် အထိတ်တလန့် ဖြစ်သွားရသည်။ အင်ဂျယ်လာက မေးလိုက်၏။

"ရှင်က ဘာဖြစ်လို့ ပြန်မထူးရတာလဲ"

"မင်းက အိမ်ပြန်ရောက်ပြီလို့ ပြောတယ်လေ၊ အဲဒါကို ကိုယ်က လည်း ပြန်ဖြေဖို့ မလိုဘူး ထင်တာနဲ့ မဖြေလိုက်တာပဲ"

"အခု ရှင်က ဘာဖြစ်နေရတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းချစ်ချစ်နဲ့ ပြန်တွေ့ရတာ ဘယ်လိုနေခဲ့သလဲ"

"အခုဟာက အဲဒီကိစ္စကြောင့်လား"

ဒေးဗစ်က ပခုံးတွန့်ပြလိုက်၏။

"ကိုယ်တို့ ဘော့စတွန်မှာ လေးနှစ်ကြာအောင် နေခဲ့ကြတုန်းက မင်းက အဲဒီလူနဲ့ ပတ်သက်ပြီး ရေငုံနှုတ်ပိတ်နေတာက ထူးဆန်းလွန်းလို့ပါကွာ"

"ဒေးဗစ်"

အင်ဂျယ်လာက စိတ်ပျက်သောအသံနှင့် ခေါ်လိုက်ပြီး ဒေးဗစ်၏ ပေါင်ပေါ်သို့ ပစ်ထိုင်ချလိုက်၏။ အင်ဂျယ်လာက ဒေးဗစ်၏ လည်ပင်းကိုလည်း လက်နှစ်ဖက်နှင့် သိုင်းဖက်ထားလိုက်သည်။

"ကျွန်မက ရောဘတ်ကို လျှို့ဝှက်ထားဖို့ စိတ်မကူးပါဘူး။ လျှို့ဝှက်ထားမယ် ဆိုရင်လည်း အခု ဖွင့်ပြောပါ့မလား။ ကျွန်မက ရှင်တစ်ယောက်တည်းကိုပဲ ချစ်တယ်ဆိုတာ ရှင်သိတယ် မဟုတ်လား"

အင်ဂျယ်လာက ဒေးဗစ်၏ နှာခေါင်းကို ဖွဖွလေး နမ်းလိုက်၏။

"တကယ်လား"

"တကယ်ပါ၊ နစ်ကီ ဘယ်လိုနေသလဲ"



www.burmeseclassic.com

"သမီး နေကောင်းပါတယ်၊ အခုတော့ ခဏ အိပ်နေတယ်။ သမီးက ကယ်ရီလင်းနဲ့ ပတ်သက်ပြီး သိပ်စိတ်မကောင်း ဖြစ်နေရှာတယ်။ ဒါ မင်းသွားတဲ့ ကိစ္စကရော ဘယ်လိုလဲ"

"ရှင် ယုံမှာတောင် မဟုတ်ဘူး၊ လာကြည့်စမ်းပါဦး"

"မင်းပြောတာ မှန်တယ်၊ ကိုယ်ယုံတောင် မယုံဘူး။ ကိုယ်တို့ ဒါတွေကို ပြီးအောင်ဖတ်ဖို့ နာရီပေါင်းများစွာ ကြာလိမ့်မယ်"

သူတို့ ညစာကို အတူတူ ပြင်ဆင်ကြသည်။ နစ်ကီ နိုးလာချိန်တွင် ဒေါက်တာပီလ်စနာနှင့် တယ်လီဖုန်းဆက်၍ တိုင်ပင်ပြီး အကြောဆေးသွင်းထားမှုကို ဖြုတ်ပစ်လိုက်သည်။ ဒေါက်တာပီလ်စနာက ပဋိဇီဝဆေးလုံးများကို ပါးစပ်မှကျွေးရင် လုံလောက်ပြီဟု ဆိုသည်။

ညစာစားနေစဉ် သူတို့၏ လုပ်ငန်းကိုင်ငန်း အခြေအနေကို နှစ်ဖက်သော မိဘများအား ပြောပြဖို့ ဆွေးနွေးကြသည်။ နှစ်ယောက်စလုံး အင်ပာင်တင် ဖြစ်နေကြသည်။ ဒေးဗစ်က ပြောလိုက်၏။

"မင်းက ဘာကို စိတ်ပူနေရတာလဲကွာ၊ ဒီသတင်းကို မင်းအဖေနဲ့ အမေ ကြားရင် အစကတည်းက တို့ဒီကို လာတာကို မကြိုက်ကြတဲ့ အတွက် လက်ခုပ်လက်ဝါးတောင် တီးပေးကြမှာကွ"

"အဲဒါ ပြဿနာပဲပေါ့ရှင်၊ ကဲ အစကတည်းက ငါ မပြောဘူးလား ဆိုတဲ့ လေသံမျိုးနဲ့ အပြောခံရမယ်ဆိုရင် ကျွန်မ ရှူးရချည်ရဲ့ ရှင်ရယ်"

ညစာစားပြီးသောအခါ နစ်ကီက ရုပ်မြင်သံကြားကို ကြည့်နေစဉ် ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ကွန်ပျူတာစာရွက်များကို စတင် ဖတ်ရှုစပြုသည်။ ဒေးဗစ်က ပြောလိုက်၏။

"ခုလိုသာဆိုရင် တို့အတွက် ရက်ပေါင်းများစွာ ကြာသွားလိမ့်မယ်"

"ဒါဆိုရင်လည်း ဆေးရုံနဲ့ ပတ်သက်တဲ့ လူငါးယောက်ကိုပဲ အာရုံစိုက်ကြရင် ကောင်းလိမ့်မယ် ထင်တယ်"

"အဲဒီအကြံ ကောင်းတယ်"

အင်ဂျယ်လာကဲ့သို့ပင် ဒေးဗစ်ကလည်း ရာဇဝတ်ပြစ်မှု မှတ်တမ်းကို ပို၍ စိတ်ဝင်စားသည်။ ကလိုက်ဒ်ဒီဗွန်ရှိုင်းယားသည် မုဒိမ်းမှုအတွက် ထောင်ကျခဲ့ရသည် သာမက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သူများအား ကူညီနေသော ဒေါက်တာဂျက်ကီဗိုကီကန်၏ အိမ်ရှေ့တွင် တရစ်ဝဲဝဲ လုပ်မှုကြောင့် မစ်ချီဂန်တွင် အဖမ်းခံခဲ့ရသည်ဆိုသော မှတ်တမ်းကို ဒေးဗစ် စိတ်ဝင်စားသွားသည်။ ဒေးဗစ်က ကလိုဒ်ဒီဗွန်ရှိုင်းယားသည် လူနာများကို သက်သက်သာသာ သေခွင့်ရအောင် ကူညီပေးသူ ဖြစ်နေလေမလားဟု တွေးမိပြန်၏။

ခေတ်ခွဲခန်း ကျွမ်းကျင်သူ ပီတာအူးဟော့ဖ်သည် မိသားစုစီမံကိန်း ဌာနများ၏ ရှေ့ဘက်တွင် ခြောက်ကြိမ် အဖမ်းခံရပြီး ကိုယ်ဝန်ဖျက်ချပေးသော ဆေးခန်းများရှေ့၌ ရန်မူမှု၊ ဆရာဝန်တစ်ယောက်ကို ပြင်းထန်





စွာ ရိုက်နှက်မှု စသည့် ပြစ်မှုနှစ်မှု အပါအဝင် သုံးကြိမ် အဖမ်းခံခဲ့ရသည်ဆိုသော မှတ်တမ်းကိုလည်း ဒေးဗစ်က တအံ့တသြ ဖြစ်ရသည်။

လူမှုဖူလုံရေး မှတ်တမ်းများကို ဖတ်ကြည့်နေသော အင်ဂျယ်လာက ပြောလိုက်ပြန်၏။

"ဟောဒါကလည်း စိတ်ဝင်စားဖို့ ကောင်းတယ်၊ ကလောဒစ်မောရစ် အပါအဝင် သူတို့ ငါးယောက်စလုံး တပ်ထဲမှာ အမှုထမ်းခဲ့ဖူးတယ်။ ဒါကတော့ တကယ့် တိုက်ဆိုင်မှုပဲ"

သူတို့က နစ်ကီအား အသက်ရှူ ရှုပကုထုံးနှင့် ဆောင်ရွက်ပေးကြပြီးနောက် သမီးကို သိပ်လိုက်ကြသည်။ ထို့နောက် အောက်ထပ်သို့ ပြန်ဆင်းလာကြပြီး ကွန်ပျူတာမှတ်တမ်းများကို ပြန်ဖတ်ကြပြန်၏။ အင်ဂျယ်လာက ပြောလိုက်သည်။

"အခုအချိန်လောက် ဆိုရင် ကော်လ်ဟွန်းက ကျွန်မတို့ဆီကို ဆက်သွယ်လာလိမ့်မယ်လို့ ထင်ထားတာ၊ ကျွန်မက ခုရထားတဲ့ အချက်အလက်တွေ အထူးသဖြင့် ကလိုက်ဒ်ဒီဗွန်ရှိုင်းယားနဲ့ ပတ်သက်တဲ့ အချက်အလက်တွေအပေါ် သူ့သဘောထားကို သိချင်တယ်"

ဒေးဗစ်က ပြောလိုက်၏။

"ကော်လ်ဟွန်းက တစ်ကိုယ်တော်လူစားပဲ။ သူက ကိုယ်တို့ကို ပြောစရာရှိမှ ဆက်သွယ်မယ်လို့ ပြောခဲ့သားပဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကောင်းပြီလေ၊ ကျွန်မကပဲ သူ့ကို ဆက်သွယ်လိုက်မယ်။ ကျွန်မတို့က သူ့ကို ပြောစရာရှိနေပြီပဲ"

အင်ဂျယ်လာသည် ကော်လ်ဟွန်း၏ နေအိမ်သို့ တယ်လီဖုန်းဆက်လိုက်ရာ ထိုအိမ်မှ တယ်လီဖုန်းဆက်သူကို ပြန်အဖြေပေးသော စက်သံကိုသာ ကြားခဲ့ရသည်။ သို့ရာတွင် အင်ဂျယ်လာက ဘာမှ မှာမထားခဲ့ပါ။ ဒေးဗစ်က ပြောလိုက်၏။

"ကိုယ် အံ့သြတာကတော့ လူတွေဟာ အလုပ်အကိုင်တွေကို မကြာခဏ ပြောင်းလဲပြီး အလုပ်လုပ်ကြတဲ့ ကိစ္စပဲ"

အင်ဂျယ်လာက ဒေးဗစ်ထံ သွားပြီး ပခုံးပေါ်က ကျော်၍ ဖတ်ကြည့်နေသည်။ ဒေးဗစ်က ဗန်ဆလိုက်၏ စာရွက်အပုံပေါ်၌ ထပ်တင်လိုက်တော့မည့် စက္ကူတစ်ရွက်ကို အင်ဂျယ်လာက ကောက်ယူ ကြည့်ရှုလိုက်၏။ အင်ဂျယ်လာက-

"ဟောဒီမှာ ကြည့်စမ်းပါဦး၊ ဗန်ဆလိုက်က ရေတပ်မှာ (၂၁) လ အလုပ်လုပ်ခဲ့တယ်"

"ဒီတော့ ဘာဖြစ်သလဲ"

"ထူးဆန်းမနေပေဘူးလား၊ ရေတပ်မှာ အနည်းဆုံး ထမ်းရတဲ့ကာလဟာ သုံးနှစ်ပဲလို့ ကျွန်မ သိထားတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ကိုယ်တော့ မပြောတတ်ဘူး"

အင်ဂျယ်လာက ပြောလိုက်ပြန်၏။

"ကဲ ဒီဗွန်ရှိုင်းယားရဲ့ မှတ်တမ်းကို ပြန်ရှာကြည့်ရအောင်"

သူကို ရှာတွေ့သောအခါ အင်ဂျယ်လာက ပြောလိုက်သည်။

"သူက လေးနှစ်ခွဲတောင် ထောင်ကျခဲ့တာပဲ"

"ပြတ်စွာဘုရား၊ ဟောဒါကို နားထောင်ကြည့်ပါဦး"

ဒေးဗစ်က ဆက်ဖတ်ပြလိုက်၏။

"ဂျိုးဖော့ဘ်က လူမဲ့အဖြစ် သုံးကြိမ်တိုင်တိုင် ခံယူခဲ့တယ်။ အဲဒီလို လူမျိုးက ဘယ်လိုနည်းနဲ့ အကြွေးဝယ်ခွင့် ကတ်ပြားကို ရနိုင်ပါ့မလဲ။ ဒါပေမယ့် သူမှာ အကြွေးဝယ်ခွင့်ကတ်ပြား ရှိနေတယ်။ သူက ကတ်အသစ် ဘဏ်အသစ်က အမြဲပဲ ရနေလေ့ ရှိတယ်။ အံ့အားသင့်စရာပဲ"

ည (၁၁) နာရီ ထိုးသောအခါ ဒေးဗစ် မျက်စိဖွင့်၍ပင် မရချင်တော့ပါ။

"ကိုယ်တော့ အိပ်ရာဝင်မှ ဖြစ်တော့မယ်"

"ရှင် အဲဒီလို ပြောပါစေလို့ ကျွန်မက ကျိတ်ပြီး ဆုတောင်းနေတာရှင့်။ ကျွန်မလည်း သိပ်အိပ်ချင်နေပြီ"

သူတို့နှစ်ယောက်သည် တစ်နေ့တာအတွင်း လုပ်ငန်းအများအပြားကို ဆောင်ရွက်နိုင်ခဲ့ကြသည်ဆိုသော ပီတိဖြင့် လက်ချင်းချိတ်၍ လှေကားပေါ်သို့ တက်သွားကြသည်။

သူတို့၏ လုပ်ရပ်များက စနက်တံကို မီးရှို့ပေးလိုက်သောကြောင့် မည်မျှလောက်အထိ ကြီးကြီးကျယ်ကျယ် မီးဟုန်းဟုန်းတောက်၍ လောင်ကျွမ်းလာမည်ကို အနည်းငယ်မျှ ကြိုတင် သိရှိထားကြမည် ဆိုပါက သူတို့သည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နိုင်ကြတော့မည် မဟုတ်ပါ။

❈ ❈ ❈ ❈ ❈

(၂၅)

**အောက်တိုဘာလ ၃၁ ရက်၊ တနင်္ဂနွေနေ့**

အောက်တိုဘာလ (၃၁) ရက်နေ့တွင် ကျရောက်သော ဟယ်လိုဝင်းပွဲတော်နေ့ နံနက်ခင်းသည် ကြည်လင်သန့်ရှင်းစွာနှင့် အရုဏ်တက်လာသည်။ အိမ်ရှေ့ဘက်ရှိ ဆင်ဝင်များနှင့် ပြတင်းပေါက်ပေါင်များမှ တွဲလောင်းဆွဲထားသော ရှုံ့မဲ့ပြနေသည့် ရွှေဖရုံသီးများပေါ်တွင် နှင်းဥကလေးများ သီးနေကြသည်။

နစ်ကီသည် ကိုယ်လက် ကျန်းမာစွာနှင့် အိပ်ရာက နိုးလာသလို ပွဲတော်နေ့၏ စိတ်ဓာတ်ကြောင့်လည်း ပို၍ လန်းဆန်းတက်ကြွလာသည်။ အင်ဂျယ်လာကလည်း နောက်ကြပြောင်ကြရန် အိမ်သို့ ရောက်ရှိလာကြမည့် ကလေးများအတွက် ချောကလက်၊ သကြားလုံးနှင့် သစ်သီးများကို ရက်သတ္တ တစ်ပတ်လုံး ဝယ်ယူ စုဆောင်းထားခဲ့သည်။

အင်ဂျယ်လာသည် ဘုရားရှိခိုးကျောင်းသို့ သွားလိုစိတ် မရှိပါ။ ဘတ်တလက် လူမှုရေး အသိုင်းအဝိုင်းထဲသို့ တိုးဝင်လိုသော စိတ်ကူးသည်လည်း ပျောက်ကွယ်သွားခဲ့ပါပြီ။ ဘုရားရှိခိုးကျောင်းသို့ မသွားဖြစ်ပါက သံမဏိမြင်း စားသောက်ဆိုင်သို့ သွားကြစို့ဟု ဒေးဗစ်က အဆိုပြုသော်လည်း အင်ဂျယ်လာက အိမ်မှာပင် ပို၍ နေလိုသည်။

နံနက်စာ စားသောက်ပြီးသောအခါ နစ်ကီက သူကိုယ်တိုင် ပါဝင်နောက်ပြောင်ရန် လျှောက်၍ လည်ချင် ပတ်ချင်သည်ဟု တောင်းဆိုလာသည်။ အင်ဂျယ်လာကတော့ သဘောမတူလှပါ။ နစ်ကီ ရင်ကျပ်ပျောက်ခဲ့သည်မှာ မကြာလှသေးပါ။ နစ်ကီ့ကို အလွန်အေးသော ရာသီဥတုထဲသို့ မထွက်စေလိုပါ။ အပြန်အလှန် အလျှော့ပေးသည့်အနေနှင့် ဒေးဗစ်က ရွှေဖရုံသီးဝယ်ရန် မြို့ထဲသို့ ထွက်သွားလေသည်။ သူတို့နေအိမ်သို့ ရောက်ကြ ပြောင်ကြမည့် ကလေးများ ရောက်လာပါက သူတို့နေအိမ်၌ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ရာတွင် နစ်ကီအား အင်ဂျယ်လာက ကူညီလုပ်ကိုင်ပေးလျက် ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



အင်ဂျယ်လာနှင့် နစ်ကီတို့က အလွန် ကြီးမားသော ဖန်ဇလုံကြီး တစ်ခုထဲတွင် သကြားလုံးနှင့် ချောကလက် အတောင့်ငယ်ကလေးများကို ထွက်ခပ်းသို့ ရောက်သည်အထိ အပြည့်အလျှံဖြည့်၍ အိမ်ရှေ့ခန်း တံခါး အနီးရှိ စားပွဲငယ်ကလေး တစ်လုံးပေါ်၌ တင်ထားလိုက်သည်။

ထို့နောက် အင်ဂျယ်လာနှင့် နစ်ကီတို့သည် ရောင်စုံစက္ကူများကို လိုအပ်သလို ဖြတ်တောက်၍ ဟယ်လိုဝင်း ပွဲတော်နှင့် ကိုက်ညီသော အဆင်အပြင်များကို ပြုလုပ်နေကြသည်။

နစ်ကီက ပျော်ပျော်ရွှင်ရွှင်နှင့် အလုပ်ရှုပ်နေစဉ် အင်ဂျယ်လာက ကင်းဘရစ်ချ်မှ ရောဘတ်စကာလီထံ တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်သည်။ ရောဘတ်စကာလီက အင်ဂျယ်လာ၏ အသံကို ကြားရသည်နှင့် စပြောလိုက်လေ၏။

"မင်းက တယ်လီဖုန်း စဆက်တဲ့အတွက် ကိုယ် ဝမ်းသာပါတယ်။ ကိုယ် ကတိပေးထားတဲ့အတိုင်း ငွေရေးကြေးရေးဆိုင်ရာ အချက်အလက် အချို့ကို ထပ်ရှာဖွေထားတယ်"

"ရှင် ခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မ က နောက်ထပ် အကူအညီတောင်းချင်သေးတယ်။ စစ်တပ်က လုပ်သက် မှတ်တမ်းတွေကို ရှင် ယူပေးလို့ ရမလားဟင်"

"အဲဒါကတော့ မလွယ်လှဘူး၊ မင်းသိတဲ့အတိုင်း စစ်တပ်က အချက် အလက်တွေကို ခိုးကြည့်ဖို့ဆိုတာ မလွယ်ကူလှဘူး၊ ပီတာ့မိတ်ဆွေက ပင် တဂွန်နဲ့ အဆက်အသွယ်ရှိမှ ဖြစ်နိုင်လိမ့်မယ် ထင်တယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မ နားလည်ပါတယ်ရှင်"

"ချက်ချင်းကြီး စိတ်ဓာတ်မကျပါနဲ့ဦးလေ၊ ကိုယ် ပီတာ့ကို မေးမြန်း ပြီး ချက်ချင်း ပြန်ဆက်သွယ်ပါ့မယ်"

အင်ဂျယ်လာက နစ်ကီ၏ လုပ်ငန်းကို သွားရောက်၍ အကဲခတ် လိုက်သည်။ နစ်ကီသည် လိမ္မော်ရောင် လခြမ်းကွေး ပုံစံကို ကတ်ကြေး နှင့် ကိုက်ညှပ်ပြီး ဖြစ်နေသလို တံမြက်စည်း တစ်ချောင်းနှင့် စုန်းမကြီး တစ်ယောက်၏ ကောက်ကြောင်းပုံကိုလည်း ကတ်ကြေးနှင့် ကိုက်ညှပ်နေ ဆဲ ဖြစ်သည်။ အင်ဂျယ်လာက နစ်ကီ့ကို အထင်ကြီးသွားသည်။ သူနှင့် ဒေးဗစ် နှစ်ယောက်စလုံးထံတွင် ပြောင်မြောက်သော အနုပညာဗီဇများ ပါမလာခဲ့ကြချေ။

ဒေးဗစ်က အလွန် ကြီးမားသော ရွှေဖရုံသီးကြီး တစ်လုံးနှင့် ပြန် ရောက်လာ၏။ နက်စီ အရမ်း ပျော်သွားသည်။

မီးဖိုချောင်ထဲရှိ စားပွဲပေါ်တွင် သတင်းစာကို ဖြန့်ခင်းလိုက်ပြီးနောက် သတင်းစာပေါ်တွင် ရွှေဖရုံသီးကို တင်၍ ဒေးဗစ်နှင့် နစ်ကီတို့သည် ရွှေ ဖရုံသီးကို မီးပုံးဖြစ်အောင် စိတ်ပါဝင်စားစွာနှင့် ခွဲစိတ်ဖြတ်တောက်နေ





ကြတော့သည်။ အင်ဂျယ်လာကလည်း ဝင်၍ ကူညီသည်။

များမကြာမီ ရောဘတ်စကာလီထံမှ တယ်လီဖုန်း ပြန်ဆက်သွယ် လာသည်။

"သတင်းကတော့ မကောင်းလှဘူးကွာ။ ဂလိုရီယာက ပင်တဂွန်ကိစ္စ ကို မကူညီနိုင်ရှာဘူး။ ဒါပေမယ့် ကိုယ်က အခြေခံ အချက်အလက် အချို့ကိုတော့ ရှာဖွေရရှိထားပါတယ်။ ကိုယ်က အဲဒီ အချက်အလက်တွေ ကို ငွေရေးကြေးရေးဆိုင်ရာ အချက်အလက်တွေနဲ့ တွဲပြီး ပို့ပေးလိုက်မယ်။ ကဲ မင်းရဲ့ ဖက်စ်နံပါတ် ပေးပါဦး"

"ကျွန်မတို့မှာ ဖက်စ် မရှိပါဘူးရှင်"

အင်ဂျယ်လာက (၉၀) ပြည့်နှစ်မှ လူနေမှုစနစ်ကို အမီမလိုက်နိုင် မှုကြောင့် အပြစ်ရှိသလို ခံစားလိုက်ရသည်။

"ဒါပေမယ့် မင်းတို့ ကွန်ပျူတာမှာ ကြားခံပစ္စည်း (modem) တော့ ရှိမှာပေါ့ကွာ"

အင်ဂျယ်လာက ဝန်ခံလိုက်၏။

"ကျွန်မတို့မှာ နစ်ကီ ဗီဒီယိုဂိမ်း ကစားတဲ့ စက်ကလေးတစ်လုံး ရှိ တာကလွဲလို့ ကွန်ပျူတာလည်း မရှိပါဘူးရှင်။ ဒါပေမယ့် အဲဒီပစ္စည်းတွေ ကို လာယူဖို့ နည်းလမ်း ရှာပါဦးမယ်။ ခုလောလောဆယ်မှာတော့ ဗန်ဆ လိုက်က ဘာဖြစ်လို့ ရေတပ်ထဲမှာ (၂၁) လပဲ အမှုထမ်းခဲ့တယ်ဆိုတာကို ရှင် ပြောပြပေးပါလား"

ရောဘတ်စကာလီက စာရွက်များကို လှန်လှောရှာဖွေပြီး ဖြေလိုက် ၏။

"ဟောဒီမှာ တွေ့ပြီ၊ ဗန်ဆလိုက်ကို ကျန်းမာရေးအတွက် ထွက်ခွင့် ပြုလိုက်တာ"

"ဘာကိစ္စအတွက်လို့ ရေးထားသလား"

ရောဘတ်က ဖြေသည်။

"အဲဒါတော့ မပါဘူး၊ ဒါပေမယ့် စိတ်ဝင်စားစရာ အချက်ကိုတော့ တွေ့နေရတယ်။ ဒီမှတ်တမ်းအရ ဗန်ဆလိုက်ဟာ ကွန်နက်တီကပ်ပြည် နယ်၊ နယူးလန်ဒန်မှာရှိတဲ့ ရေငုပ်သင်္ဘောကျောင်းကို သင်တန်းသွားတက် ခဲ့တယ်။ ပြီးတော့ သူက အဏုမြူစွမ်းအင်ကျောင်းကိုလည်း သွားတက်ခဲ့ သေးတယ်။ သူက ရေငုပ်သင်္ဘောက သင်္ဘောသားတစ်ယောက်ပဲ"

အင်ဂျယ်လာက ပြန်မေးသည်။

"ဘာဖြစ်လို့ အဲဒါက စိတ်ဝင်စားစရာ ကောင်းနေတာလဲ"

"လူတိုင်း ရေငုပ်သင်္ဘောက သင်္ဘောသား မဖြစ်နိုင်ဘူးလေ။ ပြီးတော့လည်း သူ့ကို ဂူအမ်ကျွန်းနံဘေးမှာရှိတဲ့ ယူအက်စ်အက်စ် ကမီ ဟာမီရာ ရေငုပ်သင်္ဘောပေါ်မှာ တာဝန်ချထားတယ်တဲ့"

အင်ဂျယ်လာက မေးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလိုက်ပ်ဒီဗွန်ရှိုင်းယားကရော ရေတပ်ထဲမှာ ဘာတာဝန်ကျသလဲ"

တစ်ဖက်မှ စာရွက်လှန်သံကို ကြားနေရသည်။

"သူကတော့ ရေတပ်သားပါပဲ။ ဒါပေမယ့် တိုက်ဆိုင်တာ တစ်ခုကို တွေ့နေရပြန်တယ်။ သူလည်း ကျန်းမာရေးကြောင့် ထွက်ခဲ့ရတယ်တဲ့။ သူက ပုဗိပ်းမှုကြောင့် အလုပ်ကြမ်းနဲ့ ထောင်ကျခဲ့ရပြီး နောက်ပိုင်းမှာ တခြား ကိစ္စနဲ့ပဲ ထွက်ရလိမ့်မယ်လို့ ထင်ခဲ့မိတာ"

"အဲဒါက ကျွန်မအဖို့တော့ ဗန်ဆလိုက် ရေငုပ်သင်္ဘောသင်တန်းကျောင်းကို သွားတက်ခဲ့တယ်ဆိုတာထက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းသေးတယ်"

အင်ဂျယ်လာက ရောဘတ်စကာလီကို ကျေးဇူးတင်စကား ပြောပြီးနောက် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ အင်ဂျယ်လာက မီးဖိုချောင်ထဲသို့ ပြန်သွားပြီး ရောဘတ်စကာလီထံတွင် သူ လိုချင်သော အခြားအချက်အလက်များ နောက်ထပ် ရှိနေပြီဖြစ်ကြောင်း ပြောပြလိုက်၏။ ထို့အပြင် သူသိလိုက်ရသော ဒီဗွန်ရှိုင်းယားနှင့် ဗန်ဆလိုက်တို့ အကြောင်းကိုလည်း ပြောပြလိုက်သည်။

"သူတို့နှစ်ယောက်စလုံး ကျန်းမာရေးကြောင့် ထွက်ခဲ့ကြရတာကိုး"

ဒေးဗစ်က ပြောလိုက်သော်လည်း သူ့စိတ်က ပျံ့လွင့်နေပုံရသည်။ ဒေးဗစ်နှင့် နစ်ကီသည် နောက်ဘက်သို့ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်ကြပြီး သူတို့လက်ရာကို တစိမ့်စိမ့် ကြည့်နေကြသည်။ ဒေးဗစ်က နစ်ကီ့ကို မေးလိုက်၏။

"ဘယ့်နှယ်လဲဟေ့"

နစ်ကီက ဖြေလိုက်သည်။

"သိပ်ကောင်းတာပဲ။ အဲဒီအထဲမှာ ဖယောင်းတိုင် ထည့်ထွန်းလို့ရမလား"

ဒေးဗစ်က ဖြေသည်။

"သိပ်ရတာပေါ့"

အင်ဂျယ်လာက မေးလိုက်၏။

"ဒေးဗစ်၊ ကျွန်မ ပြောတာကို ရှင် ကြားရဲ့လား"

"ကြားပါတယ်ကွ"

ဒေးဗစ်က နစ်ကီ့ထံ ဖယောင်းတိုင်တစ်တိုင်ကို လှမ်းပေးလိုက်သည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ဘာကိစ္စတွေအတွက် ကျန်းမာရေးကို အကြောင်းပြုပြီး ထွက်ခဲ့ကြရတယ်ဆိုတာ ကျွန်မတို့ သိချင်တယ်"

ဒေးဗစ်က ပြောလိုက်၏။

"ဘယ်လိုနည်းနဲ့ သိနိုင်တယ်ဆိုတာ ကိုယ် သိပါတယ်။ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့မှာ ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို သူတို့ရဲ့





အချက်အလက်ဘဏ်ထဲက ဆွဲထုတ်ခိုင်းလိုက်ရုံပဲပေါ့။ သူတို့မှာ မှတ်တမ်းတွေ စုပြီးဆောင်းပြီးသား ရှိမှာ သေချာပါတယ်ကွာ"

"သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ၊ ရှင်က ဘယ်သူ့ကို မေးမြန်းသင့်တယ်ဆိုတာ ပြောစမ်းပါဦး"

ဒေးဗစ်က ဖြေလိုက်သည်။

"ကိုယ့်မှာတော့ ဘော့စတွန်မှာ စစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့က မိတ်ဆွေတစ်ယောက် ရှိတယ်"

"အဲဒီ ရှင့်အမျိုးသား မိတ်ဆွေကို အကူအညီတောင်းရင် ရနိုင်မလား"

"သူက အမျိုးသမီးကွ"

ဒေးဗစ်က ဖြေလိုက်ပြီးနောက် နစ်ကီအား ရွှေဖရုံသီးထဲတွင် ဖယောင်းတိုင် စိုက်နိုင်ဖို့ အခွက်ကလေး ပြုလုပ်ရန် လိုအပ်ကြောင်း လှမ်းပြောလိုက်သည်။ နစ်ကီက ရွှေဖရုံသီးထဲတွင် ဖယောင်းတိုင်ကို မတ်မတ်ထောင်နိုင်ခြင်း မရှိသေးပါ။ အင်ဂျယ်လာက မေးလိုက်၏။

"ဒါဖြင့်ရင် ရှင့်မိတ်ဆွေ အမျိုးသမီး ဒေါက်တာက ဘယ်သူလဲ"

"သူက မျက်စိအထူးကု ဆရာဝန်ပါ"

ဒေးဗစ်က နစ်ကီ့ကို ကူလုပ်ပေးရင်း ပြန်ဖြေလိုက်သည်။

"ကျွန်မက သူ့ရဲ့ အထူးပြု ဘာသာရပ်ကို မေးတာ မဟုတ်ဘူး။ ရှင် သူနဲ့ ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ"

"ကိုယ်တို့ ဟိုက်စကူးမှာ အတူတူ ကျောင်းတက်ခဲ့ကြတယ်။ နောက်ဆုံးနှစ်ကျတော့ ဒိတ်လုပ်ပြီး တွဲခဲ့ကြတယ်"

"သူ ဘော့စတွန် တစ်ပိုက်မှာ ရောက်နေတာ ဘယ်လောက် ကြာပြီလဲ။ သူ့နာမည်က ဘယ်သူလဲ"

သဝန်တိုစိတ် ဆိုသည်မှာ အင်ဂျယ်လာ့ထံတွင်လည်း ရှိနေပါသည်။ ဒေးဗစ်က ဖြေလိုက်၏။

"သူ့နာမည်က နီကိုးလမ်စထရွမ်၊ သူ မနှစ်က နှစ်ကုန်ပိုင်းမှာ ဘော့စတွန်ကို ရောက်လာတယ်"

"သူ့နာမည်ကို ရှင် ထုတ်ပြောတာ ကျွန်မ တစ်ခါမှ မကြားဖူးဘူး။ သူ ဘော့စတွန်ကို ရောက်လာတာ ရှင် ဘယ်လိုလုပ် သိသလဲ"

"သူက ကိုယ့်ဆေးရုံကို လှမ်းပြီး တယ်လီဖုန်းဆက်လိုက်တယ်လေ"

နစ်ကီက ဖယောင်းတိုင်ကို ခိုင်အောင် စိုက်လိုက်နိုင်သည့်အခါတွင် ဒေးဗစ်က နစ်ကီ့ ပခုံးကိုပုတ်၍ ချီးကျူးလိုက်၏။ နစ်ကီက မီးခြစ်ကို ပြေးယူသည်။ ဒေးဗစ်က အင်ဂျယ်လာ့ကို အာရုံပြန်စိုက်လိုက်၏။

"ဒီတော့ သူ ဘော့စတွန်ကို ရောက်လာချိန်မှာ ရှင်နဲ့သူ တွေ့ကြသေးတာပေါ့နော်"

"နေ့လယ်စာ တစ်ခါတော့ အတူတူ စားဖြစ်ကြပါတယ်။ ဒါပေမယ့် အဲဒါပါပဲ။ သူက ကိုယ့်အပေါ်မှာ စိတ်ဝင်စားနေပေမယ့် ကိုယ်တို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက် တပ်ပတွေ့ကြရင် ကောင်းမယ်လို့ပဲ ကိုယ်က ပြောခဲ့ပါတယ်။ ကိုယ်တို့ မိတ်ဆွေအဖြစ်နဲ့ပဲ လမ်းခွဲခဲ့ကြပါတယ်"

"တကယ် ပြောတာနော်"

"ဟုတ်ပါတယ်၊ တကယ်ပါ"

"အခု ရှင်က သူ့ဆီမှာ ဘာမပြော ညာမပြော လှမ်းဆက်သွယ်ပြီး အကူအညီတောင်းရင် ရနိုင်ပါ့မလား"

"အမှန်အတိုင်း ပြောရရင် ရမယ် မထင်ဘူး။ ကိုယ်တို့က စစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့မှာ လုပ်နေတဲ့ သူ့အလုပ်အကိုင်ကို အကြောင်းပြု ပြီး အမြတ်ထုတ်ချင်တယ်ဆိုရင် ကိုယ်က သူ့ဆီကို အရောက်သွားနိုင်ဖ ဖြစ်မယ်။ သူ့ကို လျှို့ဝှက်ချက်ကို ချိုးဖောက်ပေးပါလို့ တယ်လီဖုန်းထဲက ပြောဖို့လည်း မကောင်းဘူး။ ပြီးတော့လည်း ဒီဇာတ်ရှုပ်ကြီးကို ကိုယ်တိုင် ကိုယ်ကျ သွားရှင်းပြမှ ပိုကောင်းလိမ့်မယ်"

အင်ဂျယ်လာက မေးလိုက်၏။

"ရှင် ဘယ်တော့သွားမှာလဲ"

"ဒီကနေ့ပဲပေါ့။ သူ ရှိမရှိ ကိုယ်က အရင်ကြိုပြီး ဖုန်းဆက်ရလိ မယ်။ ပြီးမှ ကိုယ်သွားမယ်။ ကိုယ်က အမ်အိုင်တီကိုဝင်ပြီး မင်း လိုချင်တဲ့ စာရွက်တွေကို ရောဘတ်ဆီက ယူခဲ့မယ်လေ။ ကဲ ဘယ်လိုလဲ"

အင်ဂျယ်လာက နှုတ်ခမ်းကို နာနာကိုက်ထားရင်း စဉ်းစားလိုက်၏။ မနာလိုဝန်တိုစိတ် ဖြုန်းခနဲ ပေါ်လာမှုအတွက် သူ အံ့ဩမိသေးသည်။ ဒေးဗစ်တစ်ယောက် မည်ကဲ့သို့ ခံစားခဲ့ရသည်ကို သူ နားလည်လာသည်။

"ကဲ ဆက်လိုက်ပါရှင်"

အင်ဂျယ်လာက ရွှေဖရုံသီးထဲမှ ထွက်လာသော ကလီစာများကို ရှင်းလင်းပစ်နေစဉ် မီသားစု နားနေခန်းထဲမှ တယ်လီဖုန်းဆက်နေသော ဒေးဗစ်၏ အသံကို တစ်ချက်တစ်ချက်တွင် ကြားနေရသည်။ ခဏကြာ သောအခါ ဒေးဗစ် မီးဖိုချောင်ထဲသို့ ပြန်ဝင်လာသည်။

"အားလုံး စီစဉ်ပြီးပြီ၊ ကံကောင်းချင်တော့ သူက သူ့ကိုခေါ်လိုက်ရင် ဆေးရုံကို အချိန်မရွေး သွားဖို့ စောင့်နေရတဲ့အချိန် ဖြစ်နေတယ်"

အင်ဂျယ်လာက မေးလိုက်၏။

"သူက ရွှေဝါရောင် ဆံပင်နဲ့လား"

"အေး ဟုတ်တယ်"

"ကျွန်မက အဲဒါကို စိုးရိမ်နေတာပဲလေ"

နစ်ကီက ဖယောင်းတိုင်ကို ရွှေဖရုံသီးထဲ၌ စိုက်၍ မီးထွန်းပြီးသော အခါ ဒေးဗစ်က ရှေ့ဘက်ဝရန်တာသို့ ယူသွားပြီး နစ်ကီပြသော နေရာ တွင် ထားပေးလိုက်သည်။

ဒေးဗစ်က အဝတ်အစားလဲရန် အပေါ်ထပ်သို့ တက်သွားစဉ် အင် ဂျယ်လာက ရောဘတ်ထံ ဖုန်းဆက်ပြီး ဒေးဗစ် လာမည်ဖြစ်ကြောင်း





အသိပေးလိုက်သည်။ ထို့နောက် အင်ဂျယ်လာက ကော်လ်ဟွန်း၏နေအိမ် သို့ တယ်လီဖုန်း ဆက်ပြန်၏။ နေအိမ်တွင် ကော်လ်ဟွန်း ရှိမနေပါ။

ဒေးဗစ်သည် အပြာရောင် ဘလေဇာ ကုတ်အင်္ကျီနှင့် မီးခိုးရောင် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ပြီး လှေကားပေါ်မှ ဆင်းလာသည်။ သူ အလွန် ကြည့်ကောင်းနေသည်။

"ရှင်က ခုလောက်အထိ ဝတ်စားသွားဖို့ လိုအပ်လို့လား"

"ကိုယ်က စစ်ပြန်စစ်မှုထမ်းဟောင်း ဆေးရုံကို သွားမှာကွ။ ဂျင်း ဘောင်းဘီနဲ့ တီရှပ်နဲ့တော့ မသွားတော့ဘူးပေါ့ကွာ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မ ကော်လ်ဟွန်းကို ဆက်ကြည့်သေးတယ်၊ သူ အိမ်မှာ မရှိဘူး"

"မင်းက ပြန်ထူးတဲ့ စကားပြောစက်ထဲကို ဘာတွေ ပြောထားခဲ့သေးသလဲ"

"မပြောခဲ့ဘူး"

"မင်းက တစ်ခုခုတော့ မှာခဲ့ဖို့ ကောင်းတယ်ကွ"

အင်ဂျယ်လာက မေးလိုက်သည်။

"ဒီကနေ့ညအထိ သူ့ဆီက ဘာသတင်းမှ မရရင် ဘာလုပ်ရမှာလဲ။ ရဲဆီ သွားတိုင်ရမှာလား"

"မပြောတတ်ဘူး၊ ရောဘတ်ဆန်ဆီ သွားဖို့ကိုတော့ ကိုယ် သိပ်စိတ်မပါလှဘူး"

ဒေးဗစ် ကားမောင်းထွက်သွားသည်ကို အင်ဂျယ်လာက လှမ်းကြည့် နေလိုက်ပြီးနောက် သူက နစ်ကီ့ကိုသာ အာရုံစိုက်လိုက်တော့သည်။ ထိုနေ့ အဖို့ နစ်ကီတစ်ယောက် ပျော်ပျော်ရွှင်ရွှင် ရှိနေစေချင်ပါသည်။

※ ※ ※

ရောဘတ်စကာလီကို စပ်စုလိုသောစိတ်က ဒေးဗစ်ကို ဖိစီးထား သောကြောင့် သူက ရောဘတ်စကာလီထံ အရင် ဝင်ရောက်ခဲ့သည်။ ရောဘတ်စကာလီသည် သူ ထင်ထားသလို ခပ်တုံးတုံး ခပ်အအ မဟုတ်ဘဲ အသားညိုညို၊ ရုပ်ချောချောနှင့် အားကစားသမား ပီသသူ ဖြစ်နေသော ကြောင့် သူ စိတ်ဓာတ်ကျဆင်းသွားရသည်။ ပို၍ ဆိုးသည်မှာ ရောဘတ် စကာလီသည် တကယ်ပင် မွန်မွန်ရည်ရည် ရှိသူတစ်ဦး ဖြစ်နေပုံရခြင်းပင် ဖြစ်သည်။

သူတို့နှစ်ယောက် လက်ဆွဲ၍ နှုတ်ဆက်လိုက်ကြ၏။ ရောဘတ်က လည်း ဒေးဗစ်ကို ပြန်အကဲခတ်နေမှန်း သိသာသည်။

ဒေးဗစ်က ကျေးဇူးတင်စကား ပြောလိုက်၏။ ရောဘတ်စကာလီက ထိုကိစ္စမှာ မိတ်ဆွေသူငယ်ချင်းကောင်းတို့၏ တာဝန်ဖြစ်ကြောင်း ပြောပြီး စာရွက်များပါသော စက္ကူသေတ္တာတစ်လုံးကို ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပရောဘတ်က ပြောလိုက်၏။

"ငွေရေးကြေးရေး အခြေအနေနဲ့ ပတ်သက်ပြီး ထပ်ပြောပြသင့်တဲ့ အချက်အလက် အသစ်ကတော့ ဝါနာဗန်ဆလိုက်ဟာ လွန်ခဲ့တဲ့ နှစ်အတွင်းက ဖယ်လ်ဘာနီနဲ့ ဘော့စတွန်ကိုလာပြီး ငွေစာရင်းရှင်အသစ် အတော်များများကို ဖွင့်လှစ်ခဲ့တယ်။ မနေ့တုန်းကတော့ ကျွန်တော်က အကြွေးဝယ်ခွင့် ကတ်ပြားနဲ့ အကြွေးတင်နေခြင်း ရှိမရှိ ဆိုတာကိုသာ ပဲနေခဲ့လို့ အဲဒါကို မတွေ့ခဲ့တာပါ"

ဒေးဗစ်က ပြန်မေးသည်။

"အဲဒါ တော်တော် ထူးဆန်းတာပဲ။ ငွေက တော်တော်များလို့လား"

"စာရင်း တစ်ခုဆီမှာ ဒေါ်လာတစ်သောင်းထက်တော့ နည်းတယ်။ ဒါကလည်း ဒေါ်လာတစ်သောင်းထက် ပိုတဲ့ ငွေပမာဏဆိုရင် သတင်းပို့ရမယ်ဆိုတဲ့ ဘဏ်ဥပဒေကြောင့်ပဲနဲ့ တူတယ်"

"ဘာပဲဖြစ်ဖြစ်၊ ဆေးရုံတစ်ရုံရဲ့ ပြုပြင်ထိန်းသိမ်းရေးနဲ့ အင်ဂျင်နီယာဌာနက လူတစ်ယောက်အနေနဲ့ တော်တော်များတဲ့ ငွေပမာဏပဲ"

ရောဘတ်စကာလီက ပြောလိုက်၏။

"ခုခေတ်မှာတော့ ဒီလူဟာ မူးယစ်ဆေးဝါး ရောင်းဝယ်နေလို့ပဲ ဖြစ်ရမယ်။ ဒါပေမယ့် မူးယစ်ဆေးဝါး ရောင်းဝယ်နေတယ် ဆိုရင်လည်း ဒီငွေတွေကို ဘဏ်မှာ ဘယ်အပ်နှံပါ့မလဲ"

ဒေးဗစ်က ပြောလိုက်သည်။

"ကျွန်တော် ကြားတာကတော့ ဟိုက်စကူးတွေမှာ ဆေးခြောက်ကို လွယ်လွယ်ကူကူနဲ့ ဝယ်ရနေတယ်ဆိုပဲ"

"ဒါပဲပေါ့ဗျာ၊ ခင်ဗျားနဲ့ အင်ဂျယ်လာက ဘာပြဿနာကိုပဲ ဖြေရှင်းဖြေရှင်း အမေရိကမှာ မူးယစ်ဆေးဝါး ပပျောက်စေရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ခဲ့ကြတယ်လို့ ဆိုရမှာပေါ့။ ကဲပါလေ ခင်ဗျားတို့ နောက်တစ်ခါ ကင်းဘရစ်ချ်ကို လာခဲ့မယ်ဆိုရင် ကျုပ်ကို အသိပေးပါဗျာ။ ကျုပ် ဒကာခံပါရစေ"

နောက် မိနစ်နှစ်ဆယ် ကြာသောအခါ ဒေးဗစ်သည် စစ်ပြန် စစ်မှုထမ်းဟောင်း ဆေးရုံသို့ ရောက်ရှိသွားတော့သည်။ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် လမ်းပေါ်၌ မော်တော်ကား အသွားအလာ ကျဲပါသည်။

ဆေးရုံထဲသို့ ဝင်သွားချိန်တွင် အနေဝေးပါက သွေးအေးသွားတတ်ကြောင်း သူ တွေးလိုက်မိတော့သည်။ သူနှင့် နီကိုးလမ်စထရွမ်တို့သည် တစ်နှစ်ခန့် ဒိတ်လုပ်ပြီး တွဲသွားတွဲလာ လုပ်ခဲ့ကြသည်။ သို့ရာတွင် ဟိုက်စကူးမှ အောင်မြင်ပြီးသောအခါ နီကိုးသည် ကောလိပ်ဆက်တက်ရန် အနောက်ဘက်ကမ်းခြေသို့ ပြောင်းရွှေ့သွားတော့သည်။ နီကိုးသည် ဆေးကျောင်းသို့ ဆက်တက်ပြီး အလုပ်သင်ဆရာဝန် ဖြစ်သွားသည်။

တစ်ချိန်တွင် နီကိုးလ်လမ်စထရွမ်သည် အိမ်ထောင်ကျသွားပြီဖြစ်





ကြောင်း မိတ်ဆွေများမှတစ်ဆင့် ဒေးဗစ် ကြားလိုက်ရ၏။ ယမန်နှစ်က နီကိုးလ်စထရွမ်က ဒေးဗစ်ကို ဆက်သွယ်လာသောအခါ နီကိုးသည် သူ့ခင်ပွန်းနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သိရတော့သည်။

ဒေးဗစ်က နီကိုးလမ်စထရွမ်ကို လိုက်လံရှာဖွေသော ကီရိယာ (PAGER) မှတစ်ဆင့် ရှာခိုင်းလိုက်ပြီး ဧည့်ခန်းထဲက စောင့်နေလိုက်သည်။ သူတို့နှစ်ယောက် ပြန်ဆုံကြသောအခါ ရှက်တက်တက် အမ်းတမ်းတမ်း ဖြစ်နေကြသည်။ သို့ရာတွင် နီကိုး၏ ဘဝ၌ ချစ်သူအသစ်တစ်ယောက် နောက်ထပ် ရရှိနေပြီ ဖြစ်ကြောင်း ဒေးဗစ် သိလိုက်ရသည့်အခါ ကျေနပ်ပြီး နေသာထိုင်သာ ရှိသွားတော့သည်။

သူတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်အောင် နီကိုးက ဒေးဗစ်ကို ဆရာဝန်များ၏ ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ ဤတွင် ဒေးဗစ်က သူနှင့် အင်ဂျယ်လာတို့၏ အဖြစ်ဆိုးကို ရှင်းပြလိုက်သည်။ ဒေးဗစ်က ၎င်း၏ လိုအင်ကိုလည်း ပြောပြလိုက်၏။

နီကိုးက ထိုကိစ္စကို နှစ်ကိုယ်ကြားအဖြစ်သာ ထားရှိရန်နှင့် ယခုကိစ္စတွင် တစ်ဦးတစ်ယောက်က လူနာများကို လိုက်သတ်နေသည်ဆိုပါက ယခုကိစ္စကို ကူညီဆောင်ရွက်ပေးထိုက်သည်ဟု သူ ထင်ကြောင်း ပြန်ပြောလိုက်သည်။

ဤတွင် ဒေးဗစ်က စစ်တပ်ထဲတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဆေးမင်ကြောင်ထိုးထားသူ ငါးဦး၏ အမည်စာရင်းကို ပေးလိုက်၏။

နီကိုးသည် လူမှုဖူလုံရေးနံပါတ်နှင့် မွေးသက္ကရာဇ်များကို အသုံးပြုပြီး ကိုယ်ပိုင်နံပါတ်များကို ပထမဦးစွာ ရှာဖွေလိုက်သည်။ ထို့နောက် ကိုယ်ပိုင်နံပါတ်များကို အသုံးပြု၍ တစ်ဦးချင်း၏ စစ်သက်မှတ်တမ်းများကို ခေါ်ကြည့်လိုက်၏။ ဤတွင် အံ့အားသင့်စရာ တစ်ခုကို ချက်ချင်းတွေ့ရလေတော့သည်။ ဂျိုးဖော့ဘ်နှင့် ပီတာအူးဟော့ဖ်တို့သည်လည်း ဆေးမှတ်တမ်းအရ စစ်တပ်မှ ထွက်ခဲ့ရသူများပင် ဖြစ်နေကြသည်။ တစ်ယောက်က ခါးရိုးနာမှုကြောင့် ထွက်ခဲ့ရပြီး တစ်ယောက်က ပရိုစတိတ်ဂလင်း ဒုက္ခပေးမှုကြောင့် ထွက်ခဲ့ရခြင်း ဖြစ်သည်။

ဗန်ဆလိုက်နှင့် ဒီဗွန်ရှိုင်းယားတို့၏ နုတ်ထွက်ရမှုများကမူ ထိုကဲ့သို့ မရှင်းလင်းလှချေ။ ဗန်ဆလိုက်၏ ကိစ္စက အရှုပ်ထွေးဆုံး ဖြစ်သည်။ နီကိုးသည် စာမျက်နှာပေါင်း များစွာကို ကွန်ပျူတာဖန်သား မျက်နှာပြင်ပေါ်တွင် ဆက်တိုက် ခေါ်ယူပြီး ရှာဖွေ ဖတ်ရှုခဲ့ရလေသည်။ ဗန်ဆလိုက်သည် "ဖိစီးမှုကို ခံရသည့်အခါ စိတ်ကစဉ့်ကလျား ဖြစ်မှုက စေ့ဆော်သော ယုံမှားလွန် အခြေအနေ၌ အလွန် ကြမ်းတမ်းသော စိတ်ရောဂါဖြစ်ပေါ်သူ"ဟု စိတ်ရောဂါကု ဆရာဝန်၏ မှတ်ချက်အရ တပ်မှထွက်ခဲ့ရခြင်း ဖြစ်သည်။ ဒေးဗစ်က ပြောလိုက်၏။

"မြတ်စွာဘုရား၊ ကိုယ်က အဲဒါကို လုံးဝမှတ်မိစေ့ နားမလည်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


ပါ၊ကရော ဘယ်လိုလဲ"

"ကျွန်မက ပျက်စီးအထူးကု ဆရာဝန်တစ်ယောက်ပါ။ ဒါပေမယ့် ကျွန်မ နားလည်သလို ပြောရရင်တော့ ဒီပုဂ္ဂိုလ်ဟာ အလွန်ကြမ်းတမ်းသော စိတ်ကစဉ့်ကလျား ရောဂါဝေဒနာရှင်လို့ ဘာသာပြန်ရလိမ့်မယ်"

"ဒါဆိုရင် မင်းက ကိုယ့်ထက် အများကြီး ပိုနားလည်တာပဲ"

"ကျွန်မက တစ်ချိန်တုန်းက စိတ်ပညာကို စိတ်ဝင်စားခဲ့လို့ပါ။ ဒီဗန်ဆလိုက်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဝေးဝေးက ရှောင်သင့်တဲ့ ပုဂ္ဂိုလ်မျိုးပဲ။ ဒါပေမယ့် သူက စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ဒီလောက်တောင် ချွတ်ယွင်းနေပါရက်နဲ့ သူက အဏုမြူစွမ်းအင်ကျောင်းမှာ သင်တန်းတက်ခဲ့ရသေးတယ်နော်"

နီကိုးက စာမျက်နှာများကို ဆက်ခေါ်ပြီး ဆက်ဖတ်နေသည်။ ဒေးဗစ်ကလည်း နီကိုး၏ ပခုံးပေါ်မှ ကျော်၍ လိုက်ဖတ်နေသည်။ ဒေးဗစ်က-

"ခဏ နေပါဦး"

ဟု ပြောလိုက်၏။ သူက အဏုမြူ ရေငုပ်သင်္ဘောပေါ်တွင် ကင်းလှည့်ထွက်ခဲ့စဉ်က ဗန်ဆလိုက် စိတ်ဖောက်ပြန်မှု ဖြစ်ပွားခဲ့ပုံကို ရေးသားထားသော စာပိုဒ်များကို လက်နှင့် ထောက်ပြလိုက်သည်။ ထိုစဉ်က ဗန်ဆလိုက်သည် အင်ဂျင်နီယာဌာနရှိ အဏုမြူ စွမ်းအင်အကြောင်း လေ့ကျင့်ထားသော စက်ပြင်ဆရာ၏ လက်ထောက်အဖြစ် ဆောင်ရွက်နေချိန် ဖြစ်သည်။ ဒေးဗစ်က အသံထွက်၍ ဖတ်လိုက်သည်။

"ကင်းလှည့်ထွက်စဉ် ပထမပိုင်းတွင် လူနာ၏ အကြမ်းဖက်တတ်သော စိတ်ရောဂါသည် သိသာထင်ရှားလာသည် သာမက ပို၍ပို၍ပင် ဆိုးရွားလာသည်။ သူသည် သူ့ကိုယ်သူ စိတ်ကြီး ဝင်လာပုံရသည်။ ထိုမှ တစ်ဆင့်တက်၍ သူသည် ဆုံးဖြတ်မှုများ မှားယွင်းလာသလို ရန်လိုသည့် စိတ်ထားများလည်း ဝင်လာသည်။ အကြမ်းဖက်လိုမှုကို ပြလာသည်။ နောက်ဆုံးတွင် သင်္ဘောသားများက သူ့ကို ဝိုင်းဝန်း၍ နောက်ကြပြောင်ကြသည်။ ဤတွင် ကွန်ပျူတာစက်များနှင့် ဓာတ်ရောင်ခြည်များက သူ့ကို ခိုင်းစေလာကြသည်ဆိုသော စိတ်မျိုးဝင်လာတော့သည်။ သူ့ စိတ်ဝေဒနာသည် အမြင့်ဆုံးသို့ ရောက်ရှိသွားချိန်တွင် သူက မာလိန်မှူးကို ရန်မူသောကြောင့် ချုပ်နှောင်ထားရလေတော့သည်"

"မြတ်စွာဘုရား၊ ကျွန်မ သူ့ကို ဆေးခန်းထဲမှာ မဆုံစည်းပါရစေနဲ့လို့ ဆုတောင်းပါတယ်"

ဒေးဗစ် ပြောလိုက်၏။

"သူက အခု ရေးထားသလောက်တော့ မဆိုးရွားပါဘူးလေ။ သူနဲ့ ကိုယ် သုံးလေးခါ စကားပြောဖူးပါတယ်။ သူက လူတွေနဲ့ မဆက်ဆံဘူး၊ ပရင်းနှီးဘူး၊ ဒါပေမယ့် သူ့အလုပ်ကိုတော့ သူ ပြီးအောင် လုပ်တယ်"

"သူက လူသားချိန်ကိုက်ဗုံးကြီး တစ်လုံးပဲ"





"အဏုမြူ ရေငုပ်သင်္ဘောပေါ်မှာ နေခဲ့ရတဲ့ လူတစ်ယောက်၊ သူ့ကို ဓာတ်ရောင်ခြည်သင့်နေတယ်လို့ စိတ်စွဲလမ်းနေတာဟာ သိပ်ရူးတယ်လို့ မဆိုနိုင်ပါဘူး။ တကယ်လို့ ကိုယ်လည်း အဏုမြူရေငုပ်သင်္ဘောပေါ်မှာ နေခဲ့ရမယ်ဆိုရင် အဏုမြူဓာတ်ပေါင်းဖိုနဲ့ နီးနီးကပ်ကပ် နေနေရတယ်ဆိုတာကို သိရတဲ့အတွက် ကိုယ်လည်း ရူးချင်ရူးသွားမှာပါ"

နီကိုးက ပြောလိုက်ပြန်၏။

"ဟောဒီမှာ သူ့သမိုင်းကြောင်းတွေ ရှိသေးတယ်။ ဗန်ဆလိုက်သည် တစ်ကိုယ်တည်း နေတတ်သူ ဖြစ်သည်။ သူ့ကို မွေးမြူခဲ့သော ဖခင်သည် အင်မတန် ရန်လိုသည့် အရက်သမားတစ်ဦး ဖြစ်သည်။ သူ့မိခင်မှာ အလွန် ကြောက်တတ်သူဖြစ်ပြီး ခင်ပွန်း ခိုင်းသမျှကို တစ်သဝေမတိမ်း လိုက်လုပ်ပေးလေ့ရှိသူ ဖြစ်သည်။ သူ့မိခင်၏ အပျိုဘဝက နာမည်မှာ ထရေနာ ဖြစ်သည်"

"အဲဒီ ဇာတ်ကြောင်းကိုတော့ ကိုယ်လည်း သိပြီးပါပြီ၊ ဒီငတိရဲ့ ဦးလေး ဟာရီးထရေနာဟာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌပဲ"

"ဟောဒီမှာ စိတ်ဝင်စားစရာကလေးတွေ ရှိသေးတယ်"

နီကိုးက ပြောလိုက်ပြီးနောက် အသံထွက်၍ ဖတ်ပြလိုက်ပြန်၏။

"လူနာသည် အကြီးအကဲ တစ်ယောက်ယောက်ကို အလွန်ပင် ကြည်ညိုလေးစားဟန် ပြတတ်သည်။ ထို့နောက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မပြောပလောက်သော အချက်ကလေး တစ်ချက်နှင့်ပင် ထို ပုဂ္ဂိုလ်များကို ပြန်လှန်၍ တော်လှန် ပုန်ကန်တတ်သည်။ ထိုကဲ့သို့သော အပြုအမူ ပုံစံမျိုးသည် တပ်ထဲသို့ မဝင်မီနှင့် ရေတပ်ထဲ၌ ရှိနေစဉ် ဖြစ်ပေါ်ခဲ့လေသည်"

နီကိုးက ဒေးဗစ်ကို မော့ကြည့်လိုက်၏။

"ကျွန်မကတော့ သူ့ဆရာသမား မဖြစ်ချင်ဘူး"

သူတို့က ဒီဗွန်ရှိုင်းယားအကြောင်း ဆက်ဖတ်လိုက်သောအခါ အချက်အလက် အနည်းငယ်ကိုသာ ဖတ်ကြရသည်။ သို့ရာတွင် ဗန်ဆလိုက်နှင့် ယှဉ်လိုက်သောအခါ ပို၍ပင် စိတ်ဝင်စားစရာ ကောင်းပြီး ပို၍ပင် ထူးခြားနေသည်ကို တွေ့ကြရသည်။

"ကလိုက်ဒ်ဒီဗွန်ရှိုင်းယားသည် လိင်မှုတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် ဆန်ဖိုင်ဂိုတွင် သုံးလေးကြိမ် ဆေးကုသမှု ခံခဲ့ရသည်။ သူသည် ဘီအမျိုးအစား အသည်းရောင် အသားဝါရောဂါ ဖြစ်ခဲ့ဖူးသေးသည်။ နောက်ဆုံးတွင် သူသည် အိပ်ချ်အိုင်ဗွီရောဂါပိုး အမှန်တကယ် ရှိနေသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရတော့သည်"

"အဲဒါက သိပ်ကို အရေးပါတယ်၊ ကလိုဒ်ဒီဗွန်ရှိုင်းယား[illegible]သေနိုင်လောက်တဲ့ ရောဂါကြီး ရှိနေတယ် ဆိုတာက တကယ့် [illegible] ဖြစ်နိုင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်က ပြောလိုက်၏။ နီကိုးကလည်း ပြန်ပြောလိုက်သည်။

"ကျွန်မကလည်း ရှင်တို့ကို ကူညီနိုင်ပါစေလို့ ဆုတောင်းပါတယ်"

ဒေးဗစ်က မေးလိုက်၏။

"ကိုယ် အဲဒီမှတ်တမ်းတွေရဲ့ ကော်ပီတွေ ရနိုင်မလားဟင်"

နီကိုးက ပြောလိုက်၏။

"အဲဒါဆိုရင်တော့ အချိန်တော်တော် ကြာလိမ့်မယ်၊ ဆေးမှတ်တမ်းဌာနကို တနင်္ဂနွေနေ့မှာ ပိတ်တယ်။ ကျွန်မက ပရင်တာတစ်လုံးကို သုံးခွင့်ရအောင် လိုက်ရှာရဦးမယ်"

ဒေးဗစ်က ဖြေလိုက်သည်။

"ကိုယ် စောင့်ပါ့မယ်၊ ဒါပေမယ့် ကိုယ် တယ်လီဖုန်း အရင် ဆက်လိုက်ချင်သေးတယ်"

❈ ❈ ❈

အတော် ခပ်ကြာကြာ ဆူဆူဆောင့်ဆောင့်နှင့် မျက်ရည် အနည်းငယ်ကျခဲ့ရပြီးမှ နစ်ကီအနေနှင့် ထိုအရပ်ဒေသ၌ လျှောက်၍ လည်ပတ်ခြင်းသည် သူ့အတွက် ကောင်းကျိုးဖြစ်စေမည် မဟုတ်ဆိုသော အချက်ကို လက်ခံလိုက်ရတော့သည်။

ထိုနေ့သည် လင်းလင်းကျင်းကျင်းနှင့် စတင်ခဲ့သော်လည်း ယခုအခါတွင် မည်းမှောင်စ ပြုလာလေပြီ။ မိုးရွာချမည့် တကဲကဲလည်း ဖြစ်နေလေပြီ။ သို့ရာတွင် နစ်ကီသည် အလွန် ကြောက်လန့်စရာကောင်းသော ဝတ်စုံကို ဝတ်ဆင်ထားဆဲပင် ဖြစ်သည်။ တံခါးဝသို့ ရောက်ရှိလာသော ကလေး အနည်းငယ်ကို ထိတ်လန့်သွားအောင် ခြောက်လိုက်ရသည့်အတွက် သူ အရမ်း ပျော်ရွှင်နေသည်။

အင်ဂျယ်လာက နစ်ကီ၏ ဝတ်စုံကို မကြိုက်သော်လည်း မပြောဖြစ်အောင် သူ့နှုတ်ကို သူ ထိန်းထားသည်။ နစ်ကီ၏ ပျော်ရွှင်မှု လျော့ပါးသွားအောင် သူ မလုပ်လိုပါ။

နစ်ကီက လာရောက် နောက်ပြောင်ကြမည့် ကလေးများအား တံခါးပေါက်ဝမှ စောင့်နေစဉ် အင်ဂျယ်လာက ကော်လ်ဟွန်းထံ နောက်တစ်ကြိမ် ထပ်၍ ဖုန်းဆက်လိုက်ပြန်၏။ လူကိုယ်စား ပြန်အဖြေပေးသော စက်နှင့်သာ တိုးပြန်သည်။ ထိုနေ့ မွန်းလွဲ အစောပိုင်းတွင် ဒေးဗစ်က အကြံပေးသကဲ့သို့ အင်ဂျယ်လာက ပြန်ဆက်သွယ်ရန် မှာထားခဲ့သော်လည်း ကော်လ်ဟွန်းက ပြန်လည်၍ ဆက်သွယ်လာခြင်း မရှိပါ။ အင်ဂျယ်လာ စိတ်ပူစပြုလေပြီ။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်၌ အုံ့မှိုင်းနေမှုကို မြင်ရပြန်သောကြောင့် ဒေးဗစ်ကို စိတ်ပူရပြန်၏။ လွန်ခဲ့သော သုံးလေးနာရီက ဒေးဗစ်က ဖုန်းဆက်၍ သူ မျှော်လင့်ထားသည်ထက် ပို၍ နောက်ကျမည်ဖြစ်ကြောင်း ကြိုပြောထားပြီး ဖြစ်သော်လည်း ယခုအချိန်လောက်တွင် ဒေးဗစ် အိမ်ပြန်ရောက်သင့်ပြီဟု သူ ထင်သည်။



နောက်နာရီဝက်ကြာသောအခါ နစ်ကီက စောင့်နေသည့် အလုပ်ကို လက်လျှော့ရန် ဆုံးဖြတ်လိုက်တော့သည်။ ပို၍ပို၍ မှောင်လာပြီ ဖြစ်သလို လာရောက် နောက်ပြောင်ကြမည့် ကလေးများအတွက် အချိန်နောက်ကျနေပြီ ဖြစ်သည်။ အချိန် အတော်ကြာသည်အထိ မည်သူမျှရောက်လာခြင်း မရှိပါ။

အင်ဂျယ်လာသည် ညစာအတွက် စတင် ပြင်ဆင်ရန် စဉ်းစားလိုက်ချိန်တွင် အိမ်ရှေ့တံခါးမှ လူခေါ် သံစုံခေါင်းလောင်းက မြည်လာသည်။ ထိုအချိန်တွင် နစ်ကီက ရေချိုးရန် အိမ်ပေါ်ထပ်သို့ တက်သွားခဲ့လေပြီ။ ထို့ကြောင့် အင်ဂျယ်လာက တံခါးဆီသို့ သွားရတော့သည်။

အင်ဂျယ်လာသည် အပြင်ဘက် လမ်းကြားထဲရှိ စားပွဲနံဘေးမှ ဖြတ်သွားရသောကြောင့် ချောကလက်များ ထည့်ထားသော ဖန်ဇလုံကြီးကို ကောက်ယူလိုက်၏။ နံဘေးဘက်ရှိ ပြတင်းပေါက်မှန်မှတစ်ဆင့် ပုတ်သင်ညို ဦးခေါင်းနှင့် ပုဂ္ဂိုလ်တစ်ယောက်ကို အင်ဂျယ်လာ ဖျတ်ခနဲ မြင်လိုက်ရသည်။

အင်ဂျယ်လာက သော့ကို ဖွင့်လိုက်ပြီးနောက် တံခါးရွက်ကို ဖွင့်လိုက်ပြီး အလွန် ကြည့်ကောင်းသော ဝတ်စုံဖြစ်ကြောင်း ချီးမွမ်းရန် ဟန်ပြင်လိုက်ပြီးမှ ထိုပုဂ္ဂိုလ်နှင့်အတူ ကလေးတစ်ယောက်ယောက် ပါမလာကြောင်း သတိပြုလိုက်မိတော့သည်။

အင်ဂျယ်လာက မလှုပ်ရှားနိုင်ခင် ထိုပုဂ္ဂိုလ်က အိမ်ထဲသို့ ခုန်ဝင်လာသည်။ ထိုသူက အင်ဂျယ်လာ၏ လည်ပင်းကို ဘယ်ဘက်လက်မောင်းနဲ့ ဆွဲညှပ်ထားလိုက်ပြီးနောက် မလှုပ်နိုင်အောင် ထိန်းချုပ်ထားလိုက်လေ၏။ လက်အိတ်စွပ်ထားသော သူ့ညာလက်က အင်ဂျယ်လာ မအော်နိုင်အောင် ပါးစပ်ကိုရိုက်၍ ဖိထားလိုက်၏။ အိမ်ရှေ့ အခန်းငယ်ထဲမှ ကျောက်ဖြူသား ကြမ်းပြင်ပေါ်သို့ အင်ဂျယ်လာ့ လက်ထဲမှ ဖန်ဇလုံကြီး လွတ်ကျသွားရာ အစိတ်စိတ်အမြွာမြွာ ကွဲသွားတော့သည်။ ထိုပုဂ္ဂိုလ်ထံမှ လွတ်အောင် အင်ဂျယ်လာ ရုန်းနေသော်လည်း အချည်းနှီးသာ ဖြစ်နေသည်။ ထိုပုဂ္ဂိုလ်သည် အလွန် သန်စွမ်းပြီး ပြုတ်တူနှင့် ညှပ်ထားသလို ဆုပ်ကိုင်ထားသည်။ အင်ဂျယ်လာ့ထံမှ မပီမသ ဟူးဟူးဝါးဝါး အသံများသာ ပေါ်ထွက်လာသည်။

"ပါးစပ်ပိတ်မထားရင် မင်းကို ငါ သတ်ပစ်လိုက်မယ်"

ထိုပုဂ္ဂိုလ်က အက်ကွဲကွဲ ရှတတ လေသံကလေးနှင့် ပြောလိုက်၏။ ထိုသူက အင်ဂျယ်လာ၏ ဦးခေါင်းကို ကြောက်စရာကောင်းလောက်အောင် ခါယမ်းပစ်လိုက်သည်။ အင်ဂျယ်လာ၏ ကျောကုန်းတစ်လျှောက်တွင် စူးခနဲ နာကျင်သွားသည်။ အင်ဂျယ်လာ ဆက်မရုန်းတော့ပါ။

ထိုပုဂ္ဂိုလ်က အခန်းပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ မီးဖိုချောင်ဘက်သို့လည်း စင်္ကြံလမ်းမှတစ်ဆင့် အာရုံစိုက်၍ လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မင်းယောက်ျား ဘယ်မှာလဲ"

အင်ဂျယ်လာ မတုံ့ပြန်နိုင်ပါ။ အင်ဂျယ်လာသည် သတိလစ်သွားတော့မလိုလို မူးတူးတူး ရီဝေဝေ ဖြစ်လာသည်။ ထိုလူက ခပ်မာမာ ပြောလိုက်၏။

"မင်းကို ငါ လွှတ်ပေးလိုက်မယ်။ မင်းက အော်မယ်၊ ဟစ်မယ်ဆိုရင်တော့ ငါ မင်းကို သေနတ်နဲ့ ပစ်မယ်။ နားလည်တယ် မဟုတ်လား"

ထိုသူက အင်ဂျယ်လာ၏ ဦးခေါင်းကို နောက်တစ်ကြိမ် ခါယမ်းလိုက်ပြန်ရာ မျက်ရည်များ လည်လာသည်အထိ နာကျင်သွားပြန်၏။

ကတိပေးထားသည့်အတိုင်း ထိုပုဂ္ဂိုလ်က အင်ဂျယ်လာကို လွှတ်ပေးလိုက်၏။ အင်ဂျယ်လာသည် နောက်ဘက်သို့ ခြေတစ်လှမ်း ယိုင်သွားသော်လည်း ပြန်ထိန်းလိုက်နိုင်သည်။ အင်ဂျယ်လာ အရမ်း ရင်ခုန်နေသည်။ နစ်ကီသည် အပေါ်ထပ်ရှိ ရေချိုးသော ကြွေဇလုံကြီးထဲ၌ ရှိနေကြောင်း အင်ဂျယ်လာ သိသည်။ ကံဆိုးချင်တော့ ရပ်စတီသည် နောက်ဖေးဘက်က စပါးကျီ ဂိုဒေါင်ထဲတွင် ရှိနေသည်။ ရပ်စတီသည် နောက်ပြောင်ရန် လာသူများကို လိုက်ရန်မူနေသောကြောင့် လှောင်ထားရခြင်းဖြစ်သည်။

အင်ဂျယ်လာက ရန်မူသူကို ကြည့်လိုက်၏။ ထိုပုဂ္ဂိုလ်၏ ပုတ်သင်ညို ဦးခေါင်းက အလွန် ရုပ်ဆိုးသည်။ အကြေးခွံများကမူ တကယ့် အစစ်နှင့်မခြား တူနေသည်။ အင်ဂျယ်လာက သူ ဘာဆက်လုပ်သင့်သနည်း။ သူ ဘာလုပ်ရမည်နည်းဟု ကြိုးစား၍ စဉ်းစားလိုက်၏။ ထိုသူ၏ လက်ထဲတွင် ပစ္စတိုသေနတ်တစ်လက် ရှိနေသည်၊ နောက်ဆုံးတွင် အင်ဂျယ်လာက ကြိုးစား၍ ပြောဖြစ်တော့သည်။

"ကျွန်မ ခင်ပွန်း အိမ်မှာ မရှိပါဘူး"

ထိုပုဂ္ဂိုလ်က မေးလိုက်ပြန်၏။

"ဟို နေမကောင်းတဲ့ ကလေးကရော"

"သူကတော့ သူငယ်ချင်းတွေနဲ့ ရွာရိုးကိုးပေါက် လျှောက်ပြီး နောက်ပြောင်နေတယ်"

"မင်း ယောက်ျားက ဘယ်တော့ ပြန်လာမှာလဲ"

မည်သို့မည်ပုံ ပြန်ဖြေရမည်ကို မသိသောကြောင့် အင်ဂျယ်လာ တွန့်ဆုတ်ဆုတ် ဖြစ်မိသည်။ ထိုလူက အင်ဂျယ်လာ၏ လက်မောင်းကို ဆုပ်ကိုင်၍ ဆောင့်ဆွဲလိုက်၏။ သူ့လက်မက အင်ဂျယ်လာ၏ အသားထဲသို့ စိုက်ဝင်သွားသည်။

"ငါ မင်းကို မေးနေတယ်"

အင်ဂျယ်လာက ကြိုးစား၍ ဖြေလိုက်၏။

"မကြာခင် ပြန်လာမှာပါ"





"ကောင်းတယ်၊ ငါတို့ စောင့်နေကြမယ်။ လောလောဆယ်မှာတော့ မင်းက ငါ့ကို ညာနေတာ မဟုတ်ကြောင်း သေချာအောင် အိမ်ထဲကို လျှောက်ကြည့်ကြမယ်"

အင်ဂျယ်လာအား ထိုသူက မိသားစု နားနေခန်းထဲသို့ တွန်းလွှတ်လိုက်ချိန်တွင် အင်ဂျယ်လာက ဖြေလိုက်၏။

"ကျွန်မ မညာပါဘူးရှင်"

❖ ❖ ❖

နစ်ကီသည် ရေချိုးဇလုံထဲ၌ ရှိမနေပါ။ သူ အပြင်ဘက်သို့ ရောက်နေသည်မှာ အတော်ကလေး ကြာခဲ့ပါပြီ။ တံခါးမှ လူခေါ်ခေါင်းလောင်းသံမြည်လာချိန်တွင် သူက အဝတ်အစားများကို ခပ်မြန်မြန် ပြန်ဝတ်လိုက်ပြီးနောက် မျက်နှာဖုံးကြီးကို ပြန်တပ်လိုက်၏။ ကလေးများ လှည့်ပြန်မသွားခင် သူက အောက်ထပ်သို့ ပြန်ရောက်သွားချင်သည်။ နစ်ကီက အခြား ကလေးများ၏ ဝတ်စုံကို တွေ့ချင်၊ မြင်ချင်သည့်အပြင် သူ့အဝတ်အစားနှင့်လည်း ၎င်းတို့ကို ခြောက်လှန့်လိုသေးသည်။

နစ်ကီ လှေကားထိပ်သို့ ရောက်ချိန်တွင် ဖန်ဇလုံကြီး ကျကွဲသွားသံကို ကြားလိုက်ရသောကြောင့် သူ လမ်းခုလတ်မှာပင် တန့်သွားတော့သည်။ သူ့မိခင်သည် ကင်းလိပ်ချော မျက်နှာဖုံးကို စွပ်ထားသော လူတစ်ယောက်နှင့် အတင်း ရုန်းကန်နေရသည်ကို မကူညီနိုင်ဘဲ သူက စောင့်ကြည့်နေရသည်။

နစ်ကီသည် အကြောက်ပြေသွားသောအခါ စင်္ကြံလမ်းအတိုင်း ပင်မအိပ်ခန်းဆီသို့ ပြေးသွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ ဒိုင်ခွက်မှ အသံပေါ် မလာပါ။ တယ်လီဖုန်း ပျက်နေလေပြီ။ သူက စင်္ကြံလမ်းအတိုင်း ပြန်ပြေးသွားပြီး လှေကားထိပ်မှ ချောင်းကြည့်လိုက်ရာ သူ့မိခင်နှင့် ထိုပုဂ္ဂိုလ်သည် မိသားစု နားနေခန်းထဲသို့ ဝင်သွားကြကြောင်း တွေ့လိုက်ရတော့သည်။

နစ်ကီသည် လှေကားထိပ်သို့ တိုးသွားပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ တစ်လုံးထိုး သေနတ်သည် လှေကားခြေရင်းတိုင်၏ နောက်ဘက်တွင် ထောင်လျက်သားကလေး ရှိနေသေးသည်။

ထိုပုဂ္ဂိုလ်နှင့် သူ့မိခင်သည် မိသားစု နားနေခန်းထဲမှ ပြန်ထွက်လာသောကြောင့် နစ်ကီသည် သူ့ကို မမြင်အောင် နောက်ဘက်သို့ ပြန်ဆုတ်လိုက်ရသည်။ ထိုပုဂ္ဂိုလ်နှင့် သူ့မိခင်တို့က ကွဲနေသော ဖန်စများပေါ်တွင် တက်နင်းသွားကြသံကို သူ ကြားနေရသည်။ ထို့နောက် ခြေသံများ [illegible] တန့်သွားပြန်သည်။ နစ်ကီသည် ခပ်အုပ်အုပ်နှင့် ပြောဆိုမိနေသော အသံများကိုသာ ကြားနေရတော့သည်။

နစ်ကီသည် လှေကားထိပ်မှ နောက်တစ်ကြိမ် ချောင်းကြည့်လိုက်ပြန်၏။ သူ့မိခင်နှင့် ထိုလူသည် ဧည့်ခန်းထဲမှ ပြန်ထွက်လာကြပြီး အလယ်



www.burmeseclassic.com

www.burmeseclassic.com



ပယ်ကို စကြံလမ်းအတိုင်း မီးဖိုချောင်ဘက်သို့ လျှောက်သွားကြသည်ကို ဖျတ်ခနဲ မြင်လိုက်ရပြန်၏။

နစ်ကီသည် ရှေ့ဘက်သို့ အနည်းငယ် တိုးလာပြီး တစ်လုံးထိုးသေနတ်ကို လှမ်းကြည့်လိုက်ပြန်၏။ သေနတ်သည် ထိုနေရာ၌ ရှိနေဆဲပင်။ နစ်ကီ လှေကားပေါ်မှ ဆင်းစပြုသည်။ သို့ရာတွင် နစ်ကီက မည်မျှပင် ဖြည်းဖြည်းကလေး ဆင်းသော်လည်း ပေါင် (၇၀)ရှိသော ကိုယ်အလေးချိန်ကြောင့် လှေကားထစ်များက တကျွီကျွီ မြည်သွားကြသည်။

နစ်ကီ လှေကားတစ်ဝက်သို့ ရောက်ချိန်တွင် အင်ဂျယ်လာနှင့် ထိုပုဂ္ဂိုလ်တို့သည် စကြံလမ်းအတိုင်း ပြန်လျှောက်လာကြသံကို ကြားလိုက်ရလေ၏။ သွေးပျက်သွားသော နစ်ကီသည် လှေကားအတိုင်း အပေါ်သို့ ပြန်၍ ပြေးတက်လာပြီး အပေါ်ထပ်မှ စကြံလမ်းအတိုင်း လမ်းတစ်ဝက်ခန့်အထိ ရောက်အောင် ပြေးသွားလိုက်သည်။ နစ်ကီက အန္တရာယ်မရှိသော အချိန်တွင် လှေကားထိပ်သို့ ပြန်သွားပြီး အောက်ထပ်သို့ ဆင်းမည်ဆိုသော စိတ်ကူးနှင့် ရပ်တန့်လိုက်လေ၏။ သို့ရာတွင် သူ့မိခင်နှင့် ထိုလူတို့သည် လှေကားအတိုင်း စတက်လာကြသည်ကို ထိတ်လန့်တကြား တွေ့လိုက်ရလေတော့သည်။

နစ်ကီသည် စကြံလမ်းအတိုင်း ဆက်ပြေးသွားပြီး ပင်မ အိပ်ခန်းထဲသို့ ပြေးဝင်လိုက်၏။ နစ်ကီသည် လူဝင်၍ရသော နံရံကပ်ဗီရိုကြီး တစ်လုံးထဲသို့ ဝင်လိုက်သည်။ ထိုဗီရိုကြီး၏ နောက်ဘက်တွင် တံခါးပေါက် တစ်ပေါက်ရှိသည်။ ထိုတံခါးပေါက်မှ ထွက်လိုက်မည်ဆိုလျှင် စပါးကျီနှင့် ဆက်သွယ်ထားသော ခပ်တိုတို စကြံလမ်းကလေး ရှိနေသည်။ စကြံလမ်း၏ နံဘေးတစ်ဖက်တစ်ချက်တွင် စတိုခန်းများ ရှိနေကြသည်။ ထိုစကြံလမ်း အဆုံးတွင် ရွှံ့သန့်စင်ခန်းထဲသို့ ဆင်းနိုင်သော ခပ်ကျဉ်းကျဉ်း ကြောင်လိမ်လှေကား တစ်စင်းရှိသည်။

နစ်ကီသည် ကြောင်လိမ်လှေကားအတိုင်း ပြေးဆင်းသွားပြီး မီးဖိုခန်းကို ဖြတ်ကျော်၍ နောက်ဆုံးတွင် အိမ်ရှေ့မှ အခန်းငယ်ကလေးထဲသို့ ရောက်သွားတော့သည်။ နစ်ကီက တစ်လုံးထိုးသေနတ်ကို ဆွဲယူလိုက်၏။ နစ်ကီက သူ့မိခင် သင်ပြထားသည့်အတိုင်း ပြောင်းထဲတွင် ကျည်ဆန်ရှိမရှိ စစ်ဆေးလိုက်သည်။ ပြောင်းထဲတွင် ကျည်ဆန် ရှိနေပါ၏။ နစ်ကီက မောင်းထိန်းခလုတ်ကို ဖြုတ်လိုက်လေသည်။

သေနတ်ကို ရလိုက်သောကြောင့် နစ်ကီ ပျော်ခဲ့ရသမျှ ချက်ချင်းပင် စိတ်ရှုပ်ထွေးသွားရတော့သည်။ ယခု သူ့လက်ထဲ၌ သေနတ် ရှိနေလေပြီ။ သို့ရာတွင် ဘာဆက်လုပ်ရမည်ကို သူ မသိပါ။ ထိုသေနတ်ထဲမှ ကျည်စေ့ကလေးများသည် ဖြာ၍ ထွက်တတ်ကြောင်း သူ့မိခင်က ရှင်းပြထားသောကြောင့် နစ်ကီ သိနေပါသည်။ ထိုသေနတ်ကို သေသေချာချာ ချိန်နေဖို့ မလိုအပ်ပါ။ သေနတ်ပြောင်းရှေ့၌ ရှိနေသော အရာဝတ္ထုအားလုံး ထိမှန်ရမည်သာ ဖြစ်သည်။ ပြဿနာက သူ့မိခင်ပင် ဖြစ်သည်။ နစ်ကီက သူ့အမေကို မထိမှန်စေလိုပါ။



နစ်ကီက ထိုပြဿနာကို စဉ်းစားဖို့ အချိန်သိပ်မရပါ။ ချက်ချင်းလိုလိုပင် ကိုလူဆိုးက သူ့မိခင်အား စကြံလမ်းအတိုင်း လျှောက်သွားခိုင်းပြီး လှေကားကြီးမှ ပြန်ဆင်းလာကြသံကို နစ်ကီ ကြားလိုက်ရတော့သည်။ နစ်ကီသည် မီးဖိုချောင်ဘက်ဆီသို့ နောက်ပြန်ဆုတ်သွားလိုက်သည်။ နစ်ကီသည် ပုန်းနေရမည်လော၊ သို့မဟုတ် အိမ်ပြင်သို့ ထွက်၍ အိမ်နီးနားချင်းများထံ ထွက်ပြေးရမည်လော။ သူ မဝေခွဲတတ်တော့ပါ။

နစ်ကီက မဆုံးဖြတ်နိုင်ခင် ကိုယ်ဟန်နေထား ပျက်ယွင်းပြီး နောက်ဆုံး လှေကားထစ်များပေါ်မှ ယိုင်တိယိုင်ထိုးနှင့် ဆင်းလာရသော အင်ဂျယ်လာကို နစ်ကီ စမြင်လိုက်ရသည်။ သူ့မိခင်သည် နောက်ဘက်မှ အတွန်းခံလိုက်ရပုံပေါ်သည်။ အင်ဂျယ်လာ၏ နောက်ဘက်တွင် ပုတ်သင်ညို ဦးခေါင်းနှင့်ပုဂ္ဂိုလ် လိုက်ပါလာသည်။ ထိုပုဂ္ဂိုလ်က အင်ဂျယ်လာအား ထပ်မံ၍ ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်ရာ အင်ဂျယ်လာသည် လိပ်ခုံးတံခါးပေါက်ကို ကျော်၍ ဧည့်ခန်းထဲသို့ လွင့်စဉ်လဲကျသွားသည်ကို နစ်ကီ ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ်၏ ညာဘက်လက်ထဲတွင် ပစ္စတိုသေနတ်တစ်လက် ရှိနေသည်။

ထိုလူက သူ့မိခင်နောက်သို့ လိုက်ရန် ဟန်ပြင်သည်။ ထိုပုဂ္ဂိုလ်သည် တစ်လုံးထိုးသေနတ်ဒင်ကို ခါးတွင် ထောက်ထားသော နစ်ကီနှင့် ပေနှစ်ဆယ်ခန့် အကွာတွင် ရှိနေသည်။ နစ်ကီက သေနတ်ပြောင်းကို ဘယ်လက်နှင့် ဆုပ်ကိုင်ထားပြီး ညာဘက်လက်က ဒင်ကို ဆုပ်ကိုင်ထားသည်။ လက်ညှိုးက သေနတ်မောင်းပေါ်မှာ ရှိနေသည်။

ထိုပုဂ္ဂိုလ်သည် ရှေ့သို့ လျှောက်သွားရင်းက နောက်ဘက်သို့ ခဏမျှ ပြန်လှည့်ကြည့်လိုက်ရာ နစ်ကီကို မြင်သွားသောကြောင့် ချက်ချင်း ပြန်လှည့်လိုက်၏။ ထိုသူက နစ်ကီဘက်သို့ သေနတ်ကို မြှောက်လိုက်သည်။ နစ်ကီက မျက်စိကို စုံမှိတ်ပြီး သေနတ်မောင်းကို ဆွဲလိုက်လေ၏။

ကျဉ်းမြောင်းသော စကြံလမ်းကလေးထဲတွင် တစ်လုံးထိုးသေနတ်မှ ပေါ်ထွက်လာသော အသံမှာ ကျယ်လောင်လွန်းလှပေသည်။ သေနတ်ဒင် နောက်ဘက်သို့ ပြန်ဆောင့်မှုက နစ်ကီကို ဖင်ထိုင်လျက် လဲကျသွားစေခဲ့သည်။ သို့တိုင်အောင် နစ်ကီက ခေါင်းမာစွာနှင့် သေနတ်ကို မလွှတ်အောင် ဆုပ်ကိုင်ထားနိုင်ဆဲပင် ဖြစ်သည်။

နစ်ကီသည် ပြန်၍ ထိုင်နိုင်သော အနေအထားသို့ ရောက်သော အခါ ရှိသမျှအင်အားကို စုစည်း၍ သေနတ်ကို ပြန်မောင်းတင်လိုက်၏။ နစ်ကီ၏ နားများသည် အူနေသောကြောင့် ပစ်ပြီးသော ကျည်ဆန်အခွံ အပြင်သို့ ထွက်ကျသွားပြီး ပြောင်းထဲသို့ ကျည်ဆန်အသစ်ဝင်တောင့် နေသားတကျ ရောက်ရှိသွားသဖြင့် ကလစ်ဟု မြည်သွားသော အသံကို



www.burmeseclassic.com

www.burmeseclassic.com



ပင် မကြားလိုက်ရပါချေ။

အင်ဂျယ်လာသည် မီးခိုးတွေ ဝေနေသော မီးဖိုချောင်ဘက်ဆီမှ မြှုန်းခနဲ ပေါ်ထွက်လာသည်။ သေနတ်သံ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သူသည် စည့်ခန်းထဲမှ မီးဖိုချောင်ထဲသို့ ဝင်ပြေးသွားခဲ့သည်။ ထို့နောက် နောက်ဘက်သို့ ပြန်လှည့်ပြီး ပင်မ စင်္ကြံလမ်းအတိုင်း ပြန်လာခဲ့သည်။ သူက နစ်ကီထံမှ သေနတ်ကို လှမ်းယူလိုက်၏။ နစ်ကီကလည်း လိုလိုလားလားပင် ပေးလိုက်သည်။

တံခါးတစ်ချပ် ဝုန်းခနဲ ပွင့်သွားပြီးနောက် ပြန်လည် တိတ်ဆိတ်သွားသည်ကို စည့်ခန်းထဲမှနေ၍ သူတို့ ကြားလိုက်ကြရသည်။ အင်ဂျယ်လာက နစ်ကီအား တိုးတိုးကလေး မေးလိုက်၏။

"သမီး ဘာမှ မဖြစ်ဘူးနော်"

"ဘာမှ မဖြစ်ပါဘူး"

အင်ဂျယ်လာက နစ်ကီ့အား ပြန်ထနိုင်အောင် ဆွဲယူလိုက်ပြီးနောက် သူ့နောက်က လိုက်ခဲ့ရန် လက်ဟန်၊ ခြေဟန်နှင့် ပြလိုက်၏။ သူတို့သည် အိမ်ရှေ့ဘက် စည့်ခန်းငယ်ကလေးဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားကြသည်။ သူတို့သည် လိပ်ခုံးတံခါးမှ အပြင်သို့ ထွက်လိုက်ရာ နစ်ကီ၏ သေနတ်မှ ကျည်စေ့များ ထိမှန်သွားသော နေရာများကို တွေ့ရတော့သည်။ ကျည်စေ့အချို့သည် လိပ်ခုံးတံခါးပေါက်၏ ဘေးဘက်၌ စူးဝင်နစ်မြုပ်နေကြသည်။ ကျန်ကျည်စေ့များကမူ စည့်ခန်းထောင့်မှ နောက်ထပ် ပြတင်းပေါက်မှန် လေးချပ်ကို ကွဲသွားစေခဲ့သည်။ ထို ပြတင်းပေါက်သည် အုတ်ခဲနှင့် အပစ်ခံခဲ့ရသော ပြတင်းပေါက်ပင် ဖြစ်သည်။

ထို့နောက် သူတို့သည် မှန်ကွဲများ မရှအောင် လှေကားခြေရင်းကို ကွေ့ပတ်၍ လျှောက်ခဲ့ကြ၏။ သူတို့က လိပ်ခုံးတံခါးပေါက်မှ မိသားစု နားနေခန်းထဲသို့ ဝင်သွားသောအခါ လေအေးကလေးက ဆီးကြိုလိုက်လေသည်။ သူတို့က ရှေ့တိုးသွားကြသောအခါ အပြင်ဘက် ကပြင်သို့ ထွက်သောနေရာမှ တံခါးပေါက်တစ်ပေါက် ပွင့်နေပြီး ထိုတံခါးရွက်သည် ညနေခင်း၏ လေနုအေးကလေးကြောင့် ယိမ်းထိုးနေသည်ကို တွေ့ရတော့သည်။

အင်ဂျယ်လာနှင့် အင်ဂျယ်လာ၏ ခါးပတ်ကွင်း တစ်ကွင်းကို ဆွဲကိုင်၍ လိုက်ပါလာသော နစ်ကီတို့သည် ထိုတံခါးပေါက်မှနေ၍ အပြင်ဘက်သို့ ခေတ္တမျှ လှမ်းကြည့်လိုက်ကြ၏။ အပြင်ဘက်တွင် မည်သူမျှ ရှိမနေပါ။ ခပ်လှမ်းလှမ်းမှ ဟောင်လိုက်သော ခွေးသံနှင့် ရပ်စတီက ပြန်ဟောင်သည့် အသံတို့ကိုသာ ကြားကြရသည်။

အင်ဂျယ်လာက တံခါးကို ပြန်ပိတ်ပြီး သော့ခတ်လိုက်၏။ သေနတ်ကို လက်တစ်ဖက်က ကိုင်ထားသော အင်ဂျယ်လာသည် ငုံ့၍ ကျန်လက်တစ်ဖက်နှင့် သမီးကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သည်။

"သမီးကတော့ တကယ့် သတ္တိခဲပဲ။ သမီးဒက်ဒီ ပြန်လာမှ ပြောပြရမယ်"

နစ်ကီက ဖြေလိုက်သည်။

"သမီးက ဘာလုပ်ရမလဲဆိုတာ မသိပါဘူး၊ အဲဒီ ပြတင်းပေါက်ကို သမီး တမင်ပစ်တာ မဟုတ်ပါဘူး"

"ပြတင်းပေါက်က အရေးမကြီးပါဘူး သမီးရယ်၊ သမီးလုပ်တာ အရမ်း မှန်ပါတယ်"

အင်ဂျယ်လာက တယ်လီဖုန်းကို မ,လိုက်၏။ တယ်လီဖုန်းမှ ဒိုင်ခွက်သံ ပေါ်မလာပါ။ နစ်ကီက ပြောလိုက်သည်။

"မာမီတို့ အိပ်ခန်းထဲက တယ်လီဖုန်းလည်း ပျက်နေတယ်"

အင်ဂျယ်လာက တုန်လှုပ်သွားသည်။ အိမ်ထဲသို့ ဝင်ရောက်လာသူသည် ဒုက္ခခံ၍ တယ်လီဖုန်းကြိုးကို ကြိုတင် ဖြတ်တောက်ခဲ့သည်။ နစ်ကီကသာ ဝင်မကယ်ပါက ဘာဖြစ်လာမည်ကို အင်ဂျယ်လာ မတွေးရဲတော့ပါ။ အင်ဂျယ်လာက ပြောလိုက်၏။

"ဒီလူ အိမ်ထဲမှာ ရှိမနေတာ သေချာအောင် လုပ်ရမယ်"

သူတို့သည် အောက်ထပ်မှ အခန်းများကို လိုက်ရှာကြ၏။ အင်ဂျယ်လာက အပေါ်ထပ်သို့ တက်၍ ရှာရန် လိုမလို စဉ်းစားနေစဉ် တံခါးမှ လူခေါ်ခေါင်းလောင်းသံက မြည်လာလေတော့သည်။ အင်ဂျယ်လာရော၊ နစ်ကီပါ လိပ်ပြာစဉ်လုမတတ် ဆတ်ခနဲ တုန်လှုပ်သွားကြတော့သည်။ တံခါးရွက်၏ ဘေးတစ်ဖက်စီတွင်ရှိသော အလင်းရောင်များမှတစ်ဆင့် နစ်ကီနှင့် အင်ဂျယ်လာတို့က အပြင်သို့ လှမ်းကြည့်လိုက်ကြရာ စုန်းမများနှင့် သရဲများသဏ္ဌာန် ဝတ်ဆင်ထားသော ကလေးတစ်သိုက်ကို အိမ်ရှေ့တံခါး၏ အပြင်ဘက်တွင် မြင်တွေ့ရလေတော့သည်။

❖ ❖ ❖

ခြံဝင်းထဲသို့ ဝင်သော လမ်းပေါ်သို့ ဒေးဗစ်က မောင်းဝင်လိုက်၏။ တစ်အိမ်လုံး ထိန်ထိန်လင်းနေအောင် မီးထွန်းထားသည်ကို ဒေးဗစ် တအံ့တသြ မြင်တွေ့ရသည်။ ထို့နောက် အိမ်ရှေ့ ဆင်ဝင်အောက်မှ မြက်ခင်းကို ကျော်ဖြတ်၍ ခြံစည်းရိုးရှိ သစ်ပင်တန်းများဆီသို့ ထွက်ပြေးသွားကြသော မြီးကောင်ပေါက် တစ်သိုက်ကို သူ မြင်လိုက်ရသည်။

ဒေးဗစ်က မော်တော်ကားကို ရပ်တန့်လိုက်၏။ အိမ်ရှေ့တံခါးရွက်ကို ကြက်ဥစိမ်း၊ ဘဲဥစိမ်းများနှင့် ပေါက်ထားကြကြောင်း သူ မြင်တွေ့ရသည်။ ပြတင်းပေါက်မှန်များကို ဆပ်ပြာမြှုပ်များနှင့် လိမ်းကျံထားသလို ရွှေဖရုံသီး မီးပုံးကိုလည်း ရိုက်ခွဲထားကြသည်။

သူက ချာတိတ်တွေနောက်သို့ လိုက်ဦးမည်ဟု စိတ်ကူးလိုက်သေးသော်လည်း မှောင်ထဲတွင် ရှာတွေ့ရန် လွယ်ကူမည်မဟုတ်ဟု သူ ဆုံးဖြတ်လိုက်သည်။

"ကောင်စုတ်ကလေးတွေ"







www.burmeseclassic.com

www.burmeseclassic.com

ဟု ဒေးဗစ်က ရေရွတ်လိုက်မိသည်။ ထို့နောက် ဧည့်ခန်းမှ ပြတင်းပေါက်ဟန်များ ကွဲနေသည်ကို မြင်တွေ့လိုက်ရပြန်လေ၏။

"ဖြတ်စွာဘုရား၊ ဒါကတော့ တရားလွန်လွန်းပြီထင်တယ်"

ဒေးဗစ်သည် ကားထဲက ထွက်ပြီး ဆင်ဝင်အောက်သို့ တက်လိုက်၏။ ပဒိုင်ရှေ့မျက်နှာစာကို ကြက်ဥ၊ ဘဲဥများနှင့် သာမက ခရမ်းချဉ်သီးများနှင့်ပါ ပေါက်ထားသောကြောင့် ဆင်ဝင်အောက်၌ အလွန်ပင် ညစ်ပတ်နေသည်။

သူသည် ဧည့်ခန်းငယ်ကလေး၏ ကြမ်းပြင်ပေါ်၌ ချောကလက်နှင့် ပုန်ကွဲများကို တွေ့လိုက်ရသောအခါတွင်မူ သူ့မိသားစုအတွက် အရမ်းစိတ်ပူသွားတော့သည်။ သူက လှမ်းအော်လိုက်သောကြောင့် တစ်လုံးထိုးသေနတ်ကို ကိုင်ထားဆဲပင် ရှိနေသေးသော အင်ဂျယ်လာနှင့် နစ်ကီတို့သည် လှေကားပေါ်မှ ပြေးဆင်းလာကြတော့သည်။

ဒေးဗစ်က မေးမြန်းသောကြောင့် အကြောင်းစုံကို သိရတော့သည်။ ဒေးဗစ်က သူ့အပြန်ခရီးတွင် အိမ်သို့ ဖုန်းဆက်သေးကြောင်း၊ အမြဲတမ်း အင်ဂေ့ချ် ဖြစ်နေသဖြင့် တယ်လီဖုန်းကုမ္ပဏီသို့ မေးသောအခါ ဖုန်းပျက်နေသည်ဟု သိရကြောင်း ပြောပြသည်။ ဒေးဗစ်က မေးလိုက်၏။

"မင်းတို့က ရဲကို ဆက်သွယ်သေးသလား"

"တယ်လီဖုန်းက ဆက်လို့မှ မရတာ၊ ဘယ်လိုလုပ်ပြီး ဆက်သွယ်ရမှာလဲ"

အင်ဂျယ်လာ၏ ခပ်ပြတ်ပြတ် ဖြေသံကြောင့် ဒေးဗစ်က တောင်းပန်ရတော့သည်။

"အေးပါကွာ၊ အဲဒါကို ကိုယ် မစဉ်းစားမိဘူး"

အင်ဂျယ်လာက ပြောလိုက်၏။

"အဲဒီလူ ထွက်ပြေးသွားကတည်းက ကျွန်မတို့က အပေါ်ထပ်မှာပဲ ပုန်းနေကြတာ၊ သူပြန်လာမှာကို အရမ်း ကြောက်နေမိကြတယ်"

"ရပ်စတီက ဘယ်မှာလဲ"

"ရှုပ်လွန်းလို့ သူ့ကို စပါးကျီထဲ ထည့်ထားတယ်"

"ကိုယ် ကားထဲက ခရီးဆောင် တယ်လီဖုန်းကို သွားယူလိုက်ဦးမယ်။ ပြီးတော့ ရပ်စတီကိုလည်း ပြန်ခေါ်လာခဲ့မယ်"

ဒေးဗစ် အပြင်သို့ ရောက်သောအခါ ချာတိတ်များ ထွက်ပြေးသွားကြပြန်သည်ကို မြင်လိုက်ရပြန်၏။ ဒေးဗစ်က အမှောင်ထုထဲသို့ လှမ်းအော်ပြောလိုက်သည်။

"မင်းတို့တစ်တွေ ခပ်ဝေးဝေးက ရှောင်နေကြရင် ကောင်းလိမ့်မယ်ထင်တယ်"

ဒေးဗစ်သည် မကြာခင် ခရီးဆောင် တယ်လီဖုန်းနှင့် ရပ်စတီကို ခေါ်၍ အိမ်ထဲသို့ ပြန်ဝင်လာသည်။ အင်ဂျယ်လာက ပြတင်းပေါက်မှန်ချပ်များသည် နစ်ကီကြောင့် ကွဲသွားခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။





ဒေးဗစ်က သူ မရှိခိုက် သူ့မိသားစု ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များကို မတွေးရဲအောင်ပင် ဖြစ်မိတော့သည်။ ထိုအခိုက်တွင် အိမ်ရှေ့တံခါးအား ကြက်ဥစိမ်း၊ ဘဲဥစိမ်းများနှင့် နောက်တစ်ကြိမ် ထပ်ပေါက်သံကို ကြားရသောအခါ ဒေးဗစ် ဖြုန်းခနဲ ဒေါသ ဖြစ်သွားတော့သည်။

သူက ချာတိတ်တွေကို အမိဖမ်းရန် အိမ်ရှေ့တံခါးဆီသို့ ပြေးသွားပြီး တံခါးရွက်ကို ဆွဲဖွင့်လိုက်သည်။ အင်ဂျယ်လာက ဒေးဗစ်ကို ဆွဲထားရသည်။ နစ်ကီကလည်း ရပ်စတီကို ဆွဲထားရသည်။

"သူတို့က အရေးမကြီးပါဘူးရှင်"

အင်ဂျယ်လာက ပြောရင်း မျက်လုံးအိမ်များထဲ၌ မျက်ရည်များပြည့်လျှံလာတော့သည်။

သူ့ဇနီး အလွန်အမင်း စိတ်ထိခိုက်သွားကြောင်း သိလိုက်ရသော ဒေးဗစ်သည် တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီး အင်ဂျယ်လာအား ပြန်ချော့ရလေ၏။

အင်ဂျယ်လာ စိတ်ငြိမ်သွားချိန်တွင် ဒေးဗစ်က ခရီးဆောင် တယ်လီဖုန်းနှင့် ရဲကို လှမ်းခေါ်လိုက်သည်။ သူတို့က ရဲကို စောင့်နေစဉ် ဒေးဗစ်က အင်ဂျယ်လာနှင့် နစ်ကီတို့ကို ထားခဲ့မိကြောင့် သူ့ကိုယ်သူ ကျိန်ဆဲလိုက်မိ၏။

အင်ဂျယ်လာက သူ့မှာလည်း အပြစ်မကင်းကြောင်း၊ သူ့ကို မုဒိမ်းကျင့်ရန် ကြံစည်မှုသည် သူ့ကို သေကြောင်းကြံစည်မှုပင် ဖြစ်နိုင်ကြောင်း၊ ထိုကိစ္စကို ကော်လ်ဟွန်းအား ပြောပြရာ ကော်လ်ဟွန်းကလည်း သဘောတူကြောင်း ပြောပြလိုက်သည်။

"မင်းက အဲဒီကိစ္စကို ဘာဖြစ်လို့ ကိုယ့်ကိုယ် ပြောမပြခဲ့တာလဲ"

"ကျွန်မ ပြောပြခဲ့သင့်ပါတယ်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ကဲ ထားလိုက်ပါတော့လေ၊ ကော်လ်ဟွန်းဆီကရော ဘာသတင်းကြားရသေးသလဲ"

"မကြားရဘူး၊ ရှင်ပြောသလို ကျွန်မက စက်ကို မှာထားခဲ့ပါသေးတယ်။ အခု ကျွန်မတို့ ဘာလုပ်ကြမလဲ"

"ကိုယ်လည်း မပြောတတ်ဘူး၊ ခုလောလောဆယ်မှာတော့ ဟိုပြတင်းပေါက်ကို သွားကြည့်လိုက်ဦးမယ်"

ရဲများကမူ အေးအေးလူလူ လုပ်ကိုင်နေကြသည်။ (၄၅) မိနစ်ကြာမှ သူတို့ ရောက်လာကြသည်။ ရောဘတ်ဆန်ကိုယ်တိုင် ယူနီဖောင်း အပြည့်အစုံနှင့် ကြွလာခြင်း ဖြစ်သည်။ သူတပည့် ကားလ်ပေါလ်ဆန်လည်း ပါလာသည်။

"ခင်ဗျားတို့မှာ ပြဿနာ အသေးအမွှားကလေး ရှိနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အသေးစား မဟုတ်ဘူး၊ အကြီးစားရှင့်"

အင်ဂျယ်လာက အဖြစ်အပျက်ကို အစအဆုံး ပြောပြလိုက်သည်။ ရောဘတ်ဆန်သည် အင်ဂျယ်လာ၏ ရှင်းပြချက်ကို သည်းညည်းခံပြီး နားထောင်နေရပုံရသည်။ ရောဘတ်ဆန်က မေးလိုက်၏။

"အဲဒီသေနတ်က အစစ်ဆိုတာ သေချာရဲ့လား"

"သိပ်ကို သေချာပါတယ်ရှင်"

"အဲဒီ သေနတ်ဟာ ဝတ်စုံနဲ့ အတူတူပါလာတဲ့ ကလေးကစားစရာ သေနတ်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"ဒီမှာ ခဏနေစမ်းပါဦးဗျာ"

ဒေးဗစ်က အတင်းဖြတ်၍ ပြောလိုက်၏။

"ကျုပ် အခု ကြားနေရတာတွေကို မကြိုက်လှဘူးဗျာ။ ခင်ဗျားက ခုကိစ္စကို လေးလေးနက်နက် သဘောမထားဘူးလို့ ကျုပ် ထင်နေမိတယ်။ အဲဒီပုဂ္ဂိုလ်မှာ သေနတ်ပါလာတယ်။ ဒီမှာ အကြမ်းပတမ်းကိစ္စတွေ ဖြစ်ခဲ့တယ်။ ပြတင်းပေါက်မှန်တွေတောင် ကွဲကျန်ရစ်ခဲ့တယ်"

ရောဘတ်ဆန်က ပြောလိုက်၏။

"ခင်ဗျားက ကျုပ်ကို လာမရိနဲ့ဗျာ။ ဒီပြတင်းပေါက်မှန်တွေ ကွဲရတာ ခင်ဗျား သမီးကြောင့်လို့ ခင်ဗျား ဇနီးက ဝန်ခံပြီးပြီ။ ပြီးတော့ ခင်ဗျားကို နောက်တစ်ခု ပြောစရာ ကျန်သေးတယ်။ မြို့ရဲ့ နယ်နိမိတ်အတွင်းမှာ သေနတ်ပစ်ကွင်းကလွဲရင် တစ်လုံးထိုးသေနတ်ကို ပစ်ခွင့် မရှိဘူးဗျ"

"ခင်ဗျား အခု ကျုပ်အိမ်ထဲက ထွက်သွားစမ်းဗျာ"

"ကျုပ်ကလည်း ဝမ်းမြောက်ဝမ်းသာစွာနဲ့ သွားမှာပါဗျာ"

ရောဘတ်ဆန်က ပြောလိုက်သည်။ သူက ဟော့ဘ်ဆန်ကို သူ့နောက်က လိုက်ခဲ့ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်၏။ တံခါးပေါက်သို့ အရောက်တွင် ရောဘတ်ဆန်က ခေတ္တမျှ ရပ်တန့်လိုက်သည်။

"ကိုယ့်လူတို့ကို အကြံကလေး ဘာလေးတော့ ပေးရဦးမယ်။ ခင်ဗျားတို့ဟာ ဒီမြို့မှာ လူကြိုက်များတဲ့ မိသားစု မဟုတ်ဘူး။ တကယ်လို့များ သကြားလုံး လိုချင်လို့လာတဲ့ အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ယောက်ကို သေနတ်နဲ့များ သွားပစ်မိခဲ့ရင် သိပ်ကို ဆိုးရွားသွားလိမ့်မယ်။ ခင်ဗျားတို့က သေနတ်နဲ့ပစ်လို့ ကလေးတစ်ယောက်ယောက်ကိုသာ မှန်ခဲ့ရင် ဘုရားသခင် ကယ်တော်မူပါလို့ ဆုတောင်းပေတော့"

ထိုပုဂ္ဂိုလ် အပြင်ဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ဒေးဗစ်က တံခါးဆီသို့ ပြေးသွားပြီး တံခါးကို ဆောင့်ပိတ်လိုက်လေ၏။ ဒေးဗစ် အရမ်း စိတ်ဆိုးသွားသည်။

"ကိုယ်ကတော့ ဒီမြို့က ရဲတွေကို အယုံအကြည် မရှိတော့ဘူး။ သူတို့ဆီက အကူအညီ ရနိုင်ဖို့လည်း မျှော်လင့်လို့ မရတော့ဘူး"

အင်ဂျယ်လာက မျက်ရည်မကျအောင် ထိန်းနေရသည်။ ဒေးဗစ်က







အင်ဂျယ်လာနှင့် နစ်ကီတို့ နှစ်ယောက်စလုံးကို ချော့ရပြန်၏။

"ကျွန်မတို့ ဒီည ဒီမှာနေလို့ ဖြစ်ပါ့မလား"

ဒေးဗစ်က ပြောလိုက်၏။

"ခုအချိန်ကျမှ ဘယ်ကို သွားလို့ ရမှာလဲကွာ။ ကိုယ်ကတော့ ဒီမှာ နေသင့်တယ်လို့ပဲ ထင်တယ်။ ကိုယ်တို့ဆီ နောက်ထပ် မလာနိုင်အောင် လုပ်ထားရမှာပေါ့"

"ရှင်ပြောတာ မှန်ပါတယ်လေ၊ ကျွန်မက ခုလောက်အထိ တစ်ခါမှ မဖြစ်ဘူးတော့ အတွေးတွေ ချော်ကုန်တော့တာပေါ့"

"မင်း မဆာသေးဘူးလားကွာ။ ကိုယ်တော့ ဆာလှပြီ။ ကိုယ် နေ့လယ်စာ မစားရသေးဘူး"

"ကောင်းပြီလေ၊ ကျွန်မနဲ့ နစ်ကီက တစ်ခုခု စားဖို့ လုပ်ပေးပါ့မယ်"

ဒေးဗစ်က တယ်လီဖုန်း ကုမ္ပဏီသို့ ဆက်သွယ်၍ သူသည် ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း၊ တယ်လီဖုန်း ပျက်နေသဖြင့် လာပြင်ပေးစေလိုကြောင်း ပြောလိုက်၏။ ထို့နောက် စပါးကျီသို့ သွားပြီး အိမ်အပြင်ဘက်တွင် မီးထပ်ထွန်းလိုက်သည်။ သူ မီးထွန်း၍ ပြီးစီးသွားသောအခါ အိမ်ပတ်ပတ်လည်၌ မီးထိန်ထိန်လင်း၍ နေလေပြီ။

များမကြာမီ တယ်လီဖုန်းပြင်သူ ရောက်ရှိလာပြီး တယ်လီဖုန်းကို ပြင်ပေးသွားသည်။ ဒေးဗစ်က မှန်ကွဲနေသော ပြတင်းပေါက် တစ်ပိုင်းကို သစ်သားပြားနှင့် ကပ်ရိုက်လိုက်၏။ ထို့နောက် တံခါးပေါက်များနှင့် ပြတင်းပေါက်များကို ကန့်လန့်ချထားခြင်း ရှိမရှိ အိမ်တွင်းပတ်ပတ်လည်သို့ လျှောက်ကြည့်လိုက်သည်။

သူတို့ နေအိမ်သို့ ရဲများ ရောက်ရှိလာမှုအတွက် အကြီးအကျယ် စိတ်တိုခဲ့ရသော်လည်း ကောင်းကွက်တစ်ခုတော့ ရှိပါသည်။ ရဲများ ရောက်လာခဲ့သည့်အတွက် ဒေးဗစ်တို့ကို ဒုက္ခပေးနေသောကလေးများ တပ်ခေါက်ပြီး ပြန်သွားကြတော့သည်။

ညကိုးနာရီတွင် ဒေးဗစ်တို့ ဇနီးမောင်နှံက နစ်ကီအား အသက်ရှူရှုပကုထုံးနှင့် ကုသပေးကြသည်။ နစ်ကီ အိပ်ပျော်သွားသည့်အခါ ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် ဒေးဗစ်ဘော့စတွန်က ယူလာသော စာရွက်စာတမ်းများကို စစ်ဆေးရန် မိသားစု နားနေခန်းထဲသို့ ပြန်သွားကြသည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ဒီကနေ့ည ဒီကိုလာတဲ့ ပုဂ္ဂိုလ်ဟာ လူတွေကို သက်သက်သာသာ သေနိုင်အောင် လိုက်သတ်ပေးနေတဲ့လူ၊ ဟော့ချ်ကို သတ်တဲ့လူပဲ ဖြစ်ရမယ်"

ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်ကလည်း မင်းနဲ့ သဘောတူပါတယ်၊ ကိုယ်တို့ [illegible] စွဲချက်တင်သင့်သူကတော့ ကလိုက်ဒ်ဒီပွန်ရှိုင်းယားပဲ။ ဟောဒါကို ဖတ်ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ဒေးဗစ်က သူ ဖောက်လိုက်သော စာအိတ်ထဲမှ ကလိုက်ဒ်ဒီဗွန်ရှိုင်းယား၏ ဆေးမှတ်တမ်းကို လှမ်းပေးလိုက်၏။ အင်ဂျယ်လာက ခပ်မြန်မြန် လျှောက်ဖတ်လိုက်သည်။

"ဖြတ်စွာဘုရား၊ သူက အိပ်ချ်အိုင်ဗွီပိုး ရှိနေတဲ့လူပဲ"

ဒေးဗစ်က ခေါင်းညိတ်လိုက်၏။

"ဆိုလိုတာကတော့ သူကိုယ်တိုင်က သေလောက်တဲ့ရောဂါ ရှိသူ ဖြစ်နေတယ်။ သူမှာ အိပ်ချ်အိုင်ဗွီပိုး ရှိတာရယ်၊ ဟို ဆရာဝန် ဂျက်ဂ် ကိဗိုကီယန် အိမ်ရှေ့မှာ အဖမ်းခံရတာရယ်။ အဲဒါတွေကို ဆက်စပ်ကြည့် ရင် သူဟာ လူတွေကို သက်သက်သာသာ သေနိုင်အောင် လုပ်ပေးဖို့ စိတ်ဝင်စားသူ ဖြစ်ရမယ်။ အဲဒီကမှ ဆန့်တွေးလိုက်မယ်ဆိုရင် သူဟာ သက်သက်သာသာ သေနိုင်အောင် လိုက်ကူညီနေတဲ့လူ ဖြစ်ရမယ်။ သူက ကျွမ်းကျင်တဲ့ သူနာပြုဆိုတော့ ဆေးဝါးတွေအကြောင်း နားလည်တယ်။ သူ့မှာ မုဒိမ်းမှု ရာဇဝင်လည်း ရှိခဲ့ဖူးတယ်။ သူဟာ နှင်းလျှောစီး မျက်ပုံ ကို တပ်ထားတဲ့ မုဒိမ်းကောင် ဖြစ်နိုင်တယ်"

အင်ဂျယ်လာက ခေါင်းညိတ်လိုက်သော်လည်း ဇဝေဇဝါ ဖြစ်နေ သည်။

"ပြဿနာ တစ်ခုကတော့ ဒီအချက်အလက်တွေ အားလုံးဟာ ဆက် စပ်ပြီး ယူရတာတွေချည်းပဲ ဖြစ်နေတယ်။ ရှင်က ကလိုက်ဒ်ဒီဗွန်ရှိုင်းယား ကို လူမြင်ရင် မှတ်မိပါ့မလား"

ဒေးဗစ်က ဝန်ခံလိုက်၏။

"ကိုယ် မသိဘူး"

"ကျွန်မကလည်း သူ့ကို အရပ်အမောင်းနဲ့ ဖြစ်စေ၊ အသံကြောင့် ဖြစ်စေ သူပါပဲလို့ ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။ ကျွန်မကတော့ တထစ်ချ ပြောနိုင်မှာကို မဟုတ်ဘူး"

"ကဲ ဆက်ကြရအောင်၊ နောင်ဖြစ်နိုင်တဲ့ အလားအလာရှိသူ တစ်ဦး ကတော့ ဝါနာဗန်ဆလိုက်ပဲ။ ဟောဒီ သူ့ရာဇဝင်ကို ကြည့်ပါဦး"

ဒေးဗစ်က ဝါနာဗန်ဆလိုက်၏ ဆေးမှတ်တမ်းကို အင်ဂျယ်လာ့ထံ လှမ်းပေးလိုက်၏။ ၎င်း၏ ဆေးမှတ်တမ်းက ကလိုက်ဒ်ဒီဗွန်ရှိုင်းယား၏ ဆေးမှတ်တမ်းထက် သိသိသာသာကြီး ပိုထူသည်။ အင်ဂျယ်လာက အစ အဆုံး ဖတ်ပြီးချိန်တွင် ပြောလိုက်၏။

"စိန့်ကဲ ကျောက်ကဲထက် လူကဲခတ်ရတာ ပိုခက်တယ်ဆိုတာ မှန် တယ်နော်"

ဒေးဗစ်က မေးလိုက်၏။

"သူ့ကို သံသယ ဖြစ်လောက်တဲ့လူ အနေနဲ့ ဘယ်လို သဘောထား သလဲ"

"ဒါကတော့ စိတ်ဝင်စားဖို့ ကောင်းတဲ့ စိတ်ရောဂါ ရာဇဝင်တစ်ခု





ပါပဲ။ ဒါပေမယ့် ကျွန်မကတော့ သူ့ကို မထင်ဘူး။ စိတ်ကစဉ့်ကလျား ဖြစ်မှုနဲ့ ယုံမှားလွန်း အကြမ်းဖက် အနေအထားဟာ လူမှုဆက်ဆံရေးကို ဆန့်ကျင်တဲ့ စိတ်ရောဂါဝေဒနာရှင်နဲ့ တူမှ မတူဘဲ"

ဒေးဗစ်က ပြောလိုက်သည်။

"သက်သက်သာသာ သေဖို့ ကူညီမယ်ဆိုတဲ့၊ မဟုတ်မဟတ် စိတ် ထားမျိုးဝင်လာအောင် လူမှုဆက်ဆံရေးကို ဆန့်ကျင်တဲ့စိတ် ရှိဖို့မှ မလို တာပဲကွာ"

အင်ဂျယ်လာက ပြန်ဖြေသည်။

"အဲဒါလည်း မှန်ပါတယ်၊ ဒါပေမယ့် လူတစ်ယောက်ဟာ စိတ် ရောဂါ ဖြစ်နေရုံမျှနဲ့ လူဆိုးလို့ သတ်မှတ်လို့ မရဘူး။ တကယ်လို့ ဗန်ဆ လိုက်မှာ အလွန် ရှည်လျားတဲ့ ပြစ်မှုကျူးလွန်ချက်သမိုင်းတွေ၊ ဒါမှမဟုတ် ကြမ်းကြမ်းတမ်းတမ်း လုပ်ခဲ့ဖူးတယ် ဆိုတာမျိုးတွေ ရှိနေခဲ့ရင် တစ်မျိုး ဖြစ်လာမှာပေါ့လေ။ ဒါပေမယ့် သူ့မှာ အဲဒါမျိုး မရှိလေတော့ သူ့ကို ကျွန်မ ကတော့ သံသယဖြစ်လောက်သူလို့ သိပ်မထင်မိဘူး။ ပြီးတော့လည်း သူက အဏုမြူ ရေဒီယိုသတ္တိတွေအကြောင်း သိနေပေမယ့် အလွန် အဆင့်အတန်းမြင့်တဲ့ ဆေးဝါးတွေအကြောင်းကိုတော့ သူသိမယ် မထင် ဘူး။ သူက ဆေးဝါးနဲ့ ပတ်သက်တဲ့ အတတ်ပညာကို မတတ်ဘဲနဲ့ သူက လူနာတွေကို ဆေးတွေဝါးတွေနဲ့ ဘယ်လိုလုပ်ပြီး သတ်နိုင်မှာတဲ့လဲ"

ဒေးဗစ်က ပြောလိုက်သည်။

"အဲဒါကို ကိုယ် သဘောတူပါတယ်။ ဒါပေမယ့် ကိုယ် ဒီကနေ့ ရောဘတ်ဆီက ရလာတဲ့ မှတ်တမ်းတွေကို ကြည့်ပါဦး"

ဒေးဗစ်က အင်ဂျယ်လာအား အဲလ်ဘာနီနှင့် ဘော့စတွန်ရှိ ဗန်ဆ လိုက်ဖွင့်ထားသော ဘဏ်စာရင်းများ၏ စာရင်းစာရွက်ကို လှမ်းပေးလိုက် သည်။ အင်ဂျယ်လာက ပြန်မေးလိုက်၏။

"သူက ဒီငွေတွေကို ဘယ်က ရနေတာလဲ၊ ကျွန်မတို့ကိစ္စတွေနဲ့ ပတ်သက်နေတယ်လို့ ရှင် ထင်သလား"

ဒေးဗစ်က ပခုံးတွန့်ပြလိုက်သည်။

"ဒါ မေးခွန်းကောင်း တစ်ခုပဲ။ ရောဘတ်ကတော့ အဲဒီလို မထင် ဘူး။ ဗန်ဆလိုက်ဟာ မူးယစ်ဆေးဝါး ရောင်းဝယ်နေတာ ဖြစ်ရမယ်တဲ့"

အင်ဂျယ်လာ ခေါင်းညိတ်သည်။ ဒေးဗစ်က ပြောလိုက်ပြန်၏။

"အဲဒါမှ မဟုတ်ရင်တော့ ကြောက်စရာပဲ"

"ဘာဖြစ်လို့လဲရှင့်"

"အေးလေ၊ ဗန်ဆလိုက်က ဒီလူတွေကို သတ်နေတယ်[illegible] ယူသ လိုက်ရအောင်၊ တကယ်လို့ သူက မူးယစ်ဆေးဝါး ရောင်းဝယ်မနေဘူး ဆိုရင် သူ လူသတ်ခ ရနေတာပဲ ဖြစ်ရမယ်"

"ဒါဆိုရင် ဒုံရင်းကို ပြန်ရောက်သွားပြန်ပြီ [illegible]ယ်သူက နောက်က


www.burmeseclassic.com

www.burmeseclassic.com

မနုကြို ဘယ်သူ့ကို ကြိုးကိုင်နေသလဲဆိုတာ မသိပြန်ဘူး။ သူ့ကို ဘယ်သူက ငွေကြေးတွေ ပေးနေတာလဲ၊ ဘာကြောင့် ပေးနေတာလဲ"

ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်ကတော့ သူဟာ လူတွေကို သက်သက်သာသာ သေနိုင်အောင် လုပ်ပေးနေတဲ့ အယူမှားနေတဲ့ လူပဲလို့ ထင်တယ်။ အခု သေကြရတဲ့ လူတွေအားလုံးမှာ သေရမယ့် ဝေဒနာတွေ ရှိနေကြတယ်လေ"

"ကျွန်မတို့က သိပ်အတွေးခေါင်လွန်းနေတယ်လို့ ကျွန်မ ထင်တယ်။ ကျွန်မတို့ဆီမှာ အချက်အလက်တွေ အများကြီး ရနေတယ်။ အဲဒီ အချက်အလက်တွေကို မိမိရဲ့ ယူဆချက်နဲ့ မဝင်ဝင်အောင် အတင်း ရိုက်သွင်းနေတယ်။ အဲဒီ အချက်အလက်တွေ အားလုံးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှု ရှိချင်မှ ရှိမှာပါ"

"မင်းပြောတာ မှန်နိုင်တယ်၊ ဒါပေမယ့် ကိုယ် စိတ်ကူးမိတာ တစ်ချက် ရှိသေးတယ်။ တကယ်လို့ ကိုယ်တို့က ဗန်ဆလိုက်ကို တရားခံပဲလို့ သတ်မှတ်မယ်ဆိုရင် သူ့စိတ်ရောဂါက ကိုယ်တို့ကို အကျိုးပြုနိုင်တယ်"

အင်ဂျယ်လာက မေးလိုက်၏။

"ရှင်က ဘယ်လို ဆိုလိုတာလဲ"

"ဗန်ဆလိုက်ဟာ ရေငုပ်သင်္ဘောနဲ့ ကင်းလှည့်တုန်းက စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်ဘဲ စိတ်ဖောက်ပြန်မှု ဖြစ်ပွားခဲ့တယ်။ အဲဒါကတော့ အံ့ဩစရာ မဟုတ်ပါဘူး။ ကိုယ် ဆိုရင်လည်း အဲဒီလို ဖြစ်မှာပါပဲ။ အေးလေ ဘာပဲဖြစ်ဖြစ် သူက စိတ်ရောဂါ ထလာတဲ့ အချိန်မှာ သူ့မှာ အကြမ်းဖက်လိုတဲ့ စိတ်ဆန္ဒတွေ ပေါ်လာပြီး ဩဇာအာဏာရှိတဲ့ လူတွေကို တော်လှန်တော့တာပဲ။ သူ အဲဒီလို အရင်ကလည်း လုပ်ခဲ့ဖူးတယ်ဆိုတာ သိရတယ်။ ကိုယ်တို့က သူနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ သူ့စိတ်ကို ဆွပေးနိုင်လိမ့်မယ်ဆိုတာ သေချာတယ်။ အဲဒီနောက်မှာတော့ သူ့ကို ငွေပေးနေတဲ့လူကို သူက ပြန်ပြီး တော်လှန်အောင် လုပ်လို့ရလိမ့်မယ်။ သူ့ကို ခိုင်းနေတဲ့ ပုဂ္ဂိုလ်က တစ်ခုခု မှားယွင်း ချွတ်ချော်သွားခဲ့ရင် ဗန်ဆလိုက်အပေါ်မှာ အပြစ်တွေပုံချဖို့ ကြိုးစားနေတယ်လို့ ကိုယ်တို့က သူ့ကို ပြောပြလိုက်ရုံပဲ။ အခု ကိုယ်တို့က သူနဲ့ ပြောဆိုနေကြပြီဆိုတော့ တစ်ခုခု မှားယွင်းနေပြီဆိုတာ သေချာတာပေါ့ကွာ"

အင်ဂျယ်လာက ဒေးဗစ်အား အလွန် အံ့ဩသွားသော မျက်နှာထားနှင့် ကြည့်လိုက်၏။

"တစ်ခါတလေကျရင် ရှင်ဟာ အလွန် အံ့ဩဖို့ ကောင်းတယ်။ အခု စိတ်ကူးကလည်း ကျွန်မ ကြားဖူးသမျှတွေထဲမှာ အလွန် ရူးကြောင်ကြောင်နိုင်တဲ့ စိတ်ကူးပဲ။ ဗန်ဆလိုက်ရဲ့ ဆေးမှတ်တမ်းကို ပြန်ကြည့်မယ်ဆိုရင် သူ့ ရူးပုံက အကြမ်းဖက်ပြီး ရူးပုံမျိုးရှင့်။ အခု ရှင်က သူ့အရူးရောဂါကို ဘာန္တရာယ်မရှိဘဲနဲ့ ဆွပေးနိုင်တယ်လို့ ပြောနေတာလား၊ အဲဒါကတော့





မဖြစ်နိုင်ဘူး၊ သူက အကြမ်းဖက်ပြီး ထပေါက်ကွဲမှာ၊ အဲဒါက လူတိုင်းကို ရန်မူနိုင်တယ်။ အထူးသဖြင့် ရှင့်ကို ရန်မူနိုင်တယ်"

ဒေးဗစ်ကလည်း မယုတ်မလွန် ပြန်ဖြေလိုက်သည်။

"အဲဒါက စိတ်ကူးစိတ်သန်းကလေး တစ်ခုပါကွာ"

"ကဲပါလေ၊ ကျွန်မကတော့ ကျွန်မကို ရန်မူတာ မခံနိုင်ပါဘူး။ အခု ကိစ္စက မှန်းဆချက်တွေ သိပ်များလွန်းနေတယ်"

ဒေးဗစ်က ချော့လိုက်၏။

"ကောင်းပြီလေ၊ နောက် သံသယဝင်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ပီတာ အူးဟော့ဖ်ပဲ။ သူက ဆေးသင်တန်းတက်ထားတယ်။ သူဟာ ကိုယ်ဝန်ဖျက်ချတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး အဖမ်းခံခဲ့ရတယ်ဆိုတော့ သူဟာ ဆေးပညာရပ်နဲ့ ပတ်သက်တဲ့ အယူအဆတွေမှာ ပြင်းထန်သူ ဖြစ်နိုင်တယ်။ အဲဒါကလွဲရင် တခြား ပြောစရာ မရှိပါဘူး"

အင်ဂျယ်လာက မေးမြန်း၏။

"ဂျိုးဖော့ဘ်ကရော ဘယ်လိုလဲ"

"သူ့မှာ အကြွေးတွေ တင်နေတာကလွဲရင် တခြား သံသယ ဖြစ်စရာ မရှိပါဘူး"

"ဒါဖြင့် နောက်ဆုံး အမျိုးသမီး ကလောဒက်မောရစ်ကရော"

"အဲဒီ အမျိုးသမီးကတော့ ရှင်းပါတယ်၊ ကိုယ် သိချင်တာ တစ်ခုကတော့ သူက ဆေးမင်ကြောင်ကို ဘယ်နေရာမှာ ထိုးထားတယ် ဆိုတာပဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မကတော့ သိပ်အားကုန်သွားပြီ"

သူက သူကိုင်ထားသော စာရွက်များကို စားပွဲငယ်ပေါ်သို့ ပစ်တင်လိုက်၏။

"အေးလေ၊ တစ်ညလောက် အိပ်ရေးဝဝ အိပ်လိုက်ရရင်ဖြင့် တစ်ခုခုကို တွေးမိလာနိုင်စရာ ရှိကောင်းပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

**နိုဝင်ဘာလ ၁ ရက်၊ တနင်္လာနေ့**

ညသန်းခေါင်ယံတွင် နစ်ကီသည် ကြောက်လန့်တကြား အော်ဟစ်ပြီး အိပ်ရာမှ နိုးလာသောကြောင့် သူ့ကို ပင်မအိပ်ခန်းထဲသို့ ခေါ်ပြီး သိပ်လိုက်ရတော့သည်။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည်လည်း ကောင်းကောင်း အိပ်မပျော်ကြပါ။ ရပ်စတီသည်ပင်လျှင် ကောင်းကောင်း အိပ်ပျော်ပုံ မရပါ။ မကြာခဏ ထထပြီး ဟောင်နေသည်။ ရပ်စတီ ဟောင်တိုင်း ဒေးဗစ်သည် အိပ်ရာထဲမှ ခုန်ထပြီး တစ်လုံးထိုး သေနတ်ကို လှမ်းကိုင်လေ့ရှိသည်။ သို့ရာတွင် အများအားဖြင့် မှား၍ ဟောင်မှုများသာ ဖြစ်နေသည်။

နောက်တစ်နေ့ နံနက်တွင် စာစ်ခုတည်းသော ကောင်းကွက်မှာ နစ်ကီ၏ ကျန်းမာရေးပင် ဖြစ်သည်။ နစ်ကီ၏ အဆုတ်သည် ရာနှုန်းပြည့် သန့်ရှင်းစင်ကြယ်နေသည်။ မည်သို့ပင်ဖြစ်စေ ဒေးဗစ်နှင့် အင်ဂျယ်လာတို့က နစ်ကီကို ကျော်လွှားဖို့ စိတ်ပင် မကူးကြပါ။

သူတို့က ကော်လ်ဟွန်းထံ ဖုန်းထပ်ဆက်သော်လည်း ပြန်ဖြေကြားသော စက်နှင့်သာ တိုးရပြန်သည်။ သူတို့က ရဲကို တိုင်ကြားဖို့ ဆွေးနွေးမိကြသော်လည်း မနေ့ညက အဖြစ်အပျက်ကြောင့် တွန့်ဆုတ်ဆုတ် ဖြစ်နေကြပြန်သည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မသိတာ တစ်ခုကတော့ ဒီကနေ့ည ကျွန်မ ဒီအိမ်မှာ မအိပ်ချင်တော့ဘူး။ ကျွန်မတို့က ထုပ်ပိုးပြီး တခြားကို ပြောင်းသွားကြဖို့ သင့်ပြီ"

"ကိုယ်တို့က အဲဒါကို စဉ်းစားမယ်ဆိုရင် ကိုယ်က ဘာတန်ရှားဝုဒ်နဲ့ သွားတွေ့မှ ဖြစ်မယ်"

"လုပ်စမ်းပါရှင်၊ ဒီကနေ့ည ဒီအိမ်မှာ မအိပ်ချင်ဘူးဆိုတာ ကျွန်မက လေးလေးနက်နက် ပြောနေတာရှင့်"

ဒေးဗစ်က ဘဏ်သို့ တယ်လီဖုန်းဆက်၍ တွေ့ခွင့်တောင်းလိုက်ရာ ညနေ သုံးနာရီကျမှ တွေ့ခွင့်ရမည်ဟု သိရသည်။ အင်ဂျယ်လာက ပြော





လိုက်ပြန်၏။

"ကျွန်မတို့က ရှေ့နေတစ်ယောက်ယောက်နဲ့လည်း တိုင်ပင်သင့်တယ်"

"မင်းပြောတာ မှန်တယ်၊ ဂျိုးကော့စ်ဆီ ဆက်သွယ်ရအောင်"

ဂျိုးကော့စ်သည် ဒေးဗစ်တို့ ဇနီးမောင်နှံ၏ မိတ်ဆွေကောင်း ဖြစ်သလို ဘော့စတွန်တွင် အတော်ဆုံးရှေ့နေ ဖြစ်သည်။ သို့ရာတွင် သူ့ထံသို့ ဆက်သွယ်လိုက်သောအခါ သူသည် တစ်နေ့လုံးလုံး တရားရုံးများတွင် ရှိနေမည်ဖြစ်ကြောင်း သိလိုက်ရလေ၏။

အင်ဂျယ်လာက စကားပြောခွက်ကို ပြန်တင်ပြီး ဒေးဗစ်ကို မေးလိုက်သည်။

"ကျွန်မတို့ ဒီည ဘယ်မှာ အိပ်ကြမလဲ"

"ကိုယ့်မိဘတွေဆီမှာပဲ အိပ်ရင် ကောင်းမယ်ထင်တယ်"

"ကျွန်မကလည်း အဲဒါကိုပဲ ပြောတော့မလို့"

ဒေးဗစ်သည် နယူးဟမ်ရှိုင်းယားပြည်နယ်၊ အမ်းဟတ်စ်ရှိ သူ့မိခင်ထံ ဖုန်းဆက်၍ သုံးလေးရက် လာနေခွင့်ပြုပါဟု ခွင့်တောင်းလိုက်၏။ ဒေးဗစ်၏ မိခင်က အားရဝမ်းသာစွာ လက်ခံလိုက်သည်။

အင်ဂျယ်လာက ကော်လ်ဟွန်းကို နောက်တစ်ကြိမ် ဆက်သွယ်သေးသော်လည်း အဆက်အသွယ် မရပါချေ။ ဤတွင် အင်ဂျယ်လာက ကော်လ်ဟွန်း၏ နေအိမ်မှာ သိပ်မဝေးလှသဖြင့် သွားကြည့်သင့်ကြောင်း အကြံပေးသည်။ ဒေးဗစ်က သဘောတူသဖြင့် မိသားစုသုံးယောက်စလုံး ဗောလ်ဗိုကားနှင့် ထွက်ခွာလာခဲ့ကြသည်။

ကော်လ်ဟွန်း၏ အိမ်ရှေ့သို့ ရောက်သောအခါ စိတ်ပျက်လက်ပျက် ဖြစ်ရတော့သည်။ နေအိမ်၌ ကော်လ်ဟွန်း ရှိမနေသည်မှာ သေချာသည်။ အိမ်ရှေ့တံခါးပေါက် အပြင်ဘက်တွင် နှစ်ရက်စာ သတင်းစာများ အပုံလိုက် ရှိနေသေးကြောင်း တွေ့ကြရသည်။

သူတို့အိမ်အပြန် ခရီးတွင် ကော်လ်ဟွန်းကို နောက်ထပ် (၂၄) နာရီအထိ စောင့်ကြမည်ဖြစ်ပြီး ထို့နောက်ပိုင်းတွင်မှ ရဲကိုတိုင်ရန် ညှိနှိုင်းလိုက်ကြသည်။

အိမ်ပြန်ရောက်သောအခါ အင်ဂျယ်လာနှင့် နစ်ကီတို့က အထုပ်အပိုးများကို ပြင်ကြသည်။ ဒေးဗစ်ကမူ သူတို့ သက်မကောင်း ဖြစ်နေသူ လူငါးယောက်၏ လိပ်စာများကို တယ်လီဖုန်း စာအုပ်ထဲမှ ရေးမှတ်လိုက်၏။ လိပ်စာများကို ရရှိသောအခါ ဒေးဗစ်က အိမ်ပေါ် ထပ်သို့တက်ပြီး အဆိုပါ အိမ်လိပ်စာများကို ကားနှင့်တစ်ခေါက် လျှောက်ကြည့်လိုကြောင်း အင်ဂျယ်လာအား ပြောပြလိုက်သည်။

"ရှင် ဘယ်ကို သွားတာမှ ကျွန်မ မလိုလားဘူး"

အင်ဂျယ်လာက ခပ်မာမာ ထန်ထန် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

အင်ဂျယ်လာ၏ တုံ့ပြန်မှုကြောင့် ဒေးဗစ် အံ့သြသွားသည်။

"ပထမအချက်ကတော့ ကျွန်မ တစ်ယောက်တည်း မနေချင်ဘူး။ ဒုတိယအချက်ကတော့ ဒီကိစ္စဟာ အန္တရာယ် ကြီးမားကြောင်း ကျွန်မတို့ နားလည်ထားကြတယ်။ လူသတ်ဖို့ လက်ယဉ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အိမ်ကို သွားစပ်စုတာမျိုး မလုပ်စေချင်ဘူး"

"ကောင်းပါပြီလေ"

ဒေးဗစ်က ဖျောင်းဖျောင်းဖျဖျ ပြောလိုက်၏။

"မင်းပေးတဲ့ ပထမ အကြောင်းပြချက်နဲ့ပဲ လုံလောက်ပါတယ်ကွာ။ ဒုတိယအကြောင်းပြချက်ကို ပေးဖို့တောင် မလိုတော့ပါဘူး။ မင်းက မနက်ပိုင်း အိမ်မှာ တစ်ယောက်တည်း နေခဲ့ရတဲ့အတွက် သိပ်စိတ်လှုပ်ရှားမယ်လို့ ကိုယ် မထင်ပါဘူး။ အန္တရာယ်ရှိတယ် ဆိုတာနဲ့ ပတ်သက်ပြီး အဲဒီလူတွေဟာ ခုအချိန်မှာဆိုရင် လုပ်ငန်းခွင်တွေမှာ ရှိနေကြမှာပါ"

အင်ဂျယ်လာက ပြောလိုက်၏။

"ရှိနေကြမှာပါ ဆိုတာလောက်နဲ့တော့ မလုံလောက်ပါဘူးရှင်။ ကားထဲကို ပစ္စည်းတွေ တင်နိုင်အောင် ရှင်က လာပြီး ကူညီပါလားရှင်"

သူတို့သည် မွန်းတည့်ချိန်သို့ ရောက်ခါနီးတွင်မှ အဆင်သင့် ဖြစ်ကြတော့သည်။ သူတို့က အိမ်ကို လုံခြုံစွာ သော့ခတ်ပြီး ထွက်ခွာလာခဲ့ကြ၏။ ရပ်စတီကလည်း နစ်ကို့နံဘေးသို့ ခုန်တက်ပြီး လိုက်ပါလာသည်။

ဒေးဗစ်၏မိခင် ဂျင်နီဝီလ်ဆင်က နွေးထွေးစွာ ဧည့်ခံ ကြိုဆိုသည်။ ဒေးဗစ်၏ဖခင် အဲလ်ဘတ်ကမူ ငါးများထွက်နေသည်။ ညနေစောင်းမှ ပြန်ရောက်မည် ဖြစ်သည်။

ပစ္စည်းအားလုံးကို အိမ်ထဲသို့ သယ်ယူ ပြီးစီးသွားသောအခါ အင်ဂျယ်လာသည် ဧည့်သည်အတွက် ထားရှိသော အခန်းထဲမှ ဂွမ်းကပ်ဖုံးထားသော အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လဲကျသွားတော့သည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မက အရမ်း အားကုန်နေပြီ။ ခုချက်ချင်းတောင် အိပ်ပျော်သွားနိုင်တယ်"

"မင်း အိပ်လိုက်ပါလားကွာ၊ ဘာတန်ရှားဝုဒ်နဲ့ စကားပြောဖို့ ကိုယ်တို့နှစ်ယောက်စလုံး ဟိုကို ပြန်သွားစရာ မလိုပါဘူး"

"ရှင် စိတ်မဆိုးပါဘူးနော်"

"လုံးဝ စိတ်မဆိုးပါဘူးကွာ"

ဒေးဗစ်က အင်ဂျယ်လာအား ဂွမ်းကပ်နှင့် ခြုံပေးလိုက်၏။ ဒေးဗစ်က အခန်းတံခါးကို ပြန်ပိတ်လိုက်ချိန်တွင် အင်ဂျယ်လာက ဒေးဗစ်အား မော်တော်ကားကို သတိထားပြီး မောင်းနှင်ဖို့ မှာလိုက်သေး၏။ သို့ရာတွင် အင်ဂျယ်လာ အိပ်ချင်မူးတူး ဖြစ်နေလေပြီ။





နစ်ကီကမူ ဘွားဘွားနှင့်အတူ မုန့်ဖုတ်နေသည်။ ဒေးဗစ်က သူသည် ဘတ်တလက်တွင် ချိန်းဆိုထားမှုတစ်ခုရှိကြောင်း ရှင်းပြပြီး မော်တော်ကားနှင့် ထွက်လာခဲ့လေ၏။

ဒေးဗစ်သည် ဘတ်တလက်မြို့သို့ (၄၅) မိနစ်စောပြီး ရောက်ရှိလာသည်။ သူသည် မော်တော်ကားကို လမ်းနံဘေးတွင် ထိုးရပ်လိုက်ပြီး ဆေးမင်ကြောင် ထိုးထားသော ဆေးရုံလုပ်သား ငါးဦး၏ လိပ်စာစာရင်းကို ထုတ်ယူလိုက်သည်။

အနီးဆုံး လိပ်စာမှာ ကလိုက်ဒ်ဒီဗွန်ရှိုင်းယား၏ လိပ်စာပင် ဖြစ်သည်။ သူသည် အပြစ်ရှိသူကဲ့သို့ ခံစားနေရရင်းကပင် ကားကို ကလိုက်ဒ်၏ လိပ်စာဆီသို့ မောင်းလိုက်၏။ သူက အင်ဂျယ်လာ၏ စိုးရိမ်စိတ်မှာ အဓိပ္ပာယ် မရှိဟု သူ့ကိုယ်သူ မဲတင်းထားလိုက်သည်။ ပြီးတော့လည်း သူက နေရာကို ကြည့်ရုံကလွဲ၍ ဘာမှ လုပ်မည် မဟုတ်ပါ။

ဒေးဗစ်သည် ကလိုက်ဒ်၏ လိပ်စာတွင် ကုန်မျိုးစုံရောင်းသော စတိုးဆိုင်တစ်ဆိုင် ရှိနေသည်ကို တအံ့တသြ တွေ့ရတော့သည်။ သူက ဆိုင်ထဲသို့ဝင်ပြီး လိမ္မော်ရည် တစ်ကာတွန်းဝယ်ရင်း ကလိုက်ဒ်ဒီဗွန်ရှိုင်းယားကို သိသလားဟု အရောင်းစာရေး တစ်ယောက်ကို မေးလိုက်၏။

"သိပါတယ်ဗျာ၊ သူက အပေါ်ထပ်မှာ နေတယ်ဗျ"

"သူ့အကြောင်း ကောင်းကောင်း သိသလား"

"သဘောလောက်ပါပဲဗျာ၊ သူက ဒီဆိုင်ကို ခဏခဏ လာလေ့ရှိတယ်ဗျ"

"သူ့မှာ ဆေးမင်ကြောင်တစ်ခု ထိုးထားတယ်လို့ ကျုပ် ပြောသံကြားဖူးတယ်"

အရောင်းစာရေးက ရယ်လိုက်၏။

"သူ့မှာ ဆေးမင်ကြောင်ရုပ်တွေ အများကြီး ရှိတယ်ဗျ"

"ဘယ်နားတွေမှာလဲ"

ဒေးဗစ်က ခပ်ရှက်ရှက်နှင့်ပင် မေးရတော့သည်။ ဒုတိယအရောင်းစာရေးက ဝင်ဖြေသည်။

"သူ့လက်ကောက်ဝတ်တွေမှာဗျ၊ သူ့ကို ကြိုးနဲ့ပူးပြီး ချည်တုပ်ထားသလို ထိုးထားတာ"

ပထမ စာရေးက အားရပါးရ ထပ်၍ ရယ်လိုက်ပြန်၏။ ဒေးဗစ်ကလည်း ရယ်လိုက်သည်။ သူက ထိုပြက်လုံးကို နားမလည်ပါ။ သို့ရာတွင် မွန်မွန်ရည်ရည်တော့ ဖြစ်ချင်သည်။ အနည်းဆုံး ကလိုက်ဒ်ဒီဗွန်ရှိုင်းယား ထံ၌ ရှန်းရင်းဆန်ခတ် ဖြစ်သည့်အခါ ဒဏ်ရာရနိုင်သော နေရာ၌ ဆေးမင်ကြောင်များ ရှိနေကြောင်း သူသိခဲ့ရပြီ ဖြစ်ပါ၏။ ပထမ စာရေးက ပြောပြန်သည်။

"သူ့ဆီမှာ လက်မောင်းရင်းမှာ ဆေးမင်ကြောင်တွေ ရှိသလို ရင်



www.burmeseclassic.com

www.burmeseclassic.com

အတယ်ပေါ်မှာလည်း ရှိသေးတယ်ဗျ"

ဒေးဗစ်က ကျေးဇူးတင်စကားပြောပြီး ပြန်ထွက်လာခဲ့သည်။ သူသည် အိမ်ပေါ်ထပ်သို့ တက်သော လှေကားကို တွေ့သောကြောင့် တံခါးဘုကို လှည့်ကြည့်မိသေးသည်။ ပြီးမှ အင်ဂျယ်လာထံ သူပေးခဲ့သော ကတိကြောင့် အပေါ်သို့ မတက်တော့ရန် ဆုံးဖြတ်လိုက်သည်။

သူက ကားပေါ်သို့ ပြန်အရောက်တွင် နာရီကို ကြည့်လိုက်၏။ ရှားပုံနှင့် မတွေ့ရမီ မိနစ်နှစ်ဆယ် အချိန်ရသေးသည်။ နောက်လိပ်စာတစ်ခုကို ထပ်ရှာနိုင်သေးသည်။ အနီးဆုံးနေရာမှာ ဗန်ဆလိုက်၏ လိပ်စာပင် ဖြစ်သည်။

မိနစ်ပိုင်းအတွင်းမှာပင် ဒေးဗစ်၏ ကားသည် ဗန်ဆလိုက်၏ လမ်းကြားကလေးထဲသို့ ဝင်ရောက်လာလေပြီ။ သူက စာတိုက်ပုံးများပေါ်မှ အိမ်နံပါတ်များကို ကြည့်ရန် ခပ်ဖြည်းဖြည်း မောင်းနှင်လာသည်။ ဖြုန်းခနဲဆိုသလို ဒေးဗစ်က ဘရိတ်အုပ်လိုက်ရ၏။ သူ့မော်တော်ကားသည် ကော်လ်ဟွန်း၏ မော်တော်ကားနှင့် ခပ်ဆင်ဆင်တူသော အစိမ်းရောင် ထရပ်ကား တစ်စီးနှင့် ရင်ပေါင်တန်းမိနေလေပြီ။

ဒေးဗစ်သည် နောက်သို့ ပြန်ဆုတ်လာပြီး ဗောလ်ဗိုကားကို ထရပ်ကား၏ နောက်တည့်တည့်၌ ဝင်ရပ်လိုက်၏။ ထိုကား၏ နောက်ဘက်ဘန်ပါပေါ်တွင် 'ဤမော်တော်ယာဉ်သည် ဝါရှင်တန်တောင်ကို တက်ခဲ့သည်' ဆိုသော စာတန်းကို ကပ်ထားသည်။ ဒီကားသည် ကော်လ်ဟွန်း၏ မော်တော်ကားပဲ ဖြစ်ရမည်။

ဒေးဗစ်သည် ကားထဲမှ ထွက်လာပြီး ထရပ်ကား၏ ခေါင်းခန်းထဲသို့ ချောင်းကြည့်လိုက်ပြန်၏။ မှိုတက်နေသော ကော်ဖီခွက် တစ်ခွက်က လှန်ချထားသော အံဖုံး တံခါးရွက်ပေါ်တွင် တင်လျက်သား ရှိနေသည်။ ပြာခွက်ထဲတွင်လည်း ဆေးပြင်းလိပ်တိုများနှင့် ပြည့်လျှံနေသည်။ ဒေးဗစ်သည် ဆိုဖာများနှင့် နောက်ကြည့်မှန်၌ တွဲလောင်းဆွဲထားသော လေသန့်ခဲတို့ကို မှတ်မိလိုက်၏။ ထိုထရပ်ကားသည် ကော်လ်ဟွန်း၏ ထရပ်ကားအမှန်ပင်တည်း။

ဒေးဗစ်က ခါးပြန်ဆန့်ပြီး လမ်းကိုကျော်၍ လှမ်းကြည့်လိုက်၏။ အိမ်ရှေ့တွင် စာတိုက်ပုံးကို မတွေ့ရသော်လည်း သူ ရပ်နေသည့် နေရာမှနေ၍ ကြည့်လျှင် ဆင်ဝင်အတက် လှေကားခုံ၌ ရေးသားထားသော အိမ်နံပါတ်ကို မြင်နေရသည်။ ထိုလိပ်စာမှာ ဗန်ဆလိုက်၏ လိပ်စာဖြစ်သော အမှတ် (၆၆)၊ ပန်းသီးပင်လမ်းပင် ဖြစ်တော့သည်။

ဒေးဗစ်က ပို၍ နီးနီးကပ်ကပ် မြင်ရအောင် လမ်းကို ကျော်ဖြတ်၍ ကူးသွားလိုက်၏။ အရောင်အဆင်း ပျက်နေသော ထိုအိမ်ထဲတွင် လူရှိနေပုံ မရပါ။ အိမ်ဝင်းထဲသို့ ကားမောင်းဝင်သော ကျောက်စရစ်လမ်းပေါ်တွင် ကားသီးရာများ ရှိနေသည်က လွဲ၍ လူနေသောအိမ်နှင့် မတူလှပါ။





ဒေးဗစ်က ကားဂိုဒေါင်ဆီသို့ သွား၍ အထဲသို့ ချောင်းကြည့်လိုက်၏။ ဟာလာဟင်းလင်း ဖြစ်နေသည်။

ဒေးဗစ်က အိမ်ရှေ့သို့ လှည့်လာပြီး သူ့အား မည်သူကမျှ စောင့်မကြည့်မှန်း သေချာသည့် အချိန်တွင် တံခါးလက်ကိုင်ဘုကို လှည့်ကြည့်လိုက်၏။ အသာကလေး ပွင့်သွားသည်။ သူက တံခါးရွက်ကို ခပ်ဖြည်းဖြည်း တွန်းလိုက်၏။ သံချေးတက်နေသော ပတ္တာများက တကျွိကျွိ မြည်သွားကြသည်။

ချိုးချိုးချွတ်ချွတ်သံ ကြားရုံမျှနှင့် ပြန်လှည့်ပြေးရန် ဟန်ပြင်ထားသော ဒေးဗစ်က အိမ်ထဲသို့ ချောင်းကြည့်လိုက်၏။ သူ မြင်ရသော ပရိဘောဂများပေါ်တွင် ဖုန်တက်နေပြီး ပင့်ကူအိမ်များ ကပ်နေကြသည်။ ဒေးဗစ်က အသက်ကို ရှူသွင်းလိုက်ပြီး လူရှိမရှိ သိရအောင် အော်ခေါ်လိုက်၏။

တကယ်လို့ ရှိနေခဲ့လျှင်လည်း မည်သူကမျှ ပြန်မထူးပါ။ ဒေးဗစ်က တံခါးပေါင်ကိုကျော်၍ အိမ်ထဲသို့ ဝင်လိုက်၏။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ သူ့ရင်ဘတ်ကလည်း တဒုန်းဒုန်း ခုန်နေသည်။ သူ အိမ်ထဲသို့ မဝင်ချင်ပါ။ သို့ရာတွင် ကော်လ်ဟွန်းကိုတော့ ရှာရပါမည်။

ဒေးဗစ်က ထပ်၍ အော်ခေါ်သော်လည်း မည်သူကမျှ ပြန်မထူးပါ။ သူက တတိယအကြိမ် အော်ခေါ်တော့မည့်ဆဲဆဲတွင် သူ့ကျောဘက်မှ တံခါးရွက်သည် ဒိုင်းခနဲမြည်၍ ပိတ်သွားတော့သည်။ ကြောက်လွန်းလှသောကြောင့် ဒေးဗစ်တစ်ယောက် လိပ်ပြာစဉ်မတတ် ဖြစ်ခဲ့ရသည်။ သူက တံခါးသော့ခလောက်သည် သော့ခတ်ပြီးသား ဖြစ်သွားလိမ့်မည်ဟု အဓိပ္ပာယ် ကင်းမဲ့စွာ ကြောက်လန့်မိသောကြောင့် သူက တံခါးရွက်ကို သွေးရူးသွေးတန်း ပြန်ဖွင့်လိုက်၏။ သူက တံခါးရွက် ပြန်ပိတ်မသွားအောင် ညစ်ပတ်ပေရေနေသော ထီးချိတ်သည့်စင်နှင့် ကြားထဲက ခံထားလိုက်သည်။ သူသည် ထိုအိမ်ထဲ၌ ပိတ်မိနေသလို မခံစားချင်ပါ။

သူက သူ့ကိုယ်ကို အဖြစ်နိုင်ဆုံး ဣန္ဒြေပြန်ဆည်လိုက်ပြီးနောက် မြေညီထပ်ကို လျှောက်လေ့လာတော့သည်။ သူသည် ညစ်ပတ်နေသော အခန်းများကို တစ်ခန်းဝင် တစ်ခန်းထွက် လေ့လာရင်းနှင့် နောက်ဆုံးတွင် မီးဖိုချောင်သို့ ရောက်သွားတော့သည်။ ထိုနေရာ၌ သူ တန့်ခနဲ ဖြစ်သွား၏။ စားပွဲပေါ်တွင် ကော်လ်ဟွန်း သောက်လေ့ရှိသည့် ဆေးပြင်းလိပ်တိုတစ်ခု ရှိနေသော ပြာခွက် ရှိနေသည်။ စားပွဲ၏ ဟိုဘက်တွင် မြေအောက်ခန်းသို့ ဆင်းသောတံခါး ပွင့်နေသည်ကို တွေ့ရလေ၏။

ဒေးဗစ်က တံခါးပေါက်ဆီသို့ လျှောက်သွားပြီး မှောင်မည်းနေသော အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ တံခါးပေါက် နံဘေးတွင် မီးခလုတ်တစ်ခု ရှိနေသောကြောင့် ဖွင့်ကြည့်လိုက်ရာ လှေကားပေါ်မှ မီးလုံးက နီကြင်ကြင် လင်းလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်က အသက်ဝဝရှူလိုက်ပြီး လှေကားအတိုင်း အောက်သို့ ဆင်းလိုက်၏။ သူက လှေကားအလယ်လောက်တွင် ရပ်တန့်ပြီး မြေအောက်ခန်းကို မျက်စိကစားလိုက်သည်။ မြေအောက်ခန်းထဲတွင် ပရိဘောဂ အဟောင်းများနှင့် အခြားပစ္စည်း အဟောင်းမျိုးစုံ ရှိနေကြသည်။ ပိုးလင်းဖိုကြီး၏ ရှေ့တွင် ကွန်ကရစ်လောင်းထားသော နေရာတစ်နေရာ ရှိနေသည်က လွဲ၍ ကြမ်းပြင်တစ်ခုလုံးသည် အိမ်အပေါ်ထပ်မှာကဲ့သို့ပင် ဖုန်ကူနေကြောင်း သူ တွေ့ရသည်။

ဒေးဗစ်သည် လှေကားအတိုင်း ဆက်ဆင်းသွားပြီး ကွန်ကရစ်လောင်းထားသည့် နေရာကို စစ်ဆေးကြည့်ရှုလိုက်၏။ ထိုကွန်ကရစ်ပြားသည် စိုထိုင်းနေဆဲပင် ရှိသေးသည်။ ဒေးဗစ်က သေချာအောင် လက်နှင့် ကိုင်ကြည့်လိုက်၏။ သူ့တစ်ကိုယ်လုံး တုန်သွားသည်။ သူက ခါးကို ပြန်မတ်လိုက်ပြီး လှေကားဆီသို့ အပြေးအလွှား ပြန်သွားတော့သည်။ သူ့အဖို့ ရဲကို သွားတိုင်ရန် လုံလောက်ပါပြီ။ သို့ရာတွင် သူက ဒေသခံရဲများဆီကို သွားမည် မဟုတ်ပါ။ ပြည်နယ်ရဲများဆီသို့ တိုက်ရိုက်သွားမည် ဖြစ်သည်။ သူ လှေကားထိပ်သို့ ရောက်ချိန်တွင် ဒေးဗစ် ခြေလှမ်းတန့်သွားသည်။ အိမ်ရှေ့အဝင် ကျောက်စရစ်လမ်းပေါ်သို့ ကားမောင်းလာသံကို သူ ကြားလိုက်ရသည်။ မော်တော်ကားတစ်စီး အိမ်နံဘေးတွင် ထိုးရပ်လိုက်၏။

တစ်စက္ကန့်ခန့် ဒေးဗစ် ကြက်သေသေသွားသည်။ ဘာလုပ်ရမည်ကို သူ မသိပါ။ သူ ဆုံးဖြတ်ဖို့ အချိန်သိပ်မရပါ။ သူ သတိရလာချိန်တွင် ကားတံခါး ပွင့်လာပြီး ပြန်ပိတ်လိုက်သံ၊ ကျောက်စရစ် လမ်းပေါ်တွင် လမ်းလျှောက်လာသံတို့ကို သူ ကြားလိုက်ရသည်။

ဒေးဗစ် သွေးပျက်သွားသည်။ သူက မြေတိုက်ခန်းတံခါးကို ပြန်ဆွဲ၍ ပိတ်လိုက်ပြီး လှေကားပေါ်မှ ခပ်မြန်မြန် ပြန်ဆင်းသွားသည်။ မြေတိုက်ခန်းထဲတွင် အပြင်ဘက်သို့ ထွက်နိုင်သော လှေကားနှင့် အပေါက် တစ်ပေါက် မုချရှိရမည်ဟု သူ တထစ်ချ တွက်လိုက်သည်။

မြေတိုက်ခန်း၏ နောက်ဘက်တွင် တံခါးပေါက် သုံးလေးပေါက် ရှိနေသည်။ ဒေးဗစ်က ထိုတံခါးပေါက်များဆီသို့ ချက်ချင်းပင် ရောက်အောင်သွားတော့သည်။ တံခါးတစ်ပေါက်ပေါ်တွင် ပွင့်နေသော မျောက်လက်တစ်ခု ရှိသည်။ သူက တံခါးကို ခပ်ဖြည်းဖြည်း ဆွဲဖွင့်လိုက်၏။ ထို တံခါးရွက်၏ နောက်ဘက်တွင် ဖယောင်းတိုင် အားနည်းသော မီးလုံး တစ်လုံး ထွန်းထားသည့် သိုလှောင်ခန်း တစ်ခန်း ရှိသည်။

အပေါ်ထပ်မှ ခြေသံများကို ကြားရသောကြောင့် ဒေးဗစ်က နောက်တံခါးပေါက် တစ်ပေါက်ဆီသို့ သွားပြန်၏။ သူက တံခါးဘုကို ဆွဲလှည့်သော်လည်း ထိုတံခါးရွက်က ပွင့်ထွက်မလာပါ။ နောက်ဆုံးတွင်မှ ဆွဲဖွင့်၍ ရတော့သည်။

ထိုတံခါးရွက်၏ နောက်ဘက်၌ ဒေးဗစ် လိုက်ရှာနေသော အပေါ်သို့ တက်သည့် ကွန်ကရစ်လှေကားနှင့် အပေါ်မှ အံဖုံးတံခါးတို့ကို တွေ့ရတော့သည်။ သူက နောက်ဘက်မှ တံခါးရွက်ကို ပြန်ပိတ်လိုက်၏။

ဒေးဗစ်က လှေကားပေါ်သို့ တက်သွားပြီး အံဖုံးတံခါးအောက်တွင် ပုံ၍ နားစွင့်ထောင်လိုက်၏။ ဘာသံမှ မကြားရပါ။ သူက တံခါးရွက်ကို လက်ဖဝါးနှင့် ပင့်တွန်းလိုက်၏။ လက်မဝက်ခန့် ကြွတက်သွားသည်က လွဲ၍ ဆက်တွန်း၍ မရတော့ပါ။ ထိုတံခါးရွက်များကို အပြင်က သော့ခလောက်နှင့် သော့ခတ်ထားပါသည်။

ဒေးဗစ်က တံခါးရွက်ကို ခပ်ဖြည်းဖြည်း အောက်သို့ ပြန်ချလိုက်ပြီး သူ့စိတ်ကို ငြိမ်အောင်ထားလိုက်၏။ သူ ချောင်ပိတ်မိနေပါပြီ။ သူ့ကို ရှာမတွေ့ပါစေနှင့် ဟူ၍သာ ဆုတောင်းရတော့သည်။ သို့ရာတွင် မြေအောက်ခန်းသို့ ဆင်းသောတံခါး ဝုန်းခနဲ ပွင့်သွားပြီး လှေကားပေါ်သို့ ဆင်းလာသော ခြေသံများကို သူ ကြားလိုက်ရလေ၏။

ဒေးဗစ်သည် မှောင်ထဲ၌ ဆောင့်ကြောင့်ထိုင်ရင်း အသက်အောင့်ထားလိုက်သည်။

ခြေသံများက တဖြည်းဖြည်း နီးလာသည်။ ထို့နောက် သူ ပုန်းနေသော အခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်လေ၏။ ဒေးဗစ်သည် အလွန်အကျွံ ဒေါသဖြစ်နေသော ဝါနာဗန်ဆလိုက်၏ မျက်နှာကြီးကို ဘွားခနဲ မြင်လိုက်ရတော့သည်။

ဗန်ဆလိုက်သည် ဒေးဗစ်ထက်ပင် ပို၍ တုန်လှုပ်ချောက်ချားနေပုံ ရသည်။ သူ၏ လှုပ်ရှားပုံနှင့် သူ့ကို မြင်ရသည်မှာ မူးယစ်ဆေးဝါးများကို အများကြီး သုံးစွဲလာသူနှင့် တူနေသည်။ သူ့မျက်ခွံများက နောက်ဘက်သို့ လန်နေသောကြောင့် မျက်တောင်မခတ်သော မျက်လုံးနှစ်လုံးက ပြူးထွက်နေကြသည်။ သူ့သူငယ်အိမ်များမှာ ကျယ်လွန်းလှသဖြင့် သူငယ်အိမ် မရှိသကဲ့သို့ပင် ထင်နေရသည်။ သူ့နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ သီးနေသည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ အထူးသဖြင့် လက်တွေက ပိုတုန်နေသည်။ သူ့ညာဘက် လက်ထဲ၌ ပစ္စတိုတစ်လက် ကိုင်ထားသည်။ သူက ထိုသေနတ်နှင့် ဒေးဗစ် မျက်နှာကို ချိန်ထားသည်။

ခဏတ္တမျှ သူတို့နှစ်ယောက်စလုံး မလှုပ်မယှက် ဖြစ်နေကြသည်။ ဒေးဗစ်က သူ ရောက်နေသည့် အကြောင်းကို ဆင်ခြေတက်ဖို့ အပြင်းအထန် စဉ်းစားလိုက်၏။ သို့ရာတွင် သူ စဉ်းစား၍ မရပါ။ သူ တွေးမိနေသော အချက်မှာ သူ့မျက်နှာကို ချိန်ထားသော သေနတ်က ယိမ်းထိုးနေခြင်းပင်တည်း။ ဝါနာဗန်ဆလိုက်၏ ယိမ်းထိုးမှုက အချိန်နှင့်အမျှ ပိုများလာသဖြင့် မတော်တဆ ကျည်ဆန်ထွက်သွားမှာကို ဒေးဗစ် စိုးရိမ်နေမိသည်။

ဝါနာဗန်ဆလိုက်သည် ၎င်း၏ နေအိမ်ထဲ၌ ဒေးဗစ် ခိုပုန်းနေသည်ကို တွေ့လိုက်ရသောကြောင့် အလွန်အမင်း ကြောက်စိတ်ဝင်နေကြောင်း







www.burmeseclassic.com

www.burmeseclassic.com

ဒေးဗစ် သဘောပေါက်လိုက်သည်။ ဝါနာဗန်ဆလိုက်၏ စိတ်ရောဂါ ပုတ်တမ်းကို သတိရလာသောကြောင့် ထိုအခိုက်အတန့်တွင် ဝါနာဗန်ဆလိုက်၏ စိတ်ရောဂါ ပြန်ထနေလိမ့်မည်ဟု ဒေးဗစ် တွေးလိုက်မိ၏။

သူ ဒါပ်ထဲသို့ ရောက်နေခြင်းမှာ ကော်လ်ဟွန်း၏ ထရပ်ကားကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်ဟု ရှင်းပြရန် စဉ်းစားပြီးမှ မပြောရန် ဆုံးဖြတ်လိုက်၏။ ထို အလွတ်စုံထောက်နှင့် ဗန်ဆလိုက်တို့ အကြားတွင် ဘာဖြစ်ခဲ့သည်ကို မည်သူသိနိုင်ပါမည်နည်း။ ကော်လ်ဟွန်း၏ အမည်ကို ပြောလိုက်မှုက ဗန်ဆလိုက်၏ စိတ်ရောဂါကို ပို၍ ဆွလိုက်သလို ဖြစ်လာနိုင်ပေသည်။

သူ့အနေနှင့် ဆောင်ရွက်သင့်သော အကောင်းဆုံး လုပ်ရပ်မှာ ထိုပုဂ္ဂိုလ်နှင့် ရင်းနှီးအောင် ပြုလုပ်ရန်၊ ထိုပုဂ္ဂိုလ်တွင် ပြဿနာများ ရှိနေကြောင်း အသိအမှတ်ပြုရန်၊ ထိုပုဂ္ဂိုလ်တွင် စိတ်ကျဉ်းကျပ်မှု ရှိနေကြောင်း ဝန်ခံစေရန်၊ ထိုပုဂ္ဂိုလ် ခံစားနေရမှုကို ဒေးဗစ်က နားလည်သဘောပေါက်ကြောင်း ပြောပြရန်နှင့် ဒေးဗစ်သည် ဆရာဝန်တစ်ဦးဖြစ်ပြီး သူ့ကို ကူညီလိုကြောင်း ပြောပြရန်ပင် ဖြစ်သည်။

ကံဆိုးချင်တော့ ဒေးဗစ်က ၎င်း၏ စိတ်ကူးကို အကောင်အထည်ဖော်နိုင်အောင် ဗန်ဆလိုက်က အခွင့်အရေး မပေးခြင်းပင် ဖြစ်သည်။ ဗန်ဆလိုက်က စကားတစ်ခွန်းမျှ မပြောဘဲ ဒေးဗစ်၏ဂျာကင်ကို လက်နှင့်ဆုပ်ကိုင်၍ အပြင်ဘက် မြေတိုက်ခန်းထဲသို့ ဆွဲထုတ်လိုက်လေတော့သည်။

ခွန်အားကြီးလှသော ဗန်ဆလိုက်၏ ဆွဲကိုင်လှုပ်ယမ်းမှုကြောင့် ဒေးဗစ်သည် ဖုန်တက်နေသော ကြမ်းပြင်ပေါ်သို့ ဦးခေါင်းနှင့် မှောက်လျက်ကြီး ကျသွားခဲ့သည်။ စက္ကူဘူးခွံများနှင့် ဝင်စောင့်မိတော့သည်။

"ထစမ်း"

ဗန်ဆလိုက်က အော်ဟစ်လိုက်၏။ သူ့အော်သံသည် မြေတိုက်ခန်းထဲ၌ ပဲ့တင်ထပ်သွားသည်။ ဒေးဗစ်က ပင်ပန်းကြီးစွာ မတ်တတ်ရပ်လိုက်၏။ ဗန်ဆလိုက်သည် အရမ်း လှုပ်ယမ်းနေသောကြောင့် တွန့်လိမ်ကောက်ကွေးနေသလို ဖြစ်နေသည်။

"ပစ္စည်းသိုလှောင်ခန်းထဲကို ဝင်စမ်း"

"စိတ်ငြိမ်ငြိမ် ထားစမ်းပါဗျာ"

ဒေးဗစ်က ပထမဦးဆုံးအကြိမ် စ,စကားပြောလိုက်၏။ သူက စိတ်ရောဂါကု ဆရာဝန်တစ်ဦး၏ လေသံဖြင့် ဗန်ဆလိုက် စိတ်လှုပ်ရှားနေသည်ကို သူ နားလည်သဘောပေါက်ကြောင်း စပြောလိုက်သည်။

ဗန်ဆလိုက်က သေနတ်ကို သူ ထင်ရာမြင်ရာသို့ လျှောက်ပစ်လိုက်ခြင်းဖြင့် တုံ့ပြန်လိုက်၏။ ကျည်ဆန်များက ဒေးဗစ်၏ ဦးခေါင်းဘေးမှ ဝီးခနဲ ဝီးခနဲ ဖြတ်သန်းသွားကြပြီးနောက် နံရံကို ထိမှန်ပြီး သူတို့ဆီသို့ ပြန်စဉ်လာကြသည်။ နောက်ဆုံးတွင် ကျည်ဆန်များသည် လေ့ကားထစ်များနှင့် တံခါးရွက်များထဲ၌ စိုက်ဝင်ပြီး ရပ်တန့်သွားကြတော့သည်။

ဒေးဗစ်သည် ပစ္စည်းသိုလှောင်ခန်းကလေးထဲသို့ ကြောက်လန့်တကြား ပြေးဝင်သွားပြီး ဗန်ဆလိုက်က နောက်ထပ် ဘာလုပ်မည်ကို မသိသောကြောင့် အဝေးဆုံး နံရံတွင် ကပ်နေလိုက်သည်။ ဗန်ဆလိုက်သည် အဆိုးရွားဆုံး စိတ်ရောဂါရှင်ဖြစ်ကြောင်း သူ လက်ခံယုံကြည်သွားပါပြီ။

ဗန်ဆလိုက်က ကြီးမားလေးလံသော သစ်သားတံခါးကြီးကို တအားကုန် ဆောင့်ပိတ်လိုက်ရာ ဒေးဗစ်၏ ခေါင်းပေါ်သို့ အင်္ဂတေစများ မိုးရွာသလို ကျလာတော့သည်။ ဒေးဗစ် မလှုပ်ရဲပါ။ မြေအောက်ခန်းထဲ၌ ဗန်ဆလိုက် သွားလာလှုပ်ရှားနေသည့် အသံကို သူ ကြားနေရသည်။ ထို့နောက် ထိုအခန်းတံခါးရွက်မှ မျောက်လက်ကို ပိတ်လိုက်ပြီး သော့ခလောက် တစ်လုံးနှင့် ခတ်လိုက်သောကြောင့် ချောက်ခနဲ မြည်သွားသံကိုပင် ကြားလိုက်ရလေ၏။

တိတ်ဆိတ်နေမှု အတန်ငယ် ကြာသွားသောအခါ ဒေးဗစ် မတ်တတ်ရပ်လိုက်သည်။ သူက ထိုအခန်းကလေးကို လျှောက်ကြည့်လိုက်၏။ ထိုအခန်းထဲရှိ တစ်ခုတည်းသော အလင်းရောင်ကို မျက်နှာကြက်မှ တွဲလောင်းကျနေသော စလောင်းဖုံး မပါသည့် မီးသီးမှ ရရှိနေခြင်း ဖြစ်သည်။ ထိုအခန်းနံရံများကို အုတ်မြစ်ချရာတွင် သုံးသော အလွန် ကြီးမားသည့် ဂဝံကျောက်တုံးကြီးနှင့် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

နံရံတစ်ဖက်တွင် မပုပ်မသိုးဘဲ ရှိနေသော သစ်သီးများကို ထည့်ထားသည့် သံပုံးများကို တွေ့ရ၏။ အခြား နံရံတစ်ဖက်ပေါ်တွင် မျက်နှာကြက်အထိ မြင့်သော နံရံကပ် စင်များပေါ်၌ ကြာရှည်ခံအောင် ပြုလုပ်ထားသော သစ်သီးများအား ထည့်ထားသည့် ဖန်ပုလင်းများအား အစီအရီ တင်ထားလေသည်။

ဒေးဗစ်သည် တံခါးရွက်ဆီသို့သွားပြီး နားရွက်နှင့်ကပ်၍ နားထောင်လိုက်၏။ သူက တံခါးရွက်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သောအခါ ကုတ်ခြစ်ထားသော အစင်းကြောင်းများကို တွေ့ရလေသည်။ တစ်ယောက်ယောက်က အပြင်သို့ ထွက်နိုင်အောင် သွေးရူးသွေးတန်းနှင့် ကုတ်ခြစ်ပြီး ကြိုးစားခဲ့ပုံရသည်။

ဒေးဗစ်က အကျိုးမရှိ အရာမထင်နိုင်မှန်း သိသော်လည်း ကြိုးစားရမည်သာ ဖြစ်ကြောင်း သူသိသည်။ သူက တံခါးရွက်ကို ပခုံးနှင့် တွန်းလိုက်၏။ နည်းနည်းလေးမျှ မရွေ့ပါ။ သူ ကြိုးစား၍ မရသောအခါ ဒေးဗစ်က ထိုသိုလှောင်ခန်းကလေးကို ထပ်မံ စစ်ဆေးရန် စတင်ပြီး ကဲ၊ စဉ်းမိမှိတ်သွားပြီး အမှောင်ထုထဲသို့ ရောက်ရှိသွား၏။

❖ ❖ ❖

ရှားဝုဒ်က အင်တာကွန်ခလုတ်ကို နှိပ်၍ ဒေးဗစ်လ်ဆင်နှင့် မည်




www.burmeseclassic.com

www.burmeseclassic.com



ဘည့် အချိန်တွင် ချိန်းဆိုထားသနည်းဟု သူ့အတွေးရေးမှုကို မေးလိုက်၏။ ရှာရွှန်က ဖြေလိုက်သည်။

"သုံးနာရီပါရှင်"

"အခု ဘယ်နှစ်နာရီ ရှိနေပြီလဲ"

သူက အိတ်ထဲမှ ခါးပိုက်ဆောင်နာရီကို နှိုက်ယူကြည့်ရင်း မေးလိုက်ခြင်း ဖြစ်သည်။

"သုံးနာရီ ဆယ့်ငါးမိနစ်ပါရှင်"

"ကျုပ်ကလည်း အဲဒီလို ထင်တာပဲ၊ သူ့အရိပ်အယောင်ကိုတောင် မတွေ့ရသေးဘူးလား"

"မတွေ့ရသေးပါဘူးရှင်"

"တကယ်လို့ သူ ရောက်လာခဲ့ရင် နောက်တစ်ခါ ပြန်ချိန်းရလိမ့်မယ်လို့ ပြောလိုက်၊ ပြီးတော့လည်း ဒီကနေ့ည ကျင်းပမယ့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို ယူခဲ့စမ်း"

ရှားဝုဒ်က အင်တာကွန် ခလုတ်ကို နှိပ်ထားရာမှ ပြန်လွှတ်လိုက်၏။ ဒေးဗစ်ဝီလ်ဆင် ကိုယ်တိုင်က လာတွေ့ပါရစေဟု ချိန်းဆိုထားပြီး နောက်ကျနေသည့်အတွက် သူ စိတ်တိုနေသည်။

ရှားဝုဒ်က ဟာရီးထရေနာထံ တယ်လီဖုန်း ဆက်လိုက်၏။ သူက အစည်းအဝေးအတွက် ကြိုတင် မပြင်ဆင်မီ ထိုအစည်းအဝေးကို ပယ်ဖျက်ခြင်း ရှိမရှိ သူ သိလိုသည်။ ထိုကိစ္စမျိုး ၁၉၈၁ ခုနှစ်က တစ်ကြိမ် ဖြစ်ခဲ့ဖူးသည်။ ထိုကိစ္စကို သူ မမေ့ပါ။ ထရေနာက ဖြေလိုက်၏။

"ညနေ ခြောက်နာရီမှာ တိတိကျကျ ကျင်းပမှာပါဗျာ။ ကျုပ်နဲ့ အတူတူ လမ်းလျှောက်သွားချင်သလား၊ ဒီကနေ့ ညနေခင်းက သာယာတယ်ဗျာ။ နောက်နှစ် နွေရာသီ မရောက်ခင် ဒီလို ညနေခင်းမျိုး သိပ်ကြာကြာ တွေ့ရတော့မှာ မဟုတ်ဘူး"

"ခင်ဗျားနဲ့ကျုပ် ဘဏ်ရှေ့မှာ ဆုံကြမယ်ဗျို့၊ ခင်ဗျား လေသံကြားရတာ စိတ်ရွှင်လန်းနေသလိုပဲ"

ထရေနာက ဖြေလိုက်၏။

"နေ့ကောင်းရက်မြတ် တစ်ရက်ပဲပေါ့ဗျာ။ ကျုပ်ရဲ့ ကမ္ဘာ့ရန်သူ ဂျက်ဘ်ဝစ်ဂင်းစ်က မော်တော်ယာဉ် ရပ်နားတဲ့ အဆောက်အအုံ ဆောက်ဖို့ သူ သဘောတူပါတော့မယ်လို့ ဖုန်းဆက်တယ်ဗျ။ ဒီလကုန်မှာ ဆောက်လုပ်ရေးကော်မတီရဲ့ ခွင့်ပြုချက်ကို ရတော့မှာပေါ့ဗျာ"

ရှားဝုဒ်က ပြုံးလိုက်၏။

"ကျုပ်က ငွေစုစာချုပ် ကိစ္စကိုပါ တင်ပြလိုက်ရတော့မလား"

"သိပ်လိုအပ်တာပေါ့ဗျာ၊ ကျုပ်တို့က ခပ်သွက်သွက်ကလေး လုပ်ကြရမှာဗျ။ ကျုပ်ကလည်း ဆောင်းရာသီ မရောက်ခင် ကွန်ကရစ်လောင်းလို့ ရမလား ဆိုတာ မေးဖို့ ကန်ထရိုက်တာကို ခေါ်ထားသေးတယ်"





၄

ရှာရွှန်သည် အခန်းထဲသို့ ဝင်လာပြီး အစည်းအဝေး အစီအစဉ်ကို ရှားဝုဒ်အား ကမ်းပေးလိုက်သည်။ ထရေနာက ဆက်ပြောလိုက်ပြန်၏။

"နောက်ထပ် သတင်းကောင်းတွေ ရှိသေးတယ်၊ ဟယ်လင်ဘီတန်ကလည်း တယ်လီဖုန်း ဆက်သေးတယ်၊ အောက်တိုဘာလရဲ့ အစမ်းရှင်းတမ်းက အရင် ခန့်မှန်းထားတာထက် ပိုကောင်းတယ်လို့ ပြောတာပဲ"

"ဒီလကတော့ သတင်းကောင်းတွေကိုချည်း ကြားနေရတာပဲ"

ထရေနာက ပြောလိုက်သည်။

"ကျုပ်ကတော့ အဲဒီလောက်အထိ မပြောရဲဘူးဗျို့။ ဗန်ဆလိုက်တစ်ယောက် ခုအထိ ပေါ်မလာဘူးလို့ ခုနကပဲ ဟယ်လင်ဘီတန်က ကျုပ်ကို ဖုန်းဆက်ပြီး ပြောသေးတယ်"

ရှားဝုဒ်က ပြန်မေးသည်။

"သူက တယ်လီဖုန်းနဲ့တောင် မဆက်သွယ်ဘူးလား"

"မဆက်ဘူး။ အေးလေ၊ သူ့အိမ်မှာ တယ်လီဖုန်း မရှိဘူးဆိုတော့ အဲဒါက အံ့ဩစရာ မဟုတ်ပါဘူး။ ဘုတ်အဖွဲ့ အစည်းအဝေးပြီးရင် ကျုပ် သူ့ဆီကို သွားရလိမ့်မယ်။ ပြဿနာကတော့ ကျုပ် အဲဒီ အိမ်ထဲကို မဝင်ချင်ဘူး၊ ကျုပ်စိတ်တွေ လေးတယ်ဗျာ"

❖ ❖ ❖

ခေါင်းပေါ်မှ မီးလုံးသည် မမျှော်လင့်ဘဲ ငြိမ်းသွားသလို ဖြုန်းခနဲ ပြန်လင်းလာပြန်သည်။ ဗန်ဆလိုက်က မြေတိုက်ခန်းထဲသို့ လှေကားမှ ပြန်ဆင်းလာသံ၊ သတ္တုအချင်းချင်း ထိမိခိုက်မိသောကြောင့် တချွင်ချွင် မြည်သံတို့ကို ဒေးဗစ် ခပ်လှမ်းလှမ်းဆီမှ ကြားနေရသည်။ ထို့နောက်တွင်ကား တချွင်ချွင် မြည်နေသော ပစ္စည်းများအား ကြမ်းပေါ်သို့ ပစ်ချသံကို ကြားလိုက်ရလေ၏။

နောက်တစ်ကြိမ် အတက်အဆင်း လုပ်သံကို သူ ကြားလိုက်ရပြီးနောက် ဗန်ဆလိုက်က လေးလံသော ပစ္စည်းတစ်ခုအား ကြမ်းပြင်ပေါ်သို့ ပစ်ချသံကို ဒေးဗစ် ကြားရပြန်၏။ တတိယ အခေါက်တွင်မူ ထိုအသံနှင့် အလားတူ လေးလံသော ပစ္စည်းကြမ်းပြင်ပေါ်သို့ ကျသွားသံကို ကြားလည်း ကြားရ ခံစားလည်း ခံစားလိုက်ရလေသည်။ ထိုအသံမှာ အလောင်းကြီးတစ်ခုကို ပစ်ချလိုက်သံနှင့် တူလှသဖြင့် ဒေးဗစ် တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားသည်။

မီးလင်းနေမှုကို အခွင့်ကောင်းယူ၍ သူက ထိုအခန်းထဲမှ [illegible]ပေါက်ကို ရှာလိုက်သော်လည်း မတွေ့ရပါချေ။

ဖြုန်းခနဲ ဆိုသလို သော့ခလောက် ပွင့်သွားသံ၊ [illegible]လက်ကို ဖြုတ်လိုက်သံတို့ကို ဒေးဗစ် ကြားလိုက်ရ၏။ တံခါးကို ဆွဲဖွင့်လိုက်ချိန်တွင် ဒေးဗစ်က သူ့ကိုယ်သူ တောင့်ထားလိုက်သည်။

ဗန်ဆလိုက်၏ အခြေအနေကို မြင်လိုက်ရမှုကြောင့် ဒေးဗစ်



www.burmeseclassic.com

www.burmeseclassic.com

မသောက်ရှူလိုက်မိသည်။ သူသည် စောစောပိုင်းကထက်ပင် ပို၍ စိတ်လှုပ်ရှားနေပုံရသည်။ ပည်းမှောင်ပြီး ကပိုကရို ဖြစ်နေသော သူ့ဆံပင်များသည် ခေါင်းပေါ်တွင် ကပ်မနေဘဲ လျှပ်စစ်ဓာတ်နှင့် အတို့ခံထားရသလို ထောင်မတ်နေကြသည်။ သူ့မျက်လုံးမှ သူငယ်အိမ်များသည် အစွမ်းကုန်ပြူးကျယ်နေကြသလို မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်ကြီးများ စီးကျနေကြသည်။ သူက ရှပ်အင်္ကျီကို ချွတ်ပြီး စွပ်ကျယ်တစ်ထည်ကိုသာ ဘောင်းဘီအပြင်ဘက်သို့ ထုတ်၍ ဝတ်ထားသည်။

ဇန်ဆလိုက်၏ ကြီးမားသော ကိုယ်လုံးကိုယ်ပေါက်ကို ချက်ချင်းသတိထားမိသောကြောင့် ဇန်ဆလိုက်အား ခွန်အားနှင့် အနိုင်ယူရန်ဆိုသော ကိစ္စကို ဖျောက်ပစ်လိုက်ရသည်။ ဇန်ဆလိုက်၏ ညာဘက် လက်ဖျံပေါ်တွင် ခေါင်းပေါ်၌ အမွေးပြောင်နေသော လင်းယုန်ငှက်တစ်ကောင်က အမေရိကန် အလံအား ကိုက်ချီထားပုံ ဆေးမင်ကြောင်ရုပ် ထိုးထားသည်ကိုပါ သူတွေ့လိုက်ရသည်။ ထိုရုပ်ပုံပေါ်တွင် ငါးလက်မခန့် ရှည်လျားသော အမာရွတ်ကလေး တစ်ခုက ရုပ်ပျက်ဆင်းပျက် ဖြစ်နေစေသည်။ ဇန်ဆလိုက်သည် ဒေါက်တာဟော့ချ်ကို သတ်သူဖြစ်နိုင်ကြောင်း ဒေးဗစ် သဘောပေါက်လိုက်၏။

"အပြင်ထွက်စမ်း"

ဇန်ဆလိုက်က မကြားဖူးမနာသာသော အခြား စကားလုံးများနှင့် အတူ အော်ဟစ်ပြောဆိုလိုက်၏။ သူက သေနတ်ကို ကိုးရိုးကားရား ဝှေ့ယမ်းနေသောကြောင့် ဒေးဗစ် ကျောစိမ့်သွားသည်။ ဇန်ဆလိုက်က နေရာအနှံ့သို့ သေနတ်နှင့် လျှောက်ပစ်ခတ်မည်ကို ဒေးဗစ် စိုးရိမ်နေမိသည်။

ဒေးဗစ်က အပြင်သို့ ချက်ချင်း ထွက်လိုက်၏။ ဒေးဗစ်က ဇန်ဆလိုက်ကို မျက်ခြည်ပြတ်မခံဘဲ နံဘေးဘက်သို့ ရွှေ့သွားရသည်။ ဇန်ဆလိုက်က သူ့ကို မီးလင်းဖိုကြီးရှိသည့် နေရာဆီသို့ ဒေါနှင့် မောနှင့် တိုးကပ်သွားခိုင်းလိုက်သည်။

ဒေးဗစ်က ပေနှစ်ဆယ်ခန့် ရွှေ့သွားပြီးသောအခါ-

"ရပ်တော့"

ဟု ဇန်ဆလိုက်က အော်လိုက်၏။ သူက ကြမ်းပြင်ကို လက်ညှိုးထိုးပြလိုက်သည်။

ဒေးဗစ်က ငုံ့ကြည့်လိုက်၏။ ပေါက်ချွန်းတစ်လက်နှင့် ဂေါ်ပြားတစ်လက်ကို တွေ့လိုက်ရသည်။ အနီးတွင် ကွန်ကရစ်ပြား အသစ်တစ်ချပ်ကိုလည်း တွေ့ရလေ၏။

"မင်း ရပ်နေတဲ့ နေရာမှာ နေစမ်း"

ဒေးဗစ်က ချက်ချင်း ငုံ့ပြီး ပေါက်ချွန်းကို ကောက်ကိုင်လိုက်သည်။ ဒေးဗစ်က ပေါက်ချွန်းကို လက်နက်အဖြစ် အသုံးပြုရန် စိတ်ကူးလိုက်၏။ ဇန်ဆလိုက်က သူ့အတွေးကို ရိပ်မိသည့်အလား လွှတ်လောက်သည့်





နေရာသို့ ဆုတ်သွားလိုက်သည်။ သူက သေနတ်ကို ကိုင်မြှောက်ထားဆဲပင် ဖြစ်သည်။ လက်က တုန်နေသော်လည်း ဒေးဗစ်ဘက်သို့ ချိန်ထားဆဲ ဖြစ်သည်။ ဒေးဗစ်က ဇန်ဆလိုက်ဆီသို့ သွားရောက်၍ မတိုက်ခိုက်ရဲပါ။

ကြမ်းပြင်ပေါ်တွင် ဘိလပ်မြေအိတ်များနှင့် သဲများကို တွေ့လိုက်ရသောကြောင့် ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ ဗုန်းခနဲ ကျသောအသံများမှာ ထိုပစ္စည်းများပင် ဖြစ်ရမည်ဟု ဒေးဗစ် တွေးလိုက်မိသည်။

ဒေးဗစ်က ပေါက်ချွန်းကို လွှဲပေါက်လိုက်၏။ မာကျောနေအောင် ထုထောင်းထားသော မြေသားကြမ်းပြင်ထဲသို့ ပေါက်ချွန်းက နှစ်လက်မလောက်သာ စိုက်ဝင်သွားကြောင်း ဒေးဗစ် တအံ့တသြ တွေ့လိုက်ရသည်။ ဒေးဗစ်က ပေါက်ချွန်းကို အကြိမ်ကြိမ် လွှဲပေါက်လိုက်၏။ သို့ရာတွင် မြေကြီး အနည်းငယ်ကိုသာ တူး၍ ရလေသည်။ ဒေးဗစ်က ပေါက်ချွန်းကို ပစ်ချပြီး မြေစာများကို ဂေါ်ပြားနှင့် နံဘေးသို့ ကော်၍ ရွှေ့လိုက်၏။ ဇန်ဆလိုက်က သူ့ကို ဘာလုပ်ခိုင်းနေကြောင်း ဒေးဗစ် သိပါသည်။ သူ့သေတွင်းကို တူးခိုင်းနေခြင်းပင် ဖြစ်သည်။ ကော်လ်ဟွန်းသည်လည်း ထိုကဲ့သို့ပင် လုပ်ခဲ့ရလေသလောဟု သူ တွေးလိုက်မိသည်။

ဒေးဗစ်က ဇန်ဆလိုက်ကို စကားပြောအောင် လုပ်နိုင်မှသာ မျှော်လင့်ချက်ရှိကြောင်း သူသိပါသည်။ သူက ဂေါ်ပြားနှင့် ပေါက်ချွန်းကို လဲ၍ ကိုင်ရင်း မေးလိုက်၏။

"ဘယ်လောက်အထိ တူးရမှာလဲ"

ဇန်ဆလိုက်က ပြောလိုက်သည်။

"ကျုပ်က တွင်းကြီး အကြီးကြီး တစ်တွင်း လိုချင်တယ်၊ မုန့်လက်ကောက်ကွင်းထဲက အပေါက်ကြီးလိုပေါ့။ ကျုပ်က မုန့်တစ်ခုလုံးကို လိုချင်တာဗျ။ ကျုပ် အမေက ကျုပ်ကို မုန့်လက်ကောက်ကွင်းကြီး တစ်ခုလုံး ပေးစေချင်တာ"

ဒေးဗစ်က တံတွေးကို မျိုချလိုက်၏။ ဇန်ဆလိုက်သည် စိတ်ကစဉ့်ကလျား ရောဂါကို ဆိုးဆိုးရွားရွား ခံစားနေရသူ ဖြစ်နေသည်။ ဒေးဗစ်က မေးလိုက်၏။

"ခင်ဗျားအမေက ခင်ဗျားကို မုန့်လက်ကောက်ကွင်းတွေ အများကြီး ပေးသလား"

ဒေးဗစ်က ဘာပြောရမည်ကို မသိသော်လည်း ဇန်ဆလိုက်ကိုမူ ဆက်၍ စကားပြောစေချင်မိသည်။

ဇန်ဆလိုက်က ဒေးဗစ် ရှိနေသည်ကို အံ့သြနေသည့်အလား [illegible] ကြည့်နေသည်။ ဇန်ဆလိုက်က ပြောလိုက်၏။

"ကျုပ်မိခင်က သူ့ကိုယ်သူ သတ်သေသွားတယ်။ သူ့ကိုသူ သတ်လိုက်တယ်လေဗျာ"

ဇန်ဆလိုက်က အားရပါးရ ရယ်ချလိုက်သောကြောင့် ဒေးဗစ် သွေး


www.burmeseclassic.com

www.burmeseclassic.com

ပျက်သွားရသည်။ ဗန်ဆလိုက်၏ နောက် စိတ်ရောဂါတစ်မျိုးမှာ ယုံမှားသွင်းသော စိတ်ရောဂါပင် ဖြစ်သည်။

"မြန်မြန်ကူးလေဗျာ"

ဗန်ဆလိုက်သည် အနည်းငယ် မိန်းမောနေရာမှ သတိပြန်ရလာသူပမာ အော်ဟစ်လိုက်၏။

ဒေးဗစ်က ခပ်မြန်မြန် ထပ်တူးပြန်သည်။ သို့ရာတွင် ဗန်ဆလိုက်အား စကားပြောအောင် လုပ်မှုကို သူ လက်မလျှော့သေးချေ။ ဗန်ဆလိုက် ဘယ်လို ခံစားနေရပါသလဲဟု ဒေးဗစ်က မေးလိုက်၏။ သူ့စိတ်ထဲမှာ ဘာတွေရှိနေသလဲဟုလည်း မေးလိုက်သည်။ သို့ရာတွင် ထိုမေးခွန်း နှစ်ခုစလုံးအတွက် အဖြေပြန်မရပါ။ ဗန်ဆလိုက်သည် တစ်ခုခုကို နက်နက်ရှိုင်းရှိုင်း တွေးနေပုံရသည်။ သူ့မျက်နှာပေါ်တွင်လည်း အမူအရာ လုံးဝကင်းမဲ့နေသည်။ ဒေးဗစ်က နောက်တစ်နည်းနှင့် ချဉ်းကပ်လိုက်ပြန်၏။

"ခင်ဗျားက အသံဗလံတွေကို ကြားနေရသလား"

ဒေးဗစ်က ပေါက်ချွန်းနှင့် လေးငါးချက် ထပ်ပေါက်လိုက်ပြန်သည်။ ဗန်ဆလိုက်က ပြန်မဖြေသောအခါ ဒေးဗစ်က လှမ်းကြည့်လိုက်၏။ ဗန်ဆလိုက်၏ မျက်နှာထားသည် အမူအရာ ကင်းမဲ့နေရာမှ အံ့ဩသော မျက်နှာထား ဖြစ်နေသည်။ သူ့မျက်လုံးများသည် မှေးနေပြီး သူ၏ တုန်တုန်ယင်ယင် ဖြစ်မှုသည် ပို၍ သိသာထင်ရှားလာသည်။

ဒေးဗစ်က ဆက်မပေါက်တော့ဘဲ ဗန်ဆလိုက်ကို လှည့်လာလိုက်၏။ အမူအရာ ပြောင်းလဲသွားမှုက ထူးခြားနေသည်။ ဒေးဗစ်က မေးလိုက်၏။

"အသံဗလံတွေက ခင်ဗျားကို ဘာတွေ ပြောသလဲ"

"ဘာမှ မပြောဘူး"

ဗန်ဆလိုက်က ပြန်အော်လိုက်သည်။ ဒေးဗစ်က ထပ်မေးပြန်၏။

"အဲဒီ အသံဗလံတွေဟာ ခင်ဗျား ရေတပ်မတော်ထဲမှာ ကြားရတဲ့ အသံဗလံတွေနဲ့ တူသလား"

ဗန်ဆလိုက်၏ ပခုံးများ ရုတ်တရက် ကိုင်းကျသွားသည်။ ဗန်ဆလိုက်က ဒေးဗစ်ကို တအံ့တဩ ပြန်ကြည့်နေသည်။ ဗန်ဆလိုက် သွေးပျက်နေသည်။ သူက ပြန်မေးလိုက်၏။

"ခင်ဗျားက ရေတပ်အကြောင်း ဘယ်လိုလုပ် သိသလဲ။ ပြီးတော့ ခင်ဗျားက အသံတွေအကြောင်း ဘယ်လိုလုပ် သိသလဲ"

ဗန်ဆလိုက်၏ အသံကို နားထောင်ရခြင်းဖြင့် ဗန်ဆလိုက်၏ စိတ်ရောဂါကို သိရပြီ ဖြစ်သောကြောင့် ဒေးဗစ် အားတက်လာသည်။ ဒေးဗစ်က ဗန်ဆလိုက်၏ အခွံကို အက်သွားအောင် ပြုလုပ်နိုင်ခဲ့လေပြီ။ ဒေးဗစ်က ပြောလိုက်၏။

"ကျုပ်က ခင်ဗျားအကြောင်း အများကြီး သိပါတယ်။ ခင်ဗျား ဘာလုပ်ခဲ့တယ် ဆိုတာကိုလည်း သိတာပဲ။ ဒါပေမယ့် ကျုပ်က ခင်ဗျားကို





ကူညီချင်တာပါ။ ကျုပ်က တခြားလူတွေနဲ့ မတူပါဘူး။ ဒါကြောင့် ကျုပ်ဒီကို ရောက်နေတာပေါ့။ ကျုပ်က ဆရာဝန်ပါ။ ကျုပ်က ခင်ဗျားကို စိုးရိမ်ပူပန်နေသူပါဗျာ"

ဗန်ဆလိုက် စကားပြန် မပြောပါ။ သူက ဒေးဗစ်ကို ငေးကြည့်နေသည်။ ဒေးဗစ်က ဆက်ပြောပြန်၏။

"ခင်ဗျား ကြည့်ရတာ အရမ်း စိတ်ရှုပ်နေပုံရတယ်။ ခင်ဗျားက လူနာတွေအတွက် စိတ်ရှုပ်နေတာလား"

ဗန်ဆလိုက်သည် လေပူဖောင်းကို အပ်နှင့် ဖောက်လိုက်သည့်အလား အသက်ကို ရှူးခနဲ မှုတ်ထုတ်လိုက်သည်။

"ဘယ်က လူနာတွေလဲ"

သူက ဒေါသနှင့် ပြန်မေးလိုက်၏။

ဒေးဗစ်က တံတွေးကို မျိုချလိုက်သည်။ သူ့ပါးစပ် ခြောက်သွေ့နေသည်။ သူက စွန့်စွန့်စားစား လုပ်နေရကြောင်း သူ သိပါ၏။ အင်ဂျယ်လာ၏ သတိပေးချက်ကို သူ့နားထဲက ကြားယောင်နေမိသည်။ သို့ရာတွင် သူ့အနေနှင့် ရွေးချယ်စရာ မရှိပါ။ သူ အလောင်းအစား လုပ်ရပါလိမ့်မည်။ ဒေးဗစ်က ပြောလိုက်၏။

"ခင်ဗျားက သေကုန်အောင် အကူအညီပေးနေတဲ့ လူနာတွေကို ပြောတာလေ"

ဗန်ဆလိုက်က ပြန်အော်လိုက်၏။

"ဘာပဲဖြစ်ဖြစ် သူတို့က သေရမယ့်လူတွေပဲ"

ဒေးဗစ်သည် ကျောရိုးတစ်ခုလုံး ကျဉ်တက်သွားသလို ခံစားလိုက်ရသည်။ ဒါဆိုရင် လူနာတွေကို လိုက်သတ်နေသူဟာ ဗန်ဆလိုက်ပေပဲ။ ဗန်ဆလိုက်က ဝူးဝူးဝါးဝါးနှင့် ပြောချလိုက်ပြန်၏။

"ကျုပ်က သူတို့ကို သတ်တာ မဟုတ်ဘူး၊ ဟိုလူတွေက သတ်နေတာ။ သူတို့က ခလုတ်ကို နှိပ်တာဗျာ။ ကျုပ် မဟုတ်ဘူး"

ဒေးဗစ်က မေးလိုက်၏။

"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

"ရေဒီယိုလှိုင်းတွေကို ပြောတာ"

ဒေးဗစ်သည် စိုးရိမ်ပူပန်နေမိသော်လည်း သနားကရုဏာသက်ဟန်နှင့် ကြိုးစား၍ ပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။ ယခု သူသည် စိတ်ကစဉ့်ကလျား ရောဂါရှင်တစ်ဦး၏ ထင်ယောင်ထင်မှား ဖြစ်မှုများနှင့် ရင်ဆိုင်နေရသည်မှာ သေချာနေလေပြီ။ ဒေးဗစ်က မေးလိုက်၏။

"ခင်ဗျားကို ဘာတွေ လုပ်ရမယ်လို့ ရေဒီယိုလှိုင်းတွေက ခိုင်းနေတာလား"

ဗန်ဆလိုက်၏ အမူအရာ ပြောင်းလဲသွားပြန်သည်။ ယခု သူက ဒေးဗစ်ကို ဒေးဗစ်သည် ရှူးကြောင်သူ ဖြစ်နေသလို လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ကဲ့ရဲ့သောလေသံနှင့် ပြောလိုက်၏။

"ဘယ်ဟုတ်ရမှာလဲဗျ"

သို့ရာတွင် သူ ဒေါသဖြစ်လာပြန်သည်။

"ခင်ဗျားက ရေတပ်အကြောင်း ဘယ်လိုလုပ် သိသလဲ"

ဒေးဗစ်က ပြောလိုက်၏။

"ကျုပ်က ခင်ဗျားအကြောင်း အတော်ကလေး သိထားပါတယ်လို့ ပြောပြီးပြီ မဟုတ်လား။ ပြီးတော့လည်း ကျုပ်က ခင်ဗျားကို ကူညီချင်တယ်။ ဒါကြောင့် ကျုပ် ဒီကို ရောက်နေတာပေါ့။ ဒါပေမယ့် ကျုပ်က လုံးဝဥဿုံ မသိရမချင်း ခင်ဗျားကို မကူညီနိုင်ဘူး။ အဲဒီလူတွေ ဘယ်သူတွေလဲ ဆိုတာ ကျုပ် သိချင်တယ်။ ခင်ဗျားက ခင်ဗျား ကြားနေရတဲ့ အသံတွေကို ပြောနေတာလား"

ဗန်ဆလိုက်က ပြန်ပြောသည်။

"ခင်ဗျားက ကျုပ်အကြောင်း တော်တော် စုံစုံလင်လင် သိထားတယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ဒေးဗစ်က ပြန်ပြောသည်။

"ကျုပ် သိပါတယ်။ ဒါပေမယ့် ခင်ဗျားကို လူသတ်ဖို့ ဘယ်သူတွေက ခိုင်းနေသလဲ ဆိုတာရယ်၊ ခင်ဗျားက သတ်တာကို ဘယ်လိုနည်းနဲ့ လုပ်နေတယ် ဆိုတာတွေကို ကျုပ် မသိဘူး။ ခင်ဗျားကို အသံတွေက ခိုင်းနေတာ မဟုတ်လား၊ အဲဒါ မှန်ရဲ့လား"

"ပါးစပ်ပိတ်ပြီး တူးစမ်း"

ဗန်ဆလိုက်က ပြောလိုက်ပြီးနောက် သေနတ်ကို ဒေးဗစ်၏ ဘယ်ဘက်သို့ချိန်၍ ခလုတ်ကို ဆွဲလိုက်သည်။ ကျည်ဆန်က သိုလှောင်ခန်း သစ်သားတံခါးရွက်ပေါ်တွင် စိုက်ဝင်သွားလေတော့သည်။

ဒေးဗစ်က ခပ်မြန်မြန် ဆက်တူးရပြန်၏။ ဗန်ဆလိုက်၏ ရောဂါ ထလာမှုကို သူ ထိတ်လန့်မိသည်။ သို့ရာတွင် ဂေါ်ပြားနှင့် နှစ်ကော်၊ သုံးကော် ကော်ပြီးသောအခါ ဒေးဗစ်က စွန့်စားပြီး စကား စပြောလိုက်ပြန်၏။ သူသိထားသော အချက်အလက်များနှင့် သူ့ကို အထင်ကြီးသွားစေချင်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ခင်ဗျား လုပ်ကိုင်ပေးနေတဲ့ ကိစ္စတွေအတွက် ခင်ဗျား အခကြေးငွေ ရနေတယ်ဆိုတာ ကျုပ် သိပါတယ်။ ခင်ဗျားက အဲလ်ဘာနီနဲ့ ဘော့စတွန်မှာ ငွေတွေကို ဘဏ်တွေမှာ အပ်နေတယ်ဆိုတာ ကျုပ် သိပါတယ်။ ခင်ဗျားကို ဘယ်သူက ငွေတွေ ပေးနေသလဲ ဆိုတာကိုသာ ကျုပ်က မသိတာ၊ အဲဒီလို ပေးတာ ဘယ်သူလဲ ဝါနာ"

ဝါနာဗန်ဆလိုက်က ညည်းညူသံနှင့် တုံ့ပြန်လိုက်၏။ ဒေးဗစ်သည် တူးနေရာမှ မော့ကြည့်လိုက်ရာ ဗန်ဆလိုက်သည် မျက်နှာကို ရှုံ့မဲ့ပြီး လက်နှစ်ဖက်နှင့် ကိုင်ထားလိုက်သည်ကို တွေ့လိုက်ရတော့သည်။ သူ





သည် အလွန် စူးရှသော အသံများမှ ကာကွယ်သည့် အနေနှင့် နားရွက် နှစ်ဖက်ကို အုပ်ထားလေသည်။ ဒေးဗစ်က မေးလိုက်၏။

"အသံတွေက ပိုပြီး ကျယ်လောင်လာလို့လား"

ဝါနာဗန်ဆလိုက်က နားရွက်နှစ်ဖက်ကို အုပ်ထားသောကြောင့် သူပြောသံကို မကြားရမှာ စိုးရိမ်သဖြင့် လက်တွေ့တွင် အော်ပြောလိုက်ရလေသည်။

ဗန်ဆလိုက် ခေါင်းညိတ်သည်။ ဗန်ဆလိုက်က ထွက်ပြေးလွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာဖွေနေသည့်အလား သူ့မျက်စိများက ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေသည်။

ဗန်ဆလိုက်က အာရုံပျံ့လွင့်နေစဉ် ဒေးဗစ်က ဂေါ်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး သူနှင့် ဗန်ဆလိုက်၏ အကြားမှ အကွာအဝေးကို ချိန်ဆလိုက်သည်။ သူက ဂေါ်ပြားနှင့် ရိုက်နိုင်ပါ့မလား၊ အကယ်၍ ရိုက်နိုင်ခဲ့လျှင် သူ့ကို သေနတ်နှင့် ရန်မမူနိုင်တော့သည်အထိ ဗန်ဆလိုက်ကို ရိုက်ရမည်လားဟု တွေးကြည့်လိုက်၏။

သို့ရာတွင် ဗန်ဆလိုက်၏ ခေတ္တခဏ အာရုံပျံ့မှုမှာ ပျောက်ကွယ်သွားပြန်သောကြောင့် သူ့အခွင့်အရေးမှာလည်း ပျက်ပြယ်ခဲ့ရလေတော့သည်။ ဗန်ဆလိုက်၏ သွေးပျက်မှုမှာ လျော့နည်းသွားပြီး ဗန်ဆလိုက်က ဒေးဗစ်ကို စိုက်ကြည့်နေသည်။ ဒေးဗစ်က ဖိအားပေးသည့် အနေနှင့် ဆက်မေးလိုက်ပြန်၏။

"အဲဒါ ဘယ်သူတွေလဲ၊ ခင်ဗျားကို ဘယ်သူတွေက လာပြောနေတာလဲ"

"ရေတပ်ထဲတုန်းကလိုပဲ၊ အဲဒါက ကွန်မြူတာတွေနဲ့ ဓာတ်ရောင်ခြည်တွေဗျ"

ဗန်ဆလိုက်က ကုန်းအော်လိုက်ပြန်သည်။

ဒေးဗစ်က ပြောလိုက်ပြန်၏။

"ဒါပေမယ့် အခု ခင်ဗျားက ရေတပ်ထဲမှာမှ မဟုတ်တော့တာ၊ ခင်ဗျားဟာ ပစိဖိတ်သမုဒ္ဒရာထဲက ရေငုပ်သင်္ဘောပေါ်မှာ မဟုတ်တော့ဘူး။ ခင်ဗျားဟာ ဗားမောင့်ပြည်နယ်၊ ဘတ်တလက်မြို့က ခင်ဗျားရဲ့ မြေတိုက်ခန်းထဲမှာပါ။ ဒီမှာ ကွန်မြူတာတွေလည်း မရှိဘူး၊ ပြီးတော့ ဓာတ်ရောင်ခြည်တွေလည်း မရှိဘူး"

"ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် သိနေရတာလဲ"

ဗန်ဆလိုက်၏ ကြောက်စိတ်က ဒေါသစိတ်သို့ ပြောင်းလဲသွားခဲ့လေပြီ။ ဒေးဗစ်က ပြောလိုက်၏။

"ကျုပ်က ခင်ဗျားကို ကူညီချင်တယ်၊ ခင်ဗျား အခု စိတ်ရှုပ်နေတယ်။ အကြီးအကျယ် ခံစားနေရတယ်ဆိုတာ ကျုပ် ပြောနိုင်တယ်။ ခင်ဗျား စိတ်ထဲမှာ အပြစ်ရှိတယ်လို့ ခံစားနေရမှာပဲ။ ဒေါက်တာဟော့ချ်


www.burmeseclassic.com

www.burmeseclassic.com

ကို ခင်ဗျား သတ်တယ်ဆိုတာ ကျုပ် သိပါတယ်"

ဗန်ဆလိုက် ပါးစပ်ပြဲသွားတော့သည်။ ဒေးဗစ်က သူပြောတာ လွန်သွားလေပြီလားဟု တွေးလိုက်မိ၏။ သူက ဗန်ဆလိုက်၏ ပြင်းထန်သော စိတ်ရောဂါကို နှိုးဆွပေးလိုက်မိသလို ခံစားလိုက်ရသည်။ အင်ဂျယ်လာ စိုးရိမ်ခဲ့သလို ဗန်ဆလိုက်၏ ဒေါသက သူ့ဘက်သို့ ဦးလှည့်မလာပါစေနှင့်ဟုသာ မျှော်လင့်ရတော့သည်။ ဒေးဗစ်က ဗန်ဆလိုက်ကို ဘယ်သူက ငွေပေးနေသလဲဆိုသော စကားလမ်းကြောင်းဘက်သို့ ပြန်ရောက်ဖို့လိုကြောင်း သိပါ၏။ သို့ရာတွင် ဘယ်လိုပြောရမှာလဲ။ ဒေးဗစ်က မေးလိုက်၏။

"ဒေါက်တာဟော့ချ်ကို သတ်ဖို့ ခင်ဗျားကို သူတို့က ငွေပေးကြသလား"

ဗန်ဆလိုက်က လှောင်ရယ် ရယ်လိုက်သည်။

"ခင်ဗျား ဘယ်လောက်အထိ သိတယ်ဆိုတာကို အဲဒါက ပြလိုက်တာပဲ။ အဲဒီလူတွေက ဟော့ချ်နဲ့ ဘယ်လိုမှ မဆိုင်ကြပါဘူး။ ဟော့ချ်က ဆေးရုံက မော်တော်ကားရပ်တဲ့ နေရာမှာ အမျိုးသမီးတွေကို ရန်မူနေတဲ့ လူဟာ ကျုပ်ပဲလို့ ကျုပ်ဘက်ကို မြားဦးလှည့်လာတဲ့အတွက် ကျုပ်က သတ်လိုက်တာပါ။ ဒါပေမယ့် အဲဒါကို ကျုပ် မလုပ်ပါဘူး။ သူက ကျုပ်ကို ဒီဆေးရုံက ထွက်သွားရမယ်။ ထွက်မသွားခဲ့ရင် လူတိုင်းကို လျှောက်ပြောပြမယ်လို့ ပြောခဲ့တယ်။ ဒါကြောင့် ကျုပ်က သူ့ကို ကျုပ်အကြောင်း ပြလိုက်တာပဲ"

ဗန်ဆလိုက်၏ မျက်နှာသည် အမူအရာ ကင်းမဲ့သွားပြန်၏။ ဒေးဗစ်က အသံတွေကို ကြားနေရသလားဟု မမေးနိုင်ခင် ဗန်ဆလိုက်က ဦးခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက် သူသည် အိပ်မောကျနေရာမှ နိုးလာသူတစ်ဦး၏ ပုံစံမျိုး ဖြစ်လာပြန်သည်။ ဗန်ဆလိုက်က သူ့မျက်စိများကို ပွတ်သပ်လိုက်၏။ ထို့နောက် သူ့ရှေ့တွင် ဒေးဗစ်က ဂေါ်ပြားနှင့် ရပ်နေမှုကို အံ့ဩသွားသည့်အလား ငေးစိုက်ကြည့်နေပြန်သည်။ သို့ရာတွင် ဗန်ဆလိုက်၏ ယုံမှားလွန်မှုသည် ဒေါသအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲသွားပြန်သည်။ ဗန်ဆလိုက်က သေနတ်ကိုမြှောက်၍ ဒေးဗစ်၏ မျက်စိတည့်တည့်ကို ချိန်ထားလိုက်၏။

"ခင်ဗျားကို တူးလို့ ကျုပ် ပြောနေတယ်"

ဒေးဗစ်က ချက်ချင်း လိုက်နာဆောင်ရွက်သည်။ သို့တိုင်အောင် သူ သေနတ်နှင့် အပစ်ခံရတော့မည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် သေနတ်ပစ်သံများ ပေါ်ထွက်မလာသောအခါ ဘာဆက်လုပ်ရမည်နည်းဟု ခေါင်းကိုက်အောင် စဉ်းစားရပြန်၏။ သူ၏ လက်ရှိ ချဉ်းကပ်မှုမှာ ထိရောက်မှု မရှိပါ။ သူက ဗန်ဆလိုက်ကို ဖိအားပေးနေသော်လည်း လုံလောက်မှု မရှိပါချေ။ သို့တည်းမဟုတ် မှန်ကန်သော နည်းလမ်းလည်း





မဟုတ်ပါချေ။

ဒေးဗစ်သည် ပေါက်ချွန်းနှင့် သုံးလေးကြိမ် ကမန်းကတန်း တူးလိုက်ပြီးနောက် ထပ်ပြောလိုက်ပြန်၏။

"ခင်ဗျားကို ငွေပေးနေတဲ့လူနဲ့ ကျုပ် မေးမြန်းပြောဆိုပြီးပြီ၊ အဲဒါကြောင့် ကျုပ် တော်တော်ကလေး သိနေတာပဲ။ သူက ကျုပ်ကို အားလုံး ပြောပြပြီးပြီ။ ဒီတော့ ခင်ဗျားက ကျုပ်ကို ပြောပြော မပြောပြော အရေးမကြီးတော့ဘူး"

ဗန်ဆလိုက်က-

"မဟုတ်ဘူး"

ဟု အော်လိုက်၏။

"ဟုတ်သမှ သိပ်ဟုတ်တာပေါ့ဗျာ၊ ခင်ဗျား သိသင့်သိထိုက်တဲ့ အချက်တစ်ချက်ကိုလည်း သူက ပြောပြလိုက်သေးတယ်။ တကယ်လို့ ဖီးလ်ကော်လ်ဟွန်းက သံသယဝင်လာခဲ့မယ်ဆိုရင် အားလုံး ကိစ္စတွေအတွက် ခင်ဗျားအပေါ်မှာ အပြစ်တင် ပုံချမယ်လို့ ပြောပြလိုက်သေးတယ်"

"ခင်ဗျားက ဖီးလ်ကော်လ်ဟွန်းအကြောင်း ဘယ်လိုလုပ် သိသလဲ"

ဗန်ဆလိုက်က မေးလိုက်၏။ သူ တုန်တုန်ယင်ယင် ပြန်ဖြစ်လာလေပြီ။ ဒေးဗစ်က ပြောလိုက်သည်။

"ဘာတွေဖြစ်နေတယ် ဆိုတာ ကျုပ် သိပါတယ်လို့ ပြောခဲ့ပြီးပြီပဲ။ ဒီကိစ္စကြီးတစ်ခုလုံး ပျက်စီးပြိုကွဲသွားတော့မှာပါ။ ခင်ဗျားကို ချိုးမြှင့်နေတဲ့လူက ကော်လ်ဟွန်းအကြောင်း သိသွားတာနဲ့ တစ်ပြိုင်နက် နိဋ္ဌိတံတော့မှာဗျ။ ပြီးတော့လည်း သူက ခင်ဗျားကို စိုးရိမ်ပူပန်တာ မဟုတ်ဘူး ဗန်ဆလိုက်ရေ၊ ခင်ဗျားဟာ အလကားလူပဲလို့ သူက ထင်တယ်။ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကို အလေးထားပါတယ်ဗျာ။ ခင်ဗျား ဘယ်လို ခံစားနေရတယ်ဆိုတာ ကျုပ် သိပါတယ်။ ကျုပ် ခင်ဗျားကို ကူညီပါရစေ။အဲဒီပုဂ္ဂိုလ်က ခင်ဗျားကို လူနုံ လူအ အဖြစ် သဘောထားတာကို မခံပါနဲ့၊ ခင်ဗျားဟာ သူ့အတွက်တော့ အလကားပဲ။ သူက ခင်ဗျားကို ဒုက္ခရောက်စေချင်တယ်။ သူတို့က ခင်ဗျားကို ခံစားရစေချင်တယ်"

"ပါးစပ်ပိတ်ထားစမ်းဗျာ"

ဗန်ဆလိုက်က အံသားကုန် အော်လိုက်၏။

"ခင်ဗျားကို အသုံးချနေတဲ့လူက ခင်ဗျားအကြောင်း လူအတော်များများကို လျှောက်ပြောပြီးပါပြီ ဗန်ဆလိုက်။ ကျုပ်တစ်ယောက်တည်းကိုသာ ပြောပြတာ မဟုတ်ဘူး။ အဲဒီလူတွေကလည်း ဗန်ဆလိုက်တစ်ယောက်တည်း ခံရမယ်ဆိုလို့ ဝိုင်းဟားနေကြတယ်"

"ပါးစပ်ပိတ်ထားစမ်း"

ဗန်ဆလိုက်က ဒုတိယအကြိမ် အော်လိုက်ပြန်၏။ သူက ဒေးဗစ်ဆီသို့ တစ်ဟုန်ထိုး ခုန်လိုက်ပြီး ဒေးဗစ်၏ နဖူးကို သေနတ်ပြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖမင်း ထိုးပစ်လိုက်သည်။

ဒေးဗစ်က သေနတ်ပြောင်းဝကို မျက်လုံးနှစ်လုံးနှင့် ပြိုင်တူကြည့်ရင်း ကြက်သေသေသွားတော့သည်။ ဒေးဗစ်က ဂေါ်ပြားကို လက်က လွှတ်ချလိုက်၏။ ဗန်ဆလိုက်က အသားကုန် အော်လိုက်သည်။

"ဟိုပစ္စည်းထားတဲ့ သိုလှောင်ခန်းကလေးထဲကို ပြန်ဝင်စမ်း"

ဗန်ဆလိုက်က သေနတ်ပြောင်းကို ဒေးဗစ်၏ အရေပြားထဲသို့ ထိုးထည့်ထားသည်။

သေနတ်က အချိန်မရွေး ပေါက်ကွဲထွက်လာမည်ကို ဒေးဗစ် အလွန်အမင်း ကြောက်လန့်နေသည်။ ဗန်ဆလိုက်သည် လုံးဝ သွေးပျက်လုခမန်း ဖြစ်နေလေပြီ။

ဗန်ဆလိုက်က ဒေးဗစ်ကို အခန်းထဲသို့ ပြန်သွင်းလိုက်၏။ ထို့နောက်တွင်မှ သူက သေနတ်ကို ပြန်ရုပ်သိမ်းလိုက်သည်။ ဒေးဗစ်က ဗန်ဆလိုက်အား အကူအညီပေးလိုကြောင်း ထပ်မပြနိုင်ခင် လေးလံသော သစ်သားတံခါးကြီးသည် ပြန်ပိတ်သွားပြီး အပြင်က သော့ခတ်လိုက်လေ၏။

ဗန်ဆလိုက်သည် မြေအောက်ခန်းထဲတွင် လျှောက်ပြေးရင်း ဟိုဝင်တိုက်၊ ဒီဝင်တိုက် ဖြစ်နေသံကို ဒေးဗစ် ကြားနေရသည်။ လှေကားပေါ် တက်သွားသော ခြေသံပြင်းပြင်းကိုလည်း သူ ကြားနေရ၏။ မြေအောက်ခန်းတံခါးအား ဆောင့်ပိတ်လိုက်သံကိုလည်း သူ ကြားရသည်။ ထို့နောက် မီးမှိတ်သွားတော့သည်။

ဒေးဗစ်က ငြိမ်ငြိမ်ကလေးနေရင်း နားစွင့်ထောင်လိုက်၏။ ခပ်လှမ်းလှမ်းဆီမှ ကားအင်ဂျင်စက်နှိုးသံကို ကြားရပြီး ချက်ချင်းပင် စက်သံပျောက်ကွယ်သွားတော့သည်။ ထို့နောက် တိတ်ဆိတ်မှုနှင့် ဒေးဗစ်၏ တဒုန်းဒုန်း မြည်နေသော ရင်ခုန်သံတို့သာ ကျန်ရစ်တော့သည်။

ဒေးဗစ်သည် မှောင်ထဲ၌ မလှုပ်မယှက် ရပ်နေရင်း သူက မည်သည့်ကိစ္စကို ကြိုးဖြေ၍ လွှတ်ပေးလိုက်မိလေသနည်းဟု စဉ်းစားနေမိသည်။ ဗန်ဆလိုက်သည် စိတ်ဝေဒနာ၏ အထွတ်အထိပ်သို့ ရောက်နေချိန်၌ အိမ်ထဲက ကမူးရှူးထိုး ထွက်ပြေးသွားခဲ့သည်။ သူ ဘယ်ဆီသို့ ဦးတည်နေသည်၊ သူ့စိတ်ထဲ၌ မည်သို့မည်ပုံ တွေးတော ခံစားနေရသည်ကို သူ မသိပါ။ မည်သို့ပင်ဖြစ်စေ ထိုကိစ္စသည် ကောင်းလိမ့်မည်တော့ မဟုတ်ပါ။

ဒေးဗစ်၏ မျက်စိထဲ၌ မျက်ရည်များ ဝေ့ဝဲလာသည်။ သူသည် ထိုပုဂ္ဂိုလ်၏ စိတ်ရောဂါကို ဆွပေးနိုင်ခဲ့သော်လည်း ရလဒ်မှာ သူ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ချေ။ သူက ဗန်ဆလိုက်နှင့် မိတ်ဆွေဖွဲ့ပြီး ဗန်ဆလိုက်၏ ပြဿနာတွေကို သူ့အား ပြောပြစေချင်သည်။ ဒေးဗစ်က ထိုလုပ်ငန်းစဉ်တွင် သူကိုယ်တိုင်လည်း လွတ်မြောက်သွားစေချင်ခဲ့သည်။ ထိုသို့ ဖြစ်လာရမည့်အစား ဒေးဗစ်သည် အကျဉ်းခံနေရဆဲပင် ဖြစ်သလို အရူးတစ်ယောက်ကိုလည်း မြို့ထဲသို့ လွှတ်လိုက်မိလေပြီ။ ဒေးဗစ်အတွက်





တစ်ခုတည်းသော စိတ်ချမ်းသာစရာ အချက်မှာ အင်ဂျယ်လာနှင့် နစ်ကီတို့သည် အမ်းဟာတ်စ်၌ လုံခြုံစွာ ရှိနေကြခြင်းပင် ဖြစ်သည်။

ဒေးဗစ်က သူ့ခံစားရမှုများကို ထိန်းချုပ်ထားရင်း သူ့အတွက် လွတ်မြောက်နိုင်သည့် နည်းလမ်း ရှိမရှိ သဘောဝကျကျ စဉ်းစားဆင်ခြင်လိုက်သည်။ သို့ရာတွင် သူ့ပတ်ပတ်လည်၌ ကြီးမားသော ကျောက်တုံးနံရံကြီးများ ရှိနေသည်ကို တွေးမိပြီး ပိတ်လှောင်ကြောက်စိတ်များ ဝင်လာရတော့သည်။

စိတ်မထိန်းနိုင်တော့သော ဒေးဗစ်သည် ငိုရှိုက်လိုက်မိလေ၏။ သူသည် ထိုမြေတိုက်ခန်း၏ တံခါးရွက်ကို ပခုံးနှင့် အကြိမ်ကြိမ်ဆောင့်ရင်း တစ်ယောက်ယောက်က လာကယ်ပါစေဟု ငိုကြွေးနေမိတော့သည်။

ကြာလာသောအခါတွင် ဒေးဗစ်သည် သူ့စိတ်ကို အနည်းငယ် ထိန်းနိုင်စ ပြုလာသည်။ သူက ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးမှုတစ်ရပ် ဖြစ်သော တံခါးရွက်အား ပခုံးနှင့် ဆောင့်တိုက်နေမှုကို ရပ်တန့်လိုက်သည်။ ငိုနေမှုကိုလည်း ရပ်ပစ်လိုက်သည်။ သူက သူ၏ အပြာရောင်ဗောလ်ဗိုကားနှင့် ကော်လ်ဟွန်း၏ ထရပ်ကားတို့ကိုသာ စဉ်းစားကြည့်လိုက်သည်။ ထိုကားနှစ်စီးသည် သူ့အတွက် တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်သည်။

ဒေးဗစ်သည် ထိတ်လန့်ခြင်း၊ လက်လျှော့ခြင်းတို့နှင့်အတူ ဖုန်ထူသော ကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်ပြီး ဗန်ဆလိုက် ပြန်လာမည့် အချိန်ကိုသာ စောင့်နေလေသည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

**နိုဝင်ဘာလ ၁ ရက်၊ တနင်္လာနေ့။**
**ထိုနေ့နောက်ပိုင်းကာလ။**

အင်ဂျယ်လာသည် သူ ခန့်မှန်းထားသည်ထက် ပို၍ အိပ်ပျော်သွားသည်။ ညနေ လေးနာရီခွဲတွင် အင်ဂျယ်လာ နိုးလာသောအခါ ဒေးဗစ်က အိမ်သို့ ပြန်လည်းမလာ၊ တယ်လီဖုန်းလည်း မဆက်သောကြောင့် သူ အံ့ဩမိသည်။ အင်ဂျယ်လာက စိုးရိမ်ပူပန်မိသော်လည်း ချက်ချင်းပင် ဖျောက်ပစ်လိုက်သည်။ သို့ရာတွင် ငါးနာရီထိုးရန် နီးကပ်လာသည်နှင့် အမျှ ပို၍ ပို၍ စိတ်ပူလာမိ၏။

အင်ဂျယ်လာသည် နောက်ဆုံးတွင် ဂရင်းမောင်တိန်နေရှင်နယ် ဘဏ်သို့ ဖုန်းဆက်လိုက်သည်။ ဘဏ်အလုပ်ချိန်မှာ နံနက် (၉) နာရီမှ ညနေ (၄) နာရီခွဲအထိသာ ဖြစ်သည်ဆိုသော အသံသွင်းထားသည့် ပြန်ကြားချက်ကိုသာ နားထောင်ရလေသည်။ အင်ဂျယ်လာက စိတ်ပျက်လက်ပျက်နှင့် ဖုန်းကို ပြန်ချလိုက်၏။ ဒေးဗစ်က အဘယ်ကြောင့် ဆယ်လူလာ ခရီးဆောင် တယ်လီဖုန်းနှင့် မဆက်သွယ်ရလေသနည်းဟု တွေးပူမိသည်။ ဒေးဗစ်၏ ပုံစံမျိုး မဟုတ်ပါ။ ဒေးဗစ် နောက်ကျပါက အင်ဂျယ်လာ စိတ်ပူနေမည်ဖြစ်ကြောင်း သူသိမည်သာ ဖြစ်သည်။

ထို့နောက် အင်ဂျယ်လာက ဘတ်တလက် ကွန်မြူနိတီ ဆေးရုံသို့ ဖုန်းဆက်လိုက်ပြန်၏။ စုံစမ်းရေးဌာနက ဒေါက်တာဝီလ်ဆင် တစ်နေ့လုံး ရောက်မလာကြောင်း ပြန်ဖြေသည်။

နောက်ဆုံးတွင် အင်ဂျယ်လာက ဘတ်တလက်ရှိ သူတို့၏ နေအိမ်သို့ ဖုန်းဆက်လိုက်၏။ အခြား မည်သည့်နေရာသို့ ဆက်သွယ်ကြည့်ရမည်ကို အင်ဂျယ်လာ မသိတော့ပါ။ သို့ရာတွင် တယ်လီဖုန်းခေါင်းလောင်းသံက ဆယ်ကြိမ်အထိ မြည်ပြီးချိန်၌ အင်ဂျယ်လာ လက်လျှော့လိုက်၏။

တယ်လီဖုန်း သုံးကြိမ်ဆက်ပြီးနောက် ဒေးဗစ်သည် သူကိုယ်တိုင်





စုံထောက်ကြီး မောင်စံရှား ဝင်လုပ်နေသလောဟု အင်ဂျယ်လာက တွေးတောပြီး စိတ်ပူမိတော့သည်။ ထိုဖြစ်နိုင်ခြေက အင်ဂျယ်လာကို ပို၍ပင် စိုးရိမ်ပူပန်စေခဲ့သည်။

အင်ဂျယ်လာက မီးဖိုချောင်သို့သွားပြီး ယောက္ခမကြီးကို မော်တော်ကား ခဏသုံးပါရစေဟု ပြောလိုက်၏။ ဒေးဗစ်၏ မိခင်ဖြစ်သူ ဂျင်နီက ဖြေသည်။

"ရပါတယ်၊ သမီးက ဘယ်ကို သွားမလို့တုံး"

"ကျွန်မ ဘတ်တလက်ကို ပြန်မလို့၊ အိမ်မှာ ပစ္စည်းအချို့ ကျန်နေရစ်ခဲ့တယ်"

နစ်ကီက ဝင်ပြောလိုက်၏။

"သမီးလည်း လိုက်ချင်တယ်"

အင်ဂျယ်လာက ပြောလိုက်သည်။

"သမီး ဒီမှာနေခဲ့ရင် ပိုကောင်းတယ်"

"ဟင့်အင်း၊ သမီးလည်း လိုက်မှာပဲ"

အင်ဂျယ်လာက ဂျင်နီကို ပြုံးပြလိုက်ပြီးနောက် သမီးကို လက်က ဆုပ်ကိုင်၍ နောက်အခန်းတစ်ခန်းထဲသို့ ခေါ်သွားလိုက်သည်။ အင်ဂျယ်လာက ပြောလိုက်၏။

"နစ်ကီ သမီးကို မာမီက ဒီမှာ နေခဲ့စေချင်တယ်"

"သမီး ဒီမှာ တစ်ယောက်တည်း နေရမှာ ကြောက်တယ်"

နစ်ကီသည် ချုံးပွဲချ၍ ငိုတော့သည်။ အင်ဂျယ်လာက အခက်တွေ့ရလေပြီ။ အင်ဂျယ်လာက သမီးကို ယောက္ခမနှင့်အတူ နေခဲ့စေလိုသော်လည်း သမီးနှင့် ငြင်းခုံနေရန် အချိန်မရှိတော့ပါ။ နစ်ကီ အဘယ်ကြောင့် နေခဲ့ဖို့သင့်သည် ဆိုသော အချက်ကိုလည်း သူ့ယောက္ခမကို ရှင်းမပြလိုတော့ပါ။ နောက်ဆုံးတွင် အင်ဂျယ်လာကပင် လက်လျှော့လိုက်တော့သည်။

အင်ဂျယ်လာနှင့် နစ်ကီတို့ ဘတ်တလက်မြို့သို့ ပြန်ဝင်လာချိန်တွင် ခြောက်နာရီ ထိုးခါနီးလေပြီ။ အလင်းရောင် ရှိနေသေးသော်လည်း မကြာခင် ညအချိန်သို့ ရောက်လာပေတော့မည်။ အချို့သော မော်တော်ကားများက ရှေ့မီးသီးကြီးများကိုပင် ဖွင့်ထားကြလေပြီ။

အင်ဂျယ်လာက သူ လုပ်ရမည့် အစီအစဉ်ကို ခပ်ရေးရေးသာ တွေးထားမိသည်။ အဓိကအချက်မှာ အပြာရောင် ဗောလ်ဗိုကားကို လိုက်လံရှာဖွေရေးပင် ဖြစ်သည်။ သူ ပထမဦးဆုံး ရှာဖွေလိုသည့် နေရာမှာ ဘဏ်ပင် ဖြစ်သည်။ သူ ဘဏ်နှင့် နီးကပ်လာချိန်တွင် ဘာတန်ရှားဝင်...ဟာရိုးထရေးနာတို့သည် ပန်းခြံဆီသို့ ဦးတည်၍ လမ်းလျှောက်လာနေကြ နေကြောင်း သူ တွေ့လိုက်ရ၏။ အင်ဂျယ်လာက မော်တော်ကား...ရပ်ရမည့် နေရာတွင် ထိုးရပ်လိုက်ပြီး ကားထဲမှာ ခုန်ထွက်လိုက်သည်။ သူက နစ်ကီ



www.burmeseclassic.com

www.burmeseclassic.com

ကို ကားထဲတွင် နေခဲ့ရန် တားမြစ်ထားခဲ့၏။

အင်ဂျယ်လာက ထရေနာတို့ကို မီလာချိန်တွင် လှမ်းပြောလိုက်သည်။

"တစ်ဆိတ်ရှင်၊ ကျွန်မက ရှင်တို့ကို အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ်။ ကျွန်မက ကျွန်မခင်ပွန်းကို လိုက်ရှာနေတာပါ"

ရှားဝုဒ်က စိတ်ခပ်တိုတိုနှင့် ပြန်ပြောလိုက်၏။

"ခင်ဗျားယောကျ်ား ဘယ်မှာ ရှိနေသလဲဆိုတာ ကျုပ် မသိဘူး။ ဒီကနေ့ မွန်းလွဲပိုင်းတုန်းက ချိန်းထားတာကိုလည်း သူ ရောက်မလာဘူး။ သူက တယ်လီဖုန်းကလေးတောင် မဆက်ခဲ့ဘူး"

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်"

ဟာရိုးထရေနာနှင့် ဘာတန်ရှားဝုဒ်တို့ ဆက်လျှောက်သွားကြသည်။ အင်ဂျယ်လာက မော်တော်ကားဆီသို့ ကမန်းကတန်း ပြန်ပြေးလာသည်။ မကောင်းတာ တစ်ခုခု ဖြစ်နေလေပြီဟု အင်ဂျယ်လာက အတပ်သိလိုက်သည်။ နစ်ကီက မေးလိုက်၏။

"ဒက်ဒီ ဘယ်မှာလဲ"

"မေမေလည်း သိချင်တာပေါ့ သမီးရယ်"

အင်ဂျယ်လာက လမ်းမကြီး၏ အလယ်ကောင်တွင် မော်တော်ကားကို လျင်မြန်စွာ ဂငယ်ကွေ့ ကွေ့ချလိုက်၏။ နစ်ကီက ဒက်ရှ်ဘုတ်ကို လက်နှင့်ကိုင်၍ သူ့ကိုယ်သူ ထိန်းထားလိုက်ရသည်။ သူ့အမေ စိတ်ချောက်ချားနေသည်ဟု နစ်ကီ ထင်ခဲ့မိသည်။ ယခု သေချာသွားလေပြီ။

"အားလုံး အဆင်ပြေသွားမှာ သမီးရယ်"

အင်ဂျယ်လာက နစ်ကီကို ပြောလိုက်ပြီး နေအိမ်ဆီသို့ အတင်းမောင်းတော့သည်။ ဗောလ်ဗိုကားကို အိမ်နောက်ဘက်မှ တံခါးပေါက်နားတွင် ရပ်ထားလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ရပ်ထားသော ဗောလ်ဗိုကားကို မတွေ့ရသောကြောင့် စိတ်ပျက်ရပြန်လေပြီ။

အင်ဂျယ်လာက မော်တော်ကားကို ရပ်လိုက်ပြီးနောက် အိမ်ကို ဖျတ်ခနဲ အကဲခတ်လိုက်ပြန်၏။ သူတို့ ထားခဲ့သည့် ပုံစံအတိုင်း လက်ရာခြေရာမပျက် ရှိနေသည်။ အင်ဂျယ်လာက နစ်ကီကို မှာလိုက်၏။

"ကားထဲမှာပဲနေ၊ ခဏလေးပဲ ကြာမယ်"

အင်ဂျယ်လာက အိမ်ထဲသို့ ဝင်သွားပြီး ဒေးဗစ်ကို အော်ခေါ်သည်။ သို့ရာတွင် အဖြေမရပါ။ အင်ဂျယ်လာသည် တစ်အိမ်လုံးကို ခပ်မြန်မြန် လျှောက်ကြည့်ရင်း၊ အိပ်ခန်းမကြီးကိုပါ စစ်ဆေးလိုက်သည်။ အိပ်ခန်းမကြီးမှာ လက်ရာခြေရာမပျက် ရှိနေသည်။

အင်ဂျယ်လာသည် လှေကားမှ ပြန်အဆင်းတွင် တစ်လုံးထိုးသေနတ်ကို လှမ်းမြင်လိုက်၏။ အင်ဂျယ်လာက သေနတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး မဂ္ဂဇင်းထဲ၌ ကျည်ဆန် ရှိမရှိ စစ်ဆေးလိုက်သည်။ ကျည်ဆန်





လေးတောင့် ရှိနေပါ၏။

အင်ဂျယ်လာသည် တစ်လုံးထိုးသေနတ်ကို လက်က ကိုင်ရင်း မိသားစု နားနေခန်းထဲသို့ဝင်၍ တယ်လီဖုန်းစာအုပ်ထဲမှ ဒီဗွန်ရှိုင်းယား၊ ဖော့ဘ်စ်၊ မောရစ်၊ ဗန်ဆလိုက်နှင့် အူးဟော့ဖ်တို့၏ နေအိမ်လိပ်စာများကို ကူးယူလိုက်သည်။ ထို့နောက် မော်တော်ကားဆီသို့ ပြန်လာခဲ့၏။

အင်ဂျယ်လာက မော်တော်ကားကို အရမ်း မောင်းထွက်လိုက်သဖြင့် နစ်ကီက ပြောလိုက်ရသည်။

"မာမီ၊ ကားမောင်းတာ သိပ်မြန်နေတယ်"

အင်ဂျယ်လာက အရှိန်အနည်းငယ် လျှော့ချလိုက်၏။ နစ်ကီကိုလည်း စိတ်အေးလက်အေးနေဖို့ ပြောလိုက်ပြန်သည်။ သို့ရာတွင် အင်ဂျယ်လာသည် ခါတိုင်းထက် ပို၍ စိတ်ပူနေမိသည့်အပြင် နစ်ကီကလည်း ထိုကိစ္စကို ရိပ်မိနေခြင်းကြောင့်ပင် ဖြစ်သည်။

ပထမဦးဆုံး လိပ်စာမှာ ကုန်မျိုးစုံဆိုင် တစ်ဆိုင်၏ လိပ်စာ ဖြစ်နေသည်။ အင်ဂျယ်လာက ကားရပ်တန့်ရမည့် နေရာတွင် ဝင်ရပ်လိုက်၏။

နစ်ကီက ကုန်မျိုးစုံဆိုင်ကို တစ်လှည့် သူ့မိခင်ကို တစ်လှည့် ပြန်ကြည့်ရင်း မေးလိုက်၏။

"သမီးတို့က ဘာလာလုပ်တာလဲ"

"မာမီလည်း သိပ်မပြောတတ်ဘူး၊ ဗောလ်ဗိုကားကို ရှာကြည့်နေစမ်း သမီး"

"ဒီမှာတော့ မရှိဘူး မာမီ"

"မာမီလည်း သိပါတယ် သမီးရယ်"

အင်ဂျယ်လာက ကားကို မောင်းထွက်လာခဲ့ပြီး နောက်လိပ်စာတစ်ခုဆီသို့ ဦးတည်လိုက်၏။ ထိုလိပ်စာမှာ ဖော့ဘ်၏ လိပ်စာ ဖြစ်သည်။ အင်ဂျယ်လာက မော်တော်ကားကို ဖြည်းဖြည်းမောင်း၍ ချဉ်းကပ်လာသည်။ အိမ်အတွင်းဘက်၌ မီးများကို ထွန်းထားသော်လည်း ဗောလ်ဗိုကားက ရှိမနေပါ။

အင်ဂျယ်လာသည် စိတ်ပျက်လက်ပျက်နှင့် ကားကို အမြန်မောင်း၍ ထွက်လာခဲ့ပြန်၏။ နစ်ကီက ပြောလိုက်သည်။

"မာမီ ကားမောင်းတာ အရမ်း ကြောက်စရာကောင်းနေတယ် မာမီ"

"ဝမ်းနည်းပါတယ် သမီးရယ်"

အင်ဂျယ်လာက မော်တော်ကားအရှိန်ကို လျှော့ချလိုက်၏။ ထိုအခိုက်မှာပင် အင်ဂျယ်လာက သူသည် ကားလက်ကိုင်ဘီးခွေကို [illegible]ား ဆုပ်ကိုင်ထားမိသောကြောင့် လက်ချောင်းများ ထုံကျဉ်နေကြောင်း သိရတော့သည်။

နောက်တစ်အိမ်မှာ မောရစ်၏ နေအိမ်ပင် ဖြစ်သည်။ အင်ဂျယ်လာက ကားအရှိန်ကို လျှော့ချလိုက်၏။ သို့ရာတွင် ထိုနေအိမ်သည် တံခါး

www.burmeseclassic.com

www.burmeseclassic.com

ပိတ်ထားပြီး လူရှိပုံပင် မရကြောင်း မြင်ရသည့်အခါ အင်ဂျယ်လာသည် လျှင်မြန်စွာ မောင်းထွက်လာခဲ့တော့သည်။

နောက် မိနစ်အနည်းငယ်ကြာသောအခါ အင်ဂျယ်လာသည် ဗန်ဆလိုက်၏ လမ်းထဲသို့ ချိုးဝင်လိုက်၏။ အင်ဂျယ်လာက ဗောလ်ဗိုကားကို ချက်ချင်း မြင်လိုက်သည်။ နစ်ကီကလည်း မြင်သည်။ မျှော်လင့်ချက် ရောင်ခြည်ကလေး တစ်ခုပင်တည်း။ အင်ဂျယ်လာက ဗောလ်ဗိုကား၏ နောက်ဘက်တွင် ကပ်၍ ရပ်လိုက်၏။ သူက မော်တော်ကားကို စက်သတ်ပြီး ကားထဲမှ ခုန်ထွက်လိုက်သည်။

အင်ဂျယ်လာက ဗောလ်ဗိုကားဆီသို့ ချဉ်းကပ်လာစဉ် ရှေ့ဘက်မှ ကော်လ်ဟွန်း၏ မော်တော်ကားကိုပါ တွေ့လိုက်ရသည်။ အင်ဂျယ်လာက မော်တော်ကား နှစ်စီးစလုံးကို ကြည့်လိုက်၏။ ကော်လ်ဟွန်း၏ မော်တော်ကား ခေါင်းခန်းထဲတွင် မှိုတက်နေသော ကော်ဖီခွက်တစ်ခွက်ကို တွေ့လိုက်ရ၏။ ထိုမော်တော်ကားသည် ထိုနေရာ၌ ရှိနေခဲ့သည်မှာ နှစ်ရက်သုံးရက် ကြာပြီဟု ယူဆရသည်။

အင်ဂျယ်လာက လမ်းကိုကျော်၍ ဗန်ဆလိုက်၏ နေအိမ်ဆီသို့ လှမ်းကြည့်လိုက်၏။ ထိုအိမ်တွင် မီးရောင် လုံးဝ မရှိသဖြင့် အင်ဂျယ်လာ ပို၍ စိတ်ပူစ ပြုလာသည်။

အင်ဂျယ်လာသည် မော်တော်ကားဆီသို့ ပြန်ပြေးလာပြီး တစ်လုံးထိုးသေနတ်ကို ယူလိုက်၏။ နစ်ကီက မော်တော်ကားထဲမှ ထွက်စပြုသော်လည်း အင်ဂျယ်လာက ထွက်လိုက်မလာရန် အော်ပြောလိုက်သည်။ အင်ဂျယ်လာ၏လေသံက နစ်ကီကို ဆင်ခြေတက်ခွင့်ပေးမည် မဟုတ်ကြောင်း သိသာစေသည်။

အင်ဂျယ်လာသည် သေနတ်ကိုကိုင်ရင်း လမ်းကို ကျော်ဖြတ်၍ ပြေးလိုက်၏။ သူက အိမ်ရှေ့ဆင်ဝင်မှ လှေကားထစ်များပေါ်ကို နင်းတက်ရင်း ရဲထံ တိုက်ရိုက်သွားတိုင်ရင် ကောင်းလေမလားဟု တွေးလိုက်မိသည်။ တစ်ခုခု အကြီးအကျယ် မှားယွင်းနေသည်မှာ သိပ်သေချာနေလေပြီ။ ပြီးတော့လည်း ရဲထံက မည်သည့် အကူအညီကို မျှော်လင့်၍ ရနိုင်ပါသနည်း။ ပြီးတော့လည်း အချိန်က အလွန် အရေးပါနေဖွယ် ရှိကြောင်း သူ တွေး၍ ပူမိသည်။

အင်ဂျယ်လာက လူခေါ်ခေါင်းလောင်းကို တစ်ချိန်လုံး ဆက်နှိပ်နေသည်။ သို့ရာတွင် ပျက်နေပုံရသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်၍ မရသောအခါ တံခါးကို လက်နှင့်ပုတ်ပြန်၏။ အထဲမှ တုံ့ပြန်မှု မရသောအခါ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ကြည့်လိုက်သည်။ တံခါးကို သော့ခတ်မထားပါ။ အင်ဂျယ်လာက တံခါးရွက်ကို တွန်းဖွင့်လိုက်ပြီး သတိကြီးစွာထား၍ အထဲသို့ဝင်လိုက်၏။

ထို့နောက် အင်ဂျယ်လာသည် ဒေးဗစ်၏ အမည်ကို အသံကုန်ဟစ်၍ အော်ခေါ်လိုက်လေတော့သည်။

* * *

အင်ဂျယ်လာ၏ အော်ခေါ်သံကို ဒေးဗစ် ကြားလိုက်ရ၏။ ဒေးဗစ် ခါးပြန်ဆန့်လိုက်သည်။ သူသည် ပုပ်သိုးနေသော ပန်းသီးများ ထည့်ထားသည့် သံပုံးနံဘေးတွင် မှီ၍ ထိုင်နေခဲ့ခြင်း ဖြစ်သည်။

ထိုအသံမှာ အလွန် ဝေးကွာသောနေရာမှ ခပ်သဲ့သဲ့သာ ကြားရသဖြင့် ဟုတ်မှ ဟုတ်ပါလေစဟု သူ သံသယ ဖြစ်မိသည်။ သူက အာရုံများ ချောက်ချားနေသလားဟု တွေးလိုက်မိသည်။ သို့ရာတွင် သူသည် ထိုအသံကို နောက်တစ်ကြိမ် ကြားလိုက်ရပြန်လေ၏။

ယခုတစ်ကြိမ်တွင် ထိုအသံမှာ အစစ်အမှန် ဖြစ်ကြောင်း၊ အင်ဂျယ်လာ၏ အသံဖြစ်ကြောင်း သူ သိတော့သည်။ သူသည် ပိန်းပိန်းပိတ် မှောင်နေသော အမှောင်ထုထဲတွင် ခုန်ထလိုက်ပြီး အင်ဂျယ်လာ၏ နာမည်ကို အော်ခေါ်လိုက်၏။ သို့ရာတွင် သူ့အသံသည် အသံလုံသော ထိုအခန်းကျဉ်းကလေးထဲတွင် ပျောက်ကွယ်သွားတော့သည်။ ဒေးဗစ်သည် တံခါးရွက်နှင့် ဝင်တိုးမိသည်အထိ မှောင်ထဲတွင် မမြင်မကန်းနှင့် ရှေ့သို့ ဆက်တိုးသွားခဲ့သည်။ ထို့နောက် ဒေးဗစ်က အော်ဟစ်ရန် ကြိုးစားလိုက်ပြန်၏။ သို့ရာတွင် အင်ဂျယ်လာသည် မြေတိုက်ခန်းထဲ၌ ရှိနေမှသာ သူ့အသံကို ကြားနိုင်မည်ဖြစ်ကြောင်း သူ သိလိုက်ပါသည်။

ဒေးဗစ်သည် နံရံကပ်စင်များကို လက်နှင့် စမ်းတဝါးဝါး လျှောက်စမ်းရင်း သစ်သီးများကို မပုပ်မသိုးအောင် ထည့်ထားသော ဖန်ပုလင်းတစ်လုံးကို ဆုပ်ကိုင်လိုက်၏။ သူက ထိုဖန်ပုလင်းကို တံခါးဆီသို့ ယူသွားပြီး သစ်သား တံခါးရွက်ကို ထိုဖန်ပုလင်းနှင့် ထုလိုက်၏။ သို့ရာတွင် ထိုအသံက သူ မျှော်လင့်သလောက် မကျယ်ပါ။

ထို့နောက် ဒေးဗစ်သည် သူ့အပေါ်ဘက် တစ်နေရာဆီမှ အင်ဂျယ်လာ၏ ခြေသံများဟု သူထင်သော ခြေသံများကို ကြားလိုက်ရလေ၏။ သူက နည်းဗျူဟာကို ပြောင်းလဲလိုက်ပြီး ထိုဖန်ပုလင်းကို မျက်နှာကြက်ဆီသို့ ပစ်၍ ပေါက်ခွဲပစ်လိုက်သည်။ ဖန်ကွဲများက ကြမ်းပြင်ပေါ်သို့ ပြန်ကျလာပြီး အစိတ်စိတ် အမြွှာမြွှာ ကွဲလာချိန်တွင် သူက မျက်လုံးများကို ပိတ်ထားပြီး သူ့ဦးခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ထားလိုက်လေ၏။

ဒေးဗစ်သည် နံရံကပ် စင်ရှိရာဆီသို့ စမ်းတဝါးဝါးနှင့် ပြန်လျှောက်သွားပြီး မျက်နှာကြက်ကို သူ့လက်သီးဆုပ်များနှင့် တိုက်ရိုက်ထုနိုင်အောင် စင်ပေါ်သို့ တွယ်တက်လိုက်၏။ သို့ရာတွင် သူက မျက်နှာကြက်ကို နှစ်ကြိမ်သာ ထုလိုက်ရပြီးချိန်၌ သူ တက်ရပ်နေသော စင်သည် ပြိုကျသွားလေတော့သည်။ ထိုစင်နှင့် စင်ပေါ်ရှိ ဖန်ပုလင်း အားလုံးတို့သည်လည်း ဒေးဗစ်နှင့်အတူ ကြမ်းပြင်ပေါ်သို့ ပြိုလဲ၍ ကျသွားကြပါတော့သည်။

* * *




www.burmeseclassic.com

www.burmeseclassic.com

အင်ဂျယ်လာသည် သွေးရူးသွေးတန်း ဖြစ်လာသလို စိတ်ခေတ်လည်း ကျလာသည်။ သူသည် ညစ်ပတ်ပေရေလှသော ထိုအိမ်၏ မြေညီထပ် ကြမ်းပြင်ကို လျင်မြန်စွာ စုံစေ့အောင် လျှောက်ကြည့်လိုက်သည်။ ဗီးသီးတွေကိုလည်း အကုန် လျှောက်ဖွင့်လိုက်၏။ ကံဆိုးချင်တော့ ဒေးဗစ်နှင့် ကော်လ်ဟွန်းတို့အတွက် အထောက်အထား တစ်ခုကိုမျှ ရှာမတွေ့ရပါ။ ဗီးဖိုချောင်ထဲတွင်မူ ကော်လ်ဟွန်း၏ ပစ္စည်းဖြစ်နိုင်သော ဆေးပြင်းလိပ်တိုတစ်ခုကို ရှာတွေ့ရသည်။

အင်ဂျယ်လာက အပေါ်ထပ်သို့ တက်၍ ရှာရန် အဆင်သင့် ဖြစ်ချိန်တွင် နစ်ကီကို တွေးလိုက်မိသည်။ စိတ်ပူသွားသော အင်ဂျယ်လာသည် မော်တော်ကားဆီသို့ ပြေးထွက်ခဲ့ပြန်၏။ နစ်ကီသည် စိတ်ပူနေသော်လည်း ဘာမှ မဖြစ်ပါချေ။ အင်ဂျယ်လာက နစ်ကီအား နည်းနည်း ပိုကြာမည်ဟု ပြောလိုက်၏။ နစ်ကီကလည်း သူ တစ်ယောက်တည်း ထိုင်နေရသည်မှာ ကြောက်သောကြောင့် ခပ်မြန်မြန် လုပ်ပါဟု ပြန်ပြောလိုက်သည်။

အင်ဂျယ်လာသည် အိမ်ထဲသို့ ပြန်ပြေးလာပြီး လှေကားပေါ်သို့ စတက်လိုက်၏။ သူက တစ်လုံးထိုးသေနတ်ကို လက်နှစ်ဖက်နှင့် ကိုင်ထားသည်။ သူက အပေါ်ထပ်သို့ ရောက်ချိန်တွင် ရပ်တန့်၍ နားစွင့်လိုက်၏။ သူ တစ်ခုခုကို ကြားလိုက်ရသည်ဟု ထင်မိသည်။ သို့ရာတွင် သူ ကြားလိုက်ရသည်မှာ မှန်ပါက ထိုအသံကို နောက်တစ်ကြိမ် ထပ်မကြားရတော့ပါ။ သူက ဆက်ရှာလိုက်၏။

အပေါ်ထပ်ကြမ်းပြင်သည် အောက်ထပ်ကြမ်းပြင်ထက်ပင် ပို၍ ညစ်ပတ်နေသေးသည်။ အပေါ်ထပ်၌ နှစ်ပေါင်းများစွာ မည်သူမျှ မနေထိုင်သကဲ့သို့ မှိုနံ့လိုလို ထူးထူးဆန်းဆန်း အနံ့တစ်မျိုးကို ရှူရှိုက်နေရသည်။ အလွန် ကြီးမားသော ပင့်ကူအိမ်ကြီးများသည် မျက်နှာကြက်မှ တွဲလောင်းကျနေကြသည်။

အပေါ်ထပ် စင်္ကြံလမ်းထဲတွင် အင်ဂျယ်လာက ဒေးဗစ်၏ နာမည်ကို အကြိမ်ကြိမ် အော်ခေါ်လိုက်၏။ သို့ရာတွင် ခေါ်သံတစ်သံ၏ အပြီးတွင် တိတ်ဆိတ်မှုကသာ လွှမ်းမိုးနေခဲ့လေသည်။

အင်ဂျယ်လာက အောက်ဘက်သို့ ပြန်ဆင်းတော့မည့် ဆဲဆဲတွင် လှေကားထိပ်ရှိ စားပွဲပေါ်၌ တင်ထားသော ပစ္စည်းတစ်ခုကို သတိထားလိုက်မိလေ၏။ ထိုပစ္စည်းမှာ ပုတ်သင်ညို ဦးခေါင်းနှင့်တူအောင် ရာဘာနှင့် ပြုလုပ်ထားသော ဟယ်လိုဝင်းပွဲတော်မှ မျက်နှာဖုံး တစ်ခုပင် ဖြစ်သည်။ ထိုမျက်နှာဖုံးသည် ယမန်နေ့ညက သူတို့အိမ်ထဲသို့ ဝင်ရောက်လာသူ တပ်ဆင်ထားသော မျက်နှာဖုံးပင်တည်း။

အင်ဂျယ်လာသည် တုန်တုန်ယင်ယင်နှင့် လှေကားပေါ်မှ ပြန်ဆင်းခဲ့သည်။ လှေကားတစ်ဝက်သို့ အရောက်တွင် ရပ်တန့်၍ နားထောင်လိုက်ပြန်၏။ ဤတစ်ကြိမ်တွင်လည်း အင်ဂျယ်လာသည် တစ်စုံတစ်ခုကို ကြား





လိုက်ရသည်ဟု ထင်လိုက်မိသည်။ ထိုအသံမှာ ဝေးကွာသော နေရာတစ်နေရာဆီမှ ထုရိုက်နေသံမျိုး ဖြစ်သည်။

အင်ဂျယ်လာက ထိုအသံလာရာ အရပ်ကို မတွေ့တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် လှေကားခြေရင်း၌ တစ်ခေါက် ရပ်တန့်လိုက်ပြန်သည်။ ထုရိုက်နေသံကို မီးဖိုချောင်ဘက်ဆီမှ ကြားရသည်ဟု အင်ဂျယ်လာ ထင်မိ၏။ သူက မီးဖိုချောင်ဆီသို့ အပြေးအလွှား သွားလိုက်သည်။ ထိုအသံက သိသိသာသာပင် ပို၍ ကျယ်လောင်လာသည်။ အင်ဂျယ်လာသည် ငုံ့လိုက်ပြီး ကြမ်းပြင်ကို နားရွက်နှင့်ကပ်၍ နားထောင်လိုက်၏။ ဤတွင် အင်ဂျယ်လာသည် ခေါက်နေသံကို ထင်ထင်ရှားရှားကြီး ကြားရလေတော့သည်။

အင်ဂျယ်လာက ဒေးဗစ်၏ နာမည်ကို အော်ခေါ်လိုက်၏။ အင်ဂျယ်လာသည် ကြမ်းပြင်ကို နားရွက်တစ်ဖက်နှင့် ကပ်ထားရင်းကပင် သူ့နာမည်ကို ပြန်ခေါ်နေသော ဒေးဗစ်၏ အသံကို ကြားရသည် ဆိုရုံမျှသာ ကြားလိုက်ရသည်။ ဤတွင် အင်ဂျယ်လာက မြေအောက်ခန်းသို့ ဆင်းသော လှေကားဆီသို့ ကပျာကယာ သွားတော့သည်။

အင်ဂျယ်လာက မီးခလုတ်ကို ရှာတွေ့သဖြင့် မီးဖွင့်ပြီး အောက်ဘက်သို့ ဆင်းသွားသည်။ အင်ဂျယ်လာက ဒေးဗစ်၏ အသံကို ပို၍ ခပ်ကျယ်ကျယ် ကြားနေရသော်လည်း မသဲမကွဲပင် ဖြစ်နေလေသေးသည်။

အင်ဂျယ်လာသည် မြေအောက်ခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဒေးဗစ်၏ အမည်ကို အော်ခေါ်လိုက်ပြန်၏။ ဒေးဗစ်၏ ပြန်ထူးသံကို ကြားလိုက်ရချိန်တွင် အင်ဂျယ်လာ၏ မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာကြတော့သည်။

အင်ဂျယ်လာသည် ကြမ်းပြင်ပေါ်မှ ပစ္စည်းများကို ရှောင်ကွင်းရင်း အသံလာရာဆီသို့ လျှောက်သွားခဲ့သည်။ တံခါးက နှစ်ပေါက် ရှိနေသည်။ သို့ရာတွင် ယခုအချိန်၌ ဒေးဗစ်က တံခါးရွက်ကို ခပ်ပြင်းပြင်း ထုနေသဖြင့် မည်သည့် တံခါးရွက်နောက်ဘက်၌ ဒေးဗစ် ရှိနေကြောင်း အင်ဂျယ်လာ ချက်ချင်း သိတော့သည်။ သို့ရာတွင် ပြဿနာတစ်ရပ်က ရှိနေပြန်၏။ တံခါးကို သော့ခတ်ထားခြင်းပင် ဖြစ်သည်။

အင်ဂျယ်လာက ဒေးဗစ်ကို အပြင်ထွက်နိုင်အောင် လုပ်ပေးမည်ဟု အော်ပြောလိုက်၏။ အင်ဂျယ်လာက တစ်လုံးထိုးသေနတ်ကို နံရံတွင် ထောင်ထားရင်း ကြမ်းပြင်ပေါ်မှ သင့်လျော်မည့် ပစ္စည်းတစ်ခုကို လိုက်ရှာလိုက်သည်။ အင်ဂျယ်လာက ပေါက်ချွန်းကို ရှာတွေ့သွားလေ၏။

အင်ဂျယ်လာက သော့ခလောက်ကို ပေါက်ချွန်းနှင့် အကြိမ်ကြိမ် လွှဲ၍ ထုရိုက်လိုက်သည်။ ထူးခြားလာမှု မရှိပါ။ အင်ဂျယ်လာက နည်းစနစ်ကို ပြောင်းလိုက်သော အနေနှင့် ပေါက်ချွန်း၏ သွားကို မျောက်လက်ကြားထဲသို့ ထိုးသွင်းပြီး ကုတ်သဖွယ် သဘောထား၍ အသုံးချလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

အင်ဂျယ်လာသည် ရှိရှိသမျှ ခွန်အားကို အသုံးချ၍ လက်ကိုင်ရိုးကို ကားကုန် ပင့်တင်လိုက်လေရာ မျောက်လက်ကို ပြတ်ထွက်သွားစေသည် သာပက သစ်သားတံခါးနှင့် တွယ်ထားသော ဝက်အူများပါ ပြုတ်ထွက်လာကြတော့သည်။ ထို့နောက် အင်ဂျယ်လာက တံခါးရွက်ကို ဆွဲဖွင့်လိုက်လေ၏။

ဒေးဗစ်က အခန်းထဲက အတင်း ပြေးထွက်လာပြီး အင်ဂျယ်လာကို ပွေ့ဖက်ထားလိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"မင်း လိုက်လာတဲ့အတွက် ကျေးဇူးတင်လိုက်တာကွာ။ ခုကိစ္စအားလုံးရဲ့ တရားခံဟာ ဗန်ဆလိုက်ပဲ။ သူက လူနာတွေကို သတ်တယ်။ ဒေါက်တာဟော့ချ်ကိုလည်း သတ်တယ်။ ခုလောလောဆယ်မှာတော့ သူက သွက်သွက်ခါအောင် ရူးနေသလို သူ့လက်ထဲမှာ သေနတ်လက်နက် ရှိနေတယ်။ ကိုယ်တို့ ဒီနေရာက ထွက်ကြမှ ဖြစ်မယ်"

"ကဲ သွားရအောင်"

ဟု အင်ဂျယ်လာက ပြောလိုက်ပြီး နံရံ၌ ထောင်ထားသော သေနတ်ကိုယူ၍ လှေကားဆီသို့ အတူတူ ကမန်းကတန်း သွားခဲ့ကြသည်။

သူတို့ လှေကားပေါ်သို့ မတက်ခင် ဒေးဗစ်က အင်ဂျယ်လာ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ ဒေးဗစ်က သူ တူးနေသော တွင်းနံဘေးမှ ကွန်ကရစ်ပြားကြီးကို လက်ညှိုးထိုးပြလိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"ကော်လ်ဟွန်း တစ်ယောက်တော့ အဲဒီ အောက်ဘက်မှာ ရှိနေလိမ့်မယ် ထင်တယ်"

အင်ဂျယ်လာက ပါးစပ်ဟသွားသည်။

"လာလေ"

ဒေးဗစ်က ပြောပြောဆိုဆို လက်နှင့် တွက်လိုက်၏။ သူတို့ လှေကားပေါ်သို့ ဟသွားသည်။ လှေကားပေါ်သို့ တက်နေစဉ် ဒေးဗစ်က စပြောလိုက်၏။

"ဗန်ဆလိုက်ကို ဘယ်သူက ငွေပေးနေတယ်ဆိုတာ ကိုယ် မသိရသေးဘူး။ ဒါပေမယ့် ဘာတွေ ဖြစ်ပျက်နေသလဲ ဆိုတာကတော့ ရှင်းနေပါတယ်။ ပြီးတော့လည်း ဗန်ဆလိုက်က ဘယ်လိုနည်းနဲ့ လူနာကို သတ်နိုင်သလဲဆိုတာ ကိုယ် မသိရသေးဘူး"

အင်ဂျယ်လာက ပြောလိုက်သည်။

"မနေ့ညက ကျွန်မတို့ အိမ်ကိုလာတာ ဗန်ဆလိုက်ပဲ။ ကျွန်မက သူ့ပုတ်သင်ညို မျက်နှာဖုံးကို အပေါ်ထပ်မှာ တွေ့ခဲ့ရတယ်"

ဒေးဗစ်နှင့် အင်ဂျယ်လာ မီးဖိုချောင်ခန်းထဲသို့ ရောက်ရှိချိန်တွင် ကားရှေ့မီးရောင်များက ထိတ်လန့်တကြား ဖြစ်နေသော သူတို့ မျက်နှာ





ပေါ်သို့ ကျရောက်လာပြီး တစ်ခုလုံးကို ထိန်လင်းသွားစေခဲ့သည်။ ဗန်ဆလိုက် ပြန်လာခဲ့လေပြီ။ ဒေးဗစ်က လေသံကလေးနှင့် ပြောလိုက်၏။

"မြတ်စွာဘုရား၊ သူ ပြန်လာပြီ"

အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မက မီးသီးတွေ အတော်များများကို လျှောက်ဖွင့်ထားခဲ့မိတယ်။ တစ်ခုခု မှားနေပြီဆိုတာ သူ သိမှာပဲ"

အင်ဂျယ်လာက တစ်လုံးထိုးသေနတ်ကို ဒေးဗစ်၏ လက်ထဲသို့ ထိုးထည့်ပေးလိုက်၏။ ချွေးစိုနေသော လက်ဖဝါးများနှင့် ဒေးဗစ်က ဆုပ်ကိုင်ထားလိုက်သည်။ ကားတံခါး ပိတ်သံကို ကြားလိုက်ရပြီးနောက် ကျောက်စရစ် ခင်းထားသော ကားလမ်းပေါ်တွင် လမ်းလျှောက်သွားသော ခြေသံ ခပ်ပြင်းပြင်းကို ကြားကြရလေသည်။

ဒေးဗစ်က အင်ဂျယ်လာအား မြေအောက်ခန်းတံခါး နောက်ဘက်ဆီသို့ ပြန်ဝင်လိုက်ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်။ ဒေးဗစ်က နောက်မှ ဝင်လိုက်လာပြီး တံခါးကို စေ့ရုံကလေးစေ့၍ ပြန်ဆွဲပိတ်ထားလိုက်လေ၏။ သူက မီးဖိုချောင်ထဲသို့ မြင်နေရအောင် တံခါးရွက်ကို အနည်းငယ် ဟထားသည်။

ခြေသံများသည် နောက်ဘက် တံခါးပေါက်ဆီသို့ ရောက်ရှိလာပြီး ဖြုန်းခနဲ ရပ်တန့်သွားတော့သည်။

အလွန် ထိတ်လန့်စရာကောင်းလှသော ထိုစက္ကန့်ပိုင်းကလေးတွင် သူတို့သည် မည်သည့် အသံကိုမျှ မကြားကြရချေ။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့သည် အသက်အောင့်ထားကြသည်။ ဗန်ဆလိုက်က မီးရောင်တွေအကြောင်း စဉ်းစားနေလိမ့်မည်ဟု ခန့်မှန်း တွေးတောမိကြသည်။

ထို့နောက် သူတို့ တအံ့တသြ ဖြစ်ရလောက်အောင် ထိုခြေသံများ ပြန်ဝေးသွားသည်ကို ကြားကြရသည်။ သူတို့က ခြေသံများကို မကြားရတော့သည့် အချိန်အထိ နားစွင့်၍ ထောင်နေခဲ့ကြ၏။ အင်ဂျယ်လာက ခပ်တိုးတိုးကလေး မေးလိုက်သည်။

"သူ ဘယ်ကို သွားတာလဲ"

"ကိုယ်လည်း သိချင်တာပဲ၊ သူ ဘယ်မှာ ရှိတယ်ဆိုတာကို မသိရတာ ကိုယ် မကြိုက်ဘူး။ သူက ဒီနေရာအကြောင်း ကောင်းကောင်း သိတယ်။ သူက ကိုယ်တို့ကို နောက်ဘက်က ပြန်ပြီး တွယ်နိုင်တယ်"

အင်ဂျယ်လာက မြေတိုက်ခန်းထဲသို့ ဆင်းသော လှေကားကို ပြန်လှည့်ကြည့်လိုက်မိ၏။ ဗန်ဆလိုက်က ဖြုန်းခနဲ အလစ်တွင် တွယ်ထ[illegible] နိုင်သည် ဆိုသော အတွေးက သူ့ကို အသည်းတယားယား ဖြစ်စေခဲ့[illegible]။

သူတို့သည် အတန်ငယ်ကြာအောင် နားစွင့်ထောင်ရင်း[illegible]နေရာတွင် ဆက်ရှိနေခဲ့ကြသည်။ ထိုအိမ်ကြီးသည် ကြောက်မက်[illegible] ကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ နောက်ဆုံးတွင် [illegible]ဗစ်က တံခါး

www.burmeseclassic.com

www.burmeseclassic.com



ချက်ကို တွန်းဖွင့်လိုက်လေ၏။ ဒေးဗစ်သည် မီးဖိုချောင်ထဲသို့ ပြန်ခြေချ ရင်း အင်ဂျယ်လာကို သူ့နောက်က လိုက်ခဲ့ရန် လက်ပြ၍ ခေါ်လိုက်သည်။ အင်ဂျယ်လာက တိုးတိုးကလေး ပြောလိုက်၏။

"အဲဒီလူဟာ ဗန်ဆလိုက် ဟုတ်ချင်မှ ဟုတ်မှာ"

"သူပဲ ဖြစ်ကို ဖြစ်ရမယ်ကွ"

ဒေးဗစ်ကလည်း လေသံကလေးနှင့် ပြန်ပြောလိုက်သည်။

"ဒီနေရာက မြန်မြန် ပြန်ထွက်ကြရအောင်၊ ကျွန်မ ဒီအိမ်ထဲမှာ သိပ်ကြာနေရင် နစ်ကီ မော်တော်ကားထဲက ထွက်လာမှာ စိုးရိမ်ရတယ်"

ဒေးဗစ်က လေသံကလေးနှင့် ပြန်မေးလိုက်၏။

"ဘာပြောတယ်၊ နစ်ကီ ဒီမှာ ရှိနေသလား"

အင်ဂျယ်လာကလည်း လေသံကလေးနှင့် ပြန်ပြောလိုက်သည်။

"ကျွန်မက သူ့ကို မေမေ့ဆီမှာ ထားခဲ့လို့ မရဘူး။ သူက လိုက်မယ်လို့ ဇွတ်အတင်း တင်းခံနေတယ်။ ကျွန်မက သူနဲ့ အငြင်းအခုံ ဖြစ်နေလို့ မဖြစ်ဘူး။ ပြီးတော့လည်း မေမေ့ကို ရှင်းပြနေဖို့ အချိန်လည်း မရှိဘူးလေ"

"မြတ်စွာဘုရား၊ တကယ်လို့ ဗန်ဆလိုက်က သူ့ကို မြင်သွားရင် ဘယ်နှယ့်လုပ်မလဲ"

"သူ မြင်တွေ့သွားနိုင်တယ်လို့ ရှင်ထင်သလား"

ဒေးဗစ်က အင်ဂျယ်လာကို သူ့နောက်က လိုက်ခဲ့ရန် လက်ပြ၍ ခေါ်လိုက်၏။ သူတို့သည် ခြံဝင်းထဲသို့ ထွက်သော တံခါးပေါက်ဆီသို့ သွား၍ တတ်နိုင်သလောက် တိတ်တိတ်ကလေး ဖွင့်လိုက်ကြသည်။ အပြင်ဘက်၌ လုံးဝ မှောင်မိုက်နေလေပြီ။ ဗန်ဆလိုက်၏ မော်တော်ကား သည် သူတို့နှင့် ပေနှစ်ဆယ် အကွာအဝေး၌ ရှိနေသော်လည်း ဗန်ဆ လိုက်ကို မည်သည့် နေရာတွင်မှ ရှာမတွေ့ရချေ။

ယခု ဒေးဗစ်က အင်ဂျယ်လာအား ထိုနေရာတွင် နေခဲ့ရန် အချက် ပြလိုက်၏။ ဒေးဗစ်က သေနတ်ကို အသင့်ကိုင်ထားရင်း ဗန်ဆလိုက်၏ မော်တော်ကားဆီသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။ ဒေးဗစ်က ဗန်ဆ လိုက် ပုန်းနေသလောဟု သိရအောင် ခရီးသည် ထိုင်ခုံဘက် ပြတင်း ပေါက်မှနေ၍ အထဲဘက်သို့ လှမ်းကြည့်လိုက်၏။ သို့ရာတွင် ဗန်ဆလိုက် ထိုနေရာတွင် ရှိမနေပါ။ ဒေးဗစ်က အင်ဂျယ်လာအား သူ့ထံသို့ လာခဲ့ရန် လက်ပြ၍ ခေါ်လိုက်သည်။ ဒေးဗစ်က ပြောလိုက်၏။

"မော်တော်ကား အဝင်လမ်းပေါ်က ကျောက်စရစ်ခဲတွေကို ကွင်း ရှောင်သွားကြရအောင်၊ အဲဒါတွေကို နင်းရတာ သိပ်အသံမြည်လွန်းတယ်၊ ကိုယ်တို့က မြက်ခင်းပေါ်ကပဲ လျှောက်ကြမယ်။ မင်းက မော်တော်ကား ကို ဘယ်မှာ ရပ်ထားခဲ့သလဲ"

"ရှင့်မော်တော်ကား နောက်ဘက်မှာပဲ"

ဒေးဗစ်က ရှေ့ကသွားပြီး အင်ဂျယ်လာက နောက်က လိုက်လာ



သည်။ လမ်းမကြီးဆီသို့ သူတို့ ရောက်လာကြသောအခါ သူတို့ အကြောက် လန့်ဆုံး ကိစ္စသည် အကောင်အထည် ပေါ်လာခဲ့လေပြီ။ ကော်လ်ဟွန်း၏ ထရပ်ကားနံဘေး၌ ရှိနေသော မော်တော်ကားမီးရောင်ဖြင့် ဒေးဗစ် မိခင် ၏ ချီရိုကီ မော်တော်ကား၏ ယာဉ်မောင်းသူ ထိုင်ခုံပေါ်မှ ဗန်ဆလိုက်၏ ကောက်ကြောင်းပုံကို သူတို့ မြင်နေကြရသည်။ နစ်ကီသည် ဗန်ဆလိုက် နံဘေးတွင် ရှိနေပါ၏။

"အမယ်လေး ဒုက္ခပါပဲ"

အင်ဂျယ်လာက ပြောပြောဆိုဆိုနှင့် စိတ်လိုက်မာန်ပါ ရှေ့ဘက်သို့ တိုးလိုက်၏။

ဒေးဗစ်က အင်ဂျယ်လာ့ကို ဆွဲထားလိုက်သည်။ သူတို့နှစ်ယောက် သည် တစ်ယောက်နှင့် တစ်ယောက် အထိတ်တလန့် ကြည့်လိုက်မိကြ၏။ အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မတို့ တစ်ခုခု လုပ်ကြမှ ဖြစ်မယ်"

"ကိုယ်တို့ စဉ်းစားမှ ဖြစ်မယ်ကွ"

ဒေးဗစ်က ချီရိုကီ မော်တော်ကားဆီသို့ ပြန်ကြည့်လိုက်၏။ ဒေးဗစ် သည် စိတ်လှုပ်ရှားလွန်းသဖြင့် မေ့မြောသွားတော့မလို ဖြစ်နေသည်။ အင်ဂျယ်လာက မေးလိုက်၏။

"သူ့ဆီမှာ သေနတ်ရှိနိုင်သလား"

ဒေးဗစ်က ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

"သူ့ဆီမှာ သေနတ်ရှိတာ ကိုယ်သိတယ်ကွ"

"ကျွန်မတို့က အကူအညီ သွားခေါ်ရင် ကောင်းလိမ့်မယ်"

ဒေးဗစ်က ဖြေလိုက်၏။

"ဒါဆိုရင် သိပ်ကြာသွားမှာပေါ့။ ပြီးတော့လည်း ရှောဘတ်ဆန်နဲ့ သူ့တပည့်တွေက ကိုယ်တို့ပြောတဲ့ စကားကို ယုံကြည်တဲ့တိုင်အောင် ဒီလို အခြေအနေမျိုးကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ သူတို့ သိကြမှာ မဟုတ်ဘူး။ ဒီကိစ္စကို ကိုယ်တို့ဘာသာ ဖြေရှင်းကြမှ ဖြစ်မယ်။ ကိုယ်တို့ က လိုအပ်လာရင် တစ်လုံးထိုးသေနတ်ကို သုံးလို့ရအောင် နစ်ကီ့ကို ခပ်ဝေးဝေးရောက်အောင် ခေါ်ထုတ်သွားနိုင်မှ ဖြစ်မယ်"

သူတို့သည် ကြောက်ကြောက်လန့်လန့်နှင့်ပင် မော်တော်ကားကို ငေးကြည့်နေမိကြသည်။ ဒေးဗစ်က ပြောလိုက်၏။

"သူက မော်တော်ကား တံခါးတွေကို သော့ခတ်ထားမှာ စိုးရိမ်ရ တယ်။ ကိုယ့်ကို သော့တွေပေးစမ်း"

"သော့က ကားထဲမှာရှင့်"

"ဩော် ဒုက္ခပါပဲ၊ သူက နစ်ကီနဲ့ အတူတူ မော်တော်ကားကို မောင်း ပြသွားလို့ ရနေပြီ"

အင်ဂျယ်လာက ဘုရားတ,သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား"

"ခုကိစ္စက တဖြည်းဖြည်းနဲ့ ပိုဆိုးရွားလာတယ်။ ဒါပေမယ့် မင်း သတိထားမိတယ် မဟုတ်လား၊ ကိုယ်တို့ တစ်ချိန်လုံး ဒီနေရာက မတ်တတ်ရပ်ပြီး မော်တော်ကားကို ကြည့်နေခဲ့တယ်။ ဗန်ဆလိုက်က တစ်ချက်ကလေးတောင် မလှုပ်ရှားဘူး။ သူ့ကို ကိုယ် နောက်ဆုံး တွေ့ခဲ့တုန်းက သူက တစ်ချိန်လုံး အငြိမ်မနေဘဲ လှုပ်ရှားနေတာ၊ သူ့ကိုယ်သူ ငြိမ်အောင် ထိန်းထားလို့ကို မရဘူး"

အင်ဂျယ်လာက ပြောလိုက်၏။

"ရှင် ဆိုလိုတာကို ကျွန်မ သဘောပေါက်ပြီ။ သူတို့က စကားစမြည် ပြောဆိုနေကြသလိုပဲနော်"

ဒေးဗစ်က ပြောလိုက်၏။

"ဗန်ဆလိုက်က ကိုယ်တို့ကို စောင့်ကြည့်မနေဘူးဆိုရင် ကိုယ်တို့က မော်တော်ကား နောက်ဘက်ကို ရောက်အောင် တိတ်တိတ်ကလေး သွားနိုင်တယ်။ အဲဒီ နောက်တော့ မင်းက ကားရဲ့ တစ်ဖက်ဆီကိုသွား၊ ကိုယ်က ကားရဲ့ နောက်တစ်ဖက်ဆီကို သွားမယ်။ ကိုယ်တို့က ကားတံခါးတွေကို ပြိုင်တူဆွဲဖွင့်မယ်။ မင်းက နစ်ကီကို လွတ်အောင်ဆွဲချ၊ ကိုယ်က ဗန်ဆလိုက်ကို သေနတ်နဲ့ ချိန်ထားမယ်"

"ဘုရား ဘုရား၊ သိပ်ပြီးတော့ အရဲစွန့်သလို ဖြစ်နေတယ်လို့ ရှင် မထင်ဘူးလား"

"ပိုကောင်းတဲ့ စိတ်ကူးရှိရင် ပြောလေကွာ။ သူက ကိုယ်တို့ သမီးနဲ့ အတူ မော်တော်ကားကို မောင်းထွက်မပြေးခင် ကိုယ်တို့က သမီးကို ကားထဲက လွတ်အောင် ဆွဲထုတ်ထားဖို့ လိုတယ်ကွ"

"ကောင်းပြီလေ"

အင်ဂျယ်လာက အင်တင်တင်နှင့် ဖြေလိုက်သည်။ သူတို့သည် အတော်ကလေး လှမ်းသောနေရာမှ လမ်းပေါ်ကို ကျော်ဖြတ်၍ ချီရိုကီ မော်တော်ကားကို နောက်ဘက်မှ ချဉ်းကပ်လိုက်ကြ၏။ သူတို့ကို မြင်တွေ့မသွားအောင် ဝပ်ပြီး အကြာကြီး နေကြသည်။ နောက်ဆုံးတွင် သူတို့သည် ကားနောက်ဘက်သို့ ရောက်ရှိသွားကြပြီး နောက်ဘက် မှောင်ရိပ်ထဲတွင် ဆောင့်ကြောင့်ထိုင်လိုက်ကြသည်။ ဒေးဗစ်က လေသံကလေးနှင့် ပြောလိုက်၏။

"ကိုယ်က မော်တော်ကား တံခါးတွေကို ချက်ချထားသလားဆိုတာ သိရအောင် နံဘေးက အရင်ဆုံး သွားကြည့်လိုက်ဦးမယ်"

အင်ဂျယ်လာက ခေါင်းညိတ်ပြီး သေနတ်ကို ယူထားလိုက်သည်။ ဒေးဗစ်သည် ယာဉ်မောင်းသူ၏ ထိုင်ခုံအနီးသို့ ရောက်အောင် တွားသွားပြီး ဖြည်းညင်းစွာ ထကြည့်လိုက်၏။ မည်သည့် တံခါးကိုမျှ ချက်ချမထားပါ။





ဒေးဗစ်က ပြန်လာပြီး ပြောပြလိုက်သောအခါ အင်ဂျယ်လာက ဝမ်းသာသွားသည်။ ဒေးဗစ်က မေးလိုက်၏။

"ကောင်းပြီ၊ မင်း အဆင်သင့် ဖြစ်ရဲ့လား"

အင်ဂျယ်လာက ဒေးဗစ်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"နေဦး၊ ရှင့် အကြံအစည်ကို ကျွန်မ စဉ်းစားကြည့်လေလေ မကြိုက်လေဘဲ။ ကျွန်မတို့က ကားရဲ့ တစ်ဖက်တစ်ချက်စီကို မသွားသင့်ကြဘူး။ ကျွန်မတို့က နစ်ကီ့တံခါးဆီကိုသာ သွားသင့်တယ်။ ရှင်က တံခါးကို ဆွဲဖွင့်၊ ကျွန်မက နစ်ကီကို ဆွဲချမယ်"

ဒေးဗစ်က အနည်းငယ် စဉ်းစားလိုက်ပြီး ပြန်ဖြေလိုက်သည်။

"ကောင်းပြီလေ၊ ကိုယ် အချက်ပြတဲ့အခါကျရင် စလုပ်ကြမယ်"

ဒေးဗစ်သည် အင်ဂျယ်လာထံမှ သေနတ်ကို ယူလိုက်ပြီးနောက် ဘယ်လက်နှင့် ကိုင်ထားလိုက်၏။ သူက ကား၏ ညာဘက်သို့ရောက်အောင် အင်ဂျယ်လာကို ကွေ့ပတ်၍ သွားလိုက်သည်။ ဒေးဗစ်က မော်တော်ကားကို ကွေ့ပတ်လိုက်ပြီးနောက် သေနတ်ကို ရင်ဘတ်ရှေ့တွင် ထားရင်း တွားသွားသောနည်းနှင့် တဖြည်းဖြည်းချင်း ရှေ့သို့ တက်သွားသည်။ သူက မော်တော်ကား၏ အနောက်ဘက်တံခါးနှင့် တည့်တည့်သို့ အရောက်တွင် အင်ဂျယ်လာ သူ့နောက်က ပါလာခြင်း ရှိမရှိ လှည့်ကြည့်လိုက်ပြန်၏။ အင်ဂျယ်လာ လိုက်ပါလာပါသည်။

ဒေးဗစ်က ရှေ့သို တစ်ဟုန်ထိုး ခုန်ထွက်နိုင်အောင် ဆောင့်ကြောင့်ထိုင်၍ အသင့်ပြင်ထားလိုက်၏။ သို့ရာတွင် သူက အင်ဂျယ်လာအား လှမ်း၍ အချက်မပြနိုင်ခင် နစ်ကီဘက်မှ တံခါးပွင့်လာပြီး နစ်ကီက ကိုယ်ကို ရှေ့သို့ကိုင်း၍ နောက်ဘက်သို့ ပြန်ကြည့်လိုက်၏။ နစ်ကီသည် ဒေးဗစ်၏ မျက်နှာကို သူ့မျက်နှာနှင့် နီးနီးကပ်ကပ် တွေ့မြင်လိုက်ရသောကြောင့် ရုတ်တရက် လန့်သွားပုံရသည်။ နစ်ကီက မေးလိုက်၏။

"ဒါက ဘာတွေ လုပ်နေကြတာလဲ"

ဒေးဗစ်က ရှေ့သို့ ခုန်ထွက်လိုက်ပြီး တံခါးရွက်ကို အကုန် ဆွဲဖွင့်လိုက်သည်။ နစ်ကီသည် ဟန်ချက်ပျက်သွားပြီး ကားထဲမှ အောက်ဘက်သို့ ထွေးခနဲ လိမ့်ကျလာလေ၏။ အင်ဂျယ်လာက ရှေ့သို့ ခုန်တိုးလိုက်ပြီး နစ်ကီကို ဆုပ်ကိုင်ရင်း မြက်ခင်းပေါ်သို့ ဆွဲချလိုက်သည်။ ထိတ်လန့်ပြီး နာကျင်သော နစ်ကီက ငိုတော့သည်။ ဒေးဗစ်က ဗန်ဆလိုက်ကို သေနတ်နှင့် ချိန်ထားလိုက်၏။ လိုအပ်လာပါက သေနတ်မောင်းကိုပင် ဆွဲရန် အသင့် ပြင်ဆင်ထားသည်။ သို့ရာတွင် ဗန်ဆလိုက်ထံ၌ သေနတ်မရှိပေ ပါ။ ဗန်ဆလိုက်က ထွက်ပြေးဖို့လည်း မကြိုးစားပါ။ သူက လှုပ်ပင် မလှုပ်ရှားပါ။ သူ့မျက်နှာပေါ်တွင် အမူအရာ လုံးဝ ကင်းမဲ့နေသည်။

ဒေးဗစ်က ရှေ့သို့တိုး၍ ကပ်လိုက်၏။ ဗန်ဆလိုက်သည် လက်နှစ်ဖက်ကို ပေါင်ပေါ်၌ တင်ထားရင်း ငြိမ်သက်စွာ ထိုင်နေသည်။ လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သော တစ်နာရီ မပြည့်ခင်ကလို တုန်တုန်လှုပ်လှုပ်နှင့် စိတ်ရောဂါ ဖြစ်နေပုံ မရတော့ပါ။ နစ်ကီက ငိုလိုက်၏။

"ဘာတွေ ဖြစ်နေကြတာလဲ၊ သမီးကို ဘာဖြစ်လို့ အရမ်း ဆွဲချရတာလဲ၊ သမီး ခြေထောက် နာသွားပြီ"

အင်ဂျယ်လာက ပြောလိုက်သည်။

"မေမေ ဝမ်းနည်းပါတယ် သမီးရယ်၊ သမီးအတွက် စိတ်ပူသွားမိလို့ပါ။ သမီးနဲ့အတူတူ ထိုင်နေတဲ့လူဟာ ပုတ်သင်ညိုမျက်နှာဖုံးကြီးကို စွပ်ပြီး မနေ့ညက အိမ်ကို လာသွားတဲ့လူပဲကွယ့်"

နစ်ကီက မျက်ရည်များကို သုတ်ရင်း ပြန်ပြောလိုက်၏။

"သူ မဖြစ်နိုင်ပါဘူး၊ သူက မာမီ ပြန်လာတဲ့အထိ သမီးနဲ့အတူ ထိုင်စကားပြောပေးနေမယ်လို့ ပြောတယ်"

အင်ဂျယ်လာက မေးလိုက်သည်။

"ဘာတွေကို ပြောနေကြတာလဲ"

"သူ သမီးတို့အရွယ်လောက်တုန်းက သူ့ဘဝမှာ ဘယ်လောက်တောင် ပျော်စရာကောင်းခဲ့တယ် ဆိုတာတွေကို ပြောပြနေတာပါ"

ဒေးဗစ်က ပြောလိုက်၏။

"မစွတာ ဗန်ဆလိုက်ရဲ့ ကလေးဘဝက လုံးဝ ပျော်စရာ မကောင်းခဲ့ပါဘူးကွာ"

ဒေးဗစ်က ဗန်ဆလိုက်ကို သေနတ်နှင့် ချိန်ထားရင်းကပင် စိုက်ကြည့်လိုက်၏။ ဗန်ဆလိုက်ကလည်း ကြောင်တောင်တောင်နှင့် ပြန်စိုက်ကြည့်နေသည်။

ဒေးဗစ်က ဘာဆက်လုပ်ရမည်နည်း မသိသဖြင့် မေးလိုက်သည်။

"ခင်ဗျား နေကောင်းရဲ့လား"

ဗန်ဆလိုက်က အနိမ့်အမြင့် မရှိသော အသံနှင့် ပြန်ဖြေလိုက်၏။

"ကျုပ် နေကောင်းပါတယ်၊ ကျုပ်အဖေက ကျုပ် ရုပ်ရှင်ကြည့်ချင်တယ်ဆိုတိုင်း ရုပ်ရှင် လိုက်ပြတာချည်းပဲ"

"မင်း မလှုပ်နဲ့နော်"

ဒေးဗစ်က အမိန့်ပေးလိုက်ပြီးနောက် ကားရှေ့ဘက်မှ ကွေ့ပတ်ပြီး ယာဉ်မောင်းသူဘက်မှ တံခါးကို ဆွဲဖွင့်လိုက်သည်။ ဗန်ဆလိုက်က ကားအပြင်ဘက်သို့ ထွက်မလာပါ။ ဒေးဗစ်ကို စိုက်ကြည့်မြဲ ကြည့်နေသည်။ ဒေးဗစ်က မေးလိုက်၏။

"သေနတ်က ဘယ်မှာလဲ"

"သေနတ်၊ ပါးစပ်၊ ပဒတ်၊ ခါးပြတ်"

ဒေးဗစ်က ဗန်ဆလိုက်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ကားထဲမှ ဆွဲချလိုက်၏။ အင်ဂျယ်လာက ဒေးဗစ်ကို သတိထားဖို့ အော်ပြောလိုက်သည်။ ဗန်ဆလိုက်သည် နဘေထပ်၍နှင့် စကားပြောနေသောကြောင့်





ရှူးသွပ်နေဆဲပင် ဖြစ်သည်မှာ သိပ်သေချာနေသည်။

ဒေးဗစ်က ဗန်ဆလိုက်ကို မော်တော်ကားနှင့် မျက်နှာမူလျက်သား ဖြစ်အောင် တွန်းပစ်လိုက်ပြီးနောက် သူ့ကိုယ်ပေါ်၌ လက်နက် ရှိမရှိ စမ်းသပ်ကြည့်လိုက်၏။ ဗန်ဆလိုက်၏ ကိုယ်ပေါ်တွင် မည်သည့် လက်နက်မျှ ရှိမနေပါ။

"မင်းက သေနတ်ကို ဘာလုပ်ပစ်လိုက်သလဲ"

"ကျုပ်အတွက် မလိုအပ်တော့ဘူးလေ"

ဒေးဗစ်က တည်ငြိမ်နေအောင် ဗန်ဆလိုက်၏ မျက်နှာကို အနီးသို့ ကပ်၍ ကြည့်လိုက်၏။ သူငယ်အိမ်များ ကျယ်မနေကြတော့ပါ။ ဗန်ဆလိုက် ပြောင်းလဲသွားပုံမှာ ထူးခြားလွန်းလှသည်။

"ဗန်ဆလိုက်၊ မင်း ဘာတွေ ဖြစ်နေတာလဲ၊ ပြောစမ်း"

"ဖြစ် ဘရစ်ပေါ့"

ဒေးဗစ်က အော်လိုက်၏။

"ဗန်ဆလိုက်၊ မင်း ဘာဖြစ်နေတာလဲ။ ဘယ်ကို ရောက်ခဲ့သလဲ မင်း ကြားနေတဲ့အသံတွေကရော မင်း အခု အသံတွေကို ကြားနေရတုန်းပဲလား"

"ရှင်က သက်သက် အချိန်ဖြုန်းနေတာပဲ"

နစ်ကီနှင့်အတူ ကားဦးခေါင်းဘက်မှ ကွေ့ပတ်လာသော အင်ဂျယ်လာက ပြောလိုက်သည်။

"သူက သွက်သွက်ခါအောင် ရူးနေတာလို့ ကျွန်မ ပြောရဲတယ်"

ဗန်ဆလိုက်က ပြောလိုက်၏။

"ဘာအသံတွေမှ မရှိတော့ဘူး၊ ကျုပ်က အသံတွေ ရပ်သွားအောင် လုပ်ပစ်လိုက်ပြီ"

အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မတို့ ရဲကိုခေါ်မှ ကောင်းလိမ့်မယ်ထင်တယ်။ ဒေသခံရဲတွေကို ပြောတာ မဟုတ်ဘူးနော်။ ပြည်နယ်ကရဲကို ပြောတာ။ ရှင့် ဆယ်လူလာ တယ်လီဖုန်းက ကားထဲမှာ ရှိတယ် မဟုတ်လား"

ဒေးဗစ်က ဗန်ဆလိုက်ကို မေးလိုက်၏။

"မင်းက အသံတွေ ရပ်သွားအောင် ဘယ်လို လုပ်လိုက်တာလဲ"

"ကျုပ်က ရှင်းပစ်လိုက်တယ်လေ"

"မင်းက ရှင်းပစ်လိုက်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

ဗန်ဆလိုက် ဆိုလိုသည့် အဓိပ္ပာယ်ကို ဒေးဗစ်က မကြားရဲ[illegible] ဖြစ်နေသည်။ ဗန်ဆလိုက်က ဖြေလိုက်၏။

"သူတို့က ကျုပ်ကို လူနုံလူအ တစ်ယောက်လို အသုံး[illegible]ကြမှာ မဟုတ်တော့ဘူး"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်က မေးလိုက်ခြင်း ဖြစ်သည်။

"ဘုတ်အဖွဲ့လေ၊ ဘုတ်အဖွဲ့တစ်ဖွဲ့လုံးပေါ့"

အင်ဂျယ်လာက စိတ်မရှည်စွာ ပြောလိုက်၏။

"ဒေးဗစ်၊ ရဲကိစ္စက ဘယ်လိုလဲ၊ ကျွန်မ နစ်ကီ့ကို ဒီက ခေါ်ထုတ်သွားချင်လှပြီ။ သူက မဟုတ်တရုတ် စကားတွေကို ပြောနေတာ"

ဒေးဗစ်က ဖြေသည်။

"ကိုယ်ကတော့ အဲဒီလို သိပ်မထင်ဘူး"

"ကောင်းပါပြီ၊ ဒါဆိုရင် ဘုတ်အဖွဲ့ဆိုတာ ဘာကို ဆိုလိုတာလဲ"

အင်ဂျယ်လာ၏ အမေးကို ဒေးဗစ်က ဖြေသည်။

"သူက ဆေးရုံဘုတ်အဖွဲ့ကို ပြောတာလို့ ထင်တယ်"

ဗန်ဆလိုက်က ပြောလိုက်၏။

"ဘုတ်၊ ဖုတ်၊ ဝုတ်၊ အုပ်"

ဗန်ဆလိုက်က ပထမဦးဆုံးအကြိမ်အဖြစ် ပြုံးလိုက်သည်။ အင်ဂျယ်လာက ပြောလိုက်၏။

"ဒေးဗစ်၊ ဒီလူက တကယ့်အဖြစ်မှန်တွေနဲ့ ဆက်သွယ်နေပုံ မရဘူး။ ဘာဖြစ်လို့ ရှင်က သူနဲ့ စကားစမြည် ပြောနိုင်အောင် ကြိုးပမ်းနေရတာလဲ"

ဒေးဗစ်က မေးလိုက်ပြန်သည်။

"မင်းက ဆေးရုံဘုတ်အဖွဲ့ကို ဆိုလိုတာလား"

ဗန်ဆလိုက်က ပြန်ဖြေသည်။

"ဟုတ်တယ်"

"ကောင်းပြီ၊ ဒါဆိုရင် အစစအရာရာ ဟန်ကျသွားလိမ့်မယ်"

ဒေးဗစ်က အခြားသူများကိုထက် သူ့ကိုယ်သူ တည်ငြိမ်မှုရအောင် ကြိုးပမ်းနေပုံရသည်။ ဒေးဗစ်က မေးလိုက်ပြန်၏။

"မင်းက တစ်ယောက်ယောက်ကို သေနတ်နဲ့ ပစ်ခဲ့သလား"

ဗန်ဆလိုက်က ရယ်လိုက်၏။

"ဟင့်အင်း၊ ကျုပ်က ဘယ်သူ့ကိုမှ သေနတ်နဲ့ မပစ်ပါဘူး။ ကျုပ် လုပ်ခဲ့တာကတော့ ရင်းမြစ်ပစ္စည်းကိုသာ အစည်းအဝေး စားပွဲပေါ်မှာ တင်ထားခဲ့တာပါ"

အင်ဂျယ်လာက မေးလိုက်သည်။

"ရင်းမြစ်ပစ္စည်း ဆိုတာ ဘာပါလိမ့်"

"ကိုယ်လည်း မသိဘူး"

ဟု ဒေးဗစ်က ဖြေလိုက်၏။

"ရင်းမြစ်၊ ဇာစ်မြစ်၊ ဟင်းမြစ်"

ဗန်ဆလိုက်က တဟဲဟဲရယ်ရင်း တောင်စဉ်ရေမရတွေကို လျှောက်ပြောနေပြန်သည်။

စိတ်ပျက်သွားသော ဒေးဗစ်က ဗန်ဆလိုက်၏ ရင်ဘတ်ပေါ်မှ ရှပ်





အင်္ကျီကို ဆုပ်ကိုင်၍ ခါယမ်းရင်း-

"မင်း ဘာတွေ လုပ်ခဲ့သလဲ"

ဟု မေးလိုက်ပြန်သည်။ ဗန်ဆလိုက်က ဖြေလိုက်၏။

"ကျုပ်က ရင်းမြစ်ပစ္စည်းကို အစည်းအဝေး စားပွဲပေါ်က မော်တော်ကား ရပ်နားတဲ့ အဆောက်အအုံ ပုံစံငယ် နံဘေးမှာ ချထားခဲ့တာပါ။ ကျုပ် အဲဒီလို လုပ်ရတာကို ဝမ်းသာတယ်။ ကျုပ်က ဘယ်သူ့အတွက်မှ လူနဲ့လူအ မဟုတ်ဘူး၊ ပြဿနာကတော့ ကျုပ် ကိုယ်တိုင်ကလည်း လောင်ကျွမ်းကုန်တယ် ထင်တာပဲ"

ဒေးဗစ်က မေးလိုက်၏။

"ဘယ်နေရာမှာ လောင်ကျွမ်းကုန်တာလဲ"

"ကျုပ်လက်တွေကိုပေါ့"

ဗန်ဆလိုက်က ပြောပြောဆိုဆိုနှင့် ဒေးဗစ် မြင်နိုင်အောင် သူ့လက်များကို ဖြန့်ပြလိုက်သည်။ အင်ဂျယ်လာက မေးလိုက်၏။

"သူ့လက်တွေက လောင်နေလို့လား"

"ကိုယ်ကတော့ လောင်တယ်လို့ သိပ်မထင်ဘူး၊ နည်းနည်းတော့ နီရဲနေတယ်။ အဲဒါကလွဲရင် သာမန် အနေအထားပဲလို့ ကိုယ်ထင်တယ်"

အင်ဂျယ်လာက ပြောလိုက်သည်။

"သူ ပြောနေတာတွေ အဓိပ္ပာယ် မရှိဘူး။ သူက အာရုံတွေ ချောက်ချားနေတာ ဖြစ်ရမယ်"

ဒေးဗစ်က စိတ်မှတ်ကင်းမဲ့စွာနှင့် ခေါင်းညိတ်လိုက်၏။ သူ့စိတ်က အခြားသို့ ပျံ့လွင့်နေသည်မှာ သေချာနေသည်။ ဗန်ဆလိုက်က ပြောလိုက်၏။

"ကျုပ် သိပ်ပင်ပန်းနေပြီ၊ အိမ်ပြန်ပြီး ကျုပ် မိဘတွေနဲ့ တွေ့ချင်တယ်"

ဒေးဗစ်က သူ့ကိုလက်ပြ၍ နှုတ်ဆက်လိုက်၏။ ဗန်ဆလိုက်သည် လမ်းကို ကျော်ဖြတ်၍ သူ့ခြံဝင်းထဲသို့ ဝင်သွားတော့သည်။ အင်ဂျယ်လာက ဒေးဗစ်ကို စိုက်ကြည့်လိုက်၏။ ဒေးဗစ်က ဗန်ဆလိုက်ကို လွှတ်ပစ်လိုက်လိမ့်မည်ဟု သူ မထင်မိခဲ့ချေ။

"ရှင် ဘာတွေလုပ်နေတာလဲ၊ ကျွန်မတို့က ရဲကို မခေါ်သင့်ဘူးလား"

ဒေးဗစ်က ခေါင်းညိတ်ပြန်၏။ ဒေးဗစ်က ဗန်ဆလိုက်ကို ငေးကြည့်နေရင်း သူ့လူနာများ၊ ရောဂါလက္ခဏာများနှင့် သေဆုံးခဲ့ရမှုများ [illegible] တို့ကို စုစုစည်းစည်း ပြန်စဉ်းစားနေမိသည်။ အင်ဂျယ်လာက [illegible] ပြန်၏။

"ဒီလူက လျှပ်စစ်ဓာတ်နဲ့ ရှော့ရိုက်ခံထားရတဲ့လူ [illegible]"

ဒေးဗစ်က ပြောလိုက်၏။

"ကားထဲကိုဝင်ပေတော့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျယ်လာက ဒေးဗစ်၏ အသံနေအသံထားကို မကြိုက်ပါ။ ဒေးဗစ်က အော်ပြောလိုက်၏။

"မင်း ကားထဲကို ဝင်မှာသာ ဝင်စမ်းပါကွာ။ မြန်မြန်ဝင်ပါကွ"

ဒေးဗစ်က ချီရိုကီ မော်တော်ကား၏ ယာဉ်မောင်းသူ ထိုင်ခုံပေါ်သို့ တက်လိုက်၏။ အင်ဂျယ်လာက ပြန်မေးသည်။

"ဗန်ဆလိုက်က ဘယ်လိုလဲ"

"ဗန်ဆလိုက်အတွက် အချိန်မရှိဘူးကွ၊ ပြီးတော့လည်း သူက ဘယ်ကိုမှ သွားမှာ မဟုတ်ပါဘူး။ မြန်မြန်သာ လာစမ်းပါကွာ"

အင်ဂျယ်လာက နစ်ကီကို နောက်ဘက်ထိုင်ခုံပေါ်သို့ တင်လိုက်ပြီးနောက် သူကိုယ်တိုင်က ဒေးဗစ်နံဘေးတွင် ဝင်ထိုင်လိုက်၏။ ဒေးဗစ်က စက်ကိုနှိုးပြီးသား ဖြစ်နေလေပြီ။ အင်ဂျယ်လာက မော်တော်ကားတံခါးကို ပြန်မပိတ်ရသေးခင် ဒေးဗစ်က ကားကို နောက်ဘက်သို့ ပြန်ဆုတ်နေလေပြီ။ ထို့နောက် ဒေးဗစ်က ဂငယ်ကွေ့ ပြန်ကွေ့လိုက်ပြီးနောက် စက်ရှိန်ကို မြှင့်လိုက်လေ၏။ နစ်ကီက မေးလိုက်သည်။

"ဘာတွေ ဖြစ်နေတာလဲ"

အင်ဂျယ်လာကလည်း မေးသည်။

"အခု ကျွန်မတို့ ဘယ်ကို သွားနေကြတာလဲ"

ဒေးဗစ်က-

"ဆေးရုံကို"

ဟု ဖြေလိုက်၏။ နစ်ကီက သူ့ဖခင်ကို ပြောလိုက်သည်။

"ဒက်ဒီကလည်း မာမီ့လို ကားမောင်းကြမ်းတာပဲ"

"ဆေးရုံကို ဘာဖြစ်လို့ သွားရတာလဲ"

အင်ဂျယ်လာက ဒေးဗစ်အား မေးလိုက်ခြင်း ဖြစ်သလို နောက်ဘက်သို့ လှည့်၍ နစ်ကီ့ကို အားပေးသည့်အနေနှင့် ဒူးကို ပုတ်လိုက်သေးသည်။

"ကိုယ့်စိတ်ထဲမှာ ဖြုန်းခနဲ နားလည်ပြီး သဘောပေါက်လာတယ်။ အခုတော့ ကိုယ့်စိတ်ထဲမှာ အင်မတန် ဆိုးရွားတဲ့ ရှေ့ပြေးနိမိတ်ဆိုးတွေ ပေါ်နေတယ်"

"ရှင်က ဘာတွေ လျှောက်ပြောနေတာလဲ"

"ဗန်ဆလိုက်က ရင်းမြစ်ပစ္စည်းလို့ ပြောတဲ့ကိစ္စဟာ သူက ဘာကို ဆိုလိုသလဲဆိုတာ ကိုယ် သိတယ်လို့ ထင်တာပဲ"

"သူက ကာရန်တွေ နဘေတွေနဲ့ ပေါက်တတ်ကရတွေကို လျှောက်ပြောနေတာပဲဥစ္စာ"

"သူက ကာရန်တွေ၊ နဘေတွေနဲ့ ပြောနေတယ် ဆိုတာကို ကိုယ် လက်ခံပါတယ်။ ဒါပေမယ့် သူက ရင်းမြစ်ပစ္စည်းကို ပြောတဲ့အခါမှာတော့ ပေါက်တတ်ကရတွေ ပြောတယ်လို့ ကိုယ် မထင်ဘူး။ သူက အဲဒီပစ္စည်းကို အစည်းအဝေး စားပွဲပေါ်က မော်တော်ကားရပ်နားတဲ့ အဆောက်အအုံ ပုံစံငယ် နံဘေးမှာ ထားခဲ့တယ် ဆိုတာကို ပြောစဉ်တုန်းကတော့ သိပ်တိကျတာပဲ"

အင်ဂျယ်လာက မေးလိုက်၏။

"သူက ဘာကို ရည်ညွှန်းပြီး ပြောနေတယ်လို့ ရှင်ထင်သလဲ"

"သူပြောတာက အဏုမြူရောင်ခြည် သင့်စေတာကို ပြောတာလို့ ကိုယ်ထင်တယ်။ သူ့လက်ကို လောင်သွားတယ်ဆိုတာလည်း အဲဒါကို ပြောတာပဲ ဖြစ်ရမယ်"

"တော်စမ်းပါရှင်၊ ရှင်လည်း သူ့လို ရူးချင်ချင် ဖြစ်လာပြီ။ ဗန်ဆလိုက်ဟာ အဏုမြူ ရေငုပ်သင်္ဘောပေါ်မှာ ရှိစဉ်တုန်းက အဏုမြူဓာတ်ရောင်ခြည်နဲ့ ပတ်သက်ပြီး စိတ်ရောဂါ ဖြစ်ခဲ့ဖူးတယ်ဆိုတာ ရှင်လည်း မှတ်မိသားပဲ။ အခုလို သူက ခပ်ဆင်ဆင် ပြောဆိုနေပုံဟာ သူ့ စိတ်ကစဉ့်ကလျားရောဂါ ပြန်ထလာတာပဲ ဖြစ်ရမယ်"

"မင်းပြောတာ မှန်ပါစေလို့ပဲ ကိုယ်မျှော်လင့်ပါတယ်။ ဒါပေမယ့် အဲဒီကိစ္စကြောင့် ကိုယ်စိတ်ပူနေမိတယ်။ ဗန်ဆလိုက်ဟာ ရေတပ်မတော်မှာ တုန်းက အဏုမြူနဲ့ သင်္ဘောခုတ်မောင်းနည်းကို သင်ခဲ့ရတာ၊ အဲဒါက သင်္ဘောတစ်စင်းကို အဏုမြူဓာတ်ပေါင်းဖိုနဲ့ မောင်းနှင်တာလေ။ ပြီးတော့လည်း သူက အဏုမြူအတတ်ပညာရှင်အဖြစ် လေ့လာသင်ကြားခဲ့ရတယ်။ ဒါကြောင့် အဏုမြူပစ္စည်းတွေ အကြောင်းနဲ့ အဲဒီပစ္စည်းတွေရဲ့ အကျိုးသက်ရောက်မှု ရှိစေပုံတွေကို သူသိတယ်လေ"

အင်ဂျယ်လာက ပြောလိုက်၏။

"ရှင်ပြောတာတွေက အဓိပ္ပာယ်တော့ ရှိပါတယ်။ ဒါပေမယ့် ရင်းမြစ်ပစ္စည်းအကြောင်း ပြောတာက တခြား အဏုမြူသတ္တိကြွတဲ့ ပစ္စည်းတစ်ခုခု လက်ဝယ်မှာ ရှိနေတယ် ဆိုတာက တခြားပဲ။ လူတွေက အဏုမြူဓာတ် အားကြွတဲ့ ပစ္စည်းတွေကို လွယ်လွယ်ကူကူနဲ့ ဝယ်လို့ရကြတာ မဟုတ်ဘူး ရှင့်"

"ဒီဆေးရုံရဲ့ မြေတိုက်ခန်းထဲမှာ အဏုမြူဓာတ်ရောင်ခြည်နဲ့ ကုတဲ့ ဌာနတစ်ခု ရှိတယ်။ အဲဒီ ယူနစ်မှာ ထရေနာက တောင်အမေရိကတိုက်က နိုင်ငံတစ်နိုင်ငံကို ရောင်းချပစ်ချင်တဲ့ ကိုဘော့ (၆၀) စက်တစ်ခုရှိတယ်။ အဲဒီစက်မှာလည်း အဏုမြူဓာတ်အားကြွတဲ့ ရင်းမြစ်ပစ္စည်းတစ်ခု ရှိနေတယ်"

"ကျွန်မကတော့ ကြားရလေလေ သဘောမကျနိုင်လေလေပဲ"

"ကိုယ်လည်း မကြိုက်ပါဘူး၊ ဒါပေမယ့် ကိုယ့်လူနာတွေ [illegible] ရောဂါလက္ခဏာတွေဟာ အထူးသဖြင့် အဏုမြူ ဓာတ်ရောင်ခြည်နဲ့ အများကြီး ထိတွေ့ခံရတဲ့ လူနာတွေ ခံစားရတဲ့ ရောဂါလက္ခဏာတွေနဲ့ သိပ်တူနေတယ်။ အဲဒါက အလွန်ဆိုးရွားတဲ့ ဖြစ်နိုင်ခြေပဲ။ ဒါပေမယ့် အခု ရထားတဲ့ အချက်အလက်တွေနဲ့တော့ ကိုက်ညီနေတယ်။ အဲဒီ




www.burmeseclassic.com

www.burmeseclassic.com



အချိန်တုန်းကတော့ အဏုမြူဓာတ်ရောင်ခြည်သင့်တယ် ဆိုတာကို ကိုယ် လုံးဝ မစဉ်းစားမိခဲ့ဘူး"

အင်ဂျယ်လာကလည်း ဝန်ခံသည်။

"ကျွန်မက မေရီအန်းရှိလာရဲ့ အလောင်းကို ခွဲစိတ်ကြည့်ရှုတုန်းက အဏုမြူဓာတ်ရောင်ခြည် သင့်ခံရမှုကို လုံးဝ မတွေးမိခဲ့ဘူး။ အခု အဲဒါကို တွေးကြည့်လိုက်တော့ ဖြစ်နိုင်တယ် ဆိုတာကို တွေးမိလာတယ်။ ရောဂါ ဗေဒဆိုင်ရာ ပြောင်းလဲမှုတွေကလည်း သိပ်မသိသာလှဘူး"

"အဲဒါက ကိုယ် ပြောချင်တဲ့ အဓိကအချက်ပဲ၊ တုပ်ကွေးမိသလို ဖြစ်နေတဲ့ သူနာပြုဆရာမတွေရဲ့ ရောဂါလက္ခဏာတွေဟာ အဏုမြူရောင်ခြည်ကို အနည်းငယ် ခံခဲ့ရတာမျိုး ဖြစ်နိုင်တယ်၊ ပြီးတော့လည်း . . ."

"အမယ်လေး . . . မဟုတ်ပါစေနဲ့ရှင်"

ဒေးဗစ်၏ စကားကို နားလည်လိုက်သော အင်ဂျယ်လာက 'အမယ်လေး' တ,လိုက်၏။

ဒေးဗစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နစ်ကီတောင် ဖြစ်နိုင်တယ်"

"နစ်ကီတောင် ဘာဖြစ်နိုင်တာလဲဟင်"

နောက်ဘက်ထိုင်ခုံမှ နစ်ကီက မေးလိုက်၏။ နစ်ကီသည် ဒေးဗစ်နှင့် အင်ဂျယ်လာတို့ ပြောနေသောစကားကို ကောင်းကောင်း နားမထောင်ခဲ့ချေ။ ယခု သူ့နာမည်ကို ကြားရတော့မှ ဝင်မေးလိုက်ခြင်း ဖြစ်၏။ အင်ဂျယ်လာက နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

"သမီးမှာတောင် သူနာပြုဆရာမတွေမှာဖြစ်တဲ့ တုပ်ကွေးရောဂါရဲ့ လက္ခဏာတွေကို တွေ့ရတယ်လို့ ပြောနေကြတာ"

နစ်ကီက ပြောလိုက်၏။

"ဒက်ဒီလည်း ဖြစ်တာပါပဲလေ"

"ဒက်ဒီလည်း ဖြစ်တယ်ဆိုတာ ဟုတ်ပါတယ်"

ဒေးဗစ်က သဘောတူလိုက်၏။ သူတို့သည် မော်တော်ကားကို ဆေးရုံမှ မော်တော်ကားရပ်ရမည့်နေရာတွင် ရပ်လိုက်ကြ၏။ အင်ဂျယ်လာက မေးလိုက်သည်။

"အစီအစဉ်က ဘယ်လိုလဲ"

"ကိုယ်တို့အတွက် ရေဒီယို ဓာတ်အားကြွမှုကို တိုင်းတာတဲ့ ဂိုင်ဂါကောင်တာတစ်ခု ရှိဖို့လိုတယ်။ ဓာတ်ရောင်ခြည် ကုထုံးဌာနမှာတော့ အဲဒါမျိုး တစ်ခုလောက် ရှိရလိမ့်မယ်။ ကိုယ်တို့ကို တံခါးဖွင့်ပေးဖို့ သန့်ရှင်းရေး အလုပ်သမားတစ်ယောက်ကို ရှာဖို့လိုတယ်။ မင်းနဲ့ နစ်ကီတို့က ဧည့်ခန်းထဲမှာ သွားနေကြပါလားကွာ"

ဒေးဗစ်သည် သူနှင့် မျက်မှန်းတန်းမိရုံမျှသာရှိသော သန့်ရှင်းရေး အလုပ်သမား ရော်နီကို ရှာတွေ့သည်။ မြေအောက်ခန်းတွင် ကြမ်းတိုက်





နေရသော ရော်နီက ထိုအလုပ်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်သော ဆရာဝန်တစ်ဦးဦးအား ကူညီရသည့် အလုပ်ကို သူ ပျော်ပျော် ကြီး လုပ်ချင်နေပါသည်။ ဒေးဗစ်ကလည်း သူ့ကို ဤဆေးရုံက ဆရာဝန် အဖြစ်မှ ရပ်စဲထားကြောင်း ရော်နီကို ဖွင့်မပြောခဲ့ချေ။

ဒေးဗစ်သည် ရော်နီနှင့်အတူ ဧည့်ခန်းထဲသို့ တက်သွားကြရာ အင်ဂျယ်လာကို တွေ့ရတော့သည်။ နစ်ကီကမူ ရုပ်မြင်သံကြားစက်ရှေ့၌ နေရသဖြင့် ကျေနပ်နေသည်။ ဒေးဗစ်က နစ်ကီကို ဧည့်ခန်းထဲက ဘယ်ကိုမျှ မသွားရန် မှာလိုက်သည်။ နစ်ကီကလည်း မထွက်ပါဟု ပြန်ဖြေသည်။

အင်ဂျယ်လာနှင့် ဒေးဗစ်တို့သည် ဓာတ်ရောင်ခြည်နှင့် ကုသောဌာန သို့ သွားကြသည်။ သူတို့က ဂိုင်ဂါကောင်တာကို (၁၅) မိနစ်ခန့် ကြာ အောင်ရှာမှ တွေ့ရသည်။

ဆေးရုံ၏ ပင်မ အဆောက်အအုံထဲသို့ ပြန်ရောက်လာသောအခါ သူတို့သည် ရော်နီနှင့်အတူ မြေတိုက်ခန်းထဲသို့ ပြန်လာခဲ့ကြသည်။ ယခင် ဓာတ်ရောင်ခြည်နှင့်ကုသော အခန်းဟောင်း၏ သော့ကို အတော်ကလေး ကြာအောင် ရှာယူရသည်။ ရော်နီက သော့ဖွင့်ပေးပြီး ဒေးဗစ်တို့ ဇနီး မောင်နှံကို ဝင်ခွင့်ပြုရင်း ရှင်းပြလိုက်၏။

"ဒီအခန်းထဲကို ဘယ်သူမှ သိပ်မဝင်ကြတော့ဘူးလေ"

အဆိုပါ ဌာနတွင် အခန်းသုံးခန်း ပါသည်။ အပြင်ဘက်က အခန်း ကို ဧည့်ခန်းအဖြစ် သုံးသည်။ အတွင်းဘက်အခန်းကို ရုံးခန်းအဖြစ် သုံးပြီး နောက်ဆုံးအခန်းကို ကုသခန်းအဖြစ် သုံးထားသည်။

ဒေးဗစ်က ကုသခန်းအဖြစ် သုံးထားသော နောက်ဆုံး အခန်းထဲသို့ တန်းဝင်သွားသည်။ ထိုအခန်းထဲတွင် ဓာတ်ရောင်ခြည်နှင့် ကုသရာ၌ အသုံး ပြုသော စက်ပစ္စည်းတစ်ခုတည်းသာ ရှိသည်။ ထိုစက်ပစ္စည်းမှာ ဓာတ်မှန် ရိုက်သော ကိရိယာ၌ လူနာလဲလျောင်းရန် စားပွဲတစ်ခု တပ်ဆင်ထား သည်နှင့် ခပ်ဆင်ဆင် တူနေသည်။

ဒေးဗစ်က ဂိုင်ဂါကောင်တာကို စားပွဲပေါ်၌ တင်လိုက်ပြီး ခလုတ်ကို ဖွင့်လိုက်၏။ ဒိုင်ခွက်မှ မြားကလေးက လှုပ်သည်ဆိုရုံမျှသာ။ ဒိုင်ခွက်နောက် ဘက်ရှိ အလွန် နူးညံ့သိမ်မွေ့စွာ ပြသသော ပြကွက်နေရာတွင်လည်း လုံးဝ ပြသမှု မရှိချေ။ အင်ဂျယ်လာက မေးလိုက်၏။

"အဲဒီ အဏုမြူသတ္တုကြွ ရင်းမြစ်ပစ္စည်းကို ဘယ်နေရာမှာ ထည့်ထား သလဲ"

"ကိုယ် ထင်တာကတော့ လူနာကို ကုသပေးတဲ့ ဟောဒီ အပေါ်က လက်တံနဲ့ ဟောဒီ ထောင့်နေရာမှာလို့ ထင်တာပဲ"

ဒေးဗစ်က ဂိုင်ဂါကောင်တာကို ကောက်ယူလိုက်ပြီး အဏုမြူသတ္တု ကြွပစ္စည်းကို ထားလိမ့်မည်ဟု သူထင်သော နေရာပေါ်သို့ ယူတင်လိုက်၏။ ဒိုင်ခွက်တွင် လုံးဝ လှုပ်ရှားမှု မရှိချေ။ အင်ဂျယ်လာက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်ခွက်က မပြဘူးဆိုရုံနဲ့လောက်တော့ ကောက်ချက်ချလို့ မရနိုင်သေးဘူး။ ကျွန်မ ထင်တာကတော့ အဲဒီပစ္စည်းကို ကောင်းကောင်းကြီး ကာကွယ်ထားလိမ့်မယ်လို့ ထင်တယ်"

ဒေးဗစ်က ခေါင်းညိတ်လိုက်၏။ သူက အဆိုပါ စက်ကိရိယာ၏ နောက်ဘက်သို့ လျှောက်သွားပြီး ဂိုင်ဂါကောင်တာနှင့် စမ်းကြည့်လိုက်ပြန်သည်။ ဒိုင်ခွက်တွင် ထူးခြားမှု မရှိချေ။

"ဟယ် ဘယ်လိုလဲ ဒေးဗစ်ရေ၊ ဒီကိုလာပြီး ဟောဒါကို ကြည့်လိုက်စမ်းပါဦး"

လူနာကို ကုသသည့်အခါတွင် အသုံးပြုသည့် လက်တံအနား၌ ရှိနေသော အင်ဂျယ်လာထံသို့ ဒေးဗစ် ရောက်လာသည်။ အင်ဂျယ်လာက နပ်လေးလုံး စွပ်ထားသည့် အဖုံးတစ်ခုကို လက်ညှိုးထိုး၍ ပြလိုက်၏။ နပ်နှစ်လုံးက ပြုတ်ထွက်လုနီးပါး ဖြစ်နေသည်။

ဒေးဗစ်က လူနာလက်ခံသော အခန်းမှ ကုလားထိုင်တစ်လုံးကို သွားယူလိုက်သည်။ သူက ကုလားထိုင်ကို ထိုလက်တံအောက်တွင် ထားလိုက်၏။ ဒေးဗစ်သည် ကုလားထိုင်ပေါ်သို့ တက်၍ မတ်တတ်ရပ်လိုက်ရာ ထိုလက်တံမှ အဖုံးနေရာကို လက်နှင့် လှမ်းကိုင်၍ ရသွားတော့သည်။ သူက နပ်လေးလုံးစလုံးကို ဖြုတ်လိုက်ပြီးနောက် ထိုအဖုံးကို ဖြုတ်ယူလိုက်ပြီး ရော်နီထံ လှမ်းပေးလိုက်သည်။

ထိုအဖုံး၏ နောက်ဘက်တွင် မူလီရှစ်လုံးနှင့် ထပ်စုပ်ထားသော သတ္တုအဖုံးဝိုင်းတစ်ခုကို တွေ့ရပြန်၏။ ဒေးဗစ်က အင်ဂျယ်လာအား ဂိုင်ဂါကောင်တာကို သူ့ထံသို့ လှမ်းပေးခိုင်းလိုက်သည်။ သူက ထိုကိရိယာကို ချိုင့်နေသော အတွင်းပိုင်းသို့ ထိုးသွင်းရင်း အဏုမြူဓာတ်ရောင်ခြည် ဓာတ်ကြွမှု ရှိမရှိ စမ်းသပ်လိုက်၏။ ဓာတ်ကြွမှု လုံးဝ မရှိပါ။

ဒေးဗစ်က ဂိုင်ဂါကောင်တာကို ဘေးဖယ်ပစ်လိုက်ပြီး အတွင်းဘက်သို့ လက်နှိုက်၍ မူလီတစ်လုံးကို လှမ်းကိုင်ကြည့်လိုက်၏။ သူ အထိတ်တလန့် ဖြစ်ရလောက်အောင် ထိုမူလီသည် ပြုတ်ထွက်နေသည်။ သူက မူလီရှစ်လုံးစလုံးကို စမ်းကြည့်လိုက်၏။ ရှစ်လုံးစလုံး ပြုတ်ထွက်နေကြသည်။ သူက မူလီတစ်ချောင်းစီကို ဖြုတ်၍ အင်ဂျယ်လာထံ လှမ်းပေးလိုက်သည်။ အင်ဂျယ်လာက မေးလိုက်၏။

"ရှင် ခုလို လုပ်ကိုင်နေတာတွေဟာ လုပ်သင့်လုပ်ထိုက်တာတွေမှ ဟုတ်ရဲ့လား"

ဂိုင်ဂါကောင်တာက အဏုမြူဓာတ်ရောင်ခြည် ဓာတ်ကြွမှု မရှိကြောင်း ပြသနေသည့်တိုင်အောင် အင်ဂျယ်လာက စိတ်ပူနေဆဲ ဖြစ်သည်။ ပြီးတော့လည်း လက်မှုပညာတွေ မကျွမ်းကျင်လှသော ဒေးဗစ်အတွက် စိတ်ပူရပါသေးသည်။

"ကိုယ့်အနေနဲ့ သေသေချာချာ သိရမှ ဖြစ်မယ်ကွ"





ဒေးဗစ်က နောက်ဆုံး မူလီကို ဖြုတ်ရင်း ပြန်ဖြေလိုက်၏။ ထို့နောက် သူက လေးလံလှသော သတ္တုအဖုံးအဝိုင်းကို ဖြုတ်ယူလိုက်ပြီး ရော်နီ့ထံ လှမ်းပေးလိုက်သည်။ ဒေးဗစ်က အချင်း လေးလက်မခွဲခန့်ရှိသော ရှည်လျားသည့် ပြောင်းအတွင်းပိုင်းသို့ လှမ်းကြည့်လိုက်၏။ ထိုပြောင်းကြီးမှာ အမြောက်တစ်လက်၏ ပြောင်းကြီးနှင့် တူနေသည်။ လက်နှိပ်ဓာတ်မီး မပါသောကြောင့် ပြောင်းအတွင်းပိုင်းမှ ခပ်နီးနီး နေရာကိုသာ သူ မြင်နိုင်ပါသည်။ ဒေးဗစ်က ပြောလိုက်၏။

"ကိုယ်က ဒီလက်တံထဲကို အခုလို ချောင်းကြည့်လို့ မရနိုင်ဘူး ဆိုတာ ကိုယ်သိပါတယ်။လူနာကို ကုသဖို့ ဒီလက်တံကို နေရာရွှေ့တဲ့အခါမှာ အဏုမြူ ဓာတ်ရောင်ခြည်ကြွ ရင်းမြစ်ပစ္စည်းကို နေရာရွှေ့မသွားအောင် အခုအခံ တစ်ခုနဲ့ ပိတ်ဆို့ထားရမှာပါ"

ဒေးဗစ်က ရာခိုင်နှုန်းပြည့် သေချာလိုသောကြောင့် ဂိုင်ဂါကောင်တာကို ထိုပြောင်းဝထဲ ထိုးသွင်းလိုက်၏။ ဒိုင်ခွက်၌ လှုပ်ရှားမှု မရှိပါချေ။ ဒေးဗစ်သည် ကုလားထိုင်ပေါ်မှ ပြန်ဆင်းလိုက်၏။

"အဏုမြူရောင်ခြည် ဓာတ်ကြွစေတဲ့ ရင်းမြစ်ပစ္စည်းကတော့ ဒီနေရာမှာ မရှိတော့ဘူး၊ အခြားနေရာကို ရောက်နေပြီ"

အင်ဂျယ်လာက မေးလိုက်သည်။

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"အခု အချိန်ဘယ်လောက် ရှိပြီလဲ"

"ခုနစ်နာရီ ၁၅ မိနစ်"

ဒေးဗစ်က ပြောလိုက်၏။

"ရေဒီယို ဓာတ်ရောင်ခြည် ကုသခန်းက ခဲနဲ့ လုပ်ထားတဲ့ အေပရွန် ရင်စည်းတွေကို သွားယူကြရအောင်။ ပြီးမှ ကိုယ်တို့ တတ်နိုင်သလောက် လုပ်ကြတာပေါ့"

သူတို့သည် ထိုနေရာမှ ထွက်လာခဲ့ကြပြီးနောက် ဓာတ်မှန်ခန်း အသစ်ဆီသို့ ဦးတည်၍ သွားကြတော့သည်။ ထိုအခန်းမှာ အရေးပေါ် ဓာတ်မှန်ရိုက်ရန် ရှိပါက အဆင်သင့် ရှိနေအောင် ဖွင့်ထားသောကြောင့် ရော်နီက သော့ဖွင့်ပေးရန် မလိုပါ။ သို့ရာတွင် ခဲနှင့် ပြုလုပ်ထားသော (ရေဒီယို ဓာတ်ရောင်ခြည်ကို အကာအကွယ်ပေးမည့်) အေပရွန် ခဲရင်စည်းများကို ကူညီ၍ သယ်ဆောင်ပေးရန် ရော်နီကို ခေါ်လာခဲ့ရသည်။ ဘာတွေဖြစ်နေသလဲဟု ရော်နီက မသိသော်လည်း အလွန် လေးနက်သော ကိစ္စတစ်ခုခုနှင့် ပတ်သက်နေသည်ဟု သူ သိပါသည်။ သူက စိတ်[illegible] ထက်သန်စွာဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်နေသည်။

ဒေးဗစ်က အေပရွန်ခဲရင်စည်းများကို တောင်းခံသည့်အတွက် ဓာတ်မှန်ခန်းမှ ကျွမ်းကျင်သူ ဝန်ထမ်းက သံသယ ရှိနေသော်လည်း ဘေးချင်းကပ်နေသော ဆေးရုံအထိသာ ယူသွားမည် ဆိုသောကြောင့် သူက ထုတ်

www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သည်။ ပြီးတော့လည်း သူက ဆရာဝန်များနှင့် အတိုက်အခံ လုပ်လေ့လုပ်ထ ရှိသူ မဟုတ်ပါ။ သူက ဒေးဗစ်၊ အင်ဂျယ်လာနှင့် ရော်နီ တို့ကို ထုတ်ပေးလိုက်သည်။

လေးလံသော ထိုပစ္စည်းများကို သယ်ဆောင်ရင်း သူတို့သုံးယောက် သည် ဆေးရုံသစ်ဆီသို့ ပြန်လာခဲ့ကြ၏။ ဒုတိယအထပ်သို့ အသွားတွင် သူတို့ကို မြင်ရသော ဆေးရုံဝန်ထမ်းများနှင့် ဧည့်သည်များက တအံ့တသြ နှင့် လှမ်းကြည့်နေကြသော်လည်း မည်သူကမျှ မတားမြစ်ကြပါ။

အစည်းအဝေး ကျင်းပနေသော အခန်းတံခါးဝသို့ ရောက်သော အခါ ဒေးဗစ်က-

"တော်ပြီ" ဟု ပြောလိုက်၏။ သူ အလွန် မောဟိုက်နေပါပြီ။

"ပစ္စည်းအားလုံးကို ဒီနေရာမှာချ"

သူယူလာသော ပစ္စည်းအားလုံးကို တံခါးပိတ်ထားသော စည်းဝေး ခန်း အပြင်ဘက် ကြမ်းပြင်ပေါ်သို့ ချလိုက်၏။ အင်ဂျယ်လာနှင့် ရော်နီ တို့ကလည်း ချလိုက်ကြသည်။

ဒေးဗစ်က ဂိုင်ဂါကောင်တာနှင့် စမ်းကြည့်လိုက်၏။ ဒိုင်ခွက်မှ မြား ကလေးသည် ညာဘက်သို့ ဒိုင်းခနဲ ပြေးကပ်သွားတော့သည်။ ဒေးဗစ်က အထိတ်တလန့်နှင့် ပြောလိုက်၏။

"ဘုရားရေ၊ ဒါ့ထက် ပိုကောင်းတဲ့ သက်သေခံချက်ကို ရနိုင်တော့ မှာ မဟုတ်တော့ဘူး"

သူက ရော်နီ့ကို ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ပြန်လွှတ်လိုက် သည်။ ပြီးမှ သူတို့ ဘာလုပ်သင့်သည်ကို အင်ဂျယ်လာအား ရှင်းပြလိုက် သည်။ ဒေးဗစ်က ခဲလက်အိတ်ကို သူ့လက်တွင် စွပ်လိုက်ပြီးနောက် အေပရွန် ခဲရင်စည်းသုံးခုကို ကောက်ယူလိုက်သည်။ သူက ခဲရင်စည်း တစ်ခုကို လက်ကကိုင်ထားပြီးနောက် ကျန်ခဲရင်စည်းနှစ်ခုကို ပခုံးပေါ်တွင် တင်လိုက်သည်။ အင်ဂျယ်လာက ခဲရင်စည်းလေးခုကို လက်ပေါ်တွင် တင်ထားလိုက်၏။

ဒေးဗစ်က အစည်းအဝေးခန်း တံခါးကို ဖွင့်လိုက်ပြီး အထဲသို့ တန်း ဝင်သွားသည်။ အင်ဂျယ်လာကလည်း နောက်က ကပ်၍ လိုက်ပါလာသည်။ ပြောနေသော ဝါကျမဆုံးမီ နှောင့်ယှက်မှုကို ခံလိုက်ရသော ထရေနာက ဒေးဗစ်ကို ဒေါသတကြီးနှင့် လှမ်းကြည့်လိုက်၏။ ထိုအစည်းအဝေးသို့ တက်ရောက်နေကြသော ရှားဝုဒ်၊ ဘီတန်၊ ကန်တာ၊ ကော့ဒ်ဝဲလ်၊ အန်းစ် ဝပ်သ်နှင့် ရှဘီဆန်တို့ အားလုံးကလည်း ရှိုင်းရှိုင်းစိုင်းစိုင်း လာရောက် နှောင့်ယှက်သူများအား လှည့်ကြည့်လိုက်ကြသည်။ ဘုတ်အဖွဲ့ဝင်လူကြီးများ ထံမှ တိုးတိုးတိုးတိုးနှင့် ပြောဆိုသံများ စတင် ထွက်ပေါ်လာချိန်တွင် ထရေ နာက တင်းပုတ်ငယ်ကလေးနှင့် စားပွဲကိုထုရင်း ငြိမ်ကြပါဟု ပြောလိုက် ၏။





ဒေးဗစ်က အစည်းအဝေး စားပွဲတစ်ခုလုံးကို လျှောက်ကြည့်လိုက် ရာ အဏုမြူဓာတ်ရောင်ခြည် ကွဲစေသော ရင်းမြစ်ပစ္စည်းကို ချက်ချင်းပင် မြင်တွေ့သွားတော့သည်။

ထိုပစ္စည်းမှာ တစ်ပေခန့် ရှည်လျားသော ပြွန်လုံးသဏ္ဌာန် ပစ္စည်း တစ်ခု ဖြစ်သည်။ ထိုပစ္စည်း၏ လုံးပတ်သည် မကြာသေးခင်က ဒေးဗစ် စစ်ဆေးကြည့်ရှုခဲ့သော ပြွန်ပေါက်နှင့် အတိုင်းပင် ဖြစ်သည်။ ထိုပစ္စည်း၏ လုံးပတ်ပေါ်တွင် တက်ဖလွန်ကွင်း အတော်များများနှင့် ရစ်ပတ်ထား သည်။ ထို အချောင်း၏ ထိပ်ဘက်တွင် ထိုအချောင်းကို ပြုတ်မထွက် အောင် ထိန်းချုပ်၍ရသော ကန့်လန့်ပင်ချောင်း တစ်ခု ရှိသည်။ အဆိုပါ ပြွန်ချောင်းသည် ဗန်ဆလိုက် ပြောခဲ့သလိုပင် မော်တော်ကား ရပ်နားရန် အဆောက်အအုံ ပုံစံငယ်၏ နံဘေး၌ ထောင်လျက်သား ရှိနေသည်။

ဒေးဗစ်သည် အေပရွန်ခဲရင်စည်း တစ်ခုကို လက်နှစ်ဖက်နှင့် ကိုင် ရင်း အဆိုပါ ပြွန်ချောင်းဆီသို့ လျှောက်သွားလိုက်လေ၏။ ထရေနာက အော်ဟစ်လိုက်သည်။

"ရပ်စမ်း"

အဆိုပါ ပစ္စည်းဆီသို့ ဒေးဗစ် မရောက်မီ ကော့ဒ်ဝဲလ်သည် ထိုင် ရာမှ ခုန်ထပြီး ဒေးဗစ်၏ ရင်ဘတ်ကို ဆုပ်ကိုင်ထားလိုက်လေ၏။ ကော့ဒ် ဝဲလ်က မေးလိုက်သည်။

"မင်းက ဒါ ဘာလာလုပ်တာလဲ"

ဒေးဗစ်က ဖြေလိုက်၏။

"သိပ်နောက်ကျမသွားခင် ကျုပ်က ခင်ဗျားတို့ အားလုံးကို အသက် အန္တရာယ်က ကယ်ဖို့ ကြိုးစားနေတာဗျ"

အင်ဂျယ်လာကလည်း အော်ပြောလိုက်သည်။

"သူ့ကို လွှတ်လိုက်ပါရှင်"

ထရေနာက မေးလိုက်၏။

"မင်းက ဘာကိစ္စကို လာပြောနေတာလဲ"

ဒေးဗစ်က ထိုပစ္စည်းဆီသို့ မေးငေ့ါပြလိုက်၏။

"ခင်ဗျားတို့က ကိုဘော့ (၆၀) အဏုမြူဓာတ်ရောင်ခြည် ဓာတ်ကြွ ပစ္စည်းရဲ့ ပတ်ပတ်လည်မှာ ဝိုင်းထိုင်ပြီး အစည်းအဝေး လုပ်နေခဲ့ကြတာ ဗျ"

ကန်တာ ခုန်ထလိုက်၏။ သူ့ကုလားထိုင်သည် နောက်ဘက်သို့ လဲ ကျသွားတော့သည်။ သူက အော်ပြောလိုက်၏။

"ကျုပ်က အဲဒီပစ္စည်းကို မြင်နေရသားပဲ။ ဒါပေမယ့် ဘာပစ္စည်း ပါလိမ့်လို့ စဉ်းစားနေခဲ့မိတာ"

သူက နောက်ထပ် မပြောတော့ဘဲ အခန်းထဲက ထွက်ပြေးသွားတော့ သည်။ ကြက်သေသေသွားသော ကော့ဒ်ဝဲလ်က ဒေးဗစ်၏ ရင်ဘတ်အား

www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်ထားမှုကို ဖြေလျှော့ချလိုက်၏။ ဒေးဗစ်က စားပွဲဆီသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်ပြီး ထိုကြေးဝါချောင်းကို ခဲလက်အိတ် စွပ်ထားသော လက်နှင့် ဆုပ်ကိုင်၍ ဆွဲယူလိုက်သည်။ ထို့နောက် သူက ကြေးဝါချောင်းကို ခဲရင်စည်း တစ်ခုနှင့် ရစ်ပတ်လိုက်သည်။ သူက ထိုပစ္စည်းကို အင်ဂျယ်လာ ယူလာသော အေပရွန်ခဲရင်စည်းများနှင့် အထပ်ထပ် ရစ်ပတ်လိုက်လေ၏။ အင်ဂျယ်လာလည်း အခန်းအပြင်ဘက်သို့ ပြန်ထွက်ပြီး ကျန်နေသေးသော ခဲရင်စည်းများကို ထပ်ယူလာပေးသည်။ ဒေးဗစ်က ထိုကြေးဝါချောင်းကို ခဲရင်စည်း အထပ်ထပ်နှင့် တတ်နိုင်သလောက် ရစ်ပတ်ထားချင်သည်။

ဒေးဗစ်က နောက်ဆုံး ခဲရင်စည်းနှင့် ကြေးဝါချောင်းကို ထပ်မံ ရစ်ပတ်နေစဉ် အင်ဂျယ်လာက ဂိုင်ဂါကောင်တာကို သွားယူလိုက်သည်။

"ကျုပ်ကတော့ မင်းကို မယုံကြည်ဘူး"

ထရေနာက ကြောက်စိတ်ကြောင့် ငြိမ်သက်နေကြမှုကို ဖြိုခွင်းလိုက်၏။ သို့ရာတွင် သူ့အသံမှာ အသက်မပါလှချေ။ ရုတ်တရက် ထွက်ပြေးသွားသော ကန်တာက သူ့ကို ချောက်ချားသွားစေခဲ့သည်။ ဒေးဗစ်က ပြောလိုက်၏။

"ဒါ စကားရည်လုပွဲ လုပ်နေရမယ့်အချိန် မဟုတ်ဘူး။ ခင်ဗျားတို့အားလုံး ဒီနေရာက ထွက်သွားကြရင် ပိုကောင်းလိမ့်မယ်။ ခင်ဗျားတို့အားလုံး အဏုမြူဓာတ်ရောင်ခြည်သင့်မှုကို အချိန်အကြာကြီး ခံနေခဲ့ကြရတာ၊ ခင်ဗျားတို့က ကိုယ့်မိသားစု ဆရာဝန်တွေနဲ့ ဆက်သွယ်သင့်ကြပြီ"

ထရေနာနှင့် ကျန်ပုဂ္ဂိုလ်များ တစ်ယောက်နှင့်တစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် ကြည့်နေမိကြသည်။ အစပထမတွင် တစ်ယောက်နှစ်ယောက်က စတင်ပြီး နောက်ပိုင်းတွင် ထရေနာ အပါအဝင် ကျန်ဘုတ်အဖွဲ့ဝင် လူကြီးများ အားလုံး ထပြေးသွားကြသောကြောင့် ဝရုန်းသုန်းကားဖြစ်သွားရလေ၏။

ဒေးဗစ်က ထိုကြေးဝါချောင်းကို နောက်ဆုံး ခဲရင်စည်းနှင့် ရစ်ပတ်၍ ပြီးစီးသွားသောအခါ ဂိုင်ဂါကောင်တာကို လှမ်းယူလိုက်၏။ သူက ခလုတ်ကို ဖွင့်လိုက်ချိန်တွင် အဏုမြူဓာတ်အား ကြွမှုသည် သိသိသာသာ ရှိနေသေးကြောင်း တွေ့ရှိရသောကြောင့် သူ စိတ်ပျက်သွားမိသည်။ ဒေးဗစ်က ပြောလိုက်၏။

"ကဲ ကိုယ်တို့ ဒီအခန်းထဲက ထွက်ကြရအောင်၊ ကိုယ်တို့ လုပ်နိုင်သမျှကတော့ ဒါလောက်ပါပဲ"

ခဲရင်စည်း အထပ်ထပ်နှင့် ရစ်ပတ်ထားသော အဏုမြူဓာတ်အားကြွပစ္စည်းကို စားပွဲပေါ်တွင် ထားရစ်ခဲ့ပြီးနောက် သူတို့ အစည်းအဝေးခန်းထဲက ထွက်၍ တံခါးကို ပြန်ပိတ်ခဲ့ကြသည်။ အပြင်ဘက်သို့ ရောက်သောအခါ ဒေးဗစ်က ဂိုင်ဂါကောင်တာနှင့် စစ်ဆေးလိုက်ပြန်၏။ သူ





မျှော်မှန်းထားသည့်အတိုင်း အဏုမြူဓာတ်ရောင်ခြည်သင့်မှုသည် သိသိသာသာကြီး လျော့နည်းကျဆင်းသွားသည်။ ဒေးဗစ်က ပြောလိုက်၏။

"ဒီကနေ့ည ဒီအစည်းအဝေးခန်းထဲကို ဘယ်သူမှ ထပ်မဝင်ရင် သူတို့အားလုံး ဘာမှ ဖြစ်ကြတော့မှာ မဟုတ်ပါဘူး"

ဒေးဗစ်နှင့် အင်ဂျယ်လာတို့က နစ်ကို့ကို ခေါ်ရန် ဧည့်ခန်းဆောင်သို့ လာခဲ့ကြသည်။ ဧည့်ခန်းသို့ မရောက်မီ ဒေးဗစ်က ရပ်တန့်လိုက်၏။ သူက မေးလိုက်သည်။

"နောက်ထပ် လေးငါးမိနစ်လောက် နစ်ကီကို မခေါ်ဘဲ ထားရင် ရနိုင်ဦးမလား"

အင်ဂျယ်လာက ပြန်ဖြေသည်။

"ရုပ်မြင်သံကြားရှေ့မှာသာဆိုရင် သူ့ကို တစ်ပတ်ကြာအောင် ထားလို့ ရပါတယ်။ ဘာဖြစ်လို့လဲ"

ဒေးဗစ်က ဖြေလိုက်၏။

"လူနာတွေကို ဘယ်လိုနည်းနဲ့ အဏုမြူဓာတ်ရောင်ခြည် သင့်စေခဲ့တယ်ဆိုတာ ကိုယ် သိပြီထင်တာပဲ"

သူက အင်ဂျယ်လာအား လူနာဆောင်များဆီသို့ ခေါ်သွားတော့သည်။

နောက်နာရီဝက်ကြာသောအခါ သူတို့သည် နစ်ကို့ကိုခေါ်ပြီး ဆေးရုံမှ မော်တော်ကားရပ်နားသည့် နေရာသို့ လာခဲ့ကြလေ၏။ သူတို့က ဒေးဗစ်၏ ဗော်လ်ဗိုကားကို ပြန်ယူနိုင်အောင် ချီရိုမိ မော်တော်ကားကို မောင်း၍ ဗန်ဆလိုက် နေအိမ်ဆီသို့ ပြန်လာခဲ့ကြ၏။

ဒေးဗစ်က ဗန်ဆလိုက်၏ နေအိမ်ကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

"ဒီကနေ့ ညမှာတော့ သူက ဒီပြင်လူတွေကို ဒုက္ခပေးလိမ့်ဦးမယ်လို့ မင်းထင်သလား"

"မထင်ပါဘူးရှင်"

"ကိုယ်လည်း မထင်မိဘူး။ ဒါပေမယ့် ကိုယ်လည်း အဲဒီ အိမ်ထဲကို ပြန်မဝင်ချင်တော့ဘူး။ ကိုယ့်မိဘတွေအိမ်ကိုပဲ သွားကြရအောင်။ ကိုယ်တော့ ခြေကုန်လက်ပန်း ကျနေပြီ"

ဒေးဗစ် ကားထဲက ထွက်လိုက်၏။

"ကိုယ် မင်းနောက်က ကားမောင်းပြီး လိုက်ခဲ့မယ်"

အင်ဂျယ်လာက ပြောလိုက်သည်။

"ရှင့်အမေကို တယ်လီဖုန်း အရင်ဆက်လိုက်ပါဦးရှင်၊ သူ့ [illegible] အရမ်း စိတ်ပူနေတော့မှာပဲ"

ဒေးဗစ်သည် ဗော်လ်ဗိုကားထဲသို့ ဝင်လိုက်ပြီး စက်နှိုးလိုက်၏။ သူက သူ့ရှေ့ဘက်၌ ရှိနေသော ကော်လ်ဖွန်း၏ [illegible]ရပ်ကားကို လှမ်း


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း စိတ်မချမ်းသာစွာနှင့် ခေါင်းကို ခါယမ်းလိုက်မိသည်။

သူတို့သည် လမ်းမကြီးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဒေးဗစ်က ဆယ်လ်လူလာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

သူက သူ့မိခင်ထံ မဆက်သွယ်မီ ပြန်နယ်ရဲအဖွဲ့သို့ ဆက်သွယ်လိုက်သည်။ သူက တာဝန်ကျ ရဲအရာရှိနှင့် အဆက်အသွယ် ရရှိသည်နှင့် တစ်ပြိုင်နက် လူသတ်မှု အပါအဝင် ဘတ်တလက် ကွန်မြူနီတီ ဆေးရုံ၌ အလွန် ကြောက်မက်ဖွယ်ကောင်းသော ခေတ်ရောင်ခြည်သင့်မှုများ အကြောင်း သတင်းပို့လိုပါသည်ဟု ပြောလိုက်လေတော့သည်။

✤ ✤ ✤ ✤ ✤



## နိဂုံး

### နောက်လေးလကြာသောအခါ

နယူးဂျာဆီပြည်နယ်၊ လီယိုနီယာမြို့၊ ဂုလင်းဝုဒ်ရိပ်သာလမ်းရှိ အလယ်အလတ်တန်းစား နေအိမ်တစ်လုံးရှေ့သို့ မော်တော်ကားကို ထိုးရပ်လိုက်စဉ် သူ နောက်ကျနေပြီဖြစ်ကြောင်း ဒေးဗစ် သိပါသည်။ သူသည် မော်တော်ကားထဲမှ ခုန်ထွက်လိုက်ပြီး အိမ်ရှေ့ လှေကားထစ်များကို ခုန်တက်သွားသည်။

"အခု ဘယ်အချိန်ရှိပြီလဲ ဆိုတာ ရှင် သိရဲ့လား"

ဟု အင်ဂျယ်လာက မေးလိုက်၏။ အင်ဂျယ်လာသည် ဒေးဗစ် နောက်မှ သူတို့ အိပ်ခန်းထဲအထိ လိုက်ပါသွားသည်။

"ရှင်က အိမ်ကို တစ်နာရီထိုးမှာ ပြန်ရောက်ရမှာရှင့်၊ ခု ရှင်က နှစ်နာရီထိုးမှ ပြန်ရောက်လာတယ်။ ကျွန်မလည်း ဒီကို အချိန်မီ ပြန်ရောက်လာနိုင်ခဲ့ရင် ရှင်လည်း ပြန်ရောက်သင့်တယ်လို့ ကျွန်မထင်တယ်"

"ကိုယ် တောင်းပန်ပါတယ်ကွာ"

ဒေးဗစ်က ပြောပြောဆိုဆိုနှင့် အဝတ်အစားများကို အလျင်အမြန် လဲလှယ်နေသည်။

"အချိန်ပိုယူပြီး စစ်ဆေးပေးရမယ့် လူနာတစ်ယောက် ရှိနေလို့ပါကွာ"

ဒေးဗစ်က သက်ပြင်းချပြီး ဆက်ပြောလိုက်၏။

"အနည်းဆုံး အခုအချိန်မှာတော့ ကိုယ်က လိုအပ်လာတယ်လို့ ယူဆရင် လူနာတစ်ယောက်ကို ပိုပြီး အချိန်ပေးနိုင်တဲ့ လွတ်လပ်မှုမျိုးတွေ ရရှိလာပါပြီ"

အင်ဂျယ်လာက ပြောလိုက်သည်။

"အဲဒါကတော့ ကောင်းတာပေါ့ရှင်၊ ဒါပေမယ့် ကျွန်မတို့က ချိန်းထားတာတစ်ခု ရှိနေတယ်ရှင့်။ အဲဒီအချိန်ကို ရှင်ကပဲ ရွေးချယ်ခဲ့တာလေ"

ဒေးဗစ်က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"နစ်ကီ ဘယ်မှာလဲ"

"သူက နေပူဆာလှုံတဲ့ ဆင်ဝင်အောက်မှာ ရှိပါတယ်။ သူက မိနစ်ခြောက်ဆယ် ရုပ်မြင်သံကြားအဖွဲ့က ပြင်ဆင်နေကြတာကို လွန်ခဲ့တဲ့ တစ်နာရီကတည်းက ထွက်ပြီး စောင့်ကြည့်နေခဲ့တာရှင့်"

ဒေးဗစ်သည် ပင်းမင်းဆိုင်မှ လောလောလတ်လတ် ပြန်လည်ရောက်ရှိလာသော ရုပ်အကျီတစ်ထည်ကို ကောက်ဝတ်ပြီး ကြယ်သီးတပ်နေသည်။

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မက ဒီရုပ်မြင်သံကြား ဆွေးနွေးခန်း ကိစ္စအတွက် သောက ဖြစ်နေမိတယ်။ ကျွန်မတို့ ဒီရုပ်မြင်သံကြား ဆွေးနွေးခန်းကို ဆက်လုပ်သင့်ကြရဲ့လားဟင်"

ဒေးဗစ်က လည်စည်းတစ်ခုကို ရွေးချယ်ရင်း ပြန်ပြောလိုက်၏။

"ကိုယ်လည်း စိတ်လှုပ်ရှားနေတာပါပဲကွာ၊ ဒီတော့ တကယ်လို့မင်းက ဖျက်ပစ်လိုက်ချင်တယ်ဆိုရင် ကိုယ်ကလည်း သဘောတူပါတယ်ကွာ"

အင်ဂျယ်လာက ပြောလိုက်ပြန်သည်။

"အေးလေ၊ ကျွန်မတို့က ကိုယ့်ဆရာသမားတွေဆီက ခွင့်ပြုချက်တောင် တောင်းထားပြီးပြီပဲ"

ဒေးဗစ်က ပြောလိုက်သည်။

"လူတိုင်းကလည်း ဒီကိစ္စက ကိုယ်တို့ကို မနစ်နာစေပါဘူးလို့ အာမခံထားကြတယ်။ ပြီးတော့လည်း ဒီကိစ္စကို လူထုပရိသတ်က သိသင့်သိထိုက်တယ်လို့ ကိုယ်တို့က ခံယူထားကြတာ မဟုတ်လား"

အင်ဂျယ်လာက အနည်းငယ်ကြာအောင် စဉ်းစားနေလိုက်သည်။ ပြီးမှ ပြောလိုက်၏။

"ကောင်းပြီလေ၊ ဆက်လုပ်ကြတာပေါ့"

ဒေးဗစ်က လည်စည်းကိုစည်း၊ ဆံပင်ကို ဖြီး၍ ကုတ်အကျီတစ်ထည်ကို ဝတ်ဆင်လိုက်သည်။ အင်ဂျယ်လာကလည်း သူ့ကိုယ်သူ မှန်ထဲတွင် ပြန်စစ်ဆေးလိုက်၏။ သူတို့နှစ်ယောက်စလုံး အဆင်သင့် ဖြစ်ကြပြီဟု ယူဆကြသောအခါ လှေကားမှ ဆင်းလာပြီး နေရောင်ခြည်ခံသော ဆင်ဝင်အောက်သို့ ထွက်လာခဲ့ကြသည်။ လင်းထိန်နေသော အလင်းရောင်ကြောင့် မျက်တောင် တဖျပ်ဖျပ် ခတ်နေမိကြသည်။

ဒေးဗစ်နှင့် အင်ဂျယ်လာတို့က စိတ်လှုပ်ရှားနေကြသော်လည်း ရုပ်မြင်သံကြားမှ ဆွေးနွေးမေးမြန်းသူ အက်ဒ်ဘရက်ဒလီက သူတို့ကို စိတ်သက်သာရာ ရအောင် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အက်ဒ်ဘရက်ဒလီက သူသည် ဤ အင်တာဗျူးကို ထုံးစံအတိုင်း အများကြီးဖြတ်တောက်၍ တည်းဖြတ်ရမည်ဖြစ်ကြောင်း သိရှိထားသည်နှင့်အညီ





တွေ့ဆုံမေးမြန်းခန်းကို စကားလက်ဆုံ ပြောသည့် ပုံစံမျိုးနှင့် စတင်လိုက်ခြင်းဖြင့် သူတို့ကို သက်သောင့်သက်သာ ဖြစ်စေခဲ့သည်။

လက်ရှိတွင် သူတို့ မည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြပါသနည်း ဆိုသော မေးခွန်းနှင့် စတင်လိုက်လေ၏။ အင်ဂျယ်လာက ဖြေလိုက်သည်။

"ကျွန်မက မူခင်းဆိုင်ရာ ရောဂါဗေဒ ပညာရပ်ကို တော်ဝင် ပညာရှင်အဖွဲ့ဝင် တစ်ယောက် ဖြစ်လာအောင် လေ့လာ သင်ကြားနေပါတယ်ရှင်"

ဒေးဗစ်ကလည်း ဖြေလိုက်၏။

"ကျွန်တော်ကတော့ ကိုလံဘီယာ ပရက်စ်ဆိုင်ဘေးရီးယပ် ဆေးဘက်ဆိုင်ရာ ဗဟိုဌာနက ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းကြီး တစ်ခုမှာ ဝင်အလုပ်လုပ်နေပါတယ်။ ကျွန်တော်တို့ကို ဆေးဘက်ဆိုင်ရာ ဖသင်းအဖွဲ့ပေါင်း မြောက်မြားစွာက စာချုပ်ချုပ်ဆိုပြီး ငှားရမ်းထားပါတယ်"

ဘရက်ဒလီက မေးလိုက်သည်။

"ခင်ဗျားတို့က ကိုယ်လုပ်ရတဲ့ အလုပ်ခွင်တွေမှာ ပျော်ပိုက်ကြရဲ့လား"

ဒေးဗစ်က ဖြေသည်။

"ကျွန်တော်တို့ ပျော်ကြတယ် ခင်ဗျ"

အင်ဂျယ်လာက ဖြေလိုက်၏။

"ကျွန်မတို့ကတော့ ကိုယ့်ဘဝကို ခုလောက် ပြန်ဖြစ်လာအောင် အဖတ်ဆယ်နိုင်ခဲ့တာကိုပဲ ကျေးဇူးတင်လှပါပြီ။ စောစောပိုင်းတုန်းကတော့ အတော့်ကို အန္တရာယ်ကြီးခဲ့ကြတာရှင့်"

ဘရက်ဒလီက ပြောလိုက်သည်။

"ခင်ဗျားတို့က ဗားမောင့်ပြည်နယ်၊ ဘတ်တလက်မြို့မှာ အင်မတန် ခက်ခဲတဲ့ အတွေ့အကြုံတွေနဲ့ တွေ့ကြုံခဲ့ရတယ်လို့ ကျုပ် နားလည်ထားပါတယ်"

ဒေးဗစ်ရော အင်ဂျယ်လာပါ စိတ်လှုပ်ရှားစွာနှင့် တခစ်ခစ် ရယ်လိုက်ကြသည်။ အင်ဂျယ်လာက ပြောလိုက်၏။

"တကယ့် အိပ်မက်ဆိုးကြီး တစ်ခုပါပဲရှင်"

ဘရက်ဒလီက မေးလိုက်သည်။

"ဘယ်နည်းဘယ်ပုံ စဖြစ်ခဲ့တာလဲဗျ"

မည်သူက စပြောရမည်ကို မသိသောကြောင့် ဒေးဗစ်နှင့် အင်ဂျယ်လာတို့က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြသည်။ ဘရက်ဒလီက ပြောလိုက်၏။

"ဒေးဗစ်၊ ခင်ဗျားက စပြောပါလားဗျာ"

"ကျွန်တော့်အပိုင်းက စခဲ့တာကတော့ ကျွန်တော့် လူနာ[illegible] မမျှော်လင့်ဘဲ သေခဲ့ကြတာက စခဲ့တာပဲ။ သူတို့က အင်မတန် [illegible]ဖို့ကောင်းတဲ့ ကင်ဆာရောဂါလို ရောဂါမျိုးတွေ ရှိနေတဲ့ လူနာ[illegible]ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဒေးဗစ်က သူပြောအပြီးတွင် အင်ဂျယ်လာ့ကို လှမ်းကြည့်လိုက်၏။ အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မအဖို့ကတော့ ကျွန်မရဲ့ အထက်အရာရှိက ကျွန်မကို ကာယ ခြေပျက်ပြားအောင် နှောင့်ယှက်မှုက စခဲ့တာပဲ။ နောက်တော့ ကျွန်မတို့ အိမ်ရဲ့ မြေတိုက်ခန်း လှေကားအောက်မှာ လူသတ်ခံရပြီး ဂူသွင်းမြှုပ်နှံ ထားတဲ့ အလောင်းတစ်လောင်းကို ကျွန်မတို့ ရှာတွေ့လာကြရတယ်။ သူ့ နာမည်က ဒေါက်တာ ဒင်းနစ်ဟော့ချ် ဖြစ်ပြီး သူက ဆေးရုံမှာ အုပ်ချုပ် ရေးမှူးအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တဲ့လူ ဖြစ်ပါတယ်"

အက်ဒ်ဘရက်ဒလီက သူ့ထုံးစံအတိုင်း ကျင်လည်စွာ မေးခွန်းထုတ် ခြင်းဖြင့် အလွန် ဆိုးရွားသော ဇာတ်လမ်းကြီး တစ်ခုလုံးကို ဖော်ထုတ်လာ နိုင်ခဲ့တော့သည်။ ဘရက်ဒလီက ဒေးဗစ်ကို မေးလိုက်၏။

"အခုလို မမျှော်လင့်ဘဲ သေခဲ့ရတဲ့ လူနာတွေဟာ ဝေဒနာ မခံစား ရအောင် တစ်ယောက်ယောက်က ကူညီပြီး သေမင်းဆီကို စောစောစီးစီး ပို့ပေးခံရတဲ့ လူနာတွေပဲလား"

"အစပိုင်းတုန်းကတော့ ကျွန်တော်တို့က အဲဒီလိုပဲ ထင်မိခဲ့ကြပါ တယ်။ ဒါပေမယ့် ဒီလူနာတွေဟာ ဝေဒနာ ခံစားရမှာကို သနားကြင်နာ တယ်ဆိုတဲ့ လွဲမှားတဲ့ အယူအဆကြောင့် အသတ်ခံကြရတာ မဟုတ်ဘဲ ဆေးရုံနဲ့ စီးပွားရေး အခြေအနေ ပိုကောင်းမွန်လာစေရေးအတွက် အသတ် ခံကြရတာ ဖြစ်ပါတယ်။ မလွဲမသွေ သေရတော့မယ့် ရောဂါဝေဒနာဆိုး ကြီးတွေ ရှိနေတဲ့ အဲဒီလူနာတွေဟာ ဆေးရုံရဲ့ အသုံးအဆောင် ပစ္စည်း တွေကို အများကြီး သုံးစွဲကြရလေ့ ရှိပါတယ်။ အဲဒါကို တိုက်ရိုက် ဘာ သာပြန်ရရင် အကုန်အကျ များတယ်ပေါ့ဗျာ။ ဒါကြောင့် အဲဒီကုန်ကျမယ့် စရိတ်စကတွေကို လျှော့ပစ်ရင်းနဲ့ လူနာတွေ ကိုယ်တိုင်ပါ ဖျောက်ဖျက် ပစ်တာကို ခံကြရတာပေါ့ဗျာ"

ဘရက်ဒလီက ပြောလိုက်၏။

"နောက်တစ်နည်း ပြောရရင်တော့ ဒီကိစ္စကြီး တစ်ခုလုံးကို ဦးတည် လှုံ့ဆော်နေတဲ့ ကိစ္စဟာ စီးပွားရေးက စတာပဲပေါ့"

ဒေးဗစ်က ဖြေသည်။

"အဲဒီအတိုင်း ကွက်တိပါပဲ ခင်ဗျား။ ဆေးရုံက အရှုံးပေါ်နေတယ်။ အဲဒီလို ရှုံးနေတာကို သူတို့က မရှုံးအောင် လုပ်ကြရတော့မယ်။ အဲဒါက သူတို့ရဲ့ ဖြေရှင်းချက်ပါပဲ"

ဘရက်ဒလီက မေးလိုက်၏။

"ဆေးရုံက ဘာဖြစ်လို့ ရှုံးနေရတာလဲ"

"ဆေးရုံက ပုတ်ပြတ်နှုန်းနဲ့ အတင်းလုပ်ခိုင်းတာကို လက်ခံလိုက်ရ လို့ပါပဲ။ ပုတ်ပြတ်နှုန်းဆိုတာကလည်း အဲဒီ ဒေသမှာရှိတဲ့ ဆေးဘက်ဆိုင် ရာ အဖွဲ့အစည်းကြီး တစ်ခုအတွက် လူနာတစ်ယောက်ကို တစ်လမှာ





ဘယ်လောက်ဆိုတဲ့ ပုတ်ပြတ်နှုန်းနဲ့ လက်ခံ ဆောင်ရွက်ပေးရမှုကို ပြော တာပါ။ ကံဆိုးချင်တော့ ဆေးရုံက လူနာတွေအတွက် ကုန်ကျမယ့် စရိတ် ကို သိပ်နှိမ့်ပြီး တွက်ချက်လိုက်မိခဲ့တယ်။ ဒီတော့ ဝင်ငွေက နည်းပြီး ထွက်ငွေက များနေတော့တာပေါ့လေ"

ဘရက်ဒလီက မေးပြန်သည်။

"ဆေးရုံက ဘာဖြစ်လို့ အစကတည်းက ပုတ်ပြတ်နှုန်းကို လက်ခံ ခဲ့ရတာလဲဗျာ"

"ကျွန်တော် ပြောခဲ့သလို အတင်း လက်ခံခိုင်းခဲ့တာပါ။ ဒါကလည်း ဆေးလောကမှာ ပြိုင်ဆိုင်မှု အသစ်တစ်ရပ် ဖြစ်ပါတယ်။ ဒါပေမယ့် တကယ့် ပြိုင်ဆိုင်မှုတော့ မဟုတ်ပါဘူး။ အခုကိစ္စမှာတော့ စည်းကမ်းချက် တွေကို ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက တစ်ဖက်သတ် သတ်မှတ်ပါ တယ်။ ဆေးဘက်ဆိုင်ရာ လုပ်ငန်းမှာ ဆေးရုံက ဝင်ပြိုင်ချင်တယ်ဆိုရင် ဆေးရုံအနေနဲ့ ပုတ်ပြတ်စနစ်ကို လက်ခံရပါလိမ့်မယ်။ ဆေးရုံအနေနဲ့ တခြား ရွေးချယ်စရာ နည်းလမ်းလည်း မရှိပါဘူး"

အက်ဒ်ဘရက်ဒလီက သူ့မှတ်စုများကို လှန်လှော ဖတ်ရှုနေရင်းက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဒေးဗစ်နှင့် အင်ဂျယ်လာတို့ကို ပြန် ကြည့်လိုက်၏။

"ဘတ်တလက် ကွန်မြူနီတီ ဆေးရုံနဲ့ လက်ရှိ အုပ်ချုပ်ရေးမှူး အသစ်ကတော့ ခင်ဗျားတို့ရဲ့ စွပ်စွဲချက်တွေဟာ သူ့စကားအတိုင်း အတိ အကျ ပြန်ပြောရမယ်ဆိုရင် လုံးဝ အဓိပ္ပာယ်မရှိတဲ့ စွပ်စွဲချက်တွေပဲလို့ ဆိုပါတယ်"

ဒေးဗစ်က ဖြေလိုက်သည်။

"အဲဒါကို ကျွန်တော်တို့ ကြားမိပါတယ်"

"အဲဒီ အုပ်ချုပ်ရေးမှူးကပဲ တကယ်လို့ လူနာတွေ အသတ်ခံကြရ တယ်ဆိုရင် အဲဒီကိစ္စဟာ စိတ်မမှန်သူ တစ်ဦးတစ်ယောက်တည်းရဲ့ လုပ် ရပ်ပဲ ဖြစ်ရမယ်တဲ့"

"အဲဒါကိုလည်း ကျွန်တော်တို့ ကြားကြပါတယ်"

"ဒါပေမယ့် ခင်ဗျားတို့က လက်ခံရဲ့လား"

"ဟင့်အင်း၊ ကျွန်တော်တို့က လက်မခံပါဘူး"

ဘရက်ဒလီက မေးလိုက်၏။

"လူနာတွေက ဘယ်နည်းဘယ်ပုံ သေကြရတာလဲ"

အင်ဂျယ်လာက ဝင်ဖြေလိုက်သည်။

"တစ်ကိုယ်လုံးကို ဓာတ်ရောင်ခြည် အသင့်ခံကြရလို့ပါ။ လူနာတွေ ဟာ ကိုဘော့ ၆၀၊ အဏုမြူဓာတ်ကြွပစ္စည်းဆီက ဂမ်မာ ဓာတ်ရောင်ခြည် တွေနဲ့ မတန်တဆ အထိုးခံကြရလို့ပါ"

ဘရက်ဒလီက မေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီပစ္စည်းဟာ ကင်ဆာရောဂါ အချို့ကို အောင်မြင်စွာ ကုသပေးနိုင်တဲ့ ပစ္စည်းပဲ မဟုတ်ပါလား"

အင်ဂျယ်လာက ဖြေသည်။

"စေ့စေ့စပ်စပ် ရှာဖွေ သတ်မှတ်ထားတဲ့ နေရာတွေကို စေ့စေ့စပ်စပ် ထိန်းချုပ်ထားတဲ့ ပမာဏနဲ့ ကုသရမှာ ဖြစ်ပါတယ်။ ဒေးဗစ်ရဲ့ လူနာတွေကတော့ ထိန်းချုပ်မှုမရှိဘဲ တစ်ကိုယ်လုံးကို ဓာတ်ရောင်ခြည် အသင့်ခံကြရတာပါ"

ဘရက်ဒလီက မေးပြန်၏။

"အခုလို ဓာတ်ရောင်ခြည်သင့်အောင် ဘယ်လို လုပ်တာလဲ"

အင်ဂျယ်လာက ဖြေလိုက်၏။

"အရိုးကု လူနာတွေအတွက် အသုံးပြုတဲ့ ခုတင်တစ်လုံးမှာ ခဲနဲ့ အထပ်ထပ် ကာရံထားတဲ့ သေတ္တာတစ်လုံးကို တပ်ဆင်ထားပါတယ်။ အဲဒီ သေတ္တာကို ခုတင်အောက်ဘက်မှာ တပ်ဆင်ထားပြီး အဲဒီ သေတ္တာထဲမှာ အဏုမြူဓာတ်ရောင်ခြည်ကြွ ပစ္စည်းကို ထည့်ထားပါတယ်။ အဲဒီ သေတ္တာမှာ မော်တော်ကား ဂိုဒေါင်ကို အဝေးကနေပြီး ရေဒီယိုလှိုင်းတွေနဲ့ တံခါးဖွင့်တဲ့ ကိရိယာမျိုး တပ်ဆင်ထားတယ်။ အဲဒီအပေါက်ကို ဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် လူနာရဲ့ တစ်ကိုယ်လုံးဟာ ခုတင်ကတစ်ဆင့် ဓာတ်ရောင်ခြည်သင့်တာကို ခံရတော့တာပါပဲရှင်။ အဲဒီလူနာတွေကို ပြုစုတဲ့ သူနာပြုဆရာမတွေလည်း ဓာတ်ရောင်ခြည်သင့်တာကို ခံကြရပါတယ်"

ဘရက်ဒလီက မေးလိုက်၏။

"အဲဒီ ခုတင်ကို ခင်ဗျားတို့ နှစ်ယောက်စလုံး မြင်တွေ့ခဲ့ရပါသလား"

ဒေးဗစ်နှင့် အင်ဂျယ်လာတို့က ခေါင်းညိတ်ကြသည်။ ဒေးဗစ်က ရှင်းပြလိုက်၏။

"ကျွန်တော်တို့က အဏုမြူ ဓာတ်ကြွပစ္စည်းကို အတတ်နိုင်ဆုံး ဖုံးအုပ်ထားခဲ့ပြီးတဲ့ အချိန်မှာ ကျွန်တော့်လူနာတွေကို ဘယ်လိုနည်းနဲ့ ဓာတ်ရောင်ခြည် သင့်စေခဲ့သလဲ ဆိုတာကို စဉ်းစားကြည့်ပါတယ်။ ကျွန်တော့်လူနာ အတော်များများဟာ ဖျက်စီးချွတ်ယွင်းနေတဲ့ ဆေးရုံခုတင်တွေပေါ်မှာ နေခဲ့ရတယ် ဆိုတာကို ပြန်သတိရလာတယ်။ သူတို့ဟာ နောက်ဆုံးကျတော့ အရိုးလူနာကု ခုတင်ပေါ်ကို ရောက်သွားကြတယ်။ ဒါကြောင့် အစည်းအဝေးခန်းထဲက ကျုပ်တို့ ထွက်လာပြီး နောက်ပိုင်းမှာ အဲဒီ အထူးစပယ်ရှယ် အရိုးလူနာကု ခုတင်ကို လိုက်ရှာခဲ့ကြတယ်။ အဲဒီ ခုတင်ကို ပြုပြင်ထိန်းသိမ်းရေးဌာနက အလုပ်ရုံထဲမှာ ရှာတွေ့ကြရပါတယ်"

ဘရက်ဒလီက ပြောလိုက်၏။

"အဲဒီ ခုတင်ကို အခု ဖျက်ဆီးပစ်လိုက်ကြပြီလို့ ခင်ဗျားတို့က ဆိုချင်တယ်ပေါ့"

အင်ဂျယ်လာက ပြောလိုက်သည်။





"အဲဒီည နောက်ပိုင်းမှာ အဲဒီ ခုတင်ကို ရှာမတွေ့ကြရတော့ပါဘူး"

ဘရက်ဒလီက မေးပြန်သည်။

"အဲဒါက ဘယ်လို ဖြစ်ရတာလဲဗျာ"

ဒေးဗစ်က ပြောလိုက်၏။

"အဲဒီခုတင်ကို သုံးခဲ့တဲ့ လူတွေက ဖျောက်ဖျက်ပစ်လိုက်တာပဲပေါ့ဗျာ"

ဘရက်ဒလီက ပြောလိုက်သည်။

"အဲဒီကိစ္စမှာ ဆေးရုံအုပ်ချုပ်ရေး ကော်မတီမှာ တာဝန်ရှိတယ်လို့ ခင်ဗျားက ယုံကြည်ပါသလား"

ဒေးဗစ်က ဖြေလိုက်၏။

"အနည်းဆုံး ကော်မတီဝင်အချို့မှာ တာဝန်ရှိပါတယ်။ သေချာတာကတော့ ဘုတ်အဖွဲ့ ချယ်ယာမင်ရယ်၊ အုပ်ချုပ်ရေးမှူးနဲ့ ဆေးဝန်ထမ်းအကြီးအကဲတို့ပါပဲ။ ကျွန်တော်တို့ကတော့ ဒီလုပ်ငန်းကို စဉ်းစားတွေးတောပြီး မွေးဖွားသန္ဓေစင်ပေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဆေးဝန်ထမ်း အကြီးအကဲပဲ ဖြစ်တယ်လို့ တထစ်ချ ယုံကြည်ပါတယ်။ အခုလို ထိတ်လန့်ချောက်ချားစရာကောင်းပြီး ထိရောက်မှုရှိတဲ့ အစီအစဉ်မျိုးကို အကောင်အထည်ဖော်ပေးနိုင်အောင် အခြေခံရှိတဲ့ ပုဂ္ဂိုလ်ဟာ သူတစ်ယောက်တည်းပဲ ဖြစ်ပါတယ်။ တကယ်လို့သာ သူတို့က ဒီကိစ္စကို ခဏခဏ မသုံးစွဲခဲ့ဘူးဆိုရင် ဒီကိစ္စကြီး ပေါ်ပေါက်လာမှာတောင် မဟုတ်ပါဘူး"

အက်ဒ်ဘရက်ဒလီက ပြောလိုက်သည်။

"စိတ်မကောင်းစရာကောင်းတဲ့ အချက်ကတော့ အဲဒီပုဂ္ဂိုလ်တွေအားလုံးဟာ ခုခံကာကွယ်ပြီး ပြောဆိုနိုင်စွမ်း မရှိတော့တဲ့ ကိစ္စပဲ။ သူတို့ကို သူ့ရဲ့ကောင်းဆန်စွာ ကယ်ဆယ်ဖို့ ကြိုးစားခဲ့ပေမယ့် သူတို့အားလုံးဟာ ဓာတ်ရောင်ခြည် အကြီးအကျယ် အသင့်ခံရမှုကြောင့် သေဆုံးကုန်ကြတယ်လို့ ကျုပ် နားလည်ထားပါတယ်"

ဒေးဗစ်က ပြောလိုက်၏။

"ကံဆိုးကြရှာတယ်ဗျာ"

ဘရက်ဒလီက မေးလိုက်သည်။

"သူတို့က သိပ်ကို နေထိုင်မကောင်းကြဘူးဆိုရင် ဟိုခုတင်ကို ဘယ်လိုလုပ်ပြီး ဖျက်ဆီးပစ်နိုင်ကြမှာတဲ့လဲ"

"ဓာတ်ရောင်ခြည်သင့်မှုက ချက်ချင်းလက်ငင်း ဒိုင်းခနဲ လဲသေလောက်အောင် ပြင်းထန်မှု မရှိခဲ့ရင်တော့ ရောဂါလက္ခဏာတွေ ပေါ်ပေါက်မလာခင် ငုပ်လျှိုးနေတဲ့ အချိန်ကာလပိုင်း အနေနဲ့ အနည်းနဲ့အများ ရှိသလို ရှိပါတယ်။ အခု ကိစ္စမှာတော့ ခုတင်ကို ဖျောက်ဖျက်ပစ်ဖို့ အချိန် အများကြီး ရနိုင်ပါတယ်"

ဘရက်ဒလီက မေးလိုက်ပြန်၏။


www.burmeseclassic.com

www.burmeseclassic.com

"အခု စွပ်စွဲချက်တွေကို ခိုင်မာအောင် သက်သေထူနိုင်မယ့် နည်းလမ်းများ ရှိပါသလား"

ဒေးဗစ်က ပြောလိုက်သည်။

"ကျုပ်တို့ နှစ်ယောက်စလုံးက ခုတင်ကို မြင်တွေ့ခဲ့ကြပါတယ်"

ဘရက်ဒလီက မေးပြန်၏။

"တခြား ဘာရှိပါသေးသလဲ"

အင်ဂျယ်လာက ဖြေသည်။

"ကျွန်မတို့က အဏုမြူဓာတ်ရောင်ခြည်တွေ ထွက်နေတဲ့ မူလရင်းမြစ်ကို ရှာတွေ့ခဲ့ကြတယ်လေ"

ဘရက်ဒလီက ပြောလိုက်၏။

"အဲဒီပစ္စည်းကို ခင်ဗျားတို့ ရှာတွေ့ခဲ့ကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အဲဒါက လူနာတွေ အနားမှာ မဟုတ်ဘဲ စည်းဝေးခန်းထဲမှာ တွေ့ခဲ့ရတာပဲ"

ဒေးဗစ်က ဖြေသည်။

"ဝါနာဗန်ဆလိုက်က ကျုပ်တို့ နှစ်ယောက်စလုံးကို အဓိကအချက်အလက်အနေနဲ့ ဝန်ခံခဲ့ပါတယ်"

ဘရက်ဒလီက မေးလိုက်၏။

"ဒီအော်ပရေးရှင်းမှာ အဓိက လှုပ်ရှားဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဝါနာဗန်ဆလိုက်ပဲလို့ ခင်ဗျားက ယုံကြည်တယ်ပေါ့နော်"

"မှန်ပါတယ်ဗျာ၊ သူက ရေတပ်မတော်မှာ အဏုမြူ ကျွမ်းကျင်သူအဖြစ် လေ့ကျင့်သင်ကြားခဲ့ရတယ်။ ဒီတော့ သူက အဏုမြူဓာတ်အားကြွနေတဲ့ ပစ္စည်းတွေကို ကိုင်တတ် တွယ်တတ်တာပေါ့ဗျာ"

ဘရက်ဒလီက ပြောလိုက်သည်။

"အဲဒီ ဝါနာဗန်ဆလိုက်ဟာ စိတ်ကစဉ့်ကလျားရောဂါ ဖြစ်တဲ့လူ၊ အဏုမြူ ဓာတ်ရောင်ခြည်သင့်မှုကို ပြင်းပြင်းထန်ထန် ခံခဲ့ရပြီး အခု ဆေးရုံတင်ထားရတဲ့ပုဂ္ဂိုလ်၊ ဟိုနေ့ညကစပြီး ဒီကနေ့အထိ ဘယ်သူနဲ့မှ စကားမပြောဘူးလို့ ငြင်းဆန်နေခဲ့တဲ့လူ၊ သူ့ကို သေလိမ့်မယ်လို့ သတ်မှတ်ခံထားရတဲ့လူပဲ မဟုတ်လား"

ဒေးဗစ်က ဖြေလိုက်၏။

"ဟုတ်ကဲ့၊ သူပါပဲ"

ဘရက်ဒလီက ပြောလိုက်သည်။

"သူက ယုံကြည်စိတ်ချစွာ ပူးပေါင်းကူညီမှုပေးနိုင်မယ့် သက်သေမဟုတ်ဘူး ဆိုတာကိုတော့ အထူး ပြောဖို့ မလိုပါဘူးလေ။ တခြား သက်သေအထောက်အထားတွေ ဘာတွေ ရှိပါသေးသလား"

ဒေးဗစ်က ဖြေလိုက်၏။

"ကျုပ်က ဓာတ်ရောင်ခြည် နည်းနည်းစီ အသင့်ခံရတဲ့ လူနာ တော်များများကို ကုသပေးခဲ့ပါတယ်။ ကျုပ် လူနာတွေထဲမှာ ဖြစ်နေခဲ့ကြတာဗျ"

"ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ ခင်ဗျားက တုပ်ကွေးရောဂါပဲလို့ ထင်ခဲ့တာ မဟုတ်လား၊ သူတို့ဖြစ်တဲ့ ရောဂါဟာ တုပ်ကွေး မဟုတ်ဘူးလို့လည်း သက်သေမပြနိုင်ခဲ့ဘူး မဟုတ်လား"

ဒေးဗစ်က ဝန်ခံသည်။

"အဲဒါ မှန်ပါတယ်"

ဘရက်ဒလီက အင်ဂျယ်လာ့ဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားက ခင်ဗျားခင်ပွန်းရဲ့ လူနာတစ်ယောက် အလောင်းကို ရင်ခွဲပြီး စစ်ဆေးခဲ့ရတယ်ဆို"

အင်ဂျယ်လာက ခေါင်းညိတ်သည်။ ဘရက်ဒလီက မေးလိုက်၏။

"ရင်ခွဲစစ်ဆေးပြီး နောက်ပိုင်းမှာ အဏုမြူဓာတ်ရောင်ခြည် သင့်တာပဲလို့ သံသယ ရှိခဲ့ပါသလား၊ သံသယ မရှိခဲ့ရင် ဘာကြောင့်ပါလဲ"

အင်ဂျယ်လာက ဖြေသည်။

"သူက အဏုမြူ ဓာတ်ရောင်ခြည် သင့်ခံရတဲ့ ရောဂါလက္ခဏာတွေ ပေါ်ပေါက်မလာခင် မြန်မြန်ဆန်ဆန်ကြီး သေဆုံးသွားခဲ့လို့ပဲ။ သူ့ကို သင့်တဲ့ ဓာတ်ရောင်ခြည်တွေဟာ များပြားလွန်းတဲ့အတွက် သူ့ရဲ့ ဗဟိုနာဗ်ကြောစနစ်ကို မော်လီကျူးအဆင့်အထိ ရောက်ရှိသွားစေခဲ့တယ်။ တကယ်လို့ သူက ဓာတ်ရောင်ခြည်ကို ခပ်နည်းနည်းပဲ အသင့်ခံရမယ်ဆိုရင် အစာခြေလမ်းကြောင်းတွေမှာ အနာခွက်ပေါက်တာတွေ ဖြစ်လာနိုင်တယ်။ ဒါဆိုရင် ကျွန်မရဲ့ သုံးသပ်ချက်ထဲမှာ ဓာတ်ရောင်ခြည်သင့်မှုကိုလည်း ထည့်သွင်းပြီး စဉ်းစားနိုင်ခဲ့မှာပါပဲ"

ဘရက်ဒလီက ပြောလိုက်၏။

"ကျုပ် ကြားသိထားရသလောက်ဆိုရင် ခင်ဗျားတို့ဆီမှာ ခိုင်ခိုင်မာမာ သက်သေပြစရာ မရှိဘူး ဆိုတာပဲ"

ဒေးဗစ်က အင်တင်တင်နှင့် ဖြေသည်။

"အဲဒါ ဟုတ်တယ်လို့ ကျုပ် ယူဆပါတယ်"

ဘရက်ဒလီက မေးလိုက်ပြန်၏။

"ခင်ဗျားတို့ နှစ်ယောက်စလုံးကို ဘာဖြစ်လို့ သက်သေခံဖို့ တရားရုံးက မခေါ်ခဲ့တာလဲ"

အင်ဂျယ်လာက ဖြေသည်။

"တရားမကြောင်းနဲ့ တရားစွဲခဲ့တဲ့ အမှုတွေ ရှိခဲ့တယ်လို့ ကျွန်မတို့ သိထားပါတယ်။ ဒါပေမယ့် အဲဒီအမှုတွေ အားလုံးဟာ တရားရုံးကို ရောက်မလာဘဲ ညှိနှိုင်းပြီး ခပ်မြန်မြန်ပဲ ကျေအေးသွားခဲ့ကြပါတယ်။ ရာဇဝတ်ကြောင်းနဲ့ တရားစွဲမှုတွေတော့ မရှိခဲ့ပါဘူးရှင့်"

ဘရက်ဒလီက ပြောလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ရဲ့ စွပ်စွဲချက်မျိုးနဲ့တောင် ရာဇဝတ်ကြောင်းနဲ့ တရားစွဲဆိုမှုတွေ ပေါ်ပေါက်မလာတာဟာ သိပ်အံ့ဩဖို့ ကောင်းတာပဲ။ ဘာဖြစ်လို့ ရာဇဝတ်ကြောင်းနဲ့ တရားစွဲမှုတွေ ဖြစ်မလာတာလဲလို့ ထင်ပါသလဲ"

အင်ဂျယ်လာနှင့် ဒေးဗစ်တို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ နောက်ဆုံးတွင် ဒေးဗစ်က ပြောလိုက်၏။

"အခြေခံကျကျ ပြောရမယ် ဆိုရင်တော့ အချက်နှစ်ချက် ရှိတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ပထမအချက်ကတော့ အဲဒီကိစ္စ လူသိရှင်ကြား ပေါက်ကြားသွားမှာကို အားလုံးက ကြောက်နေကြတယ်လို့ ထင်ပါတယ်။ ဒီကိစ္စကြီး ပေါ်ပေါက်လာခဲ့ရင် ဆေးရုံကို ပိတ်ပစ်ကောင်း ပိတ်ပစ်ရပါလိမ့်မယ်။ အဲဒီလို ဖြစ်လာရင် အားလုံး နစ်နာကုန်ကြလိမ့်မယ်။ ဒီဆေးရုံက မြို့ကို အတော်ကလေး ဝင်ငွေဖြစ်ထွန်းစေပါတယ်။ လူတော်တော်များများကို အလုပ်ပေးထားပါတယ်။ ဆေးကုသပေးပါတယ်။ ဒုတိယအချက်ကတော့ အခုအမှုကိစ္စမှာ အပြစ်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ သူ့အပြစ်နဲ့သူ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ကျခံသွားရပြီးပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီကိစ္စကို ဗန်ဆလိုက်ကပဲ စည်းဝေးစားပွဲပေါ်မှာ ကိုဘော့ ၆၀၊ ဆလင်ဒါကို သွားတင်ပြီး ရှင်းပစ်လိုက်ပါတယ်"

ဘရက်ဒလီက ပြောလိုက်သည်။

"ဒေသခံလူတွေက ဘာကြောင့် မတုံ့ပြန်ကြသလဲ ဆိုတာကို အဲဒါက ရှင်းပြနိုင်ပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံတော်အဆင့်ကရော ဘယ်လိုလဲ၊ နိုင်ငံတော် ရှေ့နေချုပ်ရုံးကရော ဘယ်လိုလဲ"

အင်ဂျယ်လာက ပြောလိုက်၏။

"တစ်နိုင်ငံလုံး အနေနဲ့ကတော့ ဒီအဖြစ်အပျက်က ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဦးတည်ချက်ကို ခပ်မြန်မြန် ထိခိုက်သွားစေနိုင်တာပေါ့လေ။ တကယ်လို့ ဒီသတင်းသာ ပေါက်ကြားသွားခဲ့ရင် အခုဦးတည်နေတယ်လို့ ယူဆထားတဲ့ လမ်းစဉ်ကိုတောင် လူတွေက ပြန်လည်သုံးသပ်လာနိုင်တယ်လေ။ ကောင်းမွန်တဲ့ ဆေးဝါးကုသရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေကို စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေနဲ့ ညီမျှခြင်းရေးဆွဲလို့ မရပါဘူး။ စီးပွားရေး တွက်ခြေကိုက်မှုကို သိပ်အာရုံစိုက်နေရင် လူနာတွေကို ပြုစုယုယမှုမှာ ထိခိုက်လာမှာ အမှန်ပဲ။ ဘတ်တလက် ကွန်မြူနီတီ ဆေးရုံမှာ ကျွန်မတို့ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေဟာ ဆေးဘက်ဆိုင်ရာ ဗျူရိုကရက်တွေ အရမ်းသောင်းကျန်းမှုကိုပြတဲ့ အစွန်းရောက် သာဓကတစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒီကိစ္စဟာ အမှန်တကယ် ဖြစ်ခဲ့ပါတယ်။ နောက်နောင်မှာလည်း ဖြစ်နိုင်ပါသေးတယ်"

ဘရက်ဒလီက ပြောလိုက်သည်။

"ဒီကိစ္စကို အမှီသဟဲပြုပြီး ခင်ဗျားတို့အနေနဲ့ အမြတ်ထွက်လာနိုင်တယ်ဆိုတဲ့ ကောလာဟလတွေကိုလည်း ကြားနေရတယ်"





ဒေးဗစ်နှင့် အင်ဂျယ်လာက စိတ်လှုပ်ရှားစွာနှင့် တစ်ယောက်ကို တစ်ယောက်က ကြည့်လိုက်ကြ၏။ ဒေးဗစ်က ဝန်ခံလိုက်သည်။

"ရုပ်မြင်သံကြားအတွက် ရုပ်ရှင်ရိုက်ဖို့ ကျွန်တော်တို့ကို ငွေကြေးအမြောက်အမြား ပေးမယ်လို့ ကမ်းလှမ်းထားပါတယ်"

ဘရက်ဒလီက မေးလိုက်၏။

"ခင်ဗျားတို့က အဲဒါကို လက်ခံမှာလား"

ဒေးဗစ်က ဖြေသည်။

"ကျွန်တော်တို့ မဆုံးဖြတ်ရသေးပါဘူး"

"ခင်ဗျားတို့အတွက် မက်လောက်စရာ မကောင်းပေဘူးလား"

အင်ဂျယ်လာက ပြောလိုက်၏။

"ဘယ့်နှယ်ပြောပါလိမ့်၊ မက်လောက်စရာ သိပ်ကောင်းတာပေါ့ရှင်။ ကျွန်မတို့ဟာ ဆေးကျောင်းကို တက်ခဲ့ကြတဲ့အတွက် အကြွေးတွေ တောင်လိုပုံနေကြပါတယ်။ ပြီးတော့လည်း ပြန်ရောင်းလို့ မရတဲ့ အိမ်တစ်အိမ်ကလည်း ဗားမောင့်ပြည်နယ် ဘတ်တလက်မြို့မှာ ရှိနေတယ်။ အဲဒါတွေအပြင် ထပ်ဆောင်းရဦးမယ် ဆိုရင်တော့ ကျွန်မတို့ သမီးမှာ ဆေးဘက်ဆိုင်ရာ အထူးတလည် ပြုစုစောင့်ရှောက်ပေးရမယ့် ကျန်းမာရေး အနေအထားမျိုး ရှိနေပါတယ်"

အက်ဒ်ဘရက်ဒလီက နစ်ကီ့ကို ပြုံးပြလိုက်သည်။ နစ်ကီကလည်း ချက်ချင်းပင် အပြုံးနှင့် တုံ့ပြန်လိုက်လေ၏။ ဘရက်ဒလီက ပြောလိုက်သည်။

"ဒီကိစ္စမှာတော့ သမီးက လူစွမ်းကောင်းပဲလို့ ဦးဦး ကြားရတယ်"

နစ်ကီက ဖြေလိုက်၏။

"သမီး မာမီကို ရန်လုပ်နေတဲ့လူကို သမီးက တစ်လုံးထိုးသေနတ်နဲ့ ပစ်လိုက်တာပါ။ ဒါပေမယ့် ကျည်ဆန်က ပြတင်းပေါက်ကိုပဲ မှန်သွားပါတယ်ရှင်"

ဘရက်ဒလီက ရယ်လိုက်သည်။

"ဦးဦးကတော့ သမီးရဲ့မာမီကို ဝေးဝေးက ကွင်းပြီး ရှောင်ရမှာပဲ"

အားလုံး ဝိုင်းရယ်ကြသည်။ ဘရက်ဒလီက ပို၍ လေးနက်သော အသံသို့ ပြောင်းလဲပြီး မေးလိုက်ပြန်၏။

"ခင်ဗျားတို့ နှစ်ယောက်ဟာ ရုပ်မြင်သံကြားက ရမယ့်ငွေကို လိုချင်တယ်။ ခင်ဗျားတို့ကို အလုပ်က ဖြုတ်ပစ်လိုက်တဲ့ ဆေးရုံနဲ့ ကျန်းမာရေးအဖွဲ့အစည်းကိုလည်း လက်စားချေချင်တဲ့အတွက် ဒီကိစ္စကြီးတစ်ခုလုံးကို လုပ်ကြံဖန်တီးတာပါလို့ ပြောနေတဲ့လူတွေရှိတယ် ဆိုတာကိုတော့ ခင်ဗျားတို့ သိကြမှာပေါ့နော်"

အင်ဂျယ်လာက ပြန်ပြောလိုက်၏။

"ဒီကိစ္စကြီး ပေါ်ပေါက်မလာစေချင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com

တို့ကို နည်းအမျိုးမျိုးနဲ့ အပုပ်ချကြပါလိမ့်မယ်။ ဒါပေမယ့် မကောင်းသတင်းကို ထုတ်ဖော်တင်ပြပေးတဲ့ လူကိုတော့ သူတို့က အပြစ်မတင်သင့်ကြပါဘူးရှင်"

ဘရက်ဒလီက မေးလိုက်ပြန်သည်။

"ဆေးရုံက မော်တော်ကား ရပ်နားတဲ့နေရာမှာ ဖြစ်ပွားခဲ့တဲ့ မုဒိမ်းမှုတွေကရော ဘယ်လိုလဲ၊ ခုကိစ္စနဲ့ ဆက်စပ် ပတ်သက်နေပါသလား"

အင်ဂျယ်လာကပင် ဖြေသည်။

"မဟုတ်ပါဘူး၊ မပတ်သက်ပါဘူး။ တစ်ချိန်တုန်းကတော့ အဲဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်မတို့ ထင်ခဲ့မိပါတယ်။ ခုကိစ္စမှာ ကျွန်မတို့နဲ့အတူ ပါဝင်စုံစမ်းပြီး အသက်ဆုံးရှုံးသွားရရှာတဲ့ အလွတ်စုံထောက်ကလည်း အဲဒီလိုပဲ ထင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ အယူအဆ မှားယွင်းပါတယ်။ အဲဒီကိစ္စအတွက် စွဲချက်တင်ခံရတဲ့ ပုဂ္ဂိုလ်ကတော့ အရေးပေါ်အခန်းက အမျိုးသား သူနာပြု ကလိုက်ဒ်ဒီဗွန်ရှိုင်းယားပဲ ဖြစ်ပါတယ်။ ဒီအင်အေ နည်းနဲ့ စစ်ဆေးလိုက်တဲ့အခါ အနည်းဆုံး မုဒိမ်းမှု နှစ်မှုအတွက် သူ ကျူးလွန်ကြောင်း သက်သေပြနိုင်ခဲ့ပါတယ်"

ဘရက်ဒလီက မေးလိုက်၏။

"ဒီအတွေ့အကြုံကနေပြီး ခင်ဗျားတို့ အနေနဲ့ သင်ခန်းစာတွေ ရခဲ့ကြပါသလား"

ဒေးဗစ်နှင့် အင်ဂျယ်လာ နှစ်ယောက်စလုံးက-

"ရခဲ့ပါတယ်"

ဟု ပြိုင်တူလိုလို ဖြေလိုက်ကြပြီးနောက် အင်ဂျယ်လာက ပထမဦးဆုံး စပြောလိုက်သည်။

"ကျွန်မ ရခဲ့တဲ့ သင်ခန်းစာတွေကတော့ လူနာကို ကျန်းမာအောင် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ခံယူချက်တွေ ပြောင်းလဲသွားပါပြီ။ ဆရာဝန်တွေနဲ့ လူနာတွေကိုယ်တိုင်က ကုန်ကျစရိတ်လျှော့ချရေး စီမံချက်နဲ့ ပတ်သက်တဲ့ နည်းဥပဒေတွေကို သိထားသင့်ကြတယ်။ ဒါမှသာ လျော်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ချနိုင်ကြမှာ ဖြစ်ပါတယ်။ လူနာတွေမှာ သိပ်ကို အကာအကွယ် ကင်းမဲ့နေကြရှာပါတယ်ရှင်"

ဒေးဗစ်က ပြောလိုက်၏။

"ကျွန်တော်ရတဲ့ သင်ခန်းစာကတော့ ဆရာဝန်နဲ့ လူနာ ဆက်ဆံရေးကိစ္စမှာ စီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ သူတို့ရဲ့ ဗျူရိုကရက်တွေပါ ပါဝင်စွက်ဖက်ခွင့် ပေးလိုက်တာဟာ အလွန် အန္တရာယ်ကြီးမားတယ် ဆိုတာပါပဲ"

ဘရက်ဒလီက ပြောလိုက်၏။

"ခုပုံကတော့ ခင်ဗျားတို့ ဆရာဝန်နှစ်ယောက်စလုံးက ကျန်းမာရေး စီမံချက် ပြုပြင်ပြောင်းလဲရေးကို ကန့်ကွက်နေကြတဲ့ သဘောမျိုးပဲ"





အင်ဂျယ်လာက ဖြေသည်။

"အဲဒါနဲ့ ပြောင်းပြန်ရှင့်၊ ကျွန်မတို့က ကျန်းမာရေး စီမံချက် ပြုပြင်ပြောင်းလဲရေး ကိစ္စဟာ သိပ်ကို လိုလားအပ်နေတယ်လို့ ယူဆကြပါတယ်ရှင်"

ဒေးဗစ်ကလည်း ပြောသည်။

"အဲဒီကိစ္စဟာ အမှန်လိုအပ်တယ်လို့ ကျွန်တော်တို့ ထင်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်ပူနေကြပါတယ်။ ခွဲစိတ်ကုသမှုကတော့ အောင်မြင်ပါတယ်၊ ဒါပေမယ့် လူနာသေဆုံးသွားတယ် ဆိုတဲ့ ရှေးတုန်းက ဟာသတစ်ပုဒ်လို အဲဒီကိစ္စဟာ မရဏကုထုံး မဖြစ်စေချင်ပါဘူး။ အရင်စနစ်ဟောင်းတုန်းက ဆေးဝါးကုသမှုကို လိုအပ်တာထက် ပိုသုံးစွဲစေပြီး စီးပွားရေးနည်းနဲ့ မက်လုံးပေးတာကို ပိုသဘောကျခဲ့ကြတယ်။

ဥပမာပြရရင် ဆရာဝန်တစ်ယောက် ပိုပြီး ခွဲစိတ်ကုသနိုင်လေလေ သူ့အတွက် ဆုကြေးပိုရလေလေပဲ။ အူအတက်ပေါက်ရောဂါနဲ့ အာသီးရောင် ရောဂါတွေကို ပိုပြီး ခွဲစိတ်ပေးနိုင်လေလေ သူ ငွေပိုရလေလေပဲ။ ဒါပေမယ့် နာရီချိန်သီးကို တစ်ဖက်စွန်း ရောက်သွားအောင် စီးပွားရေးကို မက်လုံးပေးပြီး လိုအပ်တာထက် လျော့ပြီး ကုသပေးစေတာမျိုးကိုတော့ ကျွန်တော်တို့က မလိုလားဘူး။ အခု ကျန်းမာရေးစီမံချက် အတော်များများမှာ ဆေးရုံကို မတင်မှု၊ ဒါမှမဟုတ် အထူးစပယ်ရှယ်နည်းနဲ့ ကုသမပေးမှုတွေအတွက် ဆရာဝန်တွေကို ဆုလာဘ်တွေ ချီးမြှင့်နေကြတယ်လေ"

အင်ဂျယ်လာက ပြောလိုက်ပြန်၏။

"လူနာရဲ့ လိုအပ်ချက်ကသာ ဘယ်လိုအဆင့်နဲ့ ကုသမယ်၊ ဘယ်လိုနည်းလမ်းနဲ့ ကုသမယ် ဆိုတာကို ဆုံးဖြတ်ပေးတာမျိုး ဖြစ်သင့်ပါတယ်"

ဒေးဗစ်က ဖြည့်စွက်လိုက်၏။

"သိပ်မှန်တာပေါ့ဗျာ"

ဘရက်ဒလီက ပြောလိုက်သည်။

"ရပ်"

ကင်မရာသမားများသည် ၎င်း၏ ကင်မရာများမှ ခွာလိုက်ကြပြီး ကိုယ်ကို ဆန့်လိုက်ကြသည်။ ဘရက်ဒလီက ပြောလိုက်၏။

"သိပ်ကောင်းတာပဲဗျာ၊ အချက်အလက်တွေကလည်း သိပ်များပြားတဲ့အပြင် အသင့်တော်ဆုံးနေရာမှာ ရပ်ပစ်နိုင်ခဲ့တယ်။ သိပ်ကို စုစုစည်းစည်း ရှိတာပဲ။ ကျုပ် အင်တာဗျူးလုပ်တဲ့သူတိုင်း ခင်ဗျားတို့လို နှုတ်ချိုလျှာသွက်နဲ့ စကားပြောကောင်းတဲ့ လူတွေချည်းပဲဆိုရင် သိပ်ကောင်းမှာပဲ"

အင်ဂျယ်လာက ဖြေသည်။

"ရှင်က နားဝင်ချိုအောင် တော်တော် ပြောတတ်တယ်"

ဘရက်ဒလီက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဘုတ်အဖွဲ့ တစ်ခုလုံး ပါဝင်ပတ်သက်နေတယ်လို့ ခင်ဗျားတို့ ထင်ပါသလား"

ဒေးဗစ်က ဖြေသည်။

"အများစုအနေနဲ့ ပါဝင်ပတ်သက်နိုင်ပါတယ်။ ဆေးရုံကြီး ဖွံ့ဖြိုးစည်ပင်နေသရွေ့ အားလုံး အကျိုးစီးပွား ဖြစ်ထွန်းနေကြလိမ့်မယ်။ တကယ်လို့ ဆေးရုံကို ပိတ်ပစ်ရမယ်ဆိုရင် ထိခိုက်နစ်နာမယ့်သူတွေ များတယ်။ အချို့ ပုဂ္ဂိုလ်တွေက တွေးထင်နေကြသလို ဘုတ်အဖွဲ့ဝင် လူကြီးတွေရဲ့ ပါဝင်ပတ်သက်မှုဟာ ပရဟိတ သက်သက် မဟုတ်ကြပါဘူး။ အထူးသဖြင့် ဆေးဝန်ထမ်းအကြီးအကဲ ဒေါက်တာကန်တာ ဆိုပါတော့၊ တကယ်လို့ ဆေးရုံကိုသာ ပိတ်သိမ်းပစ်လိုက်ရရင် သူ့ဓာတ်မှန်ဌာနလည်း ဇိဝိန်ကြွေတော့မှာပဲ"

ဘရက်ဒလီသည် သူ့မှတ်စုများကို တစ်ခေါက် ပြန်ဖတ်ကြည့်ရင်း ပါးစပ်မှ 'ချီးမှုပဲ' ဟု ရေရွတ်လိုက်၏။ သူက-

"ကျုပ်က ဆမ်ဖလင်းမင်းနဲ့ တွမ်ဘာရင်ဂါတို့အကြောင်း မေးဖို့ ကျန်သွားတယ်"

ဟု ပြောလိုက်သည်။ ထို့နောက် သူက-

"နည်းနည်းလောက် ထပ်ရိုက်ချင်တယ်"

ဟု ကင်မရာမင်းများကို လှမ်းပြောလိုက်လေ၏။ ဒေးဗစ်နှင့် အင်ဂျယ်လာတို့ အူကြောင်ကြောင် ဖြစ်နေကြသည်။ ထိုနာမည်များနှင့် သူတို့ မကြားဘူးကြချေ။

ကင်မရာမင်းက စတင်၍ ရိုက်ကူးနေပြီ ဖြစ်ကြောင်း အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် အက်ဒ်ဘရက်ဒလီက ဒေးဗစ်နှင့် အင်ဂျယ်လာတို့ဘက်သို့ လှည့်ပြီး ထိုပုဂ္ဂိုလ်နှစ်ယောက်အကြောင်း မေးလိုက်သည်။ နှစ်ယောက်စလုံးက ထိုအမည်များကို မကြားဘူးကြောင်း ဖြေကြသည်။ ဘရက်ဒလီက ပြောလိုက်၏။

"သူတို့ဟာ ဘတ်တလက် ကွန်မြူနီတီဆေးရုံမှာ ဒေါက်တာဒေးဗစ် လူနာတွေရဲ့ ရောဂါလက္ခဏာတွေနဲ့ အတိအကျ ဆင်တူပြီး သေဆုံးသွားခဲ့တဲ့ လူနာနှစ်ယောက် ဖြစ်ပါတယ်။ အဲဒီလူနာတွေဟာ ဒေါက်တာပို့တလန်ရဲ့ လူနာတွေပါပဲ"

ဒေးဗစ်က ပြောလိုက်၏။

"ဒါဆိုရင်တော့ သူတို့အကြောင်း ကျွန်တော်တို့ မသိနိုင်ပါဘူး။ ကျွန်တော်တို့ အဲဒီဆေးရုံမှာ အလုပ်မလုပ်ခင်ကတည်းက အဲဒီလူနာတွေက သေခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့က ဒီမြို့ကို ပြောင်းမလာခင် ဒေါက်တာပို့တလန်က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ပါတယ်"

ဘရက်ဒလီက ပြောလိုက်သည်။

"ကျုပ် မေးချင်တဲ့ အချက်ကတော့ အဲဒီ လူနာနှစ်ယောက်ဟာ ခင်ဗျားရဲ့ လူနာတွေ သေခဲ့ရသလို ဓာတ်ရောင်ခြည် အသင့်ခံရမှုကြောင့် သေဆုံးရတယ်လို့ ယုံကြည်ပါသလား ဆိုတာပါပဲ"

"တကယ်လို့ သူတို့ရဲ့ ရောဂါလက္ခဏာတွေဟာ အမျိုးအစားချင်း၊ ပြင်းထန်မှုဒီဂရီချင်း တူညီကြမယ်။ ပြီးတော့လည်း တူညီတဲ့အချိန်ကာလအတွင်းမှာ သေခဲ့ကြတယ် ဆိုရင်တော့ ကျွန်တော်က ယုံကြည်ပါတယ်လို့ ပြောရမှာပါပဲ"

ဘရက်ဒလီက ပြောပြန်သည်။

"ဒါဆိုရင်တော့ စိတ်ဝင်စားစရာပဲ။ အဲဒီပုဂ္ဂိုလ် နှစ်ယောက်စလုံးမှာ သူတို့ ဆေးရုံလာတက်ရတဲ့ ရောဂါတွေကလွဲရင် အခြား သေလောက်တဲ့ ရောဂါဆိုးကြီးတွေ မရှိကြဘူး။ ဒါပေမယ့် သူတို့က သူတို့ ကွယ်လွန်ခဲ့တဲ့ အခါမှာ ဒီဆေးရုံကသာ လုံးဝ အကျိုးခံစားခွင့်ရှိတဲ့ ဒေါ်လာ သန်းချီတန်တဲ့ အသက်အာမခံတွေကို ဝယ်ထားခဲ့ကြတယ်"

အင်ဂျယ်လာက ပြောလိုက်၏။

"ဒေါက်တာပို့တလန် စိတ်ဓာတ်ကျဆင်းတယ် ဆိုတာ အံ့ဩစရာ မဟုတ်တော့ပါဘူးရှင်"

အက်ဒ်ဘရက်ဒလီက မေးလိုက်၏။

"ခင်ဗျားတို့က မှတ်ချက်ကလေး ဘာလေး မပေးကြတော့ဘူးလား"

ဒေးဗစ်က ပြောလိုက်သည်။

"တကယ်လို့ သူတို့ကို ဓာတ်ရောင်ခြည်သင့်စေခဲ့တယ်ဆိုရင် အဓိကရည်ရွယ်ချက်က စီးပွားရေး သက်သက်ပဲဆိုတာ အခြား ကေ့စ်တွေမှာထက် ပိုထင်ရှားတယ်လို့ ပြောရမှာပဲ။ အဲဒီကိစ္စက ကျွန်တော်တို့ရဲ့ တင်ပြချက်ကို ပိုပြီး ယုံကြည်လက်ခံလာစေမှာပဲပေါ့ဗျာ"

ဘရက်ဒလီက မေးပြန်သည်။

"တကယ်လို့ အလောင်းတွေကို ပြန်ဖော်ပြီး ဆေးပြန်စစ်ကြည့်မယ် ဆိုရင် ဒီလူတွေဟာ ဓာတ်ရောင်ခြည်သင့်မှုကြောင့် သေခဲ့ကြရတာပါလို့ ဧကန်မုချ ပြောနိုင်ပါ့မလား"

အင်ဂျယ်လာက ပြောလိုက်သည်။

"ကျွန်မကတော့ မထင်ဘူး၊ တစ်ဦးတစ်ယောက်က အကောင်းဆုံး ပြောနိုင်မှာကတော့ ရုပ်ကြွင်းတွေဟာ ဓာတ်ရောင်ခြည်သင့်ပြီး သေခဲ့ရတဲ့ လူတွေရဲ့ ရုပ်ကြွင်းတွေနဲ့ တူတယ်လို့ပဲ ပြောနိုင်ပါလိမ့်မယ်"

ဘရက်ဒလီက မေးလိုက်၏။

"နောက်ဆုံး မေးခွန်းကို မေးပါရစေ၊ ခင်ဗျားတို့ အခု ပျော်ကြ[illegible]ကြပါရဲ့လား"

ဒေးဗစ်က ပြောလိုက်သည်။

"ကျွန်တော်တို့ကတော့ ကိုယ့်ကိုယ်ကိုယ် ခုထက်[illegible] အဲဒီ မေးခွန်းနဲ့ ပြန်မမေးရဲကြသေးဘူး။ လွန်ခဲ့တဲ့ သုံးလေးလကန[illegible]ရင် ကျွန်တော်တို့




www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်နေကြပါတယ်။ အလုပ်လုပ်ခွင့် ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ နစ်ကီကလည်း သိပ်ကို နေကောင်းနေတဲ့အတွက် ကျေးဇူးတင်ရပါတယ်ဗျာ"

အင်ဂျယ်လာက ပြောလိုက်၏။

"ကျွန်မတို့ တွေ့ကြုံခံစားခဲ့ရတာတွေကြောင့် အဲဒါကို မေ့ပစ်နိုင်ဖို့ တော်တော် အချိန်ယူရပါလိမ့်မယ်"

နစ်ကီက ဝင်ပြောလိုက်သည်။

"သမီးကတော့ သမီးတို့အားလုံး ဝမ်းသာနေကြတယ်လို့ ထင်ပါတယ်။ သမီးအတွက် မောင်လေး တစ်ယောက်တောင် ရတော့မယ်။ သမီးတို့ဆီမှာ ကလေးတစ်ယောက် တိုးလာတော့မယ်လေ"

ဘရက်ဒလီက မျက်ခုံးကို စုံပင့်လိုက်၏။ သူက မေးလိုက်သည်။

"အဲဒါ အမှန်ပဲလား"

ဒေးဗစ်က ဖြေလိုက်၏။


"ဘုရားသခင်က အလိုတော်ရှိခဲ့ရင်ပေါ့ဗျာ"

အင်ဂျယ်လာကမူ ပြုံး၍သာ နေလေသည်။

မောင်မြင့်ကြွယ်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com